ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)
၏
ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၂၃

ပြန်ဆို ရေးသား တည်းဖြတ်သူ
မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။''

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၃]
စူရောဟ်ယာစိန်
ယာစိန်ကဏ္ဍ

၃၆ း ၂၂ မှ ၃၆ း ၃၂ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃
၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅
၃။ ၎င်းဖြစ်ရပ်၌ ပါရှိသည့် မြို့ရွာသည် မည်သည့်မြို့ရွာ ဖြစ်လေသနည်း။ ၆
၄။ ထိုမြို့သို့ စေလွှတ်ခဲ့သည့် ရစူလ်တမန်တော်များဟူသည်မှာ မည်သည်ကို ဆိုလေသနည်း။ ၎င်းတို့သည် မည်သူများ ဖြစ်ကြသနည်း။ ၈
၅။ မြို့စွန်မြို့ဖျားမှ ရောက်လာခဲ့သူ၏ ဖြစ်အင် ၉
၆။ ရစူလ်တမန်တော်တို့၏ ဖိတ်ခေါ်ပြုပြင်နည်းသည်ကား အစ္စလာမ်သာသနာဖြန့်ချိသူများအဖို့ အရေးကြီးလှသည့် သင်ခန်းစာများဖြစ်ခြင်း ၁၂

၃၆ း ၃၃ မှ ၃၆ း ၄၄ အထိ

၇။ အနှစ်ချုပ်ရှင်းလင်းချက် ၁၈
၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁
၉။ သစ်သီးဝလံများနှင့်ကောက်ပဲသီးနှံများထွက်ရာ၌ လူသား၏လုပ်ဆောင်ချက်မပါ ၂၁
၁၀။ လူသားတို့၏အစားအစာနှင့် တိရစ္ဆာန်များ၏အစားအစာတို့တွင် အထူးခြားနားမှုနေသည် 'အရ်ရှ်' ပလ္လင်တော်အောက်၌ ဦးချခြင်းနှင့် စပ်လျဉ်း၍ သုတေသနပြုချက်များ ၂၆
၁၁။ စောဒကများ ၂၇
၁၂။ အထူးမှတ်သားချက် ၃၄

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၃။ လ၏ ခရီးစခန်းများ ၃၅

၁၄။ ကျမ်းမြတ်ကုရ်အာန်၌ လေယာဉ်ပျံနှင့် စပ်လျဉ်းသည့် ဖော်ပြမှု ၃၆

၃၆ း ၄၅ မှ ၃၆ း ၄၇ အထိ

၁၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၈

၁၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၈

၃၆ း ၄၈ မှ ၃၆ း ၆၈ အထိ

၁၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၃

၁၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၆

၃၆ း ၆၉ မှ ၃၆ း ၇၅ အထိ

၁၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၄

၂၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၅

၂၁။ ပစ္စည်းပိုင်ဆိုင်မှု၏ အဓိက အကြောင်းခံသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုပင်ဖြစ်သည်။ အရင်းအနှီးနှင့် လုပ်အားကြောင့်မဟုတ်။ ၅၆

၃၆ း ၇၆ မှ ၃၆ း ၈၃ အထိ

၂၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၉

၂၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၀

စူရာဟ်ဆွာဖ်ဖာတ်
တန်းစီနေသူများကဏ္ဍ

၃၇ း ၁ မှ ၃၇ း ၁၀ အထိ

၂၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၄

၂၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၅

၂၆။ စူရာဟ်တွင် ပါဝင်သော အကြောင်းအရာများ ၆၅

၂၇။ ပထမအကြောင်းအရာဖြစ်သော အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်း ၆၆

ခဉ်	အကြောင်းအရာ	စာမျက်နှာ
၂၈။	အစီအမံနှင့် အစီအစဉ်သည် သာသနာတွင် လိုအပ်သောအရာဖြစ်ခြင်း	၆၇
၂၉။	နမာဇ်တွင် လိုင်းများကိုညီညာစေခြင်းနှင့် ၎င်းလုပ်ရပ်၏အရေးကြီးလိုအပ်ပုံ	၆၈
၃၀။	ဖရစ်ရှိသာဟ်များကို အဘာယ်ကြောင့် 'ကစမ်' ကျိန်ဆိုသနည်း။	၆၉
၃၁။	အလ္လာဟ်အသျှင်မြတ်မှ 'ကစမ်' ကျိန်ဆိုခြင်းနှင့် ကစမ်၏အမိန့်ပညတ်ချက်များ၊ ၎င်းနောက် မေးခွန်းနှင့် အဖြေများ	၆၉
၃၂။	မှုရင်းရည်ရွယ်ချက်	၇၄
	၃၇ း ၁၁ မှ ၃၇ း ၁၈ အထိ	
၃၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၆
၃၄။	သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ	၇၇
၃၅။	တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' များ၏ အထောက်အထား	၈၀
	၃၇ း ၁၉ မှ ၃၇ း ၂၆ အထိ	
၃၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၂
၃၇။	သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ	၈၃
	၃၇ း ၂၇ မှ ၃၇ း ၄၀ အထိ	
၃၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၆
၃၉။	သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ	၈၈
	၃၇ း ၄၁ မှ ၃၇ း ၆၁ အထိ	
၄၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၁
၄၁။	သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ	၉၃
၄၂။	'ဂျန္နသီ' တစ်ဦးနှင့် ၎င်း၏ မိတ်ဆွေကာဖိရ်တစ်ယောက်အကြောင်း	၉၆
၄၃။	မကောင်းသော ထိုင်ဝိုင်းမှ ရှောင်ရှားကြရန် လမ်းညွှန်ချက်	၉၇
၄၄။	သေခြင်းတရား မရှိတော့သည့်အပေါ် အံ့ဩမှု	၉၇
	၃၇ း ၆၂ မှ ၃၇ း ၇၄ အထိ	
၄၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၉
၄၆။	သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ	၁၀၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၇။	زقّوم ၏ ဇစ်မြစ်	၁၀၁
	၂၇း၇၅ မှ ၂၇း၈၂ အထိ	
၄၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၄
၄၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၄
	၂၇း၈၃ မှ ၂၇း၉၈ အထိ	
၅၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၈
၅၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၉
၅၂။	ကြယ်တာရာများကို ကြည့်ခြင်း၏ ရည်ရွယ်ချက်	၁၁၁
၅၃။	နက္ခတ်ပညာနှင့် ပတ်သက်၍ ရှရီအသ်၏ သဘောတရား	၁၁၃
၅၄။	'တမန်တော်အီဗ်ရာဟီးမ် عليه السلام နေထိုင်မကောင်း' ဟု ဆိုခြင်းမှာ	၁၁၆
၅၅။	**تورية** နှင့် ပတ်သက်၍ တရားတော်၏ အမိန့်ပညတ်ချက်	၁၁၇
	၂၇း၉၉ မှ ၂၇း၁၁၃ အထိ	
၅၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၂၁
၅၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၂
၅၈။	သားတော်အား 'ကုရ်ဘာနီ' ပြုလုပ်သည့် အကြောင်း	၁၂၂
၅၉။	**وحی غیر متلو** ၏ အထောက်အထားဖြစ်ခြင်း	၁၂၅
၆၀။	ဇဗာဟ်ပြုလုပ်ခြင်းခံရသူသည် တမန်တော်အိစ်မာအီးလ် عليه السلام လော၊တမန်တော် အိစ်ဟားက် عليه السلام လော။	၁၂၈
	၂၇း၁၁၄ မှ ၂၇း၁၂၂ အထိ	
၆၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃၅
၆၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၅
	၂၇း၁၂၃ မှ ၂၇း၁၃၂ အထိ	
၆၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃၇
၆၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၅။	ဟဇရတ်အီလ်ယားစ် عليه السلام	၁၃၈
၆၆။	နဗီတမန်တော်ဖြစ်ချိန်နှင့် နေရာ	၁၃၉
၆၇။	မျိုးနွယ်စုနှင့် ပဋိယက္ခ	၁၃၉
၆၈။	တမန်တော်အီလ်ယားစ် عليه السلام အသက်ရှင်လျက် ရှိနေပါသလား။	၁၄၁
၆၉။	ဖန်ဆင်းခြင်းဟူသည့် ဂုဏ်တော်ကို အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားအရာများဘက်သို့ ဆက်သွယ်ခြင်း မပိုင်။	၁၄၄
	၃၇ : ၁၃၃ မှ ၃၇ : ၁၃၈ အထိ	
၇၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၆
၇၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၆
	၃၇ : ၁၃၉ မှ ၃၇ : ၁၄၈ အထိ	
၇၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၈
၇၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၉
၇၄။	မဲနှိုက်ခြင်းနှင့် ပတ်သက်၍ တရားတော်၏ အမိန့်ပညတ်ချက်	၁၅၀
၇၅။	'ဓိကိရ်' နှင့် 'အစ်သေဂ်ဖာရ်' သည် ဒုက္ခများကို ကင်းဝေးစေခြင်း	၁၅၁
၇၆။	'မိရ်ဇာကာဒီယာနီ' ၏ နှိုင်းယှဉ်ချက်၏ အဖြေ	၁၅၃
	၃၇ : ၁၄၉ မှ ၃၇ : ၁၆၆ အထိ	
၇၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၅
၇၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၇
၇၉။	တစ်ယူသန်သမားများအတွက် الزامی (တစ်ချက်လွှတ်နှုတ်ပိတ်) အဖြေသာ သင့်တော်ခြင်း	၁၅၉
	၃၇ : ၁၆၇ မှ ၃၇ : ၁၇၉ အထိ	
၈၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၂
၈၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၃
၈၂။	အလ္လာဟ်လက်ခံသူများ အောင်နိုင်ခြင်း၏ အလိုသဘော	၁၆၃
	၃၇ : ၁၈၀ မှ ၃၇ : ၁၈၂ အထိ	
၈၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၆
၈၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၆

စူရောဟ်ဆွာဒ်

ဆွာဒ်ကဏ္ဍ

၃၈ း ၁ မှ ၃၈ း ၁၆ အထိ

၈၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၀
၈၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၂
၈၇။ အာယသ်တော်များ ကျရောက်သည့်အကြောင်းရင်း ၁၇၂

၃၈ း ၁၇ မှ ၃၈ း ၂၀ အထိ

၈၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၆
၈၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၆
၉၀။ 'ကျားရှိသ်နမာဇ်' အကြောင်း ၁၇၈

၃၈ း ၂၁ မှ ၃၈ း ၂၅ အထိ

၉၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၀
၉၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၁
၉၃။ လူ့သဘာဝအရ ကြောက်ရွံ့ခြင်းသည် နဗီဖြစ်ခြင်းနှင့် ဝလီဖြစ်ခြင်းကို မဆန့်ကျင်ကြောင်း ၁၈၆
၉၄။ စည်းကမ်းချိုးဖောက်မှုအပေါ် အခြေအနေမှန်ကို မသိရမခြင်း သည်းခံသင့်ခြင်းအကြောင်း ၁၈၆
၉၅။ အကြီးအကဲများသည် အခက်အခဲကြုံတွေ့သူများ၏အမှားများကို အတတ်နိုင်ဆုံး သည်းခံရမည့်အကြောင်း ၁၈၇
၉၆။ ဖိအားတစ်ခုခုဖြင့် 'ကျန်ဒဟ်' (အလှူကောက်ခံခြင်း) (သို့) လက်ဆောင်တောင်းခံခြင်းသည် အဓမ္မလုရာရောက်ခြင်း ၁၈၈
၉၇။ အပေးအယူကဏ္ဍများတွင် စပ်တူလုပ်ကိုင်ရာ၌ အလွန် ရှောင်ကြဉ်မှုတရားရှိရန် လိုအပ်ခြင်းအကြောင်း ၁၈၉
၉၈။ 'ရှုကူအ်'ဖြင့် 'စဂျ်ဒဟ်သေလာဝသ်' တာဝန် ကျေသွားခြင်းအကြောင်း ၁၉၀
၉၉။ 'စဂျ်ဒဟ်သေလာဝသ်'၏ အချို့ဓမ္မသတ်များ ၁၉၀
၁၀၀။ လွဲမှားချွတ်ချော်မှုကို သတိပေးရာ၌ အမြော်အမြင်ရှိရန် လိုအပ်ခြင်း ၁၉၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၃၈ း ၂၆	
၁၀၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၂
၁၀၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၂
၁၀၃။	အစ္စလာမ့်အုပ်ချုပ်မှု၏အခြေခံအချက်မှာအမှန်တရားကိုတည်ရှိစေခြင်းဖြစ်ကြောင်း	၁၉၃
	တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး၏ ဆက်နွယ်မှု	၁၉၃
၁၀၄။	တာဝန်ရှိသည့် ရာထူးများတွင် ပထမဆုံး ကြည့်ရမည့်အချက်မှာ လူသား၏ စရိုက်ပင်ဖြစ်ခြင်း	၁၉၄
	၃၈ း ၂၇ မှ ၃၈ း ၂၉ အထိ	
၁၀၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၅
၁၀၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၆
၁၀၇။	အာယသ်တော်များ၏ သိမ်မွေ့နက်နဲသည့် အစီအစဉ်	၁၉၆
	၃၈ း ၃၀ မှ ၃၈ း ၃၃ အထိ	
၁၀၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၈
၁၀၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၉
၁၁၀။	နေမင်းပြန်လှည့်သည့် အဖြစ်အပျက်	၂၀၀
၁၁၁။	အလ္လာဟ်အသျှင်မြတ်အားသတိရခြင်းကို မေ့လျော့ပါက မိမိအပေါ် အပြစ်ဒဏ် သတ်မှတ်ခြင်းသည် သာသနာတော်အရ အရှက်တရားရှိခြင်းသာဖြစ်ကြောင်း...	၂၀၀
၁၁၂။	ခေါင်းဆောင်အတွက် ကိုယ်တိုင် ပြည်တွင်းရေးရာများတွင် ကြီးကြပ်သင့်ခြင်း အကြောင်း	၂၀၂
၁၁၃။	အဗာဒသ်တစ်ခု၏အချိန်တွင် အခြားအဗာဒသ်တစ်ခုပြုခြင်း မှားယွင်းခြင်း...	၂၀၂
	၃၈ း ၃၄	
၁၁၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၃
၁၁၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀၃
	၃၈ း ၃၅ မှ ၃၈ း ၄၀ အထိ	
၁၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၆
၁၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀၇
၁၁၈။	အုပ်ချုပ်မှုနှင့် ခေါင်းဆောင်နိုင်ရန်အတွက် ဒိုအာတောင်းခံခြင်း	၂၀၈

၃၈ း ၄၁ မှ ၃၈ း ၄၄ အထိ
၁၁၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၉
၁၂၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၁
၁၂၁။ ဟဇရသ်အိုင်ယူးဗ် ﷺ ၏ ရောဂါအမျိုးအစား ၂၁၂
၁၂၂။ 'ဟီလဟ်'နှင့် ပတ်သက်၍ တရားတော်၏ သတ်မှတ်ချက် ၂၁၃
၁၂၃။ မသင့်တော်သော လုပ်ရပ်အပေါ် 'ကစမ်' ကျိန်ဆိုခြင်း ၂၁၃
၃၈ း ၄၅ မှ ၃၈ း ၆၄ အထိ
၁၂၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၆
၁၂၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၉
၁၂၆။ နောင်တမလွန်အရေးကိစ္စများအပေါ် သောကထားခြင်းသည် နဗီများ၏ ခြားနားသော ဂုဏ်ပုဒ်တစ်ခုဖြစ်ခြင်း ၂၁၉
၁၂၇။ ဟဇရသ်အလ်ယဆအ် ﷺ ၂၁၉
၁၂၈။ ကြင်ဖော်ကြင်ဖက်သတ်မှတ်ရာတွင် အသက်အရွယ်မျှတခြင်းကို ဂရုပြုခြင်းသည် ကောင်းမွန်ခြင်း ၂၂၀
၃၈ း ၆၅ မှ ၃၈ း ၈၈ အထိ
၁၂၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၄
၁၃၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၆
၁၃၁။ စူရာဟ်ပါအကြောင်းအရာများ၏ အနှစ်ချုပ် ၂၂၆
၁၃၂။ လုပ်ကြံမှုနှင့် ဟန်ဆောင်မှု၏ ဆိုးကျိုး ၂၂၈

စူရာဟ်ဇုမရ်

ဇုမရ်အုပ်စုများကဏ္ဍ

၃၉ း ၁ မှ ၃၉ း ၆ အထိ
၁၃၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၁
၁၃၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃၄
၁၃၅။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် 'အမလ်'များ၏ လက်ခံမှုသည် 'အိခ်လားစ်'၏ အတိုင်းအတာအပေါ် မူတည်နေခြင်း ၂၃၅

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၃၆။ ထိုခေတ်ရှိမှရှုရစ်က်များသည် မျက်မှောက်ခေတ်ကာဖိရ်များထက်ကောင်းမွန်ခြင်း ၂၃၆
၁၃၇။ လနှင့် နေ့သည် လှုပ်ရှားလျက် ရှိခြင်း ၂၃၇

၃၉ း ၇ မှ ၃၉ း ၁၀ အထိ

၁၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၀
၁၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၃

၃၉ း ၁၁ မှ ၃၉ း ၂၀ အထိ

၁၄၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၈
၁၄၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၀

၃၉ း ၂၁ မှ ၃၉ း ၂၃ အထိ

၁၄၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၄
၁၄၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၅

၃၉ း ၂၄ မှ ၃၉ း ၂၈ အထိ

၁၄၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၉
၁၄၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၀

၃၉ း ၂၉ မှ ၃၉ း ၃၁ အထိ

၁၄၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၁
၁၄၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၂
၁၄၈။ 'ကေယာမသ်' နေ့၏ ခုံရုံးတွင် ညှဉ်းပန်းခံရမှုအပေါ် ညှဉ်းပမ်းသူထံမှ အစား ယူမည့် ပုံသဏ္ဍာန် ၂၆၃
၁၄၉။ ကောင်းမှုကုသိုလ်အား ညှဉ်းပန်းမှုနှင့် ဝတ္တရားများ၏ အစားတွင် ပေးရမည် ဖြစ်သော်လည်း အီမာန်ကို ပေးရမည်မဟုတ် ၂၆၄

ပါရာ [၂၃]

စူရာယာစီန်

ယာစီနိုကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော

အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَمَا لِيَ لَآ اَعْبُدُ الَّذِيْ فَطَرَنِيْ وَاِلَيْهِ تُرْجَعُوْنَ ﴿٢٢﴾

၃၆ : ၂၂ ။ ။ (သူတော်စင်ကြီး ဟဗီးဗ်က) 'ကျွန်ုပ်တွင် မိမိအား ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်း မပြုရန်။ မည်သည့်အကြောင်းရှိပါသနည်း။ အမှန်စင်စစ် အသင်တို့ (အားလုံး) သည် ထိုအသျှင်မြတ်၏ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရပေမည်။'

ءَاَتَّخِذُ مِنْ دُوْنِهٖٓ اٰلِهَةً اِنْ يُّرِدْنِ الرَّحْمٰنُ بِضُرٍّ لَّا تُغْنِ عَنِّيْ
شَفَاعَتُهُمْ شَيْـًٔا وَّلَا يُنْقِذُوْنِ ﴿٢٣﴾

၃၆ : ၂၃ ။ ။ 'ကျွန်ုပ်သည် ထိုအသျှင်မြတ်အား စွန့်၍ အခြားအကြင်ကဲ့သို့သော ကိုးကွယ်ရာများကို (ကိုးကွယ်) ရမည်လော။ အကယ်၍ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည် ကျွန်ုပ်တွင် ဘေးအန္တရာယ်တစ်စုံတစ်ရာ သက်ရောက်စေရန် ရည်စူးတော်မူပါလျှင် ယင်းကိုးကွယ်ရာများ၏ ကြားဝင် အသနားခံပေးမှုသည်လည်း ကျွန်ုပ်တို့အဖို့ အနည်းငယ်မျှပင် အသုံးကျမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ကျွန်ုပ်အား လွတ်မြောက်စေနိုင်ကြမည်လည်း မဟုတ်ပေ။'

إِنِّيٓ إِذًا لَّفِي ضَلَٰلٖ مُّبِينٍ ٢٤

၃၆ : ၂၄ ။ ။ 'ထိုသို့ဖြစ်ခဲ့လျှင် ကျွန်ုပ်သည် ထင်ရှားစွာသော လမ်းမှားမှု၌ (သက်ရောက်သွားပေမည်။)'

إِنِّيٓ ءَامَنتُ بِرَبِّكُمۡ فَٱسۡمَعُونِ ٢٥

၃၆ : ၂၅ ။ ။ 'ကေန်စင်စစ် ကျွန်ုပ်သည် အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ပြီးဖြစ်ပေရာ၊ အသင်တို့သည် ကျွန်ုပ် (၏စကား) ကို နားထောင်ကြလေကုန်။'

قِيلَ ٱدۡخُلِ ٱلۡجَنَّةَۖ قَالَ يَٰلَيۡتَ قَوۡمِي يَعۡلَمُونَ ٢٦

၃၆ : ၂၆ ။ ။ (၄င်းအမျိုးသားတို့က သူတော်စင်ကြီးအား ကျောက်ခဲဖြင့် ပစ်ပေါက်၍ 'ရှဟီးဒ်'ပြုခဲ့၏။ ထိုအခါ အသျှင်မြတ်က) 'အသင်သည် 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်လေလော'ဟု မိန့်ကြားတော်မူခြင်း ခံရသောအခါ ထိုသူက (ဤသို့) ပြောဆိုခဲ့လေ၏။ 'ဩော်- ကျွန်ုပ်၏ အမျိုးသားတို့သည် (မည်သို့ ဂုဏ်အင်ဒြပ် ချီးမြှင့်သည်ကို) သိရှိကြလျှင် ကောင်းလေစွ။'

بِمَا غَفَرَ لِي رَبِّي وَجَعَلَنِي مِنَ ٱلۡمُكۡرَمِينَ ٢٧

၃၆ : ၂၇ ။ ။ 'ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား ခွင့်လွှတ်ချမ်းသာ ပေးတော်မူခဲ့သည်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်သရေရှိသူတို့တွင် အပါအဝင် ဖြစ်စေတော်မူခဲ့သည်ကိုလည်းကောင်း (ကျွန်ုပ်၏ အမျိုးသားတို့သည် သိရှိကြလျှင် ကောင်းလေစွဟု ပြောဆိုခဲ့လေသည်။)'

وَمَآ أَنزَلۡنَا عَلَىٰ قَوۡمِهِۦ مِنۢ بَعۡدِهِۦ مِن جُندٖ مِّنَ ٱلسَّمَآءِ وَمَا كُنَّا مُنزِلِينَ ٢٨

၃၆ : ၂၈ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ထိုသူတော်စင်ကြီးသေဆုံးပြီး နောက်တွင် ထိုသူ၏ အမျိုးသားတို့အပေါ် ဝယ် မိုးကောင်းကင်မှ မည်သည့်စစ်တပ်ကိုမျှပင် စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ (၎င်းပြင် ငါအသျှင်မြတ်သည် စေလွှတ်တော်မူရန်လည်း မလိုပေ။)

إِن كَانَتْ إِلَّا صَيْحَةً وَاحِدَةً فَإِذَا هُمْ خَامِدُونَ ﴿٢٩﴾

၃၆ : ၂၉ ။ ။ (စင်စစ် ထိုမြို့သူမြို့သားတို့၌ သက်ရောက်ခဲ့သော အပြစ်ဒဏ်မှာ) ပြင်းထန်လှစွာသော ဟစ်အော်သံ တစ်ခုသာလျှင် ဖြစ်ခဲ့၏။ ထိုအခါ၌ ၎င်းတို့မှာ ရုတ်တရက်(အသက်ဇီဝိန်) ချုပ်ငြိမ်းသွားသူပင်ဖြစ်ခဲ့ကြကုန်သည်။

يَا حَسْرَةً عَلَى الْعِبَادِ ۚ مَا يَأْتِيهِم مِّن رَّسُولٍ إِلَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿٣٠﴾

၃၆ : ၃၀ ။ ။ 'သြော်- အကြင်ကျွန်များ (၏ အခြေအနေ) မှာ ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှပေ၏။ ၎င်းတို့ထံ မည်သည့်ရစူလ်တမန်တော်တစ်ပါးမဆို ရောက်ရှိ၍လာသည်ရှိသော်၊ ၎င်းတို့သည် ထိုရစူလ်တမန်တော်အား ပြက်ရယ်ပြောင်လှောင်ခဲ့ကြချည်းသာ ဖြစ်၏။'

أَلَمْ يَرَوْا كَمْ أَهْلَكْنَا قَبْلَهُم مِّنَ الْقُرُونِ أَنَّهُمْ إِلَيْهِمْ لَا يَرْجِعُونَ ﴿٣١﴾

၃၆ : ၃၁ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့အလျှင် မြောက်မြားစွာသော လူမျိုးဆက်တို့ကို ဖျက်ဆီးတော်မူခဲ့ရာ၊ ထိုဖျက်ဆီးခံခဲ့ကြရသော လူမျိုးဆက်တို့မှာ ၎င်းတို့ထံ ပြန်လာကြမည်မဟုတ်သည်ကို ၎င်းတို့သည် မမြင်ခဲ့ကြလေသလော။

وَإِن كُلٌّ لَّمَّا جَمِيعٌ لَّدَيْنَا مُحْضَرُونَ ﴿٣٢﴾

၃၆ : ၃၂ ။ ။ ထို့ပြင် (၎င်းတို့) အားလုံးတို့သည် ငါအသျှင်မြတ်၏ ထံတော်သို့ အဆင်သင့် ရောက်ရှိစေခြင်းကို ခံကြရမည့်သူများသာ ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကျွန်ုပ်တွင် မိမိအား ဖန်ဆင်းတော်ခဲ့သော အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမပြုရန် မည်သည့်အကြောင်းရှိပါသနည်း။ (ယင်းသို့ ဖန်ဆင်းခြင်းသည်ပင် ကိုးကွယ်ဆည်းကပ်ရန် ထိုက်သင့် ကြောင်းကို ဖော်ပြလျက်ရှိသောအထောက်အထားများအနက်မှ တစ်ခုပင်ဖြစ်ပေသည်။) အမှန်စင်စစ် (မိမိကိုယ်ကို ရည်ညွှန်း၍ ပြောဆိုခြင်းမှာ တရားနာသူ အဖို့ စိတ်အနှောင့်အယှက်ဖြစ်ပြီး တရားလမ်းမှန်မှ ဝေးသွားမည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်သည်။ အဓိက ဆိုလိုခြင်းမှာ အသင်တို့အနေဖြင့် တစ်ပါးတည်းသော အလ္လာဟ်အသျှင်

မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်း မပြုရန် မည်သည့်အကြောင်း ရှိပါသနည်းဟူ၍ပင် ဖြစ်သည်။) အသင်တို့ အားလုံးသည် ထိုအသျှင်မြတ် ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရပေမည်။ (ထို့ကြောင့် ထိုအသျှင်မြတ်၏ တမန်တော်များ၏နောက်လိုက်ပြုခြင်းသည်ပင် အကောင်းဆုံးဖြစ်သည်။ ဤသည်ဖြင့် စစ်မှန်သည့် ကိုးကွယ်ရာအသျှင်အကြောင်းကို ဖော်ပြခဲ့သည်။ ရှေ့ဆက်၍ ကိုးကွယ်ရန် မထိုက်သော ၎င်းတို့သတ်မှတ် ကိုးကွယ်နေသည့် မှားယွင်းသောကိုးကွယ်ရာ အရာများအကြောင်းကို ဖော်ပြသည်။)

ကျွန်ုပ်သည် ထိုအသျှင်မြတ်အား စွန့်၍ အခြားအကြောင်းကဲ့သို့သော ကိုးကွယ်ရာများကို ကိုးကွယ် ရမည်လော။ (ထိုသို့ ကိုးကွယ်ရာ အတုတို့ ဖြစ်အင်ကို တင်ပြရသော်) "ရဟ်မာန်" ကရုဏာတော်ရှင်သည် ကျွန်ုပ်တွင် ဘေးအန္တရာယ်တစ်စုံတစ်ရာ သက်ရောက်စေရန် ရည်စူးတော်မူပါလျှင် ယင်းကိုးကွယ်ရာများ၏ ကြားဝင်အသနားခံပေးမှုသည်လည်း ကျွန်ုပ်တို့အဖို့ အနည်းငယ်မျှပင် အသုံးကျမည်မဟုတ်ပေ။ ထို့မှတစ်ပါး ၎င်းတို့သည် ကျွန်ုပ်အား (၎င်းတို့၏ တန်ခိုးအရှိန်အဝါဖြင့် ထိုဘေးအန္တရာယ်မှ) လွတ်မြောက်စေနိုင်မည် လည်း မဟုတ်ပေ။ (၎င်းတို့တွင် တန်ခိုးလည်းမရှိ။ တန်ခိုးရှင်ထံသို့ သွားရောက်၍ကြားဝင်အသနားခံ ပေးနိုင်စွမ်းလည်း မရှိ။ ၎င်းတို့ သက်မဲ့များပင် ဖြစ်ကြလေရာ မည်သို့ အသနားခံမည်နည်း။ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အသနားခံ၍ ရလိမ့်မည်မဟုတ်ပေ။)

ထိုသို့ ဖြစ်ခဲ့လျှင် ဧကန်မလွဲ ကျွန်ုပ်သည် ထင်ရှားစွာသော လမ်းမှားမှု၌ သက်ရောက်သွားပေမည်။ (ဤသည်လည်း မိမိဘက်သို့ ညွှန်း၍ ထိုကာဖိရ်တို့အား သွယ်ဝိုက်၍ ဆုံးမလိုက်ခြင်းဖြစ်သည်။)

ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သက်ဝင် ယုံကြည်ခဲ့ပြီးဖြစ်ရာ အသင်တို့သည် (လည်း) ကျွန်ုပ်၏ (စကားကို) နားထောင်ကြလေကုန်။ (ထို့နောက် အီမာန်သက်ဝင်ယုံကြည်ကြလေကုန်။ သို့ရာတွင် ၎င်း၏ တရားစကားများသည် ထိုကာဖိရ်တို့အဖို့လည်း မည်သို့မျှ မထူးခြားခဲ့ချေ။ ၎င်းကာဖိရ်တို့၏ တရားမရကြသည့်အပြင် ထိုသူအား ခဲဖြင့်ပစ်ပေါက် ၍(သို့)မီးရှို့၍ (သို့)လည်ပင်းညှစ်၍ သတ်ဖြတ်အဆုံးစီရင်လိုက် ကြလေသည်။ သေဆုံးသွားသည်နှင့် တစ်ပြိုင်နက် ၎င်းထံသို့ အသျှင်မြတ်ဘက်မှ ဤသို့ အမိန့်တော် ရောက်ရှိခဲ့သည်။) အသင်သည် "ဂျန္နသ်" သုခဘုံသို့ ဝင်ရောက်လေလော့။ (ထိုအချိန်၌လည်း ထိုသူသည် မိမိအမျိုးသားများအတွက် ရတက်မအေးဖြစ်လျက် ရှိခဲ့ပေသည်။ ထို့ကြောင့် ဤသို့ ပြောဆိုခဲ့သည်။) သြော် - ကျွန်ုပ်၏ အမျိုးသားတို့သည် သိရှိကြလျှင် ကောင်းလေစွ။ ထိုအသျှင်မြတ်သည် (အီမာန်ယုံကြည်မှုနှင့် ရစူလ်တမန်တော်တို့၏ အဆုံးအမကို လက်ခံခြင်းကြောင့်) ကျွန်ုပ်အား ခွင့်လွှတ် ချမ်းသာပေးတော်မူခဲ့သည် ကိုလည်းကောင်း၊ ထိုအသျှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်သရေရှိသူတို့တွင် အပါအဝင် ဖြစ်စေတော်မူခဲ့သည်ကို လည်းကောင်း (ကျွန်ုပ်၏ အမျိုးသားတို့သည် သိရှိကြ၍ အီမာန် သက်ဝင်ယုံကြည်ခဲ့ကြပါလျှင် ၎င်းတို့သည်လည်းခွင့်လွှတ်ချမ်းသာခွင့်နှင့် ဂုဏ်သရေရှိသူတို့တွင် အပါအဝင် ဖြစ်လာလျှင် ကောင်းလေစွတကား ဟု ပြောဆိုခဲ့လေသတည်း။)

ထို့နောက် (ထိုမြို့သူမြို့သားတို့သည် ရစူလ်တမန်တော်များနှင့် ၄င်းတို့၏ နောက်လိုက်အား အထက်ပါ အတိုင်း ဆက်ဆံခဲ့ကြရာ ငါအသျှင်မြတ်သည် ၄င်းတို့အား လက်စားချေတော်မူခဲ့သည်။ ထိုသို့ လက်စားချေရာ၌) ငါအသျှင်မြတ်သည် ထိုသူ (သေဆုံးပြီး) နောက်တွင် ထိုသူ၏ အမျိုးသားတို့အပေါ်ဝယ် မိုးကောင်းကင် မှ (ကောင်းကင်တမန်များ၏) မည်သည့်စစ်တပ်ကိုမျှပင် စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ ၄င်းအပြင် ငါအသျှင်မြတ်မှာ စေလွှတ်တော်မူရန်လည်း မလိုပေ။ (အကြောင်းမှာ ၄င်းတို့အား ဖျက်ဆီးရန်အတွက် စစ်တပ်ကြီး စေလွှတ်ရန် မလိုအပ်ချေ။)

စင်စစ် ထိုပြစ်ဒဏ်သည်ကား ပြင်းထန်လှစွာသော ဟစ်အော်သံတစ်ခုသာလျှင် ဖြစ်ခဲ့၏။ (ဂျိဗ်ရီးလ် عليه السلام သည်လည်းကောင်း၊ (သို့) အခြားကောင်းကင်တမန် တစ်ပါးပါးသည်လည်းကောင်း ဟစ်အော်ခဲ့ခြင်း ဖြစ်ပေမည်။ သို့မဟုတ် صيحة ဆိုသည်မှာ သတ်မှတ်၍ ဖော်ပြထားခြင်း မရှိသည့် ပြစ်ဒဏ်တစ်စုံတစ်ရာ လည်း ဖြစ်နိုင်ပေသည်။) ထိုအခါ ၄င်းတို့မှာ ရုတ်တရက် (ဇီဝိန်) ချုပ်ငြိမ်း (သေဆုံး) သွားသူများပင် ဖြစ်ခဲ့ကြ ကုန်သတည်း။ (ရှေ့ဆက်၍ သွေဖည်ငြင်းပယ်သူများကို ရှုတ်ချပြစ်တင်ထားသည်။) ဩော် - အကြင်ကျွန်များ၏ အခြေ အနေမှာ ဝမ်းနည်းကြေကွဲဖယ်ရာ ကောင်းလှဘိတကား။ ၄င်းတို့ထံ မည်သည့်ရစူလ်တမန်တော် တစ်ပါးမဆို ရောက်ရှိလာသည်ရှိသော် ၄င်းတို့သည် ထိုရစူလ်တမန်တော်အား ပြက်ရယ် ပြောင်လှောင်ခဲ့ သည်ချည်း ဖြစ်၏။ ငါအသျှင်မြတ်သည် ၄င်းတို့အလျင် မြောက်မြားစွာသော လူမျိုးဆက်တို့ကို (ထိုသို့ တမန်တော်များအား ပြက်ရယ် ပြောင်လှောင်ခဲ့ခြင်းကြောင့်) ဖျက်ဆီးတော်မူခဲ့ရာ ထိုပျက်စီးခဲ့သော လူမျိုးဆက်တို့မှာ ၄င်းတို့ထံ၌ (ဤလောကသို့) ပြန်လာကြမည် မဟုတ်သည်ကို ၄င်းတို့သည် မမြင်ခဲ့ကြ လေသလော။ (ဤသည်များကို တွေးတောဆင်ခြင်မိလျှင် ၄င်းတို့သည် ဤသို့ ပြက်ရယ်ပြောင်လှောင်ကြမည် မဟုတ်ချေ။ ဖော်ပြပါပြစ်ဒဏ်သည်ကား သွေဖည်သူတို့အား လောက၌ ပေးခဲ့သည့်ပြစ်ဒဏ်များပင် ဖြစ်ချေ၏။) ထို့နောက် (နောင်တမလွန်ဘဝ၌) ၄င်းတို့အားလုံးသည် ငါအသျှင်မြတ်ထံတော်သို့ အဆင်သင့် ရောက်ရှိ စေခြင်းကို ခံကြရမည့်သူများသာ ဖြစ်ကြကုန်သတည်း။ (ထိုအခါ ၄င်းတို့သည် ပြစ်ဒဏ်များကို ခံစားရပေမည်။ ယင်းပြစ်ဒဏ်များသည်ကား ထာဝစဉ်အတွက်ပင် ဖြစ်ချေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَاضْرِبْ لَهُمْ مَّثَلًا اَصْحٰبَ الْقَرْيَةِ

အထက်၌ တမန်တော်အား သွေဖည်ငြင်းပယ်သူများအကြောင်း ပါရှိသည်။ ၄င်းတို့အား သတိပေး နှိုးဆော်ရန်အတွက် ကျမ်းမြတ်ကုရ်အာန်က ရှေးကာလ၌ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်တစ်ခုကို ပမာဆောင်၍ ဖော်ပြသွားသည်။

၄င်းပြစ်ရပ်၌ ပါရှိသည့် မြို့ရွာသည် မည်သည့်မြို့ရွာ ဖြစ်လေသနည်း၊

ကျမ်းမြတ်ကုရ်အာန်က ထိုမြို့၏ အမည်ကို မဖော်ပြချေ၊ သမိုင်းအထောက်အထား ဆင့်ပြန်ချက် များ၌ မုဟမ္မဒ်ဗင်န်အိစ်ဟာက် (ရဟ)က အိဗ်နေအဗ္ဗားစ် ؓ သခင်၊ ကအဗ်အဟ်ဗားရ်နှင့် ဝဟဗ်ဗင်န် မုနဗ္ဗဟ် ؓ သခင်တို့ထံမှ ဆင့်ပြန်ခဲ့သည်မှာ ထိုမြို့သည် "အင်သွာကီယဟ်" ပင်ဖြစ်သည်ဟု ဖော်ပြထားသည်၊

ကုရ်အာန်အဖွင့်ပညာရှင် အများစုကလည်း ဤသည်ကိုပင် လက်ခံထားကြသည်၊ (၎င်းနောက် (ကုရ်အာန် အဖွင့်ပညာရှင် အဘူဟိုင်ရ်ယာန်း(ရဟ)နှင့် အိဗ်နေကစီးရ်ကမူ ကျမ်းမြတ်ကုရ်အာန်၌ ပါရှိသည့်မြို့သည် "အင်သွာကီယဟ်" ဖြစ်သည်ဟူသော ဆင့်ဆိုချက်၌ အဖွင့်ပညာရှင်များအနက်မှ မည်သည့် တစ်ဦးတစ်ယောက်က ဆန့်ကျင်တင်ပြထားခြင်းမရှိ ဟုဆိုထားသည်၊) မုအ်ဂျမွလ် ဘုလ်ဒါန်း ကျမ်းပါ တင်ပြထားချက်အရ "အင်သွာကီယဟ်" သည် မျက်မှောက်ခေတ် ဆီးရီးယားနိုင်ငံဟု ခေါ်ဆိုသော နိုင်ငံ၏ ကြီးကျယ်ခမ်းနားလှသည့် မြို့ကြီးတစ်မြို့ဖြစ်ခဲ့သည်၊

ထိုမြို့၏ သာယာလှပမှုနှင့် ခိုင်ခံ့မှုမှာ အလွန်ကျော်ကြားလှ၏၊ ၎င်းမြို့၏ မြို့ရိုးမှာ စံပြအဖြစ် ရှိ၏၊ ထိုမြို့၌ နစ္စရာနီများ၏ ကနီစာဘုရားရှိခိုးကျောင်း များစွာရှိ၏၊ ရွှေ၊ငွေ၊များဖြင့် အလှခြယ်ထားသည်၊ ပင်လယ်ကမ်းခြေမြို့တစ်ခုလည်း ဖြစ်သည်၊ အစ္စလာမ်သာသနာအင်ပါယာ ကျယ်ပြန့်လာ၍ ထိုမြို့ကို ဆီးရီးယားနိုင်ငံကို အောင်မြင်စွာ သိမ်းယူနိုင်ခဲ့သူ အဗူအိုဗိုင်ရ်ဒါဟ်ဗင်န်ဂျရ်ရာဟ်(ရဒသွ) က တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်၊ မုအ်ဂျမုလ်ဘုလ်ဒါရန်ကျမ်းရှင်ယာကူးသ်ဟမဝီက တစ်ဆက်တည်းရေးသားထားသည်မှာ ဤအာယသ်တော်၌ တင်ပြလျက်ရှိသော သူတော်စဉ်ကြီး ဟဗီးဗ်နဂျာရ်၏ ကဗရ် သည် ၎င်းအင်သွာကီယဟ် မြို့တွင်းရှိကြောင်း အလွန်ကျော်ကြားသည်၊ ဝေးလံခါင်သီသော နေရာများမှ လူတို့သည် ဇေယာရသ်ပြုရန် လာရောက်လေ့ရှိသည် ဟူ၍ဖြစ်သည်၊ ၎င်း၏ဤတင်ပြချက်မှ တင်ပြပါ အာယသ်တော် တွင် တင်ပြထားသော မြို့မှာ ဤအင်သွာကီယဟ်မြို့ပင် ဖြစ်ကြောင်း သိရှိရသည်၊ အိဗ်နေ့ကစီးရ်(ရဟ)က ရေးသားထားသည့် အီစာအီ ခရစ်ယာန်သာသနာ၏ ဌာနချုပ်များအဖြစ် သတ်မှတ်ခံရသောမြို့(၄)မြို့အနက်မှ ဤအင်သွာကီယာဟ် မြို့သည်လည်း တစ်မြို့အပါအဝင် ဖြစ်သည်၊ ၎င်းမြို့ကြီး (၄)မြို့မှာ (၁)ကုဒုစ် ၊ (၂)ရူမိယာဟ်၊ (၃)အိစ်ကန်ဒရီယာ၊(၄)အင်သွာကီယာဟ် တို့ပင်ဖြစ်သည်၊ ၎င်းနောက် ဆက်လက်အမိန့်ရှိသည်မှာ - ဟဇ်ရသ်အီစ(ؑ)၏သာသနာကို ပထမဆုံးလက်ခံခဲ့သည့်မြို့မှာ ဤ အင်သွာကီယာဟ် မြို့ပင်ဖြစ်သည်၊ ဤအတွက်ကြောင့်ပင် အီမာမ်အိဗ်နေ့ကစီးရ်(ရဟ)သည် အထက်ကျမ်းတော်မြတ်ကုရ်အာန် အာယသ်တော် ပါမြို့မှာ ဤအင်သွာကီယာဟ်မြို့သာဖြစ်သည်ဟု သတ်မှတ်ရာ၌ စဉ်းစားစရာ ဖြစ်နေ၍တွေဝေနေကာ ယတိပြတ် ဆုံးဖြတ်မရ ဖြစ်နေ၏၊ အဘယ့်ကြောင့်ဆိုသော် ကျမ်းတော်မြတ်ကုရ်အာန်၏ မိန့်မြွက်တင်ပြချက်အရ ၎င်းမြို့သည် နဗူဝသ်နှင့် ရိစာလသ်ကို ငြင်းပယ်သူများ၏မြို့ဖြစ်သည်ဟု သိရ၏၊ သမိုင်းအထောက်အထားများ

အရ ၎င်းတို့သည် ရုပ်ထုကိုးကွယ်သူ မုရှ်ရိက်(တုဘက်ကိုးကွယ်ကြသည့်သူ)များ ဖြစ်ကြသည် ဟု သိရ၏၊ သို့ဖြစ်ရာ အီစာ(ﷺ)၏ သာသနာ၊ နစ်ရာနီဘာသာကို ပထမဦးဆုံး လက်ခံခဲ့သူများသည် အင်သွာကိယာဟ်မြို့သည် ကျမ်းတော်မြတ်ကုရ်အာန်၏ အထက်ပါအာယတ်တော်၌ တင်ပြထားသော မြို့ဟူ၍ မည်သို့ သတ်မှတ်အတည်ပြုနိုင်ပါမည်နည်း၊

တစ်ဖန် ကျမ်းတော်မြတ်ကုရ်အာန်၏ အထက်ပါအာယသ်တော်များမှပင် ထိုမြို့ရွာတစ်ခုလုံး အပေါ် တစ်ဦးတစ်ယောက်မျှပင် အသက်ရှင်လျက် မကျန်ရစ်ခဲ့လောက်သည့် ပြင်းထန်သော အဇါးဗ်အပြစ်ဒဏ်တစ်ခုကို ချမှတ်ဒဏ်ခတ်ခဲ့ကြောင်း သိရှိရသည်၊ အင်သွာကိယာဟ်မြို့နှင့် ပတ်သက်၍ သမိုင်းအထောက်အထားများတွင် တစ်ချိန်တည်း မြို့လုံးကျွတ် သေပွဲဝင်ခဲ့ရကြောင်း ဟူ၍ တင်ပြဆင့်ပြန်ခဲ့ သည့် အထောက်အထား တစ်စုံတစ်ရာမျှပင်မှ မရှိချေ၊ ဤအတွက်ကြောင့်ပင် အိဗ်နေကစီးရ်(ရဟ)၏ သုံးသပ်ချက် မှာ အထက်ပါ အာယသ်တော်၌ တင်ပြထားသော မြို့သည် အင်သွာကိယာဟ်မြို့မဟုတ်၊ (သို့) ကျော်ကြားသော အင်သွာကိယာဟ်မြို့မဟုတ်ဘဲ အင်သွာကိယာဟ်နာမည်နှင့် အခြားမြို့တစ်မြို့ဖြစ်နိုင်ဖွယ် ရှိသည်ဟူ၍ဖြစ်သည်၊ ဖသ်ဟုလ်မန်နာန်ကျမ်းရှင်က အိဗ်နေကစီးရ်(ရဟ)၏ စောဒကသံသယများကို အဖြေပေးဖြေရှင်း ထားပါသော်လည်း အလွယ်ဆုံးနှင့် အရှင်းဆုံးကို ဟာဇရသ် ထာနဝီ(ရဟ)သခင်က မိမိ၏ ဘယာနုလ်ကုရ်အာန်ကျမ်းတွင် ရွေးချယ်တင်ပြထားသည်၊ ၎င်းမှာ - ကျမ်းတော်မြတ် ကုရ်အာန်၏ ဤအာယတ်တော်ကို နားလည်နိုင်ရန်အတွက် ထိုမြို့ကို သတ်မှတ်ချက်ဖြင့် သိရှိရန်မှာ မလိုအပ်၊ အရေးပါသော အရာမဟုတ်၊

မည်သို့ပင်ရှိစေ ကျမ်းမြတ်ကုရ်အာန်၌ ၎င်းမြို့၏အမည်ကို အတိအကျ ဖော်ပြထားခြင်း မရှိသဖြင့် အထူး ထောက်လှမ်း စုံစမ်းရန် မလိုအပ်ချေ၊ အလ္လာဟ်အသျှင်မြတ်အား လွှဲအပ်ခြင်းသည်ပင် အကောင်းဆုံး ဖြစ်ချေ သည်ဟူ၍ပင် ဖြစ်၏၊

إِذْ جَاءَهَا الْمُرْسَلُونَ ۝ إِذْ أَرْسَلْنَا إِلَيْهِمُ اثْنَيْنِ فَكَذَّبُوهُمَا
فَعَزَّزْنَا بِثَالِثٍ فَقَالُوا إِنَّا إِلَيْكُم مُّرْسَلُونَ ۝

အဆိုပါမြို့သို့ ရစူလ်တမန်တော်သုံးပါးကို စေလွှတ်ခဲ့သည်၊ ဦးစွာပထမ တမန်တော်နှစ်ပါးကို စေလွှတ်ခဲ့သည်၊ မြို့သူမြို့သားများက လက်မခံသောအခါ အင်အားဖြည့်တင်းရန်အတွက် တတိယရစူလ် တမန်တော်တစ်ပါးကို စေလွှတ်ခဲ့ပြန်သည်၊ ထို့နောက် တမန်တော်သုံးပါးစလုံးက မြို့သူမြို့သားတို့အား ငါတို့သည် အသင်တို့အား တရားလမ်းမှန်သို့ ပို့ဆောင်ရန် စေလွှတ်ခြင်းခံရသူများ ဖြစ်သည်ဟု ဆိုလေသည်၊

ထိုမြို့သို့ စေလွှတ်ခဲ့သည့် ရစူလ်တမန်တော်များဟူသည်မှာ မည်သည်ကို ဆိုလေသနည်း၊ ၎င်းတို့သည် မည်သူများ ဖြစ်ကြသနည်း၊

ကျမ်းမြတ်ကုရ်အာန်၌ လာရှိသည့် رَسُوْلٌ مُرْسَلٌ ဟူသည့် စကားလုံးသည်များသည် များသော အားဖြင့် အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်ဟူ၍ အဓိပ္ပာယ်ရရှိသည်၊ အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည်ပင် ၎င်းတို့အား စေလွှတ်တော်မူခဲ့သည်ဟု ဖော်ပြထားသည်၊ ယင်းသို့ ဖော်ပြထားခြင်းသည်ပင် ရစူလ်တမန်တော်ဖြစ်ကြောင်းကို ဖော်ညွှန်းလျက်ရှိသည်၊ အိဗ်နေအိစ်ဟားက်(ရဟ)က အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ကအဗ်အဟ်ဘားရ်(ရသွေ) နှင့် ဝဟဗ်ဗင်န်မူနဗ်ဗါဟ်(ရသွေ)တို့ထံမှ ထိုပုဂ္ဂိုလ်သုံးဦးသည် နဗီတမန်တော်များ ဖြစ်သည်ဟု ဆင့်ပြန်ခဲ့သည်၊ ၎င်း၏ ဆင့်ပြန်ချက်၌ ထိုပုဂ္ဂိုလ်သုံးဦး၏ အမည်ကို "စွာဒိက်"၊ "စွဒူးက်"၊ "ရှလူးမ်" ဟု ဖော်ပြထားသည်၊ အခြားဆင့်ပြန်ချက်တစ်ရပ်၌ တတိယပုဂ္ဂိုလ်၏အမည်ကို "ရှမအူးန်" ဟု ဖော်ပြထားသည်၊ *[အိဗ်နေကစီးရ်]*

ကသာဒဟ် ﷺ သခင်က ထိုပုဂ္ဂိုလ်သုံးဦးသည် နဗီတမန်တော်များမဟုတ်ကြောင်း၊ ရစူလ်တမန်တော်၏ ကိုယ်စားလှယ်များသာ ဖြစ်ကြောင်း၊ တမန်တော်အီစာ ﷺ ၏ တပည့်နောက်လိုက်များမှ အပါအဝင်ဖြစ်ကြောင်း၊ ၎င်းတို့သုံးဦးအား တမန်တော်အီစာ ﷺ က ထိုမြို့သူမြို့သားများအား ဘုရားလမ်းမှန်ဘက်သို့ ဖိတ်ခေါ်ရန် မိမိကိုယ်စားအဖြစ် စေလွှတ်ခဲ့ကြောင်းဖြင့် ဆိုသည်၊ အဖွင့်ပညာရှင်များမှ အိဗ်နေကစီးရ်သခင်သည် ပထမအဆိုကို လက်ခံထားပြီး ကုရ်သုဗီနှင့် အချို့အဖွင့်ပညာရှင်တို့က ဒုတိယအဆိုကို လက်ခံထားသည်၊ ကုရ်အာန်၏ အပေါ်ယံသဘောအရ ထိုပုဂ္ဂိုလ်သုံးဦးသည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်များဖြစ်ကြောင်း သိရှိရသည်၊

قَالُوْٓا اِنَّا تَطَيَّرْنَا بِكُمْ

تَطَيُّر ၏ အဓိပ္ပာယ်မှာ "အမင်္ဂလာ" ဟု ယူဆခြင်း၊ တစ်ဦးတစ်ယောက်အား မကောင်းသော အတိတ်နိမိတ်ဖြစ်သည်ဟု စွပ်စွဲပြောဆိုခြင်းဟု ရရှိသည်၊ အလိုသဘောမှာ ထိုမြို့သူမြို့သားတို့သည် ထိုစေလွှတ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ ဆုံးမစကားကို လက်မခံဘဲ အသင်တို့သည် မကောင်းသော အတိတ်နိမိတ်များဖြစ်သည်ဟု စွပ်စွဲပြောဆိုခဲ့ကြသည်၊ အချို့သော ဆင့်ပြန်ချက်များ၌ ထိုမြို့သူမြို့သားတို့သည် တမန်တော်တို့၏ ဆုံးမစကားကို လက်မခံခြင်းကြောင့် ဝတ်မွတ်ခေါင်းပါးသည့် ဘေးဒဏ်ဖြင့် ကြုံတွေ့ခဲ့ရသည်ဟု လာရှိသည်၊ ယင်းသို့ ကြုံတွေ့ခဲ့ရခြင်းကြောင့် ၎င်းတို့က ရစူလ်တမန်တော်များအား မင်္ဂလာ များအဖြစ် ယူဆခဲ့ကြသည်၊

قَالُوۡا طَاۤئِرُكُمۡ مَّعَكُمۡ

အလိုသဘောမှာ အမင်္ဂလာသည်ကား အသင်တို့၌သာ ရှိသည်၊ အသင်တို့၏ မကောင်းသော လုပ်ရပ်များကြောင့်သာ အမင်္ဂလာဆိုက်ရောက်ခြင်း ဖြစ်သည်၊ *[အိဗ်နေကစီးရ်]*

وَجَاۤءَ مِنۡ اَقۡصَى الۡمَدِيۡنَةِ رَجُلٌ يَّسۡعٰى

ပထမအာယသ်တော်၌ ထိုနေရာကို قرية ဟုသုံးနှုန်းခဲ့သည်၊ قرية ၏အဓိပ္ပာယ်မှာ ရွာငယ်ကိုသာ ခေါ်ဆိုသည်မဟုတ်၊ ရွာကြီး၊ မြို့ကြီးများကိုလည်း ခေါ်ဆိုနိုင်သည်၊ ဤအာယသ်တော်၌ ထိုနေရာကို مدينة ဟု ဆိုထားသည်၊ مدينة သည် မြို့ကြီးကို ခေါ်ဆိုသည်၊ သို့ဖြစ်၍ အဆိုပါအတ္တုပ္ပတ္တိ ဖြစ်ပေါ်ခဲ့သည့် နေရာသည် မြို့ကြီးတစ်မြို့ဖြစ်ကြောင်း သိရှိရသည်၊ اَقۡصَى الۡمَدِيۡنَة သည် မြို့စွန်မြို့ဖျားဟု အဓိပ္ပာယ်ရရှိသည်၊ يَّسۡعٰى رَجُلٌ - يَّسۡعٰى ဟူသောစာလုံးသည် سعي (အပြေးအလွှား သွားခြင်း)မှ ဆင်းသက်လာသည်၊ ထိုသို့ အလိုသဘောမှာ မြို့စွန်မြို့ဖျားတစ်နေရာမှ ပုဂ္ဂိုလ်တစ်ဦးသည် အပြေးအလွှား ရောက်ရှိလာ၏" ဟူ၍ ဖြစ်မည်၊ တစ်ခါတစ်ရံတွင် سَعۡي ၏အဓိပ္ပါယ်မှာ အပြေးအလွှား လျှောက်လှမ်းမှု မရှိစေကာမူ၊ အလေးအနက်ထား လျှောက်လှမ်းခြင်း ဟုလည်းရ၏၊ စူရာဟ်ဂျုမ်အဟ်၌ လာရှိသော فَاسۡعَوۡا اِلٰى ذِكۡرِ اللّٰهِ တွင် ထိုအဓိပ္ပါယ်ကိုပင် ကောက်ယူသည်၊

မြို့စွန်မြို့ဖျားမှ ရောက်လာခဲ့သူ၏ ဖြစ်အင်

ကျမ်းမြတ်ကုရ်အာန်က ထိုအကြောင်းကိုလည်း သဘောမျှ ဖော်ပြထားသည်၊ ထိုသူ၏ အမည်နှင့် အခြေအနေအရပ်ရပ်ကို ဖော်ပြထားခြင်း မရှိချေ၊ သမိုင်းအရ အိဗ်နေအဗ္ဗားစ် ﷺ သခင် အစရှိသည်တို့က ထိုသူတို့၏ အမည်သည် (ဟဗီးဗ်) ဖြစ်သည်ဟု ဖော်ပြထားသည်၊ ကျော်ကြားသော အဆိုအရ ထိုသူသည် လက်သမားတစ်ဦးဖြစ်ကြောင်း သိရှိရသည်၊ *[အိဗ်နေကစီးရ်]*

သမိုင်းအဆိုကို ထောက်ထား၍ အဖွင့်ပညာရှင်တို့က ထိုသူသည်လည်း ကနဦးရုပ်တု ကိုးကွယ်သူ တစ်ဦးဖြစ်ခဲ့သည်ဟု ဖော်ပြထားသည်၊ တမန်တော်တို့၏ ဆုံးမစကားများကို ကြားနာ၍ နောက်ပိုင်း၌ မွတ်စလင်မ်ဖြစ်ခဲ့သည်၊ ထို့နောက် လိုဏ်ဂူတစ်ခုခု၌ သွားရောက်၍ တရားအားထုတ်နေလေသည်၊ မိမိအမျိုးသားတို့က ရစူလ်တမန်တော်များ၏ အဆုံးအမကို လက်မခံဘဲ ဒုက္ခပေးရန် ကြံရွယ်သည်ကို ၎င်းက

ကြားသိရသောအခါ ရစူလ်တမန်တော်များ သတ်ဖြတ်ခြင်းကို မခံရရန်လည်းကောင်း၊ ၎င်း၏ အမျိုးသားများ အနေဖြင့်လည်း တရားလမ်းမှန်သို့ ရောက်ရှိလာစေရန် အလျင်အမြန် ရောက်ရှိလာ၍ ဆုံးမစကား ပြောကြား လေသည်။ မိမိမွတ်စ္စလင်မ်တစ်ဦးဖြစ်ကြောင်းကိုလည်း အများသိရန် ထုတ်ဖော်ပြောကြားလိုက်လေသည်။

إِنِّيْٓ اٰمَنْتُ بِرَبِّكُمْ فَاسْمَعُوْنَ

(ကျွန်ုပ်သည် အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ပြီးဖြစ်ရာ အသင်တို့သည် ကျွန်ုပ်၏စကားကို နားထောင်ကြလေကုန်။) ထိုစကားသည် မိမိ၏အမျိုးသားများကို ရည်ညွှန်း၍ ပြောဆိုခြင်းလည်း ဖြစ်နိုင်ပေသည်။ အလ္လာဟ်အသျှင်မြတ်အား ၎င်းတို့က လက်ခံယုံကြည်ခြင်း မရှိသော်လည်း အသင်တို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဟု ပြောဆိုခဲ့ခြင်းမှာ ဖြစ်ရပ်အမှန် ကို ဖော်ပြခြင်းပင် ဖြစ်ပေသည်။ သို့တည်းမဟုတ် ရစူလ်တမန်တော်များအား ရည်ညွှန်းပြောဆိုခြင်းလည်း ဖြစ်နိုင်ပေသည်။ فَاسْمَعُوْنَ "ကျွန်ုပ်၏ စကားကို နားထောင်ပါ" ဟု ဆိုခြင်းမှာ အသျှင်မြတ်၏ ရှေ့တော်မှောက်၌ "ကျွန်ုပ် မွတ်စလင်မ်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သက်သေထွက်ဆိုပေးပါ"ဟု လျှောက်ထားခြင်းဖြစ်သည်။

قِيْلَ ادْخُلِ الْجَنَّةَ قَالَ يٰلَيْتَ قَوْمِيْ يَعْلَمُوْنَ ○

မြို့စွန်မြို့ဖျားမှ ရောက်ရှိလာ၍ မိမိအမျိုးသားများအား ရစူလ်တမန်တော်တို့၏ ဆုံးမစကားကို နားထောင်ရန် တိုက်တွန်းခဲ့သည့် ပုဂ္ဂိုလ်အား အသင် "ဂျန္နသ်"သုခဘုံသို့ ဝင်ရောက်လေ့လာဟု ဆိုလေသည်။ သာမန်အားဖြင့် ကြည့်လျှင် ကောင်းကင်တမန်တစ်ပါးပါးမှ တစ်ဆင့် ထိုသို့ ညွှန်ကြားခဲ့သည်ဟု သိရှိ ရသည်။ "ဂျန္နသ်"သုခဘုံသို့ ဝင်ရောက်လေ့လာမှ "ဂျန္နသ်"သုခဘုံသည် အသင့်အတွက် ဌာနေအဖြစ် အတည်ဖြစ်ပြီး ဖြစ်သည်။ "ကေယာမသ်"ဖြစ်ပြီးနောက်ပိုင်း၌ ဝင်ရောက်ရမည် ဖြစ်ကြောင်းကို မဂ်လာသတင်းပါးခြင်း ဖြစ်နိုင်ပေသည်။ *[ကုရ်သုဗီကျမ်း]*

၎င်းပုဂ္ဂိုလ်အား "ဂျန္နသ်"သုခဘုံ၌ ရင်းနေရမည့် နေရာကို ထိုစဉ်၌ပင် ညွှန်ပြခဲ့ခြင်းလည်းဖြစ်နိုင်သည်။ မဖြစ်နိုင်စရာ အကြောင်းမရှိချေ။ "အာလာမိဗရ်ဇခ်" (ဝိညာဉ်လောက) ၌ ခံစားရမည့် စည်းစိမ်များကို "ဂျန္နသ်"ဟု တင်စားသုံးနှုန်းထားခြင်းလည်း ဖြစ်နိုင်ပေသည်။ ကျမ်းမြတ်ကုရ်အာန်၏ ထင်ရှားသော စာသား များအရ ထိုပုဂ္ဂိုလ်အား ၎င်းမြို့သူမြို့သားတို့က အဆုံးစီရင်လိုက်ကြောင်း သိရှိရသည်။ အကြောင်းမှာ "ဂျန္နသ်"သို့ ဝင်ရောက်ခြင်း၊ "ဂျဟန္နမ်"၏ အနံ့အသက်များကို ရရှိလာခြင်းသည်ကား သေဆုံးပြီး နောက်ပိုင်း မှသာ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။

သမိုင်းဆင့်ပြန်ချက်များ၌ အိဗ်နေအဗ္ဗားစ် ﷺ သခင်၊မကာသိလ်(ရဟ)၊ မုဂျာဟိဒ်(ရဟ)သခင် အစရှိသည့် ကုရ်အာန်အဖွင့်ပါရဂူတို့ထံမှ ထိုပုဂ္ဂိုလ်သည် ဟဗီးဗ်အိဗ်နေအစ္စမာအီးလ်ဟု ခေါ်သည့် လက်သမားတစ်ဦး ဖြစ်ကြောင်း သိရှိရသည်၊ တမန်တော်မြတ်မိုဟမ္မဒ် ﷺ မပေါ်ထွန်းမီ နှစ်ပေါင်း ခြောက်ရာအလျှင် တမန်တော်မြတ် ﷺ အပေါ်အီမာန်ယူသက်ဝင်ယုံကြည်ခဲ့သူတစ်ဦး ဖြစ်သည်၊ မပေါ်ထွန်း မီအလျှင် အီမာန်သက်ဝင်ယုံကြည်ခြင်း ခံရသည့် တမန်တော်သည်ကား တမန်တော်မိုဟမ္မဒ် ﷺ ပင် ဖြစ်၏၊ အခြားနဗီတမန်တော်များတွင် ထိုထူးခြားမှု မရှိချေ၊ ဝဟဗ်အိဗ်နေမုနဗ္ဗာဟ်သခင်၏ ဆင့်ပြန်ချက်၌ ထိုပုဂ္ဂိုလ်သည် နူနာစွဲကပ်နေသူတစ်ဦးဖြစ်သည်ဟု ဖော်ပြထားသည်၊ ၄င်း၏ နေအိမ်သည် မြို့၏ နောက်ဆုံးတံခါးအနီး၌ ရှိသည်၊ ၄င်းသူသည် မိမိသတ်မှတ်ထားသော ဘုရားတုများထံမှ ရောဂါကင်းစင်စေရန် နှစ်ပေါင်းခုနစ်ဆယ်တိုင်တိုင် ဆုတောင်းခဲ့သည်၊ သို့ရာတွင် ကောင်းလာခြင်းမရှိချေ၊ တစ်နေ့သောအခါ ကံအားလျော်စွာ အဆိုပါရစူလ်တမန်တော်များက မြို့ဦးမှ မြို့တွင်းသို့ ဝင်ကြရာ ဦးစွာပထမ ၄င်းနှင့် တွေ့ဆုံလေသည်၊ ၄င်းအား တမန်တော်က အလ္လာဟ်အသျှင်မြတ်အား ကိုးကွယ်ရန် ဖိတ်ခေါ်ရာ ၄င်းက တမန်တော်တို့အား အသင်တို့၏ စကားကို ခိုင်မာစေရန်အတွက် အသင်တို့တွင် မည်သည့်အထောက်အထား ရှိလေသနည်းဟု မေးလေသည်၊ ထိုအခါ တမန်တော်တို့က "အသင့်နူနာရောဂါကို အလ္လာဟ်အသျှင်မြတ်ထံ ဒိုအာတောင်းပေးလျှင် ကောင်းမွန်သွားမည်ဖြစ်ကြောင်း" ဖြေကြားလေသည်၊ ထို့နောက် တမန်တော်များက ဒိုအာတောင်း၍ ၄င်း၏ ရောဂါသည် လုံးဝ ပျောက်ကွယ် သွားလေသည်၊ ထိုအချင်းအရာကို မြင်တွေ့ရ၍ ၄င်းသူသည် အံ့သြခြင်းများစွာဖြစ်ကာ အီမာန်သက်ဝင် ယုံကြည်လိုက်ပြီး ကောင်းမွန်စွာ တရားအားထုတ်၍ နေလေတော့သည်၊ ထိုသို့ တရားအားထုတ်၍နေစဉ်မြို့သူမြို့သားများက တမန်တော်တို့၏အသက်အန္တရာယ်ကို ခြိမ်းခြောက်နေကြောင်း ကြားသိရလေသောအခါ အလျှင်အမြန် ရောက်ရှိလာ၍ တရားချလေသည်၊ မြို့သူမြို့သားများ မခံမရပ်နိုင်ဖြစ်ပြီး ၄င်းအား အဆုံးစီရင်လိုက်လေသည်၊ ဟဇရသ် အဗ္ဗဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ်(ရသေ)၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ - ၎င်းအား မြို့သူမြို့သားတို့သည် ကန်ကျောက်၍ ရိုက်နှက်၍ရှဟီးဒ်လုပ်ခဲ့သည်၊ အချို့ဆင့်ပြန်ချက်များတွင် ခဲများဖြင့် ပစ်ပေါက်သတ်ခဲ့ သည်ဟုလာရှိထားသည်၊ အသက်ဝင်နေသည့် အချိန်၌ပင် ၄င်းက رَبِّ اهۡدِنِيۡ قَوۡمِي "အို - အသျှင်မြတ်၊ ကျွန်ုပ်၏ အမျိုးသားများအား တရားလမ်းမှန် ပြသတော်မူပါ"ဟု ဒိုအာတောင်းဆိုခဲ့လေသည်၊ အချို့သော ဆင့်ပြန်ချက်များတွင် ထိုမြို့သားတို့သည် ရစူလ်တမန်တော်သုံးပါးစလုံးကိုလည်း အဆုံးစီရင်လိုက်သည်ဟု ဖော်ပြထားသည်၊ သို့ရာတွင် ခိုင်မာသော ဆင့်ပြန်ချက်များ၌ ထိုသို့ ဖော်ပြထားခြင်း မရှိချေ၊ အပေါ်ယံအားဖြင့် ထိုရစူလ် တမန်တော်သုံးပါးစလုံး အသတ်မခံခဲ့ရကြောင်း သိရှိရသည်၊ *[ကုရ်သုဗီးကျမ်း]*

يٰلَيۡتَ قَوۡمِيۡ يَعۡلَمُوۡنَ بِمَا غَفَرَلِيۡ رَبِّيۡ وَجَعَلَنِيۡ مِنَ الۡمُكۡرَمِيۡنَ ○

ထိုပုဂ္ဂိုလ်ကြီးသည် မကြောက်မရွံ့ဘဲ အလ္လာဟ်အသျှင်မြတ်၏လမ်းတော်တွင် အသက်ပေးခဲ့လေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ထူးကဲမွန်မြတ်လှသည့် စည်းစိမ်တော်များကို ပေးသနားတော်မူလေသည်။ "ဂျန္နသ်" သုခဘုံသို့ ဝင်ရောက်ရန်လည်း ညွှန်ကြားတော်မူခဲ့ပေသည်။ ၎င်းက "ဂျန္နသ်" သုခဘုံ၏ စည်းစိမ်များကို မျက်ဝါးထင်ထင် မြင်တွေ့ရသောအခါ မိမိအမျိုးသားများကို သတိရ၍ တမ်းတမ်းတတ ဖြင့် ဤသို့ ပြောဆိုလေသည်။ "သြော် - ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား ခွင့်လွှတ်ချမ်းသာပေးတော်မူခဲ့သည်ကိုလည်းကောင်း၊ ကျွန်ုပ်၏ အမျိုးသားတို့သည် သိရှိကြလျှင် ကောင်းလေစွတကား" ဟု ပြောဆိုခဲ့လေသည်။ မိမိအမျိုးသားများ ထိုသို့ သိရှိခဲ့လျှင် အီမာန်သက်ဝင် ယုံကြည်မည်ကို စိတ်တွင်းမှ တောင့်တမိလေသည်။ ဤသည်ကိုပင် အာယသ်တော်၌ ဖော်ပြထားခြင်းဖြစ်သည်။

ရစူလ်တမန်တော်တို့၏ ဖိတ်ခေါ်ပြုပြင်နည်းသည်ကား အစ္စလာမ်သာသနာ ပြန့်ပွားသူများအဖို့ အရေးကြီးလှသည့် သင်ခန်းစာများဖြစ်ခြင်း

အဆိုပါမြို့သို့ အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်သုံးပါးကို စေလွှတ်တော်မူခဲ့သည်။ ထိုရစူလ်တမန်တော်တို့က ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အား ပြောဆိုခဲ့ပုံ၊ ၎င်းကာဖိရ်တို့က ကြမ်းတမ်းခက်ထန်၊ ခါးသီးလှသည့် စကားများဖြင့် မခြေမငံ ပြောဆိုခြိမ်းခြောက်ခဲ့သော်လည်း တမန်တော်တို့က ယဉ်ကျေးသိမ်မွေ့စွာ ပြန်လည်ချေပ ပြောဆိုခဲ့ပုံ၊ တမန်တော်တို့က ဖိတ်ခေါ်မှုကြောင့် မွတ်စ္စလင်မ်ဖြစ်လာသည့် "ဟဗီးဗ်" ဟူသည့် ပုဂ္ဂိုလ်သည် မိမိအမျိုးသားများအား ဆုံးမရာ၌ ပြောဆိုခဲ့ပုံများသည်ကား သာသနာဖြန့်ချိသူများ၊ လူသားတို့အား အကျိုးဆောင်သည့် ပုဂ္ဂိုလ်များ၊ လူတို့အတွင်းမှ မကောင်းမှုများကို ဖယ်ရှားပေးရန် ကြိုးစားနေသည့် ပုဂ္ဂိုလ်များအဖို့ သင်ခန်းစာယူဖွယ်ရာများပင် ဖြစ်ချေသည်။ ရစူလ်တမန်တော်တို့က ၎င်းကာဖိရ်တို့အား အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်လေသောအခါ ၎င်းတို့က အောက်ဖော်ပြပါ စကားသုံးမျိုးကို ပြောကြားခဲ့လေသည်။

(၁) အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားများပင် ဖြစ်ပေရာ အသင်တို့ကို အဘယ်ကြောင့် လက်ခံရမည်နည်း။

(၂) "ရဟ်မသ်" ကရုဏာတော်ရှင်သည် မည်သည့်ကျမ်းဂန်၊ မည်သည့်ပြဋ္ဌာန်းချက်များကိုမျှ တစ်ဦးတစ်ယောက်ထံသို့ ပို့ချတော်မူခဲ့ခြင်း မရှိချေ။

(၃) အသင်တို့သည်ကား မုသားပြောဆိုသူများပင် ဖြစ်ချေသည်။

စေတနာဖြူစင်စွာဖြင့် ရစူလ်တမန်တော်တို့က ပြောဆိုဆုံးမခဲ့သည်များကို ၎င်းတို့က မည်သို့ ခံပြင်း

ဖွယ်ရာ စကားများဖြင့် တုန့်ပြန် ဖြေကြားခဲ့သနည်း၊ ထိုကြမ်းတမ်းသော အဖြေစကားများကို တုန့်ပြန်သည့် အနေဖြင့် တမန်တော်တို့က မည်သို့ ပြန်လည်ပြောဆိုသင့်သနည်း၊ သာမန်အားဖြင့် ကြမ်းတမ်းစွာ ပြောဆိုရန်သာ ရှိတော့၏။ သို့ရာတွင် တမန်တော်တို့က ဤမျှသာ တုန့်ပြန်ဖြေဆိုခဲ့၏။

رَبُّنَا يَعْلَمُ اِنَّا اِلَيْكُمْ لَمُرْسَلُوْنَ

ကျွန်ုပ်တို့ အသင်တို့ထံ စေလွှတ်ခဲ့ရကြောင်းကို ကျွန်ုပ်တို့၏ အသျှင်သခင်သည် ကောင်းစွာ သိရှိတော်မူသည်။

وَمَاعَلَيْنَا اِلَّا الْبَلٰغُ الْمُبِيْنُ

ကျွန်ုပ်တို့၌ရှိသော တာဝန်ကို ထမ်းဆောင်၍ ပြီးဆုံးလေပြီ။ အသျှင်မြတ်၏ အမိန့်တော်များကို အသင်တို့ထံ အထင်အရှား ပို့ချခဲ့ပြီးဖြစ်သည်၊ ရှေ့ဆက်၍ အသင်တို့သဘောပင် ဖြစ်၏၊ လက်ခံလိုသည့် ဆန္ဒရှိပါလျှင်လည်း လက်ခံပါ။ လက်ခံခြင်း မရှိလျှင်လည်း ကျွန်ုပ်တို့ မတတ်နိုင်ပါ။

အထက်ပါ ရစူလ်တမန်တော်တို့၏ ပြောစကားများကို သုံးသပ်ကြည့်ပါ။ ဒေါသဖြစ်ဖွယ်ရာ အရိပ်အမြွက်မျှပင် ရှိပါသလော၊ လုံးဝ မပါရှိပါ။ စာနာမှုအပြည့် ထောက်ထားညှာတာ သနားကြင်နာမှုအပြည့် ရှိပေသည်၊ တစ်ဖန် ၎င်းကာဖိရ်တို့က တစ်ဆင့်တိုး၍ ရစူလ်တမန်တော်တို့အား အသင်တို့သည် အမင်္ဂလာ များ၊ အတိတ်နိမိတ်မကောင်းသူများ ဖြစ်ကြသည်၊ အသင်တို့ကြောင့် ကျွန်ုပ်တို့အပေါ်၌ ဘေးအန္တရာယ်များ ကျရောက်လျက်ရှိသည်ဟု ဆိုလေသည်၊ ထိုစကား၏ အဖြေသည်ကား ဤသို့ ဖြစ်သင့်၏၊ အသင်တို့သာ အမင်္ဂလာများ ဖြစ်ကြသည်၊ အသင်တို့၏ မကောင်းသော လုပ်ရပ်များကြောင့်ပင် အသင်တို့ထံ ဘေးဒုက္ခ များ ဆိုက်ရောက်လာခြင်း ဖြစ်၏၊ သို့ရာတွင် ရစူလ်တမန်တော်တို့ကား ထိုသို့ မပြောဆိုခဲ့ချေ၊ ၎င်းတို့ အမင်္ဂလာဖြစ်ကြောင်းကို တိုက်ရိုက်အဓိပ္ပာယ်မဆောင်သည့် စကားကိုသာ ပြောဆိုခဲ့လေသည်၊

طَائِرُكُمْ مَّعَكُمْ

အမင်္ဂလာသည်ကား အသင်တို့၌သာ ရှိ၏၊ ထို့နောက် ကြင်နာမှုအပြည့်အဝဖြင့် ဤသို့ ဆိုခဲ့ပြန်သည်၊

اَئِنْ ذُكِّرْتُمْ

(အသင်တို့ စဉ်းစားဆင်ခြင်ကြကုန်၊ ကျွန်ုပ်တို့သည် အသင်တို့အား မည်သည့်ဆိုးကျိုးကို ပေးခဲ့လေသနည်း၊ အသင်တို့အကျိုးကို ရှေးရှု၍သာ အသင်တို့အား ဆုံးမခဲ့ခြင်းဖြစ်သည်၊) အပြင်းထန်ဆုံး စကားသည် ဤမျှပင် ဖြစ်ချေ၏၊ ၎င်းမှာ -

بَلۡ اَنۡتُمۡ قَوۡمٌ مُّسۡرِفُوۡنَ

(အသင်တို့သည် စည်းကမ်းဖောက်ဖျက်သူများပင် ဖြစ်ကြသည်။ အမှန်တရား တင်ပြလျက်ရှိသည် ကို အဘယ်ကြောင့် တလွဲထင်မြင်ယူဆလျက် ရှိနေကြသနည်း။)

အထက်ဖော်ပြပါများသည် ရစူလ်တမန်တော်တို့က သုံးနှုန်းပြောဆိုခဲ့သည့် စကားများဖြစ်၏။ ယခု တစ်ဖန် ရစူလ်တမန်တော်တို့၏ ဖိတ်ခေါ်မှုအရ မွတ်စ္စလင်မဖြစ်ခဲ့သည့် ပုဂ္ဂိုလ်၏ ပြောဆိုသုံးနှုန်းခဲ့ပုံ ကို နားထောင်ကြည့်ပါ။ သုံးသပ်ကြည့်ပါ။ အထူးစိတ်ဝင်စားဖွယ်ရာ သင်ခန်းစာယူဖွယ်ရာပင် ဖြစ်၏။ ၎င်းသူသည် ဦးစွာပထမ အချက်အလက်နှစ်ရပ်ကို မိမိအမျိုးသားများအား တင်ပြ၍ ရစူလ်တမန်တော်တို့၏ ဆုံးမစကားများကို လက်ခံရန် ဖိတ်ခေါ်ခဲ့လေသည်။ ပထမအချက်အနေဖြင့် "အို - ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့ စဉ်းစား ဝေဖန်ကြပါ။ ဤပုဂ္ဂိုလ်များသည် အလွန်ဝေးလံသည့် ခရီးမှ အသင်တို့အား တရားလမ်းမှန် ညွှန်ပြခြင်းသို့ ရောက်ရှိခဲ့ကြသည်၊ ခရီးကြမ်းကို ထွက်ခဲ့ကြသည်၊ သို့သော်ငြားလည်း အသင်တို့ထံ တစ်စုံတစ်ရာကိုမျှ တောင်းခံခြင်းမရှိဘဲ စေတနာဖြူစင်စွာဖြင့် အသင်တို့အား ဆုံးမစကား ပြောကြားသည်၊ ဤသည်ကား မှန်ကန်သူများဖြစ်ကြောင်းကို မီးမောင်းထိုးပြလျက် ရှိ၏။ ၎င်းတို့၏ ပြောကြားချက်များကို အထူးစဉ်းစားရန် သင့်၏။ ဒုတိယအချက်အနေဖြင့် ထိုရစူလ်တမန်တော်တို့၏ ပြောဆိုချက်၊ မျှတသည့် စကားများ၊ တရားလမ်းညွှန်သည့် စကားများသာ ဖြစ်ချေ၏။ ထို့နောက် မိမိအမျိုးသားများအား ၎င်းတို့ လမ်းမှားနေကြောင်း သတိပေးနှိုးဆော်ခဲ့၏။ မိမိတို့အား ဖန်ဆင်းခဲ့သော အရာများကို ကိုးကွယ်ကြသည်၊ စင်စစ် ထိုအရာများသည် မည်သည့်အကျိုးကိုမျှ ပေးနိုင်စွမ်း မရှိချေ၊ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌လည်း ကြားဝင်အသနားခံ ပေးနိုင်စွမ်း မရှိချေ။ သို့ရာတွင် ဟာဗီးဗ်နရ်ဂျာရ်ဟူသည့် ပုဂ္ဂိုလ်သည် အဆိုပါ စကားများကို ပြောဆိုရာ၌ မိမိ အမျိုးသားများကို အပြစ်တင်မည့်အစား မိမိကိုယ်ကိုသာ မိမိ အပြစ်တင်သည့် ပုံစံမျိုးဖြင့် သုံးနှုန်းပြောဆို ထားခဲ့လေသည်။ ကျွန်ုပ်သည် ထိုသို့ ပြုလုပ်ခဲ့သည်ရှိသော် အလွန်လမ်းမှားမှုပင် ဖြစ်ချေမည်ဟု ၎င်းက ဆိုခဲ့လေသည်။

ထိုသို့ မိမိကိုယ်ကိုသာ အပြစ်တင်ပြောဆိုနေခြင်းမှာ တစ်ဖက်သာအားနေဖြင့် ခံပြင်းမှုမဖြစ်စေရန် ဖြစ်သည်။ စိတ်အေးအေးဖြင့် စဉ်းစားဆင်ခြင်နိုင်ရန် ဖြစ်သည်။ ၎င်း၏ အမျိုးသားများက ၎င်း၏ ကြင်နာမှု အပြည့်ပါဝင်သော စကားများကို လက်မခံသည့်အပြင် ၎င်းအား သတ်ဖြတ်ရန် စုရုံးရောက်ရှိလာစဉ်လည်း ၎င်းသည် ကျိန်ဆဲခြင်း မပြုခဲ့ချေ၊ ထိုအခါ၌ပင် ၎င်းက "အို - အသျှင်၊ ကျွန်ုပ်၏ အမျိုးသားများအား တရားလမ်းမှန်ကို ပြတော်မူပါ"ဟု ဆုတောင်းနေလျက်မှပင် အသျှင်မြတ်၏ လမ်းတော်၌ အသက်ပေးသွား လေသည်။ ထို့ထက်ပို၍ အံ့ဩဖွယ်ရာ ဖြစ်ရပ်သည်ကား ၎င်းသူသည် မိမိအမျိုးသားတို့၏ မတရား၊ ရက်စက်

သတ်ဖြတ်မှုကြောင့် "ရှဟီးဒ်"ဖြစ် သေဆုံးသွားပြီးသည့်နောက်ပိုင်း၌ အလ္လာဟ်အသျှင်မြတ်က "ဂျန္နသ်"သုခဘုံ၌ စည်းစိမ်များကို မျက်ဝါးထင်ထင် ပြလေသောအခါ၌လည်း ၎င်းသူသည် မိမိအမျိုးသား များကို မေ့မသွားချေ၊ သတိရလျက်ပင် ရှိသည်၊ ထိုသူသည် ဝမ်းနည်းစွာဖြင့် "သြော် – ကျွန်ုပ်၏ အမျိုးသား များသည် ကျွန်ုပ်ရရှိသော စည်းစိမ်များကို မြင်တွေ့လျှင်၊ မိမိတို့အမှားများကို သိရှိသွားခဲ့ကြလျှင်၊ ထို့နောက် ကျွန်ုပ်ကဲ့သို့ အီမာန်သက်ဝင်ယုံကြည်ခဲ့ပါလျှင် ကျွန်ုပ်ကဲ့သို့ပင် အံ့မခန်းနိုင်သည့် စည်းစိမ်များကို ရရှိကြ မည်ဖြစ်တကား" ဟု ဆိုလေသည်၊ အံ့ဩဖွယ်ရာပင် မဟုတ်လေသလော၊ ရှာမှရှားသည့် အများအကျိုးဆောင် ပုဂ္ဂိုလ်ကြီးပင် ဖြစ်သည်၊ မိမိအား ရက်ရက်စက်စက် သတ်ဖြတ်အဆုံးစီရင်ခဲ့သည့် အမျိုးသားများကို သေပြီးသည့် နောက်ပိုင်း၌ပင် မမုန်းနိုင်ခဲ့ချေ၊ သနားကြင်နာလျက်ပင် ရှိချေသည်၊ လူတို့၏ ဘဝကို ပြောင်းလဲ ပေး၍ လမ်းမှားမှ လမ်းမှန်သို့ ရောက်အောင် ပို့ဆောင်ပေးခဲ့သည့် ဂုဏ်အရည်အချင်းများသည်ကား ဤသို့ ပင် ဖြစ်သည်၊ ထိုဂုဏ်အရည်အချင်းများကို ကြည့်၍ ကောင်းကင်တမန်များပင် အားကျခဲ့ကြရပေသည်၊

မျက်မှောက်ခေတ်ကာလ အစ္စလာမ်သာသနာပြု ပုဂ္ဂိုလ်တို့သည်ကား သာမန်အားဖြင့် ထိုရစူလ် တမန်တော်တို့၏ လမ်းစဉ်ကို ကျော်ခိုင်းလိုက်ကြပြီးဖြစ်၏၊ ထို့ကြောင့်ပင် ၎င်းတို့၏ ဟောပြောမှု၊ ဖိတ်ခေါ် မှုများဖြင့် အကျိုးဖြစ်ထွန်းမှု မရှိတော့ချေ၊

وَمَاۤ اَنْزَلْنَا عَلٰى قَوْمِهٖ مِنْۢ بَعْدِهٖ مِنْ جُنْدٍ مِّنَ السَّمَاۤءِ

وَمَا كُنَّا مُنْزِلِيْنَ اِنْ كَانَتْ اِلَّا صَيْحَةً وَّاحِدَةً فَاِذَا هُمْ خَامِدُوْنَ

ဤအာယသ်တော်၌ ရစူလ်တမန်တော်တို့အား မဟုတ်မတရား စွပ်စွဲပြောဆိုခဲ့ကြပြီး၊ ဟဗီးဗ်နဂ်ျဂျား ရ် ဟူသော ပုဂ္ဂိုလ်အား ရက်ရက်စက်စက် သတ်ဖြတ်အဆုံးစီရင်လိုက်ကြသော အမျိုးသားတို့အပေါ်၌ ကျရောက် ခဲ့သည့် ပြစ်ဒဏ်ချမှတ်ခြင်း၏ ပဏာမ၌ ယင်းအမျိုးသားတို့အား ပြစ်ဒဏ်ချမှတ်ရန်အတွက် မိုးကောင်းကင်မှ ကောင်းကင်တမန်များ တပ်ဖွဲ့စေလွှတ်ခဲ့ခြင်း မရှိကြောင်းဖြင့် မိန့်တော်မူထားသည်၊ အကြောင်းမှာ အလ္လာဟ် အသျှင်မြတ်၏ အင်အားကြီးမားလှသော ကောင်းကင်တမန်တစ်ပါးသည်ပင် အလွန်စွမ်းရည်သတ္တိဖြင့် ပြည့်စုံ လှသော လူမျိုးစုတို့ကို စိစိညက်ညက်ချေမှုန်းပစ်ရန် လုံလောက်လျက်ရှိပေသည်၊ သို့ဖြစ်ပေရာ အမျိုးသား တို့အား လိုအပ်လိမ့်မည်နည်း၊ ထို့နောက် ကျရောက်လာမည့် အပြစ်ဒဏ်နှင့် စပ်လျဉ်း၍ ဤသို့ ဖော်ပြခဲ့သည်၊ ထိုပြစ်ဒဏ်သည်ကား ကောင်းကင်တမန်တစ်ပါး၏ ပြင်းထန်လှစွာသော ဟစ်အော်သံတစ်ခုသာလျှင် ဖြစ်ခဲ့၏၊ ထိုအခါ ၎င်းတို့မှာ ရုတ်တရက် အသက်ဇီဝိန်ချုပ်ငြိမ်းသွားသူပင် ဖြစ်ခဲ့ကြကုန်သတည်း၊ ဆင့်ပြန်ချက်များ၌ ကောင်းကင်တမန် ဂျီဗ်ရီးလ်သည် မြို့တံခါးတောင်နှစ်ဖက်ကို ဆုတ်ကိုင်၍ ကြောက်မက်ဖွယ်ရာ ကောင်း သောအသံဖြင့် ပြင်းထန်စွာ ဟစ်အော်ခဲ့သည်ဟု ဖော်ပြထားသည်၊ ထိုအသံကို မည်သည့်ဝိညာဉ်ကမျှ ခံနိုင်စွမ်းမရှိသဖြင့် အားလုံး သေဆုံးသွားကြလေသည်၊ ၎င်းတို့ သေဆုံးခဲ့ခြင်းကို ကျမ်းမြတ်ကုရ်အာန်၌

خَامِدُوْنَ ဟူသည့်ပုဒ်ဖြင့် တင်စားသုံးနှုန်းထားသည်၊ خَمُوْدٌ ဟူသည့်အဓိပ္ပာယ်သည် မီးကိုငြိမ်းစေခြင်းဟူ၍ ရရှိသည်၊ သက်ရှိတို့၏ အသက်ရှင်သန်ရန်အတွက် တေဇောဓါတ်သည် အလွန်အရေးပါသည်၊ ထိုတေဇောဓါတ်ကုန်ဆုံးသွားခြင်းကိုပင် သေဆုံးခြင်းဟု အမည်ပေးထားသည်၊ خَامِدُوْنَ (ချုပ်ငြိမ်းသွားသည့်အရာများ၊ ငြိမ်းအေးသွားသည့်အရာများ) ဟူ၍ ဖြစ်သည်၊

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاٰيَةٌ لَّهُمُ الْاَرْضُ الْمَيْتَةُ ۖۚ اَحْيَيْنٰهَا وَاَخْرَجْنَا مِنْهَا حَبًّا فَمِنْهُ يَاْكُلُوْنَ ﴿٣٣﴾

၃၆ : ၃၃ ॥ ॥ အမှန်စင်စစ် ၄င်းတို့အဖို့ သက်သေလက္ခဏာတစ်ရပ်မှာ (ခြောက်သွေ့လျက် ရှိသော) မြေသေပင်ဖြစ်၏။ ငါအသျှင်မြတ်သည် ယင်းမြေသေကို ရှင်စေတော်မူပြီးနောက်၊ ယင်းမြေမှ ကောက်ပဲသီးနှံကို ထွက်စေတော်မူခဲ့ရာ၊ ၄င်းတို့သည် ယင်းကောက်ပဲသီးနှံများမှပင် စားသုံးလျက် ရှိကြကုန်၏။

وَجَعَلْنَا فِيْهَا جَنّٰتٍ مِّنْ نَّخِيْلٍ وَّاَعْنَابٍ وَّفَجَّرْنَا فِيْهَا مِنَ الْعُيُوْنِ ﴿٣٤﴾

၃၆ : ၃၄ ॥ ॥ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းမြေ၌ စွန်ပလွံခြံများကိုလည်းကောင်း၊ စပျစ်ခြံများကိုလည်းကောင်း စီရင်ပြုလုပ်တော်မူခဲ့သည်သာမက၊ ယင်းမြေ၌ စိမ့်စမ်းရေများကိုလည်း စီးဆင်းတော်မူခဲ့၏။

لِيَاْكُلُوْا مِنْ ثَمَرِهٖ ۙ وَمَا عَمِلَتْهُ اَيْدِيْهِمْ ۗ اَفَلَا يَشْكُرُوْنَ ﴿٣٥﴾

၃၆ : ၃၅ ॥ ॥ ၄င်းတို့သည် ယင်းစွန်ပလွံပင် သို့မဟုတ် စပျစ်ပင်၏ အသီးများမှ စားသုံးကြရန်အလို့ငှာ၊ စင်စစ် ထိုအသီး (ကောက်ပဲသီးနှံ) များကို ၄င်းတို့၏ လက်များက (တစ်နည်း) ၄င်းတို့ကိုယ်တိုင်က ပြုလုပ်ခဲ့သည်မဟုတ်ပေ။ သို့ပါလျက် ၄င်းတို့သည် ကျေးဇူးမတင်ကြလေသလော။

سُبْحَٰنَ ٱلَّذِى خَلَقَ ٱلْأَزْوَٰجَ كُلَّهَا مِمَّا تُنۢبِتُ ٱلْأَرْضُ وَمِنْ أَنفُسِهِمْ وَمِمَّا لَا يَعْلَمُونَ ﴿٣٦﴾

၃၆ : ၃၆ ။ ။ မြေပေါ်၌ ပေါက်ရောက်သော အရာများတွင်လည်းကောင်း၊ ထိုသူတို့ ကိုယ်များနှင့် ထိုသူတို့ မသိကြသော အရာများတွင်လည်းကောင်း၊ ဖို၊ မများ၊ စုံတွဲများ၊ အမျိုးမျိုးအစားစားများကို ဖန်ဆင်းထားတော်မူသော အသျှင်မြတ်သည် ချို့တဲ့မှုအပေါင်းတို့မှ သန့်ရှင်းစင်ကြယ်တော်မူပါ၏။

وَءَايَةٌ لَّهُمُ ٱلَّيْلُ نَسْلَخُ مِنْهُ ٱلنَّهَارَ فَإِذَا هُم مُّظْلِمُونَ ﴿٣٧﴾

၃၆ : ၃၇ ။ ။ ၎င်းပြင် ထိုသူအဖို့ သက်သေလက္ခဏာတစ်ရပ်မှာ 'ညဉ့်'ပင် (ဖြစ်၏။) ငါအသျှင်မြတ်သည် ထိုညဉ့်မှ နေ့ကို ချွတ်ခွာ၍ ယူတော်မူ၏။ ထိုအခါ ၎င်းတို့သည် အမှောင်ထဲ၌ ရှိနေကြရကုန်၏။

وَٱلشَّمْسُ تَجْرِى لِمُسْتَقَرٍّ لَّهَا ذَٰلِكَ تَقْدِيرُ ٱلْعَزِيزِ ٱلْعَلِيمِ ﴿٣٨﴾

၃၆ : ၃၈ ။ ။ ၎င်းပြင် 'နေ'သည် (လည်း သက်သေလက္ခဏာတစ်ရပ်) ပင် (ဖြစ်၏။) ထို 'နေ'သည် မိမိ (သွားလာရာ) လမ်းအတိုင်း သွား (လာ) လျက် ရှိနေလေ၏။ ဤသည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်၏ တိုင်းတာသတ်မှတ်ချက်ပင် ဖြစ်၏။

وَٱلْقَمَرَ قَدَّرْنَٰهُ مَنَازِلَ حَتَّىٰ عَادَ كَٱلْعُرْجُونِ ٱلْقَدِيمِ ﴿٣٩﴾

၃၆ : ၃၉ ။ ။ ထိုနည်းတူစွာ 'လ'သည် (လည်း သက်သေလက္ခဏာတစ်ရပ်) ပင် (ဖြစ်၏။) ငါအသျှင်မြတ်သည် ထိုလ၏ အဖို့ ခရီးစခန်းများကို သတ်မှတ်တော်မူခဲ့ရာ၊ နောက်ဆုံးတွင်မူ ထိုလမှာ ခြောက်သွေ့လျက် ရှိသော စွန်ပလွံကိုင်းကဲ့သို့ ပြန်၍ ဖြစ်လာလေ၏။

لَا ٱلشَّمْسُ يَنۢبَغِى لَهَآ أَن تُدْرِكَ ٱلْقَمَرَ وَلَا ٱلَّيْلُ سَابِقُ ٱلنَّهَارِ وَكُلٌّ
فِى فَلَكٍ يَسْبَحُونَ ﴿٤٠﴾

၃၆ : ၄၀ ။ ။ 'နေ'သည် 'လ' ကို မမီနိုင်ပေရာ ထိုနည်းတူစွာ 'ညဉ့်'သည်လည်း 'နေ့'ကို ကျော်လွန်နိုင်သည် မဟုတ်ပေ။ စင်စစ် အသီးသီးတို့သည် ဂြိုဟ်၊ နက္ခတ် သွားလာရာ လမ်းတစ်ခုစီ၌ ကူးခတ်သွားလာ၍ နေကြကုန်သည်။

وَاٰيَةٌ لَّهُمْ اَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِى الْفُلْكِ الْمَشْحُوْنِ ﴿٤١﴾

၃၆ : ၄၁ ။ ။ ထို့ပြင် ၄င်းတို့အဖို့ သက်သေလက္ခဏာတစ်ရပ်မှာ၊ ကေန်မလွဲ ငါအသျှင်မြတ်သည် ၄င်းတို့၏ သားမြေးတို့အား ကုန်အပြည့်တင်ထားသော သင်္ဘောပေါ်၌ တင်ဆောင်စီးနင်းတော်မူခြင်းပင် ဖြစ်၏။

وَخَلَقْنَا لَهُمْ مِّنْ مِّثْلِهٖ مَا يَرْكَبُوْنَ ﴿٤٢﴾

၃၆ : ၄၂ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းတို့အဖို့ ထိုသင်္ဘောကဲ့သို့သော ၄င်းတို့ စီးနင်းကြသည့် အခြားအရာ (အစီးအနင်း) များကိုလည်း ဖန်ဆင်းထားတော်မူ၏။

وَاِنْ نَّشَاْ نُغْرِقْهُمْ فَلَا صَرِيْخَ لَهُمْ وَلَا هُمْ يُنْقَذُوْنَ ﴿٤٣﴾

၃၆ : ၄၃ ။ ။ အမှန်စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၄င်းတို့အား နစ်မြုပ်တော်မူပေမည်။ ထိုသို့ နစ်မြုပ်တော်မူခဲ့လျှင်၊ ၄င်းတို့အား ကူညီရိုင်းပင်းမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။ ၄င်းတို့သည် လွတ်မြောက်စေခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။

اِلَّا رَحْمَةً مِّنَّا وَمَتَاعًا اِلٰى حِيْنٍ ﴿٤٤﴾

၃၆ : ၄၄ ။ ။ သို့ရာတွင် ငါအသျှင်မြတ်သည် မိမိ၏ ကရုဏာတော်အားဖြင့်လည်းကောင်း၊ သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် အကျိုးခံစားစေခြင်းအားဖြင့်လည်းကောင်း (ကယ်တင်ထားတော်မူခြင်းသာလျှင်) ဖြစ်ပေသည်။ (တစ်နည်း) သို့ရာတွင် (ဤသည်) ငါအသျှင်မြတ်၏ ကရုဏာတော်ပင် ဖြစ်၏။ ထို့ပြင် (၄င်းတို့အား) သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် အကျိုးခံစားစေခြင်းလည်း ဖြစ်ပေသည်။

အနှစ်ချုပ်ရှင်းလင်းချက်

ထို့ပြင် တန်ခိုးတော်၏ အမှတ်အသားများ၊ ကြီးမားလှသည့် ကျေးဇူးတော်များ ယင်းတို့သည် အလ္လာဟ်အသျှင်မြတ်ဟစ်ပါးတည်း တည်ရှိကြောင်းကို ဖော်ပြရန်အတွက် အထောက်အထားများလည်း ဖြစ်၏။ ယင်း (တို့) မှ ၄င်းတို့အဖို့ (သက်သေထူပြရန်အတွက်) သက်သေလက္ခဏာတော်တစ်ရပ်မှာ မြေသေပင်ဖြစ်၏။ (ယင်း၌ရှိသော သက်သေလက္ခဏာသည်ကား) ငါအသျှင်မြတ်သည် ယင်းမြေသေကို (မိုးရွာသွန်းစေခြင်းဖြင့်) ရှင်စေတော်မူခဲ့၏။ တစ်ဖန် ငါအသျှင်မြတ်သည် ယင်းမြေမှ ကောက်ပဲသီးနှံ အမျိုးမျိုးကို ထွက်စေတော်မူခဲ့၏။

၎င်းတို့သည် ယင်းတို့မှ စားသုံးလျက် ရှိကြကုန်၏။ ထိုမှတစ်ပါး ဝါအသျှင်မြတ်သည် ယင်းမြေ၌ စွန်ပလွန်ခြံများကိုလည်းကောင်း၊ စပျစ်ခြံများကိုလည်းကောင်း စီရင်ပြုလုပ်တော်မူခဲ့၏။ ၎င်းတို့သည် ယင်းသစ်သီးဝလံများကို (ကောက်ပဲသီးနှံများကဲ့သို့) စားသုံးကြအံ့သောငှာ ဖြစ်၏။ စင်စစ်မှာ (ယင်းသစ်သီး ဝလံများနှင့် ကောက်ပဲသီးနှံများကို) ၎င်းတို့၏ လက်များက ပြုလုပ်ခဲ့သည် မဟုတ်ပေ။ (မျိုးစေ့ စိုက်ခြင်း၊ ရေသွင်းခြင်း အစရှိသည်တို့သည် အပေါ်ယံအနေဖြင့် ၎င်းတို့ကသာပြုလုပ်ကြသည် ဖြစ်သော်လည်း မျိုးစေ့မှ အပင်ပေါက်ခြင်း၊ အပင်၌ သစ်သီးဝလံများ သီးခြင်းတို့သည်ကား ၎င်းတို့ မစွမ်းဆောင်နိုင်သည့် အရာများပင် ဖြစ်၏။ ဤသည်ကား အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်မှပင် ဖြစ်ချေ၏) သို့ပါလျက် (ထိုသက်သေလက္ခဏာများကို မြင်တွေ့ကြပါလျက်) ၎င်းတို့သည် ကျေးဇူးမတင်ကြလေသလော။ (ယင်း ကျေးဇူးတင်ခြင်း၏ ပထမအဆင့်သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းရှိကြောင်းကို လက်ခံရန် ဖြစ်၏။ အဆိုပါသက်သေလက္ခဏာများသည်ကား မြေပြင်နှင့် ဝေဟင်မှဖြစ်၏။ ရှေ့ဆက်၍ ဘူမိဗေဒဆိုင်ရာ သက်သေ လက္ခဏာများ၊ ဝိညာဉ်ပိုင်း၊ ဇီဝဗေဒ ပိုင်းဆိုင်ရာ သက်သေလက္ခဏာတော်များဖြင့် ထောက်ထား တင်ပြ လျက်ရှိ၏။) ထိုအသျှင်မြတ်သည် ချို့တဲ့မှုအပေါင်းတို့မှ စင်ကြယ်သန့်ရှင်းတော်မူပါ၏။ အကြင် အသျှင်မြတ်သည် စုံတွဲအမျိုးမျိုးဟူသမျှကို ဖန်ဆင်းတော်မူခဲ့၏။ မြေ၌ ပေါက်ရောက်သော အရာများ တွင်လည်းကောင်း၊ (ဥပမာ - အမျိုးမတူသော ကောက်ပဲသီးနှံများ၊ ဂျုံ၊ပြောင်း၊၊ ၎င်းချိုသော သစ်သီးများ၊ ချဉ်သော သစ်သီးများ) ထို့ပြင် ၎င်းတို့ကိုယ်များတွင်လည်းကောင်း၊ (ဥပမာ - ယောက်ျား၊မိန်းမ)ထိုသူ၏ မသိကြသောအရာများတွင် လည်းကောင်း၊ (မသိရသောအရာများ၌လည်း ဆန့်ကျင်ဘက် သဘောကို ဆောင်သည့် စုံတွဲများရှိကြောင်း အထင်အရှား သိရှိရသည်။ စုံတွဲ မရှိသည်ကား အလ္လာဟ် အသျှင်မြတ်ပင် ဖြစ်သည်။) စုံတွဲ ဖန်ဆင်းတော်မူခဲ့၏။

(ရှေ့ဆက်၍ အာကာသကောင်းကင်ဆိုင်ရာ သက်သေလက္ခဏာအချို့နှင့် စပ်လျဉ်း၍ ဖော်ပြလျက် ရှိပေသည်။ ယင်းတို့ဖြင့် ထောက်ထားကိုးကားလျက်ရှိသည်။) ၎င်းပြင် ထိုသူတို့အဖို့ သက်သေလက္ခဏာ တစ်ရပ်မှာ ည (အချိန်) ပင် ဖြစ်၏။ (အမှောင်သည် မူလအခြေခံဖြစ်၏။ ထို့ကြောင့် မူလအချိန်သည် အမှောင်ပင်ဖြစ်၏။ နေ၏ အလင်းရောင်သည်ကား သီးခြားဝိသေသနတစ်ရပ်သာ ဖြစ်ချေ၏။ ယင်းအလင်းရောင်သည် အမှောင်ထုအား လွှမ်းခြုံရစ်ပတ်လိုက်ခြင်း ဖြစ်သည်။ (ဆိတ်၏ သားရေက ဆိတ်သားကို ဖုံးအုပ်ထားဘိသကဲ့သို့ ဖြစ်သည်။) ငါအသျှင်မြတ်သည် အမှောင်ထုမှ အလင်းရောင်တည်းဟူသော ဝိသေသကို ဖယ်ရှား၍ ထိုညမှနေကို ချွတ်ခွာယူတော်မူ၏။ ထိုအခါ ညအချိန်ဆိုက်ရောက်လာသည်ဖြစ်၍ ၎င်းတို့ သည် အမှောင်ထဲ၌ ရှိနေကြကုန်၏။ ၎င်းပြင် နေသည်လည်း သက်သေလက္ခဏာတစ်ရပ်ပင် ဖြစ်၏။ ထိုနေသည် မိမိသွားလာရာလမ်းအတိုင်း သွားလာလျက်ရှိနေလေ၏။

တစ်နစ်တာခရီးကို အဆုံးသတ်စဉ် ရောက်ရှိသည့်နေရာလည်းဖြစ်နိုင်၏။ ဤသည်ကား အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသောအခါ အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်၏ တိုင်းတာ သတ်မှတ်ချက်ပင် ဖြစ်၏။ (ထိုအသျှင်မြတ်သည် မိမိဉာဏ်တော်ဖြင့် ထိုသို့သတ်မှတ်ခြင်း၏ လျှို့ဝှက်ချက်ကို

သိရှိတော်မူသည်၊ ထို့ပြင် မိမိတန်ခိုးတော်ဖြင့် ထိုစီရင်သတ်မှတ်ချက်အားလုံးကို ဖြစ်စေတော်မူ သည်၊ (ထိုနည်းတူစွာ လသည်လည်း သက်သေလက္ခဏာတစ်ရပ်ပင် ဖြစ်၏၊) ငါအသျှင်မြတ်သည် ထိုလအဖို့ ခရီးစခန်းများကို သတ်မှတ်တော်မူခဲ့၏၊ (နေ့စဉ် စခန်းတစ်ခုကို ဖြတ်ကျော်၏၊) နောက်ဆုံးစခန်း ကို ကျော်ဖြတ်နေရင်း သေးငယ်သည်ထက် သေးငယ်သွားသဖြင့်)သွေ့ခြောက်လျက်ရှိသော စွန်ပလွန်ကိုင်းကဲ့သို့ ပြန်၍ဖြစ်လာလေ၏၊ (နေနှင့်လတို့၏ သွားလာလှုပ်ရှားမှု၊ နေ့ကုန်ဆုံး၍ ည ရောက်ရှိလာမှုတို့ကို အဘယ်မျှစနစ်တကျစီစဉ်သတ်မှတ်ထားသည်ဟုမူ) နေသည်လကို မမီနိုင်သည့်နည်းတူ ညသည်လည်း နေ့ကို ကျော်လွန်နိုင်သည် မဟုတ်။ (ညအချိန် စန္ဒာလမင်း လင်းဝင်းတောက်ပနေစဉ် နေက သွား၍ ၎င်းလကို မမီနိုင်ချေ၊ နေထွက်ချိန် မရောက်မီ နေထွက်စပြုလာ၍ ညကို ဖယ်ရှား၍ မရနိုင်ချေ၊ ထိုနည်းတူစွာ လသည်လည်း နေ့အချိန်ဝယ် လင်းဝင်းတောက်ပလာ၍ နေ့ကိုကုန်ဆုံးနိုင်ခြင်း မရှိချေ၊) စင်စစ်မှာကား (နေနှင့်လ) အသီးသီးတို့သည် ဂြိုဟ်နက္ခတ်သွားလာရာ လမ်းကြောင်းတစ်ခု၌ (စနစ်တကျ သွားလာလှုပ်ရှား လျက်ရှိပုံမှာ) ကူးခတ်နေသကဲ့သို့ ရှိချေသည်၊ (ယင်းနေနှင့်လတို့သည် သွားလာလှုပ်ရှားရာ၌ စည်းဖောက်၍ နေနှင့်ညအချိန်ကို ပြောင်းလဲစေနိုင်ခြင်း မရှိချေ၊)

(ရှေ့ဆက်၍ အဏ္ဏဝါရေပြင်နှင့် ပထဝီမြေပြင်ဆိုင်ရာ သက်သေလက္ခဏာတော်တစ်ရပ်ဖြစ်သော ခရီးထွက်ခြင်း၊ အစီးအနင်းပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဖော်ပြလျက်ရှိသည်) ထို့ပြင် ၎င်းတို့အဖို့ သက်သေလက္ခဏာတစ်ရပ်မှာ ဧကန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့၏ သားမြေးများအား ကုန်အပြည့်တင်ထားသော သင်္ဘောပေါ်၌ တင်ဆောင်စီးနင်းစေတော်မူခြင်း ပင်ဖြစ်၏၊ (လူတို့သည် အများအားဖြင့် မိမိတို့၏သားသမီးများကို အရောင်းအဝယ်ကိစ္စ ၊စီးပွားရှာဖွေရေးအတွက် ခရီးထွက်စေတတ်သည်၊ အာယသ်တော်၌ ကျေးဇူးတော် သုံးခုကို ဖော်ပြထားသည်၊

(၁) သင်္ဘောသည် အလွန်ဝန်လေးလျက်နှင့် ရေမျက်နှာပြင်ပေါ်၌ ခုတ်မောင်းစေခြင်း။

(၂) ၎င်းတို့အား သားသမီးများ ချီးမြှင့်ပေးသနားတော်မူထားခြင်း။

(၃) ပစ္စည်းဥစ္စာနှင့် ရိက္ခာပေးသနားတော်မူခြင်း ယင်းတို့ကို အိမ်၌နေ၍ပင် သားသမီးများကို ခရီးထွက်စေ၍ ရရှိစေခြင်း။

ထို့မှတစ်ပါး ငါအသျှင်မြတ်သည် (ကုန်းလမ်းခရီးအတွက်) ၎င်းတို့အဖို့ သင်္ဘောကဲ့သို့သော ၎င်းတို့စီးနင်းကြသော အခြားအရာ(အစီးအနင်း)များကိုလည်း ဖန်ဆင်းထားတော်မူ၏၊ (ကုလားအုတ်၊မြင်း အစရှိသည့် အစီးအနင်း သတ္တဝါများကို ဆိုလိုသည်၊ ၎င်းတို့ကိုးကွယ်လျက်ရှိသည့် အရာများမှ)၎င်းတို့အား ကူညီရိုင်းပင်းမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှရှိလိမ့်မည် မဟုတ်ချေ၊) ၎င်းတို့သည် (နစ်မြုပ်ခြင်းမှ ကယ်တင်နိုင်လိမ့်မည်မဟုတ်ချေ၊) သို့ရာတွင် ဤသည် ငါအသျှင်မြတ်၏ ဂရုဏာ တော်ပင်ဖြစ်၏၊ ထို့အပြင် ၎င်းတို့အား သတ်မှတ်ပြီးဖြစ်သော အချိန်ကာလအပိုင်းတိုင်အောင် (လောကီအကျိုးများ)ကို ခံစားစေခြင်းလည်း ဖြစ်ပေသတည်း။ (ထို့ကြောင့်ပင် အချိန်ပေးထားခြင်ဖြစ်၏၊)

သိမှတ်ဖွယ်ရာများနှင့် စမွသတ်များ

စူရာဟ်ယာစီးန်၌ လာရှိသည့် အကြောင်းအရာအများစုသည် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားလှသည့် တန်ခိုးတော်များကို ဖော်ပြလျက်ရှိသည့် သက်သေလက္ခဏာများ၊ အလ္လာဟ့်အသျှင်မြတ်၏ ချီးမြှင့်မှုများ၊ ကျေးဇူးတော်များကို ဖော်ပြ၍ လောကုတ္တရာနှင့်စပ်လျဉ်း၍ 'အကီဒဟ်' ယုံကြည်ချက်ကို ပိုမိုခိုင်မာစေခြင်းတို့နှင့် ဆက်စပ် ပတ်သက်လျက် ရှိသည်။

အထက်ပါ အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များကို ဖော်ညွှန်းသည့် သက်သေလက္ခဏာများကို ဖော်ပြရာ၌ မည်သည့်နည်း၊ မည်သည့်ပုံ၊ ဖွဲ့နွဲ့သီကုံးထားသည်ဟုမူ တစ်ဖက်တွင် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံလှသည့် တန်ခိုးတော်များအဖို့ ပွင့်လင်းထင်ရှားလှသည့် သက်သေလက္ခဏာများ ဖြစ်ရှိသည့်နည်းတူ တစ်ခြားတစ်ဖက်တွင် လူသားအပါအဝင် အဖန်ဆင်းခံအားလုံးတို့နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ အထူးချီးမြှင့်ပေးသနားမှုများ၊ ကျေးဇူးတော်များ၊ ယင်းတို့၌ ရှိသည့် အံ့သြဖွယ်ရာ အချက်အလက်များကို အတည်ပြု ဖော်ပြထားသည်။ ပထမအာယသ်၌ ယင်းပထဝီမြေကို လူတိုင်း အစဉ်မြင်တွေ့လျက်ရှိသည်။ ခြောက်သွေ့နေသော မြေသည် မိုးရွာသွန်းသောအခါ စိမ်းလန်းစိုပြေမှု ဖြစ်ပေါ်လာသည်။ ယင်းစိုပြေမှု၏ အမှတ်အသားများကို မြေပထဝီမှ ထွက်ရှိသော သစ်ပင်များကြီးပြင်းရန်အတွက် မြေမျက်နှာပြင်အပေါ်၌လည်းကောင်း စိမ့်စမ်းများကို စီးဆင်းစေထားကြောင်းကို ဖော်ပြထားသည်။

لِيَأْكُلُوا مِنْ ثَمَرِهِ ۝

အလိုသဘောမှာ လေများ၊ တိမ်သလာများနှင့် မြေပထဝီမှ အင်အားစုအားလုံးကို ထည့်သွင်းအသုံးပြုရခြင်း၏ အကြောင်းရင်းမှာ လူသားတို့အနေဖြင့် သစ်သီးဝလံများ၊ ကောက်ပဲသီးနှံများကို စားသုံးနိုင်ရန်အတွက်သာ ဖြစ်သည်။ ဤသည်တို့ကား မျက်ဝါးထင်ထင် မြင်တွေ့နေရသည့်အရာများပင် ဖြစ်၏။ ရှေ့ဆက်၍ လူသားတို့အား လောကယန္တရားကြီး လည့်ပတ်နေရသည့် အဓိက အချက်အလက်နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်ထားသည်။

သစ်သီးဝလံများနှင့်ကောက်ပဲသီးနှံများ ထွက်ရှိရာ၌ လူသား၏လုပ်ဆောင်ချက်မပါ။

وَمَا عَمِلَتْهُ أَيْدِيهِمْ

ကုရ်အာန်အဖွင့် ပညာရှင်အများစုက အာယသ်တော်၌ ပါရှိသည့် مَا ဟူသည့် ပုဒ်၏ အဓိပ္ပါယ်ကို 'မရှိ၊ မဟုတ်' ဟု သတ်မှတ်၍ ဤသစ်သီးဝလံများကို ၎င်းတို့၏ လက်များက ဖန်ဆင်းပေါက်ရောက်စေသည်မဟုတ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ဤအာယသ်တော်သည် လူသားတို့အား အောက်ပါအတိုင်း သတိပေးနှိုးဆော်လိုက်သည်။ အသင်တို့သည် မိမိတို့၏ လုံ့လဝီရိယနှင့် စပ်လျဉ်း၍ မျိုးစေ့ချသည်။ ရေသွင်း

သည်။ မြေကို ပျော့အောင် လုပ်သည်။ အသင်တို့၏ လုပ်ရပ်သည် ဤမျှသာ ဖြစ်သည်။ မျိုးစေ့မှ အပင် ပေါက်ခြင်း၊ သစ်ကိုင်းသစ်ရွက် ထွက်ပေါ်စေခြင်း၊ သစ်သီးဝလံအမျိုးမျိုး သီးစေခြင်းတို့ကိုမူကား အသင်တို့ မစွမ်းဆောင်နိုင်ချေ။ ဤသည်ကား တန်ခိုးတော်အပေါင်း၊ ဉာဏ်တော်အပေါင်း၊ တန်ခိုးတော်ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူလှသော အလ္လာဟ်အသျှင်မြတ်၏ လုပ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် အသင်တို့ အနေဖြင့် ယင်းတို့မှ အကျိုးခံစားစေသောအခါ ဖန်ဆင်းရှင်အား မေ့မထားရန် အထူး အရေးကြီးလှပေသည်။ ၄င်းနည်းတူ 'စူရာဟ်ဝါကေအဟ်'၏ အာယသ်တော်တစ်ပါးတွင် လာရှိသည်။ ၄င်းမှာ-

أَفَرَأَيْتُم مَّا تَحْرُثُونَ ءَأَنتُمْ تَزْرَعُونَهُۥٓ أَمْ نَحْنُ ٱلزَّٰرِعُونَ

အလိုသဘောမှာ စဉ်းစားသုံးသပ်လေလော့။ အသင်ထွန်ယက်စိုက်ပျိုးခဲ့သော မျိုးစေ့တို့ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသလော။ အချုပ်မှာ ထိုသစ်သီးဝလံများကို ပေါက်ရောက်စေခြင်းတွင် လူသားစွမ်းပကား မပါဝင်သော်လည်း ငါအသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့်ပင် ထိုသစ်သီးဝလံများကို ပေါက်ရောက်စေပြီး၊ အသင်တို့အား ပိုင်ရှင်အဖြစ် ချီးမြှင့်ပေးသနားခဲ့သည်။ ထို့နောက် ၄င်းသစ်သီးဝလံများကို အသုံးချသည့် နည်းလမ်းကိုလည်း သင်ကြားပေးခဲ့သည်။

လူသားတို့၏ အစားအစာနှင့် တိရစ္ဆာန်များ၏ အစားအစာတို့တွင် အထူးခြားနားမှု

အိဗ်နိဂျရီးရ် (ရဟ) အပါအဝင် အချို့သော ကုရ်အာန်အဖွင့်ရှင်များသည် مَا عَمِلَتْهُ ၌ مَا ၏ အဓိပ္ပာယ်ကို 'အကြင်အရာ'ဟု ကောက်ယူ၍ အာယသ်တော်၏ အဓိပ္ပာယ်ကို ဤသို့ ပြန်ဆိုခဲ့သည်။ ဤအရာအားလုံးကို စားသုံးရန်အတွက် ဖန်ဆင်းပေးခဲ့သည်။ ကောက်ပဲသီးနှံများမှလည်းကောင်း၊ သစ်သီးဝလံများမှလည်းကောင်း၊ လူသားတို့သည် မိမိကိုယ်တိုင် မိမိတို့ လုပ်ဆောင်ခြင်းအားဖြင့် ရှာဖွေယူကြ၏။ ဥပမာ- သစ်သီးများမှ ဟာလဝါ စားသောက်ဖွယ်အမျိုးမျိုး၊ သစ်သီးသနပ်အမျိုးမျိုး၊ အစရှိသည်တို့ကို ပြုလုပ်ခြင်း၊ အချို့အသီးများမှ စားသုံးရန် အဆီထုတ်ယူခြင်း၊ ယင်းတို့သည်ကား လူသားတို့၏ လုပ်ဆောင်ချက်ဖြစ်သည်။ ထိုအခါ အာယသ်တော်၏ အလိုသဘောမှာ အောက်ပါအတိုင်း ဖြစ်လာပေမည်။ အလ္လာဟ်အသျှင်မြတ်က ဖန်ဆင်းထားသော သစ်သီးဝလံများသည် လူသားတို့ လုပ်ဆောင်ချက်မပါဘဲလျက်နှင့်လည်း စားသုံးနိုင်သည်။ တစ်ဖန် လူသားတို့အား အလ္လာဟ်အသျှင်မြတ်က သစ်သီးဝလံများမှ အရသာပြည့်စုံသော စားသောက်ဖွယ်ရာအမျိုးမျိုးကို ပြုလုပ်နိုင်ရန် ကျွမ်းကျင်မှုကိုလည်း ပေးသနားတော်မူသည်။ ထိုအခါ သစ်သီးဝလံများမှ စားသောက်ဖွယ်ရာအမျိုးမျိုးပြုလုပ်စားသုံးခြင်းသည် ဒုတိယ'နေအ်မသ်' ချီးမြှင့်ခြင်း ဖြစ်ပေမည်။ အိဗ်နိကစီးရ် (ရဟ) သခင်က အိဗ်နိဂျရီးရ် (ရဟ) ၏ ထိုဖွင့်ဆိုချက်ကို ဆင့်ပြန်၍ အိဗ်နေမတ်စ်အူးဒ် ﷺ သခင်၏ 'ကေရ်အသ်'(ဖတ်နည်း) သည် အဆိုပါ ဖွင့်ဆိုချက်ကို ထောက်ခံလျက်ရှိသည်ဟု ဖော်ပြထားသည်။ အကြောင်းမှာ အိဗ်နိမတ်စ်အူးဒ် (ရသွေ့)သခင်၏ 'ကေရာအသ်' مَا အစား

مِمَّا လာရှိသည်။ အကျယ်သည် အောက်ပါအတိုင်း ဖြစ်သည်။ လောကရှိ သတ္တဝါအားလုံးသည်လည်း သစ်သီးဝလံများ၊ ကောက်ပဲသီးနှံများကို စားသုံးကြသည်။ အချို့တိရစ္ဆာန်များသည် အသားကို စားကြပြီး၊ အချို့သည် မြေကို စားကြသည်။ သို့ရာတွင် တိရစ္ဆာန်အားလုံး၏ အစားအစာသည် တစ်မျိုးသာဖြစ်သည်။ မြက်စားသော တိရစ္ဆာန်သည် မြက်ကိုသာ စားသည်။ အသားစားသည့် တိရစ္ဆာန်သည် အသားကိုသာ စားသည်။ အစာတစ်ခုတွင် အခြားအစားအစာများကို ရောစပ်၍ အစာအဟာရသစ်တစ်ခုကို ပြုလုပ်ရန် တိရစ္ဆာန်တို့တွင် အသိပညာ မရှိချေ။ ယင်းတို့ တစ်ခုနှင့်တစ်ခု ရောစပ်၍ စားသောက်ဖွယ်ရာ အမျိုးမျိုးကို ပြုလုပ်နိုင်စွမ်းသည် လူသားတို့၌သာ ရှိသည်။ အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်မှ ချီးမြှင့်လိုက်သည့် ရေတွက်၍ မကုန်နိုင်လောက်သော ကျေးဇူးတော်များ ယင်းတို့၌ရှိသည့် အံ့သြဖွယ်ရာ လုပ်ဆောင်ချက်များဟူ၍ မရှိနိုင်လောက်သည့် ဖြစ်ရပ်ဆန်းများကို တင်ပြ၍ နောက်ဆုံး ဤသို့ မိန့်ရှိခဲ့သည်။

اَفَلَا يَشْكُرُوْنَ

(ဤအသိပညာဉာဏ် ပေးထားခြင်းခံရသူများသည် အထက်ပါအချင်းအရာများကို မြင်တွေ့ရလျက်နှင့်ပင် ကျေးဇူးမတင်ကြလေသလော။)

ရှေ့၌ မြေပထဝီမှထွက်ရှိသော အရာများနှင့် မိုးလေဝသအကြောင်းကို တင်ပြပြီးသည့် နောက်ပိုင်းဝယ် လူသားနှင့် တိရစ္ဆာန်အားလုံးကို ပါဝင်စေသည့် ကြီးမားလှသော တန်ခိုးတော်၏ သက်သေလက္ခဏာတော်တစ်ရပ် ဖော်ပြ၍ သတိပေးနှိုးဆော်ထားသည်။

سُبْحٰنَ الَّذِيْ خَلَقَ الْاَزْوَاجَ كُلَّهَا مِمَّا تُنْۢبِتُ الْاَرْضُ وَمِنْ اَنْفُسِهِمْ وَمِمَّا لَا يَعْلَمُوْنَ ۝

اَزْوَاجُ ဟူသည့် ပုဒ်သည် **زَوْجٌ** ၏ ဗဟုဝုစ်ကိန်း (အများကိန်း) ဖြစ်ပြီး၊ စုံတွဲဟူ၍ အဓိပ္ပာယ်ရသည်။ စုံတွဲ၌ ဆန့်ကျင်ဘက်အရာ နှစ်ခုပါရှိသည်။ တစ်ခုကို အခြားတစ်ခု၏ **زوج** (တွဲဘက်) ဟု ခေါ်သည်။ ဥပမာ- ယောကျ်ားနှင့် မိန်းမ၊ မိန်းမသည် ယောကျ်ား၏ တွဲဘက် ဖြစ်သည်။ အလားတူ တိရစ္ဆာန်တို့တွင် ဖိုနှင့်မဟူ၍ တွဲဘက်ရှိသည်။ သစ်ပင်များတွင်လည်း ဖို၊ မဟူ၍ ရှိကြောင်း တွေ့ရသည်။ မျက်မှောက်ခေတ် သိပ္ပံပညာရှင်တို့၏ လေ့လာချက်အရ အသီးပင်၊ ပန်းပင် ဟူသမျှ၌ ဖိုနှင့် မရှိကြောင်း သိရသည်။ ယင်းဖို၊ မတို့မှ မျိုးဆက်ပြန့်ပွားကြောင်း ဖော်ပြထားသည်။ ယင်းကဲ့သို့ပင် ဖို၊ မ စုံတွဲ အခြားအရာများတွင်လည်း ရှိပေသည်ဟု ဆိုလျှင် ဖြစ်နိုင်ချေ မရှိသောအရာ မဟုတ်ပေ။ ဥပမာ- သတ္တဝါအုပ်စု၊ သစ်ပင်အုပ်စုမှ ပါဝင်ခြင်းမရှိသည့် အရာများ၌ ဖို၊ မ ဟူ၍ ရှိသည်။ ယင်းကို

مِمَّا لَا يَعْلَمُوْنَ

ဟု ဖော်ပြထားသည်။ သာမန်အားဖြင့် အဖွင့်ပညာရှင်များသည် **ازواج** ၏ အဓိပ္ပါယ်ကို **اَنْوَاعٌ** (အမျိုးအစား) ဟု ရေးသားဖော်ပြကြသည်။ အကြောင်းမှာ ဖိုနှင့် မကို **زَوْجَيْنِ** ဟု ခေါ်သည့်

နည်းတူ ဓါတ်သတ္တဝါ မဟုတ်သည့် ဆန့်ကျင်ဘက် အရာနှစ်ခုကိုလည်း (ဆန့်ကျင်ဘက်အရာနှစ်ခု) ဟု ခေါ်သည်။ ဥပမာ- အပူနှင့်အအေး၊ အစိုနှင့် အခြောက်၊ ပူဆွေးမှုနှင့် ဝမ်းမြောက်မှု၊ ရောဂါစွဲကပ်စေခြင်းနှင့် ကျန်းမာခြင်း အစရှိသည်တို့ ဖြစ်သည်။ တစ်ဖန် ထိုအရာအားလုံး၌ အယုတ်၊ အလတ်၊ အမြတ် စသည်တို့ဖြင့် အဆင့်အတန်း အမျိုးမျိုး၊ မျိုးစုအမျိုးမျိုး ဖြစ်ပေါ်လျက် ရှိသည်။ အလားတူပင် လူသားနှင့် အခြားသတ္တဝါတို့၌ အရောင်အဆင်း၊ ခန္ဓာကိုယ် တည်ဆောက်ပုံ၊ ပြောဆိုသည့်စကား၊ အသက်မွေးဝမ်းကျောင်းနည်းကို ထောက်ရှု၍ အမျိုးမျိုးအစားစား ဖြစ်ပေါ်လျက်ရှိသည်။ ထိုအားလုံးသည် ازواج ဟူသည့် ပုဒ်၌ အကျုံးဝင်လျက် ရှိသည်။ ဖော်ပြပါအာယတ်တော်၌ ဦးစွာပထမ مِمَّا تُنۢبِتُ الۡاَرۡضُ ဟူသည့် ပုဒ်စုဖြင့် ရုက္ခဗေဒဆိုင်ရာ မျိုးစုအမျိုးမျိုးကို တင်ပြထားသည်။ ထို့နောက် مِنۡ اَنۡفُسِهِمۡ ဟူသည့် ပုဒ်စုဖြင့် မနုဿဗေဒဆိုင်ရာအမျိုးမျိုးကို တင်ပြထားသည်။ ထို့နောက် وَمِمَّا لَا يَعۡلَمُوۡنَ ဟူသည့် ပုဒ်စု၌ လူတို့ မသိကြသေးသည့် အဖန်ဆင်းခံ မြောက်များစွာ ပါဝင်လျက် ရှိသည်။ မြေအောက်၊ ရေအောက်နှင့် တောင်များတွင် တိရစ္ဆာန်များ၊ သစ်ပင်များ၊ သတ္တဝါ မဟုတ်သည့်အရာများ မည်မျှရှိသည်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော်မူပေသည်။

وَاٰيَةٌ لَّهُمُ الَّيۡلُ ۖۚ نَسۡلَخُ مِنۡهُ النَّهَارَ

မြေပထဝီဆိုင်ရာ အဖန်ဆင်းခံများနှင့် စပ်လျဉ်းသည့် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော် သက်သေလက္ခဏာများကို တင်ပြပြီးသည့် နောက်ပိုင်းဝယ် ဆက်လက်၍ မိုးကောင်းကင်နှင့် ဝေဟင်ပိုင်းဆိုင်ရာ အဖန်ဆင်းခံများအကြောင်းကို ဆက်လက်ဖော်ပြလျက်ရှိသည်။ نسلخ ဟူသော ပုဒ်၏ မူရင်းအဓိပ္ပာယ်သည် အရေခွာခြင်းဟု ရရှိသည်။ တိရစ္ဆာန်တစ်ကောင်မှ သားရေကို ခွာချလိုက်လျှင်လည်းကောင်း၊ သို့မဟုတ် အခြားအရာတစ်ခုခုမှ အခွံကို ခွာလိုက်လျှင်လည်းကောင်း၊ အတွင်းရှိအရာများသည် ပေါ်လွင်ထင်ရှားလာသည်။ အလ္လာဟ်အသျှင်မြတ်သည် ဖော်ပြပါ ဥပမာအတွင်း၌ လောက၏ မူလအနေအထားမှာ အမှောင်ထုပင် ဖြစ်ကြောင်းကို အရိပ်အကဲဖြင့် ဖော်ပြထားသည်။ အလင်းရောင်သည်ကား နေ၊ လ၊ နက္ခတ်တာရာတို့မှတစ်ဆင့် လောကကြီးသို့ ရောက်ရှိလာသည့် အရာများပင် ဖြစ်သည်။ ကြိုတင် သတ်မှတ်ထားသည့် အစီအစဉ်အရ အချိန်ပိုင်းအားဖြင့် လောကကြီး၏ အမှောင်ထုကို လွှမ်းခြုံရစ်ပတ်လျက် ရှိသည့် အလင်းရောင်ကို ဖယ်ရှားလိုက်သည်ရှိသော် လောကကြီးသည် မူလအတိုင်း အမှောင်ထုဘဝသို့ ပြန်လည် ရောက်ရှိသွားမည်ဖြစ်၏။ ယင်းတို့ကိုပင် လူတို့၏ သုံးနှုန်းပြောဆိုမှု၌ 'ည' ဟု အမည်ပေးထားသည်။

وَالشَّمۡسُ تَجۡرِىۡ لِمُسۡتَقَرٍّ لَّهَا ؕ ذٰلِكَ تَقۡدِيۡرُ الۡعَزِيۡزِ الۡعَلِيۡمِ ؕ

အာယသ်တော်၏ အမြွက်သဘောမှာ နေသည် သွားလာလှည့်ပတ်လျက် ရှိသည်။ မိမိ၏ ခရီးအဆုံးသတ်မည့် နေရာဘက်သို့ သွားလျက်ရှိသည် ဟူ၍ပင် ဖြစ်သည်။

مُسْتَقَرٌّ ဟူသော ပုဒ်၏ အဓိပ္ပာယ်မှာ ခိုနားသည့်နေရာ၊ အဆုံးသတ်မည့်အချိန်ဟူ၍ ရရှိသည်။ ခရီးအဆုံးဟူ၍လည်း အဓိပ္ပာယ်ရရှိသည်။ ထိုခရီးအဆုံး၌ ရပ်နားခြင်း မရှိဘဲနှင့်လည်း ဒုတိယခရီးစဉ်ကို ပြန်လည် အစပြုနိုင်သည်။

အချို့သော ကုရ်အာန်အဖွင့်ပညာရှင်များက مُسْتَقَرٌّ ၏ အဓိပ္ပာယ်သည် ဤနေရာ၌ အချိန်ကာလ အားဖြင့် ခိုနားရာ ဖြစ်သည်ဟု ယူဆကြသည်။ နေ၏ လှုပ်ရှားမှု ကုန်ဆုံးသွားမည့်အချိန်ကို ဆိုလိုခြင်း ဖြစ်သည်။ ထိုအချိန်သည်ကား 'ကေယာမသ်' (ကမ္ဘာ့တရား စီရင်မည့်နေ့) ပင်ဖြစ်သည်။ အဆိုပါ ဖွင့်ဆို ချက်အရ အာယသ်တော်၏ အဓိပ္ပာယ်သည် ဤသို့ ဖြစ်လာပေမည်။ သူရိယနေသည် မိမိသွားလာရာ လမ်းကြောင်းပေါ်၌ တိကျမှန်ကန်စွာ လှုပ်ရှားနေလျက် ရှိသည်။ အဘယ်မျှ တိကျသည်ဟူမူ တစ်မိနစ်၊ တစ်စက္ကန့်ပင် ကွာခြားမှုမရှိချေ။ နှစ်သန်းပေါင်းများစွာမှစ၍ ယနေ့တိုင် ထိုအတိုင်း လှုပ်ရှား လှည့်ပတ် လျက်ရှိသည်။ သို့ရာတွင် အစဉ်အမြဲ ဤသို့ ဖြစ်နေမည်မဟုတ်။ တစ်နေ့တွင် ထိုလှုပ်ရှားမှုကို အဆုံးသတ် ရမည် ဖြစ်သည်။ ထိုနေ့သည်ကား အခြားမဟုတ်။ 'ကေယာမသ်'နေ့ပင် ဖြစ်သည်။ ဖော်ပြပါဖွင့်ဆိုချက် ကို ဟဇရသ်ကသာဒဟ် ﵀ သခင်ထံမှ ဆင့်ပြန်ထားခြင်း ဖြစ်သည်။ *[အိဗ်နိုကစီးရ်]*

အဆိုပါဖွင့်ဆိုချက်ကို ကျမ်းမြတ်ကုရ်အာန်၏ စူရာဟ်ဇူမွရ်မှ အာယသ်တော်တစ်ပါးသည် ထောက်ခံ လျက် ရှိသည်။ 'စူရာဟ်ဇူမွရ်'၏ အာယသ်တော်ကို အောက်၌ တင်ဆက်လိုက်ရပေသည်။

خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ يُكَوِّرُ الَّيْلَ عَلَى النَّهَارِ

အဓိပ္ပာယ်မှာ ဤသို့ ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီ မြေကိုလည်းကောင်း၊ ကျနသေချာစွာ ဖန်ဆင်းတော်မူခဲ့၏။ ထို့မှတစ်ပါး အသျှင်မြတ်သည် နေကိုလည်း ကောင်း၊ လကိုလည်းကောင်း၊ မလွဲမရှောင်သာ အမိန့်တော်ကို လိုက်နာစေတော်မူခဲ့ရာ (ယင်းနေနှင့် လ သည်) သတ်မှတ်ပြီး ဖြစ်သော အချိန်ကာလတိုင်အောင် အသီးသီးလှုပ်ရှားလျက်ပင် ရှိကြပေမည်။

اَجَلٍ مُّسَمًّى ၏ အဓိပ္ပါယ်သည် သတ်မှတ်ပြီးဖြစ်သော အချိန်ကာလဟူ၍ ရရှိသည်။ အာယသ် တော်၏ အလိုသဘောမှာ နေနှင့်လ၏ လှုပ်ရှားမှုသည် ထာဝစဉ်အတွက် မဟုတ်ပေ။ အချိန်ကာလတစ်ခုသို့ ရောက်၍ ယင်းတို့၏ လှုပ်ရှားမှုသည် အဆုံးသတ်သွားပေမည်။ ယင်းအချိန်သည်ကား 'ကေယာမသ်'နေ့ပင် ဖြစ်သည်။ စူရာဟ်ယာစီးန်၏ အထက်ဖော်ပြပါ အာယသ်တော်၏ အလိုသဘောမှာလည်း مُسْتَقَرٌّ ဟူသည် ဖြင့် အဆိုပါအချိန်ကာလကိုပင် ရည်ညွှန်းကြောင်း ထင်ရှားလှပေသည်။ အဆိုပါဖွင့်ဆိုချက်အရ ရူပဗေဒ ဆိုင်ရာ ဥပဒေများအရလည်းကောင်း၊ သိပ္ပံဆိုင်ရာ လေ့လာချက်များအရလည်းကောင်း၊ မည်သို့မျှ စောဒက တက်ဖွယ်ရာ မရှိချေ။ အချို့သော ကုရ်အာန်အဖွင့်ရှင်များက مُسْتَقَرٌّ ၏အဓိပ္ပာယ်ကို နေရာတစ်ခုရောက်၍ ယင်းတို့၏ လှုပ်ရှားမှုသည် အဆုံးသတ်သွားပေမည်ဟု ဖွင့်ဆိုသည်။ ၎င်းဖွင့်ဆိုချက်ကို ဗိုခါရီနှင့် မွတ်စ္စလင်မ် ကျမ်းတွင် လာရှိသည့် ဟဒီးစ်တော်တစ်ပါးကို ကျောထောက်နောက်ခံပြုလျက် ရှိသည်။ ဟဇရသ်အဗူဇရ်

ဂေဖာရီ ﷺ သခင်က ဤသို့ ဆင့်ပြန်ခဲ့သည်။ တစ်နေ့သောအခါ ကျွန်ုပ်သည် နေဝင်ချိန်၌ တမန်တော်မြတ် ﷺ နှင့်အတူ ဗလီတွင် ရှိနေလေသည်။ ထိုအခါ တမန်တော်မြတ် ﷺ က 'အို၊ အဗူဇရ်၊ နေသည် ဝင်၍ မည်သည့်နေရာကို သွားနေသည်ကို အသင်သိပါသလော'ဟု မေးမြန်းတော်မူရာ ၎င်းက 'အို၊ တမန်တော်၊ အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ့်တမန်တော်သည်သာ အသိဆုံးဖြစ်သည်' ဟု ပြန်လည် ဖြေကြားလေသည်။ ထိုအခါ တမန်တော်မြတ် ﷺ က နေသည် သွားမြဲသွားလျက်ရှိသည်။ နောက်ဆုံး 'အရ္ရှ်' ပလ္လင်တော် အောက်သို့ ရောက်ရှိ၍ ဦးချလေတော့သည်။ အာယသ်တော်၌ပါရှိသည့် مستقر သည် ဤသည်ပင် ဖြစ်ကြောင်းဖြင့် အမိန့်ရှိလေသည်။ အဗူဇရ်ဂေဖာရီ ﷺ သခင်၏ အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ ဤသို့ လာရှိသည်။ ၎င်းက ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား وَالشَّمْسُ تَجْرِي لِمُسْتَقَرٍّ لَّهَا ၏ အဖွင့်သဘောကို မေးရာ တမန်တော်မြတ် ﷺ က

مستقرها تحت العرش

(နေ၏ ခိုနားသည့်နေရာသည် 'အရ္ရှ်'ပလ္လင်တော်၏အောက် ဖြစ်သည်) ဟု မိန့်ခဲ့လေသည်။ အိဗ်နိုမာဂျဟ်ကျမ်းမှအပ ဟဒီးစ်ကျမ်းကြီး ခြောက်စောင်စလုံး၌ ဆင့်ပြန်ချက်ပါရှိကြောင်း တွေ့ရသည်။

တစ်ဖန် အဗ္ဗဒုလ္လာဟ်အိဗ်နိုအိုမရ် ﷺ ထံမှလည်း အဆိုပါသဘောမျိုးကို ဆောင်သည့် ဟဒီးစ်တော် တစ်ပါး ဆင့်ပြန်ထားခြင်း ရှိသည်။ ၎င်း၏ ဆင့်ပြန်ချက်၌ အနည်းငယ်ပို၍ တင်ပြထားခြင်းရှိသည်။ အဗ္ဗဒုလ္လာဟ်အိဗ်နိအုမရ် ﷺ သခင်၏ ဆင့်ပြန်ချက်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

နေ့စဉ်နေ့တိုင်း နေသည် 'အရ္ရှ်' ပလ္လင်တော်အောက်သို့ ရောက်ရှိသွား၍ 'စဂျ်ဒဟ်'ဦးချလျက် နေသည်။ ထို့နောက် ဒုတိယခရီးစဉ်ကို ပြန်လည်အစပြုရန်အတွက် ခွင့်ပြုချက်တောင်းခံသည်။ ခွင့်ပြုချက် ရရှိပြီးနောက် ဒုတိယခရီးစဉ်ကို လှည့်ပတ်ရန်အတွက် အစပြုသည်။ ထိုသို့ဖြစ်နေစဉ် တစ်နေ့ ဤသို့သော အချိန် ရောက်ရှိလာပေသည်။ နေမင်းကြီးက ဒုတိယ လှည့်ပတ်လမ်းကြောင်းအတွက် ခရီးအစပြုရန် ခွင့် တောင်းသောအခါ ခွင့်ပြုချက် ရရှိမည်မဟုတ်ပေ။ လာရာလမ်းကြောင်းအတိုင်း ခရီး နောက်လှည့်သွား ရန် အမိန့်ပေးမည်။ အလိုသဘောမှာ အနောက်ဘက်သို့ ဝင်၍ အနောက်ဘက်မှ ပြန်ထွက်ရန် အမိန့်ပေးခြင်း ခံရပေမည်။ ထိုနေ့သည်ကား 'ကေယာမသ်'နေ့ဖြစ်ရန် အလွန် နီးကပ်နေပြီဖြစ်ကြောင်းကို မီးမောင်း ထိုးပြပေးလိုက်သည့်နေ့ ဖြစ်သည်။ ထိုအခါ 'သောင်ဟီးဒ်'ဝန်ချတောင်းပန်ခြင်းသည်လည်း တရားဝင်တော့ မည်မဟုတ်ချေ။ အီမာန်သက်ဝင်ယုံကြည်ခြင်းသည်လည်း တရားဝင်တော့မည်မဟုတ်ချေ။ *[အိဗ်နိုကဆီးရ်]*

နေသည် 'အရ္ရှ်' ပလ္လင်တော်အောက်၌ ဦးချခြင်းနှင့် စပ်လျဉ်း၍ သုတေသနပြုချက်များ

အထက်ဖော်ပြပါ ဆင့်ပြန်ချက်များအရ مُسْتَقَرّ ဟူသည်မှာ ခရီးအဆုံးသတ်ရာ ဒေသပင်ဖြစ် ကြောင်း သိရသည်။ နေမင်းကြီး၏ လှည့်ပတ်မှုခရီးစဉ်တစ်ခုလုံးအဆုံးသတ်ရာ ဌာနကိုဆိုလိုသည်။ ထိုဌာန သည် 'အရ္ရှ်'ပလ္လင်တော်၏ အောက်၌ပင် ဖြစ်ကြောင်း သိရသည်။

အဆိုပါဆင့်ပြန်ချက်များအရ အာယသ်တော်၏ အလိုသဘောသည် ဤသို့ ဖြစ်လာပေမည်။ နေ့စဉ် နေ့တိုင်း နေသည် စခန်းတစ်ခုရှိရာသို့ ဦးတည်ကာ သွားလာလျက်ရှိသည်။ စခန်းသို့ ရောက်ရှိလျှင် အလ္လာဟ် အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ဦးချပြီး၊ ဒုတိယအကြိမ် လှည့်ပတ်ရန်အတွက် ခွင့်ပြုချက်တောင်းခံ သည်။ ခွင့်ပြုချက်အရ ဒုတိယအကြိမ် လှည့်ပတ်ရန်အတွက် ခရီးစတင်သည်။ သို့ရာတွင် အာကာသစူးစမ်း လေ့လာမှုအရလည်းကောင်း၊ ရူပဗေဒဆိုင်ရာမှုများအရလည်းကောင်း၊ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်များကြောင့် လည်းကောင်း၊ အထက်ဖော်ပြပါ ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍ အလွန်ခိုင်မာသည့် စောဒကအချို့ ရှိပေသည်။ ယင်းစောဒကများနှင့် အဖြေကို အောက်တွင် ရေးသားတင်ဆက်လိုက်သည်။

စောဒကများ

(၁) ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များမှ 'အလ္လာဟ်အသျှင်မြတ်၏ 'အရ်ရှ်' ပလ္လင် တော်သည် မိုးကောင်းကင်တစ်ခုလုံးနှင့် မြေပထဝီအားလုံးကို ဖုံးအုပ်လွှမ်းခြုံထားကြောင်း' သိရသည်။ ဤပထဝီမြေသည်လည်းကောင်း၊ မိုးကောင်းကင်များသည်လည်းကောင်း၊ 'အရ်ရှ်' ပလ္လင်တော်၏ လွှမ်းခြုံ ထားခြင်းကို ခံရလျက်ရှိသည်။ အထက်ပါ တင်ပြ ချက်အရ နေသည် အချိန်ရှိသရွေ့ 'အရ်ရှ်' ပလ္လင်တော်၏ အောက်သို့ ရောက်ရှိသွားခြင်းဟူသည်မှာ မည်သို့ ဆိုလိုသနည်း။ ဤသို့ ဆိုလိုခြင်းသည် ယုတ္တိရှိပါ၏လော့။

(၂) နေသည် တစ်နေရာမှ ဝင်သွားလျှင် အခြားတစ်နေရာ၌ ထွက်သည်မှာ မျက်မြင်ကိုယ်တွေ့ ပင် ဖြစ်သည်။ ထို့ကြောင့် နေဝင်နေထွက်ဟူသည်မှာ အစဉ်အမြဲဖြစ်လျက် ရှိသည်။ နေလုံး၀ ပျောက်ကွယ် သွားသည်ဟူ၍ အလျဉ်းမရှိ။ ကမ္ဘာ့ဒေသတစ်နေရာမှ ပျောက်သွားလျှင် အခြားဒေသတစ်ခု၌ မြင်တွေ့ရ လျှက် ရှိသည်။ သို့ဖြစ်လျှင် နေဝင်ပြီးနောက် နေသည် ပလ္လင် တော်အောက်သို့ ရောက်ရှိသွား၍ ဦးချနေသည် ဟူသည်မှာ မည်သည့်အဓိပ္ပာယ်ရှိလေသနည်း။

(၃) ထိုဟဒီးဆ်တော်၏ အပေါ်ယံသဘောကို ကြည့်ခြင်းအားဖြင့် နေသည် မိမိလှည့်ပတ်မှု လမ်းကြောင်းအဆုံးကို ရောက်ရှိသောအခါ ရပ်နားကြောင်း သိရသည်။ ထိုသို့ ရပ်နားနေစဉ် အလ္လာဟ် အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ဦးချ၍ ရှေ့ဆက်လှည့်ပတ်မှု ခရီးစဉ်အတွက် ခွင့်ပြုချက် တောင်းခံသည်။ စင်စစ်မှာ နေ၏ လှုပ်ရှားမှုသည် ရပ်တန့်သွားသည် ဟူ၍ အလျဉ်းမရှိ။ ဤသည် မျက်မြင်ဖြစ်ရပ်ပင် ဖြစ်သည်။ ထို့ပြင် နေဝင်နေထွက်သည် ဒေသအသီးသီးကို ထောက်ရှုခြင်းအားဖြင့် အစဉ်အမြဲ ဖြစ်လျက် ရှိသည်။ သို့ဖြစ်လျှင် ထိုသို့ ရပ်နားခြင်းသည် အစဉ်အမြဲ ဖြစ်နေရမည် ဖြစ်သည်။ ယင်း၏ အကျိုးဆက် သည်ကား နေ၏ လှုပ်ရှားမှုသည် မည်သည့်အချိန်မျှ မဖြစ်ပေါ်ခြင်းပင် ဖြစ်သည်။ အထက်ပါစောဒက များသည် သိပ္ပံပိုင်းဆိုင်ရာ အာကာသဗေဒပိုင်းဆိုင်ရာ စောဒကများပင် ဖြစ်သည်။ အထက်ပါ စောဒက များသည် သိပ္ပံပိုင်းဆိုင်ရာ အာကာသဗေဒဆိုင်ရာ စောဒကသာ မဟုတ်။ မျက်မြင်ကိုယ်တွေ့အရလည်း

ဖော်ပြပါစာဒကမျိုး ဖြစ်ပေါ်လျက်ရှိသည်။ ရှေးသိပ္ပံပညာရှင်များ၏ အဆိုအရ နေ၏ နေ့စဉ်လှုပ်ရှားမှုသည် فلك الافلاك (ကောင်းကင်တကာတို့၏ ကောင်းကင်) ၏ လှုပ်ရှားမှုအပေါ်၌ မူတည်လျက်ရှိကြောင်း၊ နေသည် စတုတ္ထမိုးကောင်းကင်၌ ကပ်လျက်ရှိကြောင်းဖြင့် သိရသည်။ ဤသည် بَطْلَيْمُوسِي (ဗတ္တလီမူဆီ) ၏ အတွေးအခေါ် ဖြစ်သည်။ ၎င်း၏ အတွေးအခေါ်ကို ကနဦးကပင် فيثاغورث (ဖီစာဂေါင်ရတ်စ်) ဟူသည့် ပုဂ္ဂိုလ်က ဆန့်ကျင်ခဲ့သည်။ မျက်မှောက်ခေတ် အာကာသဆိုင်ရာ သိပ္ပံပညာရှင်တို့၏ စူးစမ်းလေ့လာမှုအရ ဗတ္တလီမူဝီ၏ အတွေးအခေါ်သည် မှားယွင်းကြောင်း ဖီစာဂေါင်ရက်စ်၏ အဆိုသည် ရာခိုင်နှုန်းအတော်များများ မှန်ကန်မှုနှင့် နီးစပ်လျက် ရှိပေသည်။ မျက်မှောက်ခေတ် အာကာသခရီးစဉ် လကမ္ဘာသို့ ရောက်ရှိမှု ဖြစ်ရပ်များသည်ကား ဂြိုဟ်နှင့် နက္ခတ်တာရာအပေါင်းတို့သည် မိုးနှင့်မြေအကြား ဝေဟင်၌သာ ရှိနေကြပြီး၊ မိုးကောင်းကင်နှင့် ကပ်၍ မရှိကြသည်ကို ယုံကြည်စိတ်ချရသည်အထိ အခိုင်အမာ ထောက်ပြလျက် ရှိပေသည်။ စူရာယာစီးန်၌ ပါရှိသည့်

وَكُلٌّ فِى فَلَكٍ يَّسْبَحُوْنَ

ဟူသည့် အာယသ်တော်သည်လည်း မျက်မှောက်ခေတ်အာကာသသိပ္ပံပညာရှင်တို့၏ အဆို ကို ထောက်ခံလျက်ရှိသည်။ မျက်မှောက်ခေတ်သိပ္ပံပညာရှင်တို့၏ တွေးခေါ်မှု၌ အောက်ဖော်ပြပါ အချက်တစ်ရပ်လည်း ပါရှိသည်။ ၎င်းတို့က နေ့စဉ် နေထွက်နေခြင်းသည် နေ၏ လှုပ်ရှားလှည့်ပတ်မှုကြောင့် မဟုတ်ကြောင်း၊ ပထဝီမြေ၏ လှည့်ပတ်လှုပ်ရှားမှုမှ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်းဆိုသည်။ ဤအဆိုအရ အထက်ဖော်ပြပါ ဟဒီးစ်တော်နှင့် စပ်လျဉ်း၍ စာဒကသစ်တစ်ရပ် ဖြစ်ပေါ်လာပြန်သည်။

အထက်ဖော်ပြပါ စာဒကများကို မဖြေကြားမီ အလျင် အောက်ဖော်ပြပါ အချက်အလက်များကို သိသာရန် လိုအပ်ပေသည်။ အထက်ဖော်ပြပါ အာယသ်တော်သည် မိမိ၏ အလိုသဘောကို ရှင်းပြရာ၌ ပွင့်လင်းထင်ရှားလျက် ရှိပေသည်။ အာယသ်တော်၏ အလိုသဘောနှင့် စပ်လျဉ်း၍ မည်သည့်စာဒကမျှ မရှိချေ။ သံသယတစ်စုံတစ်ရာ ဖြစ်ရန်လည်း မလိုချေ။ အကြောင်းမှာ အာယသ်တော်၏အလိုသဘောသည် ဤမျှသာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် သူရိယနေအား တိကျမှန်ကန်စွာ လှုပ်ရှားစေလျက် ရှိ၏။ နေသည် မိမိလှည့်ပတ်မှု စခန်းဆုံးမည့် နေရာသို့ တစ်ရွေ့ရွေ့ စနစ်တကျ သွားလျက်ရှိသည်။ ကသာဒဟ်သခင်က ဖွင့်ဆိုခဲ့သည့်အတိုင်း مُسْتَقَرٌّ (အဆုံးသတ်ရာ) ၏ အဓိပ္ပာယ်ကို အချိန်ပြကြိယာ၊ နာမဝိသေသန အဖြစ် ယူဆရသော် ယင်းခရီးအဆုံးသတ်ရာသည် 'ကေယာမသ်' နေ့ပင် ဖြစ်ချေမည်။ ထိုအခါ အာယသ်တော်၏ အလိုသဘောသည် ဤသို့ ဖြစ်လာပေမည်။ နေ၏ လှုပ်ရှားမှုသည် 'ကေယာမသ်' နေ့တိုင်အစဉ်တစိုက်၊ စနစ်တကျ တည်ရှိနေလျက် ရှိပေမည်။ 'ကေယာမသ်' နေ့ရောက်သောအခါ နေ၏ လှုပ်ရှားမှုသည် ရပ်တန့်သွားပေမည်။ အကယ်၍ مُسْتَقَرٌّ ၏ အဓိပ္ပါယ်ကို နေရာပြကြိယာဝိသေသန (ဝါ) အဆုံးသတ်

မည့်နေရာဟု ယူဆလျှင် အာယသ်တော်၏ အလိုသဘောသည် ဤသို့ ဖြစ်လာပေမည်။ နေ၏ ခရီးစဉ်ဆုံးခန်းသို့ ရောက်မည့်နေရာသည် နေအား ဖန်ဆင်းခဲ့သည့် အချိန်မှစ၍ စတင် လှုပ်ရှားခဲ့သည့်နေရာဖြစ်သည်။ နေသည် တရွေ့ရွေ့ ထိုနေရာဘက်သို့ သွားလျက်ရှိသည်။ ထိုနေရာသို့ ရောက်ရှိလျှင် နေ၏ တစ်နေ့တာခရီး ဆုံးခန်းတိုင်သို့ ရောက်သည်။ အကြောင်းမှာ ထိုနေရာသည် နေ၏ ခရီးအဆုံးဖြစ်သည်။ ထိုနေရာသို့ ရောက်ရှိပြီးနောက် တစ်ပြိုင်နက် ဒုတိယခရီးစဉ်ကို လှည့်ပတ်ရန်အတွက် ပြန်လည် စတင်လှုပ်ရှားရသည်။ ဖန်ဆင်းခဲ့သည့် အချိန်မှစ၍ သူရိယနေ စတင်လှုပ်ရှားခဲ့သည့် အလွန်ကြီးကျယ်သည့် နေရာသည်ကား အဘယ်နည်း။ မည်သည့်နေရာတွင် ရှိသနည်း။ အစရှိသည်တို့ဖြင့် တွေးနေစရာ မလိုချေ။ ကျမ်းမြတ်ကုရ်အာန်သည် လူသားတို့အား လောကီ၊ လောကုတ္တရာအရလည်းကောင်း၊ မည်သည့်အကျိုးကိုမျှ ပေးဆောင်နေခြင်းမရှိသော ဦးနှောက်ရှုပ်ဖွယ်ရာ အကျိုးမဲ့ အကြောင်းအရာများကို တင်ပြရန် ကျရောက်လာခြင်းမဟုတ်။ ထို့ကြောင့်ပင် ကျမ်းမြတ်ကုရ်အာန်က ထိုအကြောင်းအရာမျိုးကို ရှောင်ရှား၍ အဓိက လိုအပ်သည်များကို တင်ပြသည်။ ယင်းသည်ကား အခြားမဟုတ်။ အလ္လာဟ်အသျှင်မြတ်၏ ကြီးမားလှသည့် တန်ခိုးတော်ကို တင်ပြရန်သာ ဖြစ်သည်။ ဤစကြဝဠာကြီး၌ အဆုံးနှင့် အတောက်ပဆုံး ဖြစ်သည့် နေသည်ပင် အလိုအလျောက် ဖြစ်ပေါ်လာသည် မဟုတ်။ အလိုအလျောက် လှုပ်ရှားနေသည်လည်း မဟုတ်။ ထာဝစဉ် တည်တန့်၍ နေမည်လည်း မဟုတ်။ တစ်နေ့ ပျက်စီးရပေမည်။ နေ၏ လှုပ်ရှားလှည့်ပတ်မှုသည် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်အတိုင်း ဖြစ်ပေါ်လျက်ရှိသည်။ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်အရသာ လှုပ်ရှားလျက် ရှိသည်။

အထက်တွင် ဖော်ပြခဲ့သည့် စာဒကဟူသမျှသည် အာယသ်တော်၏ အလိုသဘောနှင့် လုံးဝပတ်သက်ခြင်း မရှိချေ။ စာဒကဟူသမျှသည် အထက်ဖော်ပြပါ ဟဒီးစ်တော်နှင့် သက်ဆိုင်လျက် ရှိသည်။ ဟဒီးစ်တော်၌ နေဝင်ပြီးနောက် နေသည် 'အရရှ်'ပလ္လင်တော်၏ အောက်သို့ ရောက်ရှိသွား၍ ဦးချလျက်ရှိကြောင်း၊ ထို့နောက် ဒုတိယတစ်ဖန် ခရီးစတင်ရန်အတွက် ခွင့်ပြုချက် ရယူကြောင်းဖြင့် ဖော်ပြထားသည်။ စာဒကဟူသမျှသည် ယခုဖော်ပြပါ ဟဒီးစ်တော်နှင့်သာ သက်ဆိုင်လျက်ရှိသည်။ ဟဒီးဆ်တော်နှင့် သက်ဆိုင်သည့် အချက်အလက်များကို ဖော်ပြပါအာယသ်တော်နှင့် ဆက်စပ်၍ တင်ပြရခြင်းမှာ ဟဒီးစ်တော်၏ အချို့သော စကားလုံးများသည် အာယသ်တော်ကို မှီငြမ်းကိုးကားထားခြင်းကြောင့် ဖြစ်သည်။ အထက်ဖော်ပြပါ စာဒကများ၏ အဖြေကို ကုရ်အာန်ကျမ်းမြတ် အဖွင့်ပါရဂူများသည်လည်းကောင်း၊ ဟဒီးစ်ပါရဂူများသည်လည်းကောင်း အမျိုးမျိုးပေးခဲ့သည်။ ဟဒီးစ်တော်၏ အပေါ်ယံသဘောအရ နေသည် နှစ်ဆယ့်လေးနာရီတွင် တစ်ကြိမ် သာဦးချကြောင်းသိရသည်။ ဟဒီးစ်တော်၏ အပေါ်ယံသဘောကို လက်ခံသည့် ပုဂ္ဂိုလ်များက နေဝင်ခြင်းနှင့် စပ်လျဉ်း၍ သုံးမျိုးသုံးစား ဖြစ်နိုင်ကြောင်းဖြင့် ဖော်ပြထားသည်။

(၁) ၄င်းနေရာ၌ နေဝင်သွားပြီးဆိုပါက ကမ္ဘာမြေပေါ်ရှိ နေရာအမြောက်အမြားတွင်လည်း နေဝင်သွားသော နေရာဒေသ၏ နေဝင်ခြင်း၊

(၂) အီကွေတာ လမ်းကြောင်းမှ ကွယ်ပျောက်သွားခြင်း၊

(၃) မဒီနာမြို့တော်၏ အနေအထားအရ နေဝင်သည်ဟု ယူဆခြင်း၊

သို့ဖြစ်ပေရာ နေဝင်နေထွက်ခြင်းသည် အမြဲရှိနေသည်ဟူ၍ စောဒကတက်ရန် မလိုတော့ချေ။ အကြောင်းမှာ ဟဒီးစ်တော်၌ ဖော်ပြထားသည့် နေဝင်ခြင်း ဟူသည်မှာ မဒီနာမြို့သားတို့၏ အမြင်အရ နေဝင်ခြင်းကိုဆိုခြင်းဖြစ်သည်။ သို့ရာတွင် အကောင်းဆုံးအဖြေသည်ကား ကျွန်ုပ်တို့၏ ဆရာသခင်ကြီး အလ္လာမဟ်ရှမ္ဗီးရ်အဟ်မဒ်အွတ်စ္စမာနီ (ရဟ) က မိမိ سجود الشمس ဟူသည့် စာတမ်း၌ ရွေးချယ်တင်ပြထားသော အဖြေပင် ဖြစ်သည်။ ၎င်းကို 'သဖ်စီးရ်' ပညာရှင်ကြီးများ၏ တင်ပြထားချက်များက ထောက်ခံလျက်ရှိသည်။ ထိုစာတမ်းပါ အဖြေကို သဘောပေါက်ရန်အတွက် ရစူလ်တမန်တော်တို့၏ ပို့ချမှု တင်စားသုံးနှုန်းမှုနှင့် စပ်လျဉ်း၍ အချို့ကို ကြိုတင်သဘောပေါက်ထားရန် လိုအပ်လေသည်။ ကောင်းကင်ကျမ်းဂန်များသည်လည်းကောင်း၊ ထိုကျမ်းဂန်များကို ယူဆောင်လာသည့် ရစူလ်တမန်တော်များသည်လည်းကောင်း၊ လူသားတို့အား မိုးကောင်းကင်များနှင့် မြေပထဝီရှိ အဖန်ဆင်းခံများနှင့် စပ်လျဉ်း၍ တွေးတောဆင်ခြင်ကြရန် အစဉ်ဖိတ်ခေါ်လျက်ရှိသည်။ ထိုအရာများနှင့် စပ်လျဉ်း၍ တွေးတောဆင်ခြင်စေ၍ အလ္လာဟ်အသျှင်မြတ် တည်ရှိတော်မူကြောင်း၊ တစ်ပါးတည်းသာဖြစ်ကြောင်း၊ တန်ခိုးအပေါင်းတို့နှင့် ပြည့်စုံတော်မူကြောင်း အစရှိသည်တို့ကိုကား တင်ပြသည်။ သို့ရာတွင် ထိုသို့ စဉ်းစားတွေးတောစေရာ၌ တရားတော်သည် လိုသည်ထက် ပို၍ တာဝန်ပေးထားခြင်း မရှိချေ။ လောကီရေး၊ သာသနာရေး၊ လောကုတ္တရာရေးနှင့် သက်ဆိုင်သမျှကိုသာ တွေးတောစူးစမ်း လေ့လာရန် တာဝန်ပေးထားသည်။

သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာမှု ရုပ်ဝတ္ထုတို့၏ အရင်းအမြစ်၊ အခြေအနေ ယင်းတို့၏ ဓါတ်သတ္တိ အစရှိသည်တို့နှင့် စပ်လျဉ်း၍ မရမနေ သုတေသနပြုရန် သာမန်လူတို့အား တာဝန်ပေးထားခြင်း မရှိချေ။ အကြောင်းမှာ အရာဝတ္ထုတို့၏ အရင်းအမြစ်နှင့် စပ်လျဉ်း၍ သိပ္ပံပညာရှင်များသည်ပင် သက်တမ်းတစ်လျှောက်လုံး လေ့လာစူးစမ်းခဲ့သော်လည်း ပန်းတိုင်သို့ ရောက်နိုင်ခြင်း မရှိချေ။ လူသာမန်တို့အနေဖြင့်မူကား မည်သို့ဆိုဖွယ်ရာ ရှိအံ့မည်နည်း။ အရာဝတ္ထုတို့၏ အရင်းအမြစ်ကို လေ့လာစူးစမ်းရှာဖွေ၍ ရရှိသည် ဆိုကြပါစို့။ သာသနာအတွက်လည်းကောင်း၊ လောကီရေးအတွက်လည်းကောင်း၊ မည်သည့်အကျိုးများ ဖြစ်ပေါ်လာမည်နည်း။ ထိုအကျိုးမရှိသော လေ့လာစူးစမ်းမှုများ၌ နစ်မွန်းနေခြင်းသည် သက်တမ်းကို အလဟဿ ကုန်ဆုံးစေ၍ ဥစ္စာပစ္စည်းများကို ဖြုန်းတီးနေခြင်းပင် ဖြစ်ပေသည်။

ကျမ်းမြတ်ကုရ်အာန်သည်လည်းကောင်း၊ တမန်တော်များသည်လည်းကောင်း၊ မိုးမြေရှိ အဖန်ဆင်းခံများ၊ ယင်းအဖန်ဆင်းခံများ၏ ဖြစ်ပေါ်ပြောင်းလဲမှုများမှ လူသားတို့တွေ့မြင်နေရသည့် အခြေအနေများ၊ အနည်းငယ် တွေးတောဆင်ခြင်ခြင်းဖြင့် သိရှိနိုင်သည့် အကြောင်းအရာများဖြင့်သာ ကိုးကားတင်ပြထားသည်။ သိပ္ပံပညာရှင်များနှင့် ပါရဂူကြီးများသာ သိနိုင်သည့် အချက်အလက်များအပေါ်၌ ထောက်ထားကိုးကားမှု အခြေခံထားခြင်းမရှိချေ။ ထိုသို့ နိုက်နိုက်ချွတ်ချွတ် အသေးစိတ် လေ့လာစူးစမ်းရန်လည်း လူတို့အား လှုံ့ဆော်ထားခြင်းမရှိချေ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်အား ယုံကြည်ခြင်း၊ ထိုအသျှင်မြတ်၏ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာကျင့်သုံးခြင်းသည် ပညာရှိ၊ ပညာမဲ့၊ ယောက်ျား၊ မိန်းမ၊ မြို့သား၊

ကျေးတောသား၊ တောင်ပေါ်သား၊ မြေပြန့်သား၊ အားလုံးအပေါ်၌ မလုပ်မနေရ တာဝန်ဖြစ်ပေသည်။ ထို့ကြောင့်ပင် ရစူလ်တမန်တော်တို့သည် သာမန်လူသားများ သိနိုင်၊ နားလည်နိုင်သည့် အတိုင်းအတာ အရသာ သင်ကြားပို့ချပေးခဲ့သည်။ ရစူလ်တမန် တော်တို့၏ ဆုံးမမှုများကို နားလည်သဘောပေါက်ရန်အတွက် မည်သည့်ဘာသာရပ်ကိုမျှ တစ်ဖက်ကမ်းခတ် တတ်မြောက်ထားရန် မလိုအပ်ချေ။

'ဆွလားသ်'ဝတ်ပြုချိန်များကို သိခြင်း၊ 'ဆွလားသ်'ဝတ်ပြုရာတွင် မျက်နှာမူရသည့် 'ကိဗ်လာဟ်'ကို သတ်မှတ်ခြင်း၊ နှစ်၊ လ၊ ရက်တို့နှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာခြင်း အစရှိသည်တို့ကို ဒဿနိကပညာ၏ တွက်ချက်မှုများဖြင့်လည်း ရရှိနိုင်ပေသည်။ သို့ရာတွင် အစ္စလာမ့်တရားတော်သည် အထက်ဖော်ပြပါတို့နှင့် စပ်လျဉ်း၍ ဒဿနိကပညာအပေါ် အခြေခံပြဋ္ဌာန်းခြင်း မပြုဘဲ ထင်သာမြင်သာ လွယ်လွယ်ကူကူ သိရှိနိုင်သည့် အချက်အလက်များအပေါ်၌ အခြေခံထားလျက် ရှိပေသည်။ နှစ်၊ လ၊ ရက်တို့နှင့် စပ်လျဉ်း၍ တွက်ချက်ရာ၌ လတွေ့၊ မတွေ့အပေါ်၌ အဆုံးအဖြတ်ပေးသည်။ 'ဟဂ်ျ' ရာသီကို သတ်မှတ်ရာ၌လည်း လကိုပင် အခြေခံထားလေသည်။ လဆန်း၊ လဆုတ်၊ လကွယ်ခြင်းတို့ကို ဖြစ်ပေါ်စေခြင်း၏ လျှို့ဝှက်ချက် အမြော်အမြင်နှင့် စပ်လျဉ်း၍ အချို့သူများက တမန်တော်မြတ် ﷺ အား မေးမြန်းရာ ကျမ်းမြတ်ကုရ်အာန် က ဤသို့ ဖြေကြားခဲ့ပေသည်။

قُلْ هِيَ مَوَاقِيتُ لِلنَّاسِ وَالْحَجِّ

အို့, နဗီတမန်တော်၊ အသင် ပြောကြားပါလေ။ လ၏ ထိုပြောင်းလဲမှုများသည် လူတို့အဖို့ အချိန်ကို သတ်မှတ်ပေးရန်နှင့် 'ဟဂ်ျ'ပြုရန် အချိန်ကို သိစေရန် ဖြစ်သည်။ ထိုအဖြေသည် ၎င်းတို့အား အသင်တို့ ၏ မေးခွန်းသည် အကျိုးမဲ့မေးခွန်းသာဖြစ်ကြောင်း၊ လအပြောင်းအလဲ ဖြစ်မှု၏ အရင်းအမြစ်ကို သိခြင်း ဖြင့် အသင်တို့အဖို့ လောကီရေး၊ လောကုတ္တရာအရေး၊ အကျိုးတစ်စုံတစ်ရာမျှ မရှိကြောင်း၊ အသင်တို့၏ လောကီရေး၊ လောကုတ္တရာအရေးနှင့် စပ်လျဉ်း၍ အကျိုးဖြစ်ထွန်းဖွယ်ရာများကိုသာ မေးမြန်းသင့်ကြောင်း ဖြင့် သတိပေးနိုးဆော်လိုက်လေသည်။ အထက်ဖော်ပြပါ ပဏ္ဏာမစကားများကို သိရှိပြီးသည့်နောက် အဓိက ပြဿနာနှင့် စပ်လျဉ်း၍ စဉ်းစားသုံးသပ်စေချင်ပါသည်။ အထက်ဖော်ပြပါ အာယသ်တော်များ၌ အလ္လာဟ် အသျှင်မြတ်သည် မိမိ၏ ကြီးမားလှသည့် တန်ခိုးတော်၊ ထက်မြက်လှသည့် ဉာဏ်အမြော်အမြင်များကို တင်ပြ၍ လူသားတို့အား အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း ရှိတော်မူခြင်းကိုလည်းကောင်း၊ တန်ခိုး တော်အပေါင်း၊ ဉာဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူခြင်းကိုလည်းကောင်း၊ သက်ဝင်ယုံကြည်ကြပါရန် ဖိတ်ခေါ်လျက် ရှိပေသည်။ ဦးစွာပထမ ကျွန်ုပ်တို့ အစဉ်မြင်တွေ့နေရသည့် မြေပထဝီအကြောင်းကို ဖော်ပြ ထားသည်။

وَآيَةٌ لَّهُمُ الْأَرْضُ الْمَيْتَةُ أَحْيَيْنَاهَا

ထို့နောက် ထိုပထဝီမြေပေါ်၌ မိုးရွာသွန်းစေ၍ သစ်ပင်များ၊ ကောက်ပဲသီးနှံများ ပေါက်ရောက် စေကြောင်းကို ဖော်ပြထားသည်။ ဤသည်ကို လူတိုင်းပင် သိမြင်ကြပေသည်။ ထို့နောက် မိုးကောင်းကင်

နှင့် အာကာသဆိုင်ရာ အရာဝတ္ထုများအကြောင်းကို ဖော်ပြ၍ ဦးစွာပထမ နေ့၊ ည ပြောင်းလဲမှု အကြောင်းကို ဖော်ပြထားသည်။

وَاٰيَةٌ لَّهُمُ الَّيْلُ

ထို့နောက် နက္ခတ်တာရာတို့တွင် အကြီးဆုံးဖြစ်သည့် နေနှင့် လ အကြောင်းကို ဖော်ပြထားသည်။ ဦးစွာပထမအနေနှင့် နေနှင့် စပ်လျဉ်း၍ ဤသို့ ဖော်ပြထားသည်။

وَالشَّمْسُ تَجْرِيْ لِمُسْتَقَرٍّ لَّهَا ۚ ذٰلِكَ تَقْدِيْرُ الْعَزِيْزِ الْعَلِيْمِ ﴿٣٨﴾

အာယသ်တော်နှင့် စပ်လျဉ်း၍ သုံးသပ်လေ့လာပါ။ အာယသ်တော်၌ 'နေသည် မိမိကိုယ်ပိုင် အင်အားဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ဆန္ဒဖြင့်လည်းကောင်း၊ လှုပ်ရှားလှည့်ပတ်နေသည် မဟုတ်ကြောင်း၊ အလွန် တန်ခိုးကြီးမားလှသည့် အသျှင်မြတ်၏ ညွှန်ကြားမှုနှင့် အညီသာ လှုပ်ရှားလျက် ရှိကြောင်း' ဟူသည့် အချက်ကို ဖော်ပြခြင်းဖြစ်သည်။

တမန်တော်မြတ် ﷺ သည် နေဝင်ချိန်၌ သာဝကကြီးအဗူဇရ်ဂေဖါရီ ؓ သခင်အား အမေးအဖြေ သဘောမျိုးဖြင့် အထက်ဖော်ပြပါနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြတော်မူခဲ့ပေသည်။ တမန်တော်မြတ် ﷺ က နေသည် ဝင်ပြီးသည့်နောက် 'အရ်ရှ်' ပလ္လင်တော်အောက်သို့ ရောက်ရှိသွား၍ အလ္လာဟ်အရှင်မြတ်အား ဦးချ လျက်ရှိကြောင်း၊ ထို့နောက် ရှေ့ဆက်၍ လှည့်ပတ်ရန်အတွက် ခွင့်ပြုချက်တောင်းခံကြောင်း။ ခွင့်ပြုချက် ရရှိသော် ရှေ့ဆက်၍ လှည့်ပတ်မြဲ လှုပ်ရှားလှည့်ပတ်ကြောင်း၊ ထို့နောက် နံနက်အချိန်ဝယ် ရှေ့ဘက်မှ ထွက်ကြောင်းဖြင့် မိန့်ခဲ့သည်။ ဟဒီးဆ်တော်၏ အချုပ်သဘောမှာ နေဝင်နေထွက်ချိန်၌ လူ့လောကကြီးတွင် ပြောင်းလဲမှုအသစ်တစ်ရပ် ဖြစ်ပေါ်လာသည်။ ထိုသို့အပြောင်းအလဲဖြစ်ရခြင်းသည် နေ၏အပေါ်၌သာ မူတည်ခဲ့ ခြင်းဖြစ်သည်ဟူ၍ပင် ဖြစ်သည်။

တမန်တော်မြတ် ﷺ က ထိုပြောင်းလဲချိန်သည် လူသားတို့အား အသိတရား ရရှိစေရန်အတွက် အသင့်တော်ဆုံးဖြစ်သည်ဟု ယူဆ၍ အောက်ဖော်ပြပါအတိုင်း ဆိုဆုံးမခဲ့ခြင်း ဖြစ်သည်။ အသင်တို့သည် နေကို မိမိစွမ်းအင်ဖြင့် လှုပ်ရှားလျက်ရှိသည့်အရာဟု မထင်မှတ်လေနှင့်။ နေသည် အလ္လာဟ်အသျှင်မြတ် အလိုတော် အတိုင်းသာ လှုပ်ရှားလျက်ရှိသည်။ နေဝင်နေထွက်ဟူသမျှသည် အသျှင်မြတ်၏ ခွင့်ပြုချက် ဖြင့်သာ ဖြစ်ပေါ်လျက်ရှိသည်။ နေသည် ထိုခွင့်ပြုချက်၏ သြဇာခံဖြစ်လျက် ရှိသည်။ ထိုခွင့်ပြုချက်၏ သြဇာခံဖြစ်၍ လှုပ်ရှားခြင်းကိုပင် နေ၏ ဦးချခြင်းဟု တင်စားသုံးနှုန်းထားခြင်း ဖြစ်သည်။ အကြောင်းမှာ အရာတိုင်း၏ 'စဂ်ဒဟ်' ဦးချခြင်းကို ထိုအရာတို့နှင့် သင့်လျော်သည့် ပုံစံအတိုင်း ဖြစ်သည်။ ဤသည်ကိုပင် ကျမ်းမြတ်ကုရ်အာန်၌ ဤသို့ ဖော်ပြထားသည်။

كُلٌّ قَدْ عَلِمَ صَلٰوتَهٗ وَتَسْبِيْحَهٗ

အဖန်ဆင်းခံရှိသမျှသည် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ရိုကျိုးခြင်း၊ သန့်ရှင်းကြောင်းကို ရင့်ကျူး နေခြင်း၌ မွေ့လျော်လျက် ရှိသည်။ သို့ရာတွင် ထိုအဖန်ဆင်းခံတို့၏ ဝတ်ပြုနည်းသည် တစ်ခုနှင့်တစ်ခု

မတူညီကြချေ။ ဝတ်ပြုနည်း 'သတ်စ်ဗီးဟ်'ဖတ်နည်း သီးခြားရှိသည်။ ဥပမာ-လူသားတို့အား 'ဆွလားသ်' ဝတ်ပြုနည်း၊ 'သတ်စ်ဗီးဟ်'ရွတ်ဖတ်နည်း သင်ကြားပေးထားခြင်းသကဲ့သို့ပင်။ သို့ဖြစ်၍ နေ၏ ဦးချခြင်းသည် လူသားတို့ကဲ့သို့ နဖူးကို မြေပြင်နှင့် ထိတွေ့ခြင်းဟု ယူဆခြင်းသည် မမှန်ကန်ချေ။

ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များအရ အလ္လာဟ်အသျှင်မြတ်၏ 'အရ်ရှ်'ပလ္လင်တော်သည် မိုးကောင်းကင်များ၊ မြေပထဝီများ၊ နေ၊လ နက္ခတ်တာရာများ အားလုံး ဖုံးအုပ်လွှမ်းခြုံထားကြောင်း သိရှိထားသည်ဖြစ်ရာ နေသည် အချိန်တိုင်း၊ နေရာတိုင်း၌ 'အရ်ရှ်'ပလ္လင်တော်၏ အောက်၌သာ ရှိနေမည်မှာ ထင်ရှားလှပေသည်။ လေ့လာတွေ့ရှိချက်အရ နေသည် တစ်နေရာမှ ဝင်သွားလျှင် အခြားတစ်နေရာမှ ပြန်ထွက်မြဲ ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ရာ နေသည် အချိန်ရှိသရွေ့ ဝင်ခြင်း၊ ထွက်ခြင်း ဖြစ်လျက်ရှိသည်။ နေသည် 'အရ်ရှ်'ပလ္လင်တော်အောက်၌ ရောက်ရှိနေခြင်းသည်လည်း အစဉ်အမြဲပင် ဖြစ်သည်။ နေဝင်နေထွက်သည်လည်း အစဉ်အမြဲပင် ဖြစ်သည်။ သို့ဖြစ်၍ ဟဒီးစ်တော်၏ ဆိုလိုရင်းသဘောမှာ ဤသို့ ဖြစ်သည်။ နေသည် လှုပ်ရှားလှည့်ပတ်ရာ လမ်းကြောင်းတစ်လျှောက်လုံး၌ 'အရ်ရှ်'ပလ္လင်တော်၏ အောက်တွင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့မှောက်ဝယ် ဦးချလျက်ရှိသည်။ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်း လှုပ်ရှားလျက်ရှိသည်။) 'ကေယာမသ်'နေ့ နီးသည့်အချိန်အထိ ထိုသို့ ရွေ့လျားလှုပ်ရှားလျက် ရှိပေမည်။ သို့ဖြစ်ရာ 'ကေယာမသ်'နေ့ နီးကပ်လာသောအခါ နိမိတ်လက္ခဏာတစ်ရပ် ဖြစ်ပေါ်လာပေမည်။ ထိုအခါ နေသည် ရှေ့ခရီးစဉ်ဆက်ရန် ခွင့်ပြုချက်မရရှိဘဲ နောက်ကြောင်းပြန်လှည့်ရန် အမိန့်ပေးခြင်းခံရမည်။ ထိုစဉ် နေသည် အနောက်ဘက်မှ ထွက်လာမည်။ ထိုအခါ 'သောင်ဗဟ်'ဝန်ခံတောင်းပန်ခြင်း တံခါးပိတ်သွားပေမည်။ တစ်ဦးတစ်ယောက်၏ 'သောင်ဗဟ်'ပြုမှု၊ အီမာန်သက်ဝင် ယုံကြည်မှုကိုမျှ လက်ခံတော့မည် မဟုတ်ချေ။

အချုပ်သဘောကို ဆိုရသော် အထက်ပါ ဟဒီးစ်တော်သည် သာမန်လူသားတို့ သဘောပေါက်ရန် အတွက် တမန်တော်မြတ် ﷺ က ပုံပမာဆောင်၍ တင်ပြခဲ့ခြင်းပင်ဖြစ်သည်။ ထိုဟဒီးစ်တော်ကို ထောက်ရှု၍ နေသည် လူသားတို့ကဲ့သို့ မြေပြင်ပေါ်၌ ဦးချသည်ဟူ၍လည်းကောင်း၊ ထိုသို့ ဦးချနေစဉ် နေ၏ လှုပ်ရှားမှု ရပ်တန့်သွားသည်ဟူ၍လည်းကောင်း၊ နေသည် နေ့နှင့် ညတွင် တစ်ကြိမ်သာ သတ်မှတ်ထားသည့် နေရာတစ်ခုသို့ ရောက်ရှိ၍ ဦးချသည်ဟူ၍လည်းကောင်း၊ နေဝင်ပြီးမှသာ နေသည် 'အရ်ရှ်'ပလ္လင်တော် အောက်သို့ ရောက်ရှိသည်ဟူ၍လည်းကောင်း၊ ယူဆရန် မလိုအပ်ချေ။ ထိုသဘောမျိုးကိုလည်း ဆောင်လျက် မရှိချေ။ သို့ရာတွင် လူတို့၏ အမြင်၌ နေသည် အနောက်ဘက်သို့ ဝင်၍ အပြောင်းအလဲတစ်ရပ်ကို ဖန်တီးလျက် ရှိသောအခါ ၎င်းတို့က နေသည် ကျွန်ုပ်တို့၏ မြင်ကွင်းမှ ကွယ်ပျောက်သွားလျက်ရှိသည်။ အဘယ်ဆီသို့ ဦးတည်၍ သွားလျက်ရှိသနည်းဟု တွေးမိတတ်လေသည်။ ထိုအခါ တမန်တော်မြတ် ﷺ က ၎င်းတို့အား ဖြစ်ရပ်အမှန်ကို ပုံပမာဆောင်သည့် သဘောမျိုးဖြင့် တင်ပြလေသည်။ စင်စစ်နေ၏ ဤအချင်းအရာ အားလုံးတို့သည် 'အရ်ရှ်'ပလ္လင်တော်အောက်၌ နေ၏ ကိုးနွံစွာ လှုပ်ရှားလျက်ရှိခြင်းကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ နေတွင် မည်သည့်အင်အားမျှ မရှိ။ မဒီနာမြို့သားများသည် မိမိတို့နေရာမှ နေ၍ နေသည် ဦးချပြီးနောက် ရှေ့ခရီးစဉ်အတွက် ခွင့်ပြုချက် ရယူတော့မည်ဟု တွေးထင်မိသောအခါ ကမ္ဘာ့ဒေသအသီးသီးရှိ

လူသားတို့သည်လည်း မိမိဒေသမှ နေဝင်သည်ကို မြင်တွေ့သောအခါ ထိုသို့ သင်ခန်းစာ ရယူကြရန် လှုံ့ဆော်ထားပေသည်။ စင်စစ်မှာ နေသည် မိမိ၏ လမ်းကြောင်းပေါ်၌ လှုပ်ရှားလှည့်ပတ်နေသည့် အချိန် တစ်လျှောက်လုံး၌ အလ္လာဟ်အသျှင်မြတ်အား ဦးချလျက် ရှိသည်။ ရှေ့ခရီးစဉ်အတွက်လည်း အစဉ်မပြတ် ခွင့်ပြုချက် တောင်းခံမြဲ တောင်းခံလျက် ရှိသည်။ ထိုသို့ ဦးချရန်နှင့် ခွင့်ပြုချက်ရယူရန်အတွက် ရပ်တန့် သွားရန် မလိုအပ်ချေ။

အထက်ဖော်ပြပါ ဖြေဆိုချက်များအရ ဟဒီးစ်တော်နှင့် စပ်လျဉ်း၍ ကိုယ်တွေ့မျက်မြင်အရလည်း ကောင်း၊ ဒဿနိကနှင့် ရူပဗေဒပညာရပ်များ၏ စည်းမျဉ်းများအရလည်းကောင်း စောဒကတက်ရန် မရှိ တော့ချေ။

အထက်ပါ ဟဒီးစ်တော်နှင့် စပ်လျဉ်း၍ စောဒကတစ်ရပ် ကျန်ရှိနေပေသေးသည်။ ယင်းစောဒက သည်ကား 'ဦးချခြင်းနှင့် ရှေ့ခရီးစဉ်အတွက် ခွင့်ပန်ခြင်းသည် အသိဉာဏ်နှင့် ပြည့်စုံသော သက်ရှိတို့ကသာ လုပ်နိုင်သော လုပ်ရပ်ဖြစ်သည်။ နေသည်ကား အသိဉာဏ်မရှိသော သက်မဲ့ အဖန်ဆင်းခံတစ်ခုပင် ဖြစ် သည်။ ထိုလုပ်ရပ်များကို နေက မည်သို့ လုပ်နိုင်လေသနည်း' ဟူ၍ပင် ဖြစ်သည်။ အဆိုပါ စောဒက၏ အဖြေသည်

وَاِنۡ مِّنۡ شَیۡءٍ اِلَّا یُسَبِّحُ بِحَمۡدِہٖ

ဟူသည့် အာယသ်တော်၌ ပါရှိပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအရာများအား အသိဉာဏ် မရှိသော သက်မဲ့များဟု ထင်မှတ်လျက် ရှိသည်။ စင်စစ်မှာ ၄င်းတို့တွင်လည်း အတိုင်းအတာတစ်ရပ်အထိ အသိဝိညာဉ်၊ အသိဉာဏ်၊ ထိတွေ့ခံစားတတ်မှု ရှိပေသည်။ သို့ရာတွင် ၄င်းတို့၌ ရှိသည့် အတိုင်းအတာများသည် လူတို့၏ အတိုင်းအတာနှင့် နှိုင်းယှဉ်လျှင် အလွန် လျော့နည်းလျက် ရှိပေသည်။ အဘယ်မျှ လျော့နည်းလျက် ရှိသည် ဟူမူ သာမန်အသိဖြင့် ထိုအရာများကို စူးစမ်းနိုင်ခြင်း မရှိချေ။ သို့ရာတွင် ဖော်ပြပါများကို ငြင်းဆိုရန် လည်း ရှရီအသ်တရားတော်အရလည်းကောင်း၊ တွေးခေါ်မှုအရလည်းကောင်း၊ မည်သည့်အထောက်အထား မျှ မရှိချေ။ ကျမ်းမြတ်ကုရ်အာန်၏ အထက်ဖော်ပြပါ အာယသ်တော်က ထိုအရာတို့တွင် အသိဝိညာဉ်၊ အသိ၊ ထိတွေ့ ခံစားတတ်မှုရှိကြောင်းကို အတည်ပြုလျက် ရှိပေသည်။

မျက်မှောက်ခေတ် သိပ္ပံပညာသုတေသီများသည်လည်း ဤသည်ကို လက်ခံလိုက်ပြီး ဖြစ်သည်။

အထူးမှတ်သားချက်

ကျမ်းမြတ်ကုရ်အာန်နှင့်ဟဒီးဆ်တော်၏ အထက်ဖော်ပြပါ အလိုသဘောများအရ နေနှင့် လသည် လှုပ်ရှားလှည့်ပတ်လျက်ရှိကြောင်း အထင်အရှား သိရသည်။ တစ်ဖန် ထိုနေနှင့်လသည် စခန်းတစ်ခုဆီ သို့ ဦးတည်လျက်သွားနေကြောင်းကိုလည်း သိရသည်။ ဖော်ပြပါ အလိုသဘောများမှာ နေသည် လှုပ်ရှားမှု မရှိဟူသည့် အတွေးအခေါ်သုံးသပ်ချက်အသစ်ကို ပယ်ချလျက်ရှိသည်။ နေသည် လှုပ်ရှားခြင်းမရှိ ဟူသည့်

အတွေးအခေါ်ကို နောက်ဆုံး သုတေသနပြုချက်များကလည်း မှားယွင်းသည့် အတွေးအခေါ်ဖြစ်သည်ဟု ထောက်ပြလျက်ရှိသည်။

وَالْقَمَرَ قَدَّرْنَاهُ مَنَازِلَ حَتَّىٰ عَادَ كَالْعُرْجُونِ الْقَدِيمِ ﴿٣٩﴾

عرجون ဟူသည်မှာ သွေ့ခြောက်လျက်ရှိသော စွန်ပလွံခိုင်ကို ခေါ်ဆိုသည်။ ယင်းအကိုင်းသည် ကောက်လိမ်၍ လေးကိုင်းသဖွယ် ဖြစ်သွားသည်။

လ၏ ခရီးစခန်းများ

منازل သည် منزل ဟူသော ပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်ပြီး၊ ခရီးတစ်ထောက်ရပ်နားရာအတွက် ဋ္ဌာနဟု အဓိပ္ပာယ်ရရှိသည်။ အလ္လာဟ်အသျှင်မြတ်သည် နေနှင့် လ၌ ထွက်သွားရာလမ်းကြောင်းကို သတ်မှတ်ပေးတော်မူထားသည်။ ထိုလမ်းကြောင်းတိုင်းကို منزل (ခရီးစခန်း) ဟုခေါ်သည်။ လသည် မိမိ လှည့်ပတ်မှုကို တစ်လအတွင်း ဆုံးခန်းတိုင်သို့ ရောက်ရှိစေသည်။ ထို့ကြောင့်ပင် လ၏ ခရီးစခန်းသည် သုံးဆယ် (သို့) နှစ်ဆယ့်ကိုးဖြစ်သည်။ သို့ရာတွင် လသည် လတိုင်း၌ အနည်းဆုံး တစ်ရက်ပျောက်လျှက် နေတတ်သဖြင့် သာမန်အားဖြင့် လ၏ စခန်းကို နှစ်ဆယ့်ရှစ် ရှိသည်ဟူ၍သာ ဆိုစမှတ်ပြုကြသည်။ ဒဿနိက ပညာရှင်တို့ကမူ စခန်းတိုင်း၏ အမည်ကို ယင်းစခန်းတို့နှင့် တစ်ပြေးတည်းတွင် ရှိသည့် နက္ခတ်တာရာများကို အကြောင်းပြု၍ လိုက်ဖက်ညီအောင် ခေါ်ဝေါ်သုံးနှုန်းထားသည်။ အာရဗ်တို့၏ အမှောင်ခေတ်တွင်လည်း ထိုအမည်များကိုသာ အစွဲပြု၍ လ၏ခရီးစခန်းများကို သတ်မှတ်ခဲ့သည်။ သို့ရာတွင် ကျမ်းတော်မြတ်ကုရ်အာန်သည်ကား လူတို့သတ်မှတ် ခေါ်ဝေါ်သည့် အမည်များထက် များစွာမြင့်လျက်ရှိသည်။ ထို့ကြောင့် ကျမ်းမြတ်ကုရ်အာန်၌ လသွားရာ လမ်းကြောင်းများ၏ တစ်ခုနှင့်တစ်ခု အကွာအဝေးကို منزل ဟူ၍သာ ခေါ်ဆိုထားပေသည်။

حَتَّىٰ عَادَ كَالْعُرْجُونِ الْقَدِيمِ ﴿٣٩﴾

(နောက်ဆုံးတွင်မူ ထိုလမှာ ခြောက်သွေ့လျက်ရှိသော စွန်ပလွံကိုင်းကဲ့သို့ ပြန်၍ ဖြစ်လာလေ၏)

၌ လကုန်ခါနီးတွင်ဖြစ်သည့် လပုံစံကို ဖော်ပြထားသည်။ လပြည့်ဝန်းသည် တစ်ဖြည်းဖြည်း ဆုတ်ယုတ်သွားလျက် နောက်ဆုံးလေးကိုင်းသဖွယ် သေးကွေး၍ သွားလေသည်။ ယင်းကိုပင် အာရဗ်တို့၏ ပတ်ဝန်းကျင်အရ ခြောက်သွေ့လျက်ရှိသည့် စွန်ပလွံကိုင်းဖြင့် နှိုင်းထားခြင်းဖြစ်သည်။

وَكُلٌّ فِي فَلَكٍ يَسْبَحُونَ

(နေနှင့် လသည် မိမိတို့၏ လမ်းကြောင်း၌ အသီးသီး ကူးခတ်လျက်ရှိသည်။)

فَلَكٌ ၏ မူရင်းအဓိပ္ပာယ်သည် မိုးကောင်းကင်မဟုတ်။ နက္ခတ်တာရာတို့၏ သွားရာ လမ်းကို فَلَكٌ ဟု ခေါ်သည်။ လသည် မိုးကောင်းကင်၌ ကပ်လျက်ရှိသည်ဟု ယူဆခြင်းသည် မမှန်ပေ။ စင်စစ်မှာ

လသည် မိုးအောက်၌ လမ်းကြောင်းတစ်ခုအပေါ်ဝယ် လှုပ်ရှားလှည့်ပတ်လျက်ရှိသည်။ မျက်မှောက်ခေတ် အာကာသဆိုင်ရာ စူးစမ်းလေ့လာမှုများသည်လည်းကောင်း၊ လူသားတို့အနေဖြင့် လကမ္ဘာသို့ ရောက်ရှိသွားခြင်းသည်လည်းကောင်း၊ အထက်ဖော်ပြပါအဆိုကို ရာခိုင်နှုန်းပြည့် ထောက်ခံလျက်ရှိပေသည်။

وَآيَةٌ لَّهُمْ أَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِي الْفُلْكِ الْمَشْحُونِ وَخَلَقْنَا لَهُم مِّن مِّثْلِهِ مَا يَرْكَبُونَ

ဖော်ပြပါ အာယသ်တော်၌ သမုဒ္ဒရာနှင့် စပ်လျဉ်းသည့် တန်ခိုးတော်၏ သက်သေလက္ခဏာများကို ဖော်ပြလျက် ရှိသည်။ အလ္လာဟ်အသျှင်မြတ်သည် ကုန်အပြည့်တင်ထားသည့် သင်္ဘောအား အလွန်ဝေးလံသည့် ကြားမှုပင် ရေမျက်နှာပြင်အပေါ်၌ လှုပ်ရှားသွားလာလျက်ရှိစေသည်။ ယင်းသင်္ဘောသည် ဝန်လေးမှုကြောင့် ရေ၌မြုပ်သွားခြင်းမရှိဘဲ အလွန်ဝေးသည့် တိုင်းတပါးနိုင်ငံများသို့ ပို့ဆောင်ပေးသည်။

အာယသ်တော်၌ ၎င်းတို့၏ သားမြေးများအား သင်္ဘောပေါ်၌ တင်ဆောင်စီးနင်းစေတော်မူသည်ဟု ဖော်ပြထားသည်။ စင်စစ် စီးနင်းသူများကား ထိုသူတို့ပင်ဖြစ်သည်။ သားမြေးတို့၏ အကြောင်းကို တင်ပြထားခြင်းမှာ လူသားတို့အဖို့ သားမြေးများသည် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်ခြင်းကြောင့် ဖြစ်တန်ရာသည်။ အထူးသဖြင့် လူမမယ်အရွယ်တွင် သာပို၍ ဝန်ထုပ်ဝန်ပိုးဖြစ်လျက် ရှိသည်။ သို့ဖြစ်ပေရာ အာယသ်တော်၏ အလိုသဘောသည် ဤသို့ဖြစ်သည်။ အသင်တို့သည်သာ သင်္ဘောကို စီးနင်းကြသည် မဟုတ်။ အသင်တို့၏ သားမြေးများ၊ မသန်စွမ်းသူများ၊ ကုန်ပစ္စည်းများကိုလည်း သင်္ဘောသည် သယ်ဆောင်လျက် ရှိသည်။

وَخَلَقْنَا لَهُم مِّن مِّثْلِهِ مَا يَرْكَبُونَ

၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ လူသားတို့ အစီးအနင်းပြုရန်အတွက်လည်းကောင်း၊ ကုန်တင်ရန်အတွက်လည်းကောင်း၊ လှေ၊ သင်္ဘောများကိုသာ ပေးထားသည် မဟုတ်။ အလားတူ အခြားအစီးအနင်း မြောက်မြားစွာကိုလည်း ပြုလုပ်ပေးသနားတော်မူသည်။ ထိုအခြားအစီးအနင်းများနှင့် စပ်လျဉ်း၍ အာရဗ်လူမျိုးတို့၏ မိမိတို့နယ်မြေသဘာဝအရ ကုလားအုတ် ဟု ယူဆကြသည်။ အကြောင်းမှာ ၎င်းတို့အဖို့ ကုလားအုတ်သာလျှင် ဝန်အများဆုံး တင်ဆောင်နိုင်သည့် အစီးအနင်းဖြစ်သည်။ ထို့ကြောင့်ပင် အာရဗ်လူမျိုးတို့က ကုလားအုတ်အား سَفِينَةُ الْبَرِّ 'ကုန်းလမ်းခရီး၏ သင်္ဘော' ဟု တင်စားခေါ်ဝေါ်ကြပေသည်။

ကျမ်းမြတ်ကုရ်အာန်၌ လေယာဉ်ပျံနှင့် စပ်လျဉ်းသည့် ဖော်ပြမှု

ကျမ်းမြတ်ကုရ်အာန်၌ သင်္ဘောနှင့်တူသည့် အစီးအနင်းများဟူ၍သာ ပါရှိသည်။ သို့ရာတွင် မည်သည့် အစီးအနင်းမျိုးဖြစ်သည်ကို အတိအကျ ဖော်ပြထားခြင်း မရှိချေ။ သို့ဖြစ်၍ မည်သည့်အစီးအနင်းမျိုးပင် ဖြစ်စေကာမူ အာယသ်တော်၏ အလိုသဘော၌ အကျုံးဝင်လျက်ရှိပေသည်။ ဝန်တင်ဆောင်သည့် အစီးအနင်းဟူသမျှသည် مِّن مِّثْلِهِ مَا يَرْكَبُونَ ၌ ပါဝင်လျက်ရှိသည်။ မျက်မှောက်ခေတ် လေယာဉ်ပျံသည် مِّن مِّثْلِهِ ၏

အလိုသဘောနှင့် အကိုက်ညီဆုံးဖြစ်သည့် အစီးအနင်းဖြစ်သည်။ သင်္ဘောနှင့် နှိုင်းယှဉ် စံထိုးပြရန်အတွက်လည်း လေယာဉ်ပျံသည် အသင့်လျော်ဆုံးဖြစ်သည်။ အကြောင်းမှာ သင်္ဘောသည် ရေ၌ နစ်မြုပ်ခြင်း မရှိသကဲ့သို့ လေယာဉ်ပျံသည်လည်း လေထုအတွင်း၌ ပျံသန်းနေစဉ် မြေပေါ်သို့ ပြုတ်ကျလာခြင်း မရှိချေ။ ထို့ကြောင့်ပင် ကျမ်းမြတ်ကုရ်အာန်က مِّن مِّثْلِهِ مَا يَرْكَبُونَ ဟုဆို၍ စကားကို အရှင်ထားခဲ့ဟန် ရှိသည်။ သို့မှသာ ‘ကေယာမသ်’နေ့အထိ တီထွင်ပြုလုပ်မည့် အစီးအနင်းဟူသမျှသည် အာယသ်တော်၏ အလိုသဘော၌ အကျုံးဝင်လျက်ရှိမည် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا قِيلَ لَهُمُ اتَّقُوا مَا بَيْنَ أَيْدِيكُمْ وَمَا خَلْفَكُمْ لَعَلَّكُمْ تُرْحَمُونَ ﴿٤٥﴾

၃၆ : ၄၅ ။ ။ သို့ရာတွင် ၎င်းတို့အား ‘အသင်တို့သည် ကရုဏာပြုတော်မူခြင်း ခံကြရရန်အလို့ငှာ၊ မိမိတို့၏ ရှေ့မှောက်၌ရှိသော (အပြစ်ဒဏ်) ကိုလည်းကောင်း၊ မိမိတို့၏ နောက်၌ရှိသော (အပြစ်ဒဏ်) ကိုလည်းကောင်း ကြောက်ရွံ့စိုးရိမ်ကြလေကုန်’ ဟု ပြောဆိုခဲ့သောအခါ (၎င်းတို့သည် မျက်နှာလွှဲခဲ့ကြကုန်၏။)

وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلَّا كَانُوا عَنْهَا مُعْرِضِينَ ﴿٤٦﴾

၃၆ : ၄၆ ။ ။ စင်စစ် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်များအနက် အမိန့်တော်တစ်ပါးပါးသည် ၎င်းတို့ထံ ရောက်ရှိလာတိုင်းပင်၊ ၎င်းတို့သည် ယင်းအမိန့်တော်ဘက်မှ မျက်နှာလွှဲခဲ့ကြသည်သာ ဖြစ်၏။

وَإِذَا قِيلَ لَهُمْ أَنفِقُوا مِمَّا رَزَقَكُمُ اللَّهُ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا
أَنُطْعِمُ مَن لَّوْ يَشَاءُ اللَّهُ أَطْعَمَهُ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ مُّبِينٍ ﴿٤٧﴾

၃၆ : ၄၇ ။ ။ ထို့ပြင် ၎င်းတို့က ‘အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲလှူဒါန်းကြလေကုန်’ဟု ပြောဆိုသောအခါ ‘ကာဖိရ်’သွေဖည်ငြင်းပယ်သောသူတို့က ‘အလ္လာဟ်အသျှင်မြတ်သည် အကယ်၍ အလိုရှိတော်မူပါလျှင်၊ ကိုယ်တော်တိုင် ကျွေးမွေးတော်မူမည်ဖြစ်သော သူတို့အား ကျွန်ုပ်တို့က ကျွေးမွေးကြရမည်လော။ အသင်တို့သည် ထင်ရှားစွာသော လမ်းမှားမှု၌ ရှိနေကြသည်’ဟု မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ပြောဆို (မြေကြား) ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် မည်သည့်အခါဝယ် ၎င်းတို့အား ('သောင်ဟီးဒ်'၏ သက်သေလက္ခဏာများအား ငြင်းပယ်မှုကြောင့် ရရှိမည့် ပြစ်ဒဏ်များအကြောင်းကို တင်ပြ၍) အသင်တို့သည် ဂရုဏာပြုတော်မူခြင်း ခံကြရအံ့သောငှာ မိမိတို့၏ ရှေ့မှောက်၌ရှိသော ပြစ်ဒဏ် (ဤလောက၌ပင် ကျရောက်နိုင်သည့် ပြစ်ဒဏ်။ ဥပမာအနေဖြင့် အထက်ပါအာယသ်တော် وَإِنْ نَشَأْ نُغْرِقْهُمْ ၌ တင်ပြထားသကဲ့သို့ လှေသင်္ဘောမှ အန္တရာယ်ကင်း ဘေးမသီရန်မခ ပန်းတိုင်သို့ ပို့ဆောင်ပေးခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် ဆုံးဖြတ်ချက်အပေါ်၌ မူတည်သည်။ နစ်မြုပ်စေလိုက နစ်မြုပ်စေနိုင်သည်။ အချုပ်မှာ လောကဒွန္ဒယာ၌ပင် ရေနစ်စေခြင်း အပြစ်ဒဏ်ကျရောက်နိုင်သကဲ့သို့ အခြားသော 'အဇာဗ်' အပြစ်ဒဏ်များလည်း ကျရောက်နိုင်သည်။)၎င်းနောက် မိမိတို့၏ နောက်၌ရှိသော အပြစ်ဒဏ် (၎င်းသည် တမလွန်၌ စေကန်မလွဲ ခံစားရမည် ဖြစ်သည်) ကိုလည်းကောင်း၊ (အလိုသဘောမှာ 'သောင်ဟီးဒ်'တရားကို ငြင်းပယ်သည့်အတွက် အသင်တို့အပေါ်ဝယ် 'အဇာဗ်'အပြစ်ဒဏ်များ ကျရောက်လာမည်ဖြစ်သည်။ တမလွန်၏ အပြစ်ဒဏ်ဖြစ်စေ၊ လောကီ၏ အပြစ်ဒဏ်ဖြစ်စေ အသင်တို့သည် ၎င်းအပြစ်ဒဏ်များကို ကြောက်ရွံ့စိုးရိမ်ကြလေကုန်။ ၎င်းနောက် အီမာန်ယူကြလေကုန်။ သို့မှသာ အသင်တို့သည် ကရုဏာပြုတော်မူခြင်း ခံကြရရန်ဖြစ်သည်။) ကြောက်ရွံ့စိုးရိမ်ကြလေကုန်ဟု ပြောခဲ့သောအခါ (၎င်းတို့သည် မျက်နှာလွှဲခဲ့ကြကုန်၏။ ထိုမျှမက ၎င်းတို့၏ စိတ်နှလုံးသားသည် အဘယ်မျှ မာကျောလျက်ရှိသည်မူ) ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်များအနက် အမိန့်တော်တစ်ပါးသည် ၎င်းတို့ထံ ရောက်ရှိလာတိုင်းပင် ၎င်းတို့သည် ယင်းအမိန့်တော်ဘက်မှ မျက်နှာလွှဲခဲ့ကြသည်သာ ဖြစ်၏။ (၎င်းတို့သည် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်ခြင်း ပြုသော်လည်း တရားမရကြသည့်နည်းတူ ကုသိုလ်ရရှိမည့်အကြောင်း 'ဂျန္နသ်'သုခဘုံ၏ အကြောင်းကို ပြောပြလျှင်လည်း တရားမရကြချေ။) သို့ဖြင့် ၎င်းတို့အား (အသျှင်မြတ်၏ ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ အသိပေးကာ) အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ (အလ္လာဟ်အသျှင်မြတ် လမ်းတော်ဝယ် ဆင်းရဲသူဆင်းရဲသားများအဖို့) သုံးစွဲလှူဒါန်းကြလေကုန်ဟု ပြောဆိုသောအခါ ၎င်းကာဖိရ်တို့သည် (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်ဝယ် သုံးစွဲလှူဒါန်းရန် နှိုးဆော်သော) မုအ်မင်န်များအား (လှောင်ပြောင်သည့် သဘောမျိုးဖြင့်) အလ္လာဟ်အသျှင်မြတ်သည် အကယ်၍ အလိုရှိတော်မူပါလျှင် ကိုယ်တော်တိုင် ကျွေးမွေးတော်မူမည် ဖြစ်သည်။ ထိုသူတို့အား ကျွန်ုပ်တို့ ကျွေးမွေးကြရမည်လော။ အသင်တို့သည် ထင်ရှားစွာသော လမ်းမှားမှု၌ ရှိနေကြသည်ဟု ပြောဆို ဖြေကြားကြကုန်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်ခဲ့သည့် အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် စပ်လျဉ်းသည့် သက်သေလက္ခဏာများ၊ အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်များ၊ မိုး၊ မြေ၊ နေ၊ လ၊ နက္ခတ်တာရာတို့၌ ရှိသည့်

တန်ခိုးတော်၏ လက္ခဏာများကို ဖော်ပြ၍ အလ္လာဟ်အသျှင်မြတ်ဘက်သို့ လူသားတို့အား ဖိတ်ခေါ်ခဲ့ပေသည်။ ထိုဖိတ်ခေါ်မှုကို လက်ခံလျှင် 'ဂျန္နသ်'သုခဘုံကို ရရှိမည်ဖြစ်ကြောင်း၊ ငြင်းပယ်လျှင် ကြီးလေးသည့် ပြစ်ဒဏ်များကို ခံစားရမည်ဖြစ်ကြောင်းဖြင့် ဖော်ပြခဲ့သည်။

ဖော်ပြပါအာယသ်တော်များ၏ နောက်၌ တစ်ဆက်တည်းလာရှိသည့် အာယသ်တော်များတွင် မက္ကာဟ်မြို့ရှိ ကာဖိရ်တို့၏ အယူလွဲမှားမှုကို တင်ပြပြီး ၄င်းကာဖိရ်တို့အား ကုသိုလ်နှင့် မက်လုံးပြလျှင်လည်း အကျိုးမရှိ၊ ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်လျှင်လည်း မကြောက်ရွံ့ကြကြောင်းကို ဖော်ပြထားသည်။ ဤသည်နှင့်စပ်လျဉ်း၍ မွတ်စ္လင်မ်တို့သည် ၄င်းကာဖိရ်တို့အား စကားနှစ်ရပ်ကို ပြောဆိုခဲ့သည်။ မွတ်စ္လင်မ်တို့က ၄င်းတို့အား အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်ကြကုန်။ ယင်းပြစ်ဒဏ်များသည် အသင်တို့ သက်ရှိထင်ရှားရှိနေစဉ်လည်း ဆိုက်ရောက်လာနိုင်ပေသည်။ သေဆုံးပြီးနောက် တမလွန်တွင် ဆိုက်ရောက်လာမည်မှာကား ဧကန်မုချပင် ဖြစ်သည်။ အကယ်၍ အသင်တို့သည် ပြစ်ဒဏ်ကို ကြောက်၍ အီမာန်သက်ဝင် ယုံကြည်လိုက်လျှင် အသင်တို့အဖို့ အကျိုးရှိမည်ဟု ပြောဆိုခဲ့ပေသည်။

သို့ရာတွင် ၄င်းတို့သည် ထိုစကားများကို ကြားပြီးသည့်နောက်ပိုင်း၌ပင် မျက်နှာလွှဲခဲ့ကြပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ စာသား၌ မျက်နှာလွှဲခဲ့ကြကြောင်းကို အတိအလင်း မတင်ပြထားပေ။ အဘယ်ကြောင့်ဆိုသော် အရှေ့၌လာမည့် အာယသ်တော်၌ မျက်နှာလွှဲခဲ့ကြောင်းကို တင်ပြထားရာ ၄င်းမှ ဤအကြောင်းကိစ္စ၌လည်း မျက်နှာလွှဲခဲ့ကြောင်း အတည်ပြု သိရှိရသည်။ အရှေ့အာယသ်တော်၌ တင်ပြထားသည့် '၄င်းတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်များအနက် အမိန့်တော်တစ်ပါးပါးသည် ၄င်းတို့ထံ ရောက်ရှိလာတိုင်းပင် ၄င်းတို့သည် ယင်းအမိန့်တော်ဘက်မှ မျက်နှာလွှဲခဲ့ကြသည်သာ ဖြစ်၏' က သက်သေခံလျက် ရှိသည်။

မွတ်စ္လင်မ်တို့က ကာဖိရ်တို့အား ပြောကြားခဲ့သည့် ဒုတိယစကားရပ်သည် ဤမျှပင် ဖြစ်သည်။ မွတ်စ္လင်မ်တို့သည် ၄င်းကာဖိရ်တို့အား 'အသင်တို့သည် မရှိဆင်းရဲသားများအား ကူညီလှူဒါန်းကြကုန်' ဟု ပြောဆိုသောအခါ ၄င်းတို့က ပြက်ရယ်လှောင်ပြောင်သည့်သဘောဖြင့် 'အသင်တို့သည် ရိဇ္ဇာပေးသနားတော်မူသည့် အသျှင်သည် အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်သည်'ဟု ပြောဆိုလျက် ရှိသည်။ 'ထိုအသျှင်မြတ်က ၄င်းတို့အား ရိဇ္ဇာမပေးသည်ကို ကျွန်ုပ်တို့က မည်သို့ လုပ်ရမည်နည်း။ အသင်တို့က ကျွန်ုပ်တို့အား ရိဇ္ဇာပေးရန် တိုက်တွန်းလျက်ရှိသည်။ ဤသည်ကား အသင်တို့၏ လမ်းမှားမှုပင်ဖြစ်သည်။ အကြောင်းမှာ အသင်တို့သည် ကျွန်ုပ်တို့အား ရိဇ္ဇာပေးသည့်အသျှင်ဘဝသို့ တွန်းပို့လျက်ရှိခြင်းကြောင့်ပင်တည်း'ဟု ပြောဆိုခဲ့လေသည်။ အထက်ဖော်ပြပါ ကာဖိရ်တို့၏ ဆိုစကားဖြင့် ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား ရိဇ္ဇာပေးသနားတော်မူသည့် အသျှင်ဖြစ်သည်ကို လက်ခံကြောင်းသိရသည်။ သို့ရာတွင် ၄င်းတို့သည် ပြောင်လှောင်သည့် သဘောဖြင့် အလ္လာဟ်အသျှင်မြတ်သည် ရိဇ္ဇာပေးသနားတော်မူသော အသျှင် ဖြစ်သည့်အလျောက် ဆင်းရဲသူဆင်းရဲသားတို့အားလည်း ရိဇ္ဇာပေးသနားတော်မူမည်။ ကျွန်ုပ်တို့က အဘယ့်ကြောင့်

ပေးရသနည်း’ ဟု ဆိုခဲ့ပေသည်။ ထိုအသိဉာဏ်ကင်းမဲ့လှသည့် ကာဖိရ်တို့က ဆင်းရဲသားများအား လှူဒါန်းပေးကမ်းခြင်းကို အလ္လာဟ်အသျှင်မြတ်၏ ရိဇ္ဇာပေးသနားမှု ဂုဏ်ရည်နှင့် ဆန့်ကျင်လျက် ရှိသည်ဟု ယူဆခဲ့ကြပေသည်။ ၄င်းကာဖိရ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ဉာဏ်အမြော်အမြင် ကြီးမားလှသည့် အစဉ်အလာကို သဘောမပေါက်ကြချေ။ အလ္လာဟ်အသျှင်မြတ်သည် လူတစ်ဦးအား ရိဇ္ဇာပေးသနားတော်မူ၍ ထိုသူမှတစ်ဆင့် ဆင်းရဲသူဆင်းရဲသားများထံသို့ ရိဇ္ဇာကို ရောက်ရှိစေသည်။ သို့ဖြင့် လှူဒါန်းသူသည် ကုသိုလ်အကျိုးကို ရရှိပြီး၊ လက်ခံသူသည် ကျေးဇူးခံ ဖြစ်လာသည်။ ထိုနည်းဖြင့် အချင်းချင်းတို့ဝယ် ထောက်ထားညှာတာမှု ဖြစ်ပေါ်စေသည်။ သို့မှသာ သတ္တလောကကြီးသည် သာယာဝပြောမည် ဖြစ်သည်။ ကြွယ်ဝသူ၊ ဆင်းရဲသူအမျိုးမျိုး ရှိရမည်။ အကျိုးပေး အကျိုးခံစားရရှိမည်။ ကြွယ်ဝသူများသည် ဆင်းရဲသားများအား ပစ္စည်းပေး၍ ၄င်းတို့ထံမှ လုပ်အားကို ရယူသည်။ အနည်းဆုံး တမလွန်အတွက် ကုသိုလ်အကျိုးကို ရရှိကြသည်။ ဤသည်ကား အလ္လာဟ်အသျှင်မြတ်၏ အစဉ်အလာပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူလျှင် လူတို့အား တိုက်ရိုက်လည်း ရိဇ္ဇာပေးသနားတော်မူနိုင်စွမ်း ရှိကြသည်။ အခြားသတ္တဝါများအား ရိဇ္ဇာ တိုက်ရိုက် ပေးသနားတော်မူနေသည်။ အများပင် တွေ့ရှိကြလျက် ရှိပေသည်။ ဤနေရာ၌ မေးမြန်းဖွယ်ရာတစ်ခု ရှိပေသည်။ မွတ်စ္စလင်မ်သည် ‘အလ္လာဟ်အသျှင်မြတ်ကိုပင် မယုံကြည်သည့် ကာဖိရ်တို့အား အဘယ့်ကြောင့် လှူဒါန်းပေးကမ်းရန် တိုက်တွန်းခဲ့သနည်း။’ ဓမ္မသတ်ပညာရှင်တို့၏ အဆိုအရ ၄င်းတို့အနေဖြင့် ရှရီအသ်တရားတော်၏ အမိန့်တော်များကို လိုက်နာရန် တာဝန်မရှိချေ။ ထိုတာဝန်များသည် အီမာန်သက်ဝင် ယုံကြည်ပြီးနောက်ပိုင်းမှသာ ကျရောက်လာသည်။ အဖြေမှာ ဤသို့ ဖြစ်သည်။ ၄င်းတို့အား ထိုသို့ တိုက်တွန်းရခြင်းမှာ လူသားအချင်းချင်း ထောက်ထားညှာတာရန် အတွက်သာ ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٤٨﴾

၃၆ : ၄၈ ။ ။ ထို့ပြင် ၄င်းတို့က ‘အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြပါလျှင် ဤချိန်းဆို (ခြိမ်းခြောက်) ချက်သည် မည်သည့်အခါ၌ ဖြစ်မြောက်အံ့နည်း’ ဟု မေးမြန်းကြကုန်၏။

مَا يَنظُرُونَ إِلَّا صَيْحَةً وَاحِدَةً تَأْخُذُهُمْ وَهُمْ يَخِصِّمُونَ ﴿٤٩﴾

၃၆ : ၄၉ ။ ။ (စင်စစ်) ၄င်းတို့သည် မိမိတို့အား ဖမ်းဆီးကွပ်မျက်ရန်အလို့ငှာ၊ ပြင်းထန်စွာ ဟစ်အော်သံတစ်ခုကိုသာလျှင် စောင့်မျှော်၍ နေကြကုန်၏။ ထိုအခါ ၄င်းတို့သည် မိမိတို့အချင်းချင်း အငြင်းပွားလျက်ပင် ရှိကြပေမည်။

فَلَا يَسْتَطِيْعُوْنَ تَوْصِيَةً وَّلَآ إِلٰٓى أَهْلِهِمْ يَرْجِعُوْنَ ﴿٥٠﴾

၃၆ : ၅၀ ။ ။ သို့ဖြစ်ပေရာ ၎င်းတို့သည် တစ်စုံတစ်ရာသော သေတမ်းစကားကို မှာကြားနိုင်ကြမည်လည်း မဟုတ်ပေ။ မိမိတို့၏ အိမ်သူအိမ်သားတို့ထံ ပြန်သွားနိုင်ကြမည်လည်း မဟုတ်ပေ။

وَنُفِخَ فِى الصُّوْرِ فَإِذَا هُمْ مِّنَ الْأَجْدَاثِ إِلٰى رَبِّهِمْ يَنْسِلُوْنَ ﴿٥١﴾

၃၆ : ၅၁ ။ ။ ထို့ပြင် တံပိုးခရာ မှုတ်သောအခါ၊ ရုတ်တရက် ၎င်းတို့သည် သင်္ချိုင်းများမှ ထွက်၍ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်သို့ လျှင်မြန်စွာ လာကြပေမည်။

قَالُوْا يٰوَيْلَنَا مَنْۢ بَعَثَنَا مِنْ مَّرْقَدِنَا ۜ هٰذَا مَا وَعَدَ الرَّحْمٰنُ وَصَدَقَ الْمُرْسَلُوْنَ ﴿٥٢﴾

၃၆ : ၅၂ ။ ။ ၎င်းတို့က 'သြော်- ငါတို့သည် အကျိုးနည်းကြရလေခြင်း။ မည်သူသည် ငါတို့အား ငါတို့၏ အိပ်ယာမှ ထစေသနည်း' ဟု ပြောဆိုညည်းညူကြပေမည်။ (ထိုအခါ 'မလာအေ့ကာဟ်' ကောင်းကင်တမန်များက ဖြေကြားကြပေမည်) 'ဤသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင် ချိန်းချက်ထားတော်မူခဲ့သော ချိန်းဆိုချက်ပင် ဖြစ်၏။ စင်စစ် ရစူလ်တမန်တော်များသည် မှန်ကန်စွာ ပြောကြားခဲ့ကြပေသည်။'

إِنْ كَانَتْ إِلَّا صَيْحَةً وَّاحِدَةً فَإِذَا هُمْ جَمِيْعٌ لَّدَيْنَا مُحْضَرُوْنَ ﴿٥٣﴾

၃၆ : ၅၃ ။ ။ ယင်း (တံပိုးခရာမှုတ်ခြင်း) မှာ ပြင်းထန်စွာ ဟစ်အော်သံတစ်ခုမျှသာလျှင် ဖြစ်ပေမည်။ ထိုအခါ ရုတ်တရက် ၎င်းတို့အားလုံးသည် (တစ်ယောက်မကျန်) ငါအသျှင်မြတ်၏ ထံတော်သို့ ခေါ်ဆောင်လာခြင်းကို ခံကြရပေမည်။

فَالْيَوْمَ لَا تُظْلَمُ نَفْسٌ شَيْـًٔا وَّلَا تُجْزَوْنَ إِلَّا مَا كُنْتُمْ تَعْمَلُوْنَ ﴿٥٤﴾

၃၆ : ၅၄ ။ ။ သို့ရာတွင် ယနေ့ မည်သူတစ်ဦးတစ်ယောက်မျှပင် အနည်းငယ်စိုးစဉ်းမျှ မတရားပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။ ထို့ပြင် အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြသော အမှုကိစ္စတို့၏ အစားပေးခြင်းကိုသာလျှင် ခံကြရပေလိမ့်မည်။

إِنَّ أَصْحٰبَ الْجَنَّةِ الْيَوْمَ فِىْ شُغُلٍ فٰكِهُوْنَ ﴿٥٥﴾

၃၆ : ၅၅ ။ ။ ကေန်မလွဲ 'ဂျန္နသ်' သုခဘုံသားတို့သည် ယနေ့ (မိမိတို့၏) အရေးကိစ္စများ၌ မွေ့လျော်ရွှင်ပျော်လျက် ရှိကြပေမည်။

هُمْ وَأَزْوَاجُهُمْ فِىْ ظِلٰلٍ عَلَى الْأَرَآئِكِ مُتَّكِـُٔوْنَ ﴿٥٦﴾

၃၆ : ၅၆ ။ ။ ၎င်းတို့နှင့် ၎င်းတို့၏ ကြင်ရာကြင်ဖက်တို့သည် အရိပ်အာဝါသများအောက်တွင်၊ သလွန်များထက်ဝယ် မှီအုံးများကို မှီလျက် ထိုင်နေကြပေမည်။

لَهُمْ فِيهَا فَاكِهَةٌ وَلَهُمْ مَا يَدَّعُونَ ﴿٥٧﴾

၃၆ : ၅၇ ။ ။ ၎င်းတို့အဖို့ ယင်း 'ဂျန္နသ်' သုခဘုံ၌ (အမျိုးမျိုးသော) သစ်သီးဝလံများလည်း ရှိကြပေမည်။ ၎င်းတို့အဖို့ ၎င်းတို့ တောင့်တသမျှသော အရာများလည်း ရှိကြပေမည်။

سَلَامٌ قَوْلًا مِنْ رَبٍّ رَحِيمٍ ﴿٥٨﴾

၃၆ : ၅၈ ။ ။ ဖန်ဆင်းမွေးမြူတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ထံတော်မှ 'စလာမ်' (ချမ်းမြေ့သာယာမှု ရှိပါစေ) ဟူ၍ မိန့်ကြားတော်မူပေလိမ့်မည်။

وَامْتَازُوا الْيَوْمَ أَيُّهَا الْمُجْرِمُونَ ﴿٥٩﴾

၃၆ : ၅၉ ။ ။ ၎င်းပြင် (အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူပေမည်။) 'အို၊ အပြစ်ရှိသူအပေါင်းတို့၊ အသင်တို့သည် ယနေ့ တစ်သီးတစ်ခြား နေကြကုန်လော့။'

أَلَمْ أَعْهَدْ إِلَيْكُمْ يَا بَنِي آدَمَ أَنْ لَا تَعْبُدُوا الشَّيْطَانَ ۖ إِنَّهُ لَكُمْ عَدُوٌّ مُبِينٌ ﴿٦٠﴾

၃၆ : ၆၀ ။ ။ 'အို၊ အာဒမ်၏ သားသမီးအပေါင်းတို့၊ ငါအသျှင်မြတ်သည် အသင်တို့အား (စွဲစွဲမြဲမြဲ အစဉ်တစိုက်) သတိပေးတော်မူခဲ့သည် မဟုတ်လော။ အသင်တို့သည် ရှိုက်သွာန်အား ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။ စင်စစ်မလွဲ ထိုရှိုက်သွာန်သည် အသင်တို့၏ ထင်ရှားစွာသော ရန်သူပင် ဖြစ်ပေသည်။

وَأَنِ اعْبُدُونِي ۚ هَٰذَا صِرَاطٌ مُسْتَقِيمٌ ﴿٦١﴾

၃၆ : ၆၁ ။ ။ ထို့ပြင် အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ဤသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင် ဖြစ်၏။

وَلَقَدْ أَضَلَّ مِنْكُمْ جِبِلًّا كَثِيرًا ۖ أَفَلَمْ تَكُونُوا تَعْقِلُونَ ﴿٦٢﴾

၃၆ : ၆၂ ။ ။ ထို့ပြင် စင်စစ်အမှန် ထိုရှိုက်သွာန်သည် အသင်တို့အနက် မြောက်မြားစွာသော အဖန်ဆင်းခံတို့အား လမ်းလွဲစေခဲ့လေပြီ။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) မသိနားမလည်ခဲ့ကြလေသလော။

هَٰذِهِ جَهَنَّمُ الَّتِي كُنْتُمْ تُوعَدُونَ ﴿٦٣﴾

၃၆ : ၆၃ ။ ။ ဤသည် အသင်တို့ ကတိပေးချိန်းဆိုခြင်း ခံခဲ့ကြကုန်သော 'ဂျဟန္နမ်' ငရဲဘုံပင် ဖြစ်၏။

اِصْلَوْهَا الْيَوْمَ بِمَا كُنْتُمْ تَكْفُرُوْنَ ٦٤

၃၆ : ၆၄ ။ ။ အသင်တို့သည် မိမိတို့ မယုံမကြည် သွေဖည်ငြင်းပယ်လျက် ရှိခဲ့ကြသောကြောင့် ယနေ့ ထို 'ဂျဟန္နမ်' ငရဲဘုံသို့ လားကြကုန်လော့။

اَلْيَوْمَ نَخْتِمُ عَلٰٓى اَفْوَاهِهِمْ وَتُكَلِّمُنَآ اَيْدِيْهِمْ وَتَشْهَدُ اَرْجُلُهُمْ بِمَا كَانُوْا يَكْسِبُوْنَ ٦٥

၃၆ : ၆၅ ။ ။ ယနေ့ ငါအသျှင်မြတ်သည် ၎င်းတို့၏ နှုတ်များအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူမည်။ ထို့ပြင် ၎င်းတို့၏ လက်များသည် ငါအသျှင်မြတ်နှင့် စကားပြောဆိုကြပေမည်။ ထို့ပြင် ၎င်းတို့၏ ခြေများသည် ၎င်းတို့ ပြုလုပ်ဆည်းပူးခဲ့သမျှ တို့ကို သက်သေခံကြပေမည်။ (တစ်နည်း) ထိုအခါ ၎င်းတို့ ဆည်းပူးခဲ့သမျှတို့ကို၊ ၎င်းတို့၏ လက်များက ငါအသျှင်မြတ်အား လျှောက်ထားကြ၍ ၎င်းတို့၏ ခြေများက သက်သေခံကြပေမည်။

وَلَوْ نَشَآءُ لَطَمَسْنَا عَلٰٓى اَعْيُنِهِمْ فَاسْتَبَقُوا الصِّرَاطَ فَاَنّٰى يُبْصِرُوْنَ ٦٦

၃၆ : ၆၆ ။ ။ စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် (လူ့လောက၌ပင်) ၎င်းတို့၏ မျက်စိများကို ကွယ်ပျောက်စေ (၍ ရုပ်ပျက်ဆင်းပျက် ပြုလုပ်) တော်မူခဲ့ပေမည်။ ထိုအခါ ၎င်းတို့သည် လမ်းသို့ ပြေးကြပေမည်။ သို့ရာတွင် ၎င်းတို့သည် အဘယ်မှာလျှင် မြင်ကြပေမည်နည်း။

وَلَوْ نَشَآءُ لَمَسَخْنٰهُمْ عَلٰى مَكَانَتِهِمْ فَمَا اسْتَطَاعُوْا مُضِيًّا وَّلَا يَرْجِعُوْنَ ٦٧

၃၆ : ၆၇ ။ ။ ထိုနည်းတူစွာ အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့၏ နေရာ၌ပင် ၎င်းတို့အား ပုံပန်းသဏ္ဍာန် ပြောင်းလဲပစ်တော်မူခဲ့ပေမည်။ ထိုအခါ ၎င်းတို့သည် ရှေ့သို့ သွားနိုင်ကြမည်လည်း မဟုတ်ပေ။ နောက်သို့ ပြန်လာနိုင်ကြမည်လည်း မဟုတ်ပေ။

وَمَنْ نُّعَمِّرْهُ نُنَكِّسْهُ فِى الْخَلْقِ ۭ اَفَلَا يَعْقِلُوْنَ ٦٨

၃၆ : ၆၈ ။ ။ စင်စစ် ငါအသျှင်မြတ်သည် သက်ရှည်ကြီးရင့် အိုမင်းစေတော်မူသော သူအား၊ ၎င်း (ဘဝသက်တမ်း) ၏ ဖန်ဆင်းမှု၌ ပြောင်းပြန် ဖြစ်စေတော်မူ၏။ သို့ပါလျက် ၎င်းတို့သည် (ဤမျှပင်) မသိနားမလည်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ၎င်းကာဖိရ်တို့သည် (တမန်တော်မြတ် ﷺ နှင့် ၎င်း၏ နောက်လိုက်များအား ငြင်းပယ်သည့်သဘောဖြင့်) အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြလျှင် ဤချိန်းဆိုချက် ('ကေယာမသ်' နေ့ ရောက်ရှိလာမည့် ချိန်းဆိုချက်) သည် မည်သည့်အခါ၌ ဖြစ်မြောက်အံ့နည်းဟု မေးမြန်းကြကုန်၏။

(အလ္လာဟ်အသျှင်မြတ်က ၄င်းတို့သည် ယင်းသို့ မကြာခဏ မေးမြန်းနေခြင်းမှာ အခြားအကြောင်းများကြောင့် မဟုတ်။) စင်စစ်သော်ကား ၄င်း (ကာဖိရ်) တို့သည် မိမိတို့အား ဖမ်းဆီးကွပ်မျက်အံ့သော ပြင်းထန်စွာ ဟစ်အော်သံ (ပဌမအကြိမ် ခရာမှုတ်သံ) တစ်ခုကိုသာလျှင် စောင့်မျှော်၍ နေကြကုန်၏။ ထိုအခါ ယင်းတို့သည် မိမိတို့အချင်းချင်း (ဖြစ်ရိုးဖြစ်စဉ်အတိုင်း) အငြင်းပွားလျက် ရှိကြပေမည်။ (သို့ဖြစ်ပေရာ ၄င်းတို့သည် ထိုဟစ်အော်သံကြောင့် တမဟုတ်ချင်း အသက်ဇီဝိန် ချုပ်ငြိမ်းသွားကြမည်ဖြစ်ရာ) တစ်စုံတစ်ရာသော သေတမ်းစကားကို မှာကြားနိုင်ကြမည်လည်း မဟုတ်ပေ။ မိမိတို့၏ အိမ်သူအိမ်သားတို့ထံ ပြန်သွားနိုင်ကြမည်လည်း မဟုတ်ပေ။ (မိမိတို့ ရှိရင်းစွဲ အနေအထား၌ပင် သေကြေပျက်စီးကုန်ကြမည်။)

ထို့ပြင် (ဒုတိယအကြိမ်) တံပိုးခရာမှုတ်သောအခါ ရုတ်တရက် ၄င်းတို့သည် သင်္ချိုင်းများမှ ထွက်၍ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ (အစစ်ဆေးခံရမည့် နေရာသို့) လျင်မြန်စွာ လာကြပေမည်။ (ထိုနေရာ၏ ကြောက်ခမန်းလိလိ ဖြစ်ရပ်များကို မြင်တွေ့ကြရလေသောအခါ) ၄င်းတို့က 'သြော်- ငါတို့သည် အကျိုးနည်းကြရလေခြင်း၊ မည်သူသည် ငါတို့အား ငါတို့၏ သင်္ချိုင်းများမှ ထစေသနည်း။' (ဤနေရာနှင့် ယှဉ်လျှင် သင်္ချိုင်းကပင် ကောင်းပေသေးသည်။) ထိုအခါ ကောင်းကင်တမန်များက ဤသို့ ပြောကြားကြပေမည်။) ဤ 'ရဟ်မာန်'ကရုဏာတော်ရှင်၏ ချိန်းချက်ထားတော်မူခဲ့သော ချိန်းဆိုချက်ပင် ဖြစ်၏။ ('ကေယာမသ်'နေ့ပင် ဖြစ်၏) စင်စစ် ရစူလ်တမန်တော်များသည် မှန်ကန်စွာ ပြောကြားခဲ့ကြပေသည်။ (သို့ရာတွင် အသင်တို့သည် လက်မခံခဲ့ကြချေ။) ယင်းဒုတိယအကြိမ် တံပိုးခရာမှုတ်ခြင်းသည်လည်း ပဌမအကြိမ် မှုတ်ခဲ့သည့်နည်းတူ) ပြင်းထန်စွာ ဟစ်အော်သံတစ်ခုမျှသာ ဖြစ်ပေသည်။ ထိုအခါ ရုတ်တရက် ၄င်းတို့အားလုံးသည် ငါအသျှင်မြတ်ထံတော်သို့ ခေါ်ဆောင်လာခြင်းကို ခံကြရပေမည်။ (ပဌမအကြိမ် တံပိုးခရာမှုတ်ချိန်တွင် လျင်မြန်စွာ လာကြရပေမည်ဟု တင်ပြထားပြီး ဤဒုတိယအကြိမ်၌ ရောက်ရှိစေမည်ဟု တင်ပြထားသည်။ ဤ 'လာခြင်း၊ ရောက်ရှိခြင်း'တို့သည် အတင်းအကြပ် ချုပ်ကိုင်ထားသည့် ပုံစံမျိုးဖြင့်ဖြစ်မည်။ ဤသည်ကို ကျမ်းတော်မြတ်ကုရ်အာန်၏ مُحْضَرُونَ နှင့် وَجَاءَتْ كُلُّ نَفْسٍ مَّعَهَا سَائِقٌ ဟူသော စာသားများမှ သိရှိရသည်။)

သို့ရာတွင် ယနေ့သော်ကား မည်သူတစ်ဦးတစ်ယောက်မျှပင် အနည်းငယ် စိုးစဉ်းမျှ မတရားပြုလုပ်ခြင်းကို ခံရမည် မဟုတ်ပေ။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့ကျင့်မူခဲ့ကြသော (သွေဖည်ငြင်းပယ်မှုအစရှိသည့်) အမှုကိစ္စတို့၏ အစားပေးခြင်းကိုသာလျှင် ခံကြရပေမည်။ (ဤသည်ကား ငရဲသားတို့၏ ဖြစ်ရပ်ပင်တည်း။ 'ဂျန္နသ်'သုခဘုံသားတို့သည် ယနေ့ (မိမိတို့၏) အရေးကိစ္စများ၌ မွေ့လျော်ရွှင်ပျော်ကြလျက် ရှိကြပေမည်။ ၄င်းတို့နှင့် ၄င်းတို့၏ ကြင်ရာကြင်ဖက်တို့သည် အရိပ်အာဝါသများအောက်တွင် သလွန်များထက်ဝယ် မှီအုံးများကို မှီအုံးလျက် ထိုင်နေကြပေသည်။ ၄င်းတို့အဖို့ ယင်း (ဂျန္နသ်သုခဘုံ) ၌ (အမျိုးမျိုးသော) သစ်သီးဝလံများလည်း ရှိပေသည်။ ၄င်းတို့အဖို့ ၄င်းတို့ တောင့်တသမျှသော အရာများသည်လည်း ရှိကြပေမည်။ ဖန်ဆင်းမွေးမြူတော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်

ထံတော်မှ 'စလာမ်'ချမ်းမြေ့သာယာမှုရှိပါစေ) ဟူ၍ မိန့်ကြားတော်မူအံ့သတည်း။ (အလ္လာဟ်အသျှင်မြတ်က အမိန့်ရှိပေမည်။)

ထို့နောက် (ငရဲသားတို့အား နိဂုံးချုပ်အနေဖြင့် ဤသို့အမိန့်ရှိတော်မူမည်။) 'အို၊ ('ကုဖွ်ရ်'အမှုကို ကျူးလွန်ခဲ့ကြသူ) အပြစ်ရှိသူအပေါင်းတို့၊ အသင်တို့သည် ယနေ့ (အီမာန်သက်ဝင်ယုံကြည်သူများနှင့်) တစ်သီးတစ်ခြား နေကြကုန်လော့။' (အကြောင်းမှာ ထိုမုအ်မင်နဲတို့အား 'ဂျန္နသ်'သုခဘုံသို့ ပို့ဆောင်မည် ဖြစ်ပြီး အသင်တို့ကိုမူကား အပါယ်ငရဲဘုံသို့ ပို့ဆောင်မည်ဖြစ်သည်။ ထို့နောက် ၎င်းတို့အား အပြစ်တင်သည့်အနေဖြင့် အမိန့်ရှိသည်မှာ) 'အို၊ အာဒမ်၏ သားသမီးအပေါင်းတို့၊ (ထိုနည်းတူးစွာ 'ဂျင်န်'များကို အမိန့်ရှိမည် ဖြစ်သည်။ ၎င်းကို အာယသ်တော်တစ်ပါးဖြစ်သော يَـمَعۡشَرَ ٱلۡجِنِّ وَٱلۡإِنسِ က ညွှန်ပြလျက် ရှိသည်။) ငါအသျှင်မြတ်သည် အသင်တို့အား ကြပ်ကြပ် သတိပေးခဲ့သည် မဟုတ်လော။ အသင်တို့သည် ရှိုက်သွာန်အား ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။ ဧကန်မလွဲ ထိုရှိုက်သွာန်သည် အသင်တို့၏ ထင်ရှားသော ရန်သူပင် ဖြစ်ပေသည်။ ထို့ပြင် အသင်တို့သည် ငါအသျှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ဤသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းဖြစ်၏။ (ဆည်းကပ်ကိုးကွယ်ခြင်းဟူသည်မှာ ကျိုးနွံခြင်းကို ဆိုလိုသည်။)

ထို့ပြင် (အသင်တို့သည် ရှိုက်သွာန်နှင့် စပ်လျဉ်း၍ ဤသည်ကိုလည်း သိရှိခဲ့ပြီးဖြစ်သည်။) မချွတ်မလွဲ ထိုရှိုက်သွာန်သည် အသင်တို့အနက် မြောက်မြားစွာသော အဖန်ဆင်းခံတို့အား လမ်းလွဲစေခဲ့လေပြီ။ (ထိုလမ်းလွဲမှုကြောင့် ရှေးလူမျိုးများ ခံစားခဲ့ရသည့် အပြစ်ဒဏ်အကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်သည်) သို့ပါလျက် အသင်တို့သည် (ဤမျှပင်) မသိနားမလည်ခဲ့ကြသလော။ (အကယ်၍ ကျွန်ုပ်တို့သည်လည်း ၎င်းတို့ကဲ့သို့ပင် လမ်းလွဲခဲ့လျှင် ထိုအတိုင်း ပြစ်ဒဏ်ခံစားရမည်ကို မသိကြလေသလော။)

ဤသည် အသင်တို့ကို ('ကုဖွ်ရ်'အမှုအပေါ်) ကတိပေးချိန်းဆိုခြင်း ခံခဲ့ကြကုန်သော 'ဂျဟန္နမ်' ငရဲဘုံပင် ဖြစ်၏။ ယနေ့ ထို 'ဂျဟန္နမ်'ငရဲဘုံသို့ မိမိတို့၏ သွေဖည်ငြင်းပယ်မှုကြောင့် လားကြလေကုန်။ ယနေ့ ငါအသျှင်မြတ်သည် ၎င်းတို့၏ နှုတ်များအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူမည်။ (၎င်းတို့သည် မုသားပြောဆို၍ ဆင်ခြင်ပေး ပြောဆိုနိုင်တော့မည် မဟုတ်ချေ။) ထို့ပြင် ၎င်းတို့၏ လက်များသည် ငါအသျှင်မြတ်နှင့် စကားပြောဆိုကြပေမည်။ ထို့ပြင် ၎င်းတို့၏ ခြေများသည် ၎င်းတို့ ပြုလုပ်ဆည်းပူးခဲ့သမျှတို့ကို သက်သေခံကြပေမည်။ (ဖော်ပြပါ ပြစ်ဒဏ်သည်ကား တမလွန်နှင့် သက်ဆိုင်၏။) ၎င်းနောက် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် (လူ့လောက၌ပင် ၎င်းတို့၏ 'ကုဖွ်ရ်'အမှုအပေါ်) ၎င်းတို့၏ မျက်စိများကို ကွယ်ပျောက်စေတော်မူခဲ့ပေမည်။ (စက္ခုအာရုံကိုလည်းကောင်း (သို့) မျက်စိအင်္ဂါ တစ်စုံလုံးကို ကွယ်ပျောက်စေတော်မူမည်။) ထိုအခါ ၎င်းတို့သည် လမ်းသို့ ပြေးကြပေမည်။ သို့ရာတွင် ၎င်းတို့သည် အဘယ်မှာလျှင် မြင်ကြပေမည်နည်း။ (တမန်တော်လူးသွ် عَلَيْهِ ٱلسَّلَامُ ၏ အမျိုးသားများအပေါ် အဆိုပါပြစ်ဒဏ်မျိုး ကျရောက်ခဲ့ဖူးသည်။) အာယသ်တော်တစ်ပါးဖြစ်သော

فَطَمَسْنَآ اَعْيُنَهُمْ

(ငါအသျှင်မြတ်သည် ၎င်းတို့၏ မျက်စိများကို ကန်းစေတော်မူခဲ့၏။) [၃၆ : ၃၇]

ထို့ပြင် (ထို့ထက်ပို၍) ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့၏ နေရာ၌ပင် (၎င်းတို့၏ သွေဖည်မှုကြောင့်) ၎င်းတို့အား ပုံပန်းသဏ္ဍာန် ပြောင်းလဲစေတော်မူခဲ့ပေမည်။ (ဥပမာ- ရှေးလူမျိုးများမှ အချို့သည် မျောက်ဖြစ်သွားပြီး အချို့သည် ဝက်ဖြစ်ခဲ့ဖူးသည်။) ထိုအခါ ၎င်းတို့သည် ရှေ့သို့ သွားနိုင်ကြမည်လည်း မဟုတ်။ နောက်သို့ ပြန်လာနိုင်မည်လည်း မဟုတ်ပေတကား၊ (ပုံပန်းသဏ္ဍာန် ပြောင်းလဲစေခြင်းခံရပြီး၊ တိရစ္ဆာန်ဖြစ်သွားမည့်အပြင် မသန်စွမ်းသည့် တိရစ္ဆာန်အဖြစ်သို့ ရောက်ရှိမည်ဖြစ်ရာ မိမိနေရာမှ ရွေ့လျားနိုင်တော့မည်မဟုတ်ချေ။ ထိုသို့ မျက်စိများကို ကွယ်ပျောက်စေခြင်းနှင့် ပုံပန်းသဏ္ဍာန် ပြောင်းလဲခြင်းခံရမည်နှင့် စပ်လျဉ်း၍ အံ့သြခြင်း မဖြစ်ကြကုန်လင့်။ ဤသည်နှင့်စပ်လျဉ်း၍ ငါအသျှင်မြတ်၏ တန်ခိုးဂုဏ်တော်ဖြင့် ပေါ်လွင်စေသော ဖြစ်ရပ်တစ်ခုက ၎င်းကို ထောက်ခံလျက် ရှိနေပေသည်။)

ငါအသျှင်မြတ်သည် သက်ရွယ်ကြီးရင့် အိုမင်းစေတော်မူသော သူအား ၎င်း၏ သဘာဝဖြစ်ရပ်နှင့် ပြောင်းပြန်ဖြစ်စေတော်မူ၏။ (သဘာဝပြောင်းပြန်ဖြစ်စေခြင်းဟူသည်မှာ အသိတရား ကြားနိုင်စွမ်း၊ မြင်နိုင်စွမ်း၊ ရုပ်ရည်ရူပကာ အစရှိသည်တို့ ပြောင်းပြန်ဖြစ်သွားမည်ကို ဆိုလိုခြင်းဖြစ်သည်။ အမြင့်မှ အနိမ့်သို့ အကောင်းမှ အဆိုးသို့ သက်ဆင်း အပြောင်းအလဲဖြစ်စေခြင်းကိုပင် ပြောင်းပြန်ဖြစ်စေသည်ဟု ဆိုထားခြင်းဖြစ်သည်။ သို့ရှိရာ ဤသည်တို့သည်လည်း ပြည့်စုံမှုမှ ချို့ယွင်းမှုဘက်သို့ သက်ဆင်းစေခြင်းသည်လည်း ပြောင်းလဲခြင်းတစ်မျိုးပင် ဖြစ်သည်။) သို့ပါလျက် ၎င်းတို့သည် (ဤသည်တို့ကို တွေ့ရှိလျက်ပင်) မသိနားမလည်ကြလေသလော။ (အရာတစ်ခုကို ပြောင်းလဲစေနိုင်စွမ်းရှိသော အသျှင်မြတ်သည် အရာရာကို ပြောင်းလဲစေနိုင်စွမ်း ရှိတော်မူသည်။ သို့ရှိရာ ၎င်းတို့အနေနှင့် ၎င်းအကြောင်းအရာကို ထောက်ရှု၍ စိုးရိမ်ကြောက်ရွံ့ကာ 'ကုဖွ်ရ်' လုပ်ရပ်များကို စွန့်လွှတ်သင့်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

مَا يَنْظُرُوْنَ اِلَّا صَيْحَةً وَّاحِدَةً

ဤသည် ကာဖိရ်၊ မွတ်စ္စလင်မ်များအား ပြောင်လှောင်သည့် သဘောဖြင့် ပြောဆိုနေသည့် 'ကေယာမသ်' နေ့ဟူသည်မှာ မည်သည့်ခုနှစ်၊ မည်သည့်ရက်တွင် ဖြစ်မြောက်မည်နည်းဟု မေးမြန်းသည်ကို ပြောဆိုထားခြင်း ဖြစ်သည်။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ

၎င်းတို့သည် အမှန်တကယ် သိလို၍ မေးမြန်းခဲ့ခြင်း မဟုတ်။ ပြောင်လှောင်သည့် သဘောဖြင့်သာ မေးမြန်းခဲ့ခြင်း ဖြစ်သည်။ အကယ်၍ ဆိုကြပါစို့။ ၎င်းတို့၏ မေးမြန်းမှုသည် အမှန်တကယ်ကို သိလို၍

မေးမြန်းခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြပါလျှင်လည်း အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်၏ တောင်းဆိုမှုမှာ 'ကေယာမသ်'ဖြစ်မည့် ခုနှစ်၊ ရက်၊ လ အပြည့်အစုံ၏ အတိအကျရက်ကို မည်သူ့ကိုမျှ ပေးရန်မရှိ။ 'ကေယာမသ်'နေ့ ဖြစ်မြောက်မည့်နေရက် အတိအကျကို ရစူလ်တမန်တော်တို့ကိုပင် အသိမပေးခဲ့ပေ။ သို့ဖြစ်ပါ၍ ထိုအသိခေါင်းပါးသူတို့၏ မေးမြန်းမှုသည် အမှန်တကယ် သိလို၍ မေးမြန်းခြင်းဖြစ်ပါလျှင်လည်း ၎င်းတို့၏ မေးမြန်းမှုသည် အလဟဿ အချည်းအနှီး အကျိုးမဲ့မေးခွန်း ဖြစ်နေရာ ၎င်းတို့အား အဖြေပေးရာ၌ 'ကေယာမသ်'ဖြစ်မည့် နေ့ရက်၊ လ၊ ခုနှစ်ကို အတိအကျ မတင်ပြဘဲ ၎င်းတို့အား သတိပေး အမိန့်ရှိသည်မှာ မလွဲမသွေ ဖြစ်ပေါ်ရောက်ရှိလာမည့် အရာနှင့် ပတ်သက်၍ အသိဉာဏ်ရှိသူ၏ ဆောင်ရွက်ချက်မှာ ၎င်းကိစ္စအတွက် အစီအစဉ်ပြုလုပ် အသင့်ပြင်ထားရန်သာ ဖြစ်၏။ မည်သည့်အချိန်၊ မည်သည့်နေ့၊ မည်သည့်ရက်တွင် ဖြစ်မည်နည်းဆိုသည့် မေးခွန်းနောက်သို့ လိုက်၍ အချိန်မဖြုန်းရန်ပင် ဖြစ်၏။ ဦးနှောက်အသိဉာဏ်ကလည်း 'ကေယာမသ်'ဖြစ်မည်ဆိုသည်ကို သိရှိရပြီးနောက် ၎င်းအပေါ် အီမာန်ယူ သက်ဝင်ယုံကြည်ကာ ၎င်း 'ကေယာမသ်'ဖြစ်ပြီး ရောက်ရှိမည့် နေရာဌာနတွင် အောင်မြင်မှုပေးမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် တောင်းဆိုလျက် ရှိသည်။ သို့သော်လည်း ၎င်းသူတို့သည် မိမိတို့၏ မေ့လျော့ ဂရုမမူမှုတွင် နစ်မွန်းလျက်ရှိ၏။ 'ကေယာမသ်'ဖြစ်ပေါ်လာပြီးမှ စဉ်းစားမည်ဟု မျှော်လင့်စောင့်စားနေပုံရ၏။ ဤအတွက်ကြောင့်ပင် ၎င်းတို့သည် 'ကေယာမသ်'ကို စောင့်မျှော်လျက် ရှိနေကြသည်ဟု အမိန့်ရှိထားခြင်းဖြစ်သည်။ ၎င်းနောက် 'ကေယာမသ်'နေ့၏ အခြေအနေမှာမူ ၎င်းသည် ပြင်းထန်လှသော ဟစ်အော်သံ တံပိုးခရာသံတစ်ခုသာလျှင် ဖြစ်မည်။ ၎င်းပြင်းထန်လှစွာသော အသံသည် ၎င်းတို့အားလုံးကို ဤကဲ့သို့ ရုတ်တရက် ဖမ်းဆီးကွပ်မျက်လိုက်မည်။ လူတို့သည် မိမိတို့၏ အလုပ်အကိုင်များ၊ အရှုပ် အရှင်းများကြားဝယ် ရှိနေလိမ့်မည်။ အားလုံးသောသူတို့သည် ထိုအခြေအနေ၌ပင် သေကြေပျက်စီးကြရပေလိမ့်မည်။

ဟဒီးစ်တော်တစ်ပါး၌ လာရှိသည်မှာ လူနှစ်ဦးသည် အဝတ်စတစ်စ၏ အရောင်းအဝယ်၌ နစ်မွန်းနေမည်။ အဝတ်စကို မိမိတို့၏ အရှေ့၌ ဖြန့်၍ ထားပေမည်။ ထိုစဉ် ရုတ်တရက် 'ကေယာမသ်'ဆိုက်ရောက်လာမည်။ အဝတ်စကိစ္စကိုပင် ပြီးပြတ်အောင် လုပ်နိုင်တော့မည်မဟုတ်ပေ။ လူတစ်ဦးသည် ရေကန်ငယ်ကို ရွှံ့များ လိမ်းကျံ ဖာထေး ပြုပြင်လျက်ရှိမည်။ ၎င်းသည်လည်း ထိုအခြေအနေ၌ပင် သေကြေပျက်စီးသွားပေလိမ့်မည်။

[ကုရ်သုဗီကျမ်း]

لَا يَسْتَطِيعُوْنَ تَوْصِيَةً وَّلَآ اِلَىٰٓ اَهْلِهِمْ يَرْجِعُوْنَ

ထိုအခါ စုရုံးရောက်ရှိနေသူများသည် အချင်းချင်း မည်သည့်အလုပ်ကိစ္စနှင့်မျှ စပ်လျဉ်း၍ မှာတမ်းစကား ပြောဆိုနိုင်ကြလိမ့်မည် မဟုတ်ချေ။ အိမ်အပြင်သို့ ရောက်ရှိရသူများသည်လည်း မိမိတို့အိမ်များသို့ ပြန်လည်ရောက်ရှိရန် အချိန်ရတော့မည်မဟုတ်ချေ။ ရောက်ရှိနေသည့်နေရာ၌ပင် သေကြေပျက်စီး ကြကုန်ပေမည်။ ဤသည် 'ကေယာမသ်'နေ့၌ ပထမအကြိမ် တံပိုးခရာမှုတ်မည့်အခါ၌ ဖြစ်ပျက်မည့် ဖြစ်ရပ်များ

သည် ထိုသို့ ပထမအကြိမ် တံပိုးခရာမှုတ်ခြင်းကြောင့် စကြဝဠာတွင်းရှိ ရှိရှိသမျှတို့သည် ပျက်စီးသွားပေမည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်က ဆက်လက်၍ မိန့်တော်မူသည်မှာ-

وَنُفِخَ فِي الصُّوْرِ فَاِذَاهُمْ مِّنَ الْاَجْدَاثِ اِلٰى رَبِّهِمْ يَنْسِلُوْنَ

اجداث ဟူသော စာလုံးသည် **جدث** ပုဒ်၏ အများကိန်းဖြစ်သည်။ သင်္ချိုင်းဟူ၍ အဓိပ္ပာယ်ရသည်။ **ينسلون** သည် **نسلان** ဟူသည့်ပုဒ်မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ အလျင်အမြန် လျှောက်ခြင်းဟူ၍ ဖြစ်သည်။ ပမာအားဖြင့် အခြားအာယသ်တော်တစ်ပါးတွင် လာရှိသည်မှာ

يَخْرُجُوْنَ مِنَ الْاَجْدَاثِ سِرَاعًا

(၄င်းသူတို့သည် မိမိတို့၏ 'ကဗရ်'များအတွင်းမှ အလျင်စလို ထွက်လာကြပေလိမ့်မည်) ဟူ၍ဖြစ်သည်။ ဤသည် အခြားအာယသ်တော်တစ်ပါးဖြစ်သော

فَاِذَا هُمْ قِيَامٌ يَّنْظُرُوْنَ

(၄င်းတို့မှာ ရုတ်တရက် မတ်တတ်ရပ်လျက် ကြည့်နေကြပေမည်။) [၃၉ : ၆၈]

နှင့် ဆန့်ကျင်မနေပါ။ အဘယ်ကြောင့်ဆိုသော် အစပထမ၌ အံ့သြမှင်သက်ပြီး မတ်တတ်ရပ်လျက်ကြည့်နေကြပေမည်။ ထို့နောက်မှ 'ဟရှရ်'ကွင်းပြင်သို့ အလျင်အမြန် အပြေးသွားပေလိမ့်မည်။ ဤသည်တွင် မည်သည့်ဆန့်ကျင်ခြားနားခြင်းမျှ မရှိပါ။ ၄င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များမှ သိရှိရသည်မှာ ကောင်းကင်တမန်များသည် ၄င်းတို့အား ဟစ်ခေါ်၍ 'ဟရှရ်'ကွင်းပြင်သို့ ခေါ်ဆောင်သွားမည်။ ၄င်းမှ သိရှိရသည်မှာ ကာဖိရ်များ၏ 'ဟရှရ်'ကွင်းပြင်သို့ စုရုံးရောက်ရှိမှုမှာ ၄င်းတို့၏ သဘောတူညီမှုနှင့် ဖြစ်မည်မဟုတ်။ သို့သော်မက အကြပ်ကိုင် အဓမ္မပုံစံမျိုးဖြင့် ဖြစ်မည်။ ကောင်းကင်တမန်များ၏ ဟစ်ခေါ်နေခြင်းကြောင့် အပြေးအလွှား 'ဟရှရ်'ကွင်းပြင်သို့ စုရုံး ရောက်ရှိကြမည်ဖြစ်သည်။

قَالُوْا يٰوَيْلَنَا مَنْ بَعَثَنَا مِنْ مَّرْقَدِنَا

ကာဖိရ်တို့သည် သင်္ချိုင်း၌လည်း ပြစ်ဒဏ်များကို ခံစားခဲ့ရပေသည်။ သို့ရာတွင် 'ကေယာမသ်'နေ့၏ ပြစ်ဒဏ်နှင့် ယှဉ်လျှင် သင်္ချိုင်း၌ ခံစားခဲ့ရသည့် ပြစ်ဒဏ်များသည် ၄င်းတို့အဖို့ မပြောပလောက်ချေ။ ထို့ကြောင့် ၄င်းတို့က 'ငါတို့အား မည်သူက သင်္ချိုင်းမှ ထစေသနည်း'ဟု ပြောဆိုခြင်းဖြစ်သည်။ သင်္ချိုင်း၌ နေရခြင်းသည်ပင် ငါတို့အဖို့ သာပို၍ ကောင်းပေသည်ဟူ၍လည်း ၄င်းတို့က ပြောဆိုကြပေမည်။ ထိုအခါ ကောင်းကင်တမန်များ (သို့မဟုတ်) မွတ်စ္စလင်မ်များသည် ဤသို့ ဖြေကြားပေမည်။

هٰذَا مَا وَعَدَ الرَّحْمٰنُ وَصَدَقَ الْمُرْسَلُوْنَ

ဤသည် 'ရဟ်မသ်'ကရုဏာတော်ရှင်က ချိန်းချက်ထားတော်မူခဲ့သော 'ကေယာမသ်'နေ့ပင် ဖြစ်၏။ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်များသည် အသင်တို့အား သတင်းအမှန်ကို ပေးခဲ့ကြ၏။ သို့ရာတွင် အသင်တို့ ဂရုမစိုက်ခဲ့ကြချေ။ ထိုနေရာ၌ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်နာမတော်များအနက်မှ 'ရဟ်မာန်' (ကရုဏာတော်ရှင်) ဟူသည့် ဂုဏ်နာမ်တော်ကို အထူးဖော်ပြထားခြင်းမှာ ထိုအသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် အသင်တို့ ပြစ်ဒဏ်မှ လွတ်ကင်းနိုင်ရန် အခြေအနေအရပ်ရပ်ကို ဖန်တီးပေးထားကြောင်း 'ကေယာမသ်'နေ့ မရောက်ရှိမီအလျင်ပင် မိမိ၏ ကျမ်းဂန်တော်များ၊ ရစူလ်တမန်တော်များမှတစ်ဆင့် အသင်တို့အား သတိပေးနှိုးဆော်တော်မူခဲ့ကြောင်း အစရှိသည်တို့ကို အရိပ်အမြွက်ဖြင့် ဖော်ပြရန်အတွက် ဖြစ်သည်။

اِنَّ اَصْحٰبَ الْجَنَّةِ الْيَوْمَ فِىْ شُغُلٍ فٰكِهُوْنَ

ငရဲသားများ၏ ဒုက္ခအဖုံဖုံကို တင်ပြပြီးနောက် 'ကေယာမသ်'နေ့၌ 'ဂျန္နသ်'သုခဘုံသားတို့၏ အခြေအနေကို ဖော်ပြထားတော်မူသည်။ ထိုသုခဘုံသားများသည် ပျော်ရွှင်ဖွယ်ရာများ၌ မွေ့လျော် ရွှင်ပျော် လျက်ရှိပေမည်။ **فٰكِهُوْنَ** သည် **فَاكِهٌ** ၏ အများကိန်း (ဗဟုဝုစ်ကိန်း) ဖြစ်သည်။ ပျော်ရွှင်ဝမ်းမြောက် ဖွယ် အခြေအနေဟူ၍ အဓိပ္ပာယ်ရ၏။ ၄င်းနောက် ထိုစာလုံး၏အလျင် ရှိသော **فِىْ شُغُلٍ** မှ ၄င်း '(ဂျန္နသ် သုခဘုံသား) တို့သည် ငရဲဘုံသားများကို ရောက်ရှိခံစားရမည်ဖြစ်သော ဝမ်းနည်းပူဆွေးမှု ဒုက္ခအပေါင်းမှ လုံးဝ အပူအပင် ကင်းငြိမ်းစေမည်' ဟူသော အလိုသဘောလည်း ကောက်ယူနိုင်ပါသည်။ ၄င်းနောက် ဤနေရာ၌ ယင်းစာသားကို ထည့်ထားခြင်းမှာ 'ဂျန္နသ်တွင် 'အေဗာဒသ်'ပြုလုပ်စရာမလို။ 'ဖွရ်ဇ်'၊ 'ဝါဂျိဗ်'တာဝန်များလည်း မရှိ။ စားသောက်ရန် ရှာဖွေလုပ်ကိုင်စရာ မည်သည့်အလုပ်မျှလည်း မရှိဟု ဆိုလျှင် ငြီးငွေ့ ပျင်းရိ ခြောက်သွေ့ဖွယ် ကောင်းလေစွ'ဟူ၍ အတွေးဝင်နိုင်စရာ ရှိ၏။ ၄င်းအတွေးကို ချေဖျက်ရန်အတွက် ဖြစ်၏။ အဓိနိရှိထားသည်မှာ ၄င်းတို့သည် မိမိတို့၏ လှည့်လည်ပျော်ပါး ပျော်ရွှင် ဖွယ်ရာများ၌ ပျော်မူးမွေ့လျော်လျက်ရှိမည်ဖြစ်ရာ ငြီးငွေ့ခြောက်သွေ့ဖွယ် အဘယ်မှာလျှင် ကျန်ရှိနေမည် နည်းဟူ၍ ဖြစ်သည်။

هُمْ وَاَزْوَاجُهُمْ

ازواج (ကြင်ဖက်များ) ၌ 'ဂျန္နသ်'၏ 'ဟူရ်'ကညာပျိုများလည်း ပါဝင်ပေသည်။ အလားတူ လူ့လောက၌ ရှိခဲ့သည့် ဇနီးမယားများလည်း ပါဝင်ပေသည်။

وَلَهُمْ مَّا يَدَّعُوْنَ

يَدَّعُوْنَ သည် **دعوة** ဟူသော ပုဒ်မှ ဆင့်ပွားသော ပုဒ်ဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ 'ခေါ်ယူ ခြင်း'ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'ဂျန္နသ်သုခဘုံသားတို့အဖို့ ၄င်းတို့ တောင့်တခေါ်ယူသမျှ အရာ

များကို ရရှိစေမည်' ဟူ၍ ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဤနေရာ၌ يَسْئَلُوْنَ (တောင်းခံကြလိမ့်မည်) ဟူသည့် စကားလုံးကို မသုံးခဲ့ချေ။ အကြောင်းမှာ တောင်းခံရခြင်းသည်လည်း ဒုက္ခတစ်မျိုးပင် ဖြစ်သောကြောင့် ဖြစ်သည်။ 'ဂျန္နသ်' သုခဘုံ၌ ဒုက္ခဟူသည်မှာ မရှိချေ။ 'ဂျန္နသ်' သုခဘုံ၌ လိုအပ်သမျှ အရာသည် အဆင်သင့်ရှိပေမည်။

وَامْتَازُوا الْيَوْمَ اَيُّهَا الْمُجْرِمُوْنَ

'ဟရှ်ရ်' ကွင်းပြင်၌ ဦးစွာပထမ လူတို့သည် မိမိတို့၏ 'ကဗရ်' သင်္ချိုင်းမှ ရှင်သန်ပြန်ထ၍ ထွက်သောအခါ ကစဉ့်ကလျား ဖြစ်ကုန်ကြပေမည်။ အခြားအာယသ်တော်တစ်ပါးဖြစ်သော

كَاَنَّهُمْ جَرَادٌ مُّنْتَشِرٌ

(၎င်းတို့သည် ပြန့်နှံ့လျက်ရှိသော ကျိုင်းကောင်များကဲ့သို့ မိမိတို့၏ သင်္ချိုင်းများမှ ကစဉ့်ကလျား ဖြစ်၍ ထွက်လာကြပေလိမ့်မည်။) *[၅၄ : ၇]*

၌ တင်ပြထားသကဲ့သို့ ဖြစ်သည်။ ထို့နောက် မိမိတို့၏ ဆောက်တည် ကျင့်ဆောင်မှုများအလိုက် အုပ်စုလိုက် အုပ်စုလိုက် ဖြစ်သွားပေမည်။ ကာဖိရ်အုပ်စု၊ မုအ်မင်န်အုပ်စု၊ သူတော်စင်အုပ်စုများ အစရှိသည်တို့ဖြင့် နေရာသီးခြား ဖြစ်သွားပေမည်။ အခြားအာယသ်တော်တစ်ပါးဖြစ်သော وَاِذَا النُّفُوْسُ زُوِّجَتْ (၎င်းပြင် အသက်ဇီဝိန် (လူ) များသည် တွဲဖက်ပုံပြောင်းစေခြင်းကို ခံကြရသောအခါ) *[၈၁ : ၇]*

၌ တင်ပြထားသကဲ့သို့ ဖြစ်သည်။

اَلَمْ اَعْهَدْ اِلَيْكُمْ يٰبَنِىْٓ اٰدَمَ اَنْ لَّا تَعْبُدُوا الشَّيْطٰنَ

'ကေယာမသ်' နေ့၌ လူနှင့် 'ဂျင်န်' အားလုံးတို့အား ဤသို့ ပြောဆိုပေမည်။ ငါအသျှင်မြတ်သည် အသင်တို့အား ရှိုက်သွာန်အား ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြရန် သတိပေးတော်မူခဲ့သည် မဟုတ်လော။ ဤနေရာ၌ မေးဖွယ်ရာတစ်ခုရှိသည်။ ကာဖိရ်တို့သည် သာမန်အားဖြင့် ရုပ်တုများကိုလည်းကောင်း၊ အခြားသော အရာများကိုလည်းကောင်း ဆည်းကပ် ကိုးကွယ်ကြသည်။ ဤနေရာ၌ ၎င်းတို့အား ရှိုက်သွာန်ကို ဆည်းကပ်ကိုးကွယ်ခဲ့သည်ဟု အဘယ်ကြောင့် စွပ်စွဲပြောဆိုခဲ့လေသနည်း။ အဖြေမှာ ဤသို့ ဖြစ်သည်။ တစ်ဦးတစ်ယောက်အား ချွင်းချက်မရှိ အမိန့်နာခံခြင်း၊ အမှန်ပြောဆိုသမျှကို လက်ခံခြင်းသည်ကား ဆည်းကပ်ကိုးကွယ်ခြင်းပင် ဖြစ်သည်။ ကာဖိရ်တို့သည် အစဉ်အမြဲ ရှိုက်သွာန်၏ ပို့ချမှုများကိုသာ လက်ခံလျက်ရှိသဖြင့် ၎င်းတို့အား ရှိုက်သွာန်ကို ဆည်းကပ်ကိုးကွယ်ခဲ့သည်ဟု ဆိုခြင်း ဖြစ်သည်။ ပမာအားဖြင့် ဟဒီးစ်တော်၌ ပစ္စည်းဥစ္စာချစ်စိတ် (သို့) ဇနီးသည်၏ ချစ်စိတ်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ ချစ်စိတ်ကို အလေးမထားဘဲ ပစ္စည်းဥစ္စာ တိုးပွားစေသော အလုပ်တစ်ခုခုကို လုပ်သောသူအား عبد الدرهم (ငွေ၏ ကျေးကျွန်) ဟူ၍လည်းကောင်း၊ ဇနီးသည်ကျေနပ်အောင် အလုပ်တစ်ခုခုကို လုပ်ဆောင်ခဲ့သူအား عبدالزوجة (ဇနီး၏ ကျွန်) ဟူ၍လည်းကောင်း သုံးနှုန်းထားခြင်းများ ရှိသကဲ့သို့ ဖြစ်၏။

اَلْيَوْمَ نَخْتِمُ عَلٰى اَفْوَاهِهِمْ

'ကေယာမသ်'နေ့၌ ကောင်းမှု၊ မကောင်းမှုနှင့် စပ်လျဉ်း၍ စစ်ဆေးသောအခါ ဦးစွာပထမ လူတိုင်းအဖို့ လျှောက်လွှဲချက် တင်သွင်းပိုင်ခွင့် ပေးထားမည်။ ထိုအခါ ကာဖိရ်တို့သည် ကျိန်ဆို၍ မိမိတို့ သွေဖည်ငြင်းဆိုခြင်း မရှိခဲ့ကြောင်းဖြင့် လျှောက်လွှဲကြပေမည်။ အချို့က ကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏ မှတ်တမ်းများ၌ လုပ်ကြံရေးခဲ့ကြသည်။ ကျွန်ုပ်တို့သည် ထိုပြစ်မှုများမှ လုံးဝ ကင်းစင်သည်ဟု ဆိုကြပေမည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ နှုတ်များအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူမည်။ ၎င်းတို့ မပြောဆိုနိုင်တော့ရန် ဖြစ်သည်။ ထို့နောက် ၎င်းတို့၏ ခြေလက်အင်္ဂါ အစိတ်အပိုင်းများသည် အစိုးရသက်သေအဖြစ်သို့ ရောက်ရှိသွား၍ ၎င်းတို့၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ သက်သေထွက်ဆိုကြပေမည်။ ခြေလက်အင်္ဂါ အစိတ်အပိုင်းများကို အလ္လာဟ်အသျှင်မြတ်က ပြောဆိုနိုင်စွမ်း ပေးသနားတော်မူလိုက်ပေမည်။

တင်ပြပါအာယသ်တော်တွင် ခြေလက်တို့မှ စကားပြောမည့်အကြောင်း တင်ပြထားသည်။ အခြားအာယသ်တော်တစ်ပါးတွင် နား၊ မျက်စိ၊ အရေပြားတို့မှ စကားပြောမည်ဟူ၍ တင်ပြထားသည်။ ၎င်းအာယသ်တော်မှာ

شَهِدَ عَلَيْهِمْ سَمْعُهُمْ وَاَبْصَارُهُمْ وَجُلُوْدُهُمْ

(ထိုသူတို့၏ နားများသည်လည်းကောင်း၊ ထိုသူတို့၏ မျက်စိများသည်လည်းကောင်း၊ ထိုသူတို့၏ အသားအရေများသည်လည်းကောင်း ထိုသူတို့နှင့် ဆန့်ကျင်ကာ ထိုသူတို့ ကျင့်မူလျက် ရှိခဲ့ကြသည်တို့နှင့် စပ်လျဉ်း၍ သက်သေခံကြပေမည်။) [၄၁ : ၂၀]

ဤသည် အခြားအာယသ်တော်တစ်ပါးဖြစ်သော تَشْهَدُ عَلَيْهِمْ اَلْسِنَتُهُمْ

(အကြင် 'ကေယာမသ်'နေ့တွင် ၎င်းသူတို့၏ နှုတ်လျှာများနှင့် ၎င်းသူတို့၏ ခြေ၊ လက်တို့သည် ၎င်းသူတို့နှင့် ဆန့်ကျင်ကာ ၎င်းသူတို့ကို ပြုမူဆောင်ရွက်ခဲ့သမျှတို့ကို သက်သေခံကြပေမည်။)

[၂၄ : ၂၄]

နှင့် ဆန့်ကျင်နေခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် တံဆိပ်ခတ်နှိပ်ထားသည်ဆိုခြင်း၏ အလိုသဘောမှာ '၎င်းတို့သည် မိမိတို့၏ သဘောဆန္ဒနှင့် ပြောဆိုနိုင်မည်မဟုတ်။ ၎င်းတို့၏ နှုတ်များသည် ၎င်းတို့နှင့် ဆန့်ကျင်၍ သက်သေခံပေလိမ့်မည်'ဟူ၍ ဖြစ်သည်။ ဤနေရာ၌ မေးမြန်းဖွယ်ရာတစ်ခု ကျန်ရှိနေသေးသည်မှာ ၎င်းအစိတ်အပိုင်းများတွင် စကားပြောဆိုနိုင်စွမ်း မည်သို့ ရရှိမည်နည်းဆိုသည်နှင့် ပတ်သက်၍ ဖြစ်သည်။ ၎င်း၏ အဖြေကို ကျမ်းတော်မြတ်ကုရ်အာန်က တင်ပြထားသည်မှာ-

اَنْطَقَنَا اللّٰهُ الَّذِىْٓ اَنْطَقَ كُلَّ شَيْءٍ

အလိုသဘောမှာ '၎င်းအစိတ်အပိုင်းများက 'အကြင်အသျှင်မြတ်သည် ပြောဆိုနိုင်စွမ်းရှိသူ အပေါင်းအား ပြောဆိုနိုင်စွမ်း ချီးမြှင့်သကဲ့သို့ ထိုအသျှင်မြတ်ကပင် ကျွန်ုပ်တို့အားလည်း ပြောဆိုနိုင်စွမ်း ချီးမြှင့်ခဲ့ပါသည်' ဟူ၍ ပြောဆိုပေလိမ့်မည်' ဟူ၍ ဖြစ်သည်။

وَمَنْ نُعَمِّرْهُ نُنَكِّسْهُ فِى الْخَلْقِ اَفَلَا يَعْقِلُوْنَ

نُعَمِّرْ သည် تعمير ဟူသည့်ပုဒ်မှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ 'အသက်ရှည်စေခြင်း' ဟူ၍ ဖြစ်သည်။ نُنَكِّسْهُ သည် تنكيس ဟူသည့်ပုဒ်မှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ 'ပြောင်းပြန်ဖြစ်စေခြင်း' ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံသည့် တန်ခိုးတော်၊ ထက်မြတ်လှသည့် ဉာဏ်အမြော်အမြင်နှင့် စပ်လျဉ်း၍ သက်သေလက္ခဏာတစ်ရပ်ကို တင်ပြလျက်ရှိသည်။ လူသားအပါအဝင် သက်ရှိဟူသမျှသည် အချိန်ရှိသရွေ့ အလ္လာဟ်အသျှင်မြတ်၏ အခြယ်အလှယ်ခံဖြစ်လျက် ရှိသည်။ တန်ခိုးတော်၏ လုပ်ဆောင်ချက်သည် ၎င်းတို့၌ အစဉ်တစိုက် ဖြစ်ပေါ်လျက်ရှိသည်။ ၎င်းသည် မသန့်ရှင်းသည့် သုက်ရည်ကြည်တစ်စက်မှ စတင်ခဲ့သည်။ အမှောင်သုံးပါးဖြင့် ပြီးသည့် မိခင်၏ ဝမ်းတွင်း၌ ၎င်းတို့အဖို့ ကမ္ဘာငယ်လေးတစ်ခု ဖြစ်ခဲ့၏။ ထိုဝမ်းတွင်း၌ ၎င်းသည် ပြောင်းလဲမှုအမျိုးမျိုး ဖြစ်ခဲ့ရ၏။ ထို့နောက် အသက်ဝိညာဉ်သွင်းခြင်းခံရ၍ လောကသို့ ရောက်ရှိခဲ့၏။ ၎င်းသည် ပြည့်စုံသည့် လူတစ်ဦး အနေဖြင့် ဤလောကသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။ သို့ရာတွင် ၎င်းသည် အဖက်ဖက်၌ အင်အားနည်းလျက်ရှိသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းနှင့် သင့်လျော်သော အဟာရဖြစ်သည့် မိခင်၏ နို့ချိုရည်ကို ပေးသနားတော်မူ၏။ သို့ဖြင့် တဖြည်းဖြည်း ထိုသူသည် အင်အားကို ရရှိလာ၏။ တစ်နေ့တွင် ထိုသူသည် အရွယ်ရောက်သူတစ်ဦး၊ အင်အားနှင့် ပြည့်ဝသူတစ်ဦး ဖြစ်လာ၏။ ခွန်အားဗလနှင့် ပြည့်စုံကြောင်းကို ၎င်းက ထုတ်ဖော်ပြောကြားတော့၏။ ဆန့်ကျင်ဘက်ဟူသမျှကို တွန်းလှန်ပစ်ရန် ၎င်း၌ သတ္တိများ ဖြစ်ပေါ်လာတော့၏။ အလ္လာဟ်အသျှင်မြတ်၏ အလိုတော်ရှိလာသောအခါ ၎င်း၏ အင်အားသည် တစ်ဖြည်းဖြည်း ဆုတ်ယုတ်လာတော့၏။ နောက်ဆုံး အိုမင်းမစွမ်းသည့် ဘဝသို့ ရောက်ရှိသွား၏။ ထိုအိုမင်းမစွမ်းဘဝသည် ကား အမှန်ပင် စဉ်းစားကြည့်လျှင် ကလေးဘဝကဲ့သို့ပင် ဖြစ်၏။ အကျင့်အမူအားလုံး၌ အပြောင်းအလဲ ဖြစ်ပေါ်လာတော့၏။ အချစ်ဆုံးအရာများကို အမုန်းဆုံးအရာများအဖြစ် ရှုမြင်လျက် ရှိ၏။ တစ်ချိန်က ချမ်းမြေ့ပျော်ရွှင်မှုကို ပေးဆောင်ခဲ့သည့်အရာသည် ယခု ဒုက္ခပေးလျက် ရှိတော့၏။ ဤသည်ကိုပင် ကျမ်းတော်မြတ်ကုရ်အာန်က ပြောင်းပြန်ဖြစ်စေခြင်းဟု သုံးနှုန်း တင်ပြလိုက်၏။ ၎င်းကို ကဗျာဆရာတစ်ဦးက အလွန်ကောင်းစွာ စပ်ဆိုထားသည်။

من عاش اخلقت الايّام جدّته — وخانهُ ثقتاه السمع والبصر

(လူသားသည် အသက်ရှင်သန်လျက် ရှိနေမည်ဆိုက ခေတ်ကာလသည် ၎င်းသူ၏ ပြင်းထန်မာကျောမှုတို့ကို ဟောင်းနွမ်းပျက်စီးစေမည်။ ၎င်းနောက် ၎င်း၏ အားအထားရဆုံး မိတ်ဆွေနှစ်ဦး ဖြစ်သည်။ သောတအရုံနှင့် စက္ခုအာရုံတို့သည် မိမိတို့၏ စွမ်းရည်များကို သစ္စာဖောက်၍ ခွဲခွာသွားကြမည်။)

အလိုသဘောမှာ အိုမင်းမစွမ်းဘဝသို့ ရောက်ရှိသည့် အချိန်၌ လူသားအနေဖြင့် အားထားရဆုံး ဖြစ်သည့် မျက်စိနှင့် နားသည် ဒုက္ခပေးလာတော့၏။ မျက်စိနှင့် နားသည် ၎င်းအား သစ္စာဖောက်လေပြီ။

မြင်လိုသော်လည်း မမြင်ရတော့ချေ။ ကြားလိုသော်လည်း မကြားရတော့ချေ။ မြင်သည့်တိုင်အောင်လည်း ပီပီပြင်ပြင် မမြင်နိုင်တော့ချေ။ ကြားသည့်တိုင်အောင်လည်း မသဲကွဲတော့ချေ။

၎င်းကို မုသနဗ္ဗီကဗျာဆရာက ကဗျာ ဖွဲ့နွဲ့သီစပ်ခဲ့သည်မှာ-

ومن صحب الدنيا طويلا تقلبت وعلى عينه حتى يرى صدقها كذبا

(အကြင်မည်သူမဆို လူ့လောက၌ အသက်ရှည်ကြာမြင့်စွာ နေထိုင်ခဲ့ရမည်ဆိုလျှင် ဒုန္နယာလောကကြီးသည် ၎င်း၏ အမြင်တွင် ပြောင်းပြန် ဖြစ်သွားလိမ့်မည်။ တစ်ချိန်က အမှန်ဟု ထင်ခဲ့သောအရာကို အမှားဟု ထင်နေပေတော့မည်) ဟူ၍ ဖြစ်သည်။

အချုပ်ဆိုရသော် လူသားသည် မည်သည်ကိုမျှ ပိုင်ဆိုင်ထားခြင်း မရှိချေ။ အချိန်တန်လာသောအခါ အားလုံး ရုပ်သိမ်းခြင်းခံရတော့သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ပြန်လည်ရုပ်သိမ်းရန်အတွက်လည်း အိုမင်းမစွမ်းသည့် ဘဝသို့ တဖြည်းဖြည်း ရောက်ရှိစေသည်။ ထိုသို့ ပြုတော်မူခြင်းမှာ အချိန်မီ တမလွန်အတွက် ပြင်ဆိုင်နိုင်ရန် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا عَلَّمْنٰهُ الشِّعْرَ وَمَا يَنْۢبَغِيْ لَهٗ ؕ اِنْ هُوَ اِلَّا ذِكْرٌ وَّقُرْاٰنٌ مُّبِيْنٌ ۝٦٩

၃၆ : ၆၉ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်း (တမန်တော်မြတ်မိုဟမ္မဒ်) အား လင်္ကာ (ဖွဲ့စပ် စီကုံးခြင်း) ကို သင်ကြားပို့ချ၍ ပေးတော်မူခဲ့သည်မဟုတ်ပေ။ ၎င်းပြင် ယင်းလင်္ကာ (စပ်ဆို စီကုံးခြင်း) သည် ၎င်း (တမန်တော်မြတ်) နှင့် အပ်စပ်သည်လည်း မဟုတ်ပေ။ ထို (တမန်တော်မြတ် ယူဆောင်လာသော) တရားတော်မှာ အဆုံးအမသြဝါဒနှင့် ထင်ရှားစွာသော ကုရ်အာန်ကျမ်းတော်မြတ်သာလျှင် ဖြစ်ပေသည်။

لِّيُنْذِرَ مَنْ كَانَ حَيًّا وَّيَحِقَّ الْقَوْلُ عَلَى الْكٰفِرِيْنَ ۝٧٠

၃၆ : ၇၀ ။ ။ (ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခြင်းမှာ) ထိုတမန်တော်မြတ်သည် (စိတ်နှလုံး) ရှင်သူတို့အား သတိပေးနှိုးဆော်ရန်အလို့ငှာလည်းကောင်း၊ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့ (သည် အကြောင်းပြ ထုချေခွင့် မရှိတော့ဘဲ ၎င်းတို့) အပေါ်၌ စွပ်စွဲချက်အတည်ဖြစ်ရန်အလို့ငှာလည်းကောင်း ဖြစ်ချေသည်။

اَوَلَمْ يَرَوْا اَنَّا خَلَقْنَا لَهُمْ مِّمَّا عَمِلَتْ اَيْدِيْنَاۤ اَنْعَامًا فَهُمْ لَهَا مٰلِكُوْنَ ۝٧١

၃၆ : ၇၁ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အကျိုးငှာ မိမိ၏ လက်တော်ဖြင့် ပြုလုပ်တော်မူခဲ့သော အရာတို့တွင် ကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်တို့ကို ဖန်ဆင်းတော်မူခဲ့ရာ၊ ၎င်းတို့သည် ယင်းကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်များအား ပိုင်ဆိုင်သူများ ဖြစ်သွားခဲ့ကြသည်ကို ၎င်းတို့ မမြင်ကြလေသလော။

وَذَلَّلْنَٰهَا لَهُمْ فَمِنْهَا رَكُوبُهُمْ وَمِنْهَا يَأْكُلُونَ ﴿٧٢﴾

၃၆ : ၇၂ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းတိရစ္ဆာန်များကို အညံ့ခံစေတော်မူခဲ့ရာ ယင်းတိရစ္ဆာန်များအနက် အချို့မှာ၊ ၎င်းတို့၏ အစီးအနင်းများ ဖြစ်ကြ၏။ ထို့ပြင် ယင်းတိရစ္ဆာန်များအနက် အချို့ကို ၎င်းတို့သည် စားသုံးကြကုန်၏။

وَلَهُمْ فِيهَا مَنَٰفِعُ وَمَشَارِبُ ۖ أَفَلَا يَشْكُرُونَ ﴿٧٣﴾

၃၆ : ၇၃ ။ ။ ၎င်းပြင် ထိုသူတို့အဖို့ ယင်းတိရစ္ဆာန်များ၌ (အခြား) အကျိုးကျေးဇူးများသည်လည်းကောင်း၊ သောက်သုံးဖွယ်ရာများသည်လည်းကောင်း ရှိကြပေသည်။ သို့ပါလျက် ၎င်းတို့သည် ကျေးဇူးမတင်ကြလေသလော။

وَٱتَّخَذُوا۟ مِن دُونِ ٱللَّهِ ءَالِهَةً لَّعَلَّهُمْ يُنصَرُونَ ﴿٧٤﴾

၃၆ : ၇၄ ။ ။ ထို့ပြင် ၎င်းတို့သည် မိမိတို့မှာ ကူညီရိုင်းပင်းခြင်းကို ခံကြရမည်ဟု မျှော်လင့်ကြလျက် အလ္လာဟ်အသျှင်မြတ်အပြင် အခြားကိုးကွယ်ရာများကို သတ်မှတ်ခဲ့ကြကုန်၏။

لَا يَسْتَطِيعُونَ نَصْرَهُمْ وَهُمْ لَهُمْ جُندٌ مُّحْضَرُونَ ﴿٧٥﴾

၃၆ : ၇၅ ။ ။ (အမှန်စင်စစ်) ထိုကိုးကွယ်ရာများသည် ၎င်းတို့အား (အနည်းငယ် စိုးစဉ်းမျှပင်) ရိုင်းပင်းကူညီနိုင်ကြသည်မဟုတ်သည့်အပြင် စင်စစ် ယင်းကိုးကွယ်ရာများမှာ (ရှေ့တော်မှောက်သို့) အဆင်သင့် ရောက်ရှိစေခြင်း ခံကြရသော၊ ၎င်းတို့၏ ဆန့်ကျင်ဘက်အုပ်စုပင် ဖြစ်သွားပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤကာဖိရ်တို့သည် အသင် တမန်တော်ဖြစ်ကြောင်းကို ငြင်းပယ်ရန်အတွက် အသင့်အား လင်္ကာဆရာဖြစ်သည်ဟု စွပ်စွဲ ပြောဆိုကြသည်။ ကာဖိရ်တို့၏ ထိုအဆိုသည် လုံးဝ မမှန်ချေ။ အကြောင်းမှာ) ငါအသျှင်မြတ်သည် အသင့်အား (တမန်တော်မိုဟမ္မဒ်သခင်အား စိတ်ကူးယဉ်) လင်္ကာ (ဖွဲ့စပ် သီကုံးခြင်း) ကို သင်ကြားပို့ချ၍ ပေးတော်မူခဲ့သည် မဟုတ်ပေ။ ၎င်းလင်္ကာစပ်ဆို စီကုံးခြင်းသည် အသင်နှင့် အပ်စပ်သည်လည်း မဟုတ်ပေ။ စင်စစ် (ယင်းကို ၎င်းတို့သည် လင်္ကာစပ်ဆိုခြင်းဟု ပြောဆိုနေကြသည်။ အသင် ယူဆောင်လာသော တရားဒေသနာသည်ကား) ဆုံးမသြဝါဒတော်နှင့် ထင်ရှားစွာသော ကုရ်အာန်ကျမ်းတော်မြတ်သာလျှင် ဖြစ်ပေသည်။ (ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခြင်းမှာ စိတ်နှလုံး) ရှင်သူတို့အား သတိပေးနှိုးဆော်အံ့သောငှာလည်းကောင်း၊ ကာဖိရ်ငြင်းပယ် သူတို့အပေါ်၌ ('အဇာဗ်' အပြစ်ဒဏ် သက်ချိန်တွင်) 'စွပ်စွဲချက် အတည်ဖြစ်အံ့သောငှာလည်းကောင်း ဖြစ်ချေသည်။ ငါအသျှင်မြတ်သည် ၎င်းတို့အကျိုးငှာ မိမိလက်တော်ဖြင့် ပြုလုပ်တော်မူခဲ့သော အရာတို့တွင်

ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တို့ကို ဖန်ဆင်းတော်မူခဲ့ရာ ၎င်းတို့သည် ငါအသျှင်မြတ်၏ ပိုင်ဆိုင်စေခြင်းကြောင့် ယင်းတို့ကို ပိုင်ဆိုင်သူများ ဖြစ်ခဲ့ကြသည်ကို ၎င်း (ကာဖိရ်) တို့ မမြင်ခဲ့ကြလေသလော။ ငါအသျှင်မြတ်သည် ယင်းတိရစ္ဆာန်များကို အသုံးခံစေတော်မူခဲ့ရာ ယင်းတိရစ္ဆာန်များအနက် အချို့မှာ ၎င်းတို့၏ အစီးအနင်းဖြစ်ကြ၏။ ထိုမှတစ်ပါး ယင်းတိရစ္ဆာန်များအနက် အချို့ကို ၎င်းတို့သည် စားသုံးကြကုန်၏။

ထိုမှတစ်ပါး ထိုသူတို့အဖို့ ယင်းတိရစ္ဆာန်များ၌ (အခြား) အကျိုးကျေးဇူးများသည်လည်းကောင်း၊ (ဥပမာအားဖြင့် အမွေးအမျှင်၊ အရိုး၊ အသားအရေ အစရှိသည်တို့ကို အမျိုးမျိုးအဖုံဖုံ အသုံးပြုနိုင်သည်။) သောက်သုံးဖွယ်ရာများသော်လည်းကောင်း (ဥပမာ- နို့) ရှိကြပေသည်။ သို့ပါလျက် ၎င်းတို့သည် ကျေးဇူးမတင်ကြလေသလော။ (အီမာန်သက်ဝင်ယုံကြည်ခြင်းဖြင့် ကျေးဇူးတင်ရာ၏။ ကျေးဇူးမတင်သည့်အပြင် 'ကုဖွ်ရ်'၊ 'ရှရစ်က်' လုပ်ရပ်များကို ရွေးချယ် လုပ်ဆောင်လျက် ရှိကြသည်။ ပမာဆိုရသော်) ၎င်းတို့သည် မိမိတို့မှာ ကူညီရိုင်းပင်းခြင်းကို ခံကြရပေမည်ဟု မျှော်လင့်ကြလျက် အလ္လာဟ်အသျှင်မြတ်အပြင် အခြား ကိုးကွယ်ရာများကို သတ်မှတ်ခဲ့ကြကုန်၏။ သို့ရာတွင် ထိုကိုးကွယ်ရာများသည် ၎င်းတို့အား စိုးစဉ်းမျှပင် ရိုင်းပင်းကူညီကြသည်မဟုတ်သည့်အပြင် ယင်းကိုးကွယ်ရာများမှာ (ရှေ့တော်မှောက်သို့) အဆင်သင့် ရောက်ရှိစေခြင်း ခံကြရသော ၎င်းတို့၏ ဆန့်ကျင်ဘက်အုပ်စုပင် ဖြစ်သွားပေမည်။ ၎င်းနောက် ထိုနေရာသို့ ရောက်ရှိသွားသောအခါ ၎င်းတို့နှင့် ဆန့်ကျင်ကြောင်းကို ဖော်ထုတ်လိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဘသတ်များ

وَمَا عَلَّمْنٰهُ الشِّعْرَ وَمَا يَنْبَغِي لَهٗ

ကာဖိရ်သွေဖည် ငြင်းပယ်သူတို့သည် ကျမ်းမြတ်ကုရ်အာန်နှင့် တမန်တော်မြတ် ﷺ ၏ အံ့သြဖွယ်ရာ အောင်မြင်မှုများနှင့် စိတ်နှလုံးသားများအတွင်းဝယ် စူးရှကိန်းအောင်းသွားနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသဖြင့် ငြင်းပယ်ရန် အခက်အခဲ ကြုံတွေ့ရလျက် ရှိပေသည်။ ထို့ကြောင့် ၎င်းတို့က တစ်မျိုးတစ်ဖုံ ပြောဆိုလာတော့သည်။ ၎င်းကာဖိရ်တို့က တမန်တော်မြတ် ﷺ သည် မှော်ဆရာ (သို့) ကဗျာလင်္ကာဆရာသာ ဖြစ်ကြောင်း၊ ကုရ်အာန်သည်လည်း မှော်ဆရာ၏ စကား၊ သို့မဟုတ် ကဗျာလင်္ကာများသာဖြစ်ကြောင်း စိတ်နှလုံးသားကို စူးရှသက်ရောက်စေခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ မုဂ္ဂပါဠီတော်များဖြစ်၍ မဟုတ်ကြောင်း၊ ဤသည် မှော်ဆန်ဆန် စာသားများဖြစ်၍ လူတို့၏ စိတ်နှလုံးသားကို ဆွဲဆောင်နိုင်စွမ်းရှိခြင်းဖြစ်ကြောင်း၊ ကဗျာလင်္ကာများသာဖြစ်၍ လူတို့၏ နှလုံးသားကို ဆွဲဆောင်နိုင်စွမ်းရှိခြင်းဖြစ်သည်ဟူ၍ စွပ်စွဲပြောဆိုကြလေသည်။ အလ္လာဟ်အသျှင်မြတ်သည် အထက်ပါအာယသ်တော်၌ ငါအသျှင်မြတ်သည် ရစူလ်တမန်တော်အား လင်္ကာစပ်ဆို သီကုံးခြင်းကိုလည်း မသင်ကြားပေးခဲ့ချေ။ ယင်းလင်္ကာစပ်ဆိုသီကုံးခြင်းသည် တမန်တော်နှင့် အပ်စပ်သည်လည်း မဟုတ်ဟု မိန့်တော်မူ၍ ကာဖိရ်တို့၏ စွပ်စွဲချက်ကို ချေပခဲ့ပေသည်။

ဤနေရာ၌ မေးဖွယ်ရာတစ်ရပ် ဖြစ်ပေါ်လာသည်။ အာရဗ်တို့သည် ကဗျာစပ်ဆိုရန် အလွန်ဝါသနာပါကြပေသည်။ ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ားမကျန် ကဗျာစပ်ဆိုတတ်ကြသည်။ ဤသည် ၎င်းတို့၏ သဘာဝပင် ဖြစ်သည်။ ၎င်းတို့သည် လင်္ကာနှင့် စပ်လျဉ်း၍ ကောင်းစွာ သိနားလည်ထားကြသည်။ သို့တိုင်အောင်လည်း ၎င်းတို့သည် ကျမ်းမြတ်ကုရ်အာန်အား လင်္ကာ၊ တမန်တော်မြတ် ﷺ အား လင်္ကာဆရာဟု အဘယ်ကြောင့် စွပ်စွဲပြောဆိုလေသနည်း။

အကြောင်းမှာ ကုရ်အာန်သည် လင်္ကာကဲ့သို့ ကာရန်ညီခြင်းကို အခြေခံထားခြင်း မရှိချေ။ လင်္ကာနှင့် စပ်လျဉ်း၍ ဗဟုသုတ အလျဉ်းမရှိသည့်သူသည်ပင်လျှင် ကျမ်းမြတ်ကုရ်အာန်အား လင်္ကာဟု ဆိုလိမ့်မည်မဟုတ်ချေ။ သို့ဖြစ်လျှင် အာရဗ်တို့က အဘယ်ကြောင့် ထိုသို့ စွပ်စွဲပြောဆိုခဲ့လေသနည်း။ အဖြေမှာ ဤသို့ ဖြစ်သည်။ စင်စစ် လင်္ကာဟူသည်မှာ စိတ်ကူးယဉ်၍ စပ်ဆိုသီကုံးထားသည်များကို ခေါ်ဆိုသည်။ စကားပြေပုံစံဖြင့် သီကုံးထားသည်ဖြစ်စေ၊ ကာရန်ညီစွာ သီကုံးထားသည်ဖြစ်စေ လင်္ကာဟူ၍ပင် ခေါ်ဆိုပေသည်။ အာရဗ်အမျိုးသားများက ကျမ်းမြတ်ကုရ်အာန်နှင့် စပ်လျဉ်း၍ ဤသည်ကိုပင် ဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းကျမ်းမြတ်ကုရ်အာန်သည် တမန်တော်မြတ် ﷺ ၏ စိတ်ကူးယဉ်အရ သီကုံးသီဖွဲ့နွဲ့ထားသည့် စကားများသာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

اَوَلَمۡ يَرَوۡا اَنَّا خَلَقۡنَا لَهُمۡ مِّمَّا عَمِلَتۡ اَيۡدِيۡنَاۤ اَنۡعَامًا فَهُمۡ لَهَا مٰلِكُوۡنَ

အထက်ပါအာယသ်တော်၌ ခြေလေးချောင်းသတ္တဝါအား ဖန်ဆင်းခြင်းဖြင့် လူသားတို့ ရရှိသည့် အကျိုးကျေးဇူးများနှင့် ယင်းတို့၌ အလ္လာဟ်အသျှင်မြတ်၏ အံ့သြဖွယ်ရာ လုပ်ဆောင်မှုအကြောင်းကို တင်ပြ၍ လူသားတို့အား အခြားကြီးမားလှသည့် ကျေးဇူးတော်တစ်ရပ်နှင့် စပ်လျဉ်း၍လည်း ဖော်ပြထားပေသည်။ ဤတိရစ္ဆာန်များကို အလ္လာဟ်အသျှင်မြတ်ကသာ ဖန်ဆင်းထားခြင်းဖြစ်သည်။ အသျှင်မြတ်သည် လူသားတို့အား တိရစ္ဆာန်များကို ပိုင်ဆိုင်ခွင့်ပေးထားသည်သာမက အလုံးစုံသော အသုံးချချယ်လှယ်ခွင့်ကိုလည်း ပေးထားတော်မူပေသည်။ ထိုသတ္တဝါများမှ တိုက်ရိုက် အကျိုးအမြတ်ရယူနိုင်သကဲ့သို့ ၎င်းတို့အား ရောင်း၍ ရရှိသော ငွေကြေးကို အသုံးပြု အကျိုးအမြတ် ရယူနိုင်သည်။

ပစ္စည်းပိုင်ဆိုင်မှု၏ အဓိကအကြောင်းခံသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုပင် ဖြစ်သည်၊ အရင်းအနှီးနှင့် လုပ်အားကြောင့် မဟုတ်၊

ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ပိုင်ဆိုင်မှုသည် အရင်းအနှီးကို အခြေခံလျက်ရှိသလော။ သို့တည်းမဟုတ် လုပ်အားခကို အခြေခံလျက်ရှိသလောဟူသည်နှင့် စပ်လျဉ်း၍ မျက်မှောက်ခေတ်တွင် အတွေးအခေါ်အမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်။

အရင်းရှင်စနစ်ကို လက်ခံသူတို့က ပစ္စည်းပိုင်ဆိုင်မှု၏ အခြေခံမှာ အရင်းအနှီးပင် ဖြစ်သည်ဟု ယူဆကြသည်။ အရင်းရှင်စနစ်ကို လက်ခံခြင်းမရှိသူများက ပစ္စည်းပိုင်ဆိုင်မှုသည် လုပ်အားကြောင့် ဖြစ်သည်

ဟု ယူဆကြသည်။ ကျမ်းမြတ်ကုရ်အာန်က အထက်ပါအယူအဆနှစ်ရပ်စလုံးကို ပယ်ချလိုက်သည်။ ကျမ်းမြတ်ကုရ်အာန်၏ အထက်ပါအာယသ်တော်အရ ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ပိုင်ဆိုင်မှုသည် အဆိုပါ အရာနှစ်ခုစလုံးနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိကြောင်း၊ လူသားသည် မိမိကိုယ်ပိုင် စွမ်းရည်ဖြင့် မည်သည့် ကုန်ပစ္စည်းကိုမျှ ထုတ်လုပ်နိုင်ခြင်း မရှိကြောင်း၊ ဤသည်ကား အလ္လာဟ်အသျှင်မြတ်၏ လုပ်ဆောင်မှုသာဖြစ်ကြောင်း သိရှိရသည်။ ကုန်ပစ္စည်းထုတ်လုပ် ဖန်တီးသူသာလျှင် ထိုကုန်ပစ္စည်း၏ ဖန်တီးရှင် ဖြစ်သည်ကို အသိဉာဏ်က လက်ခံလျက်ရှိသည်။ သို့ဖြစ်ပေရာ အရာဝတ္ထုဟူသမျှ၏ ပိုင်ရှင်အစစ်သည် အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူမှသာလျှင် လူသားအနေဖြင့် ပစ္စည်းပိုင်ဆိုင်ခွင့် ရှိသည်။ အလ္လာဟ် အသျှင်မြတ်သည် ပစ္စည်းပိုင်ဆိုင်မှု၊ ပိုင်ဆိုင်ခြင်းကို လွှဲပြောင်းမှုနှင့် စပ်လျဉ်း၍ စည်းမျဉ်းဥပဒေများကို ရစူလ်တမန်တော်တို့မှတစ်ဆင့် ထုတ်ပြန်ပို့ချတော်မူခဲ့ပြီးဖြစ်သည်။ ထိုဥပဒေများကို ချိုးဖောက်ကျော်လွန်၍ မည်သူမျှ မည်သည့်ပစ္စည်းကိုမျှ ပိုင်ဆိုင်နိုင်ခြင်းမရှိချေ။

وَذَلَّلْنٰهَا لَهُمْ ဤအာယသ်တော်၌လည်း ကျေးဇူးတစ်ရပ်ကို တင်ပြထားသည်။ ကုလားအုတ်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား အစရှိသည့် တိရစ္ဆာန်များသည် အင်အားအရာတွင် လူသားထက် ပို၍ ရှိပေသည်။ လူသားသည် ထိုတိရစ္ဆာန်များထက် အားနည်းလျက် ရှိပေသည်။ ဖော်ပြပါအရ လူသားအနေဖြင့် ထိုတိရစ္ဆာန်များကို မည်သို့မျှ စိုးမိုးနိုင်မည် မဟုတ်ချေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိကျေးဇူးတော်ဖြင့် ထိုတိရစ္ဆာန်များအား လူသားတို့အဖို့ အသုံးခံ ပြုလုပ်ပေးတော်မူခဲ့သည်။ လူသားတို့၏ ကျိုးနွံမှုကို ထည့်သွင်းပေးတော်မူလိုက်သည်။ သို့ဖြင့် ကလေးတစ်ဦးသည်ပင် မြင်း၌ ဇက်ကြိုးကို တပ်၍ စီးနင်းသွားလာလျက် ရှိသည်။ ဤသည်တို့သည်ကား လူသားတို့၏ အရည်အချင်းကြောင့် မဟုတ်။ အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုကြောင့်ပင် ဖြစ်ပေသည်။

وَهُمْ لَهُمْ جُنْدٌ مُّحْضَرُوْنَ

အဖွင့်သဘောတွင် ဖော်ပြခဲ့သည့်အတိုင်း **جند** ၏ အဓိပ္ပာယ်ကို ဆန့်ကျင်ဘက်အုပ်စုဟု ယူဆလျှင် အာယသ်တော်၏ အလိုသဘောသည် ဤသို့ ဖြစ်လာပေလိမ့်မည်။ ၎င်းကာဖိရ်တို့က လောက၌ ၎င်းတို့၏ ကိုးကွယ်ရာအသျှင်များအဖြစ် သတ်မှတ်ထားခဲ့သည့် အရာများသည် 'ကေယာမသ်'နေ့၌ ထိုကိုးကွယ်ရာများသည် ၎င်းတို့၏ ဆန့်ကျင်ဘက်အုပ်စုအဖြစ် ရပ်တည်၍ ၎င်းတို့၏ ဆန့်ကျင်ဘက်သက်သေ ထွက်ဆိုကြပေလိမ့်မည်။ ဟဇရသ်ဟစန် ﷺ သခင်နှင့် ကသာဒဟ် ﷺ သခင်တို့ထံမှ အာယသ်တော်၏ အဖွင့်ကို ဤသို့ ဆင့်ပြန်ထားခြင်း ရှိသည်။ ၎င်းကာဖိရ်တို့သည် အကူအညီရရှိခြင်းငှာ ရုပ်တုများအား ကိုးကွယ်ရာအသျှင်မြတ်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် လက်တွေ့၌မူကား ထိုကိုးကွယ်ရာအသျှင် (အတု) များသည် ၎င်းတို့အား စိုးစဉ်းမျှပင် အကူအညီပေးနိုင်စွမ်း မရှိချေ။ သို့သာမက ၎င်းတို့ကပင် ထိုကိုးကွယ်ရာ အတုများအား ပြန်လည်စောင့်ရှောက်နေရသည်။ ၎င်းကိုးကွယ်ရာ အတုများအား ဆန့်ကျင်ရှုတ်ချသူများကို ပြန်လည်တိုက်ခိုက် ကာကွယ်နေရသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَلَا يَحْزُنكَ قَوْلُهُمْ ۘ إِنَّا نَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ﴿٧٦﴾

၃၆ : ၇၆ ။ ။ သို့ဖြစ်ပေရာ (အို့, နဗီတမန်တော်) ထိုသူတို့၏ ပြောဆိုမှုသည် အသင့်အား စိတ်နှလုံးမချမ်းမြေ့ မဖြစ်စေရ။ ကေန်အမှန် ထိုသူတို့ လျှို့ဝှက်သမျှတို့ကိုလည်းကောင်း၊ ထိုသူတို့ ထင်ရှားစေသမျှတို့ကိုလည်းကောင်း ငါအသျှင်မြတ်သည် (အကြွင်းမဲ့) သိရှိတော်မူပေသည်။

أَوَلَمْ يَرَ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ ﴿٧٧﴾

၃၆ : ၇၇ ။ ။ လူသားသည် မစဉ်းစားမဆင်ခြင် မမြင်ခဲ့လေသလော။ ကေန်မလွဲ ငါအသျှင်မြတ်သည် ၎င်းအား ကလလရေကြည် (သုက်ရည်) တစ်စက်ဖြင့် စတင်ဖန်ဆင်းတော်မူခဲ့၏။ သို့ရာတွင် ရုတ်တရက် ၎င်းမှာ ထင်ရှားစွာသော အငြင်းအခုံ ပြုလုပ်သူ ဖြစ်လာခဲ့၏။

وَضَرَبَ لَنَا مَثَلًا وَنَسِيَ خَلْقَهُ ۖ قَالَ مَن يُحْيِي الْعِظَامَ وَهِيَ رَمِيمٌ ﴿٧٨﴾

၃၆ : ၇၈ ။ ။ ထို့ပြင် ၎င်းလူသားသည် ငါအသျှင်မြတ်နှင့် ပတ်သက်၍ (လွန်စွာ ရိုင်းပြသော) ဥပမာတစ်ခုကို ခိုင်းနှိုင်းပြောဆိုခဲ့လေ၏။ ထို့ပြင် ၎င်းသည် မိမိဖန်ဆင်းခြင်း ခံခဲ့ရသော အဖြစ်ကို မေ့သွားခဲ့၏။ ၎င်းက (ခိုင်းနှိုင်းပြောဆိုခဲ့သည်မှာ) 'အရိုးများ ဆွေးမြေ့သွားခဲ့သောအခါ၊ မည်သူသည် ယင်းအရိုးများကို ရှင်စေအံ့သနည်း' ဟု ပြောဆိုခဲ့လေ၏။

قُلْ يُحْيِيهَا الَّذِي أَنشَأَهَا أَوَّلَ مَرَّةٍ ۖ وَهُوَ بِكُلِّ خَلْقٍ عَلِيمٌ ﴿٧٩﴾

၃၆ : ၇၉ ။ ။ (အို့, နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ပထမအကြိမ် ယင်းအရိုးများကို ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်သည်ပင်လျှင် ယင်းအရိုးများကို ရှင် (ပြန်) စေတော်မူမည်။ စင်စစ် ထိုအသျှင်မြတ်သည် အလုံးစုံသော ဖန်ဆင်းပုံ ဖန်ဆင်းနည်းတို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။'

الَّذِي جَعَلَ لَكُم مِّنَ الشَّجَرِ الْأَخْضَرِ نَارًا فَإِذَا أَنتُم مِّنْهُ تُوقِدُونَ ﴿٨٠﴾

၃၆ : ၈၀ ။ ။ အကြင်အသျှင်မြတ်သည် စိမ်းစိုသော သစ်ပင်မှ အသင်တို့၏ အကျိုးငှာ မီးကို ဖန်ဆင်းတော်မူခဲ့ရာ၊ ယခု အသင်တို့သည် ထိုသစ်ပင်မှပင် မီးမွေးနေကြကုန်သည်။

أَوَلَيْسَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِقَادِرٍ عَلَىٰ أَن يَخْلُقَ مِثْلَهُم ۚ بَلَىٰ وَهُوَ الْخَلَّاقُ الْعَلِيمُ

၃၆ : ၈၁ ။ ။ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်သည် ၎င်းတို့ကဲ့သို့သော သူတို့အား (ဒုတိယအကြိမ် ထပ်မံ၍) ဖန်ဆင်းတော်မူရန် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်

မဟုတ်ပါလော။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ မုချမလွဲ (စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင်) ဖြစ်တော်မူ၏။ စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ ဖန်ဆင်းတော်မူသော အသျှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

إِنَّمَآ أَمۡرُهُۥٓ إِذَآ أَرَادَ شَيۡـًٔا أَن يَقُولَ لَهُۥ كُن فَيَكُونُ ﴿٨٢﴾

၃၆ : ၈၂ ။ ။ ထိုအသျှင်မြတ်၏ အမိန့်တော်မှာ တစ်စုံတစ်ရာကို ထိုအသျှင်မြတ်သည် (ဖန်ဆင်းတော်မူရန်) ရည်စူးတော်မူသောအခါ ထိုအရာကို 'ဖြစ်စေ' ဟု မိန့်ကြားတော်မူရုံမျှဖြစ်၏။ ထိုအခါ ယင်းအရာများသည် ဖြစ်လာလေ၏။

فَسُبۡحَٰنَ ٱلَّذِي بِيَدِهِۦ مَلَكُوتُ كُلِّ شَيۡءٖ وَإِلَيۡهِ تُرۡجَعُونَ ﴿٨٣﴾

၃၆ : ၈၃ ။ ။ သို့ဖြစ်ပေရာ အကြင်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ အရာခပ်သိမ်းတို့ကို စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအသျှင်မြတ်၏ လက်တော်အတွင်း၌သာ ရှိ၏။ ထို့ပြင် အသင်တို့ (အားလုံး) သည် ထိုအသျှင်မြတ်၏ ထံတော်သို့သာလျှင် ပြန်လည်၍ သွားကြရပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ငှင်းကာဖိရ်တို့သည် အလွန်ထင်ရှားသည့် အရာများ၌ပင် ဆန့်ကျင်ကြလျက်ရှိရာ အို၊ နဗီတမန်တော်) ထိုသူတို့၏ ပြောဆိုမှုသည် အသင့်အား စိတ်နှလုံး မချမ်းမြေ့မှု မဖြစ်စေရ။ (အကြောင်းမှာ စိတ်နှလုံး မချမ်းမြေ့မှုသည် မျှော်လင့်ချက်ကြောင့် ဖြစ်၏။ မျှော်လင့်ချက်သည် လိုက်နာသူ၏ အသိဉာဏ်ရှိမှုအပေါ်၌ မူတည်၏။ ၄င်းကာဖိရ်တို့၌မူကား တရားမျှတသည့် ဉာဏ်အမြော်အမြင်မရှိ။ ၄င်းတို့ထံမှ မည်သည့် မျှော်လင့်ချက်ကိုမျှ ထား၍ မရချေ။ သို့ဖြစ်၍ စိတ်နှလုံးမချမ်းမြေ့မှုဖြစ်ရန် မလို။ ရှေ့ဆက်၍ အခြားတစ်နည်းဖြင့် နှစ်သိမ့်ထားပြန်သည်။) ဧကန်အမှန် ထိုသူတို့ လျှို့ဝှက်သမျှတို့ကိုလည်းကောင်း၊ ထိုသူတို့ (နှုတ်ဖြင့်) ထင်ရှားစေသမျှတို့ကိုလည်းကောင်း၊ ငါအသျှင်မြတ်သည် (အကြွင်းမဲ့) သိရှိတော်မူပေသတည်း။ (သတ်မှတ်ချိန် ရောက်ရှိခဲ့လျှင် ၄င်းတို့သည် ထိုလုပ်ရပ်များနှင့် စပ်လျဉ်း၍ အပြစ်ပေးခြင်း ခံရပေမည်။) 'ကေယာမသ်' နေ့ကို ငြင်းပယ်သည့် ထိုမနုဿလူသားသည် မစဉ်းစား၊ မဆင်ခြင်မမြင်ခဲ့လေသလော။ ဧကန်အမှန် ငါအသျှင်မြတ်သည် ၄င်းအား (ရွံရှာဖွယ်ရာ) ကာလရေကြည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။ (သို့ဖြင့် သူသည် ဘဝဟောင်းကို မေ့ရန် မသင့်ချေ။ အလ္လာဟ်အသျှင်မြတ်၏ ကြီးမားမှုကို လက်ခံရန် သင့်ပေသည်။ သို့ရာတွင် ထိုသူသည် ထိုသို့ မဖြစ်ခဲ့သည့်အပြင်) ရုတ်တရက် ၄င်းမှာ ထင်ရှားစွာသော အငြင်းအခုံပြုလုပ်သူ ဖြစ်လာခဲ့၏။ (ငြင်းခုံပုံမှာ) ထိုသူသည် ငါအသျှင်မြတ်နှင့် ပတ်သက်၍ ဥပမာတစ်ခုကို ခိုင်းနှိုင်း ပြောဆိုခဲ့လေ၏။ ထို့ပြင် ၄င်းသည် မိမိဖန်ဆင်းခြင်းခံခဲ့ရသော အဖြစ်ကို မေ့သွားခဲ့၏။ ၄င်းက (ခိုင်းနှိုင်း ပြောဆိုသည်မှာ) အရိုးများ ဆွေးမြေ့သွားခဲ့သောအခါ မည်သူသည် ယင်းအရိုးများကို ရှင်နိုင်အံ့နည်းဟု ပြောဆိုခဲ့လေ၏။

(အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ပထမအကြိမ် ယင်းအရိုးများကို ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်သည်ပင်လျှင် ယင်းအရိုးများကို ရှင်ပြန်စေတော်မူမည်။ (ပထမအကြိမ် ဖန်ဆင်းချိန်၌ ထိုအရိုးများသည် ဇီဝနှင့် ထိတွေ့ခြင်းမရှိခဲ့ချေ။ ယခုမူ တစ်ကြိမ်တစ်ခါ အသက်ရှင်ခြင်းဘဝ၌ ရှိခဲ့ပြီးဖြစ်ရာ ယင်းသို့သော အခြေအနေ၌ ပြန်လည်ရှင်ထရန် မည်သည့်အခက်အခဲများ ရှိလေမည်နည်း။ အခက်အခဲအလျှဉ်းမရှိ။) စင်စစ်သော်ကား ထိုအသျှင်မြတ်သည် အလုံးစုံသော ဖန်ဆင်းနည်းတို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

(ထိုအသျှင်မြတ်သည် မည်မျှ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသည်ဟူမူ) အကြင်အသျှင်မြတ်သည် စိမ်းစိုသော (အချို့) သစ်ပင်မှ အသင်တို့၏ အကျိုးငှာ မီးကို ဖန်ဆင်းတော်မူခဲ့ရာ ယခုသော်ကား အသင်တို့သည် ထိုသစ်ပင်မှပင် မီးမွှေးကြကုန်၏။ (အာရဗ်နိုင်ငံ၌ 'မရ်ခ်' နှင့် 'အိအ်ဖားရ်'ဟု ခေါ်ဆိုသည့် သစ်ပင်နှစ်မျိုး ရှိသည်။ ထိုသစ်ပင်များကို အချင်းချင်း ပွတ်တိုက်စေခြင်းဖြင့် မီးကို ရရှိနိုင်သည်။ ထိုသစ်ပင်နှစ်မျိုးအား အချင်းချင်း ပေါင်းစပ်ပေးခဲ့လျှင် မီးဖြစ်ပေါ်လာသည်။ ထိုအသျှင်မြတ်သည် စိမ်းစိုသည့် သစ်ပင်များ၌ မီးကို ဖြစ်စေနိုင်စွမ်းရှိရာ သက်မဲ့များအား ရှင်ပြန်ထစေရန် မည်သည့်အခက်အခဲများ ရှိလေမည်နည်း။) မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်သည် ၎င်းတို့ကဲ့သို့သော သူတို့အား (ဒုတိယအကြိမ် ထပ်မံ၍) ဖန်ဆင်းတော်မူရန် စွမ်းနိုင်တော်မူသော အသျှင် မဟုတ်ပါလော။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ မုချမလွဲ (စွမ်းနိုင်တော်မူသော အသျှင်မြတ်ပင်) ဖြစ်တော်မူ၏။ စင်စစ်မှာမူကား ထိုအသျှင်မြတ်သည် အလွန်တရာ ဖန်ဆင်းတော်မူသော အသျှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်၏ တန်ခိုးတော်သည်ကား တစ်စုံတစ်ရာကို ထိုအသျှင်မြတ်သည် (ဖန်ဆင်းတော်မူရန်) ရည်စူးတော်မူသောအခါ ထိုအရာကို 'ဖြစ်စေ'ဟု မိန့်ကြားတော်မူခြင်းမျှ ဖြစ်၏။ ထိုအခါ ယင်းအရာသည် ဖြစ်လာလေ၏။ သို့ဖြစ်ပေရာ (ဤအကြောင်းအရာများမှ အတည်ဖြစ် သိရှိရသည်မှာ) အကြင်အသျှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူ၏။ အရာခပ်သိမ်းတို့ကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအသျှင်မြတ်၏ လက်တော်အတွင်း၌သာ ရှိ၏။ (၎င်းနောက် ဤအချက်နှင့် ပတ်သက်၍ ဒွိဟသံသယတစ်စုံတစ်ရာမျှပင် မထားရှိအပ်ပေ။ ၎င်းမှာ) ထိုမှတစ်ပါး အသင်တို့ (အားလုံး) သည် ထိုအသျှင်မြတ်၏ ထံတော်သို့ သာလျှင် ပြန်လည်၍ သွားကြရပေလိမ့်မည်ဖြစ်သည်။ ('ကေယာမသ်' နေ့၌ သွားကြရမည်ကို ဆိုလိုသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

اَوَلَمْ يَرَ الْاِنْسَانُ اَنَّا خَلَقْنٰهُ مِنْ نُّطْفَةٍ

စူရာဟ်ယာစီးန်၏ နောက်ဆုံးအာယသ်တော် ငါးပါးသည် အထူးအဖြစ်အပျက်တစ်ခုနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ရခြင်းဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင် အိုဗိုင်ရ်ဗင်န်ခလဖ်နှင့် ပတ်သက်၍ဟု လာရှိ

ထားပြီး အခြားဆင့်ပြန်ချက်များတွင် အဆွ်ဗင်နိဝါအိလ်နှင့် ပတ်သက်၍ ကျရောက်ခဲ့သည်ဟု လာရှိထားသည်။ နှစ်ဦးစလုံးမှ ဤအဖြစ်အပျက် ဖြစ်ခဲ့သည်ဟု ဆိုလျှင်လည်း မဖြစ်နိုင်စရာ မရှိချေ။ ပထမဆင့်ပြန်ချက်ကို အေမာမ်ဗိုင်ဟကီ (ရဟ) က ရှုအဗုလ်အီမာန်ကျမ်း၌လည်းကောင်း၊ ဒုတိယဆင့်ပြန်ချက်ကို အိဗ်နေ အဗီဟာသင်မ်ကလည်းကောင်း၊ သာဝကကြီး အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဤသို့ ဆင့်ပြန်ခဲ့သည်။ တစ်နေ့သောအခါ အားစွ်အိဗ်နေဝါအိလ်ဆိုသူသည် မက္ကာဟ်မြို့တော်၏ ဝန်းကျင်တစ်နေရာမှ ဆွေးမြေ့နေသည့် အရိုးတစ်ချောင်းကို ကောက်ယူခဲ့လေသည်။ ထို့နောက် ယင်းအရိုးကို မိမိလက်နှစ်ဖက်ဖြင့် စိစိညက်ညက်ဖြစ်သွားအောင် ပြုလုပ်လိုက်သည်။ ထို့နောက် ၎င်းက တမန်တော်မြတ် ﷺ အား 'အလ္လာဟ်အသျှင်မြတ်သည် ဤသို့ စိစိညက်ညက်အဖြစ်သို့ ရောက်ရှိနေသည့် အရိုးကို ရှင်စေတော်မူမည်လော' ဟု မေးလေသည်။

ထိုအခါ တမန်တော်မြတ် ﷺ က 'မှန်ပါသည်။ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား သေစေမည်ဖြစ်သည်။ ထို့နောက် ပြန်လည်ရှင်ထစေတော်မူမည်။ ထို့နောက် အသင့်အား 'ဂျဟန္နမ်'ငရဲဘုံသို့ ဝင်ရောက်စေတော်မူမည်ဟု အမိန့်ရှိလေသည်။ *[အိဗ်နေကဗီးရ်]*

خَصِيْمٌ مُّبِيْنٌ

အလိုသဘောမှာ 'ရွံရှာဖွယ်ရာဖြစ်သည့် ကာလရေကြည်မှ ဖန်ဆင်းခြင်းခံခဲ့ရသည့် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ကို ငြင်းပယ်လျက် မည်ကဲ့သို့ အငြင်းအခုံပြုလုပ်ရန် အဆင်သင့်ဖြစ်သွားလေသည်' ဟူ၍ ဖြစ်သည်။

ضَرَبَ لَنَامَثَلًا

အထက်ဖော်ပြပါအဖြစ်အပျက်ကိုပင် ဥပမာခိုင်းနှိုင်းခဲ့သည်ဟု ဆိုခြင်းဖြစ်သည်။ ထိုသူသည် စိစိညက်ညက်အဖြစ်သို့ ရောက်ရှိသွားသည့် အရိုးအဖြစ် ပြန်လည်ရှင်သန်မည်ကို မဖြစ်နိုင်သည့် အရာဟု ယူဆခဲ့သည်။ သို့ဖြင့် အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ

وَنَسِيَ خَلْقَهٗ

ထိုသို့ ဥပမာခိုင်းနှိုင်းစဉ် ထိုသူသည် မိမိကာလလရေကြည်တစ်စက်ဖြင့် ဖန်ဆင်းခြင်းခံခဲ့သည်ကို မေ့လျက်ရှိသည်။ အကယ်၍ သူသည် မိမိဘဝကို မေ့သွားခြင်းမရှိခဲ့လျှင် ဤသို့ ဥပမာများကို ခိုင်းနှိုင်းတင်ပြ၍ အသျှင်မြတ်၏ စွမ်းဆောင်နိုင်မှုကို ငြင်းပယ်လိမ့်မည် မဟုတ်ချေ။

جَعَلَ لَكُمْ مِّنَ الشَّجَرِ الْاَخْضَرِ نَارًا

အာရဗ်နိုင်ငံ၌ သစ်ပင်နှစ်မျိုးမှာ အလွန်ကျော်ကြားပေသည်။ တစ်မျိုး၏ အမည်မှာ 'မရခ်'ဖြစ်ပြီး အခြားတစ်မျိုး၏ အမည်သည် 'အေဖားရ်' ဖြစ်သည်။ အာရဗ်လူမျိုးတို့သည် 'ထိုသစ်ပင်များ၏ အကိုင်းလေး

နှစ်ခုကို ဖြတ်တောက်ယူလေ့ ရှိသည်။ ထို့နောက် ထိုစိမ်းစိုနေသည့် အကိုင်းလေးနှစ်ခုကို အချင်းချင်း ပွတ်တိုက်ပေးလျှင် မီးဖြစ်ပေါ်လာသည်။ စိမ်းစိုသော သစ်ပင်မှ မီးကို ဖန်ဆင်းတော်မူခဲ့သည်' ဟူသည်မှာ ဤသည်ကိုပင် ဆိုခြင်းဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

အကယ်၍ သစ်ပင်များ၏ နောက်ဆုံးအခြေအနေကို ကြည့်မည်ဆိုလျှင်လည်း အပင်တိုင်းသည် အစပထမ၌ စိမ်းစိုလျက်ရှိနေပါသော်လည်း နောက်ဆုံးမှာ ခြောက်၍ ထင်းဖြစ်သွားပြီး မီးကို ဖြစ်ပေါ်စေမည်ကို တွေ့မြင်ပေမည်။ ဤသို့ဖြင့် အပင်တိုင်းသည် ဤအာယသ်တော်၏ အလိုသဘောရည်ရွယ်ချက်တွင် အကျုံးဝင်သွား၏။ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်တစ်ပါးဖြစ်သော

اَفَرَءَيْتُمُ النَّارَ الَّتِي تُورُونَ ءَاَنْتُمْ اَنْشَاْتُمْ شَجَرَتَهَا اَمْ نَحْنُ الْمُنْشِـُٔوْنَ

(အသင်တို့သည် မီးမီးတို့ မွေးကြသော မီးကို မြင်ခဲ့ကြလေသလော။ ထိုမီးထွက်သော အပင်ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေခဲ့ကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသောအသျှင်မြတ် ဖြစ်တော်မူပါသလော။) *[၅၆ : ၇၂]*

၏ အပေါ်ယံ စာသားများဖြင့်လည်း ဤသည်ကိုပင် သိရှိရသည်။ ယခု တင်ပြပါ အာယသ်တော်၌ **شجر** (သစ်ပင်) နှင့်အတူ **اخضر** (စိမ်းစိုသော) ဟူသည့် ဝိသေသနပုဒ်ကို ထည့်သွင်း တင်ပြထားရာ ၄င်းမှ သိရှိရသည်မှာ စိမ်းစိုနေပါလျက် မီးထွက်စေသော သီးသန့် အပင်တစ်မျိုးကိုပင် ရည်ရွယ်ခြင်း ဖြစ်နိုင်သည်။

اِنَّمَا اَمْرُهٗ اِذَا اَرَادَ شَيْـًٔا اَنْ يَّقُوْلَ لَهٗ كُنْ فَيَكُوْنُ

အာယသ်တော်၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် တစ်စုံတစ်ရာကို ဖြစ်စေလိုလျှင် လူသားတို့ကဲ့သို့ ထိုအရာနှင့် စပ်လျဉ်းသည့် အစိတ်အပိုင်းများကို စုဆောင်းရန်မလို။ မည်သည့် အခြေခံပစ္စည်းကိုမျှလည်း မလို 'ဖြစ်စေ' ဟု မိန့်တော်မူခြင်းဖြင့် ထိုအရာဝတ္ထုသည် ဖြစ်လာရပေသည်။ ချက်ချင်းဖြစ်ရန်လိုသည့် အရာများကို ချက်ချင်းဖြစ်စေသည်။ အချို့အရာများကိုမူ အကြောင်းတစ်စုံတစ်ရာကြောင့် တစ်ဖြည်းဖြည်း ဖြစ်စေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းခြင်းဆိုင်ရာ ဉာဏ်အမြော်အမြင်များသည် ထိုအသျှင်မြတ်သာလျှင် သိတော်မူဆုံးပင် ဖြစ်တော်မူပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ဆွာဖ်ဖာတ်

တန်းစီနေသူများကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالصّٰٓفّٰتِ صَفًّا ۙ﴿١﴾

၃၇ : ၁ ။ ။ (ငါအသျှင်မြတ်သည်) အနေအထားကျနစွာ တန်းစီ မတ်တတ်ရပ်ကြသူတို့အား သက်သေထူတော်မူ၏။

فَالزّٰجِرٰتِ زَجْرًا ۙ﴿٢﴾

၃၇ : ၂ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည်) ငေါက်ငမ်းလျက် မောင်းနှင်သူတို့အား သက်သေထူတော်မူ၏။

فَالتّٰلِيٰتِ ذِكْرًا ۙ﴿٣﴾

၃၇ : ၃ ။ ။ ထို့နောက်တစ်ဖန် (ငါအသျှင်မြတ်သည်) 'ဇိကိရ်' ဘာဝနာစီးဖြန်းကြသူတို့အား (တစ်နည်း) ကျက်မှတ် ရွတ်ဖတ်သူတို့အား သက်သေထူတော်မူ၏။

اِنَّ اِلٰهَكُمْ لَوَاحِدٌ ۗ﴿٤﴾

၃၇ : ၄ ။ ။ စေကန်မလွဲ အသင်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ်သည် တစ်ဆူတည်းသာလျှင် ဖြစ်တော်မူ၏။

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا وَرَبُّ الْمَشَارِقِ ۗ﴿٥﴾

၃၇ : ၅ ။ ။ (ထိုအသျှင်မြတ်သည်) မိုးကောင်းကင်များနှင့် မြေပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များ နှင့် ပထဝီမြေနှစ်ခုစလုံး၏ အကြား၌ ရှိရှိသမျှတို့ကိုလည်းကောင်း ဖန်ဆင်းစိုးပိုင်တော်မူသော အသျှင်၊ ထို့ပြင် နေထွက်ရာ အရပ်များကို ဖန်ဆင်းစိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

إِنَّا زَيَّنَّا السَّمَاءَ الدُّنْيَا بِزِينَةٍ الْكَوَاكِبِ ﴿٦﴾

၃၇ း ၆ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် အောက်ဆုံးဖြစ်သော မိုးကောင်းကင်ကို ကြယ်၊ နက္ခတ်တာရာများ တည်းဟူသော အဆင်အယင်ဖြင့် တန်ဆာဆင်ယင်တော်မူခဲ့၏။

وَحِفْظًا مِّن كُلِّ شَيْطَانٍ مَّارِدٍ ﴿٧﴾

၃၇ း ၇ ။ ။ ၎င်းပြင် (ငါအသျှင်မြတ်သည်) ရှိက်သွာန်အသီးသီးမှ အကာအကွယ်ပြုလုပ်တော်မူခဲ့၏။

لَّا يَسَّمَّعُونَ إِلَى الْمَلَإِ الْأَعْلَىٰ وَيُقْذَفُونَ مِن كُلِّ جَانِبٍ ﴿٨﴾

၃၇ း ၈ ။ ။ ထိုရှိက်သွာန်များသည် အထက်ကောင်းကင်ရှိ ပရိသတ်မြို့တော်သို့ (သွားရောက်) နားစွင့်နိုင်ခြင်း မရှိကြသည့်အပြင်၊ ၎င်းတို့သည် အဘက်ဘက်မှ (မီးတောက်ကြယ်ပျံဖြင့်) ပစ်ပေါက်ခြင်းကို ခံကြရကုန်၏။

دُحُورًا ۖ وَلَهُمْ عَذَابٌ وَاصِبٌ ﴿٩﴾

၃၇ း ၉ ။ ။ နှင်ထုတ်ခြင်းခံကြရပါသည့်အပြင်၊ ၎င်းတို့၌ ထာဝစဉ် ခံကြရမည်ဖြစ်သော ပြစ်ဒဏ်သည်လည်း ရှိပေဦးမည်။

إِلَّا مَنْ خَطِفَ الْخَطْفَةَ فَأَتْبَعَهُ شِهَابٌ ثَاقِبٌ ﴿١٠﴾

၃၇ း ၁၀ ။ ။ သို့ရာတွင် အကြင်ရှိက်သွာန်သည် (သတင်းတစ်စုံတစ်ရာကို) ရုတ်တက် သုတ်ယူခဲ့ပါမူ၊ တောက်လောင်သော မီးတောက်တစ်ခုသည် ၎င်း၏နောက်သို့ ထပ်ကြပ်မကွာ လိုက်ခဲ့လေကြတော့သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရန်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံရန်) တန်းစီ၍ ရပ်ကြသော ဖရစ်ရှ်သာဟ်များ၏ ကစမ်၊ (ယင်းအကြောင်း ဤစူရာဟ်၌ပင် ရှေ့တွင် လာမည့် အာယသ်တော်

وَإِنَّا لَنَحْنُ الصَّافُّونَ

ဟု ပါရှိလေသည်။) တစ်ဖန် (မိုးကောင်းကင်၏ သတင်းများကို (ခိုး၍) နားထောင် ယူဆောင်လာသော ရှိက်သွာန်များကို မီးကျည်ခဲများဖြင့်) ကာကွယ်တားဆီးသော ဖရစ်ရှ်သာဟ်များ၏ ကစမ်၊ (ဤအချက်နှင့် ပတ်သက်၍လည်း ရှေးအာယသ်တော်တွင် တင်ပြမည်။) တစ်ဖန် (အလ္လာဟ်အသျှင်မြတ်အား တသသည့်) 'သေလာဝသ်'ပြုလုပ်သည့် ဖရစ်ရှ်သာဟ်များ၏ ကစမ်၊ (ဤစူရာဟ်တွင်း၌ပင်

وَاِنَّا لَنَحْنُ الْمُسَبِّحُوْنَ

ဟု လာရှိထားပေသည်။ အချုပ်ဆိုရသော် ဤသို့သော ကျိန်ဆိုမှုများ၏ နောက်တွင် အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ) အသင်တို့၏ အသျှင်မြတ်သည် မုန်ကန်၍ တစ်ဆူတည်း တည်ရှိတော်မူ၏။ (အသျှင်မြတ်၏ တစ်ဆူတည်း တည်ရှိတော်မူခြင်း၏ အထောက်အထားမှာ) ထိုအသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပြင်ကို ဖန်ဆင်းတော်မူထားပေသည်။ ဆိုလိုသည်မှာ ထိုအရာများ၏ ပိုင်ရှင်နှင့် ချယ်လှယ်နိုင်စွမ်းရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ကြယ်တာရာများနှင့် ၎င်းတို့၏ ထွက်ရပ်များကိုလည်း ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ငါအသျှင်မြတ်သည်ပင် ၎င်းတို့ကို လင်းဝင်းစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ မိုးကောင်းကင်၏ တစ်ဖက်တစ်ချက်ကို ကြယ်တာရာများဖြင့် အံ့ဖွယ် အလှဆင်ထားတော်မူပေသည်။ ၎င်းနောက် (ထိုကြယ်တာရာများဖြင့် မိုးကောင်းကင်မှ သတင်းများကို ခိုးနားထောင်သော) ဆိုးသွမ်းသည့် ရှိုက်သွာန်များ၏ ရန်မှ (ထိန်းသိမ်း စောင့်ရှောက်ထား၏။ ထိန်းသိမ်းသော နည်းလမ်းကို ရှေ့တွင် တင်ပြထား၏။ ဤကာကွယ်ရေး အစီအမံကြောင့်) ၎င်းရှိုက်သွာန်များသည် မိုးကောင်းကင်ရှိ ဖရစ်ရှ်သာဟ်များ၏ စကားများကို နားမထောင်နိုင်ကြတော့ပေ။ (ဆိုလိုသည်မှာ မီးကျည်ခဲနှင့် အပစ်ခံရမည်ကို စိုးရိမ်၍ အဝေးတွင်သာ နေထိုင်ကြလေ၏။) ထို့နောက်တစ်ဖန် အကယ်၍ တစ်ခါတစ်ရံ ကြိုးစား၍ နားထောင်ကြလျှင်လည်း ရှိုက်သွာန်များ လာနိုင်သည့် ဘက်ပေါင်းစုံမှ မီးခဲများဖြင့် ပစ်ပေါက်၍ မောင်းထုတ်ခံရ၏။ (ဤအပြစ်ဒဏ်နှင့် သေးသိမ်မှုကို လက်တလော ကြုံတွေ့ရ၏။) တစ်ဖန် (နောင်တမလွန်တွင်) ၎င်းတို့အတွက် အမြဲတစေ 'ဂျဟန္နမ်'၌ နေထိုင်ကြရမည့် အပြစ်ဒဏ်ရှိ၏။ (အချုပ်ဆိုရသော် မိုးကောင်းကင်သတင်းများကို နားမထောင်မီ မီးကျည်ခဲများဖြင့် ပစ်ပေါက်၍ နှင်ထုတ်ခြင်းခံရ၏။ နားထောင်လိုသော်လည်း နားမထောင်ဖြစ်ကြပေ။) သို့သော် ရှိုက်သွာန်တစ်ကောင်ကောင်မှ သတင်းယူ၍ ပြေးသွားလျှင်လည်း တောက်လောင်နေသော မီးတောက်တစ်ခုသည် ၎င်း၏ နောက်သို့ လိုက်လေသည်။ (ထို့နောက် တောက်လောင် ပြာကျသွားလေသည်။ သို့ရှိရာ ကြားလာသော သတင်းကိုလည်း အခြားသူများထံသို့ ပို့ဆောင်နိုင်တော့မည် မဟုတ်ပေ။ ဤအစီအမံအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်း ရည်ညွှန်းနေလေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ်တွင် ပါဝင်သော အကြောင်းအရာများ

ဤစူရာဟ်သည် မက္ကာဟ်မြို့တွင် ကျရောက်ခဲ့သည်။ အခြားမက္ကာဟ်မြို့တွင် ကျရောက်သော စူရာဟ်များကဲ့သို့ ဤစူရာဟ်တွင်လည်း အီမာန်နှင့် ပတ်သက်၍ အခြေခံတင်ပြထား၏။ ဤစူရာဟ်တွင် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်း၊ နဗီတမန်တော်များအကြောင်း၊ နောင်တမလွန်နှင့်

ပတ်သက်၍ ယုံကြည်ထားရမည့် အချက်များကို နည်းအသွယ်သွယ်ဖြင့် အထောက်အထားများနှင့် တင်ပြထား၏။ ဤအချက်များကို အခြေခံ၍ မုရှ်ရစ်က်များ၏ ယုံကြည်ချက်များကိုလည်း ချေဖျက်ထား၏။ ၎င်းနောက် နောင်တမလွန်တွင် 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'၏ အခြေအနေများကို ဖော်ပြခြင်း၊ နဗီတမန်တော်များ၏ ဖိတ်ခေါ်မှုများတွင် ပါဝင်သော ယုံကြည်ချက်များ၏ အထောက်အထားတင်ပြခြင်း၊ ကာဖိရ်များ၏ စောဒကများနှင့် သံသယများကို ချေဖျက်ပြီးနောက် လွန်လေပြီးသော ကာလတွင် (မှန်ကန်သည့် ယုံကြည်ချက်များကို လက်ခံသူများအား အလ္လာဟ်အသျှင်မြတ် မည်သို့ ဆက်ဆံခဲ့သည်၊ ၎င်းနောက် ငြင်းဆန်ခြင်းနှင့် တုဖက်ခြင်းလမ်းကို ရွေးချယ်သူတို့၏ နိဂုံးသည် မည်သို့ ဖြစ်ခဲ့သည်တို့ကို တင်ပြထား၏။ သို့ရှိရာ ဤအကြောင်းအရာများတွင် တမန်တော်နူးဟ် عليه السلام ၊ တမန်တော်အိဗ်ရာဟီမ် عليه السلام နှင့် သားများ၊ တမန်တော်မူစာ عليه السلام ၊ တမန် တော်ဟာရူးန် عليه السلام ၊ တမန်တော်အီလ်ယာစ် عليه السلام ၊ တမန်တော်လူးသွ် عليه السلام ၊ တမန်တော်ယူနွတ်စ် عليه السلام တို့၏ အဖြစ်အပျက်များကို အကျဉ်းချုံး၍ တစ်ဖုံ၊ အကျယ်ချဲ့၍ တစ်နည်း တင်ပြထား၏။ မက္ကာဟ်မြို့မှ မုရှ်ရစ်က်တို့သည် ဖရစ်ရှ်သာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးများဟု ပြောဆိုခဲ့ကြသည်။ စူရာဟ်၏ အဆုံးပိုင်းတွင် ဤယုံကြည်ချက်ကို အကျယ်တဝင့် ချေဖျက်ထားသည်။ ဤစူရာဟ်ကို ခြုံငုံသုံးသပ်ကြည့်လျှင် တုဖက်ခြင်း၏ ဤသီးခြားပုံစံ (ဆိုလိုသည်မှာ ဖရစ်ရှ်သာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးများဟု ပြောဆိုခြင်း) ၏ ချေဖျက်ခြင်းကို အထူးဂရုပြုထား၏။ ထို့ကြောင့် ဤစူရာဟ်အား ဖရစ်ရှ်သာဟ်များနှင့် 'ကစမ်'စားခြင်းနှင့် ၎င်းတို့၏ ခဝပ်ကိုးကွယ်သော ပုံစံများကို တင်ပြခြင်းဖြင့် အစပြုထား၏။

ပထမအကြောင်းအရာဖြစ်သော အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်း

ဤစူရာဟ်ကို 'သောင်ဟီးဒ်' ၏ ယုံကြည်ချက်ကို တင်ပြခြင်းဖြင့် အစပြုထား၏။ ပထမလေး အာယသ်မှ အဓိကတင်ပြလိုသည့် အကြောင်းမှာ

اِنَّ اِلٰهَكُمْ لَوَاحِدٌ

(မုချဧကန် အသင်တို့၏ အသျှင်မြတ်သည် တစ်ပါးတည်းဖြစ်တော်မူ၏။) သို့သော် ဤစကားရပ်ကို မတင်ပြမီအလျှင် 'ကစမ်'သုံးခု ကျိန်ဆိုခဲ့၏။ ထို 'ကစမ်'များ၏ ပေါ်လွင်သော အဓိပ္ပာယ်မှာ ဤသို့ ဖြစ်သည်။ လိုင်းစီ၍ ရပ်သူများ၏ 'ကစမ်'၊ တားဆီးပိတ်ပင်သူများ၏ 'ကစမ်'၊ တသစီးဖြန်းသူများ၏ 'ကစမ်'ဟူ၍ ဖြစ်သည်။ ဤသုံးမျိုးသုံးစားသော သူတို့သည် မည်သူများနည်းဟု ကုရ်အာန်၏ စာလုံးများတွင် တင်ပြမထားပေ။ ထို့ကြောင့် ဤသူများကို ရှင်းလင်းရာတွင် အမျိုးမျိုး ကွဲပြားခဲ့ကြ၏။ အချို့ ပညာရှင်များက မိန့်ဆိုကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် သာသနာ့စစ်ဆင်နွှဲသည့် ထို စစ်သည်များကို ဆိုလိုသည်။ ၎င်းတို့သည် လမ်းလွှဲလမ်းမှားသူတို့၏ အင်အားကို တားဆီးပိတ်ပင်နိုင်ရန် လိုင်းစီ၍ ရပ်လျက်ရှိပြီး 'ဇိကိရ်'ဘာဝနာစီးဖြန်းခြင်းနှင့် ကျမ်းတော်မြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းတွင်

မွေ့လျော်လျက် ရှိနေကြသည်။ အချို့က မိန့်ဆိုသည်မှာ ဗလီတွင် နမာဇ်ဖတ်၍ တန်းစီ၍ ရုက်သွာန်၏ အတွေးအခေါ်များနှင့် လုပ်ဆောင်ချက်များကို တားဆီးမှုဖြစ်စေသော သူများကို ဆိုလိုလေသည်။ ၎င်းနောက် မိမိ၏ အာရုံ အပြည့်အဝကို 'ဇိကိရ်'နှင့် 'သေလာဝသ်'တွင် ထားရှိထားသူ ဖြစ်သည်ဟူ၍ ဖြစ်သည်။

[သဖ်စီးရေကဗီးရ်၊ ကုရ်သုဗီကျမ်း။]

ဤသည်မှလွဲ၍ အချို့ရှင်းလင်းချက်များ ရှိသော်လည်း ကျမ်းမြတ်ကုရ်အာန်၏ စာလုံးများနှင့် ပတ်သက်ဆက်နွယ်မှု မရှိပေ။ သို့သော် သဖ်စီးရ်ပညာရှင်အများစုက ဤသည်မှာ ဖရစ်ရှ်သာဟ်များဖြစ်သည် ဟု တင်ပြခဲ့ကြသည်။ ဤရှင်းလင်းချက်ကိုသာ ပညာရှင်အများစုက လက်ခံခဲ့ကြသည်။ ဤနေရာတွင် ဖရစ်ရှ်သာဟ်များ၏ အရည်အချင်း (၃) ခုကို တင်ပြထား၏။ ပထမအရည်အချင်းမှာ اَلصّٰٓفّٰتِ صَفًّا ဖြစ်သည်။ ဤစာလုံးသည် صَفّ မှ ထွက်၍ ၎င်း၏ အဓိပ္ပာယ်မှာ စုစည်းမှုတစ်ခုကို မျဉ်းတစ်ကြောင်းပေါ် တွင် ညီညာအောင် ထားခြင်းဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ထို့ကြောင့် အဓိပ္ပာယ်မှာ လိုင်းစီ၍ ညီညာစွာရပ်သူဟူ၍ ဖြစ်သည်။ ဖရစ်ရှ်သာဟ်များ လိုင်းစီကြ ကြောင်း ဤစူရာဟ်တွင် ရှေ့၌ လာပေလိမ့်မည်။ ဖရစ်ရှ်သာဟ်များကိုယ်တိုင် ပြောကြားခဲ့သည်မှာ-

وَاِنَّا لَنَحۡنُ الصَّآفُّوۡنَ

ဆိုလိုသည်မှာ မုချဧကန် ကျွန်ုပ်တို့အားလုံး လိုင်းစီ၍ ရပ်ကြလေသည်။ ဤသို့ လိုင်းစီခြင်းသည် မည်သည့်အချိန်တွင် ဖြစ်သနည်းဟူသည့် အဖြေကို အချို့သဖ်စီးရ်ပညာရှင်များဖြစ်သော ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﷺ၊ ဟစန်ဗဆွ်ရီ (ရဟ)၊ ကသာဒဟ် (ရဟ) တို့မှ မိန့်ဆိုကြသည်မှာ ဖရစ်ရှ်သာဟ်များသည် အမြဲတစေ မိုးကောင်းကင်တွင် လိုင်းစီ၍ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို စောင့်မျှော်နေကြသည်။ အမိန့်ရရှိသည်နှင့် နာခံကြလေသည်။ အချို့ပညာရှင်များက 'အေဗာဒသ်'အတွက်သာ သီးသန့်ရပ်သည်ဟု ဆိုကြလေသည်။ ဆိုလိုသည်မှာ ဖရစ်ရှ်သာဟ်များသည် 'အေဗာဒသ်'ခဝပ်ကိုးကွယ်ရန် 'ဇိကိရ်'အလ္လာဟ် အသျှင်မြတ်အား တသ သတိရသော အချိန်၌သာ တန်းစီ၍ ရပ်ကြသည်။ *[သဖ်စီးရေကဗီးရ်ကျမ်း]*

အစီအမံနှင့် အစီအစဉ်သည် သာသနာတွင် လိုအပ်သောအရာဖြစ်ခြင်း

ထိုအာယသ်တော်ဖြင့် သိရှိရသည်မှာ အလုပ်တိုင်းတွင် စနစ်တကျ စီစဉ်၍ ပြုလုပ်ခြင်းကို သာသနာက လိုလား၍ အလ္လာဟ်အသျှင်မြတ်ကလည်း နှစ်သက်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' (သို့) အိမန့်နာခံခြင်းသည် လိုင်းမစီဘဲ အစီအစဉ်မကျစေဘဲ စုပေါင်း၍ ပြုလုပ်လိုက်လျှင် ဖြစ်နိုင်သော်လည်း လိုင်းစီ၍ စနစ်တကျပြုလုပ်ရန် စွမ်းအားချီးမြှင့်လေသည်။ ထိုအာယသ်တော်တွင် ဖရစ်ရှ်သာဟ်များ၏ ကောင်းသော အရည်အချင်းများမှ ဤအရည်အချင်းကို တင်ပြ၍ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ဤလုပ်ဆောင်ချက်ကို အလွန်နှစ်သက်ကြောင်း တင်ပြထားလေသည်။

နမာဇ်တွင် လိုင်းများကို ညီညာစေခြင်းနှင့် ၄င်းလုပ်ရပ်၏ အရေးကြီးလိုအပ်ပုံ

သို့ရှိရာ လူသားများကိုလည်း 'အေဗာဒသ်'ပြုလုပ်ရာတွင် လိုင်းစီရန် နှိုးဆော်သတိပေးထားပေသည်။ ဟဇရသ်ဂျာဗိရ်ဗင်နိစမုရဟ် ﷺ သခင် ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အသင်တို့၏ နမာဇ်တွင် ဖရစ်ရှ်သာဟ်များသည် မိမိတို့အသျှင်မြတ်၏ ရှေ့တော်မှောက်၌ လိုင်းစီသကဲ့သို့ အဘယ်ကြောင့် မစီကြသနည်း။ ဆွဟာဗာများက မေးလျှောက်ကြသည်မှာ ဖရစ်ရှ်သာဟ်များသည် မိမိတို့၏ အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မည်သို့ လိုင်းစီကြသနည်း။ ထိုအခါ တမန်တော်မြတ် ﷺ က လိုင်းများကို ဖြည့်ကြလေသည်။ လိုင်းများတွင် ကွက်လပ်မထားဘဲ စေ့၍ ရပ်ကြသည်ဟု ဖြေကြားတော်မူပေသည်။ *[သဖ်စီးရ်မဇ္ဇဟရီကျမ်း]*

နမာဇ်တွင် လိုင်းကို ဖြည့်ကြရန်နှင့် ဖြောင့်မတ်စွာထားရန် လေးနက်စွာ နှိုးဆော်ထားသော ဟဒီးစ်တော်များသည် စာစောင်တစ်ခု ဖြစ်နိုင်ပေသည်။ ဟဇရသ်အဗူမတ်စ်အူးဒ် ﷺ သခင်က မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ သည် နမာဇ်တွင် ကျွန်ုပ်တို့၏ ပခုံးများကို ကိုင်၍ 'တည့်မတ်စွာ နေပါ။ ရှေ့နောက်မဖြစ်ပါစေနှင့်။ ထိုသို့မဟုတ်ပါက အသင်တို့၏ နှလုံးသားအတွင်းဝယ် ကွဲလွဲမှုများ ဖြစ်ပေါ်လာမည်'ဟု မိန့်တော်မူပေသည်ဟူ၍ ဖြစ်သည်။ *[ဂျမ်အွလ်ဖွဝါအစ်ဒ်ကျမ်း]*

ဖရစ်ရှ်သာဟ်များ၏ ဒုတိယအရည်အချင်းမှာ-

فَالزّٰجِرَاتِ زَجْرًا

ဖြစ်၏။ ဤစာလုံးသည် زَجْرٌ မှ ဆင်းသက်၍ 'တားဆီးခြင်း၊ ဟိန်းဟောက်ခြင်း၊ မောင်းထုတ်ခြင်း'ဟူ၍ အဓိပ္ပာယ်ရ၏။ ဟဇရသ်ထာနဝီ (ရဟ) သခင်က ထိုစာလုံး၏ အဓိပ္ပာယ်ကို 'တားဆီးသူ'ဟု ဆို၏။ ဤအဓိပ္ပာယ်သည် زجر ဟူသော စာလုံး၏ ဖြစ်နိုင်သည့် အလိုသဘောတိုင်းကို ပါဝင်စေ၏။ ဖရစ်ရှ်သာဟ်များ မည်သည့်အရာဖြင့် တားဆီးကြသနည်းဟူသော အချက်ကို ကျမ်းမြတ်ကုရ်အာန်၏ စာအသွားအလာကို ထောက်ထား၍ ပညာရှင်အများစုက ဤသို့ အဖြေပေးထား၏။ ထိုနေရာတွင် 'တားဆီးခြင်း'ဟူသည်မှာ ဖရစ်ရှ်သာဟ်များက ရှိုက်သွာန်များကို အထက်ကောင်းကင်သို့ မရောက်ရှိနိုင်အောင် တားဆီးသော လုပ်ရပ်ဟူ၍ ဖြစ်သည်။ ဤသည်နှင့် ပတ်သက်၍ အကျယ်တဝင့်ကို ကျမ်းမြတ်ကုရ်အာန်ကပင် ရှေ့၌ တင်ပြထား၏။

တတိယအရည်အချင်းမှာ فَالتّٰلِيٰتِ ذِكْرًا ဖြစ်၏။ ဆိုလိုသည်မှာ ထိုဖရစ်ရှ်သာဟ်များသည် 'ဇိကိရ်' ဘာဝနာစီးဖြန်းသူများ ဖြစ်၏။ 'ဇိကိရ်'၏ အလိုသဘောမှာ ဆုံးမစကားနှင့် အလ္လာဟ်အသျှင်မြတ်အားတသခြင်းဖြစ်၏။ ပထမအဓိပ္ပာယ်တွင် အလ္လာဟ်အသျှင်မြတ်သည် ကောင်းကင်ကျကျမ်းဂန်များဖြင့် ဆုံးမစကားများကို ချပေး၏။ ဤသည်ကို ရွတ်ဖတ်သူများဟု အလိုသဘောရ၏။ ဤရွတ်ဖတ်ခြင်းဖြင့် 'ဇရိကာသ်' မင်္ဂလာရရှိ၍ 'အေဗာဒသ်'၏ နည်းလမ်းတစ်ခု ဖြစ်သည်။ ၄င်းနောက် 'ဝဟီ'ဟူဆောင်လာသော ဖရစ်ရှ်သာဟ်

ဟူသော အလိုသဘောလည်း ဖြစ်နိုင်ပေသည်။ ၎င်းတို့သည် နဗီတမန်တော်များထံတွင် ထိုဆုံးမစကားများကို ဖတ်ရွတ်၍ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို ပို့ပေးလေသည်။ ဒုတိယပုံစံမှာ 'ဇိကိရ်' ဖြင့် အလ္လာဟ်အသျှင်မြတ်အား တသခြင်းဟု ဆိုလိုသည်။ ၎င်းတို့သည် အချိန်တိုင်း အလ္လာဟ်အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်'နှင့် မွန်မြတ်မှုများကို ရည်ညွှန်းသည့် စာလုံးများကို ဖတ်ရွတ်နေသည်ဟူ၍ ဖြစ်သည်။ ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ဖရစ်ရှ်သာဟ်များ၏ အရည်အချင်း (၃) ခုကို တင်ပြ၍ ခဝပ်ကိုးကွယ်ခြင်း၏ အရည်အချင်းအားလုံးကို စုစည်းထားပေသည်။ ဆိုလိုသည်မှာ 'အေဗာဒသ်'ပြုရန် အတွက် လိုင်းစီ၍ အသင့်နေခြင်း၊ နှောင့်ယှက်မှု၏ အင်အားများကို အလ္လာဟ့်အမိန့်ဖြင့်ဆန့်ခြင်းမှ တားမြစ်ခြင်း၊ အလ္လာဟ်၏ အမိန့်ပညတ်ချက်နှင့် ဆုံးမသွန်သင်မှုများကို ကိုယ်တိုင်ဖတ်ရွတ်၍ အခြားသူများထံ ပို့ပေးခြင်း စသည်တို့ ဖြစ်သည်။ မည်သည့် ခဝပ်ကိုးကွယ်မှုမျှ ဤနည်းလမ်း (၃) ခုမှ ခွဲထွက်မနေကြောင်း ပေါ်လွင်ပေသည်။ သို့ရှိရာ အာယသ်တော် (၄) ခု၏ အလိုသဘောမှာ ခဝပ်ကိုးကွယ်ခြင်း၏ အရည်အချင်း အားလုံးကို ပိုင်ဆိုင်သော ဖရစ်ရှ်သာဟ်များ၏ 'ကစမ်'၊ အသင်တို့၏ မှန်ကန်သော အသျှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူသည်။

ဖရစ်ရှ်သာဟ်များကို အဘယ်ကြောင့် 'ကစမ်' ကျိန်ဆိုသနည်း။

ဤစူရာဟ်တွင် ဖရစ်ရှ်သာဟ်များဖြင့် သီးခြား 'ကစမ်'ကျိန်ဆိုရခြင်း အကြောင်းအရင်းမှာ အထက်တွင် တင်ပြသကဲ့သို့ ဤစူရာဟ်၏ တင်ပြလိုရင်းအချုပ်မှာ شرك (ရှိရ်က်) ၏ သီးခြား အမျိုးအစားတစ်ခုကို ပယ်ဖျက်ရန်ဖြစ်သည်။ ၎င်းအမျိုးအစားမှာ မက္ကာဟ်မြို့သားတို့သည် ဖရစ်ရှ်သာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးများဟု ပြောဆိုကြသည်။ သို့ရှိရာ စူရာဟ်၏အစ၌ပင် ဖရစ်ရှ်သာဟ်များဖြင့် 'ကစမ်' ကျိန်ဆို၍ ၎င်းတို့၏ အရည်အချင်းများဖြစ်သော ပြည့်ဝသည့် 'အေဗာသ်'ပြုနည်းများကို ဖော်ပြထားသည်။ ဖရစ်ရှ်သာဟ်များသည် ခဝပ်ကိုးကွယ်သည့် အရည်အချင်းများကို စဉ်းစားလျှင် အလ္လာဟ်အသျှင်မြတ်နှင့် ဖရစ်ရှ်သာဟ်တို့အကြား ဖခင်နှင့် သားသမီးမျိုး အဆက်အသွယ်ရှိသည့် ပုံစံမဟုတ်ကြောင်း သက်သေပြမည့်အပြင် ဖန်ဆင်းခံနှင့် သခင်ဖြစ်ကြောင်းကို အသင်တို့ရှေ့မှောက်တွင် ပေါ်လွင်လာပေမည်။

အလ္လာဟ်အသျှင်မြတ်မှ ကစမ်ကျိန်ဆိုခြင်းနှင့် ကစမ်၏ အမိန့်ပညတ်ချက်များ၊ ၎င်းနောက် မေးခွန်းနှင့် အဖြေများ

ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အသျှင်မြတ်သည် အီမာန်ယုံကြည်ချက်နှင့် ပတ်သက်၍ မြောက်မြားစွာသော မူရင်းဇစ်မြစ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို လေးနက်စေရန်အတွက် ကျိန်ဆိုမှုအမျိုးမျိုး ပြုလုပ်ခဲ့သည်။ တစ်ခါတစ်ရံ မိမိ၏ 'ဇားသ်'တော်၌၊ တစ်ခါတစ်ရံ ဖန်ဆင်းခံများကြားမှ သီးခြား အရာ

ဝတ္ထုများ၌ ကျိန်ဆိုလေ့ရှိသည်။ ၄င်းနှင့် ပတ်သက်၍ မေးခွန်းမြောက်မြားစွာ ပေါ်ပေါက်လာပေသည်။ ထို့ကြောင့် ကျမ်းမြတ်ကုရ်အာန်၏ သဖ်စီးရ်ဘာသာရပ်တွင် အထက်ပါခေါင်းစဉ်သည် သီးသန့် အကြောင်းအရာတစ်ခု ဖြစ်သွားပေသည်။ ဟာဖိဇ်အိဗ်နေကိုင်ရင်မ် (ရဟ) သည် အထက်ပါအကြောင်းအရာကို သီးခြားစာအုပ် တစ်အုပ်အနေဖြင့် التبيان فى اقسام القران ဟူသော အမည်ဖြင့် ရေးသားခဲ့သည်။ အလ္လာဟ်မဟ်စူရှုသွီ (ရဟ) က မိမိ၏ အုလူမ်ုလေသဖ်စီးရ်ကျမ်း اتقان တွင် တင်ပြချက်များ၏ အမျိုးအစား (၆၇) မျိုး အဖြစ် သတ်မှတ်၍ အကျယ်တဝင့် တင်ပြထားပေသည်။ ဤနေရာတွင် အချို့အရေးကြီးသော အစိတ်အပိုင်းများကို တင်ပြပေမည်။

ပထမမေးခွန်း ။ ။ အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်' ကျိန်ဆိုခြင်းကြောင့် လူဗိဇသဘောအရ ဤသို့ မေးခွန်းပေါ်ပေါက်လာသည်။ အလ္လာဟ်အသျှင်မြတ်သည် မည်သူ့ကိုမျှ ဂရုစိုက်ရမည့်သူ မဟုတ်သောကြောင့် တစ်ဦးတစ်ယောက် ယုံကြည်စေရန် 'ကစမ်' ကျိန်ဆိုခြင်း အဘယ်ကြောင့် အရေးကြီးပါသနည်း။

اتقان ကျမ်းတွင် အဗွလ်ကာစင်မ်ကုရှိုင်ရီ (ရဟ) မှ ဤမေးခွန်းအား အဖြေပေးထားသည်မှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ကျိန်ဆိုရန် မည်သို့မျှ အရေးကြီးမပါ။ သို့သော် မိမိ၏ အဖန်ဆင်းခံများကို ကရုဏာထား ချစ်ခင်တော်မူသည့်အတွက် အမှန်တရားကို မည်သို့မဆို လက်ခံ၍ 'အဇားဗ်'အပြစ်ဒဏ်မှ ကင်းလွတ်စေရန်အတွက် ဖြစ်သည်။ ကျေးတောသားတစ်ယောက်သည်

وَفِى السَّمَاءِ رِزْقُكُمْ وَمَاتُوعَدُونَ فَوَرَبِّ السَّمٰوٰتِ وَالْاَرْضِ اِنَّهٗ لَحَقٌّ

ဟူသော အာယသ်တော်ကို ကြားလေရာ 'အလ္လာဟ်အသျှင်မြတ်ကဲ့သို့ ကြီးကဲ မြင့်မြတ်တော်မူသော အသျှင်မြတ်ကို မည်သူမျှ စိတ်ခုစေသဖြင့် အလ္လာဟ်အသျှင်မြတ်ကို 'ကစမ်' ကျိန်ဆိုရပါသနည်း' ဟု ပြောဆိုလေသည်။ အချုပ်ဆိုရသော် အဖန်ဆင်းခံများအပေါ် ချစ်ခင်ခြင်းကြောင့် ဤသို့ ပြုရခြင်းဖြစ်သည်။ လောကတွင် ပြဿနာများကင်းရန်နှင့် ကွဲလွဲမှုများကို ချေဖျက်ပစ်ရန် ကျော်ကြားသော နည်းလမ်းမှာ ဆန့်ကျင်တင်ပြမှုများအပေါ် သက်သေပေးရမည်။ သက်သေမရှိလျှင် ကျိန်ဆိုရမည်။ ဤသို့ပင် အလ္လာဟ်အသျှင်မြတ်သည် လူသားများနှင့် ယဉ်ပါးသည့် နည်းလမ်းကို ရွေးချယ်၍ အချို့နေရာတွင် 'ရှဟာဒသ်' ဟု သုံးနှုန်း၍ အကြောင်းအရာကို လေးနက်စေသည်။ ဥပမာ-

شَهِدَ اللّٰهُ اَنَّهٗ لَآ اِلٰهَ اِلَّا هُوَ

အချို့နေရာတွင် 'ကစမ်'၏ စာလုံးသုံး၍ ဥပမာ- اِىْ وَرَبِّىْٓ اِنَّهٗ لَحَقٌّ
အစရှိသည်တို့ ဖြစ်သည်။

ဒုတိယမေးခွန်း ။ ။ 'ကစမ်' (ကျိန်ဆိုခြင်း) သည် အလွန်ကြီးမြတ်သော အရာဖြင့် ကျိန်ဆိုရလေသည်။ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အတွက်ကြောင့် မိမိထက် အစစအရာရာ နိမ့်ပါးသောအရာဖြင့် ကျိန်ဆိုတော်မူလေသနည်း။

အဖြေမှာ အလ္လာဟ်အသျှင်မြတ်ထက် ကြီးသောအရာ မည်သည့်အရာမှ မရှိ။ ရှိနိုင်မည်လည်း မဟုတ်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'သည် အခြားအဖန်ဆင်းခံများ၏ 'ကစမ်'နှင့် မတူညီခြင်းမှာ ပေါ်လွင်ပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် အချို့နေရာ၌ اَیْ وَرَبِّیْ မိမိကိုယ်ကို 'ကစမ်' ကျိန်ဆိုခြင်း၊ ကျမ်းမြတ်ကုရ်အာန်တွင် နေရာ (၇) နေရာ၌ လာရှိထားသည်။ အချို့နေရာတွင် မိမိ၏ လုပ်ဆောင်မှုများ၊ ဂုဏ်တော်များနှင့် ကျမ်းမြတ်ကုရ်အာန်ကို ကျိန်ဆိုထား၍ ဥပမာ-

وَالسَّمَآءِ وَمَابَنٰهَا وَالْاَرْضِ وَمَاطَحٰهَا وَنَفْسٍ وَّمَاسَوّٰهَا

အစရှိသည်တို့ ဖြစ်သည်။ မြောက်မြားစွာသော 'ကစမ်'များတွင် မိမိ၏ အဖန်ဆင်းခံများကို အသုံးပြုထား၍ ထိုအဖန်ဆင်းခံများကို သိရှိခြင်းဖြင့် ဖန်ဆင်းရှင်၏ 'ဇားသ်'တော်ကို သိရှိနိုင်ပေသည်။ 'ကစမ်'ကျိန်ဆိုခဲ့သော အဖန်ဆင်းခံများတွင် တစ်ခါတစ်ရံ ထိုအရာဝတ္ထုသည် ကြီးကျယ်မြင့်မြတ်မှုကို တင်ပြလို၍ ဖြစ်သည်။ ဥပမာ- ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော်မြတ် ﷺ ၏ သက်တမ်းကို 'ကစမ်' ကျိန်ဆိုထား၍

لَعَمْرُكَ اِنَّهُمْ لَفِىْ سَكْرَتِهِمْ يَعْمَهُوْنَ

ဟူ၍ တင်ပြထားသည်။ အိဗ်နေမရ်ဒဝီရာဟ် (ရဟ) က အိဗ်နေအဗ္ဗားစ် ؓ ၏ အဆိုကို ဆင့်ပြန်ထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လောကတွင် မည်သည့်အဖန်ဆင်းခံနှင့် မည်သည့်အရာကိုမျှ တမန်တော်မြတ် ﷺ ထက် ဂုဏ်ပေးလေးစားဖွယ် မဖန်ဆင်းခဲ့ပေ။ ဤအတွက်ကြောင့် ကျမ်းမြတ်ကုရ်အာန် တစ်အုပ်လုံးတွင် မည်သည့်နဗီရစူလ်၏ 'ဇားသ်'အပေါ် ကျိန်ဆိုခြင်း မပြုခဲ့ပေ။ တမန်တော်မြတ် ﷺ ၏ သက်တမ်းအပေါ်၌သာ 'ကစမ်'ကျိန်ဆိုခဲ့ကြောင်းကို အာယသ်တော်၌ တင်ပြထားပေသည်။

ဤသို့ပင် وَالطُّوْرِ وَكِتٰبٍ مَّسْطُوْرٍ တွင် طور နှင့် ကျမ်းစာအုပ်၏ ကြီးကျယ်မှုကို ဖော်ညွှန်းရန် တင်ပြထားသည်။ အချို့အချိန်များတွင် အဖန်ဆင်းခံတစ်ဦးဦးကို 'ကစမ်'ကျိန်ဆိုရခြင်း အကြောင်းအရင်းမှာ ထိုအဖန်ဆင်းခံအရာသည် အကျိုးကျေးဇူး များပြားသောအရာ ဖြစ်သောကြောင့် ဖြစ်၏။ ဥပမာ- وَالتِّيْنِ وَالزَّيْتُوْنِ ဖြစ်သည်။ အချို့နေရာတွင် အဖန်ဆင်းခံတစ်ဦးဦးကို 'ကစမ်'ကျိန်ဆိုရခြင်း အကြောင်းရင်းမှာ ထိုအရာကို ဖန်ဆင်းရာတွင် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်သော တန်ခိုးတော်ကို ဖော်ညွှန်းခဲ့သည့်အရာနှင့် လောက၏ ဖန်ဆင်းရှင်ကို သိရှိစေရန် အရေးကြီးသော အကြောင်းခံဖြစ်၍ ဖြစ်သည်။ အများအားဖြင့် အကြောင်းအရာနှင့် ကျိန်ဆိုခြင်းခံရသော အရာတွင် ပါဝင်ပတ်သက်မှု မုချ ရှိလေသည်။ ကျိန်ဆိုခြင်းခံရသော အကြောင်းအရာအပေါ် စဉ်းစားလျှင် အထက်ပါအချက်ကို သိရှိနိုင်သည်။

တတိယမေးခွန်း ။ ။ ရှုရီအသ်၏ ကျော်ကြားသော အမိန့်မှာ လူသားများအတွက် အလ္လာဟ်အသျှင်မြတ်မှလွဲ၍ မည်သည့်အရာကိုမျှ 'ကစမ်'ကျိန်ဆိုခြင်း မပိုင်ပေ။ အလ္လာဟ်အသျှင်မြတ်ကိုယ်တိုင် အဖန်ဆင်းခံများဖြင့် 'ကစမ်'ကျိန်ဆိုခြင်းသည် လူသားများဖို့ အလ္လာဟ်မှလွဲ၍ အခြားအရာများအပေါ် 'ကစမ်'စားပိုင်ကြောင်း အထောက်အထားဖြစ်ပါသလား။

ယင်း၏ အဖြေကို ဟဇရသ်ဟစန်ဗဆွရီ (ရဟ) မှ ဤသို့ ဖြေကြားထားသည်။

ان الله يقسم بماشاء من خلقه وليس لاحدان يقسم الا بالله

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံများတွင် ကြိုက်နှစ်သက်သည့်အရာဖြင့် ကျိန်ဆိုနိုင်လေသည်။ သို့သော် လူတစ်ဦးတစ်ယောက်အနေဖြင့် အလ္လာဟ်မှလွဲ၍ မည်သည့်အရာမျှဖြင့် 'ကစမ်'ကျိန်ဆိုခြင်း မပိုင်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်ကို လူသားများနှင့် နှိုင်းယှဉ်ခြင်း မှားယွင်းလွဲချော်၏။ လူသားများအတွက် ရှုရီအသ်မှ အလ္လာဟ်မှလွဲ၍ 'ကစမ်'ကျိန်ဆိုမှုကို တားမြစ်ခြင်းကြောင့် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်ပိုင်းဆိုင်ရာ လုပ်ရပ်ကို ၎င်းနှင့် ဆန့်ကျင်နေသောအရာဖြင့် အထောက်အထားပြုခြင်းများ၏။ ဤတင်ပြချက်များပြီးနောက် အာယသ်တော်၏ ရှင်းလင်းချက်ကို သုံးသပ်ကြည့်ပါက ပထမအာယသ်တော် (၄) ခုတွင် ဖရစ်ရှ်သာဟ်များကို ကျိန်ဆို၍ အသင်တို့၏ မှန်ကန်သော အသျှင်မြတ်သည် တစ်ပါးတည်းဖြစ်သည်။ 'ကစမ်'ကျိန်ဆိုရာတွင် ဖရစ်ရှ်သာဟ်များ၏ အရည်အချင်းများကို တင်ပြထားခြင်းအပေါ် အနည်းငယ် စဉ်းစားကြည့်လျှင်ပင် 'သောင်ဟီးဒ်'၏ ယုံကြည်ချက်အပေါ် အထောက်အထားဖြစ်ကြောင်း သိရှိနိုင်သည်။ သို့သော် ရှေ့လာမည့် အာယသ်တော် (၆) ခုတွင် 'သောင်ဟီးဒ်'အကြောင်း အထောက်အထားများကို သီးခြားတင်ပြထား၏။ ကျမ်းတော်မြတ်တွင် မိန့်တော်မူထားသည်မှာ-

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا وَرَبُّ الْمَشَارِقِ

မိုးကောင်းကင်နှင့် မြေပထဝီ၊ ၎င်းတို့ကြား၌ရှိသော အဖန်ဆင်းများအားလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် အရှေ့ဘက်အရပ်များကိုလည်း ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ရှိရာ ဤမျှ ကြီးမားလှသော အဖန်ဆင်းခံများ၏ ဖန်ဆင်းရှင်သည် ခဝပ်ကိုးကွယ်မှု ခံထိုက်သော အသျှင်မြတ်သာ ဖြစ်တော်မူ၏။ ၎င်းနောက် တည်ရှိနေသော အရာဝတ္ထုအားလုံးသည် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းရှိကြောင်း အထောက်အထားဖြစ်၏။ ဤနေရာတွင် المشارق သည် مشرق ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ နေသည် ရက်တိုင်းရက်တိုင်းတွင် နေထိုင်နေရာ အသစ်တစ်ခုတစ်ခုမှ ထွက်ပေါ်သည့်အတွက် ၎င်း၏ ထွက်ရာအရပ်သည် အများကြီး ဖြစ်သွား၏။ ၎င်းကို မူတည်၍ အများကိန်းယူလာခြင်း ဖြစ်သည်။

إِنَّا زَيَّنَّا السَّمَاءَ الدُّنْيَا بِزِينَةٍ الْكَوَاكِبِ

တွင် السَّمَاءَ الدُّنْيَا ဟူသော သဘောမှ အနီးဆုံး မိုးကောင်းကင်ဟု ဖြစ်သည်။ အလိုသဘောမှာ ငါအသျှင်မြတ်သည် မြေပြင်နှင့် အနီးဆုံးသော မိုးကောင်းကင်ကို ကြယ်တာရာဖြင့် ခြယ်သထားသည်။ သို့ရှိရာ ကြယ်တာရာများသည် မိုးကောင်းကင်အတွင်းရှိရန် အရေးမကြီးတော့ဘဲ မိုးကောင်းကင်နှင့် ကွဲကွာနေပါကလည်း မြေပြင်မှ တွေ့ရသည့်အတွက် မိုးကောင်းကင်အပေါ်၌သာ ရှိကြောင်း သိရှိရသည်။ ထိုကြယ်တာရာများကြောင့် မိုးကောင်းကင်တွင် လင်းဝင်းနေကြောင်း သိရှိရသည်။ တင်ပြလိုသည်မှာ ဤသို့ ကြယ်တာရာများနှင့် ပြည့်နှက်နေသည့် မိုးကောင်းကင်သည် အလိုအလျောက် မဖြစ်လာဘဲ ဖန်ဆင်းရှင်က ဖန်ဆင်းခြင်းကြောင့် ဖြစ်သည်ဟူသော အထောက်အထားဖြစ်သည်။ ထိုအသျှင်မြတ်သည် အလွန်ကြီးကျယ်ထည်ဝါလှသော အရာများကို တည်ရှိနေစေနိုင်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ တုပနှိုင်းယှဉ်ရန် မလိုအပ်တော့ပေ။ မုရှ်ရစ်ကီများကလည်း အာကာသကိစ္စရပ်များအားလုံးကို ဖန်ဆင်းရှင်သည် အလ္လာဟ်အသျှင်မြတ် ဖြစ်သည်ဟု လက်ခံထားကြသည်။ ဖန်ဆင်း၍ ပိုင်ရှင်သည် အလ္လာဟ်အသျှင်မြတ် ဖြစ်သည်ဟု ယုံကြည်၍ အခြားတစ်ဦးကို ကိုးကွယ်ခြင်းသည် အလွန်ဆိုးရွားသော ကိစ္စဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်ကို ထောက်ရှု၍ ကြယ်တာရာများ၊ မိုးကောင်းကင်နှင့် တွဲဆက်နေပါသလော။ (သို့) သီးခြားနေပါသလော။ ကုရ်အာန်ကျမ်းမြတ်နှင့် အာကာသဆိုင်ရာ ပညာရပ်များက မည်သို့ ဆက်နွှယ်မှုရှိပါသနည်း။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အကျယ်တဝင့်ကို 'စူရာဟ်ဟုဂျ်ရ်' ၌ တင်ပြထားပြီးဖြစ်သည်။

فَأَتْبَعَهُ شِهَابٌ ثَاقِبٌ မှ وَحِفْظًا مِّن كُلِّ شَيْطَانٍ مَّارِدٍ

ဤအာယသ်တော်များတွင် ကြယ်တာရာများကို အလှဆင်ခြင်းအပြင် ထိုကြယ်တာရာများဖြင့် ဆိုးသွမ်းသော ရှိုက်သွာန်များကို မိုးကောင်းကင်၏ စကားများကို နားထောင်ခြင်းမှ တားမြစ်သော အကျိုးလည်း ရရှိသည်။ ထိုရှိုက်သွာန်တို့သည် အကွယ်သတင်းများကို နားထောင်ရန် မိုးကောင်းကင်အနီးသို့ သွားကြလေသည်။ သို့သော် ဖရစ်ရှ်သာဟ်များသည် သတင်းများကို ၎င်းတို့အား နားထောင်ခွင့် မပေးပေ။ ရှိုက်သွာန်မှ စကားအနည်းငယ်ကြား၍ ထွက်ပြေးလျှင်လည်း တောက်လောင်နေသော မီးတောက်ဖြင့် ပစ်ခတ်လေသည်။ သို့မှသာ လောက၌ မိမိတို့ ယုံကြည်သူ နက္ခတ်ဗေဒင်ပညာရှင်များမှာ မည်သို့မျှ ပြန်လည် မပြောဆိုနိုင်ရန် ဖြစ်ပေသည်။ ဤတောက်လောင်နေသော မီးတောက်ကို شهابٌ ثاقب ဟု ခေါ်ဆိုသည်။ شهاب ثاقب နှင့်ပတ်သက်၍ 'စူရာဟ်ဟုဂျ်ရ်'၌လည်း တင်ပြထားပြီးဖြစ်သည်။ ဤနေရာတွင် သတိပေးလိုသည်မှာ ရှေးယူနာနီဖလော်ဆော်ဖီ ပညာရှင်များက شهاب ثاقب ဆိုသည်မှာ မြေပြင်မှ အစိတ်အပိုင်း တစ်ခုဖြစ်၍ အပူရှိန်ဖြင့် အပေါ်တက်သွားလေသည်။

ရောက်ရှိသွားပြီးနောက် တောက်လောင်လေသည်ဟူ၍ ယူဆပြောဆိုကြသည်။ သို့သော် ကျမ်းမြတ်ကုရ်အာန်၏ စာလုံးကို ကြည့်ခြင်းဖြင့် شِهَابٌ ثَاقِبٌ ဆိုသည်မှာ မြေပြင်မှဖြစ်သော အရာမဟုတ်။

မိုးကောင်းကင်၌သာ ပေါ်ပေါက်သောအရာ ဖြစ်သည်။ ရှေးသဖ်စီးရ်ပညာရှင်များက ဤနေရာတွင် တင်ပြထားသည်မှာ ယူနာနီဖလော်ဆော်ဖီများ၏ **شہاب ثاقب** ကို ကမ္ဘာလောကမှ ဖြစ်သည်ဟု ဆိုခြင်းမှာ ခန့်မှန်းခြေအပေါ်၌သာ မူတည်၏။ ထို့ကြောင့် ကုရ်အာန်ကျမ်းမြတ်အပေါ် စောဒကတက်ရန် အကြောင်းမဟုတ်ပေ။ ထို့ပြင် လောကမှ အရာတစ်ခုသည် အပေါ်တက်သွားပြီး တောက်လောင်သွားလျှင်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအရာကို မဆန့်ကျင်ပေ။ သို့သော် ခေတ်သစ်သိပ္ပံ၏ စူးစမ်းမှုများသည် ဤစောဒကကို ချေဖျက်ပစ်လေသည်။ ခေတ်သစ်သိပ္ပံပညာရှင်များ၏ အယူအဆမှာ **شہاب ثاقب** သည် မရေမတွက်နိုင်သော ကြယ်တာရာများ၏ သေးငယ်သော အစိတ်အပိုင်းများသာ ဖြစ်သည်။ အများအားဖြင့် အုတ်ခဲကြီးအရွယ်ဖြစ်၍ မရေမတွက်နိုင်သော အစိတ်အပိုင်းများ မိုးကောင်းကင်တွင် လွင့်ပျံနေလေသည်။ ထိုဥက္ကာခဲများ၏ အစုအဖွဲ့ကို **اسدیہ** ဟု ခေါ်သည်။ နေ၏ အနီးအနားတွင် လှည့်လည်နေလေသည်။ ၎င်း၏ လှည့်လည်မှုသည် (၃၃) နှစ်တွင် တစ်ပတ်ပြည့်လေသည်။ ထိုအစိတ်အပိုင်းများသည် ဩဂုတ်လ (၁၀) ရက်၊ နိုဝင်ဘာလ (၂၇) ရက်ညများတွင် အများဆုံး ကျလေသည်။ ဧပြီလ (၂၀) ရက်၊ နိုဝင်ဘာလ (၂၈) ရက်၊ အောက်တိုဘာလ (၁၈) ရက်၊ ဒီဇင်ဘာ (၆)၊ (၉)၊ (၁၃) ရက်ညများတွင် ကျသော်လည်း နည်းလေသည်။ ခေတ်သစ်သိပ္ပံ၏ ရှာဖွေစူးစမ်းမှုများမှာ ကျမ်းမြတ် ကုရ်အာန်၏ တင်ပြသော ပုံစံများနှင့် ပို၍ ကိုက်ညီပေသည်။

သို့သော် **شہاب ثاقب** နှင့် ရှိုက်သွာန်ကို ပစ်ပေါက်ခြင်းမှာ ဖြစ်နိုင်ချေနှင့် အလွန်ဝေးသည်ဟု ပြောဆိုသူများကို သွန်သွာဝီ (ရဟ) အမည်ရှိ ပညာရှင်က 'အလ်ဂျဝါဟစ်ရ်' ကျမ်းတွင် ဤသို့ ရေးသားထားသည်။ ကျွန်ုပ်တို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ပညာရှင်များက ကျမ်းမြတ်ကုရ်အာန်တွင် ၎င်းတို့ခေတ်၏ အာကာသဆိုင်ရာ ပညာရပ်များတွင် ဆန့်ကျင်ပြောဆိုမည်ကို စိုးရိမ်ကြသည်။ သို့သော် သဖ်စီးရ်ပညာရှင်များက ဖလော်ဆော်ဖီ ယူဆချက်များကို လက်ခံ၍ ကျမ်းမြတ်ကုရ်အာန်၏ တင်ပြချက်များကို စွန့်လွှတ်ရန်မှာ လုံးဝ မနှစ်သက်ကြပေ။ ထိုမှလွဲ၍ သဖ်စီးရ်ပညာရှင်များသည် ဖလော်ဆော်ဖီ ယူဆချက်များကို လွှတ်၍ ကျမ်းမြတ်ကုရ်အာန်အပေါ်၌သာ ရပ်တည်ကြသည်။ ရှေးဟောင်းယူနာနီဖလော်ဆော်ဖီ ယူဆချက်များ မှားယွင်းကြောင်း အချိန်ကာလ အနည်းငယ်ကြာသည့်နောက် အလိုအလျောက် သိရှိသွားကြလေသည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ဤကြယ်တာရာများသည် ရှိုက်သွာန်များကို လောင်ကျွမ်းစေသည်။ ဒုက္ခရောက်စေသည်ဟု လက်ခံလိုက်လျှင် မည်သည့်အတားအဆီး ဖြစ်ပါသနည်း။ ကျွန်ုပ်တို့သည် ကျမ်းမြတ်ကုရ်အာန်၏ ဤတင်ပြချက်ကို လက်ခံ၍ အနာဂတ်ကို မျှော်ကြည့်လျှင် သိပ္ပံပညာသည်လည်း ဤအချက်ကို လက်ခံလာပေမည်။

မူရင်းရည်ရွယ်ချက်

ဤနေရာတွင် မိုးကောင်းကင်များ၊ ကြယ်တာရာများနှင့် **شہاب ثاقب** 'ရှိဟာဗေစာကိဗ်' ကို တင်ပြခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ 'သောင်ဟီးဒ်' ကို အတည်ပြုရန် ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည်

တစ်ပါးတည်း အလွန်ကြီးကျယ်သော အာကာသပိုင်းဆိုင်ရာ အစီအစဉ်များကို ပြုလုပ်၍ ထိုအသျှင်မြတ်သာလျှင် ခဝပ်ကိုးကွယ်မှုကို ခံထိုက်သည်။ ဒုတိယအထောက်အထားမှာ ရှိက်သွာန်များကို နတ်သား (သို့) ကိုးကွယ်ရာဟု မှတ်ယူတွေးထင်သူများကိုလည်း ချေထား၏။ ၄င်းနောက် ဤမိစ္ဆာတို့သည် နှင်ထုတ်ခြင်းခံရ၍ အမျက်သင့်သော အဖန်ဆင်းခံများဖြစ်ပြီး ဖန်ဆင်းရှင်ဖြစ်ခြင်းနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း ရည်ညွှန်းထား၏။ ထို့ပြင် ဤအကြောင်းအရာတွင် တမန်တော်မြတ် ﷺ အပေါ် ကျရောက်သော ကျမ်းမြတ်ကုရ်အာန်၏ 'ဝဟီ' ကို နတ်ဝင်သည်များ၏ စကားများဖြစ်သည်ဟု ယူဆခြင်းကိုလည်း ချေဖျက်ထားလေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် နတ်ဝင်သည်များကို ချေဖျက်သော အရာဖြစ်ကြောင်း အာယသ်တော်များဖြင့် ရည်ညွှန်းထားလေသည်။ ရှိက်သွာန်ပူး၍ ပြောဆိုမှုများနှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က တင်ပြထားသည်မှာ ရှိက်သွာန်သည် ကောင်းကင်ပေါ်သို့ပင် မတက်ရောက်နိုင်ပေ။ အကွယ်မှ မှန်ကန်သော သတင်းများကိုလည်း မယူဆောင်နိုင်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှိက်သွာန်၏ ဝင်ရောက်ပူးခြင်းနှင့် ပတ်သက်၍ ဤသို့ ယုံကြည်ရမည်ဟု ဆိုထားလေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ရှိက်သွာန်ပူး၍ ပြောဆိုမှုများဟု မည်သို့ ပြောဆိုနိုင်ပါသနည်း။ အာယသ်တော်များသည် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်း၊ နဗီရစူလ်များအကြောင်းဘက်သို့ ရည်ညွှန်းမှုများ ပါဝင်ပေသည်။ ဆက်လက်၍ မိုးကောင်းကင်မှ အဖန်ဆင်းခံများကို ထောက်ပြ၍ နောင်တမလွန်၏ ယုံကြည်ချက်များကို တင်ပြထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَاسْتَفْتِهِمْ أَهُمْ أَشَدُّ خَلْقًا أَمْ مَّنْ خَلَقْنَا ۚ إِنَّا خَلَقْنَاهُم مِّن طِينٍ لَّازِبٍ ﴿١١﴾

၃၇ : ၁၁ ။ ။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော်) အသင်သည် ၄င်းတို့အား မေးမြန်းပါလေ။ ၄င်းတို့အား ဖန်ဆင်းခြင်းသည် ပို၍ ခဲယဉ်းလေသလော။ သို့မဟုတ် ငါအသျှင်မြတ်သည် ဖန်ဆင်းတော်မူခဲ့သည့် (ကြယ်၊ နက္ခတ်တာရာ၊ မိုးကောင်းကင်၊ ပထဝီမြေ၊ ကောင်းကင်တမန်၊ ရှိက်သွာန် အစရှိသော အဖန်ဆင်းခံများအား ဖန်ဆင်းခြင်းသည် ပို၍ ခဲယဉ်းလေသလော) ဧကန်မလွဲ ငါအသျှင်မြတ်သည် ၄င်းတို့အား စေးကပ်သော မြေကြီး၊ မြေစေးဖြင့် ဖန်ဆင်းတော်မူခဲ့၏။

بَلْ عَجِبْتَ وَيَسْخَرُونَ ﴿١٢﴾

၃၇ : ၁၂ ။ ။ စင်စစ် (အို, နဗီတမန်တော်) အသင်သည် (၄င်းတို့၏ ငြင်းပယ်မှုကြောင့်) အံ့သြ၍ နေပေသည်။ သို့ရာတွင် ၄င်းတို့မှာမူ (အသင့်အား) ပြက်ရယ်သမှု ပြုကြကုန်၏။

وَإِذَا ذُكِّرُوا لَا يَذْكُرُونَ ﴿١٣﴾

၃၇ : ၁၃ ။ ။ ၄င်းပြင် သတိပေးဆုံးမခြင်းကို ခံကြရသောအခါ၊ ၄င်းတို့သည် တရားရကြသည်မဟုတ်ပေ။

وَإِذَا رَأَوْا آيَةً يَسْتَسْخِرُونَ ⑭

၃၇ : ၁၄ ။ ။ ထို့ပြင် ၎င်းတို့သည် သက်သေလက္ခဏာတစ်ရပ်ရပ်ကို တွေ့မြင်ကြသောအခါ၊ ပြက်ရယ်ပြောင်လှောင်ကြကုန်၏။

وَقَالُوا إِنْ هَٰذَا إِلَّا سِحْرٌ مُبِينٌ ⑮

၃၇ : ၁၅ ။ ။ ထို့ပြင် ၎င်းတို့က ပြောဆိုကြကုန်၏။ 'ဤသည် ထင်ရှားလှစွာသော ပဋ္ဌလက် (စုန်း) အတတ်ပညာမျှသာ ဖြစ်ပေသည်။'

أَإِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَإِنَّا لَمَبْعُوثُونَ ⑯

၃၇ : ၁၆ ။ ။ မည်သို့နည်း။ ကျွန်ုပ်တို့သည် သေဆုံးကြပြီးနောက် မြေကြီးဖြစ်သွားကြသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။

أَوَآبَاؤُنَا الْأَوَّلُونَ ⑰

၃၇ : ၁၇ ။ ။ '၎င်းပြင် ရှေးသူဟောင်းများဖြစ်ကြသော ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်း (ရှင်ပြန်ထကြရဦးမည်လော။)

قُلْ نَعَمْ وَأَنْتُمْ دَاخِرُونَ ⑱

၃၇ : ၁၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ 'ဟုတ်ပေသည်။' (အသင်တို့သည် အမှန်ပင် ရှင်ပြန်ထကြရပေမည်။) ၎င်းပြင် 'အသင်တို့သည် ဂုဏ်ရည်သေးသိမ်သူများလည်း ဖြစ်ကြရပေဦးမည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အထောက်အထားများဖြင့် 'သောင်ဟီးဒ်' ကို သိရှိရပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်သော အရာဝတ္ထုများ အဖန်ဆင်းခံအားလုံး အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုဒ္ဓသာ ရှိ၏။) သို့ရှိရာ အသင်တမန်တော်အနေဖြင့် နောင်တမလွန်ကို ငြင်းဆန်သူများအား ဤသို့ မေးမြန်းပါလေ၏။ ၎င်းတို့အား ဖန်ဆင်းခြင်းသည် ပို၍ ခဲယဉ်းလေသလော။ (သို့) ငါအသျှင်မြတ် ဖန်ဆင်းထားသည့် အခြားအရာများ ပို၍ ခဲယဉ်းလေသလော။ (အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားသော အရာများကို အထက်၌ တင်ပြခဲ့ပြီးဖြစ်၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားသော အခြားအရာများသည် သာပို၍ ခဲယဉ်းလေသည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် ထိုသူများကို ဖန်ဆင်းရာတွင် (ဆိုလိုသည်မှာ အာဒမ် ﷺ ကို ဖန်ဆင်းချိန်၌) စေးကပ်သော မြေကြီးဖြင့် ဖန်ဆင်းခဲ့သည်။ (ဤမြေကြီးသည် အားအင်မရှိသည့်အပြင် မာကျောမှုလည်း မရှိပေ။ လူသားကို ထိုမြေကြီးဖြင့် ဖန်ဆင်းခြင်းကြောင့် အလွန်အမင်း အားအင် မရှိသည့်

အပြင် မာကျောမှုလည်း မရှိပေ။ ယခု စဉ်းစားရန်အချက်မှာ ငါအသျှင်မြတ်သည် အားအင်ရှိ၍ မာကျောသော အရာများကို မရှိရာမှ တည်ရှိရာသို့ ပြုလုပ်နိုင်စွမ်းရှိလေသည်။ သို့ရှိရာ လူသားကဲ့သို့ အားအင်နည်းသော အဖန်ဆင်းခံကို တစ်ကြိမ် သေစေ၍ ဒုတိယအကြိမ် ပြန်လည်ရှင်သန်နိုင်ရန် အဘယ်ကြောင့် မစွမ်းနိုင်ရမည်နည်း။ ဤကဲ့သို့ ရှင်းလင်းသော အထောက်အထားရှိပါလျက် ဤသူတို့သည် နောင်တမလွန်ရှိခြင်းကို အဘယ်ကြောင့် လက်မခံကြသနည်း။ ထို့ထက်ဆိုးသည်မှာ) အသင်တမန်တော်သည် (၎င်းတို့၏ ငြင်းဆန်မှုကို) အံ့သြနေသည်။ ဤသူတို့သည် (ဤသို့ ငြင်းဆန်သည်သာမက နောင်တမလွန်၏ ယုံကြည်ချက်ကို) ပြောင်လှောင်နေကြ၏။ ၎င်းတို့ကို (ဦးနှောက်အသိဉာဏ်က လက်ခံနိုင်သည့် အထောက်အထားများဖြင့် ရှင်းပြသော်လည်း နားမလည်ကြပေ။ (တမန်တော်၏ နဗီဖြစ်ခြင်းကို သိကြစေရန်၊ ၎င်းမှ နောင်တမလွန်ရှိကြောင်း ယုံကြည်ချက်ကို အတည်ဖြစ်စေရန် ပြသဖြစ်ပေါ်စေသော) 'မုအ်ဂျေဇာဟ်' သက်သေလက္ခဏာတော်တစ်ရပ်ရပ်ကို တွေ့မြင်ကြသောအခါ ပြက်ရယ်ပြုကြသည်။ ဤသည် ပေါ်လွင်သော 'ဂျာဒူ'ပဥ္စလက် (စုန်း) အတတ်ပညာဖြင့် ပြုစားခြင်းသာ ဖြစ်သည်ဟု ပြောဆိုကြသည်။ (အဘယ်ကြောင့်ဆိုသော် ဤသည် 'မုအ်ဂျေဇာဟ်'ဖြစ်ပါက တမန်တော်နဗီဖြစ်ကြောင်း အတည်ဖြစ်သွားပေမည်။ တမန်တော်ကို နဗီဟု လက်ခံပါက တမန်တော် တင်ပြသော နောင်တမလွန်၏ 'အကီဒဟ်'ကိုလည်း လက်ခံရပေမည်။ မုရှ်ရစ်က်တို့က ကျွန်ုပ်တို့ နောင်တမလွန်ကို လက်မခံကြပေ။ အဘယ်ကြောင့်ဆိုသော်) ကျွန်ုပ်တို့ သေဆုံးပြီးနောက် မြေကြီးနှင့်၊ အရိုးသာ ကျန်ရှိပေမည်။ သို့ရှိရာ ကျွန်ုပ်တို့ ပြန်လည်ရှင်ပြန်ထရမည်လော။ လွန်လေပြီးသော ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ ပြန်လည် ရှင်သန်ကြဦးမည်လော။ အသင်တမန်တော် ၎င်းတို့ကို ဤသို့ ပြောကြားပါလေ။ မုချဧကန် ပြန်လည် ရှင်ပြန်ထရမည်။ အသင်တို့ သိက္ခာမဲ့သူများလည်း ဖြစ်ကြပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'သောင်ဟီးဒ်'၏ ယုံကြည်ချက်ကို အထောက်အထားများဖြင့် တင်ပြပြီးနောက် ဤအာယသ်တော် (၈) ခုတွင် နောင်တမလွန်၏ ယုံကြည်ချက်ကို တင်ပြထား၏။ နောင်တမလွန်နှင့် ပတ်သက်၍ မုရှ်ရစ်က်များ၏ သံသယများကို အဖြေပေးထား၏။ ပထမအာယသ်တော်တွင် လူသားများကို ပြန်လည်ရှင်ပြန်ထရခြင်းမှာ ဖြစ်နိုင်သော အသိဉာဏ်က လက်ခံနိုင်သည့် အထောက်အထားကို တင်ပြထား၏။ အကျဉ်းချုပ် တင်ပြရသော် တစ်လောကလုံးရှိ ထုထည်ကြီးမားသော အရာများအကြောင်း ပြီးခဲ့သည့် အာယသ်တော်များ၌ တင်ပြထား၏။ ထိုအရာများနှင့် နှိုင်းယှဉ်လျှင် လူသားသည် အလွန်အားအင်နည်းသော အဖန်ဆင်းခံဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် ဖရစ်ရှ်သာဟ်များ၊ လ၊ နေ၊ ကြယ်တာရာ 'ရှေဟာဗေစာကိဗ်' (တောက်လောင်သော မီးတောက်) အစရှိသည့် အဖန်ဆင်းခံများကို မိမိ၏ တန်ခိုးတော်ဖြင့် ဖန်ဆင်းကြောင်း အသင်တို့ လက်ခံကြသည်ဆိုလျှင် လူသားကဲ့သို့ အားအင်ချည့်နဲ့သော အဖန်ဆင်းခံကို သေဆုံးပြီးနောက် ပြန်လည်ရှင်သန်စေရန် မည်သို့ ခဲယဉ်းမည်နည်း။ ကနဦးက အသင်တို့ကို စေးကပ်သော မြေဖြင့် ဖန်ဆင်း၍

ဝိညာဉ်ထည့်သွင်းပေးခဲ့၏။ ဤသို့ဖြင့် အသင်တို့ သေဆုံး၍ ဒုတိယအကြိမ် မြေကြီးဖြစ်သွားမည်။ ထိုအချိန်တွင် တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို သက်တမ်းရှည်မြှင့်ပေးမည်။ အလ္လာဟ်အသျှင်မြတ်မှ ငါအသျှင်မြတ်သည် ၎င်းတို့ကို စေးကပ်သော မြေကြီး၊ မြေစေးဖြင့် ဖန်ဆင်းခဲ့သည်ဟု မိန့်ကြားရခြင်း၏ အလိုသဘောမှာ လူသားတို့၏ ဖခင်ကြီး ဟဇရတ်အာဒမ် ﷺ ကို မြေကြီးဖြင့် ဖန်ဆင်းခဲ့သည်ဟုလည်း ဖြစ်နိုင်ပေသည်။ (သို့) လူသားတိုင်းကို ဤသို့ ဖန်ဆင်းသည်ဟုလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် စဉ်းစားသုံးသပ်ကြည့်လျှင် လူသားတိုင်း၏ မူရင်းဇစ်မြစ်မှာ ရေရောထားသော မြေကြီးဖြစ်သည်။ ဆိုလိုသည်မှာ လူသားကို သုက်ရည်ဖြင့် ဖန်ဆင်း၍ သုက်ရည်မှာ သွေးမှ ဖြစ်ကာ သွေးသည် အစားအစာမှ ဖြစ်၏။ အစားအစာသည် မည်သည့်ပုံစံပင်ဖြစ်စေ အပင်များမှ ဖြစ်၏။ အပင်ကို မြေကြီးနှင့် ရေဖြင့် ဖန်ဆင်းထား၏။ မည်သို့ပင်ဆိုစေ ပထမအာယသ်တော်တွင် နောက်တမလွန်၏ ယုံကြည်ချက်ကို အသိဉာဏ်မှ လက်ခံနိုင်သည့် အထောက်အထားအပေါ်တွင် မူတည်တင်ပြထား၏။ ဤအချက်ကို အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင် ၎င်းတို့ကို မေးမြန်း၍ အစပြုထား၏။ အသင်တို့ ပို၍ မာကျောကြလေသလော။ (သို့) ငါအသျှင်မြတ် တင်ပြထားသော အရာများ ပို၍ မာကျောကြလေသလော။ အလ္လာဟ်အသျှင်မြတ် တင်ပြထားသော အရာများ ပို၍ မာကျောသည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် ဤအချက်ကို ပေါ်လွင်စွာ မတင်ပြတော့ဘဲ ငါအသျှင်မြတ်သည် အသင်တို့ကို မြေစေးဖြင့် ဖန်ဆင်းခဲ့သည်ဟု တင်ပြ၍ အထက်ပါ အချက်ကို ရည်ညွှန်းထားသည်။ ထို့နောက် ကျန်ငါးအာယသ်တော်တွင် နောင်တမလွန်၏ အထောက်အထားများကို မုရှ်ရစ်က်များမှ ကြားနာ၍ ၎င်းတို့၏ တုန့်ပြန်ချက်ကို ဖော်ပြထားပေသည်။

မုရှ်ရစ်က်များ၏ ရှေ့တွင် နောင်တမလွန်၏ ယုံကြည်ချက်နှင့်ပတ်သက်၍ တင်ပြထားသော အထောက်အထားများမှာ နှစ်မျိုးရှိလေသည်။

တစ်မျိုးမှာ ပထမအာယသ်တော်တွင် တင်ပြထားသော အသိဉာဏ်အားဖြင့် လက်ခံနိုင်သော အထောက်အထားဖြစ်၏။

ဒုတိယတစ်မျိုးမှာ အလ္လာဟ်အသျှင်မြတ်ထံတော်မှ တင်ပြထားသော အထောက်အထားဖြစ်၏။ ဆိုလိုသည်မှာ မုရှ်ရစ်က်များကို 'မှအ်ဂျေဇာဟ်'များ ပြသ၍ တမန်တော်မြတ် ﷺ သည် နဗီနှင့် ရစူလ် ဖြစ်ကြောင်းကို တင်ပြထား၏။

တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်ဖြစ်၍ နဗီတမန်တော်မြတ် ﷺ သည် မည်သည့်အခါမျှ လိမ်လည်မှု မရှိခဲ့ပေ။ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ မိုးကောင်းကင်မှ သတင်းများ ရောက်ရှိလာလေသည်။ တမန်တော်မြတ် ﷺ သည် 'ကေယာမသ်နေ့ ရောက်ရှိလာပြီး တစ်ဖန်ပြန်လည် စုရုံးကြ၍ လူသားများကို စာရင်းအင်းယူတော်မူမည်' ဟု သတင်းပေးလေရာ 'ဤသတင်းသည် မုချဧကန် မှန်ကန်ပြီး လက်ခံလိုက်ရမည်ဖြစ်ကြောင်း' ပြောဆိုလေသည်။ အသိဉာဏ်မှ လက်ခံနိုင်သော အထောက်အထားများနှင့် ပတ်သက်၍ မုရှ်ရစ်က်များ၏ တုန့်ပြန်မှုနှင့် ပတ်သက်၍ မိန့်တော်မူထားသည်မှာ-

بَلْ عَجِبْتَ وَيَسْخَرُوْنَ وَاِذَا ذُكِّرُوْا لَا يَذْكُرُوْنَ

ဆိုလိုသည်မှာ 'ဤသို့ ရှင်းလင်းသည့် အထောက်အထားများကို မြင်တွေ့နေရပါလျက် မုရှ်ရစ်က်များက မယုံကြည်သဖြင့် အသင်တမန်တော် အံ့သြနေ၏။' သို့သော် ဤသူတို့သည် တမန်တော်မြတ် ﷺ ၊ အထောက်အထားများနှင့် ယုံကြည်ချက်များအပေါ် ပြောင်လှောင်နေကြပေသည်။ ၎င်းအပြင် ထိုသူတို့သည် မည်မျှပင် ရှင်းလင်းပြစေကာမူ နားလည်မပေးနိုင်ပေ။ ဒုတိယအထောက်အထားနှင့် ပတ်သက်၍ ၎င်းတို့၏ တုန့်ပြန်မှုမှာ-

وَاِذَا رَاَوْا اٰيَةً يَّسْتَسْخِرُوْنَ

ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ ၏ 'နဗုဝသ်'နှင့် နောင်တမလွန်အပေါ် ယုံကြည်ရန် ရည်ညွှန်းသည့် 'မုအ်ဂျေဇာဟ်'တစ်ခုခု မြင်တွေ့ရလျှင်လည်း ပြောင်လှောင်သည့်အနေဖြင့် ဤသည် ထင်ရှားသော ပဉ္စလက် (စုန်း) အတတ်ပညာဖြစ်သည်ဟု ကဲ့ရဲ့ပြောဆိုကြသည်။ ၎င်းတို ပြောင်လှောင်ခြင်း၏ တစ်ခုတည်းသော အထောက်အထားမှာ-

ءَاِذَا مِتْنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ اَوَاٰبَآؤُنَا الْاَوَّلُوْنَ

ဆိုလိုသည်မှာ 'ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ မြေကြီးဖြစ်သွားပြီးနောက် အရိုးများစွာ ကျန်တော့မည့် နောက်တစ်ဖန် ပြန်လည်၍ မည်သို့ ရှင်သန်ရမည်ကို ကျွန်ုပ်တို့ မည်သို့မျှ စဉ်းစားမရ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဦးနောက်က လက်ခံနိုင်သော အထောက်အထားနှင့် 'မုအ်ဂျေဇာဟ်'များကိုလည်း လက်မခံနိုင်ပါ။' အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အတွက် ဝါကျတစ်ခုတည်းဖြင့်သာ နောက်ဆုံးမိန့်တော်မူထားသည်မှာ-

قُلْ نَعَمْ وَاَنْتُمْ دَاخِرُوْنَ

ဆိုလိုသည်မှာ 'အသင်တို့ မုချဧကန် ပြန်လည်ရှင်ပြန်ထရပြီးနောက် သိက္ခာမဲ့သေးသိမ်သော အဖြစ်နှင့် ရှင်ပြန်ထရမည်ဖြစ်ကြောင်း အသင်တမန်တော် ပြောကြားပါလေ'ဟု ဖြစ်၏။ ဤအဖြေကို ကြည့်လျှင် တဗွတ်ထိုးသမားများအတွက် အမြော်အမြင်ရှိသော အဖြေဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။ သို့သော် အနည်းငယ်စဉ်းစားကြည့်လျှင် ဤအဖြေသည် ပြည့်ဝသည့် အထောက်အထားဖြစ်ကြောင်းကိုလည်း သိရှိရပေသည်။ ဤအချက်ကို အေမာမ်ရာဇီသခင်က သဖ်စီးရ်ကဗီးရ်ကျမ်းတွင် အကျယ်တဝင့် တင်ပြထား၏။ အထက်တွင် ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထရမည်ဖြစ်ကြောင်း အသိဉာဏ်က လက်ခံနိုင်သည့် အထောက်အထားဖြင့် အတည်ပြု တင်ပြပြီးဖြစ်၏။ လူသားမှာ သေဆုံးပြီးနောက် ပြန်လည် ရှင်ပြန်ထရမည်ဆိုခြင်းမှာ မလွယ်ကူသော အရာမဟုတ်ပေ။ ဥပဒေတစ်ခုမှာ အသိဉာဏ်အရ ဖြစ်နိုင်လျှင် ထိုအရာသည် ဖြစ်ရှိလာကြောင်း မှန်ကန်သော သတင်းပေးသူ၏ သတင်းဖြင့် အတည်ပြုနိုင်ပေသည်။ တစ်ဖန်ပြန်လည် ရှင်သန်ရခြင်းမှာ ဖြစ်နိုင်ကြောင်း သေချာပြီးဖြစ်၏။ သို့ရှိရာ မှန်ကန်သော နဗီတစ်ပါးပါးမှာ အသင်တို့ မုချဧကန် ပြန်လည် ရှင်သန်ရမည်ဟု ပြောဆိုလိုက်လျှင် တိကျခိုင်လုံသော အထောက်အထားဖြစ်၍ မုချဧကန် ကြုံတွေ့ရမည့်အရာ ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' များ၏ အထောက်အထား

وَاِذَا رَاَوْا اٰيَةً တွင် اٰية ၏ အဘိဓါန်အဓိပ္ပာယ်မှာ 'အမှတ်အသား' ဟူ၍ ဖြစ်သည်။ ဤနေရာတွင် 'မုအ်ဂျေဇာဟ်' ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ ကို အလ္လာဟ်အသျှင်မြတ်မှ ကုရ်အာန်ကျမ်းတော်မြတ်မှ လွဲ၍ အခြား 'မုအ်ဂျေဇာဟ်' တော်များ ချီးမြှင့်ခဲ့ကြောင်း အထောက်အထားဖြစ်၏။ အချို့သူတို့က တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' တော်များကို ခံစားသိရှိနိုင်သည့် အကြောင်းခံများအပေါ်သာ အခြေခံသည်ဟုဆို၍ တမန်တော်မြတ် ﷺ တွင် ကုရ်အာန်မှလွဲ၍ အခြား 'မုအ်ဂျေဇာဟ်' တော် မရှိကြောင်း ပြောဆိုမှုများကို ချေပထားခြင်းဖြစ်သည်။ စတုတ္ထအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ရှင်းလင်းစွာ မိန့်တော်မူထားသည်မှာ-

وَاِذَا رَاَوْا اٰيَةً يَّسْتَسْخِرُوْنَ

('မုအ်ဂျေဇာဟ်' တော်တစ်ခုခုကို တွေ့ရှိလျှင် ပြောင်လှောင်ကြသည်။) ၄င်း 'မုအ်ဂျေဇာဟ်' တော်များကို ငြင်းပယ် သူများက ဤနေရာတွင် اٰية ၏ အလိုသဘောမှာ 'မုအ်ဂျေဇာဟ်' မဟုတ်ဘဲ အသိဉာဏ်အားဖြင့် လက်ခံနိုင်သော အထောက်အထားဟု ဆိုကြ၏။ ဤသည် မှားယွင်းကြောင်း ရှေ့အာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

وَقَالُوْا اِنْ هٰذَا اِلَّا سِحْرٌ مُّبِيْنٌ

ဆိုလိုသည်မှာ 'မုရှရစ်က်တို့က ဤသည် ပေါ်လွင်သော ပဥ္စလက် (စုန်း) အတတ်ပညာ ဖြစ်သည်' ဟု ပြောဆိုကြသည်။ ထို့ကြောင့် အထောက်အထားတစ်ခုခုကို ပေါ်လွင်သော ပဥ္စလက် (စုန်း) အတတ်ပညာဟု ပြောဆိုရန် အကြောင်းမရှိပေ။ 'မုအ်ဂျေဇာဟ်' တော်တစ်ခုခုကို တွေ့ရှိမှသာလျှင် ဤသို့ ပြောဆိုနိုင်ပေသည်။ အချို့ 'မုအ်ဂျေဇာဟ်' တော်များကို ငြင်းပယ်သူများက اٰية ဆိုသည်မှာ 'ကုရ်အာန်အာယသ်တော်များဖြစ်၍ ထိုအာယသ်တော်များကို ၄င်းတို့က ပဥ္စလက် (စုန်း) အတတ်ပညာဟု သတ်မှတ်ကြသည်' ဟူ၍လည်း ပြောဆိုကြပေသည်။ သို့သော် ကျမ်းမြတ်ကုရ်အာန်တွင် رَاَوْ (တွေ့ကြသည်) ဟူသော စာလုံးက ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များကို တွေ့ရှိသည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း သိရှိရ၏။ အာယသ်တော်များကို ကြားနာသည်သာဖြစ်၏။ သို့ရှိရာ ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်များဟု တင်ပြထားသည့် နေရာများတွင် ကြားနာသည်ဟူသော စာလုံးသုံး၍ တွေ့မြင်သည်ဟူသော စာလုံး မသုံးပေ။ ကျမ်းမြတ်ကုရ်အာန်၏ နေရာအတော်များများတွင် اٰيَة ဟူသော စာလုံးကို 'မုအ်ဂျေဇာဟ်' ၏ အဓိပ္ပာယ်အတွက် လာရှိသည်။ ဥပမာ- တမန်တော်မူစာ عليه السلام ကို ဖိရ်အောင်၏ တောင်းဆိုမှုနှင့် ပတ်သက်၍ မိန့်တော်မူထားသည်မှာ-

إِنْ كُنْتَ جِئْتَ بِآيَةٍ فَأْتِ بِهَا إِنْ كُنْتَ مِنَ الصَّادِقِينَ

'အကယ်၍ အသင်သည် မှန်ကန်သူဖြစ်ပါက 'မုအ်ဂျေဇာဟ်'ယူဆောင်လာပါ' ဟူ၍ ဖြစ်သည်။ တမန်တော်မူစာ ﷵ အနေဖြင့် တောင်ဝှေးကို မြွေဖြစ်စေသည့် 'မုအ်ဂျေဇာဟ်'တော်ကို ပြသ၍ အဖြေပေးခဲ့သည်။ ကျမ်းမြတ်ကုရ်အာန်၏ တင်ပြထားသည့် အချို့အာယသ်တော်များတွင် တမန်တော်မြတ် ﷺ သည် 'မုအ်ဂျေဇာဟ်'တင်ပြရန် တောင်းခံမှုအပေါ် လက်မခံခြင်းမှာ 'မုအ်ဂျေဇာဟ်'များ အကြိမ်ကြိမ်ပြသပြီးသောကြောင့် ဖြစ်သည်။ သို့သော် မုရှ်ရစ်က်တို့သည် နေ့စဉ် မိမိတို့အလိုကျ 'မုအ်ဂျေဇာဟ်'တော်အသစ်တစ်ခု တောင်းခံကြသည့်အတွက် 'မုအ်ဂျေဇာဟ်'ပြသရန် ငြင်းပယ်သည့် အဖြေကို ပေးရခြင်းဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ နဗီသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် 'မုအ်ဂျေဇာဟ်'များ ပြသခဲ့သည်။ အကယ်၍ တစ်ဦးတစ်ယောက်က လက်မခံသဖြင့် နေ့စဉ် 'မုအ်ဂျေဇာဟ်'အသစ်တစ်ခုတင်ပြနေခြင်းသည် နဗီ၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်သည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်၏ အစီအမံများနှင့်လည်း ဆန့်ကျင်ပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်များမှာ မျိုးနွယ်စုတစ်စုအား ၄င်းတို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်' ကို ချီးမြှင့်ပြီးနောက် အီမာန်မယုံကြည်လျှင် အားလုံးကို အပြစ်ဒဏ်သင့်စေ၍ ဖျက်ဆီးပစ်လေသည်။ တမန်တော်မြတ် ﷺ ၏ အွမ္မသ်ကို ('ကေယာမသ်'နေ့အထိ) ရှင်သန်စေရန် အပြစ်ဒဏ်သင့်ခြင်းမှ ကာကွယ်ခြင်းကို ရှေးရှုလျက် ၄င်းတို့ တောင်းဆိုသော 'မုအ်ဂျေဇာဟ်'များကို မပြသခြင်း ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ فَإِذَا هُمْ يَنْظُرُونَ ﴿١٩﴾

၃၇ : ၁၉ ။ ။ စင်စစ် ယင်း ('ကေယာမသ်'နေ့၏ တံပိုးခရာသံ) သည် ပြင်းထန်လှစွာသော အသံတစ်ခုမျှသာလျှင် ဖြစ်ပေမည်။ ထိုအခါ ရုတ်တရက် ၄င်းတို့သည် (ကြောက်ရွံ့ထိတ်လန့်စွာ) ကြည့်ရှုလျက် ရှိကြပေမည်။

وَقَالُوا يَا وَيْلَنَا هَٰذَا يَوْمُ الدِّينِ ﴿٢٠﴾

၃၇ : ၂၀ ။ ။ ထို့ပြင် ၄င်းတို့က 'သြော်- ငါတို့သည် အကျိုးနည်း ပျက်စီးရလေခြင်း။ ဤသည် အစားပေးမည့်နေ့ပါလား'ဟု ပြောဆို ညည်းညူကြပေမည်။

هَٰذَا يَوْمُ الْفَصْلِ الَّذِي كُنْتُمْ بِهِ تُكَذِّبُونَ ﴿٢١﴾

၃၇ : ၂၁ ။ ။ ဤသည် 'မဟုတ်မမှန်ဟူ၍ အသင်တို့ ငြင်းပယ်လျက်ရှိခဲ့ကြသော စီရင်ဆုံးဖြတ်မည့်နေ့ပင်' ဖြစ်ပေသည်။

اُحۡشُرُوا الَّذِیۡنَ ظَلَمُوۡا وَاَزۡوَاجَهُمۡ وَمَا كَانُوۡا یَعۡبُدُوۡنَ ﴿۲۲﴾

၃၇ : ၂၂ ။ ။ (ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ကောင်းကင်တမန်များအား မိန့်ကြားတော်မူပေမည်။) 'အသင်တို့သည် (မိမိတို့ကိုယ်ကို) နှိပ်စက်ကလူ ပြုခဲ့ကြသော သူတို့အားလည်းကောင်း၊ ထိုသူတို့နှင့် ဝါဒတူဖြစ်ကြသော အဖော်အဖက်တို့အားလည်းကောင်း၊ ထိုသူတို့ ဆည်းကပ်ကိုးကွယ်ကြသည်တို့အားလည်းကောင်း စုရုံးကြလေကုန်။'

مِنۡ دُوۡنِ اللّٰهِ فَاهۡدُوۡهُمۡ اِلٰی صِرَاطِ الۡجَحِیۡمِ ﴿۲۳﴾

၃၇ : ၂၃ ။ ။ အလ္လာဟ်အသျှင်မြတ်အား စွန့်၍၊ တစ်ဖန် အသင်တို့သည် ၎င်းတို့အားလုံးကိုပင် 'ဂျဟန္နမ်' ငရဲဘုံ၏ လမ်းအတိုင်း ခေါ်ဆောင်သွားကြလေကုန်။

وَقِفُوۡهُمۡ اِنَّهُمۡ مَّسۡـُٔوۡلُوۡنَ ﴿۲۴﴾

၃၇ : ၂၄ ။ ။ ထို့ပြင် အသင်တို့သည် ၎င်းတို့အား (အနည်းငယ်) ဆိုင်းငံ့၍ ထားကြလေကုန်။ ဧကန်အလွဲ ၎င်းတို့သည် စစ်ဆေးမေးမြန်းခြင်း ခံကြရမည့်သူများပင် ဖြစ်ကြကုန်၏။

مَا لَكُمۡ لَا تَنَاصَرُوۡنَ ﴿۲۵﴾

၃၇ : ၂၅ ။ ။ 'အသင်တို့သည် မည်သည့်အကြောင်းကြောင့်။ မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းခြင်း မပြုကြပေသနည်း။'

بَلۡ هُمُ الۡیَوۡمَ مُسۡتَسۡلِمُوۡنَ ﴿۲۶﴾

၃၇ : ၂၆ ။ ။ စင်စစ် ၎င်းတို့သည် ထိုနေ့တွင် ဦးခေါင်းညွတ်ချ အညံ့ခံကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ယင်း 'ကေယာမသ်'နေ့၏ တံပိုးခရာသံသည် ပြင်းထန်လှစွာသော အသံတစ်ခုမျှသာ ဖြစ်သည်။ (ဒုတိယတံပိုးခရာသံကို ဆိုလိုသည်။) ထိုတံပိုးခရာသံဖြင့် အားလုံး ရှင်ပြန်ထ၍ လှည့်လည် ကြည့်ရှုကြလိမ့်မည်။ 'အံ့ဩ ညည်းညူကာ အစားပေးမည့်နေ့ဟု ထင်မှတ်ရ၍ ငါတို့ ကံဆိုးကြတော့မည်' ဟု ပြောဆိုကြပေမည်။ ထိုအချိန် 'အသင်တို့ လက်မခံခဲ့ကြသော ဆုံးဖြတ်မည့်နေ့သည် ဤနေ့ပင် ဖြစ်သည်'ဟု မိန့်ခြွေတော်မူပေလိမ့်မည်။ (ဆက်လက်၍ 'ကေယာမသ်' နေ့၏ အချို့အဖြစ်အပျက်များကို အကျယ်တဝင့် တင်ပြထားပေသည်။ ဖရစ်ရှ်သာဟ်များကို အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ) မိမိတို့ ကိုယ်ကိုယ်ကို နှိပ်စက်ကလူ ပြုခဲ့ကြသော သူတို့ကို စုရုံးကြလေကုန်။ (ဆိုလိုသည်မှာ 'ကုဖွရ်'၊ 'ရှရစ်က်' တို့ကို တည်ထောင်သော ခေါင်းဆောင်သူများ ဖြစ်၏။) ၎င်းတို့၏ နောက်လိုက်ဖြစ်သော အပေါင်းအပါ များကိုလည်း စုရုံးကြလေကုန်။ အလ္လာဟ်အသျှင်မြတ်ကို လွှတ်၍ ထိုသူတို့ ကိုးကွယ်ကြသည့် (ရုပ်တုသွန်း

များနှင့် ရုပ်တု) များကိုလည်း စုရုံးကြလေကုန်။ ထိုသူတို့အားလုံးကို အပယ်ငရဲဘုံ၏ လမ်းပြကြလေကုန်။ (ဆိုလိုသည်မှာ အပယ်ငရဲသို့ ခေါ်ဆောင်သွားကြလေကုန်။) တစ်ဖန် ဆက်လက်၍ မိန့်တော်မူသည်မှာ 'ထိုသူများကို မေးမြန်းလို၍ ခေတ္တစောင့်ဆိုင်းခိုင်းကြလေကုန်။ ယခု အသင်တို့ အပြစ်ဒဏ်ပေးခံရမည့် အမိန့်ကို ကြားနာ၍ တစ်ဦးကို တစ်ဦး မကူညီကြလေသလော' ဟု မေးမြန်းလေသည်။ ဆိုလိုသည်မှာ ကာဖိရ်များ၏ ခေါင်းဆောင်ကြီးများမှ လူဖြစ်စေ၊ ရှိုက်သွာန်ဖြစ်စေ မိမိ၏ နောက်လိုက်သူများကို အကူအညီ မပေးကြပေ။ လောကတွင် ၎င်းတို့ကို လမ်းမှားစေခဲ့ကြသည်။ သို့သော် ထိုသို့ မေးမြန်းပြီးသည့်နောက်တွင်လည်း ၎င်းတို့သည် ကူညီနိုင်ကြမည်မဟုတ်ပေ။ သို့သာမက ထိုနေ့၌ အားလုံးတို့သည် ရှက်ရွံ့၍ ခေါင်းငုံ့ ရပ်နေကြလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

နောင်တမလွန် တည်ရှိခြင်း၊ အထောက်အထားများနှင့် တင်ပြပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်တွင် 'ကေယာမသ်'နေ့၌ စုရုံးစစ်ဆေးခံရမည့် အဖြစ်အပျက်တစ်ချို့ကို တင်ပြထား၏။ ပြန်လည်ရှင်ပြန်ထပြီးနောက် မွတ်စ္စလင်မ်နှင့် ကာဖိရ်များ ကြုံတွေ့ကြရမည်များကို တင်ပြထားခြင်းဖြစ်သည်။ ပထမဆုံးအာယသ်တော်တွင် သေသူများကို ရှင်ပြန်ထရမည့် ပုံစံကို တင်ပြထားသည်။

فَاِنَّمَا هِيَ زَجۡرَةٌ وَّاحِدَةٌ

ဆိုလိုသည်မှာ 'ကေယာမသ်'သည် ပြင်းထန်လှစွာသော အသံတစ်ခုမျှသာလျှင် ဖြစ်၏။ زَجۡرَةٌ သည် زَجۡرٌ မှ ဖြစ်၍ အာရဗီဘာသာရပ်တွင် အဓိပ္ပာယ်အမျိုးမျိုးအတွက် လာရှိထားသည်။ အဓိပ္ပာယ်များထဲမှ တစ်ခုမှာ 'တိရစ္ဆာန်များ ခရီးနှင်ကြရန် နှိုးဆော်သည့်အချိန် ထွက်လာသည့်အသံကို ကြား၍ တိရစ္ဆာန်များ ထွက်ခွာရန် ဆိုင်းပြင်းကြလေသည်'ဟူသော အဓိပ္ပာယ်ဖြစ်သည်။ ဤနေရာတွင် ဒုတိယ 'စူရ်'တံပိုးမှုတ်ခြင်းဖြစ်၍ ဟဇရသ်အီစ်ရာဖီးလ် ﷺ သေသူများကို ပြန်လည်ရှင်ထရန် မှုတ်လိမ့်မည်။ ဤနေရာတွင် زَجۡرَةٌ ဟု သုံးရခြင်း အကြောင်းအရင်းမှာ တိရစ္ဆာန်များ ခရီးနှင်ကြရန် အသံထုတ် မောင်းနှင်သကဲ့သို့ သေသူများ ပြန်လည်ရှင်ထလာရန် ဤ 'စူရ်'ကို မှုတ်ရခြင်းဖြစ်၏။ *[သဖ်စီးရ်ကုရ်သုဗီး]*

အလ္လာဟ်အသျှင်မြတ်သည် 'စူရ်'မမှုတ်စေဘဲ သေသူများကို ပြန်လည်ရှင်သန်စေနိုင်သော်လည်း ပြန်လည်စုရုံးကြသည့် မြင်ကွင်းကို ကြောက်ရွံ့စိုးရိမ်စရာ ပုံစံအဖြစ် ဖန်တီးလိုသည့်အတွက် 'စူရ်'မှုတ်စေခြင်းဖြစ်ပေသည်။ ထိုသို့ 'စူရ်'မှုတ်ခြင်းဖြင့် ကာဖိရ်များကို فَاِذَا هُمۡ يَنۡظُرُوۡنَ ဟူသော အာယသ်တော်၏ သက်ရောက်မှုဖြစ်လေသည်။ ဆိုလိုသည်မှာ ၎င်းတို့ ရုတ်တရက် ကြည့်ရှုနေကြလိမ့်မည်။ ဆိုလိုသည်မှာ လောကတွင် မြင်နိုင်စွမ်းရှိသကဲ့သို့ နောင်တမလွန်တွင်လည်း မြင်နိုင်စွမ်းရှိလိမ့်မည်။ အချို့သဖ်စီးရ်ပညာရှင်များက တင်ပြသည်မှာ မုရှ်ရစ်က်တို့သည် တစ်ဦးကိုတစ်ဦး အံ့သြ၍ ကြည့်ရှုနေကြမည်ဟု ဖွင့်ဆိုကြသည်။

اُحۡشُرُوا الَّذِيۡنَ ظَلَمُوۡا وَاَزۡوَاجُهُمۡ

ဆိုလိုသည်မှာ 'ထိုဆိုးသွမ်းသော သူတို့ကို ၎င်းတို့သည် ရှရစ်က်ဟူသော ကြီးကျယ်သည့် 'ဇွလ်မ်'ကို ကျူးလွန် ကြ၏။ ထို့နောက် ၎င်းတို့၏ အပေါင်းအပါများကို စုရုံးလိုက်ပါလေ။'

ဤနေရာတွင် အပေါင်းအပါများအတွက် ازواج ဟူသော စကားလုံးကို သုံးနှုန်းထား၏။ ထိုစကားလုံး၏ မူရင်းအဓိပ္ပာယ်မှာ 'စုံတွဲ' ဟု ဖြစ်၍ ခင်ပွန်းနှင့် ဇနီး၏ အဓိပ္ပာယ်တွင် အများအားဖြင့် အသုံးပြု၏။ ထို့ကြောင့် အချို့သဖ်စီးရ်ပညာရှင်များက 'မုရှ်ရစ်က်နှင့် ရှရစ်က်ကို ကျူးလွန်သော ၎င်းတို့၏ ဇနီးများ' ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သို့သော် သဖ်စီးရ်ပညာရှင် အများစုထံတွင်မူ ဤနေရာတွင် ازواج ၏ အဓိပ္ပာယ်မှာ ဝါဒတူဖြစ်ကြသော အပေါင်းအသင်းဟူ၍ ဖြစ်သည်။ ဟဇရသ်အုမရ် ﷺ သခင်၏ မိန့်ကြားချက်တစ်ခုဖြင့်လည်း ဤအဓိပ္ပာယ်ကို ထောက်ခံရပေသည်။ အေမာမ်ဗိုင်ဟကီ (ရဟ) နှင့် အေမာမ် အဗ်ဒုရ်ရဇ္ဇာက် (ရဟ) စသော ပညာရှင်များက ဤအာယသ်တော်၏ သဖ်စီးရ်တွင် ဟဇရသ်အုမရ် ﷺ ၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်။ ဤနေရာတွင် ازواجهم ၏ အလိုသဘောမှာ ထိုသူများကဲ့သို့သော သူများ ဖြစ်သည်။ သို့ရှိရာ အတိုးစားသူသည် အတိုးစားသူနှင့်အတူ၊ 'ဇေနာ'ကျူးလွန်သူသည် အခြား 'ဇေနာ'ကျူးလွန်သူများနှင့်အတူ၊ အရက်သမားသည် သောက်ဖော်သောက်ဖက်များနှင့်အတူ စုရုံးခြင်း ခံရလိမ့်မည်။ *[ရူဟွလ်မအာနီ၊ မဇ္ဇဟရီကျမ်း။]*

ထို့ပြင် وَمَاكَانُوۡا يَعۡبُدُوۡنَ ဖြင့် မုရှ်ရစ်က်များနှင့်အတူ သူတို့၏ လွဲမှားသည့် ကိုးကွယ်ရာ အရှင်များ ဆိုလိုသည်မှာ ရုပ်တုများနှင့် ရှိုက်သွာန်များကိုလည်း စုရုံးခြင်းခံရလိမ့်မည်။ ထိုအရာများကို မုရှ်ရစ်က်တို့က လောကတွင် အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်၍ တုဖက်ကိုးကွယ်ကြသည်။ သို့မှသာ ထိုလွဲမှားသော ကိုးကွယ်ရာများ၏ မစွမ်းနိုင်မှုကို အသေအချာ မြင်တွေ့ရပေမည်။ ထို့နောက် ဖရစ်ရှ်သာဟ်များကို မိန့်တော်မူသည်မှာ-

فَاهۡدُوۡهُمۡ اِلٰى صِرَاطِ الۡجَحِيۡمِ

ဆိုလိုသည်မှာ 'ထိုသူများကို 'ဂျဟန္နမ်'၏ လမ်းအား ပြသပါလေ' ဟု ဖြစ်သည်။ ဖရစ်ရှ်သာဟ်များက ၎င်းတို့အား ခေါ်ဆောင်သွားစဉ် 'ပွလ်ဇွေရားသ်'အနီးသို့ ရောက်သည့်အခါ

وَقِفُوۡهُمۡ اِنَّهُمۡ مَّسۡـُٔوۡلُوۡنَ

ဟု မေးမြန်းရန် ရှိသည့်အတွက် ထိုသူတို့ကို စောင့်ဆိုင်းစေပါ'ဟု အမိန့်ပေးပေမည်။ သို့ရှိရာ ထိုနေရာတွင် မုရှ်ရစ်က်များကို ၎င်းတို့၏ ယုံကြည်ချက်များ၊ ကျင့်စဉ်များနှင့် ပတ်သက်၍ မေးခွန်းများ မေးမြန်းပေလိမ့်မည်။ ဤမေးခွန်းများနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်၏ နေရာ မြောက်မြားစွာတွင် လာရှိထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاَقۡبَلَ بَعۡضُهُمۡ عَلٰى بَعۡضٍ يَّتَسَآءَلُوۡنَ ﴿۲۷﴾

၃၇ : ၂၇ ။ ။ ထို့ပြင် ၄င်းတို့သည် မိမိတို့အချင်းချင်း တစ်ဦးဘက်သို့ တစ်ဦး လှည့်ကာ အပြန်အလှန် မေးမြန်းကြပေမည်။

قَالُوۡۤا اِنَّكُمۡ كُنۡتُمۡ تَاۡتُوۡنَنَا عَنِ الۡيَمِيۡنِ ﴿۲۸﴾

၃၇ : ၂၈ ။ ။ ၄င်းတို့ (အနက်မှ နောက်လိုက်များ) က (ခေါင်းဆောင်များအား) 'ဧကန်စင်စစ် အသင်တို့သည် အရှိန်အဝါ ဩဇာအာဏာ ကြီးမားစွာဖြင့် ကျွန်ုပ်တို့ထံ လာရောက်လေ့ ရှိခဲ့ကြသည်' ဟု ပြောဆိုကြပေမည်။'

قَالُوۡا بَلْ لَّمۡ تَكُوۡنُوۡا مُؤۡمِنِيۡنَ ۚ﴿۲۹﴾

၃၇ : ၂၉ ။ ။ (ထိုအခါ) ၄င်း (ခေါင်းဆောင်) တို့က (နောက်လိုက်တို့အား) ပြောဆိုဖြေကြားကြပေမည်။ 'ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ် အသင်တို့ကိုယ်တိုင် မုအ်မင်နသက်ဝင် ယုံကြည်သူများ မဖြစ်ခဲ့ကြပေ။'

وَمَا كَانَ لَنَا عَلَيۡكُمۡ مِّنۡ سُلۡطٰنٍ ۚ بَلۡ كُنۡتُمۡ قَوۡمًا طٰغِيۡنَ ﴿۳۰﴾

၃၇ : ၃၀ ။' ။ 'ထို့ပြင် ကျွန်ုပ်တို့၌ အသင်တို့အပေါ်ဝယ် ဩဇာအာဏာ တစ်စုံတစ်ရာမျှလည်း မရှိခဲ့ပေ။ စင်စစ်မှာ အသင်တို့ကိုယ်တိုင်ပင် လွန်စွာ သောင်းကျန်းဆိုးသွမ်းသူများ ဖြစ်ခဲ့ကြပေသည်။'

فَحَقَّ عَلَيۡنَا قَوۡلُ رَبِّنَاۤ ۖ اِنَّا لَذَآٮِٕقُوۡنَ ﴿۳۱﴾

၃၇ : ၃၁ ။ ။ 'အမှန်စင်စစ် ကျွန်ုပ်တို့သည် ဧကန်အမှန် (အပြစ်ဒဏ်) ၏ အရသာကို မြည်းစမ်းမည့်သူများ ဖြစ်ကြသည်ဟူသော ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မိန့်ကြားချက်သည် ကျွန်ုပ်တို့အားလုံးအပေါ်၌ မှန်ကန်ကြောင်း ထင်ရှားလေပြီ။'

فَاَغۡوَيۡنٰكُمۡ اِنَّا كُنَّا غٰوِيۡنَ ﴿۳۲﴾

၃၇ : ၃၂ ။ ။ 'သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် အသင်တို့အား လမ်းလွဲစေခဲ့ကြကုန်၏။ ဧကန်အမှန် ကျွန်ုပ်တို့ကိုယ်တိုင်လည်း လမ်းလွဲသူများပင် ဖြစ်ခဲ့ကြကုန်၏။'

فَاِنَّهُمۡ يَوۡمَٮِٕذٍ فِى الۡعَذَابِ مُشۡتَرِكُوۡنَ ﴿۳۳﴾

၃၇ : ၃၃ ။ ။ သို့ဖြစ်သောကြောင့် ဧကန်စင်စစ် ၄င်းတို့အားလုံးသည် ထိုနေ့တွင် ပြစ်ဒဏ်၌ ပါဝင် (ခံစားရမည့်) သူများပင် ဖြစ်ကြပေမည်။

إِنَّا كَذَٰلِكَ نَفْعَلُ بِالْمُجْرِمِينَ ﴿٣٤﴾

၃၇ : ၃၄ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် အပြစ်ရှိသူတို့အား ဤအတိုင်းပင် ပြုလုပ်လေ့ရှိတော်မူ၏။

إِنَّهُمْ كَانُوا إِذَا قِيلَ لَهُمْ لَا إِلَٰهَ إِلَّا اللَّهُ يَسْتَكْبِرُونَ ﴿٣٥﴾

၃၇ : ၃၅ ။ ။ ကေန်မုချ ၎င်းတို့မှာ 'အလ္လာဟ်အသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိ' ဟု ၎င်းတို့အား ပြောဆိုခဲ့ကြသောအခါ၊ ၎င်းတို့သည် မာန်မာန ထောင်လွှားလေ့ ရှိခဲ့ကြကုန်၏။

وَيَقُولُونَ أَئِنَّا لَتَارِكُوا آلِهَتِنَا لِشَاعِرٍ مَّجْنُونٍ ﴿٣٦﴾

၃၇ : ၃၆ ။ ။ ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့သည် ရူးသွပ်သော ကဗျာဆရာတစ်ဦး၏ ပြောဆိုမှုကြောင့်၊ မိမိတို့၏ ဆည်းကပ်ကိုးကွယ်မှုများကို စွန့်လွှတ်ကြရမည်လော' ဟု ပြောဆိုလေ့ရှိကြကုန်၏။

بَلْ جَاءَ بِالْحَقِّ وَصَدَّقَ الْمُرْسَلِينَ ﴿٣٧﴾

၃၇ : ၃၇ ။ ။ စင်စစ်မှာ ထို (တမန်တော်မြတ်သည်) အမှန်တရားကို ယူဆောင်ခဲ့သည့်အပြင် (အခြားသော) ရစူလ် တမန်တော်အပေါင်းတို့ကိုလည်း (ဟုတ်မှန်ကြောင်း) ယုံကြည်ထောက်ခံခဲ့ပေသည်။

إِنَّكُمْ لَذَائِقُوا الْعَذَابِ الْأَلِيمِ ﴿٣٨﴾

၃၇ : ၃၈ ။ ။ ကေန်မလွဲ အသင်တို့အားလုံးသည် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မြည်းစမ်းကြရမည့်သူများ အမှန်ပင် ဖြစ်ကြကုန်၏။

وَمَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ ﴿٣٩﴾

၃၇ : ၃၉ ။ ။ သို့ရာတွင် အသင်တို့သည် မိမိတို့ကျင့်မူလျက်ရှိခဲ့ကြသော အမှုကိစ္စများ၏ အစားပေးခြင်းကိုသာလျှင် ခံကြရပေမည်။

إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ ﴿٤٠﴾

၃၇ : ၄၀ ။ ။ သို့ရာတွင် ရွေးချယ်ခြင်းကို ခံခဲ့ကြရသော အလ္လာဟ်အသျှင်မြတ်၏ ကျွန်များသည် …။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(မှရှိရစ်က်အချင်းချင်း တစ်ဦးကိုတစ်ဦး ကူညီရမည့်အစား ထိုအချိန်တွင် အချင်းချင်း ပြဿနာ ဖြစ်ကြပေလိမ့်မည်။) ၎င်းနောက် ထိုသူတို့သည် တစ်ဦးဘက်သို့ တစ်ဦးလှည့်၍ အမေးအဖြေ ပြုလုပ်ကြလျက်

အကွဲအလွဲပြဿနာများ ဖြစ်ကြပေလိမ့်မည်။ သို့ရှိရာ နောက်လိုက်များက (မိမိတို့ခေါင်းဆောင်များအား 'ကျွန်ုပ်တို့ကို အသင်တို့က လမ်းမှားစေခဲ့ကြသည်။) အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ထံ အသင်တို့၏ လာရောက်ခြင်းတွင် ဖိအားများ ပါဝင်လေသည်။' (ဆိုလိုသည်မှာ 'အသင်တို့ ကျွန်ုပ်တို့အား အခမဲ့ ဖိအား ပေး၍ လမ်းမှားစေရန် ကြိုးစားခဲ့ကြသည်' ဟု ပြောဆိုကြပေမည်။) ခေါင်းဆောင်များက 'အသင်တို့ ကိုယ်တိုင် အီမာန်ယူကြသူများမဟုတ်ဘဲ အကြောင်းမဲ့ ကျွန်ုပ်တို့အပေါ် စွပ်စွဲနေကြသည်။ အဘယ်ကြောင့် ဆိုသော် ငါတို့သည် အသင်တို့အပေါ် ဖိအားပေးခဲ့ခြင်း လုံးဝမရှိ။ သို့သာမက အသင်တို့ကိုယ်တိုင် ဆိုးသွမ်း ခဲ့ကြသည်။'ကုဖ္ဖရ်'ကို ကျူးလွန်ချိန်တွင် ငါတို့နှင့်အတူ အသင်တို့လည်း ပါဝင်ခဲ့ကြသည်။ ငါတို့အားလုံး အပေါ် ငါတို့အသျှင်မြတ်ဘက်မှ ဤသေချာသော ကိစ္စရပ်သည် အတည်ပြုပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ငါတို့အားလုံး 'အဇာဗ်'အပြစ်ဒဏ်ကို မြည်းစမ်းကြရမည်။ ဤသို့ဖြစ်ရန် ကျွန်ုပ်တို့၏ ဖိအား မပါဘဲ ကိုယ်တိုင် ရွေးချယ်၍ လမ်းမှားခဲ့ကြသည်။ (တစ်ဖန် ငါတို့နှစ်ဦးစလုံး၏ လမ်းမှားရသည့် အကြောင်းခံ သည် အတူတူပင် ဖြစ်သွား၏။ အသင်တို့သည် မိမိတို့၏ ရွေးချယ်မှုဖြင့် လမ်းမှားခြင်းမှာ ကြီးကျယ် သော အကြောင်းခံဖြစ်၍ မိမိတို့ကိုယ်ကို အပြစ်ကင်းသည်ဟု အဘယ်ကြောင့် ဆိုကြသနည်း။')

ဆက်လက်၍ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူမည်မှာ နှစ်ဖက်စလုံး၏ ငြင်းဆန်မှုတွင် တူညီ ကြောင်း အတည်ဖြစ်၏။ သို့ရှိရာ အားလုံး 'ကေယာမသ်'နေ့တွင် အပြစ်ဒဏ်၌လည်း တူညီကြပေမည်။ ၄င်းနောက်'ငါအသျှင်မြတ်သည် အပြစ်ကျူးလွန်သူများကို ဤကဲ့သို့ပင် အပြစ်ပေးတော်မူပေမည်။ ဆက်လက် ၍ ၄င်းတို့၏ 'ကုဖ္ဖရ်'နှင့် အပြစ်ကျူးလွန်ကြောင်း တင်ပြထားသည်မှာ ထိုသူတို့သည် 'သောင်ဟီးဒ်'ကို ငြင်းဆန်ကြ၍ နဗီတမန်တော်ကိုလည်း ငြင်းဆန်ခဲ့ကြသည်။ သို့ရှိရာ ထိုသူတို့ကို တမန်တော်မှတစ်ဆင့် ပြောဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်မှ လွဲ၍ ခဝပ်ကိုးကွယ်ထိုက်သော မှန်ကန်သည့် အသျှင်မြတ်မရှိ' ဟုဆိုလျှင် လက်ခံရန် မာနထောင်လွှားပြကြ၏။ 'ငါတို့သည် မိမိတို့၏ အသျှင်ကို ကဗျာဆရာ အရူး တစ်ယောက်၏ ပြောကြားခြင်းကြောင့် စွန့်လွှတ်ရမည်လော'ဟု ပြောဆိုကြကုန်၏။ သို့ရှိရာ ထိုသူတို့သည် 'သောင်ဟီးဒ်'နှင့် 'ရိစာလသ်'နှစ်ခုစလုံးကို ငြင်းဆန်ကြ၏။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ ဤနဗီတမန်တော်သည် ကဗျာဆရာလည်း မဟုတ်။ အရူးလည်း မဟုတ်ပေ။ ထို့ပြင် နဗီတမန်တော်သာ ဖြစ်၏။ မှန်ကန်သော သာသနာကို ယူဆောင်လာသူ ဖြစ်၏။ ၄င်းနောက် အလ္လာဟ်တစ်ပါးတည်း ရှိခြင်းနှင့် ပတ်သက်သည့် ဥပဒေတွင် အခြားနဗီတမန်တော်များကို ထောက်ခံ၍ ထိုနဗီတမန်တော်များနှင့် ကိုက်ညီစွာ တင်ပြ၏။ ဆိုလိုသည်မှာ ရစူလ်များအားလုံး တစ်ညီတစ်ညွတ်တည်း တင်ပြသော ဥပဒေများကို ပြသ၏။ ထိုဥပဒေများသည် မရေမတွက်နိုင်သော အထောက်အထားများဖြင့် မှန်ကန်ကြောင်း သိရှိရ၏။ အတွေး သက်သက် မဟုတ်ပေ။ ၄င်းနောက် အမှန်တရား ပြောဆိုခြင်းသည် ရှုးသွပ်ခြင်းမဟုတ်။ အခြားအွမ္မသ်တို့ သည်လည်း မိမိနဗီတမန်တော်များကို ဤကဲ့သို့ ဆက်ဆံခဲ့ကြသည်။ ဤနေရာတွင် အာရဗ်ကာဖိရ်များကို ပြောဆိုသည့်အတွက် ဤအွမ္မသ်၏ ကာဖိရ်များကိုသာ ဆိုလိုပေသည်။

ထို့ကြောင့် ဆက်လက်၍ ထိုမုရှ်ရစ်က်များကို 'အဇားဗ်'၏ ခြိမ်းခြောက်မှုကို တိုက်ရိုက်ပြောကြားထားသည်။ အသင်တို့၏ ခေါင်းဆောင်များနှင့် နောက်လိုက်အားလုံး ပြင်းထန်သော ပြစ်ဒဏ်ကို မြည်းစမ်းကြရပေလိမ့်မည်။ ဤအမိန့်တွင် အသင်တို့အား မည်သို့မှ ညှဉ်းပန်းနှိပ်စက်မှု မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် အသင်တို့ ပြုလုပ်ခဲ့သည့် 'ကုဖွရ်'အစရှိသည်တို့၏ အစားခံရခြင်း ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သာလျှင် သီးသန့်ပြုသည့် ဗန္ဒာဟ်များ၊ (ဆိုလိုသည်မှာ) အီမာန်ရှင်ဖြစ်၍ အမှန်တရားနောက်လိုက်သည့်အတွက် အလ္လာဟ်အသျှင်မြတ် လက်ခံ၍ သီးသန့် ပြုထားတော်မူပေသည်။ ဤကဲ့သို့သော သူများကို 'အဇားဗ်'အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဟရှရ်'ကွင်းပြင်တွင် စုရုံးပြီးနောက် မိမိတို့၏ လက်အောက်ငယ်သားများကို လှည့်ဖြားခဲ့ကြသည့် ခေါင်းဆောင်ကြီးများသည် မိမိတို့၏ နောက်လိုက်များရှေ့သို့ ရောက်ရှိလာလိမ့်မည်။ တစ်ဦးကိုတစ်ဦး ကူညီရမည့်အစား အချင်းချင်း ညှဉ်းပန်းမှုပြုလုပ်ကြလိမ့်မည်။ ဤညှဉ်းပန်းမှုများ၏ ပြယုဂ်အချို့ကို ဆွဲပြ၍ အုပ်စုနှစ်စုစလုံး၏ ရလဒ်ဆိုးကို ဤအာယသ်တော်များ၌ တင်ပြထားသည်။ အာယသ်တော်များ၏ အနှစ်ချုပ်ရှင်းလင်းချက်ဖြင့် ဤအချက်သည်လည်း ပေါ်လွင်၏။ အတိုချုံး၍ အချို့အချက်အလက်များကို တင်ပြပေမည်။

اِنَّكُمۡ كُنۡتُمۡ تَاۡتُوۡنَنَا عَنِ الۡيَمِيۡنِ

တွင် يَمِيۡنٌ ၏ အဓိပ္ပာယ်မြောက်မြားစွာ ရှိပေသည်။ ထိုအထဲမှ တစ်ခုမှာ 'အားအင်'ဟု ဖြစ်လေ၏။ အထက်၌ ဤအဓိပ္ပာယ်ကို ထောက်ထား၍ ရှင်းလင်းခဲ့၏။ အဓိပ္ပာယ်မှာ ငါတို့ထံ အသင်တို့၏ လာခြင်းသည် အားအင်များ ပါဝင်၏။ ဆိုလိုသည်မှာ အသင်တို့ ကျွန်ုပ်တို့အပေါ် ဖိအားပေး၍ လမ်းမှားစေခဲ့ကြသည်။ ဤသည် သာပို၍ ရှင်းလင်းသောအရာ ဖြစ်သည်။ ထို့ပြင် يمين ၏ အဓိပ္ပာယ်သည် ကျိန်ဆိုခြင်းဟုလည်း လာရှိသည်။ ထို့ကြောင့် အချို့သဖ်စီးရ်ပညာရှင်များက ဤသို့ ဖွင့်ဆိုကြ၏။ အသင်တို့ ကျိန်ဆိုမှုများဖြင့် ကျွန်ုပ်တို့ထံ လာခဲ့ကြသည်။ ဆိုလိုသည်မှာ မိမိတို့လမ်းစဉ် မှန်ကန်ကြောင်းကို 'ကစမ်' များ ကျိန်ဆို၍ ကျွန်ုပ်တို့ကို ယုံကြည်စေခဲ့ကြသည်။ တမန်တော်ယူဆောင်လာသော သာသနာမှားယွင်းသည်ဟုလည်း ပြောဆိုကြသည်။ ကျမ်းမြတ်ကုရ်အာန်၏ စကားလုံးများကို ထောက်ထားလျှင် ဤရှင်းလင်းချက်နှစ်ချက်စလုံးသည် ဖြစ်နိုင်ပေသည်။

فَاِنَّهُمۡ يَوۡمَئِذٍ فِى الۡعَذَابِ مُشۡتَرِكُوۡنَ

ဖြင့် သိရှိရသည်မှာ တစ်ဦးတစ်ယောက်သည် အခြားသူများကို မပိုင်သည့် လုပ်ရပ်တစ်ခုခု ပြုလုပ်ရန် ဖိတ်ခေါ်ခြင်းနှင့် မကောင်းမှုတစ်ခုအတွက် နှိုးဆော်ရန် မိမိ၏ အရှိန်အဝါကို အသုံးပြုလျှင် 'ဂိုနာဟ်'

ဘက်သို့ ဖိတ်ခေါ်သည့် အပြစ်ဒဏ်ကို မုချဧကန် ရရှိလိမ့်မည်။ သို့သော် ထိုဖိတ်ခေါ်မှုကို မိမိ၏ ရွေးချယ်မှုဖြင့် လက်ခံပါက ထိုသူလည်း အပြစ်ဒဏ်မှ မလွတ်နိုင်ပေ။ နောင်တမလွန်တွင် ကျွန်ုပ်ကို အခြားသူက လမ်းမှားစေသည့်အတွက် ဖြစ်သည်ဟုဆိုခြင်းဖြင့် အပြစ်မှ လွတ်ကင်းနိုင်မည် မဟုတ်ပေ။ အကယ်၍ မိမိသဘောဆန္ဒ မပါဘဲ အဓမ္မခိုင်းစေမှုကြောင့် အသက်ကို ကာကွယ်ရန် ပြုလုပ်မိပါက 'အင်နိရှာအလ္လာဟ်' အလ္လာဟ်ခွင့်လွှတ်ရန် မျှော်လင့်နိုင်၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أُولَٰئِكَ لَهُمْ رِزْقٌ مَّعْلُومٌ ﴿٤١﴾

၃၇ : ၄၁ ။ ။ ထိုသူတို့အဖို့မှာမူ သတ်မှတ်ပြီးဖြစ်သော အစာအဟာရသည် ရှိပေသည်။

فَوَاكِهُ ۖ وَهُم مُّكْرَمُونَ ﴿٤٢﴾

၃၇ : ၄၂ ။ ။ သစ်သီးဝလံများပင် (ဖြစ်၏။) ထို့ပြင် ၎င်းတို့သည် ဂုဏ်အင်ချီးမြှင့်ခြင်း ခံကြရသူများဖြစ်ကြပေမည်။

فِي جَنَّاتِ النَّعِيمِ ﴿٤٣﴾

၃၇ : ၄၃ ။ ။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ၌ (နေထိုင်စံမြန်းကြရပေမည်။)

عَلَىٰ سُرُرٍ مُّتَقَابِلِينَ ﴿٤٤﴾

၃၇ : ၄၄ ။ ။ သလွန်များထက်ဝယ် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိကြပေမည်။

يُطَافُ عَلَيْهِم بِكَأْسٍ مِّن مَّعِينٍ ﴿٤٥﴾

၃၇ : ၄၅ ။ ။ ၎င်းတို့ရှေ့ဝယ် တသွင်သွင်စီးလျက်ရှိသော အရက်ဖြင့် ပြည့်လျှံနေသည့် ဖလားသည် လှည့်ပတ်လျက် ရှိချေမည်။

بَيْضَاءَ لَذَّةٍ لِّلشَّارِبِينَ ﴿٤٦﴾

၃၇ : ၄၆ ။ ။ အရောင်အသွေးဖြူ၍ သောက်သုံးသူတို့အဖို့ အရသာနှင့် ပြည့်စုံသော (အရက်ကို သောက်သုံးရမည်)

لَا فِيهَا غَوْلٌ وَلَا هُمْ عَنْهَا يُنزَفُونَ ﴿٤٧﴾

၃၇ : ၄၇ ။ ။ ထိုအရက်ကြောင့် မူးဝေခြင်း၊ ခေါင်းခဲခြင်းလည်း ရှိမည်မဟုတ်ပေ။ ထိုနည်းတူစွာ ယင်းအရက်ကြောင့် ၎င်းတို့သည် သတိလစ်ကြရမည်လည်း မဟုတ်ပေ။

وَعِندَهُمْ قَاصِرَاتُ الطَّرْفِ عِينٌ ﴿٤٨﴾

၃၇ : ၄၈ ။ ။ ထိုပြင် ၎င်းတို့ထံတွင် မျက်စိကို အောက်သို့ နှိမ့်ချထားသော၊ မျက်စိပြူး၍ လှပသော ကြင်ဖက်များ လည်း ရှိကြပေမည်။

كَأَنَّهُنَّ بَيْضٌ مَّكْنُونٌ ﴿٤٩﴾

၃၇ : ၄၉ ။ ။ ထိုကြင်ဖက်များမှာ လျှို့ဝှက်ဖုံးအုပ်လျက် ထားရှိသော 'ဥ' များပမာ ဖြစ်ကြပေလိမ့်မည်။

فَأَقْبَلَ بَعْضُهُمْ عَلَىٰ بَعْضٍ يَتَسَاءَلُونَ ﴿٥٠﴾

၃၇ : ၅၀ ။ ။ ထို့နောက် ၎င်းတို့သည် မိမိတို့အချင်းချင်း တစ်ဦးဘက်သို့ တစ်ဦး လှည့်ကာ အပြန်အလှန် မေးမြန်းကြ ပေမည်။

قَالَ قَائِلٌ مِّنْهُمْ إِنِّي كَانَ لِي قَرِينٌ ﴿٥١﴾

၃၇ : ၅၁ ။ ။ ၎င်းတို့အနက် ပြောဆိုသူတစ်ဦးက (ဤသို့) ပြောဆိုပေမည်။ 'ကျွန်ုပ်တွင် အဖော်တစ်ယောက် ရှိခဲ့ဖူး၏'

يَقُولُ أَئِنَّكَ لَمِنَ الْمُصَدِّقِينَ ﴿٥٢﴾

၃၇ : ၅၂ ။ ။ 'ထိုအဖော်သည် ကျွန်ုပ်အား ပြောဆို (မေးမြန်း) လေ့ရှိ၏။ အသင်သည်လည်း ('ကေယာမသ်' ရှင်ပြန်ထမည့်နေ့ကို ယုံကြည်ထောက်ခံသူတစ်ဦး ဖြစ်လေသလော။'

أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَدِينُونَ ﴿٥٣﴾

၃၇ : ၅၃ ။ ။ (၎င်းအဖော်က) 'ကျွန်ုပ်တို့သည် သေဆုံး၍ (အသားအရေတို့မှာ) မြေကြီးဖြစ်သွားပြီးလျှင်၊ အရိုးများသာ ကျန်ရစ်သောခါ အမှန်ပင် ကျွန်ုပ်တို့သည် အစားပေးခြင်း ခံကြရသူများ ဖြစ်ကြရမည်လော' ဟု (ပြောဆို၏။)

قَالَ هَلْ أَنتُم مُّطَّلِعُونَ ﴿٥٤﴾

၃၇ : ၅၄ ။ ။ (ထိုအခါ) ထိုအသျှင်မြတ်သည် မိန့်ကြားတော်မူပေမည်။ (သို့မဟုတ် တစ်နည်း:) 'ဂျန္နသ်' သုခဘုံ၌ အတူ ရှိနေသော အဖော်တစ်ဦးက ပြောဆိုပေမည်။ 'အသင်တို့သည် (၎င်းအဖော်ဖြစ်သူအား) ချောင်း၍ ကြည့်လိုကြလေသလော'

فَاطَّلَعَ فَرَآهُ فِي سَوَاءِ الْجَحِيمِ ﴿٥٥﴾

၃၇ : ၅၅ ။ ။ ထို့နောက် ထိုသူသည် ချောင်း၍ ကြည့်သောအခါ၊ ထိုအဖော်အား 'ဂျဟန္နမ်' ငရဲဘုံ၏ အလယ်၌ တွေ့မြင်ရပေမည်။

قَالَ تَاللّٰهِ اِنْ كِدْتَّ لَتُرْدِيْنِ ۝٥٦

၃၇ : ၅၆ ။ ။ (ထိုအခါ) ၎င်းသည် ထိုအဖော်အား (ဤသို့) ပြောဆိုပေမည်။ 'အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ ဧကန်စင်စစ် အသင်သည် ကျွန်ုပ်အား ဖျက်ဆီးလုနီးနီး ဖြစ်ခဲ့ပေသည်။'

وَلَوْلَا نِعْمَةُ رَبِّيْ لَكُنْتُ مِنَ الْمُحْضَرِيْنَ ۝٥٧

၃၇ : ၅၇ ။ ။ 'အမှန်စင်စစ် အကယ်၍သာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်သာလျှင် မရှိခဲ့ပါမူ၊ အမှန်ပင် ကျွန်ုပ်သည်လည်း ဖမ်းဆီးအရေးယူခြင်း ခံခဲ့ကြရသောသူတို့တွင် အပါအဝင် ဖြစ်မည်သာ (ဖြစ်၏။)'

اَفَمَا نَحْنُ بِمَيِّتِيْنَ ۝٥٨

၃၇ : ၅၈ ။ ။ 'သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် သေဆုံးကြရမည်ဖြစ်သော သူများ မဟုတ်တော့ပြီလော။'

اِلَّا مَوْتَتَنَا الْاُوْلٰى وَمَا نَحْنُ بِمُعَذَّبِيْنَ ۝٥٩

၃၇ : ၅၉ ။ ။ 'ကျွန်ုပ်တို့သည် ပထမအကြိမ် သေဆုံးခဲ့ကြခြင်းမှအပ၊ ၎င်းပြင် ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်း ခံကြရမည့်သူများလည်း မဟုတ်ပြီ။'

اِنَّ هٰذَا لَهُوَ الْفَوْزُ الْعَظِيْمُ ۝٦٠

၃၇ : ၆၀ ။ ။ ဧကန်မလွဲ ဤသည်ပင်လျှင် ကြီးကျယ်စွာသော အောင်မြင်မှုပင် ဖြစ်၏။

لِمِثْلِ هٰذَا فَلْيَعْمَلِ الْعٰمِلُوْنَ ۝٦١

၃၇ : ၆၁ ။ ။ (ကောင်းမြတ်သော အကျင့်သီလများကို) ကျင့်မူဆောက်တည်ကြကုန်သော သူတို့သည် ဤကဲ့သို့သော (အောင်မြင်မှု ရယူရန်) အလို့ငှာ ကျင့်မူဆောက်တည်ကြရာကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်လက်ခံသော ဗန္ဒာဟ်များအတွက် ဤကဲ့သို့သော အစားအစာများ ရှိလေသည်။ ထိုအစားအစာများ၏ အခြေအနေကို အခြားစူရာဟ်တွင် သိရှိပြီးဖြစ်သည်။ (ဆိုလိုသည်မှာ) သစ်သီးဝလံများ (၎င်းသစ်သီးဝလံများ ရရှိမည်ကို စူရာဟ်ယာစီးန်တွင်

لَهُمْ فِيْهَا فَاكِهَةٌ

ဟူ၍လည်းကောင်း၊ ထိုအသီးများ၏ အရည်အချင်းများကို စူရာဟ်ဝါကေအာဟ်တွင်

وَفَاكِهَةٍ كَثِيرَةٍ لَّا مَقْطُوعَةٍ وَّلَا مَمْنُوعَةٍ

ဟူ၍လည်းကောင်း ကျရောက်ပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စူရာဟ်ယာစီးန်နှင့် စူရာဟ်ရဟ်မာန်သည် စူရာဟ်သွာဖားသ်အလျင် ကျရောက်ခဲ့ခြင်းဖြစ်သည်။) ၄င်းနောက် ထိုသူတို့သည် ကြီးမားသော ဂုဏ်သိက္ခာဖြင့် အေးချမ်းစွာ ဥယျာဉ်များ၌ မျက်နှာချင်းဆိုင် ထိုင်ကြရလိမ့်မည်။ ၄င်းတို့ထံသို့ ဤကဲ့သို့သော အရက်များကို ကလေးများက ယူဆောင်လာပေလိမ့်မည်။ ထိုအရက်သည် စီးတွေနေသော အရက်ဖြစ်၍ ထိုအရက်ကို ခွက်များတွင် ဖြည့်၍ ပေးမည်။ ထိုသို့ပေးခြင်းဖြင့် အရက်၏ များပြားခြင်းနှင့် ကောင်းမွန်မှုကို သိရှိရပြီး အဖြူရောင်ဖြင့် မြင်ရမည်ဖြစ်သည်။ သောက်သူများကို အရသာ ရှိပေမည်။ (လောကရှိ အရက်များကဲ့သို့ မူးယစ်) ခေါင်းကိုက်ခြင်းလည်း ရှိမည်မဟုတ်။ ထိုနည်းတူစွာ ယင်းအရက်ကြောင့် ၄င်းတို့သည် သတိလစ်ကြရမည်လည်း မဟုတ်ပေ။ ၄င်းတို့ထံပါးသို့ မျက်စိကို အောက်သို့ နှိမ့်ချထားသော မျက်လုံးကြီး၍ လှပသည့် 'ဟူရ်' များ ရှိလိမ့်မည်။ 'ဟူရ်'တို့၏ အရောင်အဆင်းမှာ အတောင်များတွင် ဖုံးအုပ်နေသော ဥများကဲ့သို့ ဖြူဖွေးနေပေလိမ့်မည်။ မြူမှုန်ကပ်ခြင်း၊ အမာရွတ်အကွက်များမှ လုံး၀ ကင်းစင်ပေလိမ့်မည်။ ဖြူစင်သန့်ရှင်းကြောင်းကို ပမာပြခြင်းသာ ဖြစ်သည်။ လူတို့သည် မိမိတို့၏ ထိုင်ခုံများတွင် စုရုံးကြလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုမှုများ ပြုကြမည်။ စကားပြောဆိုနေစဉ် 'ဂျန္နသီ' များထဲမှ တစ်ဦးက မိမိ၏ အပေါင်းအပါများကို ပြောဆိုသည်မှာ လောကတွင် ကျွန်ုပ်၏ မိတ်ဆွေတစ်ဦး ရှိလေသည်။ ထိုသူသည် ကျွန်ုပ်အား အံ့သြ၍ ပြောဆိုသည်မှာ 'အသင် ပြန်လည် ရှင်ထရမည်ကို ယုံကြည်ပါသလော။ ကျွန်ုပ်တို့ သေဆုံးသွားကြမည်။ မြေကြီးနှင့် အရိုးများ ဖြစ်သွားကြမည်။ ကျွန်ုပ်တို့ ပြန်လည် ရှင်ထ၍ ကောင်းကျိုး၊ ဆိုးကျိုးများ ရမည်လော'ဟု မေးမြန်းလေသည်။ ထိုသူသည် နောင်တမလွန်ကို ငြင်းဆန်သောသူ ဖြစ်၏။ ထို့ကြောင့် 'ဂျဟန္နမ်'သို့ ရောက်ရှိသွားသည်မှာ သေချာ၏။

အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ 'အို၊ 'ဂျန္နသ်'တွင် ရှိသူအပေါင်းတို့၊ အသင်တို့သည် ဤသူကို ချောင်းမြောင်းကြည့်လိုပါသလော။ အသင်တို့ ဆန္ဒရှိလျှင် ကြည့်ခွင့်ရှိ၏။ ထိုအခါ ထိုအကြောင်းအရာ တင်ပြသူသည် ကြည့်ရှုလေရာ 'ဂျဟန္နမ်'၏ အလယ်ဗဟိုတွင် ထိုသူ့အား တွေ့မြင်လိမ့်မည်။ ထိုသူ့အား 'ဂျဟန္နမ်'၌ တွေ့မြင်၍ အသျှင်မြတ်၏ ကစမ်၊ အသင်သည် ကျွန်ုပ်ကို ဖျက်ဆီးပစ်ရန် ရှိခဲ့၏။ ဆိုလိုသည်မှာ ကျွန်ုပ်ကိုလည်း နောင်တမလွန်ကို ငြင်းဆန်သူဖြစ်အောင် ကြိုးစားခဲ့၏။ အကယ်၍ ကျွန်ုပ်၏ အသျှင်မြတ်မှာ ကျွန်ုပ်အပေါ် ဤမှန်ကန်သည့် ယုံကြည်ချက်အပေါ်၌ ရပ်တည်နိုင်ရန် စွမ်းအားမပေးခဲ့လျှင် အသင့်ကဲ့သို့ ကျွန်ုပ်လည်း အရေးယူခံရပေမည်။ ထို့နောက် 'ဂျန္နသီ'အချင်းချင်း ပြောဆိုကြမည်မှာ 'ကျွန်ုပ်တို့နှင့် ဒွန္နယာတွင် သေဆုံးကြပြီးနောက် ယခု မသေဆုံးဘဲ နေကြရမည်လော။ ကျွန်ုပ်တို့ 'အဇားဗ်' အပြစ်ဒဏ်မခံရဘဲ နေကြရမည်လော။ ဤစကားရပ်များကို ပျော်ရွှင်လွန်း၍ ပြောဆိုကြမည် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဒုက္ခအခက်အခဲများမှ ဖယ်ရှား၍ အမြဲတစေအတွက် သောကကင်းစေခဲ့သည်။ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ 'ဂျန္နသီ'၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်း

ဆိုင်ရာ ချီးမြှင့်မှုများကို အထက်တွင် တင်ပြခဲ့၏။ မုချဧကန် ဤသည် ကြီးကျယ်သည့် အောင်မြင်မှု တစ်ခု ဖြစ်၏။ ဤကဲ့သို့သော အောင်မြင်မှုများ ရရှိရန် ကျင့်ကြံသူများကို ဆက်လက်၍ ကျင့်ကြံနေထိုင်သင့်၏။ ဆိုလိုသည်မှာ အီမာန်သက်ဝင်ယုံကြည်မှု ပြုလုပ်၍ အမိန့်နာခံသင့်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ငရဲသားများ၏ အခြေအနေကို တင်ပြပြီးနောက် သုခဘုံသားတို့၏ အခြေအနေများကို တင်ပြထားခြင်း ဖြစ်၏။ ဤတင်ပြချက်တွင် အပိုင်းနှစ်ပိုင်း ပါဝင်ပေသည်။ (ပထမ (၁၀) အာယသ်တွင် သာမန် 'ဂျန္နသီ' များ ရရှိမည့် စည်းစိမ်များအကြောင်းကို တင်ပြထားသည်။ ထို့နောက် အာယသ်တော်များတွင် သီးခြား 'ဂျန္နသီ' တစ်ဦး၏ သင်ခန်းစာယူထိုက်သော အဖြစ်အပျက်ကို တင်ပြထား၏။ ပထမ (၁၀) အာယသ်တွင် အချို့ စကားများကို သီးသန့်တင်ပြလိုပေသည်။

(၁) أُولَٰئِكَ لَهُمْ رِزْقٌ مَّعْلُومٌ ၏ အဓိပ္ပာယ်မှာ ထိုသူများ၏ စားနပ်ရိက္ခာ အခြေအနေကို သိရှိပြီးဖြစ်သည်။ သဖ်စီးရ်ပညာရှင်များက ၄င်းအာယသ်တော်၏ အလိုသဘောကို အမျိုးမျိုး တင်ပြ၏။ အချို့ပညာရှင်များက အခြားအခြားသော စူရာဟ်အာယသ်တော်များတွင် တင်ပြထားသော 'ဂျန္နသီ'များ၏ အစားအစာနှင့် ပတ်သက်၍ ဂုဏ်တူ၊ ဝိသေသများကို ရည်ညွှန်း ထားပေသည်'ဟူ၍ ဖွင့်ဆိုကြသည်။ သို့ရှိရာ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဟဇရသ်ထာနဝီသခင်က ဤသဖ်စီးရ်ကို ရွေးချယ်ထားလေသည်။ အချို့ပညာရှင်များက رزق معلوم ဆိုသည်မှာ အချိန်သတ်မှတ်၍ သိရှိရသည့်အရာများ ဖြစ်သည်ဟု ဆိုကြသည်။ ဆိုလိုသည်မှာ နံနက်နှင့် ညနေတွင် အမြဲတစေ ချီးမြှင့်ခြင်း ခံရပေလိမ့်မည်။ ဥပမာ-အခြားအာယသ်တော်တစ်ပါးတွင် غدوة و عشيا နံနက်၊ ညနေဟု ပေါ်လွင်သော စာလုံးဖြင့် လာရှိထား၏။ رزق معلوم ၏ တတိယ ရှင်းလင်းချက် အလိုသဘောမှာ အမြဲတစေ မုချ ရရှိမည့်အရာ ဖြစ်၍ လောကတွင် နက်ဖြန် မည်မျှ စားနပ်ရိက္ခာ ရရှိ၍ မည်သည့်ရိက္ခာမရဟူ၍ အတိအကျ မပြောဆိုနိုင်ပေ။ ရရှိနေသော ရိက္ခာသည်လည်း မည်သည့်အချိန်အထိ ရရှိမည်ဖြစ်ကြောင်း မည်သူမျှ မသိရှိနိုင်ပေ။ လူသားတို့သည် မိမိရရှိထားသည့် ဥစ္စာပစ္စည်းများနှင့် ပတ်သက်၍ နက်ဖြန်ရှိမည်၊ မရှိမည်ကို ပူပန်နေကြရသည်။ 'ဂျန္နသ်' တွင် ဤသို့ စိုးရိမ်စရာမရှိဘဲ အမြဲတစေနှင့် အသေအချာ ရရှိမည်သာဖြစ်၏။ *[သဖ်စီးရ်ရေကုရ်သုဗီ]*

(၂) فَوَاكِهُ ဤစာလုံးဖြင့် ကျမ်းမြတ်ကုရ်အာန်သည် 'ဂျန္နသ်'၏ စားနပ်ရိက္ခာများကို ကိုယ်တိုင် ရှင်းလင်းဖော်ပြထား၏။ 'ဂျန္နသ်'၌ ရရှိမည့် ရိက္ခာများ၌ အသီးအနှံများ ပါဝင်၏။ فواكه သည် فاكهة ၏ အများကိန်းဖြစ်သည်။ အာရဗီစာပေတွင် فاكهة သည် ဆာလောင်မှုပပျောက်စေရန် မဟုတ်ဘဲ အရသာ ရရှိရန် စားသုံးသည့် အရာတိုင်းကို ခေါ်ဆိုသည်။ အူရ်ဒူစာပေတွင် ميوه ဟု သုံးရခြင်းအကြောင်းမှာ

သစ်သီးဝလံများအား အရသာရရှိရန်အတွက်သာ စားသောက်ကြသောကြောင့် ဖြစ်သည်။ အမှန်စင်စစ် **فاكهة** ၏ အလိုသဘောမှာ သစ်သီးဝလံ၏ အလိုသဘောထက် ပိုမိုကျယ်ပြန့်လေသည်။ အေမာမ်ရာဇီ (ရဟ) သည် **فواكه** ဟူသော စကားလုံးဖြင့် 'ဂျန္နသ်'တွင် ရရှိမည့် အစားအစာအားလုံးတို့သည် အရသာခံစားရန်အတွက် သာဖြစ်၍ ဆာလောင်မှုကို ပြေပျောက်စေရန် မဟုတ်ဟူသော အချက်ကို ထုတ်နုတ်တင်ပြထားသည်။ ထို့ကြောင့် လူသားသည် 'ဂျန္နသ်'တွင် မည်သည့်အရာကိုမျှ မလိုလားဘဲ မိမိသက်တမ်းရှိနေစေရန် (သို့) ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်ရန် မည်သည့်အစာမှ မလိုအပ်ပေ။ စားသောက်ရန် ဆန္ဒရှိကြမည်ဖြစ်၍ ထိုဆန္ဒပြည့်ဝလျှင် အရသာရရှိမည်ဖြစ်သည်။ 'ဂျန္နသ်'၏ စည်းစိမ်များ အားလုံး၏ ရည်ရွယ်ချက်မှာ အရသာချီးမြှင့်ရန်အတွက် ဖြစ်သည်။ *[သဖ်စီးရေကာဗီးရ်ကျမ်း၊ တွဲ-၇၊ စာ-၉၈။]*

(၃) **وَهُم مُّكْرَمُونَ** 'ဂျန္နသီ'များကို ဤစားနပ်ရိက္ခာများ ဂုဏ်သိက္ခာရှိစွာဖြင့် ချီးမြှင့်ခြင်းခံရမည်ဖြစ်ကြောင်း တင်ပြထားခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သိက္ခာမရှိဘဲ စားရပါက အရသာအရှိဆုံးအရာသည်ပင် အရသာမဲ့သွားပေသည်။ ထို့ကြောင့် ဧည့်သည်အပေါ် ထားရှိရမည့် တာဝန်များမှာ ကျွေးမွေးရုံသက်သက်ဖြင့် မပြည့်စုံဘဲ ဂုဏ်သိက္ခာပေးခြင်းသည်လည်း ၎င်း၏ တာဝန်ဝတ္တရားများတွင် ပါဝင်၏။

(၄) **عَلَىٰ سُرُرٍ مُّتَقَٰبِلِينَ** ဤစကားလုံးသည် 'ဂျန္နသီ'များ၏ ထိုင်ဝိုင်းပုံစံဖြစ်သည်။ 'ဂျန္နသီ'တို့သည် သလွန်များပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်ကြပေမည်။ တစ်ဦးကို တစ်ဦး ကျောခိုင်း၍ နေကြပေမည်မဟုတ်။ မည်သည့်ပုံစံဖြစ်သည်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူ၏။ အချို့ပညာရှင်များက 'ထိုင်ဝိုင်း၏ ကျယ်ပြန့်မှုကြောင့် တစ်ဦးကိုတစ်ဦး ကျောခိုင်းစရာမလို' ဟု တင်ပြကြသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် 'ဂျန္နသီ'များကို အဝေး၌ ထိုင်နေသူနှင့် အေးဆေးစွာ တွေ့မြင်ကြားနိုင်၍ ပြောနိုင်စွမ်းကိုလည်း ချီးမြှင့်တော်မူမည် ဖြစ်သည်။ အချို့ပညာရှင်များက စုံလယ်ကုလားထိုင်များကဲ့သို့ ဖြစ်၍ မိမိစကားပြောလိုသူဘက်သို့ လှည့်သွားမည်ဖြစ်သည်ဟု တင်ပြကြသည်။

(၅) **لَذَّةٍ لِّلشَّٰرِبِينَ** لذة **لَذَّةٍ** သည် မူရင်းတွင် ကြိယာနာမ်ဖြစ်၍ အဓိပ္ပာယ်မှာ အရသာရှိခြင်း ဖြစ်သည်။ ထို့ကြောင့် အချို့ပညာရှင်တို့က ဤနေရာတွင် **لذة** ကို ဆက်သွယ်သော စာလုံး **ذات** မြုပ်နေပေသည်။ ဆိုလိုသည်မှာ အရသာရှိသော ပင်ကိုယ်ပစ္စည်းဟု ဖြစ်သည်။ သို့သော် ဤကဲ့သို့ ယူဆရန်မလိုအပ်ပေ။ ပထမအချက်အနေဖြင့် **لذة** ကို ကြိယာနာမ်ဟု သတ်မှတ်ပါက ထိုကြိယာနာမ်သည် ပြုလုပ်သူဟူသည့် အဓိပ္ပာယ်ကို အသုံးများ၏။ ဤပုံစံတွင် အရက်သောက်သူများအတွက် ပြည့်ဝသော အရသာရရှိမည်ဟူသော အဓိပ္ပာယ်ဖြစ်၏။ **لذة** သည် **لَذّ** ဟုလည်း လာရှိပေသည်။ ဤနေရာတွင် **لذة** သည် **لذ** ၏ ဣတ္ထိလိင် စာလုံးဖြစ်လျှင် အဓိပ္ပာယ်မှာ 'သောက်သုံးသူများကို အရသာရှိစေသော' ဟူ၍ ဖြစ်သည်။

(၆) لَافِيهَاغَوْلٌ တွင် غول ၏ အဓိပ္ပာယ်သည် 'ခေါင်းကိုက်ခြင်း'ဖြစ်သည်။ အချို့ပညာရှင်များက 'မိုက်နာခြင်း၊ အချို့က အနံ့ဆိုး၊ အညစ်အကြေး၊ အချို့က အသိဉာဏ်လွဲချော်သွားခြင်း'ဟု တင်ပြကြသည်။ စေန်စင်စစ် غول ဟူသော စာလုံးသည် ဤအဓိပ္ပာယ်အားလုံးအတွက် အသုံးပြုလေသည်။ ဟာဖိဇ်အိဗ်နေဂျရီး၏ (ရဟ) က غول ၏ အဓိပ္ပာယ်ကို 'ဒုက္ခ' ဟု သုံးနှုန်းထားသည်။ အလိုသဘောမှာ 'ဂျန္နသ်၏ အရက်သည် လောက၏ အရက်များကဲ့သို့ မည်သည့်ဒုက္ခမျှ မရှိ။ ခေါင်းကိုက်ခြင်း၊ မိုက်နာခြင်း၊ အနံ့ဆိုးနှင့် အသိဉာဏ် ချွတ်ချော်ခြင်းလည်း ဖြစ်မည်မဟုတ်'ဟူသော သဘောဖြစ်၏။

[သဖ်စီးရေဒအိဗ်နေဂျရီး၏]

(၇) قَصِرٰتُ الطَّرْفِ တွင် 'ဂျန္နသ်' ၏ 'ဟူရ်'များ၏ အရည်အချင်းဖြစ်သည်။ 'အကြည့်ကို အောက်၌ ထားသူများ' ဟု အဓိပ္ပာယ်ရရှိ၏။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ် ထိမ်းမြားပေးထားသော ခင်ပွန်းများမှလွဲ၍ မည်သည့်ယောကျ်ားကိုမျှ မျက်လွှာပင့်၍ မကြည့်ကြပေ။ အလ္လာမဟ်အိဗ်နေဂျောင်ဇီ (ရဟ) က တင်ပြသည်မှာ ဤ 'ဟူရ်' အမျိုးသမီးများသည် မိမိတို့၏ လင်ယောကျ်ားများကို ဤသို့ ပြောဆိုမည်။ 'ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဂုဏ်တော်၏ ကစမ်၊ 'ဂျန္နသ်'တွင် ကျွန်မတို့သည် အသင်တို့ထက် ကောင်းသော မည်သူ့ကိုမျှ မတွေ့။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်မတို့ကို အသင်၏ ဇနီး၊ အသင်တို့ကို ကျွန်မတို့၏ ခင်ပွန်းအဖြစ် ပြုလုပ်ပေးလေသည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်သည်'ဟု ပြောဆိုကြသည်။ အရှုကို အောက်၌ ထားသူများဟူသော စကားလုံး၏ အလိုသဘောကို အလ္လာမဟ်အိဗ်နေဂျောင်ဇီ (ရဟ) က တင်ပြထားသည်မှာ ထို 'ဟူရ်'တို့သည် မိမိတို့၏ ခင်ပွန်းများ၏ အရှုကို အောက်သို့သာ ကြည့်စေကြသည်။ ဆိုလိုသည်မှာ ထို 'ဟူရ်'များသည် အလွန်ချောမောလှပစွာ ရှိလွန်းသောကြောင့် အခြားသူကို ကြည့်ရန် ဆန္ဒမရှိတော့ပေ။

(၈) كَأَنَّهُنَّ بَيْضٌ مَّكْنُونٌ ဤအာယသ်တော်တွင် 'ဂျန္နသ်'၏ 'ဟူရ်'များကို ဖုံးနေသော ဥများဟု ပမာဆိုထားသည်။ အာရဗီများထံ ဤနိုင်းနှိုင်းချက်သည် ကျော်ကြား၍ လူသိများလေသည်။ အတောင်များအတွင်း ဖုံးကွယ်နေသော ဥသည် အပြင်မှ ဖုန်မှုန့်များ မလူးကပ်နိုင်တော့ပေ။ ထို့ကြောင့် အလွန် ဖြူစင်သန့်ရှင်းလေသည်။ ထိုပြင် အရောင်အဆင်းမှာလည်း အဝါဘက်သို့ ယိမ်းသော အဖြူဖြစ်သည်။ ဤအရောင်အဆင်းသည် အာရဗ်များထံ၌ အမျိုးသမီးများအတွက် ဆွဲဆောင်မှုအရှိဆုံးသော အရောင်ဟု မှတ်ယူကြ၏။ ထို့ကြောင့် ဤသို့ နိုင်းနှိုင်းပြဆိုရခြင်း ဖြစ်သည်။ အချို့သဖ်စီးရ်ပညာရှင်များက ဤနေရာတွင် ဥများနှင့် ပမာပြခြင်းမဟုတ်ဘဲ အခွံအတွင်း၌ ရှိသော အနှစ်ကို ဆိုလိုကြောင်း ဆိုကြ၏။ အလိုသဘောမှာ အမျိုးသမီးများသည် အနှစ်ကဲ့သို့ နူးညံ့ပျော့ပြောင်းနေကြလိမ့်မည်။ *[ရူးဟွလ်မာအနီကျမ်း]*

'ဂျန္နသိ'တစ်ဦးနှင့် ၎င်း၏ မိတ်ဆွေကာဖိရ်တစ်ယောက်အကြောင်း

အခ (၁၀) အာယသ်တွင် 'ဂျန္နသိ' တို့၏ ပုံမှန်အခြေအနေများကို တင်ပြပြီးနောက် 'ဂျန္နသိ'တစ်ဦး၏ သီးခြားအကြောင်းအရာကို တင်ပြထားသည်။ 'ဂျန္နသ်'၏ ထိုင်ဝိုင်းတွင် ရောက်ရှိပြီးနောက် လောကတွင် နောင်တမလွန်ကို ငြင်းဆန်သည့် ကာဖိရ်မိတ်ဆွေကို သတိရလိမ့်မည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုမှုဖြင့် 'ဂျဟန္နမ်'သို့ လှမ်းကြည့်၍ စကားပြောဆိုခွင့် ရရှိလိမ့်မည်။ ကျမ်းမြတ်ကုရ်အာန်တွင် ထိုသူ၏ အမည်နှင့် လိပ်စာကို ဖော်ပြမထားသည့်အတွက် မည်သူဖြစ်သည်ကို အတိအကျ မပြောဆိုနိုင်ပေ။ သို့သော် အချို့သဖ်စီးရ်ပညာရှင်များက ထိုမုအ်မင်န်၏ အမည်မှာ 'ယဟူဒါ'ဖြစ်၍ ထိုကာဖိရ်မိတ်ဆွေ၏ အမည်မှာ မသ္ခရူးစ်ဖြစ်သည်။ 'စူရာဟ်ကဟဖ်'၏ အာယသ်တော်ဖြစ်သော

وَاضْرِبْ لَهُم مَّثَلًا رَّجُلَيْنِ

တွင် တင်ပြထားသော ပုဂ္ဂိုလ်နှစ်ဦးမှာ ၎င်းမိတ်ဆွေနှစ်ဦးပင် ဖြစ်သည်။ အလ္လာမဟ်စူယူသွီး (ရဟ) က မြောက်မြားစွာ 'သာဗီအီးန်'များထံမှ မည်သူဖြစ်ကြောင်း သတ်မှတ်ရန်အတွက် အဖြစ်အပျက်တစ်ခု တင်ပြထား၏။ အကျဉ်းချုပ်မှာ လူနှစ်ဦးသည် အလုပ်စပ်တူ လုပ်ကြ၏။ ၎င်းတို့သည် ဒီနာရ် (၈၀၀၀) ဝင်ငွေ ရရှိကြ၏။ အချင်းချင်း (၄၀၀၀) ကို ခွဲဝေယူလိုက်ကြ၏။ ၎င်းတို့အနက်မှ တစ်ဦးက ဒီနာရ် (၁၀၀၀) ဖြင့် မြေကွက်တစ်ကွက် ဝယ်၏။ ဒုတိယတစ်ဦးမှာ သူမွန်သူမြတ်ဖြစ်၍ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ဤသို့ ဒိုအာပြုလေ၏။ 'အို, အလ္လာဟ်အသျှင်မြတ်၊ ကျွန်ုပ်၏ မိတ်ဆွေသည် ဒီနာရ် (၁၀၀၀) ဖြင့် မြေကွက်ဝယ်ခဲ့၏။ ကျွန်ုပ်သည် အလ္လာဟ့်ထံတော်ပါးတွင် ဒီနာရ် (၁၀၀၀) ဖြင့် 'ဂျန္နသ်'၏ မြေကို ဝယ်ယူပါသည်။' ၎င်းနောက် ဒီနာရ် (၁၀၀၀)ကို လှူဒါန်းပစ်လိုက်လေ၏။ ထို့နောက် ၎င်း၏ မိတ်ဆွေမှာ ဒီနာရ် (၁၀၀၀) ဖြင့် အိမ်တစ်လုံး တည်ဆောက်၏။ ထိုအခါ ၎င်းပုဂ္ဂိုလ်က 'အို, အသျှင်၊ ကျွန်ုပ်၏ မိတ်ဆွေက ငွေ (၁၀၀၀) ဖြင့် အိမ်တစ်လုံး တည်ဆောက်လိုက်သည်။ ကျွန်ုပ်သည် ငွေ (၁၀၀၀) ဖြင့် 'ဂျန္နသ်'တွင် အိမ်တစ်လုံး ဝယ်ယူပါ၏' ဟု ဆို၍ ငွေ (၁၀၀၀) ထပ်မံ လှူဒါန်းလိုက်၏။ ထို့နောက် ထိုမိတ်ဆွေမှ ငွေ (၁၀၀၀) အသုံးပြု၍ အမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားလိုက်၏။ ထိုအခါ ၎င်းသူက 'အို, အသျှင်မြတ်၊ ကျွန်ုပ်၏ မိတ်ဆွေသည် အမျိုးသမီးတစ်ဦးနှင့် 'ရှာဒီ'ပြုလုပ်ရန် ငွေ (၁၀၀၀) အသုံးပြုလိုက်၏။ ကျွန်ုပ်သည် 'ဂျန္နသ်'၏ အမျိုးသမီးများမှ တစ်ဦးကို 'နေကာဟ်'ပြုလုပ်ရန် ကမ်းလှမ်းပါ၏။ ၎င်းနောက် ဤငွေ (၁၀၀၀) ကို ပေးပါသည်' ဟု ဆို၍ လှူဒါန်းလိုက်ပြန်၏။ ထို့နောက် ၎င်း၏ မိတ်ဆွေက ငွေ (၁၀၀၀) ဖြင့် ကျွန်အချို့နှင့် ပစ္စည်းအချို့ကို ဝယ်၏။ ထိုအခါ ၎င်းက တစ်ဖန် ငွေ (၁၀၀၀) ကို လှူဒါန်း၍ အလ္လာဟ်အသျှင်မြတ်ထံ ၎င်း၏ အစား 'ဂျန္နသ်'၏ ကျွန်များနှင့် ပစ္စည်းများကို တောင်းခံ၏။ ထို့နောက် တိုင်ဆိုင်စွာပင် ထိုမုအ်မင်န်ဗန္ဒာဟ်သည် အရေးတကြီး လိုအပ်ချက်တစ်ခု ကြုံလာရ၏။ ထိုအခါ ၎င်းက မိမိ၏ မိတ်ဆွေထံ သွား၍ ၎င်းမှ ကောင်းစွာ ဆက်ဆံ ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်၍ မိမိ၏ လိုအပ်ချက်ကို တင်ပြ၏။ ၎င်း၏ မိတ်ဆွေက 'အသင်၏ ပစ္စည်းဥစ္စာများ မည်သို့ ရောက်ရှိသွားပြီးနည်း'ဟု မေးမြန်းရာ အဖြစ်အပျက်အားလုံးကို တင်ပြလိုက်၏။ ထို့အပေါ် ၎င်း၏ မိတ်ဆွေက

အံ့သြ၍ ဤသို့ ပြောဆိုသည်မှာ 'ကျွန်ုပ်တို့ သေဆုံးပြီးနောက် မြေကြီးဖြစ်သွားကြမည်။ ကျွန်ုပ်တို့ ပြန်လည်ရှင်ပြန်ထရမည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များ အစားပေးခြင်းခံရမည်ဟူသော အချက်ကို အသင်ယူဆပါသလား။ ကျွန်ုပ် အသင့်ကို အနည်းငယ်မျှပင် မပေးနိုင်ပါ' ဟု ပြောဆိုပြီး မောင်းထုတ်လေ၏။ ထို့နောက် နှစ်ဦးစလုံး ကွယ်လွန်သွား၏။ တင်ပြထားသည့် အာယသ်တော်တွင် 'ဂျန္နသီ' ဆိုသည်မှာ နောင်တမလွန်အတွက် မိမိပစ္စည်းဥစ္စာများကို လှူဒါန်းလိုက်သူ ဖြစ်၏။ 'ဂျဟန္နမီ' ဆိုသည်မှာ နောင်တမလွန်ကို လက်ခံသည့်အပေါ် ပြောင်လှောင်ခဲ့သည့် အလုပ်စပ်တူလုပ်သော မိတ်ဆွေဖြစ်၏။ *[အဗ်ဒုရ်ရှုလ်မန်ဆူးရ်ကျမ်း]*

မကောင်းသော ထိုင်ဝိုင်းမှ ရှောင်ရှားကြရန် လမ်းညွှန်ချက်

မည်သို့ပင်ဆိုစေ ဤအဖြစ်အပျက်တွင် ပါဝင်သူများမှာ မည်သူပင်ဖြစ်စေ၊ ကုရ်အာန်ကျမ်းမြတ်သည် အထက်ပါအဖြစ်အပျက်ကို တင်ပြရခြင်းမှာ မိမိအသိုင်းအဝိုင်းထဲတွင် 'ဂျဟန္နမ်' ဘက်သို့ ဆွဲခေါ်သွားနိုင်သည့် အပေါင်းအသင်း ရှိ၊ မရှိကို ဂရုတစိုက် ဆန်းစစ်ကြည့်ရှုရန် လိုအပ်ကြောင်း သတိပေးလို၍ ဖြစ်သည်။ မကောင်းသော အသိုင်းအဝိုင်းမှ ရရှိမည့် ဆိုးကျိုးကို နောင်တမလွန်၌သာ မှန်မှန်ကန်ကန် ခန့်မှန်း နိုင်ပေမည်။ နောင်တမလွန်၌ ထိုဆိုးကျိုးကို ရှောင်ရှားရန် လမ်းမရှိပေ။ ထို့ကြောင့် လောကတွင် မိတ်ဆွေဖွဲ့ခြင်းနှင့် အဆက်အသွယ်ထားခြင်းများကို ဂရုတစိုက် ပြုသင့်ပေသည်။ တစ်ခါတစ်ရံ ကာဖိရ် (သို့မဟုတ်) အမိန့်ဖီဆန်သူတစ်ဦးနှင့် အဆက်အသွယ်ထားသူ လူသားသည် မသိမသာ ထိုသူ၏ တွေးခေါ်မှုများ၊ အယူအဆများနှင့် လောကကို ဖြတ်သန်းသည့် နည်းလမ်းများကို ခံမင်လာနိုင်ပေသည်။ ဤအရာများသည် နောင်တမလွန်တွင် အလွန်ကြောက်စရာကောင်းသည့် ရလဒ်များကို ဖြစ်စေနိုင်သည်။

သေခြင်းတရား မရှိတော့သည့်အပေါ် အံ့သြမှု

ဤနေရာတွင် တင်ပြသော အဖြစ်အပျက်မှ လူသည် မိမိမိတ်ဆွေကို 'ဂျဟန္နမ်' တွင် ကြည့်ရှုပေမည်။ ထိုသူနှင့် ပတ်သက်၍ ဆက်လက်တင်ပြသည်မှာ 'ဂျန္နသ်' ၏ သုခစည်းစိမ်ကို ခံစား၍ ပျော်ရွှင်လွန်းသဖြင့် 'ယခု ကျွန်ုပ်တို့ မည်သည့်အခါမှ မသေတော့ပြီလား' ဟု ပြောဆိုပေမည်။ 'ဂျန္နသ်' ၏ အမြဲတစေ သက်တမ်းကို မယုံကြည်သော သဘောဖြင့်မဟုတ်ဘဲ ပျော်ရွှင်လွန်းအားကြီးသော သူသည် တစ်ခါတစ်ရံ မိမိ ဤမျှ ပျော်ရွှင်မှု ရရှိနိုင်ကြောင်း မယုံကြည်လွန်း၍ ပြောဆိုသည့် အမျိုးအစားသာဖြစ်သည်။ အဆုံးတွင် ကျမ်းမြတ်ကုရ်အာန်က ဤအဖြစ်အပျက်၏ မူရင်းသင်ခန်းစာဘက်သို့ ပြန်လှည့်၍ မိန့်သည်မှာ-

لِمِثْلِ هٰذَا فَلْيَعْمَلِ الْعَامِلُوْنَ

'အမလ်' ကျင့်ဆောင်သူများ ဤသို့ အောင်မြင်နိုင်ရန် (ဆက်လက်၍) 'အမလ်' ကျင့်ဆောင်မှု ပြုသင့်ကြပေသည်ဟူ၍ ဖြစ်သည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

أَذَٰلِكَ خَيْرٌ نُّزُلًا أَمْ شَجَرَةُ الزَّقُّومِ ﴿٦٢﴾

၃၇ : ၆၂ ။ ။ 'ဤဧည့်ခံပွဲသည် ပိုမို၍ ကောင်းမြတ်လေသလော။ သို့တည်းမဟုတ် ရှားစောင်းကြီးဆူးပင်သည် ပိုမို၍ ကောင်းမြတ်လေသလော။'

إِنَّا جَعَلْنَاهَا فِتْنَةً لِّلظَّالِمِينَ ﴿٦٣﴾

၃၇ : ၆၃ ။ ။ ဧကန်အမှန် ငါအသျှင်မြတ်သည် ယင်းသစ်ပင်ကို မတရားကျူးလွန်ကြကုန်သော သူတို့အဖို့ စမ်းသပ်မှုတစ်ရပ်ပင် ပြုလုပ်တော်မူခဲ့၏။

إِنَّهَا شَجَرَةٌ تَخْرُجُ فِي أَصْلِ الْجَحِيمِ ﴿٦٤﴾

၃၇ : ၆၄ ။ ။ ဧကန်စင်စစ် ၎င်းမှာ 'ဂျဟန္နမ်'ငရဲဘုံ၏ အရင်း၌ ပေါက်ရောက်သော သစ်ပင်တစ်ပင် ဖြစ်လေ၏။

طَلْعُهَا كَأَنَّهُ رُءُوسُ الشَّيَاطِينِ ﴿٦٥﴾

၃၇ : ၆၅ ။ ။ ယင်းသစ်ပင်၏ အသီးများမှာ ရှိုက်သွာန်များ၏ ဦးခေါင်းများ၊ မြွေများ၏ ပါးပျဉ်းများကဲ့သို့ပင် ဖြစ်ပေသည်။

فَإِنَّهُمْ لَآكِلُونَ مِنْهَا فَمَالِئُونَ مِنْهَا الْبُطُونَ ﴿٦٦﴾

၃၇ : ၆၆ ။ ။ သို့ဖြစ်ပေရာ ဧကန်အမှန် ၎င်းတို့သည် ယင်းသစ်ပင်မှ (အပင်၊ အသီးများကို) အမှန်ပင် စားသုံးကြပေမည်။ ထို့နောက် ၎င်းတို့သည် ယင်းသစ်ပင်ဖြင့် ဝမ်းဗိုက်များကို ဖြည့်ကြပေမည်။

ثُمَّ إِنَّ لَهُمْ عَلَيْهَا لَشَوْبًا مِّنْ حَمِيمٍ ﴿٦٧﴾

၃၇ : ၆၇ ။ ။ ထို့နောက် ထိုသူတို့သည် ၎င်း၏အပေါ်၌ (သို့မဟုတ်၊ ထိုအပင်ကို စားသုံးဖြည့်တင်းပြီးနောက်) ကျိုက်ကျိုက် ဆူပွက်သော ရေနွေးကို ရောစပ် (၍ သောက်သုံးစေ) ခြင်းကို ခံကြရပေမည်။

ثُمَّ إِنَّ مَرْجِعَهُمْ لَإِلَى الْجَحِيمِ ﴿٦٨﴾

၃၇ : ၆၈ ။ ။ ထို့နောက် ဧကန်မုချ ၎င်းတို့သည် 'ဂျဟန္နမ်'ငရဲဘုံသို့ အမှန်ပင် ပြန်ကြရပေမည်။

إِنَّهُمْ أَلْفَوْا آبَاءَهُمْ ضَالِّينَ ﴿٦٩﴾

၃၇ : ၆၉ ။ ။ ဧကန်စင်စစ် ၎င်းတို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား လမ်းမှားသူများအဖြစ် တွေ့ရှိခဲ့ကြကုန်၏။

فَهُمْ عَلَىٰٓ ءَاثَٰرِهِمْ يُهْرَعُونَ ﴿٧٠﴾

၃၇ : ၇၀ ။ ။ သို့ဖြစ်ပေရာ ၎င်းတို့သည် ထိုအဘ၊ ဘိုး၊ ဘေးတို့၏ ခြေရာများအပေါ်၌ လျင်မြန်စွာ ပြေးလျှောက်ခဲ့
ကြလေသည်။

وَلَقَدْ ضَلَّ قَبْلَهُمْ أَكْثَرُ ٱلْأَوَّلِينَ ﴿٧١﴾

၃၇ : ၇၁ ။ ။ အမှန်စင်စစ် ဧကန်မုချ ၎င်တို့အလျင်လည်း ရှေးသူဟောင်းတို့အနက် များစွာသော သူတို့မှာ လမ်းမှား
ခဲ့ကြကုန်၏။

وَلَقَدْ أَرْسَلْنَا فِيهِم مُّنذِرِينَ ﴿٧٢﴾

၃၇ : ၇၂ ။ ။ စင်စစ် ဧကန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့တွင် သတိပေးနှိုးဆော်သူတို့အား စေလွှတ်တော်မူခဲ့၏။

فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ ٱلْمُنذَرِينَ ﴿٧٣﴾

၃၇ : ၇၃ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် သတိပေးနှိုးဆော်ခြင်း ခံခဲ့ကြရသော သူတို့၏
နောက်ဆုံးအကျိုးမှာ မည်ကဲ့သို့ ဖြစ်ခဲ့သည်ကို ရှုပါလေ။

إِلَّا عِبَادَ ٱللَّهِ ٱلْمُخْلَصِينَ ﴿٧٤﴾

၃၇ : ၇၄ ။ ။ သို့ရာတွင် ရွေးချယ်ခြင်းခံခဲ့ကြရသော အလ္လာဟ်အသျှင်မြတ်၏ ကျွန်များမှာမူ (လွတ်မြောက်ခဲ့ကြ
ပေသည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အပြစ်ဒဏ်နှင့် အကျိုးစဝါးမံ နှစ်ခုစလုံးကို ချိန်ထိုးပြ၍ ယခု အီမာန်ရှင်များကို နှိုးဆော်ကာ ကာဖိရ်များကို ခြိမ်းခြောက်၍ မိန့်တော်မူထားသည်မှာ) 'နေ့အ်မသ်' များဘက်သို့ (၎င်းသည် အီမာန်ရှင်များအတွက် ဖြစ်သည်။) ဖိတ်ခေါ်ခြင်းနှင့် (ကာဖိရ်များအတွက် ဖြစ်သော) 'ဂျဟန္နမ်'၏ ဆူးခါးပင်ဘက်သို့ ဖိတ်ခေါ်ခြင်းတွင် မည်သည်က ပို၍ ကောင်းပါသနည်း။ ငါအသျှင်မြတ်သည် ဤသစ်ပင်ကို နောင်တမလွန်တွင် အပြစ်ဒဏ်ပေးမည့် အရာအဖြစ် ထားသည့်အပြင် လောက၌လည်း ထိုဆိုးသွမ်းသူများအတွက် စမ်းသပ်မည့် အရာအဖြစ် ပြုလုပ်ထားတော်မူသည်။ (ဤသည်ကို ကြားနာ၍ လက်ခံကြသည်။ (သို့မဟုတ်) လက်မခံဘဲ ပြောင်လှောင်ကြသည်ကို သိရှိရန်အတွက် ဖြစ်သည်။ သို့ရှိရာ ကာဖိရ်များက လက်မခံ၍ ပြောင်လှောင်ရင်း ပြောဆိုကြသည်မှာ '(زقوم) သည် 'လတ်ဆတ်သည့် စွန်ပလွံသီး'ကို ခေါ်ဆို၍ အလွန်အရသာရှိသော အရာဖြစ်သည်။ ၎င်းနောက် زقوم သည် အကယ်၍ သစ်ပင်ဖြစ်လျှင်လည်း

'ဂျဟန္နမ်'၌ မီးသာရှိ၍ သစ်ပင်မည်သို့ ပေါက်ရောက်နိုင်မည်နည်း' ဟု ပြောဆိုကြလေသည်။ အလ္လာဟ်အသျှင်မြတ်က အဖြေပေးတော်မူသည်မှာ 'ဤသစ်ပင်သည် 'ဂျဟန္နမ်'၏ အရင်း၌ ပေါက်ရောက်သော သစ်ပင်တစ်ပင် ဖြစ်လေသည်။' (ဆိုလိုသည်မှာ လတ်ဆတ်သော စွန်ပလွံသီး မဟုတ်သည့်အပြင် မီးမှ ပေါက်သော အပင်ဖြစ်၍ မီးထဲတွင် နေထိုင်နိုင်ပေသည်။ ဤသို့ဖြင့် စကားရပ်နှစ်ခု၏ အဖြေ ဖြစ်သွားပေသည်။)

(ဆက်လက်၍ زقّوم ၏ အနေအထားကို တင်ပြထားသည်မှာ) ထိုအပင်မှ အသီးသည် မြွေပါးပျဉ်းကဲ့သို့ ကြည့်ရဆိုးလေသည်။ (ဤကဲ့သို့သော သစ်ပင်မျိုးဖြင့် ဆိုးသွမ်းသူများကို ဧည့်ခံလိမ့်မည်။) ထိုသူတို့သည် (ဆာလောင်လွန်းသည့်ခါ မည်သည့်အရာမှ မရသဖြင့်) ထိုအပင်မှ စားသောက်ကြလိမ့်မည်။ (မနေနိုင်၊ မထိုင်နိုင်အောင် ဆာလောင်သည့်အတွက်) ထိုအပင်မှ ဗိုက်ဖြည့်ကြလိမ့်မည်။ (ရေငတ်၍ မနေနိုင်သဖြင့် ရေတောင်းခံသောအခါ) ကျိုက်ကျိုက်ဆူပါက်သော ရေနွေးကို (ပြည်ဖြင့်) ရော၍ ပေးလိမ့်မည်။ (ဤသို့ဖြင့် ဒုက္ခများ အဆုံးသတ်သွားမည်မဟုတ်ဘဲ) ၎င်းတို့၏ အမြဲဌာနေသည် 'ဂျဟန္နမ်'ဘက်သို့သာ ဖြစ်သည်။ (ဆိုလိုသည်မှာ ထိုသို့ ဒုက္ခများ၏ နောက်တွင်လည်း 'ဂျဟန္နမ်'၌သာ အမြဲတစေ နေရမည်ဖြစ်သည်။ ထိုသူတို့ကို ဤသို့ အပြစ်ဒဏ်ပေးရခြင်းမှာ) ထိုသူတို့သည် (အလ္လာဟ်အသျှင်မြတ်၏ လမ်းမှန်နောက်ကို မလိုက်ဘဲ) မိမိတို့၏ အကြီးအကဲများကို လမ်းမှား၌ တွေ့ရှိသည့်အတိုင်း ၎င်းတို့နှင့် ဖဝါးခြေထပ်သွက်လက်စွာဖြင့် လျှောက်လှမ်းခဲ့ကြသည့်အတွက် ဖြစ်သည်။ (ဆိုလိုသည်မှာ ဝါသနာနှင့် နှစ်သက်ကြ၍ လမ်းမှားပေါ်၌ လျှောက်ခဲ့ကြသည်။) လက်ရှိကာဖိရ်များအလျှင် ရှိခဲ့ကြသော သူများသည်လည်း လမ်းမှား၌ ရှိခဲ့ကြ၏။

ငါအသျှင်မြတ်သည် ထိုသူများကို သတိပေးနှိုးဆော်ရန် နဗီတမန်တော်များ စေလွှတ်တော်မူခဲ့သည်။ သို့ရှိရာ ၎င်းသတိပေးနှိုးဆော်ခြင်း ခံခဲ့ကြရသော သူတို့သည် မည်သည့်ရလဒ်ဆိုးနှင့် ကြုံတွေ့ခဲ့ရသည်ကို (အို၊ နဗီတမန်တော်) အသင် ကြည့်ရှုပါလေ။ (ထိုသူတို့ လက်မခံခြင်းကြောင့် လောကတွင် မည်သည့်ဒုက္ခများဖြင့် ကြုံတွေ့ခဲ့ရသနည်းဆိုသည်ကို ဖြစ်၏။) သို့သော် အလ္လာဟ်အသျှင်မြတ်၏ ရွေးချယ်ခြင်းခံခဲ့ကြရသော (အီမာန်ရှင်များ) အဖန်ဆင်းခံ ကျေးကျွန်များ ဖြစ်စေခဲ့သည်။ (ထိုသူတို့သည် လောကအပြစ်ဒဏ်များမှ ကင်းလွတ်ခဲ့ကြသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဂျဟန္နမ်'နှင့် 'ဂျန္နသ်' နှစ်ခုစလုံး၏ အခြေအနေအချို့ကို တင်ပြပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်းကို မည်သည့်အခြေအနေသည် ပိုမိုကောင်းမွန်နိုင်ကြောင်း စဉ်းစားသုံးသပ်၍ ချိန်ဆရန် ဖိတ်ခေါ်၏။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် အမိန့်ရှိ၏။

اَذٰلِكَ خَيْرٌ نُّزُلًا اَمْ شَجَرَةُ الزَّقُّوْمِ

'ဂျန္နသ်'၏ စည်းစိမ်များကို တင်ပြ၍ ထိုအရာများ ကောင်းသလော။ (သို့) 'ဂျဟန္နမ်'များကို ကျွေးမည့် زقّوم သစ်ပင်သည် ပို၍ ကောင်းလေသလော။

زقّوم ၏ ဇစ်မြစ်

زقوم အမည်ရှိ အပင်တစ်မျိုးသည် အာရေဗျကျွန်းဆွယ်ရှိ 'သေဟာမဟ်'နယ်တစ်ဝိုက်တွင် ရရှိလေသည်။ အလ္လာမဟ်အာလူစီသခင် ရေးသားထားသည်မှာ ဤအပင်မျိုးသည် အခြားလွင်တီးခေါင်တောများ၌လည်း ရှိလေသည်။ အချို့ပညာရှင်များက ဤအပင်ကို အူရ်ဒူစာပေတွင် تھوہر ဟု ခေါ်ဆိုသည်။ အိန္ဒိယနိုင်ငံတွင် ထိုအပင်မျိုးနှင့် နီးစပ်သော ناگ پھن ဟု ခေါ်သော အပင်တစ်မျိုးရှိလေသည်။ အချို့ပညာရှင်များက ဤအပင်ကိုသာ زقّوم ဟု ခေါ်ဆိုသည်ဟု ဆိုကြသည်။ ယခု သဖ်စီးရ်ပညာရှင်များ၏ အယူအဆများ ကွဲလွဲနေပေသည်။ 'ဂျဟန္နမ်'များကို ကျွေးမည့် زقوم သည် ဤလောက၏ သစ်ပင်လော။ (သို့) အခြားသစ်ပင်လော။ အချို့ပညာရှင်များက ဤလောကရှိ زقّوم ပင် ဖြစ်မည်ဟု ဆိုကြသည်။အချို့ပညာရှင်များက လောက၏ အပင်မျိုးမဟုတ်ဘဲ သီးခြားတစ်မျိုးဖြစ်သည်ဟု ဆိုကြသည်။ အပေါ်ယံအားဖြင့် ကြည့်လျှင် လောက၌ မြွေနှင့် ကင်း ရှိသကဲ့သို့ 'ဂျဟန္နမ်' ၌လည်း ရှိပေသည်။ သို့သော် 'ဂျဟန္နမ်'၏ မြွေ၊ ကင်းတို့သည် လောကရှိ တိရစ္ဆာန်များထက် သာပို၍ ကြောက်ရွံ့စရာ ဖြစ်ပေမည်။ ဤသို့ပင် 'ဂျဟန္နမ်'၏ زقوم သည်လည်း အမျိုးအစားအားဖြင့် လောက၏ زقوم နှင့် တူသော်လည်း လောက၏ زقوم ထက် အလွန်ကြည့်ရှုဆိုးသော၊ အဝင်ဆိုးသော အရာဖြစ်ပေမည်။

اِنَّا جَعَلْنٰهَا فِتْنَةً لِّلظّٰلِمِيْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ဤ زقوم သစ်ပင်ကို ထိုကာဖိရ်များအား 'ဖစ်သ်နာဟ်'အဖြစ် ဖန်ဆင်းခဲ့သည်။ ဤနေရာတွင် 'ဖစ်သ်နာဟ်'ကို အချို့သဖ်စီးရ်ပညာရှင်များက 'အဇားဗ်'အပြစ်ဒဏ်ဟု ကောက်ယူကြသည်။ အလိုသဘောမှာ ထိုသစ်ပင်ဖြင့် အပြစ်ဒဏ်၏ အကြောင်းခံဖြစ်စေသည်။ သို့သော် ပညာရှင်အများစုက ဤနေရာတွင် 'ဖစ်သ်နာဟ်'ဆိုသည်မှာ စမ်းသပ်ခြင်းဟူသော အဓိပ္ပာယ်သည် ပို၍ ကိုက်ညီပေသည်ဟု ဆို၏။ အလိုသဘောမှာ ဤသစ်ပင်အကြောင်း တင်ပြ၍ မည်သူ အီမာန်ယူသည်၊ မည်သူက ပြောင်လှောင်သည်ကို စမ်းသပ်လိုပေသည်။ သို့ရှိရာ အာရဗ်ကာဖိရ်တို့သည် ဤစမ်းသပ်မှုတွင် မအောင်မြင်ကြ၍ ထို 'အဇားဗ်'အပြစ်ဒဏ်ကို ကြောက်ရွံ့ကာ အီမာန်ယူရမည့်အစား ပျက်ရယ်ပြောင်လှောင်သည့် နည်းလမ်းကို ရွေးချယ်ခဲ့ကြသည်။ ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ကုရ်အာန်ကျမ်း

တော်မြတ်တွင် ကာဖိရ်များကို **زقوم** ကျွေးမည်ဟု ပါရှိသည့် အာယသ်တော်များ ကျရောက်လာသောအခါ အဗူလှဂျဟလ်သည် မိမိအပေါင်းအသင်းများအား ပြောကြားသည်မှာ 'အသင်တို့၏ မိတ်ဆွေ မိုဟမ္မဒ် ﷺ က မီးတွင် သစ်ပင်တစ်ပင် ပေါက်ရောက်လိမ့်မည်။ အမှန်စင်စစ် မီးသည် သစ်ပင်ကို လောင်ကျွမ်းစေလေသည်။ အသျှင်မြတ်၏ ကစမ်၊ **زقوم** သည် စွန်ပလွံသီးနှင့် ထောပတ်ကို ခေါ်ဆိုသည်။ သို့ရှိရာ အသင်တို့လာ၍ ထောပတ်နှင့် စွန်ပလွံသီးကို စားကြလေကုန်' ဟု ပြောင်လှောင်ပျက်ရယ်မှု ပြုလေသည်။ အမှန်စင်စစ် **زقوم** သည် အများသုံးစကားတွင် စွန်ပလွံသီးနှင့် ထောပတ်ကို ခေါ်ဆိုသည်။ ထို့ကြောင့် ပြောင်လှောင်သည့် နည်းလမ်းကို ဤသို့ အသုံးပြုခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဝါကျတစ်ခုတည်းတွင် ထိုစကားနှစ်ခုစလုံး၏ အဖြေပေးထားပေသည်။

اِنَّهَا شَجَرَةٌ تَخْرُجُ فِىٓ اَصْلِ الْجَحِيْمِ

ဆိုလိုသည်မှာ **زقوم** သည် 'ဂျဟန္နမ်'၏ အောက်တွင် ပေါက်ရောက်သည့်သစ်ပင် ဖြစ်သည်။ သို့ရှိရာ စွန်ပလွံသီးနှင့် ထောပတ်ဟူသော အလိုသဘောမှာ မည်သို့ ဖြစ်နိုင်မည်နည်း။ မီးမှ သစ်ပင်မည်သို့ ဖြစ်နိုင်မည်ဟူသော စောဒကလည်း တက်စရာမရှိပေ။ ထိုသစ်ပင်သည် မီးမှ ဖြစ်ပေါ်လာသည့်အတွက် အလ္လာဟ်အသျှင်မြတ်သည် ထိုသစ်ပင်ကို ထူးခြားချက်များ ထည့်သွင်းထားလေသည်။ ထိုသစ်ပင်သည် မီးတွင် လောင်ကျွမ်းရမည့်အစား ကြီးထွားမှုဖြစ်လာလေသည်။ ဥပမာအနေဖြင့် မြောက်မြားစွာသော တိရစ္ဆာန်များ ရှိလေသည်။ ထိုတိရစ္ဆာန်တို့သည် မီးတွင် နေနိုင်၍ လောင်ကျွမ်းရမည့်အစား ကြီးထွားမှု ဖြစ်ပေါ်လာကြသည်။

طَلْعُهَا كَاَنَّهٗ رُءُوْسُ الشَّيٰطِيْنِ

ဤအာယသ်တော်တွင် **زقوم** ၏ အသီးကို ရိုက်သွာန်၏ ဦးခေါင်းဖြင့် နှိုင်းနှိုင်းထားသည်။ အချို့သဖ်စီးရ်ပညာရှင်များက ဤနေရာတွင် **شياطين** ဆိုသည်မှာ 'မြွေ'ဟု ဆိုကြသည်။ ဆိုလိုသည်မှာ **زقوم** အသီးသည် မြွေပါးပျဉ်းကဲ့သို့ ဖြစ်သည်။ ထို့ကြောင့်ပင် အာရ်ဗူစာပေတွင် ၎င်းကို *اَلْ جِنٌّ* ဟု ခေါ်ဆိုသည်။ သဖ်စီးရ်ပညာရှင်အများစုက ဤနေရာတွင် **شياطين** သည် ၎င်း၏ ကျော်ကြားသော အလိုသဘောသာ ဖြစ်သည်။ ဆိုလိုသည်မှာ **زقوم** အသီးသည် **شيطان** ၏ ဦးခေါင်းကဲ့သို့ ရုပ်ဆိုးလေသည်။ ဤနေရာတွင် ရိုက်သွာန်ကို မတွေ့ဖူးဘဲ အဘယ်ကြောင့် ပမာပြုရသနည်းဟု သံသယမဝင်သင့်ပေ။ ဤသည် အတွေးအခေါ်အားဖြင့် နှိုင်းနှိုင်းခြင်းဖြစ်သည်။ အများသုံးဝေါဟာရတွင် ရုပ်ဆိုးသည့်အရာများကို ရိုက်သွာန်၊ ဂျင်န်၊ သရဲသဘ္ဘေများဖြင့် နှိုင်းနှိုင်းကြလေသည်။ အလွန်ရုပ်ဆိုးကြောင်း တင်ပြလိုသော သဘောလည်းဖြစ်သည်။ ဤနေရာတွင် နှိုင်းနှိုင်းရခြင်းမှာလည်း အထက်ပါအမျိုးအစားမျိုးသာ ဖြစ်သည်။ ကျန်ရှိသော အာယသ်တော် များ၏ အလိုသဘောကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ရှင်းလင်းထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ نَادٰىنَا نُوْحٌ فَلَنِعْمَ الْمُجِيْبُوْنَ ﴿٧٥﴾

၃၇ : ၇၅ ။ ။ ၎င်းပြင် ကေန်မလွဲ (နဗီတမန်တော်) နူးဟ်သည် ငါအသျှင်မြတ်အား ဟစ်ခေါ်ခဲ့လေရာ၊ ငါအသျှင်မြတ်သည် (နူးဟ်၏ ပန်ကြားချက်ကို) အဘယ်မျှလောက် ကောင်းစွာ နားထောင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသနည်း။

وَنَجَّيْنٰهُ وَاَهْلَهٗ مِنَ الْكَرْبِ الْعَظِيْمِ ﴿٧٦﴾

၃၇ : ၇၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နူးဟ်) နှင့် ၎င်း၏ အိမ်သူအိမ်သားများအား ကြီးကျယ်လှစွာသော ပူပင်သောကမှ လွတ်မြောက်စေတော်မူခဲ့၏။

وَجَعَلْنَا ذُرِّيَّتَهٗ هُمُ الْبٰقِيْنَ ﴿٧٧﴾

၃၇ : ၇၇ ။ ။ ထို့ပြင် ငါအသင်မြတ်သည် ၎င်း (နူးဟ်) ၏ အဆက်အနွယ်ကိုသာလျှင် (မသေမကြေ၊ မပျောက်မပျက်) ကျန်ရစ်စေတော်မူခဲ့၏။

وَتَرَكْنَا عَلَيْهِ فِى الْاٰخِرِيْنَ ﴿٧٨﴾

၃၇ : ၇၈ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် နောင်လာနောက်သားတို့တွင် ၎င်း (နူးဟ်) နှင့် ပတ်သက်၍ (၎င်းအား ကောင်းမွန်စွာ သတိရစေခြင်းကို) ရှိစေတော်မူခဲ့၏။

سَلٰمٌ عَلٰى نُوْحٍ فِى الْعٰلَمِيْنَ ﴿٧٩﴾

၃၇ : ၇၉ ။ ။ ခပ်သိမ်းကုန်သော ကမ္ဘာသူကမ္ဘာသားတို့အနက် နူးဟ်၏ အပေါ်ဝယ် စလာမ်ချမ်းမြေ့သာယာမှုသည် ကျရောက်ပါစေ။

اِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿٨٠﴾

၃၇ : ၈၀ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးတော်မူ၏။

اِنَّهٗ مِنْ عِبَادِنَا الْمُؤْمِنِيْنَ ﴿٨١﴾

၃၇ : ၈၁ ။ ။ ကေန်စင်စစ် ၎င်း (နူးဟ်) သည် ငါအသျှင်မြတ်၏ မုအ်မင်နိသက်ဝင် ယုံကြည်ကြကုန်သော 'ကျွန်' တို့တွင် အပါအဝင် ဖြစ်စေတော်မူခဲ့၏။

ثُمَّ اَغْرَقْنَا الْاٰخَرِيْنَ ﴿٨٢﴾

၃၇ : ၈၂ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် အခြားသောသူတို့အား နစ်မြုပ်တော်မူခဲ့ပေ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်ကို တမန်တော်နူးဟ် عليه السلام သည် (အကူအညီပေးရန်) တသခဲ့၏။ (ဆိုလိုသည်မှာ ဒိုအာပြုခဲ့၏။) သို့ရှိရာ (ငါအသျှင်မြတ်သည် ၎င်း၏ တောင်းဆိုမှုကို လက်ခံခဲ့၏။) ၎င်းနောက် ငါအသျှင်မြတ်သည် အကူအညီတောင်းဆိုမှုများကို အကောင်းဆုံး လက်ခံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ငါအသျှင်မြတ်သည် ၎င်းတမန်တော်နူးဟ် عليه السلام နှင့် ၎င်း၏ နောက်လိုက်များကို အလွန်ကြီးလေသော ဝမ်းနည်းပူဆွေးမှုဖြစ်သော (ကာဖိရ်တို့၏ လိမ်လည်မှုနှင့် ဒုက္ခပေးမှုမှ) ကင်းလွတ်စေခဲ့၏။ ကာဖိရ်များကို လေမုန်တိုင်းဖြင့် နစ်မြုပ်စေ၍ ၎င်း၏ နောက်လိုက်များကို ကယ်တင်ခဲ့၏။ ၎င်းနောက် ငါအသျှင်မြတ်သည် ထိုအီမာန်ရှင်တို့၏ သား၊ မြေးများကိုသာ ချန်လှပ်ခဲ့၏။ (၎င်းနောက် မည်သည့်မျိုးနွယ်စုကိုမျှ ချန်ထားခဲ့ခြင်း မရှိပေ။) ငါအသျှင်မြတ်သည် ၎င်းတို့၏နောက်မှ ရောက်ရှိလာသော သူများကို ဤကိစ္စရပ်များအား ကျန်ရှိစေ၏။ တစ်လောကလုံးရှိ လူများမှ နူးဟ် عليه السلام အပေါ်သို့ 'စလာမ်'မေတ္တာ ကျရောက်စေပါ။ (ဆိုလိုသည်မှာ နူးဟ် عليه السلام အပေါ်ရှိ တစ်လောကလုံးရှိသူများ၊ 'ဂျင်န်'များ၊ ဖရစ်ရှ်သာဟ်များ၊ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'စလာမ်'မေတ္တာ ပို့သပေးတော်မူပါ'ဟူ၍ ဖြစ်သည်။) ငါအသျှင်မြတ်သည် စိတ်စေတနာ ဖြူစင်သူများကို ဤကဲ့သို့ အစားပေးတော်မူပေသည်။ မုချဧကန် ထိုတမန်တော်သည် ငါအသျှင်မြတ်အပေါ် လက်ခံယုံကြည် လက်ခံသူများတွင် ပါဝင်လေ၏။ ငါအသျှင်မြတ်သည် အခြားနည်းလမ်းများဖြင့် ကာဖိရ်များကို နစ်မြုပ်ပစ်ခဲ့၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးခဲ့သည့် အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် လွန်လေပြီးသော အွမ္မသ်များကို ခြိမ်းခြောက်ရန် နဗီတမန်တော်များ စေလွှတ်ခဲ့သော်လည်း အများက လက်မခံသည့်အတွက် နိဂုံးမကောင်းကြကြောင်း တင်ပြခဲ့၏။ ယခု ဤနေရာတွင် ထိုတင်ပြချက်ကို အနည်းငယ် အကျယ်တဝင့် တင်ပြထား၏။ ဤအကြောင်းအရာ၏ အထက်၌ နဗီတမန်တော်များ၏ အဖြစ်အပျက်များကို တင်ပြထား၏။ ပထမဆုံးအာယသ်တော်များတွင် တမန်တော်နူးဟ် عليه السلام အကြောင်း တင်ပြထားသည်။ တမန်တော်နူးဟ် عليه السلام ၏ အဖြစ်အပျက်အကျယ်တဝင့်ကို စူရာဟ်ဟူးဒ်တွင် တင်ပြပြီးဖြစ်၏။ ဤနေရာတွင် အချို့စကားရပ်များကို သီးခြားအထက်ပါအာယသ်တော်များ၏ သဖ်စီးရ်နှင့် ပတ်သက်၍ တင်ပြလေသည်။

وَلَقَدْ نَادٰنَا نُوْحٌ ၌ မိန့်တော်မူထားသည်မှာ တမန်တော်နူးဟ် عليه السلام သည် ငါအသျှင်မြတ်ကို အသံပြုလေသည်။ သဖ်စီးရ်ပညာရှင်အများစုက တမန်တော်နူးဟ် عليه السلام ၏ 'စူရာဟ်နူးဟ်' တွင် ပါဝင်သော ဒိုအာဖြစ်သည်ဟု ဆိုကြသည်။ ဆိုလိုသည်မှာ-

رَبِّ لَا تَذَرْ عَلَى الْأَرْضِ مِنَ الْكٰفِرِيْنَ دَيَّارًا

'အို, ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ မြေပြင်ပေါ်တွင် ကာဖိရ်များမှ တစ်ဦး တစ်ယောက်ကိုပင် ချန်မထားပါလေနှင့်။' (သို့မဟုတ်) 'စူရာဟ်ကမရ်'တွင် လာရှိသော

اِنِّىْ مَغْلُوْبٌ فَانْتَصِرْ

ဆိုလိုသည်မှာ ကျွန်တော်မျိုးသည် လွှမ်းမိုးခြင်းခံနေရ၏။ ကူညီတော်မူပါ။ ဤဒိုအာကို ဟဇရသ် နူးဟ် عليه السلام သည် မိမိ၏ မျိုးနွယ်စုများမှ အဆက်မပြတ် ဆိုးသွမ်း၍ အမိန့်ဖီဆန်မှုများ၏ နောက် တမန်တော် နူးဟ် عليه السلام ကို လက်မခံရုံသာ မဟုတ်ဘဲ လုပ်ကြံသတ်ဖြတ်ရန်အထိ စီစဉ်ခဲ့ကြသည့်အချိန်တွင် တောင်းခံ ခဲ့ခြင်း ဖြစ်သည်။

وَجَعَلْنَا ذُرِّيَّتَهٗ هُمُ الْبٰقِيْنَ

၎င်းနောက် ငါအသျှင်မြတ်သည် ၎င်းတို့၏ သားသမီးများကို ကျန်ရစ်စေ၏။ သဖ်စီးရ်ပညာရှင် အများစုက ဤအာယသ်တော်၏ အလိုသဘောမှာ တမန်တော်နူးဟ် عليه السلام ၏ ခေတ်တွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် လောက၏ အများအားဖြင့် လူနေရာများ ပျက်စီးခဲ့၏။ ထို့နောက် တစ်လောကလုံး၏ မျိုးနွယ်ဆက်ကို ဟဇရသ်နူးဟ် عليه السلام ၏ သား (၃) ဦးဖြင့် ဆက်စေခဲ့၏။ သားတစ်ဦး၏ အမည်မှာ ဆားမ် ဖြစ်၍ ၎င်းနောက် အာရဗီမျိုးနွယ်နှင့် ဖာရစီမျိုးနွယ် ဖြစ်ခဲ့၏။ ဒုတိယသား၏ အမည်မှာ ဟားမ် ဖြစ်၍ ၎င်းမှာ အာဖရိကမျိုးနွယ်ဝင်များ ပြန့်နှံ့ခဲ့၏။ အချို့ပညာရှင်များက အိန္ဒိယနွယ်ဖွားများကိုလည်း ထိုမျိုးနွယ်မှဟု ဆိုကြသည်။ တတိယသားမှာ ယာဖစ်ဖ်ဖြစ်၍ ၎င်းမှ တွရ်ကီ၊ မဂိုနှင့် ယာဂျူးဂျ်၊ မာဂျူးဂျ် ၏ မျိုးနွယ်များဖြစ်ပေါ်ခဲ့၏။ တမန်တော်နူးဟ် عليه السلام ၏ လှေအား စီး၍ မုန်တိုင်းမှ ကင်းလွတ်သူတို့တွင် နူးဟ် عليه السلام ၏ ထိုသား (၃) ဦးမှ လွဲ၍ မည်သည့်မျိုးနွယ်မှ မပြန့်ပွားခဲ့ပေ။ သို့သော် အရေအတွက် အလွန်နည်းသော သာသနာ့ပညာရှင်များက နူးဟ် عليه السلام ၏ ခေတ်တွင် ရေလွှမ်းမိုးမှုသည် တစ်လောကလုံး တွင် မဟုတ်ဘဲ အာရဗ်မြေ၌သာ ဖြစ်ခဲ့သည်ဟု ဆိုကြသည်။ ထိုပညာရှင်များထံတွင် အာယသ်တော်၏ အလိုသဘောမှာ အာရဗ်မြေတွင် တမန်တော်နူးဟ် عليه السلام ၏ သားသမီးများသာ ကျန်ရှိခဲ့၏။ တမန်တော်နူးဟ် عليه السلام ၏ မျိုးနွယ်မှ အာရဗ်မျိုးနွယ် ပြန့်ပွားခဲ့၏။ ကမ္ဘာ၏ အခြားအစိတ်အပိုင်းများတွင် အခြားမျိုးနွယ် များ ပြန့်ပွားခြင်းကို ဤအာယသ်တော်ဖြင့် မငြင်းဆိုနိုင်ပေ။ */ ဗယာန္နလ်ကုရ်အာန် /*

သဖ်စီးရ်ပညာရှင်တို့၏ တတိယအုပ်စုက နူးဟ် عليه السلام ၏ ခေတ်တွင် ရေလွှမ်းမိုးမှုသည် တစ်လောက လုံးတွင် ဖြစ်သော်လည်း လောက၏ မျိုးနွယ်စုများတွင် တမန်တော်နူးဟ် عليه السلام ၏ သားများမှသာ မဟုတ်ဘဲ လှေတွင် တမန်တော်နူးဟ် عليه السلام နှင့် ပါဝင်သူအားလုံးမှ မျိုးနွယ်ပြန့်ပွားခြင်းဖြစ်သည်။ ဤအုပ်စုသည် အာယသ်တော်တွင် ခြုံငုံမှုကို ပတ်သက်ဆက်နွယ်သည့် ခြုံငုံမှုဟု သတ်မှတ်၍ ဤနေရာတွင် အဓိကရည်ရွယ် ချက်မှာ နှစ်မြုပ်သူများ၏ မျိုးနွယ်မဆက်ကြောင်း တင်ပြလို၍ ဖြစ်သည်ဟု ပြောဆိုကြသည်။ ကျမ်းတော်

မြတ်ကုရ်အာန်၏ စာအသွားအလာကို ထောက်ရှုခြင်းအားဖြင့် တတိယအဆိုသည် အလွန်အားနည်းပေသည်။ ပထမအဆိုသည် အကောင်းဆုံးဖြစ်၍ အချို့ဟဒီးစ်တော်များဖြင့် ဤအဆိုကို ထောက်ခံလျက်ရှိသည်။ အေမာမ်သိရ်မေဇီ (ရဟ) အစရှိသည့် ပညာရှင်များသည် ဤအာယသ်တော်၏ ရှင်းလင်းချက်ကို တမန်တော်မြတ် ﷺ မှ တိုက်ရိုက်ဆင့်ပြန်ထားသည်။ ဟဇရသ်ဆမုရဟ်ဗင်န်ဂျွန်ဒွဗ် ؓ သခင်က ဆင့်ပြန်ထားသည်မှာ ဆားမ်သည် အာရဗ်မျိုးနွယ်စုတို့၏ ဖခင်ဖြစ်သည်။ ဟားမ်သည် ဟဗ်ရှီမျိုးနွယ်တို့၏ ဖခင်ဖြစ်သည်။ ယာဖ်စဇ်သည် ရောမသားတို့၏ ဖခင်ဖြစ်သည်။ ဤဟဒီးစ်တော်ကို အေမာမ်သိရ်မေဇီ (ရဟ) က ဟစန် (ကောင်းသော စနဒ်အဆင့်ရှိသည့် ရိဝါယသ်)၊ အေမာမ်ဟာကင်မ် (ရဟ) က ဆွဟီးဟ် (ခိုင်လုံသော ဟဒီးစ်) ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။

وتركنا عليه في الاخرين سلام على نوح في العالمين

၎င်းနောက် ငါအသျှင်မြတ်သည် ထိုသူတို့၏ နောက်လာမည့်သူများကို ဤကိစ္စရပ်အား ရှိနေစေ၏။ တမန်တော်နူးဟ် عليه السلام အပေါ် ငြိမ်းချမ်းမှု လောကသားများထဲမှ ကျရောက်စေပါ။ အလိုသဘောမှာ တမန်တော်နူးဟ် عليه السلام ၏ နောက် ပေါ်ပေါက်ဖွားမည့်သူများ၏ အမြင်တွင် တမန်တော်နူးဟ် عليه السلام ကို ဂုဏ်သိက္ခာရှိသူဟု သတ်မှတ်၍ 'ကေယာမသ်' နေ့အထိ တမန်တော်နူးဟ် عليه السلام အတွက် ငြိမ်းချမ်းမှုရရှိရန်အတွက် ဒိုအာပြုနေကြလိမ့်မည်။ ထို့ကြောင့် မိမိတို့ကိုယ် မိမိတို့ ကောင်းကင်ကျကျမ်းများနှင့် ဆက်နွယ်သည်ဟု ပြောဆိုသူများသည် တမန်တော်နူးဟ် عليه السلام ၏ နဗီဖြစ်ခြင်းနှင့် မွန်မြတ်ခြင်းကို ပြောဆိုသူများသာဖြစ်ကြောင်း တွေ့မြင်နိုင်ပေသည်။ မွတ်စ္စလင်မ်များမှလွဲ၍ ယဟူဒီနှင့် နစ္စရာနီများသည်လည်း တမန်တော်နူးဟ် عليه السلام ကို မိမိတို့၏ ရှေ့ဆောင်လမ်းပြအဖြစ် လက်ခံကြလေသည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

وَإِنَّ مِن شِيعَتِهِ لَإِبْرَٰهِيمَ ﴿٨٣﴾

၃၇ : ၈၃ ။ ။ ထို့ပြင် ဧကန်မလွဲ ၎င်း (နဗီတမန်တော်နူးဟ်) ၏ လမ်းစဉ်ကို လိုက်သူတို့တွင် (နဗီတမန်တော်) အိဗ်ရာဟီမ်သည်လည်း တစ်ပါးအပါအဝင် ဖြစ်ခဲ့ပေ၏။

إِذْ جَآءَ رَبَّهُۥ بِقَلْبٍ سَلِيمٍ ﴿٨٤﴾

၃၇ : ၈၄ ။ ။ (ပြန်လည်သတိရကြလေကုန်။) အကြင်အခါဝယ် ၎င်း (အိဗ်ရာဟီမ်) သည် (သံသယ စသည့် ရောဂါများ) ကင်းရှင်းသော စိတ်နှလုံးနှင့်တကွ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်သို့ လှည့်တော်မူခဲ့လေသည်။

إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَاذَا تَعْبُدُونَ ﴿٨٥﴾

၃၇ ႏ ၈၅ ။ ။ တစ်ရံရောအခါဝယ် ၎င်း (နဗီတမန်တော် အီဗ်ရာဟီမ်) သည် မိမိ၏ဖခင်နှင့် မိမိ၏ အမျိုးသားတို့အား ပြောဆို (မေးမြန်း) ခဲ့၏။ 'အသင်တို့သည် မည်သည့်အရာကို ကိုးကွယ်နေကြသနည်း။'

أَئِفْكًا آلِهَةً دُونَ اللَّهِ تُرِيدُونَ ﴿٨٦﴾

၃၇ ႏ ၈၆ ။ ။ 'အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်၍ (မိမိတို့ကိုယ်တိုင်) ကြံဖန်ပြုလုပ်ထားသော ကိုးကွယ်ရာများကို (ဆည်းကပ်ကိုးကွယ်ရန်) လိုလားကြလေသလော။'

فَمَا ظَنُّكُمْ بِرَبِّ الْعَالَمِينَ ﴿٨٧﴾

၃၇ ႏ ၈၇ ။ ။ 'သို့ဖြစ်လျှင် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် ပတ်သက်၍ အသင်တို့သည် မည်သို့ ယူဆကြပေသနည်း။'

فَنَظَرَ نَظْرَةً فِي النُّجُومِ ﴿٨٨﴾

၃၇ ႏ ၈၈ ။ ။ ထို့နောက် ၎င်း (အီဗ်ရာဟီမ်) သည် ကြယ်၊ နက္ခတ်တာရာများကို တစ်ချက်စူးစိုက်၍ ကြည့်ခဲ့လေ၏။

فَقَالَ إِنِّي سَقِيمٌ ﴿٨٩﴾

၃၇ ႏ ၈၉ ။ ။ ထို့နောက် 'ကျွန်ုပ် ငါသည် စိတ်ထိခိုက်သူဖြစ်သည်' ဟု ပြောဆိုခဲ့လေ၏။ [တမန်တော်အီဗ်ရာဟီမ်၏ အမျိုးသားများက မြို့ပြင်ဘက်တွင် ကျင်းပလေ့ရှိသော ရိုးရာပွဲလမ်းသဘင်သို့ သွားရန် ဖိတ်ခေါ်သောအခါ ၎င်းက နက္ခတ်တာရာများကို စူးစိုက်ကြည့်ပြီး 'ကျွန်ုပ် နေမကောင်းပါ' ဟု ပရိယာယ်သုံးကာ ပြောဆို၍ တစ်ဦးတည်းနေခဲ့ပြီး ၎င်းတို့၏ ကိုးကွယ်ရာများကို ဖျက်ဆီးပစ်ခဲ့လေ၏။]

فَتَوَلَّوْا عَنْهُ مُدْبِرِينَ ﴿٩٠﴾

၃၇ ႏ ၉၀ ။ ။ ထို့နောက် ၎င်း (အမျိုးသား) တို့သည် ယင်း (အီဗ်ရာဟီမ်) ၏ထံမှ ကျောခိုင်းလျက် လှည့်ပြန်ခဲ့ကြကုန်၏။'

فَرَاغَ إِلَىٰ آلِهَتِهِمْ فَقَالَ أَلَا تَأْكُلُونَ ﴿٩١﴾

၃၇ ႏ ၉၁ ။ ။ ထို့နောက် ၎င်း (အီဗ်ရာဟီမ်) သည် ထိုအမျိုးသားတို့၏ ကိုးကွယ်ရာ (ဆင်းတု) များထံသို့ ဝင်ရောက်ခဲ့ပြီးလျှင် (ဤသို့) ပြောဆိုခဲ့၏။ 'အသင်တို့သည် အဘယ်ကြောင့် မစားကြသနည်း။'

مَا لَكُمْ لَا تَنْطِقُونَ ﴿٩٢﴾

၃၇ ႏ ၉၂ ။ ။ 'အသင်တို့သည် မည်သည့်အကြောင်းကြောင့် စကားမပြောကြသနည်း။'

فَرَاغَ عَلَيْهِمْ ضَرْبًۢا بِٱلْيَمِينِ ﴿٩٣﴾

၃၇ : ၉၃ ။ ။ တစ်ဖန် ၎င်း (အီဗ်ရာဟီမ်) သည် ယင်းဆင်းတုများအပေါ်သို့ အရှိန်ပြင်းစွာ သွားရောက်၍ လက်ယာလက်ဖြင့် ရိုက်ခတ်လေတော့၏။

فَأَقْبَلُوٓا۟ إِلَيْهِ يَزِفُّونَ ﴿٩٤﴾

၃၇ : ၉၄ ။ ။ ထို့နောက် ၎င်းအမျိုးသားတို့သည် ယင်း (အီဗ်ရာဟီမ်) ၏ထံသို့ အပြေးအလွှား လာခဲ့ကြလေ၏။

قَالَ أَتَعْبُدُونَ مَا تَنْحِتُونَ ﴿٩٥﴾

၃၇ : ၉၅ ။ ။ ထိုအခါ ၎င်းသူ (အီဗ်ရာဟီမ်) က (ဤသို့) ပြောကြားခဲ့၏။ 'အသင်တို့သည် မိမိတို့ကိုယ်တိုင် ထုလုပ်ထားကြသော အရာများကို ဆည်းကပ်ကိုးကွယ်ကြလေသလော။'

وَٱللَّهُ خَلَقَكُمْ وَمَا تَعْمَلُونَ ﴿٩٦﴾

၃၇ : ၉၆ ။ ။ 'စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသင်တို့အားလည်းကောင်း၊ အသင်တို့ ပြုလုပ်ကျင့်မူကြသော အရာဝတ္ထုများကိုလည်းကောင်း (အားလုံးကိုပင်) ဖန်ဆင်းတော်မူခဲ့၏။'

قَالُوا۟ ٱبْنُوا۟ لَهُۥ بُنْيَـٰنًا فَأَلْقُوهُ فِى ٱلْجَحِيمِ ﴿٩٧﴾

၃၇ : ၉၇ ။ ။ (ထိုအခါ) ၎င်းအမျိုးသားတို့က 'အသင်တို့သည် ယင်း (အီဗ်ရာဟီမ်) ၏အဖို့ အဆောက်အအုံတစ်ခုကို တည်ဆောက်ပြီးလျှင် '၎င်းအား မီးတောက်မီးလျှံအတွင်းသို့ ပစ်ချကြလေကုန်' ဟု ပြောဆိုခဲ့ကြကုန်၏။

فَأَرَادُوا۟ بِهِۦ كَيْدًا فَجَعَلْنَـٰهُمُ ٱلْأَسْفَلِينَ ﴿٩٨﴾

၃၇ : ၉၈ ။ ။ အချုပ်မှာ ၎င်းတို့သည် ယင်း (အီဗ်ရာဟီမ်) နှင့် ပတ်သက်၍ မကောင်းသော အကြံအစည်ကို ကြံရွယ်ခဲ့ကြသော်လည်း ငါအသျှင်မြတ်သည် ၎င်းတို့အား (အရေး) နိမ့်စေတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

နူးဟ် ﷺ ၏ လမ်းစဉ်ပေါ်တွင် ရှိသူများမှ အီဗ်ရာဟီးမ် ﷺ လည်း ဖြစ်ပေသည်။ (ဆိုလိုသည်မှာ ထိုနဗီတမန်တော်၏ မူရင်းယုံကြည်ချက်သည် နူးဟ် ﷺ နှင့် တူညီသည်။ တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ အဖြစ်အပျက်သည်လည်း မှတ်သားထိုက်ပေသည်။) ထိုနဗီတမန်တော်၏ စိတ်နှလုံး ရှင်းလင်း၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုလေသည်။ (ယုံကြည်ချက်ပျက်၍ ပြစ်မှုများမှ သန့်စင်သော စိတ်ဓါတ်ကို ရှင်းလင်းသော စိတ်ဟု ခေါ်ဆိုသည်။) ထိုနဗီတမန်တော်သည် (ရုပ်တုများ ကိုးကွယ်နေသော) ဖခင်နှင့် မိမိမျိုးနွယ်ဝင်များအား ပြောဆိုသည်မှာ 'အသင်တို့ မည်သည့် (အချည်းနှီး ဖြစ်စေသည့်) ပစ္စည်းများကို

ခဝပ်ကိုးကွယ်နေကြသည်။ လိမ်လည်လုပ်ကြံသည့် ကိုးကွယ်ရာများကို အလ္လာဟ်မှလွဲ၍ ကိုးကွယ်ရာ အသျှင် ပြုလိုကြသလော။ အသင်တို့သည် တစ်လောကလုံးကို ဖန်ဆင်းရှင်နှင့်ပတ်သက်၍ မည်သို့ တွေးထင်ကြသနည်း။ (ဆိုလိုသည်မှာ အသင်တို့သည် ခဝပ်ကိုးကွယ်မှုကို စွန့်လွှတ်ထားသော အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းခံထိုက်သော အသျှင်မြတ်ဖြစ်ခြင်းမှ သံသယရှိကြသလော။' ဆိုလိုသည်မှာ ဤသို့ မဖြစ်သင့်ဘဲ သံသယရှိလျှင် သံသယကို ဖယ်ရှားရမည်။ အချုပ်တင်ပြရသော် ဤကဲ့သို့ ငြင်းခုံကြရင်း တစ်ကြိမ်တွင် ပွဲလမ်းသဘင်တစ်ခု ဖြစ်သောအခါ မျိုးနွယ်ဝင်များက ထိုနဗီကို မိမိတို့၏ ပွဲလမ်းသဘင်သို့ လာရောက်ရန် ဖိတ်ခေါ်ကြသည်။) ထိုအခါ အိဗ်ရာဟီးမ် ﷺ သည် ကြယ်များကို မျက်စိတဆုံးကြည့်၍ 'ကျွန်ုပ်နေမကောင်းဖြစ်ချင်နေသည်။ (ထို့ကြောင့် ပွဲလမ်းသဘင်သို့ မသွားနိုင်ပါ' ဟု ပြောဆိုလေသည်။)

အချုပ်ဆိုရသော် ထိုသူတို့သည် တမန်တော်၏ အကြောင်းပြချက်ကို ကြားနာ၍ တမန်တော်ကို လွှတ်ကာ ထွက်သွားကြ၏။ ရောဂါကြောင့် ၎င်းကိုလည်းကောင်း၊ တစ်ဖန် အခြားသူများကိုလည်းကောင်း အကျိုးမဲ့ ဒုက္ခဖြစ်နိုင်ဟု ယူဆကြသည်။) ထိုအချိန်တွင် အိဗ်ရာဟီးမ် ﷺ သည် ၎င်းတို့၏ ရုပ်တုများအတွင်းသို့ ဝင်၍ (လှောင်ပြောင်သည့်သဘောဖြင့်) 'အသင်တို့ရှေ့တွင် တင်ထားသော အစာများကို မစားကြလေသလော။ ၎င်းပြင် အသင်တို့ အဘယ်ကြောင့် မပြောဆိုကြလေသလော' ဟု မေးလေသည်။ ထို့နောက် အင်အားဖြင့် ရိုက်လေသည်။ (ပုဆိန်အစရှိသည်တို့ဖြင့် ချိုးဖွဲ့ဖျက်ဆီးလေသည်။) ထိုတမန်တော်၏ မျိုးနွယ်ဝင်များ သိရှိကြသောအခါ စိုးရိမ်ဒေါသထွက်၍ ထိုတမန်တော်ထံ ပြေးလာကြ၏။ ၎င်းနောက် (ပြစ်တင်) ပြောဆိုကြ၏။ အိဗ်ရာဟီးမ် ﷺ က ပြောဆိုသည်မှာ မိမိတို့လက်ဖြင့် ထုဆစ်ထားသော အရာများကို အသင်တို့ ကိုးကွယ်ကြသလော။ (ထိုအရာများသည် အသင်တို့ကို လိုအပ်၍ ဖန်ဆင်းရှင် မည်သို့ ဖြစ်မည်နည်း။) စင်စစ် အသင်တို့နှင့် အသင်တို့ ပြုလုပ်ခဲ့သော ထိုအရာအားလုံးတို့ကို အလ္လာဟ်အသျှင်မြတ်သာ ဖန်ဆင်းခဲ့လေသည်။ (ထို့ကြောင့် ဖန်ဆင်းရှင်ကိုသာ 'အေဗာဒသ်' ပြုလုပ်ပါ။ အငြင်းအခုံပြုရာတွင် မနိုင်ကြတော့သည့်အတွက် ဒေါသထွက်၍) 'အိဗ်ရာဟီးမ်အတွက် မီးပုံကြီးတစ်ခု ပြုလုပ်ကြပါ။ မီးကို ပြင်းထန်စွာ တောက်လောင်စေ၍) ထိုတောက်လောင်သည့် မီးတွင် ၎င်းတမန်တော်ကို ထည့်ပစ်ကြ' ဟု အချင်းချင်း ပြောဆိုကြသည်။ အချုပ်ဆိုရသော် ထိုသူတို့သည် အိဗ်ရာဟီးမ် ﷺ ကို (ပျက်စီးသွားစေရန်) အဆိုးဆုံး ပြုလုပ်လိုကြသည်။ သို့ရှိရာ ငါအသျှင်မြတ်သည် ထိုသူတို့ကို ရှုံးနိမ့်စေခဲ့လေ၏။ (ဤအကြောင်းအရာနှင့် ပတ်သက်၍ 'စူရာဟ်အမ်ဗီယာ' တွင် လာရှိပြီး ဖြစ်၏။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တမန်တော်နူးဟ် ﷺ ၏ အဖြစ်အပျက်နောက်ပိုင်းတွင် ကျမ်းမြတ်ကုရ်အာန်သည် တမန်တော် အိဗ်ရာဟီးမ် ﷺ ၏ စင်ကြယ်တော်မူသော သက်တမ်းမှ အဖြစ်အပျက်နှစ်ခုကို တင်ပြထားပေသည်။ ထိုအဖြစ်အပျက်နှစ်ခုစလုံးမှာ တမန်တော်အိဗ်ရာဟီးမ် ﷺ အဖို့ အလ္လာဟ်အသျှင်မြတ်အတွက်သာ ပေးခဲ့သည့် အလွန်ကြီးမားသော စွန့်လွှတ်မှုများ ဖြစ်ခဲ့သည်။

ထိုအဖြစ်အပျက်များထဲမှ ပထမအဖြစ်အပျက်ကို အာယသ်တော်များ၌ တင်ပြထားသည်။ ဟဇရသ် အီဗ်ရာဟီမ် ﷺ ကို မီးပုံတွင်း၌ ပစ်ချခဲ့သော အကြောင်းအရာဖြစ်သည်။ အကျယ်တဝင့်ကို 'စူရာဟ် အမ်ဗီယာ'၌ တင်ပြထားပြီးဖြစ်သည်။ သို့သော် ဤနေရာ၌ တင်ပြထားသည့် ပုံစံအရ အချို့အချက်အလက် များကို ရှင်းလင်းရန် လိုအပ်ပေသည်။

اِنَّ مِنۡ شِيۡعَتِهٖ لَاِبۡرٰهِيۡمَ

တွင် **شيعة** သည် အာရဗီစာပေတွင် အခြေခံအားဖြင့် ယူဆချက်နှင့် နည်းစနစ်အားဖြင့် တူညီသော အဖွဲ့အစည်း အုပ်စုကို ခေါ်ဆိုပေသည်။ ဤနေရာတွင် **شيعة** တွင် ရှိသော ရည်ညွှန်းနာမ်သည် တမန်တော် နူးဟ် ﷺ ကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် တမန်တော်အီဗ်ရာဟီမ် ﷺ သည် မိမိထက်အလျင် ဦးသော တမန်တော်နူးဟ် ﷺ ၏ နည်းစနစ်အပေါ်၌ရှိသော သဘောဖြစ်၏။ သာသနာ့ဥပဒေများတွင် အခြေအမြစ်အားဖြင့် နဗီနှစ်ပါးစလုံး အပြည့်အဝ တူညီပေသည်။ နဗီနှစ်ပါးစလုံး၏ ရှရီအသ်သည် တူညီသည်။ စင်တူသည်ဟူ၍လည်း ဖြစ်နိုင်သည်။ သတိမူရမည့် အချက်တစ်ချက်မှာ အချို့သမိုင်းဆင့်ပြန်ချက်များတွင် တမန်တော်နူးဟ် ﷺ နှင့် တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ အကြားတွင် နှစ်ပေါင်း (၂၆၄၀) ကွာခြား ပေသည်။ နဗီနှစ်ပါးစလုံး၏ ကြားတွင် တမန်တော်ဟူးဒ် ﷺ နှင့် တမန်တော်ဆွာလေဟ် ﷺ တို့မှ လွဲ၍ အခြားနဗီများ မပွင့်ပေါ်ခဲ့ပေ။ *[ကရှ်ရှာဖ်ကျမ်း၊ တွဲ-၄၊ စာ-၄၈။]*

اِذۡ جَآءَ رَبَّهٗ بِقَلۡبٍ سَلِيۡمٍ

ဤအာယသ်တော်၏ ရှင်းလင်းသော အဓိပ္ပာယ်မှာ မိမိအသျှင်မြတ်ထံတော်သို့ ရှင်းလင်းသော စိတ်နှလုံးသားဖြင့် ရောက်ရှိလာသည်။ အသျှင်မြတ်ထံ လာခြင်းဟူသည်မှာ အလ္လာဟ်အသျှင်မြတ်ဘက်တော် သို့ လှည့်ခြင်းနှင့် အာရုံပြုခြင်း၊ ၎င်းအပြင် ခဝပ်ကိုးကွယ်ခြင်းတို့ ဖြစ်သည်။ ထို့အတူ စိတ်နှလုံး ရှင်းလင်း ချက်ဟူသော သတ်မှတ်ချက်ဖြင့် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းတွင် လူသားသည် လွဲမှားသော ယုံကြည်ချက်များနှင့် မကောင်းသော ခံစားချက်များမှ ကင်းစင်မှုမရှိလျှင် အလ္လာဟ်အသျှင်မြတ် လက်မခံ နိုင်ဟု ရည်ညွှန်းနေပေသည်။ အံကယ်၍ လွဲမှားသော ယုံကြည်ချက်ဖြင့် ခဝပ်ကိုးကွယ်မှု ပြုလုပ်လျှင် မည်မျှပင် 'အေဗာဒသ်'လုပ်၍ မည်မျှပင် ဒုက္ခခံစေကာမူ အလ္လာဟ်အသျှင်မြတ် လက်မခံနိုင်ပေ။ ဤသို့ပင် 'အေဗာဒသ်'ပြုသူသည် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိစေရန် မရည်ရွယ်ဘဲ ပြစားရန် (သို့မဟုတ်) လောကီအကျိုးခံစားရန် ပြုလျှင် ချီးမွမ်းဖွယ်ရာ မဟုတ်ပေ။ တမန်တော်အီဗ်ရာဟီးမ် ﷺ မှ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုခြင်းသည် ဤရောနှောမှုများမှ ကင်းစင်သည်။

فَنَظَرَ نَظۡرَةً فِى النُّجُوۡمِ فَقَالَ اِنِّىۡ سَقِيۡمٌ

ဤအာယသ်တော်၏ နောက်ခံသမိုင်းကြောင်းမှာ တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ မျိုးနွယ်စုသည် သီးခြား နေ့တစ်နေ့တွင် ပွဲလမ်းသဘင် ကျင်းပကြလေသည်။ ထိုနေ့ရောက်ရှိလေသော် ၎င်းတို့က တမန်

တော်အီဗ်ရာဟီးမ် عليه السلام သည်လည်း ပွဲသို့ လာရန် ဖိတ်ခေါ်ကြလေသည်။ 'ဤပွဲ၌ အီဗ်ရာဟီးမ်သည် ငါတို့နှင့် အတူရှိလျှင် ငါတို့၏သာသနာကို နှစ်သက်သွားနိုင်၍ မိမိသာသနာဘက်သို့ ဖိတ်ခေါ်ခြင်းမှ စွန့်လွှတ်လိုက်ရန်' ရည်ရွယ်ကြပေသည်။ သို့သော် တမန်တော်အီဗ်ရာဟီးမ် عليه السلام မှ ဤအဖြစ်အပျက်ဖြင့် အခြားအကျိုးတစ်ခု ရယူလိုပေသည်။ တမန်တော်ကြီး၏ ဆန္ဒမှာ ဤသူတို့အားလုံး ပွဲလမ်းသဘင်သို့သွားလျှင် ၎င်းတို့၏ ခဝပ်ကိုးကွယ်သည့် နေရာများသို့ သွား၍ ရုပ်တုများကို ရိုက်ချိုးပစ်မည်။ သို့မှသာ ဤသူတို့ ပြန်လည်ရောက်ရှိလာလျှင် မိမိတို့၏ လိမ်လည်သည့် ရုပ်တုများ၏ မစွမ်းနိုင်မှုကို မိမိတို့မျက်စိဖြင့် လက်တွေ့မြင်တွေ့စေလိုပေသည်။ မိမိတို့ ရုပ်တုများ၏ မစွမ်းနိုင်မှုကို တွေ့မြင်၍ နှလုံးသားအတွင်း အီမာန်သက်ဝင်ယုံကြည်မှု ပေါ်ပေါက်၍ တုဖက်ကိုးကွယ်ခြင်းမှ 'သောင်ဗာဟ်' ပြုလုပ်ကြလိမ့်မည်။ ဤသို့ ရည်ရွယ်၍ တမန်တော်အီဗ်ရာဟီးမ် عليه السلام မှာ ၎င်းတို့နှင့် သွားရန် ငြင်းဆန်လိုက်ခြင်းဖြစ်သည်။ သို့သော် ပထမတွင် ကြယ်တာရာများကို ကြည့်၍ 'ကျွန်ုပ် နေမကောင်း' ဟု ပြောဆိုသော နည်းလမ်းကို ရွေးချယ်ခဲ့လေသည်။ မျိုးနွယ်ဝင်တို့မှာ တမန်တော်အီဗ်ရာဟီးမ် عليه السلام ကို အကြောင်းပြချက်ရှိသူဟု ယူဆ၍ ပွဲလမ်းသဘင်သို့ သွားခဲ့ကြလေသည်။ ဤအဖြစ်အပျက်တွင် မြောက်မြားစွာသော သဖ်စီးရ်ပညာရပ်ပိုင်းဆိုင်ရာနှင့် ဖိကာဟ်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များ ရှိလေသည်။ ထို့ကြောင့် ဤနေရာတွင် အကျဉ်းချုံး တင်ပြလိုက်ရပေသည်။

ကြယ်တာရာများကို ကြည့်ခြင်း၏ ရည်ရွယ်ချက်

ပထမဆုံး အကြောင်းအရာမှာ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် အဖြေမပေးမီ ကြယ်တာရာများကို ကြည့်ရှုရသည့် ရည်ရွယ်ချက်မှာ မည်သို့နည်း။ အချို့ပညာရှင်များက ဤသည် ရုတ်တရက် ဖြစ်ပေါ်လာသော အာသာဖြစ်သည်။ အရေးကြီးသော စကားတစ်ခုကို စဉ်းစားရာတွင် တစ်ခါတစ်ရံ လူသားသည် မရည်ရွယ်ဘဲ မိုးကောင်းကင်သို့ ကြည့်တတ်သည်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام ကို ပွဲလမ်းသဘင်သို့ သွားရန် ဖိတ်ခေါ်ကြသောအခါ ဤဖိတ်ခေါ်မှုကို မည်သို့ ဖယ်ရှားရမည်ကို စဉ်းစားခြင်းဖြစ်သည်။ စဉ်းစားလျက် သတိမမူဘဲ ကြယ်တာရာများကို ကြည့်ရှုပေသည်။ ထို့နောက် အဖြေပေးလေသည်။ ကြယ်တာရာများကို ကြည့်ခြင်းနှင့် ပတ်သက်၍ ဤတင်ပြချက်သည် အပေါ်ယံအားဖြင့် ပြစ်ချက်မရှိပေ။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြပုံနည်းလမ်းကို ထောက်ရှုလျှင် မှန်ကန်သည်ဟု ပြောဆိုရန် ခက်ခဲပေသည်။

ပထမအချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြပုံတွင် အဖြစ်အပျက်၏ အရေးတကြီး လိုအပ်သော အစိတ်အပိုင်းများကိုသာ တင်ပြလေ့ရှိ၍ အရေးမကြီးသည့် အကျယ်ချဲ့မှုများကို ချန်လှပ်လိုက်ခဲ့ပေသည်။ ဤအဖြစ်အပျက်ကို တင်ပြရာတွင် အာယသ်တော်သည် အဖြစ်အပျက်၏ မြောက်မြားစွာသော အစိတ်အပိုင်းများကို ချန်လှပ်ထား၏။ အဖြစ်အပျက်အပြည့်အစုံကိုပင် မတင်ပြပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် အဖြစ်အပျက်၏ နောက်ခံသမိုင်းကို ရှည်မည်ဆိုး၍ လျှော့ချပြီး မလိုအပ်ဘဲ မရည်ရွယ်

သည့် ကိစ္စတစ်ခုကို အဖြစ်အပျက်နှင့် မသက်ဆိုင်ဘဲ အာယသ်တော်တစ်ခုဖြင့် တင်ပြခဲ့သည်ဟု ယုံကြည်ရန် မဖြစ်နိုင်ပေ။

ဒုတိယအချက်မှာ ကြယ်တာရာများကို ကြည့်ခြင်းသည် သီးခြားအကြောင်းမရှိပေ။ မရည်ရွယ်သည့် လုပ်ရပ်ဖြစ်လျှင် အာရဗီစာပေ၏ ဥပဒေများအရ

فَنَظَرَ نَظْرَةً اِلَى النُّجُوْمِ

ဟု ပြောဆိုသင့်ပေသည်။ فِى النُّجُوْمِ ဟု မပြောဆိုသင့်ပေ။ ထို့ကြောင့် ကြယ်တာရာများကို ကြည့်ခြင်းနှင့် ပတ်သက်၍ တမန်တော်အီဗ်ရာဟီးမ် عليه السلام ထံတွင် သီးခြားအကြောင်းတစ်ခု ရှိသည့်အတွက် ကုရ်အာန်ကျမ်းတော်မြတ်မှ ဂရုတစိုက် ဖော်ပြရခြင်းဖြစ်သည်။ ထိုအကြောင်းမှာ မည်သို့နည်း။ ဤအဖြေနှင့် ပတ်သက်၍ ပညာရှင်အများစုက တင်ပြထားသည်မှာ အမှန်စင်စစ် တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ မျိုးနွယ်ဝင်တို့သည် နက္ခပညာကို အလွန်ဝါသနာပါကြ၏။ ကြယ်များကို ကြည့်၍ မိမိတို့၏ အလုပ်များကို သတ်မှတ်ကြသည်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ကြယ်တာရာများကို ကြည့်၍ အဖြေပေးရခြင်းမှာ မိမိ၏ ရောဂါနှင့် ပတ်သက်၍ အလဟဿ ပြောဆိုနေခြင်းမဟုတ်ဘဲ ကြယ်များ၏ အသွားအလာကို စဉ်းစားဆင်ခြင်၍ ပြောဆိုနေသည်ဟု ထိုသူတို့ယူဆရန် ရည်ရွယ်ပေသည်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ကိုယ်တိုင် နက္ခတ်ပညာကို လက်မခံသော်လည်း ပွဲလမ်းသဘင်တွင် မပါဝင်ဘဲ ကင်းလွတ်စေရန် ၎င်းတို့ ယုံကြည်အားကိုးသော နည်းလမ်းကို အသုံးပြုခဲ့သည်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ နှုတ်ဖြင့် နက္ခတ်ပညာကို မရည်ညွှန်းခဲ့သည့်အပြင် နက္ခတ်ပညာ၏ အကျူအညီဖြစ်ကြောင်း ရည်ရွယ်၍ ကြယ်များကို ကြည့်ရှုကြောင်းလည်း မဖော်ပြသည်သာမက ကြယ်များကို တစ်ချက်ကြည့်လိုက်ခြင်းသာ ဖြစ်၍ လိမ်လည်သည်ဟူ၍လည်း မဆိုနိုင်ပေ။ တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ လုပ်ရပ်ဖြင့် နက္ခတ်ပညာကို လက်ခံ၍ ကြယ်တာရာများကို လောက၏ အဖြစ်အပျက်များတွင် အစစ်အမှန် ပတ်သက်သူများဟု ယုံကြည်သူ ကာဖိရ်များကို အားပေးရာရောက်သည်ဟု သံသယမဝင်သင့်ပေ။ ထို့နောက် တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ရှင်းလင်းစွာ ၎င်းတို့၏ လမ်းမှားမှုကို သတိမပေးလျှင် အားပေးရာရောက်ပေသည်။ သို့သော် ဤနေရာတွင် 'သောင်ဟီးဒ်' ဘက်သို့ ဖိတ်ခေါ်ခြင်းကို ပိုမိုထိရောက်စေရန်အတွက် ဤအစီအမံများကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ သို့ရှိရာ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ခဏကြာပြီးနောက် မျိုးနွယ်ဝင်တို့၏ လမ်းမှားများကို တစ်ခုချင်း ရှင်းလင်းစွာ တင်ပြခဲ့ပေသည်။ ထို့ကြောင့် ဤအဓိပ္ပာယ် မပေါ်လွင်သော လုပ်ရပ်ဖြင့် ကာဖိရ်များကို အားပေးခြင်းဟူသည့် မေးခွန်း မပေါ်ပေါက်နိုင်ပေ။ ဤနေရာ၌ အဓိက ရည်ရွယ်ချက်မှာ ပွဲလမ်းသဘင် မသွားရန်အတွက် ဖြစ်သည်။ သို့မှသာ အမှန်တရားကို ဖိတ်ခေါ်ရန် ပိုမိုထိရောက်သည့် နည်းလမ်း ဖြစ်ပေါ်နိုင်ပေသည်။ ဤရည်ရွယ်ချက်အတွက် မရှင်းလင်းသည့် နည်းလမ်းကို အသုံးချခြင်းသည် အမြော်အမြင်ရှိခြင်းအပေါ်၌သာ မူတည်ပေသည်။ ဤအချက်အပေါ် သဘာဝကျသည့်

စာဒကလည်း မတတ်နိုင်ပေ။ ကြယ်များကို ကြည့်ခြင်းနှင့် ပတ်သက်၍ ဤရှင်းလင်းချက်ကို ပညာရှင်အများစုမှ ဆင့်ပြန်ထားပေသည်။ ဗယာနွလ်ကုရ်အာန်ကျမ်းတွင် ဟဇရတ်ထာနဝီ (ရဟ) သည် ဤရှင်းလင်းချက်ကို ရွေးချယ်တင်ပြထားပေသည်။

နက္ခတ်ပညာ နှင့် ပတ်သက်၍ ရှရီအသ်၏ သဘောတရား

အထက်ပါအာယသ်တော်၏ အောက်တွင် ဒုတိယမ္ဗသတ်မှာ နက္ခပညာဟူသည် ရှရီအသ်တရားတော်အရ မည်သို့နည်း။ ဤနေရာတွင် ၎င်း၏ အဖြေကို အတိုချုံး၍ တင်ပြပါမည်။ ဤနေရာတွင် အချက်တစ်ချက်မှာ အလ္လာဟ်အသျှင်မြတ်သည် နေ၊ လ၊ ကြယ်တာရာများတွင် လူသားများ၏ ဘဝသက်တမ်းအပေါ် အကျိုးသက်ရောက်နိုင်သည့် ထူးခြားချက်များ ရှိကြောင်း အားလုံးက လက်ခံထားကြသည်။ ထိုထူးခြားချက်များထဲမှ အချို့အချက်များကို လူသားတို့ တွေ့မြင်နိုင်ပေသည်။ ဥပမာ- နေ၏ နီးခြင်း၊ ဝေးခြင်းဖြင့် အပူအအေး ဖြစ်ပေါ်ခြင်း၊ လ၏ အနိမ့်၊ အမြင့်ဖြင့် ပင်လယ်တွင် ဒီရေတိုးခြင်း အစရှိသည်တို့ ဖြစ်သည်။ အချို့ပညာရှင်များက လူများ တွေ့ကြုံနေရသည့် အတိုင်းအတာခန့်သာ ကြယ်တာရာများ၏ ထူးခြားချက်ရှိသည်ဟု ဆိုကြသည်။ ၎င်းနောက် အချို့ပညာရှင်များက အထက်ပါတင်ပြချက်များအပြင် ကြယ်တာရာများ၏ လှည့်လည်မှုဖြင့် အခြားထူးခြားချက်များလည်း ဖြစ်ပေါ်ပေသည်။ ထိုထူးခြားမှုများသည် လူ့ဘဝသက်တမ်း၏ ကိစ္စရပ်များအပေါ် သက်ရောက်နိုင်လေသည်။ ကြယ်တစ်လုံး သီးခြားဂြိုဟ်ခုံတစ်ခုသို့ ရောက်ရှိသွားလျှင် ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းများ ဖြစ်နိုင်ပေသည်။ ဤအချက်သည်ပင် အခြားသူတစ်ဦးအတွက် ဝမ်းနည်းပူဆွေးခြင်း၊ ဆုံးရှုံးခြင်းများ ဖြစ်နိုင်ပေသည်။ တစ်ဖန် အချို့သည် ကြယ်တာရာများကိုသာလျှင် အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းနှင့်ပတ်သက်၍ တိုက်ရိုက်သက်ရောက်နိုင်သူများဟု လက်ခံကြသည်။ အချို့က တိုက်ရိုက် သက်ရောက်စေနိုင်သူမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်၍ ကြယ်တာရာများကို အလ္လာဟ်အသျှင်မြတ်မှာ ထူးခြားချက်များ ချီးမြှင့်ထားသည့်အတွက် အခြားအကြောင်းခံများကဲ့သို့ လူသား၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုအတွက် အကြောင်းခံတစ်ခု ဖြစ်ပေသည်။ ကြယ်တာရာများကို တိုက်ရိုက် သက်ရောက်စေနိုင်သည့် အရာများဟု ယူဆသူများ ဆိုလိုသည်မှာ လောက၏ အပြောင်းအလဲများနှင့် အဖြစ်အပျက်များသည် ကြယ်တာရာများကြောင့်သာလျှင် ဖြစ်သည်ဟု ယူဆကြသည့် လောကီကိစ္စရပ်များကို ကြယ်တာရာများကသာ ဆုံးဖြတ်သည်ဟု ယူဆကြသည့်အတွက် ၎င်းတို့၏ အတွေးအခေါ် လွဲမှားကြောင်း သံသယမရှိပေ။ ဤယုံကြည်ချက်သည် လူသားကို 'ရှိရ်က်'လုပ်ရပ်အထိ ပို့ဆောင်ပေးသည်။

အာရဗ်တို့သည် မိုးရွာခြင်းနှင့် ပတ်သက်၍ သီးသန့်ကြယ်တစ်ခုဖြစ်သော 'နောင်အ်'ဟူသော ကြယ်မှ မိုးရွာစေသည်ဟု ယူဆကြသည်။ ထိုကြယ်သည် မိုးရွာသွန်းရန် တိုက်ရိုက်သက်ရောက်စေသော အဆင့်၌ ရှိသည်ဟု ယုံကြည်ကြသည်။ တမန်တော်မြတ် ﷺ သည် ဤယုံကြည်ချက်ကို ပြင်းပြင်းထန်ထန် ပယ်ချခဲ့ကြောင်း ဟဒီးစ်တော်များ၌ ရှင်းလင်းစွာ လာရှိထားသည်။ အလ္လာဟ်အသျှင်မြတ်ကသာ တိုက်ရိုက်

စူးရှသက်ရောက်စေသည်ဟု ခံယူထားသူများသည် ကြယ်တာရာများတွင်လည်း သီးခြားထူးခြားချက်များ ရှိ၍ ထိုထူးခြားချက်များသည် အကြောင်းခံအနေဖြင့် လူသား၏ ဘဝသက်တမ်းအပေါ် သက်ရောက်စေနိုင်သည်ဟု ခံယူသူများလည်း ရှိလေသည်။ မိုးရွာစေသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်၍ အပေါ်ယံအားဖြင့် အကြောင်းခံမှာ မိုးတိမ်ဖြစ်လေသည်။ ဤသို့ပင် အောင်မြင်မှုနှင့် ဆုံးရှုံးမှုများ၏ ဖြစ်ပေါ်ရာမှာ အလ္လာဟ်အသျှင်မြတ်၏ လုပ်ဆောင်မှုသာဖြစ်၍ ကြယ်တာရာများသည် အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းအတွက် အကြောင်းခံဖြစ်လေသည်။ ဤသို့ တွေးခေါ်မှုသည် 'ရှရီးက်'မဖြစ်သော်လည်း ကုရ်အာန် ဟဒီးစ်မှ ဤယူဆချက်ကို ထောက်ခံမှုမရှိသကဲ့သို့ ငြင်းပယ်မှုလည်း မရှိပေ။ ထို့ကြောင့် ဖြစ်နိုင်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကြယ်တာရာများ လှည့်ပတ်သွားလာမှုနှင့် အဝင်အထွက်တွင် သက်ရောက်မှုများ ထားရှိနိုင်ပေသည်။ သို့သော် သက်ရောက်မှုများကို ရှာဖွေရန် နက္ခတ်ပညာ သင်ယူခြင်း၊ ထိုပညာအပေါ် ယုံကြည်ခြင်း၊ ထိုပညာအပေါ် အခြေခံ၍ အနာဂတ်ရေးရာများကို ဆုံးဖြတ်ခြင်း စသည်တို့သည် မပိုင်သည့်အတွက် တားမြစ်ထားပေသည်။ ဟဒီးစ်တော်များတွင် တားမြစ်ချက်များ လာရှိထားသည်။ ဟဇရသ် မတ်စ်အူးဒ် ﷺ သခင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اذاذكرالقدر فامسكوا واذا ذكرت النّجوم فامسكوا واذا ذكراصحابى فامسكوا

﴿تخريج احياء العلوم للعراقىبحوالة طبرانى وهوحديث حسنه العراقى﴾

'သက်ဒီးရ်'အကြောင်း ပြောဆိုလျှင် ရပ်လိုက်ပါ။ ဆိုလိုသည်မှာ 'သက်ဒီးရ်'နှင့် ပတ်သက်၍ တွေးတောစဉ်းစား ငြင်းခုံခြင်း မပြုလေနှင့်။ ကြယ်တာရာများအကြောင်းဆိုလျှင် ရပ်လိုက်ပါ။ ၎င်းနောက် ငါတမန်တော်၏ ဆွဟာဗာများ (ဆိုလိုသည်မှာ ၎င်းတို့၏ အချင်းချင်း အကွဲအလွဲများနှင့် ပတ်သက်၍) ပြောဆိုလျှင် ရပ်လိုက်ပါ။ ဟဇရသ်ဖာရူးကေ့အအ်ဇွမ် ﷺ သခင် ဆင့်ပြန်ထားသည်မှာ-

تعلّموامن النّجوم ماتهتدون به فى البرّ والبحرثم امسكوا

﴿احياء علوم الدين للغزالى﴾

နက္ခတ်ပညာကို ကုန်းပေါ်နှင့် ပင်လယ်ပြင်တွင် လမ်းသိနိုင်ရုံလောက်သာ သင်ကြား၍ ရပ်လိုက်လေကုန်။ ဤတားမြစ်ချက်ဖြင့် ကြယ်တာရာများ၏ သီးခြားနိမိတ်လက္ခဏာများကို ငြင်းပယ်ရာ မရောက်ပေ။ သို့သော် ဤထူးခြားချက်များနောက် မလိုက်ရန်နှင့် ၎င်းအချက်အလက်များကို ရှာဖွေခြင်း၌ တန်ဖိုးရှိသော အချိန်ကို မဖျက်ဆီးရန် တားမြစ်ထားခြင်းသာ ဖြစ်သည်။ အေမာမ်ဂဇာလီ (ရဟ) သခင်သည် အဲဟ်ယာအွလ်အုလူးမ်ကျမ်းတွင် ဤတားမြစ်ချက်နှင့် ပတ်သက်၍ အကျယ်တဝင့် တင်ပြလျက် တားမြစ်ရသည့် လျှို့ဝှက်ချက်များကိုလည်း တင်ပြထားသည်။

နက္ခတ်ပညာကို တားမြစ်ရသည့် ပထမအကြောင်းခံမှာ လူသားတို့အတွေ့အကြုံအရ ဤပညာတွင် နစ်မွန်းလျှင် တဖြည်းဖြည်း ကြယ်တာရာများကိုသာ အရာရာ စွမ်းဆောင်နိုင်သည်ဟု ထင်မြင်ယူဆကြ

မည်။ ဤအချက်သည် တဖြည်းဖြည်း ကြယ်တာရာများ တိုက်ရိုက် အကျိုးသက်ရောက်စေနိုင်သည်ဟူသော မှန်ရစ်က်များ၏ ယုံကြည်ချက်ဘက်သို့ ခေါ်ဆောင်သွားပေသည်။

ဒုတိယအကြောင်းအရင်းမှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ကြယ်တာရာများတွင် ထူးခြားချက်များ ထားလင့်ကစား ထိုအချက်များ မှန်ကန်တိကျသည်ဟု ဆိုနိုင်သော ဝဟီလမ်းကြောင်း ကျွန်ုပ်တို့ထံတွင် မရှိပေ။ ဟဒီးစ်တော်များတွင် တမန်တော်အီးဒ်ရီးစ် ﷺ နှင့်ပတ်သက်၍ လာရှိထားသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းနဗီတမန်တော်ကို 'ဝဟီ' အား အခြေခံ၍ နက္ခတ်ပညာမျိုး ချီးမြှင့်ခဲ့ဖူးလေသည်။ သို့သော် ဤပညာရပ်သည် ယခု မရှိတော့ပေ။ ယခု ကျွမ်းကျင်သော နက္ခတ်ပညာရှင်များထံတွင် ရှိသည့် အရာမှာ ခန့်မှန်းခြေနှင့် နှိုင်းယှဉ်ချက်များသာ ဖြစ်သည်။ ဤအရာများတွင် တိကျသေချာသည့် ပညာရပ်ကို မရရှိနိုင်ပေ။ ဤအတွက်ကြောင့် ယခုခေတ်တွင် နက္ခတ်ပညာရှင်တို့၏ ကြိုတင်ဟောကိန်းများသည် လွဲမှားနေလေသည်။ ပညာရှင်တစ်ပါးက ဤပညာရပ်နှင့် ပတ်သက်၍ သုံးသပ်တင်ပြထားသည်မှာ–

مفيده غير معلوم ، ومعلومه غير مفيد

ဆိုလိုသည်မှာ ဤပညာရပ်တွင် အကျိုးရှိသည့် အစိတ်အပိုင်းများကို မည်သူမှမသိဘဲ လူတို့ သိရှိသည့် အရာများသည် အကျိုးမရှိပေ။ အလ္လာမဟ်အာလူစီ (ရဟ) သခင်က ရူဟွလ်မအာနီကျမ်းတွင် သမိုင်းအဖြစ်အပျက်များကို တင်ပြရာ၌ မြောက်မြားစွာသော ဥပမာများ တင်ပြထား၏။ ထိုအဖြစ်အပျက်များတွင် နက္ခပညာရပ်၏ ခိုင်မာသော ဥပဒေများအရ အဖြစ်အပျက်တစ်ခု ဖြစ်ရပေမည်။ အမှန်စင်စစ်တွင်မူ ထိုအချက်နှင့် လုံးဝ ဆန့်ကျင်၍ ဖြစ်ခဲ့လေသည်။ သို့ရှိရာ ထိုပညာရပ်ကို ရရှိရန် မိမိတို့သက်တမ်းကို အသုံးပြုခဲ့သော ပညာရှင်ကြီးများသည် နောက်ဆုံးတွင် ဤပညာရပ်၏ ရလဒ်မှာ ခန့်မှန်းခြေနှင့် နှိုင်းယှဉ်ချက်များထက် မပိုဟုသာ ဆိုကြလေသည်။ ထင်ရှားကျော်ကြားသည့် နက္ခတ်ပညာရှင်ကို ရှာယားရ်ဒိုင်လမီသည် နက္ခတ်ပညာနှင့် ပတ်သက်၍ မိမိ၏ စာအုပ် المجمل في الاحكام တွင် ရေးသားထားသည်မှာ နက္ခတ်ပညာသည် အထောက်အထားမရှိသော ပညာတစ်ရပ် ဖြစ်သည်။ ထိုပညာရပ်ထဲတွင် လူသားသည် သံသယများနှင့် ထင်ကြေးများ အလွန်အသုံးဝင်ပေသည်။ အလ္လာမဟ်အာလူစီ (ရဟ) သခင်သည် နက္ခတ်ပညာနှင့် ပတ်သက်၍ နက္ခတ်ပညာရှင်တို့၏ ဤကဲ့သို့သော အဆိုများကို မြောက်မြားစွာ တင်ပြထားလေသည်။ မည်သို့ပင်ဆိုစေ နက္ခတ်ပညာသည် သေချာခိုင်မာသည့် ပညာရပ်မဟုတ်သည်မှာ သေချာပေသည်။ ထိုပညာတွင် မြောက်မြားစွာသော မှားယွင်းယူဆချက်များ ရှိပေသည်။ သို့သော် ဤပညာကို လိုက်စားသူတို့သည် လုံးဝ ယုံကြည်၍ သေချာသည့် အဆင့်အတန်းအဖြစ် သတ်မှတ်ကြသည်။ ဤသည်ကို အခြေခံ၍ အနာဂတ်၏ ဆုံးဖြတ်ချက်များ ချလေသည်။ ထို့ကြောင့် အခြားသူများနှင့် ပတ်သက်၍ အကောင်းအဆိုး သတ်မှတ်ကြလေသည်။ ထို့ထက်ပို၍ ဆိုးသည်မှာ အချို့အခြေအနေတွင် လူသားသည် အကွယ်ကို သိကြောင်း၊ ကြွေးကြော်သည့် အဆင့်အထိ ပို့ဆောင်ပေးလေသည်။ ထိုသို့ ကြွေးကြော်ခြင်းဖြင့် မရေမတွက်နိုင်သော ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်း ပေါ်လွင်ပေသည်။

နက္ခတ်ပညာကို တားမြစ်ရခြင်း၏ တတိယအကြောင်းအရင်းမှာ တန်ဖိုးရှိသည့် သက်တမ်းကို အကျိုးမရှိသော အလုပ်၌ သုံးစွဲခြင်းနှင့် တူပေသည်။ သေချာသည့် ရလဒ် ထိုပညာရပ်ဖြင့် မရရှိနိုင်ပေသည်။ သို့ရှိရာ လောကီကိစ္စရပ်များတွင် ဤပညာရပ်သည် အနည်းငယ်မှ အကူအညီမပေးပေ။ အကျိုးမရှိသည့် အရာနောက်လိုက်ခြင်းသည် အစ္စလာမ့်ရှရီအသ်၏ ဝိညာဉ်နှင့် သဘောသဘာဝအရ လုံးဝ ဆန့်ကျင်ပေသည်။ ထို့ကြောင့် တားမြစ်ခဲ့ခြင်းဖြစ်သည်။

'တမန်တော်အီဗ်ရာဟီးမ် عليه السلام နေထိုင်မကောင်း' ဟု ဆိုခြင်းမှာ

ဤအာယသ်တော်များတွင် တတိယကိစ္စရပ်မှာ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် မိမိမျိုးနွယ်စုတို့က ဖိတ်ခေါ်ရာတွင် **إِنِّي سَقِيمٌ** 'ကျွန်ုပ်နေမကောင်း'ဟု အဖြေပေးခြင်းနှင့် ပတ်သက်ပေသည်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام အမှန်တကယ် နေထိုင်မကောင်းသလော။ ကုရ်အာန်ကျမ်းမြတ်တွင် ဤအချက်နှင့် ပတ်သက်၍ ရှင်းလင်းချက်မလာရှိပေ။ သို့သော် ဘုခါရီကျမ်း၏ ဟာဒီးစ်တော်တစ်ရပ်ဖြင့် သိရှိရသည်မှာ တမန်တော်ကြီးသည် ၄င်းတို့နှင့် မသွားနိုင်လောက်သည့် ဝေဒနာမရှိ။ ထိုသို့ဆိုလျှင် ဤသို့ အဘယ်ကြောင့် ပြောဆိုသနည်းဟု မေးနိုင်ပေသည်။ ဤအဖြေကို သဖ်စီးရ်ပညာရှင်အများစုက ဧကန်စင်စစ် ထိုစာလုံးများဖြင့် တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် **توريه** ပြုခဲ့ခြင်းဖြစ်သည်။ **توريه** ဆိုသည်မှာ အပေါ်ယံအားဖြင့် အဖြစ်အပျက်နှင့် ဆန့်ကျင်သော စကားဖြစ်၍ ပြောဆိုသူမှာ အလှမ်းဝေး၍ အဖြစ်အပျက်နှင့် ကိုက်ညီသည့် အဓိပ္ပာယ်အပေါ် ပြောဆိုခြင်းကို ခေါ်ဆိုသည်။ ဤနေရာတွင် တမန်တော်အီဗ်ရာဟီးမ် عليه السلام မှာ ပြောဆိုသည့် ဝါကျ၏ အပေါ်ယံ အလိုသဘောသည် 'ကျွန်ုပ် ယခု နေမကောင်း'ဟူ၍ ဖြစ်သည်။ သို့သော် တမန်တော်ကြီး၏ မူရင်းရည်ရွယ်ချက်မှာ ဤသို့မဟုတ်။ ထိုသို့ဆိုလျှင် မူရင်းရည်ရွယ်ချက်မှာ အဘယ်နည်း။ ဤအချက်နှင့်ပတ်သက်၍ သဖ်စီးရ်ပညာရှင်များက အမျိုးမျိုး တင်ပြထားပေသည်။ အချို့ပညာရှင်များက ထိုအဓိပ္ပာယ်မှာ 'စိတ်မပါခြင်း ဖြစ်သည်'ဟု ဆိုကြသည်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် မိမိမျိုးနွယ်စုတို့၏ တုဖက်သည့် လှုပ်ရှားမှုကို တွေ့မြင်၍ ဖြစ်ပေါ်ခြင်းဖြစ်သည်။ ဤအချက်ကို **سقيم** ဟူသော စာလုံး သုံးထားခြင်းဖြင့် အထောက်အထား ပြုလေသည်။ ဤစာလုံးသည် **مريض** ဟူသော စာလုံးနှင့် ယှဉ်လျှင် အလွန်ပေါ့ပါးလေသည်။ ထိုစာလုံး၏ အလိုသဘောမှာ အုရ်ဒူ၌ 'ကျွန်ုပ် စိတ်မရွှင်'ဟု ဖြစ်သည်။ ဤဝါကျတွင် စိတ်မပါခြင်း၏ အလိုသဘောကို အပြည့်အဝ ပါဝင်နိုင်ပေသည်။ အချို့ပညာရှင်များက **اني سقيم** ၏ ရည်ရွယ်ချက်မှာ 'ကျွန်ုပ် နေမကောင်းဖြစ်တော့မည်' ဟူ၍ ဖြစ်သည်။ ထို့ကြောင့် အာရဗီစာပေတွင် ကြိယာနာမ်သည် အနာဂတ်ကာလအတွက် အသုံးပြုလေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် တမန်တော်မြတ် ﷺ အား မိန့်မြွက်ထားသည်မှာ-

اِنَّكَ مَيِّتٌ وَّاِنَّهُمْ مَّيِّتُوْنَ

အပေါ်ယံအားဖြင့် အဓိပ္ပာယ်မှာ 'အသင်လည်း အသေကောင်ဖြစ်၍ ထိုသူတို့သည်လည်း အသေကောင်ဖြစ်သည်။ သို့သော် ဤနေရာတွင် အသင်သည် သေဆုံးရမည့်သူဖြစ်၍ ထိုသူတို့လည်း သေဆုံးရမည့်

သူများ ဖြစ်သည်' ဟူ၏။ ထို့ကြောင့် انى سقيم ၏ အဓိပ္ပာယ်ကို တမန်တော်အီဗ်ရာဟီးမ် ﷺ က 'ကျွန်ုပ် နေမကောင်းဖြစ်လိမ့်မည်' ဟူသော အလိုသဘော ဖြစ်၏။ ဤသို့ ပြောဆိုရခြင်းမှာ လူသားသည် မသေမီ မုချရောဂါဖြစ်ကြမည်။ အပေါ်ယံအားဖြင့် ရောဂါမဖြစ်လျှင်လည်း မသေမီအချိန် အနည်းငယ်အလျှင် လူသားသည် ကျန်းမာရေးအနည်းငယ် ချို့တဲ့မည်မှာ သေချာသည်။ အကယ်၍ တစ်ဦးတစ်ယောက်၏ နှလုံးသားသည် ဤတင်ပြချက်များအပေါ် လက်မခံနိုင်ပါက အကောင်းဆုံး အကြောင်းအရာမှာ တမန်တော် အီဗ်ရာဟီးမ် ﷺ သည် အမှန်တကယ် နေမကောင်းနေခြင်းဖြစ်သည်။ သို့သော် ပွဲလမ်းသဘင်သို့ မသွားနိုင်လောက်သည့် ရောဂါမျိုးမဟုတ်။ တမန်တော်အီဗ်ရာဟီးမ် ﷺ သည် မိမိ၏ သေးငယ်သော ရောဂါကို ကြားနာသူများ ရောဂါကြီးဟု ထင်မှတ်၍ ထိုရောဂါကြောင့် အမှန်တကယ်မသွားနိုင်ဟု ယူဆရန် ဤသို့ ပြောဆိုခြင်းဖြစ်သည်။ တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ توايه နှင့် ပတ်သက်၍ ဤရှင်းလင်းချက်သည် သဘာဝအကျဆုံးနှင့် လက်ခံနိုင်စရာ ဖြစ်သည်။ ဤရှင်းလင်းချက်ဖြင့် ဘိုခါရီ ကျမ်း၏ ဟဒီးစ်တော်တွင် တမန်တော်အီဗ်ရာဟီးမ် ﷺ သုံးသည့် စာလုံး انى سقيم အတွက် كذبه စာလုံးသုံးခြင်းမှာ توريه ဖြစ်သည်ဟု ပေါ်လွင်သွားပေသည်။ အပေါ်ယံအားဖြင့် လိမ်လည်သည်ဟု ထင်ရသော်လည်း ပြောဆိုသူ၏ အလိုသဘောကို ထောက်ထားကြည့်လျှင် လိမ်လည်ခြင်းမဟုတ်ပေ။ ဤဟဒီးစ်တော်၏ အချို့ဆင့်ပြန်ချက်များတွင် အောက်ပါစကားလုံး လာရှိထား၏။

مامنهاكذ بة الاماحل بهاعن دين الله

ဆိုလိုသည်မှာ 'ဤလိမ်လည်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ သာသနာကို ထိန်းသိမ်းကာကွယ်ရန် ပြောဆိုခဲ့ခြင်းသာ ဖြစ်သည်။ ဤစာလုံးများဖြင့် كذب သည် အများသုံးအဓိပ္ပာယ်မဟုတ်ဘဲ သီးခြားအလိုသဘောရှိကြောင်း ပေါ်လွင်သွားပေသည်။ ဤဟဒီးစ်တော်နှင့် ပတ်သက်၍ အချို့အချက်များကို 'စူရာဟ်အမ်ဗိယာ'၏ قَالَ بَلْ فَعَلَهُ كَبِيرُهُمْ ဟူသော အာယသ်တော်တွင် တင်ပြခဲ့ပြီးဖြစ်၏။

توريه နှင့် ပတ်သက်၍ တရားတော်၏ အမိန့်ပညတ်ချက်

ထိုအာယသ်တော်များဖြင့် လိုအပ်သည့်နေရာတွင် توريه ပြုပိုင်သည်။ توريه တစ်မျိုးမှာ နှုတ်အားဖြင့် ဖြစ်၏။ ဆိုလိုသည်မှာ အဖြစ်အပျက်နှင့် ဆန့်ကျင်သည့် အပေါ်ယံအလိုသဘောကို ပြောဆိုခြင်းနှင့် အတွင်းအားဖြင့် အဖြစ်အပျက်နှင့် ကိုက်ညီသော စကားကို توريه ဟု ခေါ်ဆိုသည်။ ၎င်းနောက် ဒုတိယ တစ်မျိုးမှာ လုပ်ဆောင်ချက်အားဖြင့် توريه ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ဆောင်သောသူ၏ ရည်ရွယ်ချက်ကို တွေ့မြင်ရသူက တစ်မျိုးထင်၍ လုပ်ဆောင်သူ၏ ရည်ရွယ်ချက်မှာ အမှန်စင်စစ် အခြားဖြစ်နေခြင်း

ကို ခေါ်ဆိုသည်။ ဤကိစ္စရပ်မျိုးကို **ایہام** ဟုလည်း ခေါ်ဆိုပေသည်။ တမန်တော်အီဗ်ရာဟီးမ် ﷺ က ကြယ်များကို ကြည့်ခြင်းမှာ သဖ်စီးရ်ပညာရှင်အများစု၏ အဆိုအရ **ایہام** ဖြစ်၍ မိမိကိုယ်ကို နေမကောင်းဟု ပြောဆိုခြင်းသည် **توریہ** ဖြစ်သည်။ လိုအပ်သည့်အချိန်တွင် **توریہ** ၏ အမျိုးအစားနှစ်ခုစလုံးကို တမန်တော်မြတ် ﷺ ကိုယ်တိုင် ပြုလုပ်ခဲ့ကြောင်း လာရှိထား၏။

တမန်တော်မြတ် ﷺ 'ဟီဂျ်ရသ်'ပြုရန် သွားနေစဉ် မုရှ်ရစ်ကဲ်များက တမန်တော်မြတ် ﷺ အား ရှာဖွေနေကြသည်။ လမ်းခရီးတွင် လူတစ်ဦးက ဟဇရသ်အဘူဘကရ် ﷺ သခင်အား တမန်တော်မြတ် ﷺ နှင့် ပတ်သက်၍ 'ဤသူ မည်သူပါနည်း'ဟု မေးမြန်းရာ ဟဇရသ်အဘူဘကရ် ﷺ က **هو هاديهديني** 'ထိုသူသည် ကျွန်ုပ်၏ လမ်းပြဖြစ်၍ ကျွန်ုပ်ကို လမ်းပြနေခြင်းဖြစ်သည်'ဟု ဖြေကြားလေသည်။ ကြားရသူက ရိုးရိုးသာမန်လမ်းပြသူဟု ထင်မိသည့်အတွက် လွတ်၍ သွားလေသည်။ အမှန်စင်စစ် ဟဇရသ်အဘူဘကရ် ﷺ သခင်၏ ရည်ရွယ်ချက်မှာ တမန်တော်မြတ် ﷺ သည် သာသနာအရ၊ ဝိညာဉ်ပိုင်းဆိုင်ရာအရ လမ်းပြဖြစ်သည်။ ဤသို့ပင် ဟဇရသ်ကအ်ဗ်ဗင်နမာလိက် ﷺ သခင်က ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ သည် 'ဂျီဟားဒ်'အတွက် မဒီနာမှ ထွက်လျှင် သွားလိုသည့်ဘက်သို့ မသွားဘဲ အခြားတစ်ဖက်သို့ သွားလေသည်။ နေရာမှန်ကို လူတို့ မသိနိုင်ရန်အတွက် ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် **توریہ** နှင့် **ایہام** ဖြစ်သည်။ ရယ်ရွှင်ဖွယ်ရာ ပြောဆိုသည့်အချိန်၌လည်း တမန်တော်မြတ် ﷺ **توریہ** လုပ်ခဲ့ကြောင်း လာရှိထား၏။ ရှမာအေလေသိရ်မေဒီကျမ်းတွင် ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ သည် အဘွားအိုတစ်ဦးကို အဘွားအိုများ 'ဂျန္နသ်'သို့ မသွားဟု ရယ်ရွှင်ဖွယ်ရာအနေဖြင့် ပြောဆိုခဲ့သည်။ ဤသည်ကို ကြားနာ၍ ထိုအဘွားအို သောကရောက်သောအခါ တမန်တော်မြတ် ﷺ က အဘွားအိုများ 'ဂျန္နသ်' သို့ မသွားနိုင်ဟူသည့် အလိုသဘောကို ရှင်းပြလေသည်။ အဘွားအိုအဖြစ်နှင့် 'ဂျန္နသ်'သို့ မသွားရဘဲ နုပျိုသူအဖြစ်နှင့် 'ဂျန္နသ်'သို့ သွားရပေမည်။ ကျန်ရှိအာယသ်တော်များ၏ အလိုသဘောကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် လာရှိထားပေသည်။ အဖြစ်အပျက်များ၏ အကျယ်တဝင့်ကို 'စူရာဟ်အမ်ဗီယာ'တွင် တင်ပြခဲ့ပြီး ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَقَالَ إِنِّي ذَاهِبٌ إِلَىٰ رَبِّي سَيَهْدِينِ ﴿٩٩﴾

၃၇ : ၉၉ ။ ။ ထို့နောက် ၎င်း (အီဗ်ရာဟီမ်) သည် (ဤသို့) ပြောကြားခဲ့လေ၏။ 'စေကန်အမှန် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ သွားတော့မည်။ ထိုအသျှင်မြတ်သည် ငါ့အား (လိုရာပန်းတိုင်သို့) အမှန်ပင် ပို့ဆောင်တော်မူပေမည်။

رَبِّ هَبْ لِي مِنَ الصّٰلِحِينَ ﴿١٠٠﴾

၃၇ : ၁၀၀ ။ ။ 'အို့၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်ကောင်း (သား) တစ်ယောက် ချီးမြှင့်ပေးသနားတော်မူပါ။'

فَبَشَّرْنٰهُ بِغُلٰمٍ حَلِيمٍ ﴿١٠١﴾

၃၇ : ၁၀၁ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (အီဗ်ရာဟီမ်) အား သည်းခံခြင်းတရားနှင့် ပြည့်စုံသော သားတော်တစ်ပါး (ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း) ဝမ်းမြောက်ဖွယ်ရာသတင်း ပေးတော်မူခဲ့၏။

فَلَمَّا بَلَغَ مَعَهُ السَّعْيَ
قَالَ يٰبُنَيَّ إِنِّيٓ أَرٰى فِي الْمَنَامِ أَنِّيٓ أَذْبَحُكَ فَانْظُرْ مَاذَا تَرٰى ۚ
قَالَ يٰٓأَبَتِ افْعَلْ مَا تُؤْمَرُ ۖ سَتَجِدُنِيٓ إِنْ شَآءَ اللّٰهُ مِنَ الصّٰبِرِينَ ﴿١٠٢﴾

၃၇ : ၁၀၂ ။ ။ ၎င်းနောက် ထိုသားတော်သည် ၎င်း (အီဗ်ရာဟီမ်) နှင့်အတူ သွားလာ၊ ပြေးလွှားနိုင်သော အရွယ်သို့ ရောက်သောအခါ၊ ၎င်း (အီဗ်ရာဟီမ်) သည် (ဤသို့) ပြောကြားခဲ့လေ၏။ 'အို့၊ ချစ်သား၊ ငါသည် ဧကန်မလွဲ အသင့်အား လှီးဖြတ်နေသည်ကို အိပ်မက်တွင် ဧကန်အမှန် မြင်မက်သည်။ သို့ဖြစ်ပေရာ အသင်သည် မည်သို့ ထင်မြင်ယူဆသည်ကို စဉ်းစားပါလေ။' (ထိုအခါ) ၎င်းသားတော်က 'အို့၊ ဖခမည်းတော်၊ ခမည်းတော်သည် ပေးတော်မူခြင်းခံရသော အမိန့်တော်ကိုသာ လိုက်နာဆောင်ရွက်ပါ။ 'အင်န်ရှာအလ္လာဟ်' (အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူခဲ့ပါက) ဖခမည်းတော်သည် ကျွန်ုပ်အား သည်းခံခြင်းတရား ထားရှိသူတစ်ဦးအဖြစ် အမှန်ပင် တွေ့ရှိရပါလိမ့်မည်'ဟု ပြောကြားခဲ့လေ၏။

فَلَمَّآ أَسْلَمَا وَتَلَّهُ لِلْجَبِينِ ﴿١٠٣﴾

၃၇ : ၁၀၃ ။ ။ ထို့နောက် ၎င်း (သားအဖ) နှစ်ဦးစလုံးသည် (အသျှင်မြတ်၏) အမိန့်တော်ကို လိုက်နာပြီး၊ ယင်း (အီဗ်ရာဟီမ်) သည် (လှီးဖြတ်ရန်) ထိုသားတော်အား မှောက်လျက်လှဲခဲ့သောအခါ။

وَنٰدَيْنٰهُ أَنْ يّٰٓإِبْرٰهِيمُ ﴿١٠٤﴾

၃၇ : ၁၀၄ ။ ။ ငါအသျှင်မြတ်သည် ၎င်းအား (ဤသို့) အသံပြုတော်မူခဲ့၏။ 'အို့၊ အီဗ်ရာဟီမ်။'

قَدْ صَدَّقْتَ الرُّءْيَا ۚ إِنَّا كَذٰلِكَ نَجْزِي الْمُحْسِنِينَ ﴿١٠٥﴾

၃၇ : ၁၀၅ ။ ။ 'ဧကန်မလွဲ အသင်သည် အိပ်မက်ကို အမှန်အကန် ဆောင်ရွက်ခဲ့လေပြီ။ ဧကန်အမှန် ငါအသျှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးလေ့ ရှိတော်မူ၏။'

إِنَّ هَٰذَا لَهُوَ الْبَلَٰٓؤُا الْمُبِينُ ﴿١٠٦﴾

၃၇ : ၁၀၆ ။ ။ ကေန်မလွဲ ဤသည် ထင်ရှားလှစွာသော စမ်းသပ်မှုတစ်ရပ် အမှန်ပင် ဖြစ်၏။

وَفَدَيْنَٰهُ بِذِبْحٍ عَظِيمٍ ﴿١٠٧﴾

၃၇ : ၁၀၇ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် ကြီးကျယ်မြင့်မြတ်လှစွာသော သတ်ဖြတ်အပ်သည့် သားကောင်တစ်ကောင် ဖြင့် (အစားထိုး၍) ထိုသားတော်အား ရွေးယူတော်မူခဲ့၏။

وَتَرَكْنَا عَلَيْهِ فِي الْاٰخِرِينَ ﴿١٠٨﴾

၃၇ : ၁၀၈ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် နောက်လာနောက်သားတို့တွင် ယင်း (အီဗ်ရာဟီမ်) နှင့် ပတ်သက်၍ (၎င်းအား ကောင်းမွန်စွာ သတိရခြင်းကို) ရှိစေတော်မူခဲ့၏။

سَلَٰمٌ عَلَىٰٓ إِبْرَٰهِيمَ ﴿١٠٩﴾

၃၇ : ၁၀၉ ။ ။ အီဗ်ရာဟီမ်၏ အပေါ်ဝယ် 'စလာမ်' ချမ်းမြေ့သာယာမှုသည် ကျရောက်ပါစေ။

كَذَٰلِكَ نَجْزِي الْمُحْسِنِينَ ﴿١١٠﴾

၃၇ : ၁၁၀ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးလေ့ ရှိတော်မူ၏။

إِنَّهُۥ مِنْ عِبَادِنَا الْمُؤْمِنِينَ ﴿١١١﴾

၃၇ : ၁၁၁ ။ ။ ကေန်စင်စစ် ၎င်း (အီဗ်ရာဟီမ်) သည် ငါအသျှင်မြတ်၏ မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သော ကျွန်တို့အနက် (တစ်ဦး) အပါအဝင်ဖြစ်၏။

وَبَشَّرْنَٰهُ بِإِسْحَٰقَ نَبِيًّا مِّنَ الصَّٰلِحِينَ ﴿١١٢﴾

၃၇ : ၁၁၂ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (အီဗ်ရာဟီမ်) အား အီစ်ဟာက်နှင့် ပတ်သက်၍ နဗီတမန်တော် တစ်ပါး၊ သူတော်ကောင်းတစ်ပါး ဖြစ်မည့်အကြောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို မိန့်ကြားတော်မူခဲ့၏။

وَبَٰرَكْنَا عَلَيْهِ وَعَلَىٰٓ إِسْحَٰقَ ۚ وَمِن ذُرِّيَّتِهِمَا مُحْسِنٌ وَظَالِمٌ لِّنَفْسِهِۦ مُبِينٌ ﴿١١٣﴾

၃၇ : ၁၁၃ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (အီဗ်ရာဟီမ်) ၏ အပေါ်၌လည်းကောင်း၊ အီစ်ဟာက်၏ အပေါ်၌ လည်းကောင်း ချမ်းမြေ့သာယာမှုကို ချပေးသနားတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့နှစ်ဦး၏ သားမြေးတို့အနက်တွင် သူတော်ကောင်း လည်း ရှိ၏။ မိမိကိုယ်ကို မိမိ အထင်အရှား နှိပ်စက်ကလူ ပြုသူလည်း ရှိချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အီဗ်ရာဟီးမ် ﷺ သည် (မိမိမျိုးနွယ်ဝင်များမှ အီမာန်သက်ဝင်ယုံကြည်ရန် မျှော်လင့်ချက်ကင်းပြီးနောက်) ကျွန်ုပ်မှာ (အသင်တို့မှ 'ဟီဂ်ျရသ်'ပြု၍) မိမိအလ္လာဟ်အသျှင်မြတ်၏ လမ်းတွင် အခြားတစ်နေရာသို့ ထွက်သွားမည်။ ထိုအသျှင်မြတ်သည် ကျွန်ုပ်ကို (ကောင်းသောနေရာသို့) ပို့ဆောင်ပေးလိမ့်မည်'ဟု ပြောဆို၏။ (သို့ရှိရာ ရှားမ်နိုင်ငံဘက်သို့ ရောက်ရှိသွား၏။ ထို့နောက်) 'အို, ကျွန်ုပ်၏ အသျှင်၊ ကျွန်ုပ်ကို ထက်မြတ်သော သားတော်တစ်ပါး ချီးမြှင့်ပါ'ဟု (ဒိုအာပြုခဲ့၏။) သို့ရှိရာ 'ငါအသျှင်မြတ်သည် ၎င်းကို ခံနိုင်ရည်တရားရှိသော သားတော်တစ်ပါး ချီးမြှင့်မည်'ဟု သတင်းကောင်းပေးလေ၏။ (၎င်းနောက် ထိုသားတော်အား မွေးဖွားလေသည်။ ၎င်းသားတော်သည် လိမ္မာပါးနပ်သူဖြစ်၏။) ထိုသားတော်လေးသည် တမန်တော်အီဗ်ရာဟီးမ် ﷺ နှင့်အတူ လှည့်လည်သွားလာနိုင်မည့် အရွယ်ရောက်သောအခါ တမန်တော်အီဗ်ရာဟီးမ် ﷺ (အိပ်မက်တစ်ခု မြင်မက်လေသည်။ 'ငါသည် ဤသားတော်လေးကို အလ္လာဟ့်အမိန်ဖြင့် 'ဇဗာဟ်' ပြုနေ၏။ လည်ပင်း ပြတ်၊ မပြတ် မတွေ့ရပေ။' နိုးလာသည်နှင့် အလ္လာဟ်အမိန့်ဟု နားလည်၏။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်တို့၏ အိပ်မက်သည် 'ဝဟီ' ဖြစ်၍ အမိန့်နာခံရန် အသင့်ဖြစ်သွား၏။ တစ်ဖန် 'ငါ၏ သားတော်လေးမှာ ဤအမိန့်နှင့် ပတ်သက်၍ မည်သို့ ဆန္ဒရှိသည်ကို အသိပေးရန် အရေးကြီးသည်'ဟု နားလည်လေသည်။ ထို့ကြောင့် သားတော်ကို) 'အို, ချစ်သား၊ ငါသည် အသင့်ကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖြင့် 'ဇဗာဟ်'လုပ်သည်ဟု မြင်တွေ့လေသည်။ အသင် မည်သို့ ဆန္ဒရှိသည်ကို စဉ်းစားပါလေ'ဟု ပြောဆို၏။ သားတော်က 'အို, ချစ်လှစွာသော ဖခင်၊ (ထိုကိစ္စတွင် ကျွန်ုပ်ကို မေးရန်မလို။ ဖခင်ကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အမိန့်ပေးလေရာ) အမိန့်ရှိတော်မူသည့်အတိုင်း (စနိုးစနောင့် မဖြစ်ဘဲ) ပြုလုပ် နာခံပါလေ။ 'အင်ရှာအလ္လာဟ်' ဖခင်မှ ကျွန်ုပ်ကို သည်းခံသူများအနက်မှ မြင်တွေ့ရပေမည်။'

အချုပ်ဆိုရသော် သားအဖနှစ်ဦးစလုံးမှာ (အလ္လာဟ်အမိန့်ကို) လက်ခံလေသည်။ ဖခင်မှ သားတော်ကို 'ဇဗာဟ်'ပြုရန် လဲလျောင်း၍ (လည်ပင်းကို လှီးမည့်အချိန်) ငါအသျှင်မြတ်မှ ၎င်းတို့ကို 'အို, အီဗ်ရာဟီးမ်၊ အသင်သည် အိပ်မက်ကို အမှန်အတိုင်း ပြုလုပ်ခဲ့လေပြီ'ဟု အသံပြု၏။ (ဆိုလိုသည်မှာ အိပ်မက်၌ ပေးသော အမိန့်ကို မိမိဘက်မှ အပြည့်အဝ ကျင့်သုံးခဲ့လေပြီ။ ယခု ငါအသျှင်မြတ်သည် ထိုအမိန့်ကို ပယ်ဖျက်လိုက်၍ သားတော်လေးကို လွှတ်ပေးလိုက်ပါ၏။ တမန်တော်အီဗ်ရာဟီးမ် ﷺ က လွှတ်လိုက်သည့်အတွက် အသက်ဘေးမှ ချမ်းသာရလေသည်။ ၎င်းနောက် ထပ်ဆင့်၍ မြင့်မားသော အဆင့်အတန်းများ ချီးမြှင့်ခြင်း ခံရလေသည်။) ငါအသျှင်မြတ်သည် စိတ်နှလုံး ဖြူစင်သူများကို ဤသို့ပင် အစားပေးတော်မူသည်။ (နှစ်ဘဝနှစ်ဌာနစလုံးတွင် အေးချမ်းမှုကို ၎င်းတို့အား ချီးမြှင့်ခဲ့၏။)

စေကန်စင်စစ် ဤသည် ကြီးကျယ်သော စမ်းသပ်မှုဖြစ်၍ (ပြည့်ဝသည့် စိတ်နှလုံးသားပိုင်ရှင်များမှလွဲ၍ အခြားသူများ ခံနိုင်ရည်မရှိပေ။ သို့ရှိရာ ငါအသျှင်မြတ်သည် စမ်းသပ်မှုတွင် အပြည့်အဝ လိုက်နာ

သူတို့အပေါ် အလွန်ကြီးမားသည့် အစားပေးတော်မူမည်။ ဤစမ်းသပ်မှုတွင် အီဗ်ရာဟီးမ် عليه السلام နှင့်အတူ အီစ်မာအီးလ် عليه السلام လည်း ပါဝင်ပေသည်။ ထို့ကြောင့် အစားပေးမှုတွင်လည်း နဗီတမန်တော်နှစ်ပါးစလုံး ပါဝင်မည်ဖြစ်သည်။) ၎င်းနောက် ငါအသျှင်မြတ်သည် ကြီးသော သားကောင်တစ်ကောင်အား အစားအဖြစ် ချီးမြှင့်ခဲ့သည်။ (အီဗ်ရာဟီးမ် عليه السلام ကို ထိုသားကောင်အား 'ဇဗာဟ်'ပြုစေခဲ့၏။) ငါအသျှင်မြတ်သည် ဤကိစ္စရပ်များကို နောင်လာနောက်သားများအတွက် ထားရှိလေသည်။ အီဗ်ရာဟီးမ် عليه السلام အပေါ် ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေ။ (ထို့ကြောင့် အီဗ်ရာဟီးမ် عليه السلام ၏ အမည်နှင့်အတူ (عليه السلام) ဟု ပြောဆိုကြရလေသည်။) ငါအသျှင်မြတ်သည် စိတ်စေတနာဖြူစင်သူများကို ဤသို့ပင် အစားပေးလေ၏။ (ထိုသူများကို ဒိုအာများနှင့် ငြိမ်းချမ်းသာယာမှုများ၏ ဌာနချုပ်ဖြစ်စေခဲ့၏။) မုချကေန် ထိုနဗီတမန်တော်တို့သည် ငါအသျှင်မြတ်အပေါ် သက်ဝင်ယုံကြည်သူများ၌ ပါဝင်၏။ ငါအသျှင်မြတ်၏ ချီးမြှင့်မှုများထဲမှ တစ်ခုမှာ ၎င်းတို့ကို အစ္စဟားက် عليه السلام ၏ သတင်းကောင်း ပေးခဲ့လေသည်။ နဗီဖြစ်၍ သူမွန်သူမြတ်များထဲ၌ ပါဝင်မည်။ ငါအသျှင်မြတ်သည် အီဗ်ရာဟီးမ် عليه السلام နှင့် အီစ်ဟာက် عليه السلام အပေါ် 'ဗရ်ကသ်' မင်္ဂလာများ ချပေးခဲ့၏။ (ထို 'ဗရ်ကသ်'မင်္ဂလာများထဲမှ တစ်ခုမှာ ၎င်းတို့၏ မျိုးရိုးကို ပြန့်ပွားစေခဲ့၏။ ထိုမျိုးရိုးတွင် မြောက်မြားစွာသော နဗီတမန်တော်များ ပေါ်ထွန်းခဲ့၏။) ထိုနှစ်ပါး၏ မျိုးနွယ်ဝင်များမှာ အချို့မှာ လူကောင်းများဖြစ်၍ အချို့မှာ ဆိုးသွမ်းမှုများကြောင့် ပေါ်လွင်ထင်ရှားသည့် ဆုံးရှုံးမှုများကို ပြုသူများလည်း ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

သားတော်အား 'ကုရ်ဘာနီ' ပြုလုပ်သည့် အကြောင်း

ဤအာယသ်တော်များတွင် တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ မွန်မြတ်သည့် သက်တမ်းမှ ကြီးမားသော ဒုတိယအဖြစ်အပျက်တစ်ခုကို တင်ပြထား၏။ ဤအဖြစ်အပျက်ကြောင့် တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်အတွက် မိမိ၏ တစ်ဦးတည်းသော သားလေးကို 'ကုရ်ဘာနီ'ပြုခဲ့၏။ အဖြစ်အပျက်၏ အခြေခံအားဖြင့် အကြောင်းအရာများ၏ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ပေါ်လွင်နေ၏။ အချို့ သမိုင်းဝင်သည့် အချက်များ၏ ရှင်းလင်းချက်ကို အာယသ်တော်၏ သဖ်စီးရ်၌ တင်ပြပေမည်။

وَقَالَ اِنِّىْ ذَاهِبٌ اِلٰى رَبِّىْ

၎င်းနောက် တမန်တော်အီဗ်ရာဟီးမ် عليه السلام က 'ငါသည် မိမိ၏ အသျှင်မြတ်ဘက်တော်သို့ သွားမည်' ဟု ပြောဆိုလေသည်။ ဤစကားကို တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် မိမိမျိုးနွယ်ဝင်များကို အီမာန်မှ မျှော်လင့်ချက်ကင်းသည့် အချိန်၌ ပြောဆိုခြင်းဖြစ်သည်။ ထိုနေရာတွင် တမန်တော်ကြီး၏ တူ ဟဇရသ် လူးသ် عليه السلام မှလွဲ၍ မည်သူမှ အီမာန်မယူခဲ့ကြပေ။ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ သွားမည်ဟူသော

အလိုသဘောမှာ 'ကုဖွရ်'မြို့ကို လွှတ်၍ မိမိအသျှင်မြတ်ကို ခဝပ်ကိုးကွယ်နိုင်သည့် အလ္လာဟ်အသျှင်မြတ် အမိန့်ပေးတော်မူသော မြို့ဘက်သို့ သွားမည်ဟူ၍ ဖြစ်သည်။ သို့ရှိရာ မိမိ၏ ဇနီး ဟဇရသ်စာရဟ်၊ မိမိ၏တူ ဟဇရသ်လူးသွ် عليه السلام အား ခေါ်၍ ခရီးစတင်လေသည်။ အီရတ်နိုင်ငံ၏ နေရာများစွာကို ကျော်ဖြတ်ပြီး နောက်ဆုံး ဆီရီးယားနိုင်ငံဘက်သို့ ကြွမြန်းသွားလေသည်။ ဤအချိန်အထိ တမန်တော်အီဗ်ရာဟီးမ် عليه السلام ၌ သားသမီး မရှိပေ။ ထို့ကြောင့် တမန်တော်အီဗ်ရာဟီးမ် عليه السلام မှ သားဆုပန်သည့် ဒိုအာကို ရှေ့လာမည့် အာယသ်တော်များ၌ တင်ပြထားသည်။ ဆိုလိုသည်မှာ-

رَبِّ هَبۡ لِیۡ مِنَ الصّٰلِحِیۡنَ

'အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ မွန်မြတ်သော သားတော်တစ်ပါး ချီးမြှင့်ပေးသနားတော်မူပါ။'

ဤဒိုအာကို အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူ၍ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ သားတော်တစ်ပါး မွေးဖွားလာမည့်အကြောင်း သတင်းကောင်းပေးလေသည်။

فَبَشَّرۡنٰهُ بِغُلٰمٍ حَلِیۡمٍ

သို့ရှိရာ ငါအသျှင်မြတ်သည် ထိုနဗီတမန်တော်ကို ခံနိုင်ရည်ပြည့်ဝသော သားတော်တစ်ပါး၏ သတင်းကောင်းကို ချီးမြှင့်လေသည်။

حليم ဟု မိန့်တော်မူ၍ မွေးဖွားလာမည့် ကလေးသည် လောကတွင် ပမာပြဖွယ်ရာ မရှိအောင်ပင် 'မိမိသက်တမ်းတွင် သည်းခံထိန်းချုပ်၍ ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်းဘက်သို့ ရည်ညွှန်းထားသည်။ ထိုသားတော် မွေးဖွားသည့် အဖြစ်အပျက်မှာ ဤသို့ ဖြစ်၏။ ဟဇရသ်စာရဟ်သခင်မသည် ဤသို့ စဉ်းစားလေသည်။ 'ငါသည် ကလေး မမွေးသည့်အတွက် အမြဲဖြစ်သည်။' မစ်ဆစ်ရ်နိုင်ငံ၏ ဘုရင်မှ ဟဇရသ်စာရဟ်သခင်မအား မိမိ၏သမီး ဟာဂျေရဟ်ကို ပြုစုရန် ပေးလေသည်။ ဤဟာဂျေရဟ်ကို ဟဇရသ်စာရဟ်သခင်မက တမန်တော်အီဗ်ရာဟီးမ် عليه السلام အား ပေးလေသည်။ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام သည် ၎င်းနှင့် 'နေကာဟ်' ပြု၍ ၎င်း၏ဝမ်းဗိုက်မှ သားတော်လေး မွေးဖွားရာ အီစ်မာအီးလ် عليه السلام ဟု အမည်မှည့်ခေါ်လေသည်။

فَلَمَّا بَلَغَ مَعَهُ السَّعۡیَ قَالَ یٰبُنَیَّ اِنِّیۡۤ اَرٰی فِی الۡمَنَامِ اَنِّیۡۤ اَذۡبَحُکَ

ထိုသားတော်လေးသည် အီဗ်ရာဟီးမ် عليه السلام နှင့်အတူ လှည့်လည် သွားလာနိုင်သည့် အချိန်၌ အီဗ်ရာဟီးမ် عليه السلام က 'အို၊ ချစ်သား၊ ငါသည် အသင့်အား လည်လှီးသည်ဟု အိပ်မက်တွင် မြင်မက်လေသည်' ဟု ပြောကြားခဲ့၏။ အချို့ဆင့်ပြန်ချက်များအရ ဤအိပ်မက်ကို တမန်တော်အီဗ်ရာဟီးမ် عليه السلام အား (၃) ရက် ဆက်တိုက် မြင်မက်ခဲ့သည်ဟု သိရှိရသည်။ နဗီတမန်တော်တို့၏ အိပ်မက်သည် 'ဝဟီ'ဖြစ်သည်မှာလည်း သေချာသောအရာ ဖြစ်၏။ ထို့ကြောင့် ၎င်းအိပ်မက်၏ သဘောမှာ အလ္လာဟ်အသျှင်မြတ်မှ

တမန်တော်အီဗ်ရာဟီးမ် عليه السلام ကို မိမိ၏ တစ်ဦးတည်းသော ကလေးအား လည်လှီးရန် အမိန့်ပေးခြင်းပင် ဖြစ်၏။ ဤအမိန့်ကို ဖရစ်ရှ်သာဟ်တစ်ပါးဖြင့် တိုက်ရိုက်ပေးနိုင်သော်လည်း အိပ်မက်ဖြင့် ပြဆိုရခြင်းမှာ တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ အမိန့်နာခံခြင်း ပြည့်ဝပေါ်လွင်စေရန် ဖြစ်သည်။ အိပ်မက်ဖြင့်ပေးသော အမိန့်များကို လူသား၏ စိတ်တွင်း၌ အမျိုးမျိုး တွေးနိုင်လေသည်။ သို့သော် တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် လှီးလွဲတွေးခေါ်သည့် နည်းလမ်းကို မရွေးဘဲ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ရှေ့တွင် ဝပ်တွားလက်ခံခဲ့သည်။ ထို့ပြင် ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်၏ မူရင်းရည်ရွယ်ချက်မှာ တမန်တော်အီစ်မာအီးလ် عليه السلام ကို လည်လှီးခံစေရန်မဟုတ်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام ကိုလည်း လည်လှီးစေရန် မဟုတ်ပေ။ အမိန့်တော်၏ အလိုသဘောမှာ မိမိဘက်မှ လည်လှီးရန် အစီအစဉ် အပြည့်အဝ ပြုလုပ်ရန် လည်လှီးရန် ရည်ရွယ်ပါ။ ဤအမိန့်တော်ကို နှုတ်ဖြင့်ပေးလျှင် စမ်းသပ်ရာမရောက်သည့်အတွက် သားတော်ကို လည်လှီးနေသည်ဟု အိပ်မက်တွင် ပြသခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို တမန်တော်အီဗ်ရာဟီးမ် عليه السلام မှ လည်လှီးရန် အမိန့်ပေးသည်ဟု သဘောပေါက်ခဲ့သည်။ ၎င်းနောက် လည်လှီးရန် အသင့် ဖြစ်သွားလေသည်။ ဤသို့ဖြင့် စမ်းသပ်မှုလည်း ပြီးမြောက်၍ အိပ်မက်လည်း မှန်ကန်သွားပေသည်။ ဤအမိန့်ကို နှုတ်ဖြင့်ပေးလျှင် စမ်းသပ်ရာ မရောက်သလို အမိန့်ပြီးနောက် ပယ်ဖျက်မှုလည်း မဖြစ်နိုင်ပေ။ ဤစမ်းသပ်မှု မည်မျှ ပြင်းထန်ကြောင်း ရည်ညွှန်းရန် အလ္လာဟ်အသျှင်မြတ်သည်

فَلَمَّا بَلَغَ مَعَهُ السَّعْىَ

ဟူသော စကားလုံးများ တိုးထားလေသည်။ ဆိုလိုသည်မှာ မျှော်လင့်ချက်များဖြင့် တောင်းခံထားသော ထိုသားတော်လေးကို 'ကုရ်ဘာနီ' ပြုခိုင်းသော အချိန်၌ သားတော်လေးသည် မိမိဖခင်နှင့် လှည့်လည်သွားလာနိုင်သည့်အချိန် ဖြစ်သည်။ ကျွေးမွေးပြုစုရသည့် ဒုက္ခများခံ၍ ဖခင်၏ အားထားမှီခိုရမည့်အချိန် ရောက်သောအခါ၌ ဖြစ်သည်။ ထိုအချိန်တွင် ဟဇရတ်အီစ်မာအီးလ် عليه السلام ၏ အသက်သည် (၁၃) နှစ်ဖြစ်သည်ဟု ဆိုကြပြီး၊ အချို့ပညာရှင်များက အရွယ်ရောက်ပြီးဖြစ်သည်ဟု ဆိုကြလေသည်။ *[သဖ်စီးရ်ကျမ်း]*

فَانْظُرْ مَا ذَا تَرٰى

'အသင် မည်သို့ ဆန္ဒရှိသည်ကို စဉ်းစားပါ။'

တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် သားတော် အီစ်မာအီးလ် عليه السلام ကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံရာတွင် သံသယရှိသောကြောင့် မဟုတ်ဘဲ မိမိသားတော်ကို စမ်းသပ်လို၍ ဖြစ်သည်။ သားတော်သည် ဤစမ်းသပ်မှုတွင် မည်မျှ ခံနိုင်ရည်ရှိသနည်း။ အခြားနဗီတမန်တော်များ၏ နည်းလမ်းမှာလည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံရန် အမြဲတစေ အသင့်ရှိနေကြ၏။ သို့သော် အမိန့်နာခံရန်အတွက် အမြော်အမြင်နှင့် လွယ်ကူမှုအပေါ် အခြေခံသည့် နည်းလမ်းကို အမြဲတစေရွေးချယ်ကြ၏။ အကယ်၍ တမန်တော်အီဗ်ရာဟီးမ် عليه السلام မှ မည်သို့မျှ မပြောဆိုဘဲ သားတော်ကို 'ဇဗာဟ်'ပြုလျှင် နှစ်ဦးစလုံးအတွက်

ခက်ခဲနိုင်ပေသည်။ ယခု တမန်တော်အီဗ်ရာဟီးမ် ﷺ မှ တိုင်ပင်သည့်ပုံစံဖြင့် သားတော်ကို တင်ပြရခြင်း မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို အလျင် သိရှိရ၍ လည်လိုးခြင်း၏ ဒုက္ခကို ခံနိုင်စေရန် ကနဦးကတည်းက အသင့်ရှိနေစေရန်အတွက် ဖြစ်သည်။ အကယ်၍ သားတော်၏ နှလုံးသားထဲတွင် တွေဝေနေလျှင်လည်း သဘောပေါက်စေရန် ရှင်းပြနိုင်ပေမည်။ သို့သော် သားတော်သည်လည်း အလ္လာဟ် အသျှင်မြတ်၏ မိတ်ဆွေ၏ သားတော်ဖြစ်သည်။ ကိုယ်တိုင် ရစူလ်၏ ရာထူးချီးမြှင့်ခံရမည့်သူ ဖြစ်သည်။ အဖြေတွင်

يَآ اَبَتِ افْعَلْ مَاتُؤْمَرُ

'အို့၊ ဖခင်၊ အလ္လာဟ်အသျှင်မြတ် ပေးတော်မူသော အမိန့်တော်အတိုင်း ပြုလုပ်ပါလေ။'

ဤသို့ဖြင့် တမန်တော်အီစ်မာအီးလ် ﷺ သည် အနှိုင်းမဲ့သည့် သက်စွန့်ရဲသော စိတ်ဓါတ်၏ သက်သေအထောက်အထားပင် ဖြစ်၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်က ငယ်ရွယ်၍ ဉာဏ်ရည်ထက်မြက်သော သာသနာ့ပညာရပ်များ ချီးမြှင့်ခဲ့ကြောင်းလည်း သိရှိရ၏။ တမန်တော်အီဗ်ရာဟီးမ် ﷺ သည် သားတော်၏ ရှေ့တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို မရည်ညွှန်းဘဲ အိပ်မက်တစ်ခုအဖြစ်သာ တင်ပြခဲ့၏။ သို့သော် တမန်တော်အီစ်မာအီးလ် ﷺ သည် နဗီတို့၏ အိပ်မက်သည် 'ဝဟီ' ဖြစ်ကြောင်း နှင့် ဤအိပ်မက်သည် ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်တစ်မျိုးဖြစ်ကြောင်း သိရှိသွားလေသည်။ သို့ရှိရာ အဖြေတွင် အိပ်မက်အစား အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဟု ပြောဆိုခဲ့၏။

وحى غير متلو ၏ အထောက်အထားဖြစ်ခြင်း

ဤနေရာတွင် ဟဒီးစ်ငြင်းပယ်သူတို့ကို ပေါ်လွင်စွာ ဆန့်ကျင်ထားပေသည်။ ၎င်းတို့သည် 'ဝဟီ ယေဂိုင်းရ်မသ်လူးအ်' ၏ တည်ရှိမှုကို လက်မခံကြပေ။ ၎င်းတို့က 'ဝဟီ' ဆိုသည်မှာ ကောင်းကင်ကျမ်းများသာ ဖြစ်၍ အခြားအမျိုးအစားမရှိပေဟု ပြောဆိုကြသည်။အသင်တို့ သိရှိပြီးကြသည့်အတိုင်း တမန်တော်အီဗ်ရာဟီးမ် ﷺ ကို သားတော်၏ 'ကုရ်ဘာနီ' အတွက် အိပ်မက်ဖြင့် အမိန့်ပေးတော်မူခဲ့၏။ ၎င်းနောက် တမန်တော် အီစ်မာအီးလ် ﷺ သည် ပေါ်လွင်သော စာလုံးများဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဟု သတ်မှတ်၏။ အကယ်၍ 'ဝဟီယေဂိုးင်ရ်မသ်လူးအ်' သည် မည်သည့်အရာမှ မဟုတ်လျှင် ဤအမိန့်သည် မည်သည့် ကောင်းကင်ကျမ်းတွင် ရှိခဲ့သနည်း။

တမန်တော်အီစ်မာအီးလ် ﷺ သည် မိမိဘက်မှ မိမိဖခင်အား ဤကဲ့သို့ ယုံကြည်စေခဲ့လေသည်။

سَتَجِدُنِىٓ اِنْشَآءَ اللّٰهُ مِنَ الصّٰبِرِيْنَ

'အင်န်ရှာအလ္လာဟ်' ဖခင်မှ ကျွန်ုပ်ကို သည်းခံသူများထဲတွင် ပါဝင်ကြောင်းတွေ့ရပေမည်။ ဤအာသ် တော်တွင် တမန်တော်အီစ်မာအီးလ် ﷺ ၏ ရိုသေလွန်းမှုနှင့် ကျိုးငံ့လွန်းမှုကို ကြည့်ပါ။

အချက်တစ်ချက်မှာ 'အင်န်ရှာအလ္လာဟ်'ဟု ဆို၍ ကိစ္စရပ်ကို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အပ်နှံလိုက်၏။ ဤကတိတော်ပေးခြင်းတွင် မိမိကိုယ်ကို ကြွေးကြော်သည့်ပုံစံ ဖြစ်ပေါ်စေသည့်အတွက် အလ္လာဟ်အသျှင်မြတ်အား အပ်နှံ၍ ရှင်းလင်းပစ်လိုက်သည်။

ဒုတိယအချက်မှာ 'ကျွန်ုပ်ကို သည်းခံသူအဖြစ် တွေ့ရပါလိမ့်မည်'ဟု ပြောဆိုနိုင်ပေသည်။ သို့သော် ဤသို့ မပြောဆိုဘဲ သည်းခံသူများထဲမှ ကျွန်ုပ်ကို တွေ့ရလိမ့်မည်ဟု ဆိုခဲ့သည်။ ဤအချက်ဖြင့် သည်းခံထိန်းချုပ်သော အရည်အချင်းသည် ကျွန်ုပ်တစ်ဦးတည်း၌ မဟုတ်။ လောကရှိ အခြားသူများသည်လည်း သည်းခံနိုင်ကြသည်။ 'အင်န်ရှာအလ္လာဟ်' ကျွန်ုပ်သည်လည်း ထိုသူများထဲသို့ ပါဝင်ပေလိမ့်မည်။ ဤသို့ဖြင့် တမန်တော်အီစ်မာအီးလ် عليه السلام သည် မိမိကိုယ်ကို စကားဖြင့် မာနထောင်လွှားမှု၊ မိမိကိုယ်ကို မိမိ အထင်ကြီးမှု၊ တစ်ကိုယ်တည်း စွမ်းအားရှိမှုဟူသော အချက်တို့ကို အနည်းငယ်မျှမထားဘဲ အစွန်းဆုံးအထိ ချိုးနှိမ့်ကျိုးငဲ့မှုကို တင်ပြခဲ့သည်။ ဤအချက်ဖြင့် လူသားသည် မာနထောင်လွှားမှု ပါဝင်သည့် မည်သည့် ကြွေးကြော်မှုမှ မပြုသင့်ကြောင်း သင်ခန်းစာပေးထားပေသည်။ အကယ်၍ ကိစ္စရပ်တစ်ခု ပြောဆိုရမည် ဆိုလျှင် စကားလုံးများကို ဤသို့ ရွေးချယ်သင့်ပေသည်။ အလ္လာဟ်မှလွဲ၍ မိမိကိုယ်မိမိ ယုံကြည်လွန်းသော စကားများမှ ရှောင်ရှားရမည်။ အတတ်နိုင်ဆုံး ကျိုးငဲ့မှုကို လက်မလွှတ်ရပေ။

فَلَمَّآ اَسْلَمَا သို့ရှိရာ နှစ်ဦးစလုံး ဦးညွှတ်သွားကြသည်။ اَسْلَمَ ၏ အဓိပ္ပာယ်မှာ 'ဦးညွှတ်ခြင်း၊ အမိန့်နာခံခြင်း'ဖြစ်၍ အလိုသဘောမှာ အလ္လာဟ်အမိန့်တော်၏ ရှေ့၌ ဦးညွှတ်သွားကြသည်။ ဆိုလိုသည်မှာ ဖခင်သည် သားကို လည်လှီးရန်နှင့် သားသည် လည်လှီးခံရန် ဆုံးဖြတ်လိုက်ကြသည်။ ဤနေရာတွင် لَمَّا စာလုံးသုံးထား၍ ထိုစာလုံး၏ အဖြေမပါရှိပေ။ ဆိုလိုသည်မှာ အဖြစ်အပျက်ပြီးနောက် ဆက်လက်၍ မည်သို့ဖြစ်သည်ကို မတင်ပြထားပေ။ ဤအချက်ဖြင့် သားအဖနှစ်ဦး၏ စွန့်လွှတ် အနစ်နာခံခြင်းသည် အံ့သြဖွယ်ရာနှင့် ရှားပါးလွန်းသည့်အတွက် စကားလုံးများဖြင့် တင်ပြရန် မရှိကြောင်း ရည်ညွှန်းထားပေသည်။ အချို့သမိုင်းနှင့် သဖ်စီးရ်ဆိုင်ပြန်ချက်များဖြင့် သိရှိရသည်မှာ ရှိုက်သွာန်သည် (၃) ကြိမ်တိုင်တိုင် တမန်တော် အီဗ်ရာဟီးမ် عليه السلام ကို လှည့်ဖြားရန် ကြိုးစားခဲ့သည်။ အကြိမ်တိုင်းတွင် တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ခဲ (၇) လုံး ပေါက်၍ နှင်ထုတ်ခဲ့သည်။ 'မေနာ'တွင် ယနေ့တိုင် 'ဂျမ်ရဟ်' (၃) ခုကို ဤချစ်ဖွယ်လုပ်ရပ်ကို သတိရသည့်အနေဖြင့် ခဲပေါက်ကြခြင်း ဖြစ်သည်။ နောက်ဆုံး၌ သားအဖနှစ်ဦးစလုံးသည် ဤအံ့သြဖွယ်ရာ 'အေဗာဒသ်'ကို ပြုရန်အတွက် 'ကုရ်ဘာနီ'ပြုမည့်နေရာသို့ ရောက်ရှိသော တမန်တော်အီစ်မာအီးလ် عليه السلام မှ ဖခင်အား 'အို့၊ ဖခင်၊ ကျွန်ုပ်ကို ကောင်းစွာ ကြိုးချည်လိုက်ပါ။ မရုန်းထွက်နိုင်ရန်အတွက် ဖြစ်သည်။ ဖခင်၏ အဝတ်များကို သေချာစွာ ထိန်းသိမ်းပါ။ ကျွန်ုပ်၏ သွေးစက်များလူးထိလျှင် အကျိုးကုသိုလ်များ လျော့နည်းသွားပေလိမ့်မည်။ ထို့ပြင် ကျွန်ုပ်မိခင်မှ သွေးများ တွေ့မြင်သွားလျှင် ပူဆွေးဝမ်းနည်းလိမ့်မည်။ ဓါးအားလည်း ထက်မြက်အောင် သွေးလိုက်ပါလေ။ ၎င်းနောက် ကျွန်ုပ်၏ လည်ပင်းပေါ်တွင် အလျင်အမြန် လှီးဖြတ်ပါ။ သို့မှသာ ကျွန်ုပ်၏ အသက်သည် လွယ်ကူစွာ ထွက်သွားပေမည်။ အဘယ်ကြောင့်ဆိုသော်

သေခြင်းတရားသည် အလွန်ပြင်းထန်လေသည်။ ကျွန်ုပ်၏ မိခင်ထံသို့ ရောက်ရှိလျှင် ကျွန်ုပ်ဘက်မှ 'စလာမ်'ဟု ပြောဆိုလိုက်ပါ။ အကယ်၍ ဖခင်မှ ကျွန်ုပ်၏ အင်္ကျီကို မိခင်ထံ ယူဆောင်သွားလိုလျှင် ယူဆောင်သွားပါ။ ထိုအင်္ကျီဖြင့် ကျွန်ုပ်၏ မိခင်မှ ဖြေသိမ့်နိုင် လိမ့်မည်။ တစ်ဦးတည်းသော သားလေး နှုတ်မှ ဤကဲ့သို့သော စာလုံးများကို ကြား၍ ဖခင်တစ်ဦး၏ နှလုံးသားတွင်းဝယ် မည်သို့ ဖြစ်မည်နည်း။ သို့သော် တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ အမိန့်နာခံမှုအပေါ် ခိုင်မြဲတည်တံ့မှုသည် တောင်ကြီးတစ်ခုပမာ ဖြစ်၍ အဖြေပေးသည်မှာ 'အို၊ သားတော်၊ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို အပြည့်အဝ နာခံနိုင်ရန် အလွန်ကောင်းသည့် ကူညီသူဖြစ်သည်ဟု ဆို၍ သားတော်ကို နမ်းရှုံ့လေသည်။ မျက်လုံးတွင် မျက်ရည်များဖြင့် ပြည့်နှက်နေ၍ သားတော်ကို ကြိုးဖြင့် ချည်နှောင်လေသည်။

وَتَلَّهُ لِلْجَبِينِ

၎င်းကို နဖူးဖြင့် မြေကြီးပေါ်တွင် အိပ်စေခဲ့သည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က ၎င်း၏ အလိုသဘောကို ဆင့်ပြန်ထားသည်မှာ ၎င်းကို ဘေးစောင်းလှဲစေ၍ နဖူး၏ တစ်ဖက်သည် မြေကြီးကို ထိနေပေသည်။ အဘိဓါန်အရ **جَبِين** နဖူး၏ ဘေးနှစ်ဖက်စလုံးကို ခေါ်ဆိုသည်။ နဖူး၏ အလယ်ကို **جَبْهَة** ဟုခေါ်ဆိုသည်။ ထို့ကြောင့် ဟဇရတ်ထာနဝီ (ရဟ) သည် ဘေးစောင်းလှဲလိုက်သည်ဟူ၍ ဘာသာပြန်ဆိုခဲ့သည်။ သို့သော် အချို့သဖ်စီးရ်ပညာရှင်များက မြေပြင်ပေါ်တွင် ဝမ်းလျားမှောက် အိပ်စေလိုက်သည်ဟူသော အလိုသဘောကို တင်ပြကြသည်။ ဤသို့ လှဲရခြင်းအကြောင်းကို သမိုင်းဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ အစတွင် တမန်တော်အီဗ်ရာဟီးမ် ﷺ သည် ပက်လက်လှဲထား၏။ လည်းဖြတ်ရာတွင် အကြိမ်ကြိမ် လှီးသော်လည်း လည်ပင်းမပြတ်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် ကြေးအပိုင်းတစ်ပိုင်းကို အလယ်၌ ထားရှိစေခဲ့၏။ ထိုအခြေအနေ၌ သားတော်က ဖခင်ကို 'အို၊ ဖခင်၊ ကျွန်ုပ်အား မှောက်လိုက်ပါ။ ကျွန်ုပ်၏ မျက်နှာကို မြင်နေရလျှင် ဖခင်၏ ချစ်စိတ်မှာ ပြင်းထန်ခြင်း ဖြစ်လိမ့်မည်။ ၎င်းနောက် လည်ပင်းလည်း အပြည့်အဝ ပြတ်မည်မဟုတ်။ ထို့ပြင် ဓါးကို မြင်နေရသည့်အတွက် ကျွန်ုပ်လည်း ကြောက်ရွံ့နေပေမည်။ သို့ရှိရာ အီဗ်ရာဟီးမ် ﷺ သည် သားတော်ကို ဤသို့ လဲလှောင်းစေ၍ လှီးဖြတ်လေသည်။ *[သဖ်စီးရ်မဇ္ဇဟရီကျမ်း]*

وَنَادَيْنَاهُ أَنْ يَّا إِبْرَاهِيمُ قَدْ صَدَّقْتَ الرُّءْيَا

၎င်းနောက် ငါအသျှင်မြတ်သည် ၎င်းတို့အား အသံပေးလေသည်။ 'အို၊ အီဗ်ရာဟီးမ်၊ အသင်သည် အိပ်မက်ကို အမှန်တကယ် ပြုလုပ်ပြလေသည်။'

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံရန် အသင် ပြုလုပ်ရမည့် အလုပ်ကို မိမိဘက်မှ လျော့နည်းမှု မပြုခဲ့ပေ။ အိပ်မက်တွင်လည်း လှီးရန် ဓါးဖြင့် လှီးနေခဲ့သည့် အတိုင်းအတာသာ ပြခဲ့ကြောင်း ဖြစ်နိုင်ပေသည်။ ယခု ဤစမ်းသပ်ချက်လည်း ပြီးဆုံးသွားပြီးဖြစ်၍ အသင် လွှတ်လိုက်လေကုန်။

اِنَّا كَذٰلِكَ نَجۡزِى الۡمُحۡسِنِيۡنَ

ငါအသျှင်မြတ်သည် စိတ်စေတနာဖြူစင်သူများကို ဤကဲ့သို့ အစားပေးတော်မူသည်။ ဆိုလိုသည်မှာ ဗန္ဒာဟ်တစ်ဦးတစ်ယောက်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ရှေ့တွင် ဦးညွတ်၍ မိမိ၏ ဆန္ဒ ရမ္မက်များအားလုံးကို စွန့်လွှတ်ရန် အသင့်ဖြစ်သွားလျှင် နောက်ဆုံး ငါအသျှင်မြတ်သည် ထိုသူ့ကို လောကီ ဒုက္ခရပ်များမှလည်း ကာကွယ်ပေးလေသည်။ နောင်တမလွန်၏ အကျိုးကုသိုလ်များသည်လည်း ထိုသူ၏ စာရင်း၌ ရေးသားပေမည်။

وَفَدَيۡنٰهُ بِذِبۡحٍ عَظِيۡمٍ

ငါအသျှင်မြတ်သည် ကြီးသော သားကောင်ကို အစားအဖြစ် ပေးတော်မူခဲ့သည်။ ဆင့်ပြန်ချက်များ တွင် လာရှိသည်မှာ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ဤကောင်းကင်မှ အသံကို ကြား၍ ကြည့်လေရာ ဟာဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် သိုးတစ်ကောင်ဖြင့် ရောက်ရှိလာပေသည်။ အချို့ဆင့်ပြန်ချက်များအရ ဤသိုးသည် တမန်တော်အာဒမ် عليه السلام ၏ သားတော် ဟာဗီလ်မှ 'ကုရ်ဘာနီ' ပြုခဲ့သော သိုးဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင်ဆိုစေ ဤ 'ဂျန္နသ်'၏ သိုးကို တမန်တော်အီဗ်ရာဟီးမ် عليه السلام အား ချီးမြှင့်ခဲ့သည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့် သားတော်အစား ထိုသိုးကို 'ကုရ်ဘာနီ' ပြုခဲ့သည်။ ထိုသားကောင် ကို **عظيم** ဟု ပြောဆိုရခြင်းမှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ လာသော သားကောင်ဖြစ်သောကြောင့် ဖြစ်၏။ ထိုသားကောင်၏ 'ကုရ်ဘာနီ' ကို လက်ခံခြင်းသည် မည်သို့မှ သံသယမဖြစ်နိုင်ပေ။

'ဇဗာဟ်' ပြုလုပ်ခြင်း ခံရသူသည် တမန်တော်အီစ်မာအီးလ် عليه السلام လော၊ တမန်တော် အီစ်ဟားက် عليه السلام လော၊

အထက်ပါအာယသ်တော်များ၏ သဖ်စီးရ်တွင် တမန်တော်အီဗ်ရာဟီးမ် عليه السلام ကို 'ဇဗာဟ်' ပြုရန် စေခိုင်းသော သားတော်မှာ ဟာဇရသ်အီစ်မာအီးလ် عليه السلام ဖြစ်ကြောင်း လက်ခံ၍ တင်ပြထားပေသည်။ သို့သော် ကေန်စင်စစ် ဤကိစ္စရပ်တွင် သဖ်စီးရ်ပညာရှင်များနှင့် သမိုင်းပညာရှင်များအကြား ပြင်းထန်စွာ ကွဲလွဲလေသည်။ ဟာဇရသ်အုမရ် رضي الله عنه ၊ ဟာဇရသ်အလီ رضي الله عنه ၊ ဟာဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်ဦးဒ် رضي الله عنه ၊ ဟာဇရသ်အဗ္ဗားစ် رضي الله عنه ၊ ဟာဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه ၊ ကာအဗ်အဟ် ဘားရ် رضي الله عنه ၊ စအီးဒ်ဗင်န်ဂျုဗိုင်းရ် رضي الله عنه ၊ ကသာဒဟ် (ရဟ)၊ မတ်စ်ရူးက် (ရဟ)၊ အစ်က်ရမဟ် (ရဟ)၊ အသွာအ် (ရဟ)၊ မုကာသိလ် (ရဟ)၊ ဇုဟ်ရီ (ရဟ)၊ စွတ်ဒ်ဒီ (ရဟ) တို့က ဟာဇရသ်အီစ်ဟားက် عليه السلام ဖြစ်သည်ဟု ဆင့်ပြန်ကြသည်။ ထိုသူတို့ နှင့်ဆန့်ကျင်၍ ဟာဇရသ်အလီ رضي الله عنه ၊ ဟာဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه ၊ အဗ်ဒုလ္လာဟ်ဗင်န်အုမရ် رضي الله عنه ၊ အဘူ ဟူရိုင်ရာဟ် رضي الله عنه ၊ အဘူတုဖိုင်းလ် رضي الله عنه ၊ စအီးဒ်ဗင်န်မိုစိုင်ယစ်ဗ် (ရဟ)၊ စအီးဒ် ဗင်န်ဂျုဗိုင်ရ် (ရဟ)၊ ဟစန်ဗဆွရီ (ရဟ)၊ မုဂျာဟိဒ်၊ ဟာဇရသ်အုမရ်ဗင်န်အဗ်ဒုလ္လာဟ်အဇီးဇ် (ရဟ)၊ ရှအ်ဗီ (ရဟ) ၊ မိုဟမ္မဒ်

ဗင်န် ကအဗ်ကုရဇ္ဇီ (ရဟ) နှင့် မြောက်မြားစွာသော သာဗီအီန်များက ဆင့်ပြန်ထားသည်။ ထိုသားတော်မှာ တမန်တော်အီစ်မာအီလ် عليه السلام ဖြစ်သည်။ နောက်ပိုင်း သဗ်စီးရ်ပညာရှင်များတွင် ဟာဖိဇ်အိဗ်နေ ဂျရီးရ်တွဗ်ရီ (ရဟ) က ပထမအဆိုကို ဦးစားပေးထားသည်။ ၄င်းနောက် ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) စသည့် ပညာရှင်များက ဒုတိယအဆိုကို ရွေးချယ်၍ ပထမအဆိုကို ပြင်းပြင်းထန်ထန် ပယ်ချထားသည်။ နှစ်ဖက်စလုံး၏ အထောက်အထားများကို ဤနေရာတွင် ပြည့်ပြည့်စုံစုံ သုံးသပ်၍ မဖြစ်နိုင်ပေ။ သို့သော် ကုရ်အာန်ကျမ်းမြတ် တင်ပြသည့်အနေအထား၊ ဆင့်ပြန်ချက်များ၏ အားအင်ရှိမှုကို ထောက်ထား၍ ဦးစားပေးရမည့် အဆိုမှာ တမန်တော်အီဗ်ရာဟီးမ် عليه السلام အား 'ဇဗာဟ်'ပြုနိုင်းသည့် သားတော်သည် အီစ်မာအီးလ် عليه السلام ဖြစ်သည်။ ၄င်းနှင့် ပတ်သက်၍ အထောက်အထားများကို အောက်တွင် တင်ပြပေမည်။

(၁) ကုရ်အာန်ကျမ်းတော်မြတ်တွင် သားတော်ကို 'ကုရ်ဘာနီ'ပြုသည့် အပြည့်အဝ အကြောင်းအရာကို တင်ပြပြီးနောက်

وَبَشَّرْنٰهُ بِاِسْحٰقَ نَبِيًّا مِّنَ الصّٰلِحِيْنَ

ငါအသျှင်မြတ်သည် တမန်တော်အီဗ်ရာဟီးမ် عليه السلام ကို အီစ်ဟားက် عليه السلام ၏ သတင်းကောင်းပေးခဲ့သည်။ နဗီနှင့် သူမွန်သူမြတ်များထဲမှ ဖြစ်မည်။ ဤအာယသ်တော်ဖြင့် ရှင်းလင်းစွာ သိရှိသည်မှာ 'ကုရ်ဘာနီ'အတွက် အမိန့်ပေးခံရသည့် သားတော်မှာ ဟဇရသ်အီစ်ဟားက် عليه السلام မှလွဲ၍ အခြားသူဖြစ်သည်။ ဟဇရသ်အီစ်ဟားက် عليه السلام နှင့် ပတ်သက်သည့် သတင်းကောင်းကို 'ကုရ်ဘာနီ' အဖြစ်အပျက်ပြီးနောက်မှ ပေးခဲ့ခြင်းဖြစ်သည်။

(၂) အီစ်ဟားက် عليه السلام ၏ သတင်းကောင်းတွင် နဗီဖြစ်မည့်အကြောင်း ပါဝင်သည့်အပြင် အခြားအာယသ်တော်တစ်ခုတွင် ဟဇရသ်အီစ်ဟားက် عليه السلام ဖွားမြင်မည့်အကြောင်း သတင်းကောင်းနှင့်အတူ ဟဇရသ် အီစ်ဟားက် عليه السلام မှ ဟဇရသ်ယအ်ကူးဗ် عليه السلام မွေးဖွားမည်ဟုလည်း ပါရှိလေသည်။

فَبَشَّرْنٰهَا بِاِسْحٰقَ وَمِنْ وَّرَآءِ اِسْحٰقَ يَعْقُوْبَ

ဤအာယသ်တော်၏ ရှင်းလင်းသော အလိုသဘောမှာ တမန်တော်အီစ်ဟားက် عليه السلام သည် အသက်ကြီးသည့်အထိ ရှင်သန်၍ သားသမီးလည်း မွေးဖွားခဲ့သည်။ ဤကဲ့သို့သော သူကို ငယ်ရွယ်စဉ် ကာလ၌ပင် 'ဇဗာဟ်'ပြု၍ မည်သို့ အမိန့်ပေးမည်နည်း။ ၄င်းကို ငယ်ရွယ်သည့်အချိန် 'နဗူဝသ်' မရမီ 'ဇဗာဟ်' ပြုရန် မိန့်ပေးလျှင် ဟဇရသ်အီဗ်ရာဟီမ် عليه السلام ဤသို့ သဘောပေါက်သွားနိုင်သည်။ ၄င်းသည် နဗီလည်း ဖြစ်လိမ့်ဦးမည်။ ၄င်းမှ ဟဇရသ်ယအ်ကူးဗ် عليه السلام လည်း မွေးဖွားလိမ့်မည်။ ထို့ကြောင့် 'ဇဗာဟ်' ပြုလျှင်လည်း သေမည်မဟုတ်။ ဤပုစ်တွင် ကြီးကျယ်သော စမ်းသပ်မှု မဟုတ်သည်မှာ ပေါ်လွင်သွားပေသည်။ ၄င်းပြင် တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ လုပ်ဆောင်မှုအပေါ် ချီးမွမ်းဖွယ်ရာလည်း မဟုတ်တော့ပေ။ စမ်းသပ်မှုဆိုသည်မှာ 'ငါ၏ သားလေးကို လည်လှီးလျှင် သေဆုံးသွားနိုင်သည်'ဟု အပြည့်အဝ ယူဆရသည့် ပုစ်၌သာ ဖြစ်နိုင်ပေသည်။ ထို့နောက်မှသာ 'ဇဗာဟ်'ပြုရန် ရည်ရွယ်သောအခါတွင် ဖြစ်ပေါ်

နိုင်ပေသည်။ ဤကိစ္စရပ်များသည် ဟဇရသ်အိစ်မာအီးလ် عليه السلام အပေါ်၌သာ အပြည့်အဝ ဖြစ်နိုင်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်အိစ်မာအီးလ် عليه السلام အသက်ရှင်ရန်နှင့် နဗီဖြစ်မည့်အကြောင်း မည်သို့မျှ ကြိုတင်စကား မပြောကြားခဲ့ပေ။

(၃) ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြချက်ဖြင့် သိရှိရသည်မှာ 'ဇဗာဟ်'ပြုရန် အမိန့်ပေးခြင်းခံရသည့် သားသည် ပထမသားတော်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ မြို့ရွာမှ ပြောင်းရွှေ့သောအချိန်တွင် တမန်တော်အိဗ်ရာဟီးမ် عليه السلام သည် သားဆုပန်ခဲ့ပေသည်။ ထိုဒိုအာ၏ အဖြေတွင် ခံနိုင်ရည်ရှိသည့် သားတော်တစ်ပါး မွေးဖွားမည်ဟုလည်း သတင်းကောင်းပေးခဲ့သည်။ ထို့နောက် ဤကလေးနှင့် ပတ်သက်၍ ဖခင်နှင့်အတူ သွားလာနိုင်သည့်အချိန်တွင် 'ဇဗာဟ်'ပြုရန် အမိန့်ပေးခဲ့သည်ဟုလည်း တင်ပြထားသည်။ ဤအဖြစ်အပျက်များကား တမန်တော်အိဗ်ရာဟီးမ် عليه السلام ၏ ပထမသားတော်ဖြစ်သည်ဟု ဖော်ပြနေပေသည်။ ပထမသားတော်သည် ဟဇရသ်အိစ်မာအီးလ် عليه السلام ဖြစ်ကြောင်းလည်း တစ်ညီတစ်ညွတ်တည်း အဆိုရှိထားပေသည်။ ဟဇရသ်အိစ်ဟားက် عليه السلام သည် ဒုတိယသားတော် ဖြစ်လေသည်။ ဤတင်ပြချက်များ၏နောက်တွင် လည်လှီးခြင်း ခံရသူမှာ တမန်တော်အိစ်မာအီးလ် عليه السلام ဖြစ်ကြောင်း မည်သို့မှ သံသယမရှိနိုင်ပေ။

(၄) သားအား 'ကုရ်ဘာနီ'ပြုလုပ်သည့် အဖြစ်အပျက်သည် မက္ကာဟ်မြို့၏ အနီးတွင် ဖြစ်ခဲ့ကြောင်း အားလုံးက လက်ခံထားသည့် စကားရပ်ဖြစ်သည်။ ထို့ကြောင့် အာရဗ်တို့သည် 'ဟဂျ်'ပြုလျှင် 'ကုရ်ဘာနီ'လည်း ပြုခဲ့ကြသည်။ ထို့ပြင် တမန်တော်အိဗ်ရာဟီးမ် عليه السلام ၏ သားတော်အစား 'ဂျန္နသ်'မှ ပို့သည့် သိုး၏ ဦးချိုကို နှစ်ပေါင်းများစွာ 'ကအ်ဗာဟ်'ကျောင်းတော်အတွင်း၌ ချိတ်ဆွဲထားလေသည်။ ဟာဖိဇ်အိဗ်နေကဆီးရ် (ရဟ) က အထောက်အထားအနေဖြင့် မြောက်မြားစွာသော ဆင့်ပြန်ချက်များ တင်ပြထားလေသည်။ ၎င်းနောက် ဟဇရသ်အာမိရ်ရှအ်ဗီ (ရဟ) ၏ တင်ပြချက်ဖြစ်သော ကျွန်ုပ်ကိုယ်တိုင် ထိုသိုး၏ ဦးချိုကို 'ကအ်ဗာဟ်'ထဲ၌ တွေ့ရှိခဲ့သည်ဟု ပြောဆိုချက်ကိုလည်း တင်ပြထားပေသည်။ ဟဇရသ်စွဖ်ယားန် (ရဟ) သခင် မိန့်ဆိုသည်မှာ ထိုသိုး၏ ဦးချိုသည် 'ကအ်ဗာဟ်'ကျောင်းတော်၌ ဆက်တိုက် ချိတ်ဆွဲထား၏။ ဟဂျ်ဂျားဂျ်ဗင်န်ယူစွဖ်ခေတ်တွင် 'ကအ်ဗာဟ်'ကျောင်းတော်ကို မီးလောင်လေရာ ဤဦးချိုသည်လည်း လောင်ကျွမ်းသွားလေ၏။ 'မက္ကာဟ်မုကရ်ရမဟ်'တွင် ဟဇရသ်အိစ်မာအီးလ် عليه السلام နေခဲ့ကြောင်းမှာ ထင်ရှား၏။ ဟဇရသ်အိစ်ဟားက် عليه السلام နေထိုင်တော်မမူခဲ့ပေ။ ထို့ကြောင့် 'ဇဗာဟ်'အမိန့်သည် ဟဇရသ်အိစ်မာအီးလ် عليه السلام နှင့်သာ ပတ်သက်၍ ဟဇရသ်အိစ်ဟားက် عليه السلام နှင့် မပတ်သက်ကြောင်း ရှင်းလင်းသွားပေသည်။ ဆွဟာဗာအချို့နှင့် သာဗီအီးန်အချို့တို့၏ ဟဇရသ်အိစ်ဟားက် 'ဇဗီးဟ်'ဖြစ်ကြောင်း ဆင့်ပြန်ချက်နှင့်ပတ်သက်၍ (ရဟ) က ဤသို့ ရေးသားထား၏။ 'အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။ သို့သော် ဤအဆိုများအားလုံးကို ကအဗ်အလ်အဟ်ဗားရ် رضي الله عنه သခင်ထံမှ ကောက်နုတ်တင်ပြထားသည်။ ၎င်းသည် ဟဇရသ်အုမရ် رضي الله عنه ၏ ခေတ်၌ အစ္စလာမ်ကို လက်ခံခဲ့၍ ဟဇရသ်အုမရ် رضي الله عنه ကို မိမိ၏ စာအုပ်အဟောင်းမှ စကားများကို ပြောဆို၏။ အချို့အချိန်များ၌ ဟဇရသ်အုမရ် رضي الله عنه သခင်သည် ၎င်း၏ စကားများကို နားထောင်ခဲ့လေ၏။ ထိုမှ အခြားသူများကိုလည်း ဤကဲ့သို့သော စကားများ

နားထောင်၍ ပြန်လည်ဆင့်ပြန်ရန် အခွင့်အရေး ရရှိသွားလေသည်။ ထိုဆင့်ပြန်ချက်များတွင် အမျိုးမျိုးသော စကားရပ်များ ပါဝင်၏။ ဤစကားရပ်များမှ တစ်လုံးတစ်ပါဒမျှကိုပင် 'အွမ္မသေမုဟမ္မဒီယဟ်'အတွက် မလိုအပ်ပေ။'
[သဖ်စီးရေအိမ်နေကစီးရ်ကျမ်း၊ တွဲ-၄၊ စာ-၁၇။]

ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) သခင်၏ ဤတင်ပြချက်သည် အလွန်ဖြစ်နိုင်ပေသည်။ အကြောင်းမှာ ဟဇရတ်အိစ်ဟားက် ﷺ ကို 'ဇဗီးဟ်'သတ်မှတ်ခြင်း၏ အခြေခံမှာ အီစ်ရာအီးလ်များ၏ ဆင့်ပြန်ချက်များအပေါ်၌ ဖြစ်သည်။ ထို့ကြောင့် ယဟူဒီနှင့် နစ္စရာနီတို့သည် တမန်တော်အိစ်မာအီးလ် ﷺ အစား တမန်တော်အိစ်ဟားက် ﷺ ကိုလည်း လှီးခံရသူအဖြစ် သတ်မှတ်ကြသည်။

ဤအဖြစ်အပျက်ကို လက်ရှိ 'ဘိုင်ဘလ်'ကျမ်းတွင် အောက်ပါစကားလုံးများဖြင့် တင်ပြထားသည်။ (ထိုကိစ္စရပ်များဖြစ်ပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် အိဗ်ရာဟီးမ် ﷺ ကို စမ်းသပ်ခဲ့သည်။ ၎င်းနောက် ပြောဆိုသည်မှာ 'အို၊ အိဗ်ရာဟီးမ်၊ ၎င်းက ကျွန်ုပ်သည် အသင့်ရှိပါသည်။' ထိုအချိန်တွင် အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ 'မိမိ၏ သား အသွ်ဟားက်၊ တစ်ဦးတည်းသော အသင်ချစ်သည့် သားကို အတူ ခေါ်ဆောင်၍ 'မိုရေယဟ်'နိုင်ငံကို သွားပါ။ ထိုနေရာ၌ ငါပြသမည့် တောင်များမှ တောင်တစ်တောင်ပေါ်တွင် လောင်ကျွမ်းစေသည့် 'ကုရ်ဘာနီ'ပြုသည့်အနေဖြင့် တင်လိုက်ပါ။')

ထိုအထဲတွင် 'ဇဗာဟ်'အကြောင်းကို ဟဇရတ်အိစ်ဟားက် ﷺ ဘက်သို့ ရည်ညွှန်းထား၏။ သို့သော် အကယ်၍ မျှတစွာ သေချာစွာ ဆန်းစစ်ကြည့်ပါက ယဟူဒီတို့သည် မိမိတို့၏ ပုဂ္ဂိုလ်စွဲ ဓလေ့ဟောင်းအတိုင်း 'သောင်ရားသ်'ကျမ်း၏ စာသားများကို ပြောင်းလွဲသည့် အမှုအား ကျူးလွန်ကြ၏။ ထို့ကြောင့် 'ကေသားဗ်ပိုင်ဒါအရှေ့'တွင် တင်ပြထားသည့် စာသားများမှ 'အသင်၏ တစ်ဦးတည်းသော သား'ဟူသည့် စာလုံးဖြင့် 'ကုရ်ဘာနီ'အပြုခံရသော သားမှာ တစ်ဦးတည်းသော သားဖြစ်ကြောင်း သိရှိရလေသည်။ ဤကဏ္ဍ၌ပင် ဆက်လက်ရေးသားထားသည်မှာ 'အသင်သည် မိမိ၏ တစ်ဦးတည်းသော သားကို ငါအသျှင်မြတ်အတွက် မငဲ့ကွက်ခဲ့ပေ။' ဤဝါကျ၌လည်း တစ်ဦးတည်းသော သားဖြစ်ကြောင်း ရှင်းလင်းစွာ ပါရှိပေသည်။ တစ်ဖက်၌လည်း ဟဇရတ်အိစ်ဟားက် ﷺ သည် တစ်ဦးတည်းသောသား မဟုတ် သည်မှာ သေချာပေသည်။ အကယ်၍ 'တစ်ဦးတည်းသောသား'ဟူသည့် အသုံးအနှုန်းသည် ဟဇရတ်အိစ်မာအီးလ် ﷺ အပေါ်၌သာ ဖြစ်နိုင်ပေသည်။ 'ပိုင်ဒါအစ်ရှ်'ကဏ္ဍ၏ အခြားစာသားများဖြင့်လည်း ဟဇရတ်အိစ်မာအီးလ် ﷺ သည် ဟဇရတ်အိစ်ဟားက် ﷺ ထက် လွန်စွာ စော၍ မွေးကြောင်း သက်သေအထောက်အထားများ ပါရှိပေသည်။

'ဘိုင်ဘလ်'တွင် လာရှိချက်များကို ကြည့်ရှုပါလေ။ '၎င်းနောက် အိဗ်ရာဟီးမ်၏ ဇနီးစာရဟ်တွင် သားသမီးမရှိပေ၊ ၎င်းထံတွင် မစ်ဆစ်ရ်မှ ကျွန်မတစ်ဦး ရှိ၍ အမည်မှာ ဟာဂျေရဟ်ဖြစ်သည်။' ၎င်းနောက် အိဗ်ရာဟီးမ်သည် ဟာဂျေရဟ်ထံသို့ သွားရာ ကိုယ်ဝန်ရှိသွား၏။ အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်သာဟ်မှ 'အသင်မ ကိုယ်ဝန်ရှိလေပြီ။ သားမွေးဖွားလိမ့်မည်။ အီစ်မာအီးလ်အမည်ထားပါ'ဟု ပြောဆိုသည်။ ဟာဂျေရဟ်မှ အီစ်မာအီးလ်ကို မွေးဖွားသောအချိန်တွင် အိဗ်ရာဟီးမ်၏ အသက်သည် (၈၆) နှစ်ဖြစ်၏။'

ဆက်လက်၍ ရေးသားထားသည်မှာ (၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အီဗ်ရာဟီးမ်ကို မိန့်တော်မူသည်မှာ 'အသင်၏ ဇနီးသည် စာရဟ်ဖြစ်သည်။ ၄င်းနှင့်လည်း အသင့်အား သားတော်တစ်ပါး ချီးမြှင့်တော်မူမည်။ ထိုအချိန်တွင် အီဗ်ရာဟီးမ်သည် ခေါင်းငုံ့သွားလေသည်။ ပြုံးရယ်၍ 'အသက် (၁၀၀) ရှိသော အဖိုးအိုက ကလေးရမည်လော။ အသက် (၉၀) ရှိသည့် စာရဟ်မှလည်း ကလေးဖြစ်မည်လော' ဟုလည်း ပြောဆိုလေသည်။ ၄င်းနောက် အီဗ်ရာဟီးမ်က အလ္လာဟ်အသျှင်မြတ်အား ပြောဆိုသည်မှာ 'အီစ်မာအီးလ်ကိုသာ အသက်ရှည်စေတော်မူလျှင် ကောင်းလေစွ။' ထိုအချိန်တွင် အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ 'မုချဧကန် အသင်၏ ဇနီး စာရဟ်ဖြင့် သားတော်တစ်ပါး မွေးဖွားလိမ့်မည်။ အီစ်ဟားက် ဟု အမည်ထားပါ'ဟု မိန့်တော်မူလေသည်။ ထို့နောက် တမန်တော်အီစ်ဟားက် မွေးဖွားကြောင်း ဤသို့ တင်ပြထားသည်။ ၄င်း၏ သားတော် အီစ်ဟားက်မွေးဖွားချိန်တွင် အီဗ်ရာဟီးမ်၏ အသက်သည် (၁၀၀) ပြည့်လေသည်။)

ဤစာသားများဖြင့် သိရှိရသည်မှာ တမန်တော်အီစ်ဟားက် عليه السلام သည် တမန်တော်အီစ်မာအီးလ် عليه السلام ထက် (၁၄) နှစ် ငယ်လေသည်။ ထို (၁၄) နှစ်အတွင်း ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ ဟဇရသ်အီစ်မာအီးလ် عليه السلام တစ်ဦးတည်းသော သားဖြစ်လေသည်။ ဟဇရသ်အီစ်ဟားက် عليه السلام သည် တစ်ဦးတည်းသော သားဖြစ်ရန် အချိန်ကာလမရှိခဲ့ပေ။ ထို့နောက် 'ပိုင်ဒါအစ်ရှ်'အခန်းကဏ္ဍ၏ (၂၂) ခန်းမြောက်တွင် 'တစ်ဦးတည်းသော သား'ဟူသော စာလုံးဖြင့် 'ကုရ်ဘာနီ' အပြုခံရသော သားအကြောင်း တင်ပြထား၏။ ၄င်းမှာ အီစ်မာအီးလ် عليه السلام ဖြစ်ကြောင်း သက်သေခံနေပေသည်။

ယဟူဒီတစ်ဦးတစ်ယောက်သည် 'အီစ်ဟားက်'ဟူသော စာလုံးကို မိမိဘက်မှ တိုး၍ ဤမြင့်မြတ်မှုကို အီစ်မာအီးလ် عليه السلام မျိုးနွယ်ထက် အီစ်ဟားက်မျိုးနွယ်က ရရှိစေရန်အတွက် ဖြစ်သည်။

ထို့ပြင် 'ဘိုင်ဘလ်'၏ 'ပိုင်ဒါအစ်ရှ်' (မွေးဖွားသန့်စင်ခြင်း အခန်းကဏ္ဍ) တွင် တမန်တော် အီဗ်ရာဟီးမ် عليه السلام ကို တမန်တော်အီစ်ဟားက် عليه السلام ၏ မွေးဖွားသန့်စင်မည့်အကြောင်း သတင်းကောင်း ပေးထား၏။

ထိုနေရာ၌လည်း တမန်တော်အီစ်ဟားက် عليه السلام ကို 'ဗရ်ကသ်'မင်္ဂလာများ ချီးမြှင့်၍ မျိုးနွယ်များ ပြန့်ပွားစေမည်ဟု တင်ပြထားသည်။ ထို့ကြောင့် မမွေးဖွားမီ အလျင်ကတည်းက သားသမီးမွေးဖွား၍ မျိုးနွယ်များ ပြန့်ပွားမည်ဟု သတင်းပေးထားခြင်းခံရသူကို 'ကုရ်ဘာနီ'ပြုရန် မည်သို့ အမိန့်ပေးမည်နည်း။ ဤအမိန့်သည် တမန်တော်အီစ်ဟားက် عليه السلام နှင့် မသက်ဆိုင်ဘဲ တမန်တော်အီမာအီးလ် عليه السلام နှင့်သာ သက်ဆိုင်ပေသည်။

'ဘိုင်ဘလ်'ကျမ်း၏ အထက်ပါစာသားများဖြင့် ဟာဖိဇ်အိဗ်နေကစီးရ်၏ ယူဆချက်သည် မည်မျှ မှန်ကန်ကြောင်း ခန့်မှန်းနိုင်ပေသည်။

ယဟူဒီတို့၏ အလေးထားရာကျမ်းများတွင် လာရှိထားသည်မှာ 'အီစ်မာအီးလ်မွေးဖွားသောအချိန်တွင် အီဗ်ရာဟီးမ်၏ သက်တော်မှာ (၈၆) နှစ်ဖြစ်၍ အီစ်ဟားက်မွေးဖွားသော အချိန်တွင် သက်တော် (၁၀၀) ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် တမန်တော်အိဗ်ရာဟီးမ် ﷺ ၏ တစ်ဦးတည်းသော သားကို 'ဇဗာဟ်' ပြုရန် အမိန့်ပေးခဲ့ကြောင်း ၄င်းတို့၏ စာအုပ်များတွင် တင်ပြထားသည်။ အခြားတစ်အုပ်တွင်မူ တစ်ဦးတည်းသော သားအစား 'တစ်ဦး' ဟူသော စာလုံး သုံးထား၏။ သို့ရှိရာ ဤနေရာတွင် ယဟူဒီတို့သည် 'အိစ်ဟားက်' ဟူသော စာလုံးကို မိမိတို့ဘက်မှ စွပ်စွဲတိုးချဲ့ထားခြင်း ဖြစ်၏။ ထိုအရာကို မှန်ကန်သည့် အရာဟု မသတ်မှတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤအချက်သည် ၄င်းတို့၏ စာအုပ်တွင် ပါဝင်သော အချက်များနှင့် ဆန့်ကျင်နေပေသည်။ ဤစာလုံးတိုးရခြင်းမှာ ဟဇရသ်အိစ်ဟားက် ﷺ သည် ၄င်းတို့၏ ဘိုးဘေးဖြစ်၍ ဟဇရသ်အိစ်မာအီးလ် ﷺ သည် အာရဗ်တို့၏ အဘိုးဖြစ်သည်။ သို့ရှိရာ ယဟူဒီတို့သည် မနာလိုဝန်တိုမှုဖြင့် ဤစာလုံးကို တိုးလိုက်ခြင်းဖြစ်သည်။ ယခု တစ်ဦးတည်းသောသား၏ အဓိပ္ပာယ်ကို ထိုအချိန်တွင် အပါး၌ အခြားသားများ မရှိစဉ် ရှိသော သားဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ဟဇရသ်အိစ်မာအီးလ် ﷺ နှင့် မိခင်သည် ထိုနေရာတွင် မရှိပေ။ ထို့ကြောင့် ဟဇရသ်အိစ်ဟားက် ﷺ ကို တစ်ဦးတည်းသော သားဟု ခေါ်ဆိုလေ၏။ ဤယူဆချက်သည် လုံးဝ မှားယွင်းသော ပြုပြင်ပြောင်းလွဲမှုသာ ဖြစ်သည်။

ထို့ကြောင့် တစ်ဦးတည်းသောသားဆိုသည်မှာ ဖခင်တွင် ၄င်းမှလွဲ၍ အခြားသားသမီးမရှိဟု အဓိပ္ပာယ်ရသည်။ ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) က ယဟူဒီပညာရှင်များအနက်မှ တစ်ဦးသည် ဟဇရသ်အုမရ်ဗင်န်'အဗ်ဒွလ်အဇီးဇ်၏ ခေတ်တွင် မွတ်စ္စလင်မ်ဖြစ်ခဲ့သည်။ ဟဇရသ်အုမရ်ဗင်န်အဗ်ဒွလ်အဇီးဇ်က 'အိဗ်ရာဟီးမ် ﷺ ၏ သားများအနက်မှ မည်သည့်သားကို 'ဇဗာဟ်' ပြုရန် မိန့်ခဲ့ပါသနည်း' ဟု မေးလေရာ 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အို၊ အမီရွလ်မုအ်မိနီးန်၊ ထိုနဗီမှာ အိစ်မာအီးလ် ﷺ သာ ဖြစ်သည်ဟု ဖြေကြားခဲ့လေသည်။ ယဟူဒီတို့သည် ဤစကားရပ်ကို ကောင်းစွာ သိရှိ၍ အာရဗ်များအား မနာလိုဝန်တိုသည့်အတွက် ဤသို့ ပြောဆိုခဲ့ကြသည်ဟု ဆင့်ပြန်ထားပေသည်။ ထိုအထောက်အထားများကို ကြည့်ရှုလျှင် တမန်တော် အိစ်မာအီးလ် ﷺ သာ 'ဇဗာဟ်' ပြုခြင်း ခံခဲ့ရကြောင်း သေချာသွား၏။

وَمِنْ ذُرِّيَّتِهِمَا مُحْسِنٌ وَّظَالِمٌ لِّنَفْسِهِ مُبِيْنٌ

၄င်းတို့နှစ်ဦး၏ မျိုးနွယ်များထဲမှ အချို့သည် ကောင်းမွန်ကြ၍ အချို့မှာ ပေါ်လွင်စွာ မိမိကိုယ်ကို မိမိ ဆုံးရှုံးစေကြ၏။ ဤအာယသ်တော်ဖြင့် ယဟူဒီတို့၏ လွဲမှားသော အောက်ပါယုံကြည်ချက်ကို ချေဖျက်ထားသည်။ နဗီတမန်တော်များ၏ သားမြေးများဖြစ်ခြင်းသည်ပင်လျှင် လူသားအဖို့ မွန်မြတ်မှုနှင့် အောင်မြင်ရန် မလုံလောက်သည်။ ဤအာယသ်တော်ဖြင့် ကောင်းမွန်သူတစ်ဦးနှင့် အမျိုးတော်စပ်လျှင် အောင်မြင်မှုရရန် မလုံလောက်သည်သာမက မိမိယုံကြည်ချက်နှင့် ကျင့်ဆောင်မှုအပေါ်၌သာ မူတည်ကြောင်း ရှင်းလင်းပြတ်သားစွာ တင်ပြထား၏။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ مَنَنَّا عَلَىٰ مُوسَىٰ وَهَٰرُونَ ﴿١١٤﴾

၃၇ : ၁၁၄ ။ ။ ထို့ပြင် ကေန်မလွဲ ငါအလ္လာဟ်မြတ်သည် (နဗီတမန်တော်) မူစာ၏ အပေါ်၌လည်းကောင်း၊ (နဗီတမန်တော်) ဟာရူန်၏ အပေါ်၌လည်းကောင်း ကျေးဇူးပြုတော်မူခဲ့၏။

وَنَجَّيْنَٰهُمَا وَقَوْمَهُمَا مِنَ ٱلْكَرْبِ ٱلْعَظِيمِ ﴿١١٥﴾

၃၇ : ၁၁၅ ။ ။ ထို့ပြင် ငါအလ္လာဟ်မြတ်သည် ၎င်း (မူစာနှင့် ဟာရူန်) တို့ နှစ်ဦးတို့အားလည်းကောင်း၊ ၎င်းနှစ်ဦးတို့၏ အမျိုးသားတို့အားလည်းကောင်း ကြီးကျယ်လှစွာသော ပူပင်သောကမှ ကယ်တင်တော်မူခဲ့၏။

وَنَصَرْنَٰهُمْ فَكَانُوا۟ هُمُ ٱلْغَٰلِبِينَ ﴿١١٦﴾

၃၇ : ၁၁၆ ။ ။ ထို့ပြင် ငါအလ္လာဟ်မြတ်သည် ၎င်းတို့အား ကူညီစောင်မတော်မူခဲ့ရာ ၎င်းတို့သည်ပင်လျှင် အောင်မြင်သူများ ဖြစ်ခဲ့ကြကုန်၏။

وَءَاتَيْنَٰهُمَا ٱلْكِتَٰبَ ٱلْمُسْتَبِينَ ﴿١١٧﴾

၃၇ : ၁၁၇ ။ ။ ထို့ပြင် ငါအလ္လာဟ်မြတ်သည် ၎င်း (မူစာနှင့် ဟာရူန်) တို့ နှစ်ဦးစလုံးကို ရှင်းလင်းပြတ်သားသော (သောင်ရားသ်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

وَهَدَيْنَٰهُمَا ٱلصِّرَٰطَ ٱلْمُسْتَقِيمَ ﴿١١٨﴾

၃၇ : ၁၁၈ ။ ။ ထို့ပြင် ငါအလ္လာဟ်မြတ်သည် ၎င်း (မူစာနှင့် ဟာရူန်) တို့နှစ်ဦးစလုံးအား ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ကြားပြသတော်မူခဲ့၏။

وَتَرَكْنَا عَلَيْهِمَا فِى ٱلْءَاخِرِينَ ﴿١١٩﴾

၃၇ : ၁၁၉ ။ ။ ၎င်းပြင် ငါအလ္လာဟ်မြတ်သည် နောင်လာနောက်သားတို့တွင်၊ ၎င်းတို့နှစ်ဦးစလုံးနှင့် ပတ်သက်၍ (၎င်းတို့နှစ်ဦးစလုံးအား ကောင်းမွန်စွာ သတိရရှိခြင်းကို) ရှိစေတော်မူခဲ့၏။

سَلَٰمٌ عَلَىٰ مُوسَىٰ وَهَٰرُونَ ﴿١٢٠﴾

၃၇ : ၁၂၀ ။ ။ 'စလာမ်' ငြိမ်းချမ်းသာယာမှုသည် မူစာ၏အပေါ်၌လည်းကောင်း၊ ဟာရူန်၏အပေါ်၌လည်းကောင်း ကျရောက်ပါစေ။

إِنَّا كَذَٰلِكَ نَجْزِى ٱلْمُحْسِنِينَ ﴿١٢١﴾

၃၇ : ၁၂၁ ။ ။ ကေန်မလွဲ ငါအလ္လာဟ်မြတ်သည် ဤနည်းအတိုင်းပင် သူတော်ကောင်းတို့အား အစားပေးလေ့ ရှိတော်မူ၏။

إِنَّهُمَا مِنْ عِبَادِنَا الْمُؤْمِنِينَ ﴿١٢٢﴾

၃၇ း ၁၂၂ ။ ။ ကေန်စင်စစ် ထိုနှစ်ဦးစလုံးသည် ငါအသျှင်မြတ်၏ မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သော ကျွန်တို့တွင် အပါအဝင် ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် တမန်တော်မူစာ عليه السلام နှင့် ဟာရူးန် عليه السلام တို့အပေါ်သို့လည်း ကျေးဇူးပြုခဲ့သည်။ (နဗီဖြစ်ခြင်းနှင့် အခြားအရည်အချင်းများကို ချီးမြှင့်ခဲ့သည်။) ငါအသျှင်မြတ်သည် ၄င်းတို့နှစ်ဦးနှင့် ၄င်းတို့၏ မျိုးနွယ်ဝင် (ဗနီအိစ်ရာအီးလ်) များကို ကြီးမားသော သောကမှ (ဆိုလိုသည်မှာ ဖိရ်အောင်န်ဘက်မှ ပေးသည့် ဒုက္ခများမှ) ကင်းလွတ်စေခဲ့လေသည်။ ငါအသျှင်မြတ်သည် ၄င်းတို့ကို (ဖိရ်အောင်န်နှင့် ရင်ဆိုင်ရာတွင်) ကူညီခဲ့လေသည်။ နောက်ဆုံး ဤသူတို့သာ အောင်နိုင်ခဲ့၍ (ဖိရ်အောင်န်ကို နစ်မြုပ်စေခဲ့လေသည်။ ၄င်းနောက် ထိုသူတို့ကို အုပ်ချုပ်မှုအာဏာ ပေးခဲ့လေသည်။) ၄င်းနောက် ငါအသျှင်မြတ်သည် (ဖိရ်အောင်န် နစ်မြုပ်ပြီးနောက်) ထိုနဗီတမန်တော်နှစ်ပါးကို (ဆိုလိုသည်မှာ မူစာ عليه السلام ကို မူရင်းအားဖြင့် ဟာရူးန် عليه السلام ကို နောက်လိုက်အနေဖြင့်) ရှင်းလင်းသော ကျမ်းတစ်စောင် ချီးမြှင့်ခဲ့သည်။ (အလိုသဘောမှာ 'သောင်ရားသ်' ဖြစ်၍ အမိန့်ပညတ်ချက်များ၌ ရှင်းလင်းစွာ တင်ပြထား၏။) ၄င်းနောက် ငါအသျှင်မြတ်သည် ထိုသူတို့ကို လမ်းမှန်ပေါ်၌ ထားရှိလေသည်။ (အဆင့်အမြင့်ဆုံးမှာ အပြစ်ကင်းစင်သော နဗီဖြစ်စေခဲ့သည်။) ငါအသျှင်မြတ်သည် ထိုနဗီတမန်တော်နှစ်ပါးကို နောင်လာနောက်သားများအတွက် အချိန်ကာလကြာမြင့်စွာ ဤအကြောင်းအရာများကို ကျန်ရှိစေလေသည်။ မူစာ عليه السلام နှင့် ဟာရူးန် عليه السلام တို့အပေါ် 'စလာမ်' ကျရောက်ပါစေ။ (သို့ရှိရာ ၄င်းနဗီတမန်တော်တို့၏ အမည်နာမနှင့်အတူ ယနေ့တိုင် (عليه السلام) ဟု ပြောဆိုကြရသည်။) ငါအသျှင်မြတ်သည် စိတ်စေတနာ ဖြူစင်သူများကို ဤသို့ အစားပေးတော်မူ၏။ (၄င်းတို့ကို ဒီအာနှင့် ချီးမွမ်းခြင်း ခံထိုက်သူများအဖြစ် ပြုတော်မူသည်။) မုချဧကန် ထိုနဗီတမန်တော်နှစ်ပါးသည် ငါအသျှင်မြတ်၏ ပြည့်ဝသော အီမာန်ရှင် ဗန္ဒာဟ်များဖြစ် (သည့်အတွက် ပြည့်ဝသည့် အစားကိုလည်း ရရှိ) ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များတွင် တမန်တော်မူစာ عليه السلام နှင့် ဟာရူးန် عليه السلام တို့အကြောင်းကို တင်ပြထားသည်။ ဤအကြောင်းများကို အကြိမ်ကြိမ်အခါခါ အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်၏။ ဤနေရာ၌ ထိုအကြောင်းအရာများဘက်သို့ ရည်ညွှန်းခြင်းသာ ဖြစ်သည်။ ထိုအကြောင်းအရာကို တင်ပြ၍ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ စိတ်စေတနာဖြူစင်၍ အမိန့်နာခံသည့် ကျေးကျွန်များကို မည်သို့ ကူညီသည်၊ မည်သို့သော ဆုလာဘ်တော်များ ချီးမြှင့်ခဲ့သည်ဆိုသည့် အချက်ကို တင်ပြရန် ရည်ရွယ်လေသည်။ သို့ရှိရာ

ဤနေရာတွင် တမန်တော်မူစာ عليه السلام နှင့် ဟာရူန် عليه السلام တို့အပေါ် ချီးမြှင့်ခဲ့သည်များကို တင်ပြထားပေသည်။ ချီးမြှင့်မှုနှစ်မျိုးဖြစ်၍ တစ်မျိုးမှာ အတည်ဖြစ်သည့် ချီးမြှင့်မှု (ဆိုလိုသည်မှာ အကျိုးရရှိစေခြင်း) နှင့်

وَلَقَدْ مَنَنَّا عَلٰى مُوْسٰى وَهٰرُوْنَ

ဖြင့် ဤအမျိုးအစားကို ရည်ညွှန်းထား၏။ ဒုတိယအမျိုးအစားမှာ ပယ်ဖျက်သည့် အမျိုးအစားဖြစ်၍ ဆုံးရှုံးမှုများမှ ကာကွယ်ခြင်းဖြစ်သည်။ ရှေ့အာယသ်တော်တွင် ဤအမျိုးအစားကို ရှင်းလင်းထား၏။ အာယသ်တော်၏ အလိုသဘောကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ရှင်းလင်းတင်ပြထားပြီး ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاِنَّ اِلْيَاسَ لَمِنَ الْمُرْسَلِيْنَ ﴿١٢٣﴾

၃၇ : ၁၂၃ ။ ။ ထို့ပြင် စင်စစ် အီလ်ယာစ်သည် ရစူလ်တမန်တော်တို့တွင် အမှန်ပင် တစ်ဦးအပါအဝင် ဖြစ်ခဲ့၏။

اِذْ قَالَ لِقَوْمِهٖٓ اَلَا تَتَّقُوْنَ ﴿١٢٤﴾

၃၇ : ၁၂၄ ။ ။ တစ်ရံရောအခါဝယ် ၎င်း (အီလ်ယာစ်) သည် မိမိ၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေ၏။ '(အချင်းတို့) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော။'

اَتَدْعُوْنَ بَعْلًا وَّتَذَرُوْنَ اَحْسَنَ الْخَالِقِيْنَ ﴿١٢٥﴾

၃၇ : ၁၂၅ ။ ။ အသင်တို့သည် အကောင်းဆုံး ဖန်ဆင်းတော်မူသော အသျှင်မြတ်အား စွန့်ထားကြ၍ 'ဗအ်လ်' (ဟု အမည်တွင်သော ဆင်းတု) ကို ဟစ်ခေါ် (တသ ကိုးကွယ်ဆည်းကပ်) ကြလေသလော။

اللّٰهَ رَبَّكُمْ وَرَبَّ اٰبَآئِكُمُ الْاَوَّلِيْنَ ﴿١٢٦﴾

၃၇ : ၁၂၆ ။ ။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ထို့နည်းတူစွာ အသင်တို့၏ ရှေးဟောင်း အဘ၊ ဘိုး၊ ဘေးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်အား (စွန့်ထားကြ၍။) [အခြားအရာကို ကိုးကွယ်ကြလေသလော။]

فَكَذَّبُوْهُ فَاِنَّهُمْ لَمُحْضَرُوْنَ ﴿١٢٧﴾

၃၇ : ၁၂၇ ။ ။ သို့တစေလည်း ၎င်းတို့သည် ယင်း (နဗီတမန်တော် အီလ်ယာစ်) အား မုသာဝါဒီဟူ၍ပင် စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ၊ စင်စစ် ၎င်းတို့သည် (ငါအသျှင်မြတ်၏) ရှေ့တော်မှောက်သို့ သွင်းခြင်း ခံကြရမည့်သူများ အမှန်ပင် ဖြစ်ကြကုန်၏။

إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ ﴿١٢٨﴾

၃၇ ： ၁၂၈ ။ ။ သို့ရာတွင် ရွေးချယ်ခြင်းခံခဲ့ကြရသော အလ္လာဟ်အသျှင်မြတ်၏ ကျွန်တို့မှာမူ (ကောင်းမြတ်သော အကျိုးကျေးဇူးကို ခံစားကြရပေမည်။)

وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ ﴿١٢٩﴾

၃၇ ： ၁၂၉ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်း (အီလ်ယာစ်) နှင့် ပတ်သက်၍ နောင်လာနောက်သားတို့တွင် (၎င်းအား ကောင်းမွန်စွာ သတိရရှိခြင်းကို) ရှိစေတော်မူခဲ့၏။

سَلَامٌ عَلَىٰ إِلْ يَاسِينَ ﴿١٣٠﴾

၃၇ ： ၁၃၀ ။ ။ 'စလာမ်' ငြိမ်းချမ်းသာယာမှုသည် အီလ်ယာစ်၏အပေါ်ဝယ် ကျရောက်ပါစေ။

إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ ﴿١٣١﴾

၃၇ ： ၁၃၁ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးလေ့ ရှိတော်မူ၏။

إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ ﴿١٣٢﴾

၃၇ ： ၁၃၂ ။ ။ ဧကန်စင်စစ် ၎င်း (အီလ်ယာစ်) သည် ငါအသျှင်မြတ်၏ သက်ဝင်ယုံကြည်ကုန်သော ကျွန်တို့တွင် တစ်ဦးအပါအဝင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် အီလ်ယားစ် عليه السلام သည်လည်း (ဗနီအီစ်ရာအီးလ်တို့၏) နဗီများထဲမှ ဖြစ်သည်။ (ထိုနဗီတမန်တော်၏ ထိုအချိန်က အဖြစ်အပျက်ကို တင်ပြပါလေ။ ရုပ်တုကိုးကွယ်နေသော) မိမိမျိုးနွယ်ဝင် ဗနီအီစ်ရာအီးလ်များကို အသင်တို့ အလ္လာဟ်အသျှင်မြတ်အား မကြောက်ကြလေသလော။ အသင်တို့ 'ဗအလ်' (ရုပ်တုတစ်ခု၏ အမည်ဖြစ်သည်။) ကို ခဝပ်ကိုးကွယ်နေကြပါသလော။ အားလုံးထက် ကြီးမြင့်၍ ဖန်ဆင်းတော်မူသော အသျှင်မြတ်အား 'အေဟာဒသ်' ပြုခြင်းကို စွန့်လွှတ်ကြလေသလော။ (အဘယ်ကြောင့်ဆိုသော် အချို့သူတို့သည် အရာအချို့သော ရောဂါနေစိမ်သည့်စွမ်းအား ယာယီအားဖြင့် ရှိခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် အရာတိုင်းကို မရှိရာမှ တည်ရှိစေနိုင်တော်မူသော တန်ခိုးတော်ရှင်ဖြစ်သည်။ ထိုအသျှင်မြတ်သာ အသက်ဝိညာဉ် ထည့်သွင်းပေးခြင်းဖြစ်၍ အခြားသူက ထည့်သွင်းပေးခြင်း မဟုတ်ပေ။ ထိုအသျှင်မြတ်သာလျှင်) မှန်ကန်သည့် ကိုးကွယ်ရာအသျှင် ဖြစ်လေသည်။ ၎င်းနောက် အသင်တို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ်

ဖြစ်တော်မူ၍ အသင်တို့ထက်အလျင် ရှိခဲ့ကြသော ဘိုးဘေးဘီဘင်များကိုလည်း ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

သို့ရှိရာ ဤမျိုးနွယ်ဝင်တို့သည် (ထို 'သောင်ဟီးဒ်'၏ ကြေညာချက်ကို) လက်မခံခဲ့ကြပေ။ (ထိုသို့ လက်မခံခြင်းကြောင့်) နောင်တမလွန်တွင် အပြစ်ဒဏ်ခံရမည်ဖြစ်သည်။ သို့သော် အီမာန်သက်ဝင်ယုံကြည်သည့် အလ္လာဟ်အသျှင်မြတ်၏ သီးခြားဗန္ဒာဟ်များသည် 'စဝါးဗ်' ကုသိုလ်များ ရရှိကြပေမည်။ ငါအသျှင်မြတ်သည် အီလ်ယားစ် عليه السلام အတွက် နောင်လာမည့်သူများကို ခေတ်ကာလကြာရှည်စွာ ဤစကားရပ်များကို ကျန်ရှိစေခဲ့သည်။ 'အလ်ယာစီးန်' အပေါ် ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေ။ (ဤသည်လည်း အီလ်ယားစ် عليه السلام ၏ အမည်ဖြစ်သည်။) ငါအသျှင်မြတ်သည် စိတ်စေတနာဖြူစင်သူများကို ဤသို့ပင် အစားပေးတော်မူ၏။ (၎င်းတို့ကို ဒိုအာနှင့် ချီးမွမ်းခံထိုက်သူများအဖြစ် ပြုတော်မူသည်။) မုချကေန် ၎င်းနဗီ တမန်တော်သည် ငါအသျှင်မြတ်၏ ပြည့်ဝသော အီမာန်ရှင် ဗန္ဒာဟ်များအနက်မှ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ဟဇရတ်အီလ်ယားစ် عليه السلام

ဤအာယသ်တော်များတွင် စတုတ္ထအဖြစ်အပျက်အဖြစ် ဟဇရသ်အီလ်ယားစ် عليه السلام အကြောင်း တင်ပြထားသည်။ အာယသ်တော်များကို မရှင်းလင်းမီအလျင် တမန်တော်အီလ်ယားစ် عليه السلام နှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများအချို့ကို တင်ပြပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ တမန်တော်အီးလ်ယားစ် عليه السلام အကြောင်း (၂) နေရာ၌သာ လာရှိထားသည်။ တစ်နေရာမှာ 'စူရာဟ်အန်အားမ်'၌ ဖြစ်၍ နောက်အခြားတစ်နေရာမှာ 'စူရာဟ်ဆွာဖ်ဖားသ်'၏ အထက်ပါအာယသ်တော်များ၌ ဖြစ်သည်။ 'စူရာဟ်အန်အားမ်'တွင် တမန်တော်များ၏ အမည်စာရင်း၌သာ တမန်တော်အီလ်ယားစ် عليه السلام အကြောင်း ပါရှိ၍ အခြားမည်သည့် အကြောင်းအရာမှ မပါရှိပေ။ သို့သော် ဤနေရာတွင် အလွန်အတိုချုံး၍ တမန်တော်အီလ်ယားစ် عليه السلام ၏ ဖိတ်ခေါ်မှုနှင့်ပတ်သက်၍ တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်တွင် တမန်တော်အီလ်ယားစ် عليه السلام ၏ အခြေအနေမှာ အကျယ်တဝင့် တင်ပြချက်မရှိပေ။ ခိုင်လုံတိကျသည့် ဟဒီးစ်တော်များ၌လည်း တမန်တော်အီလ်ယားစ် عليه السلام ၏ အခြေအနေကို တင်ပြမထားပေ။ ထို့ကြောင့် တမန်တော်အီလ်ယားစ် عليه السلام နှင့်ပတ်သက်၍ သဖ်စီးရ်ကျမ်းများတွင် အဆိုအမျိုးမျိုးနှင့် ဆင့်ပြန်ချက်အမျိုးမျိုး တွေ့ရှိရလေသည်။ ထိုအဆိုအများအပြားတွင် ဗနီအိစ်ရာအီးလ်တို့၏ ဆင့်ပြန်ချက်များမှ ကောက်နုတ်ထားခြင်းများသာ ဖြစ်ပေသည်။ သဖ်စီးရ်ပညာရှင်အချို့က 'အီလ်ယားစ်'ဟူသည် တမန်တော်အီဒ်ရီးဆ် عليه السلام ၏ ဒုတိယ အမည်ဖြစ်သည်။ နှစ်ဦးစလုံး ကွားခြားမှုမရှိပေဟု ပြောဆိုကြသည်။ အချို့ပညာရှင်တို့က ခိဒ္ဒိရ် عليه السلام နှင့် တမန်တော်အီလ်ယားစ် عليه السလام သည် ကွားခြားမှုမရှိပေ။ အတူတူပင် ဖြစ်သည်ဟု ပြောဆိုကြသည်။ သို့သော် သဖ်စီးရ်ပညာရှင်အများစုက ဤအဆိုကို လက်မခံပေ။ ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်း

တမန်တော်အိဒ်ရီးစ် عليه السلام နှင့် တမန်တော်အီလ်ယားစ် عليه السلام အကြောင်းကို သီးခြားစီ တင်ပြထားသည့်အတွက် တစ်ဦးတည်းဟု သတ်မှတ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) က မိမိ၏ကျမ်းတွင် နဗီတမန်တော်တစ်ပါးစီ သက်သက်သာ ဖြစ်သည်ဟူသော အဆိုကို မှန်ကန်သည်ဟု သတ်မှတ်ခဲ့သည်။

နဗီတမန်တော်ဖြစ်ချိန်နှင့် နေရာ

ကုရ်အာန်၊ ဟဒီးစ်ဖြင့် တမန်တော်အီလ်ယားစ် عليه السلام သည် မည်သည့်နေရာ၊ မည်သည့်အချိန်တွင် နဗီဖြစ်ခဲ့ကြောင်း မသိရှိရပေ။ သို့သော် သမိုင်းပညာရပ်နှင့် အီစ်ရာအီးလ်များ၏ ဆင့်ပြန်ချက်များက တမန်တော်အီလ်ယားစ် عليه السلام သည် တမန်တော်ဟီစ်ဇ်ကီးလ် عليه السلام ၏ နောက် တမန်တော်အလ်ရစအ် عليه السلام ထက်အလျင် ဗနီအီစ်ရာအီးလ်ဘက်သို့ စေလွှတ်ခဲ့ကြောင်း တစ်ညီတစ်ညွတ်တည်း ဆိုထားသည်။ တမန်တော် ဆိုလိုင်မာန် عليه السلام ၏ နောက်လိုက်များ ဆိုးသွမ်းသည့်အတွက် ဗနီအီစ်ရာအီးလ် عليه السلام ၏ အုပ်ချုပ်မှုသည် နှစ်ပိုင်းဖြစ်သွားသည့်အချိန်၌ ဖြစ်သည်။ တစ်ပိုင်းကို 'ယဟူဒဟ်'နှင့် 'ယဟူဒီယဟ်' ဟု ခေါ်ဆိုသည်။ ၎င်းတို့၏ ဌာနချုပ်မှာ 'ဗိုင်သွလ်မုကဒ်ဒက်ဆ်' ဖြစ်သည်။ ဒုတိယအပိုင်းကို 'အီစ်ရာအီးလ်'ဟု ခေါ်သည်။ ၎င်းတို့၏ နန်းစိုက်မြို့မှာ 'ဆာမရာ'လက်ရှိ 'နာဘုလိစ်' ဟု ခေါ်သည်။ တမန်တော်အီလ်ယားစ် عليه السلام သည် 'အွန်ဒွန်' နယ်မှ 'ဂျလ်အားဒ်'ဟူသော နေရာတွင် မွေးဖွားသန့်စင်ခဲ့သည်။ ထိုအချိန်တွင် အီစ်ရာအီးလ်နိုင်ငံ၏ ဘုရင်အမည်မှာ 'ဘိုင်ဘလ်'ကျမ်း၏ အဆိုအရ 'အခီအာဘ်' အာရဗီသမိုင်းနှင့် သဖ်စီးရ်ကျမ်းများတွင် 'အဂျာဘ်' (သို့) 'အခာဘ်' ဟု ရေးသားထားသည်။ ၎င်း၏ ဇနီး အီစ်ဘလ်သည် 'ဘအလ်'အမည်ရှိ ရုပ်တုတစ်ခုကို ကိုးကွယ်လေသည်။ ထိုသူမသည်ပင် အီစ်ရာအီးလ်တွင် 'ဘအလ်'အမည်ဖြင့် 'ကုရ်ဘာနီ'ပြုလုပ်ရန် နေရာဆောက်၍ အီစ်ရာအီးလ်နယ်ဖွား အားလုံးကို ရုပ်တုကိုးကွယ်စေခဲ့သည်။ တမန်တော်အီလ်ယားစ် عليه السلام ကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဤနေရာသို့ သွား၍ 'သောင်ဟီးဒ်'ကို သင်ကြားပြသပေးရန်အတွက် ရုပ်တုကိုးကွယ်ခြင်းမှ စွန့်လွှတ်ပစ်ကြရန် စေလွှတ်တော်မူသည်။

[သဖ်စီးရ်ရှအိဗ်နေကျမ်း၊ တွဲ-၂၃၊ စာ-၅၃။ အိဗ်နေကစီးရ်ကျမ်း၊ စာ-၁၉၊ တွဲ-၄၊ သဖ်စီးရ်ရှေမဇ်ဟရ်၊ စာ-၁၃၄။ တွဲ-၈။ ဘိုင်ဘလ်ကျမ်း။]

မျိုးနွယ်စုနှင့် ပဋိပက္ခ

အခြားနဗီများကဲ့သို့ တမန်တော်အီလ်ယားစ် عليه السلام သည်လည်း မိမိ၏ မျိုးနွယ်ဝင်များနှင့် ပြင်းထန်စွာ ပဋိပက္ခ ဖြစ်လေသည်။ ကျမ်းမြတ်ကုရ်အာန်သည် သမိုင်းစာအုပ် မဟုတ်သည့်အတွက် ဤပြဿနာကို အကျယ်တဝင့် မတင်ပြဘဲ သင်ခန်းစာယူရန်နှင့် ဆုံးမနာယူရန် အရေးကြီးသည့်ခန့်သာ တင်ပြထားသည်။ ဆိုလိုသည်မှာ ၎င်းကို စိတ်စေတနာဖြူစင်သူအချို့မှ လွဲ၍ ကျန်ရစ်သူများက ငြင်းဆန်ခဲ့ကြသည်။ ထို့ကြောင့် ငြင်းဆန်သူများကို နောင်တမလွန်တွင် ကြောက်မက်ဖွယ်ရာကောင်းသော ရလဒ်နှင့်သာ တွေ့ဆုံကြရ

ပေမည်။ ဤနေရာတွင် အချို့သဖ်စီးရ်ပညာရှင်များက မျိုးနွယ်ဝင်များနှင့်ဖြစ်သော ပြဿနာကို အကျယ်တဝင့် တင်ပြထားသည်။ လက်ရှိ သဖ်စီးရ်ကျမ်းများတွင် တမန်တော်အီလ်ယားစ် عليه السلام နှင့် ပတ်သက်၍ အများဆုံး တင်ပြထားသည့် ကျမ်းမှာ 'မဇ္ဇဟရီ' ကျမ်းဖြစ်၍ အလ္လာမဟ်ဗဂဝီ (ရဟ) ထံမှ ဆင့်ပြန်ထားခဲ့သည်။ တင်ပြထားသည့် အဖြစ်အပျက်များမှာ အများအားဖြင့် 'ဘိုင်ဘလ်'မှ ဖြစ်လေသည်။ အခြားသဖ်စီးရ်ကျမ်းများတွင်လည်း ထိုအဖြစ်အပျက်များ၏ အချို့အစိတ်အပိုင်းများကို ဟဇရသ်ဝဟာဗ်ဗင်နိမုနဗ္ဗဟ် (ရဟ) နှင့် ကအဘ်အလ်အဟ်ဘားရ် رضي الله عنه အစရှိသူတို့မှ ဆင့်ပြန်တင်ပြထား၍ အများအားဖြင့် အိစ်ရာအီးလ်များ၏ ဆင့်ပြန်ချက်များဖြစ်သည်။ ထိုဆင့်ပြန်ချက်များသည် အကျဉ်းချုပ်အားဖြင့်ကြည့်လျှင် တူညီမှုရှိလေသည်။ ထိုအကြောင်းအရာများမှာ တမန်တော်အီလ်ယားစ် عليه السلام သည် အိစ်ရာအီးလ်ဘုရင် အခီအဘ်နှင့် ၎င်း၏ ပြည်သူပြည်သားများကို 'ဘအလ်'အမည်ရှိ ရုပ်တုကိုးကွယ်ခြင်းမှ တားမြစ်၍ တစ်ပါးတည်းသော အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ခဲ့သည်။ သို့သော် အမှန်တရားနှစ်သက်သူ တစ်ဦးနှစ်ဦး အနည်းစုမှလွဲ၍ ဤသူတို့သည် တမန်တော်၏ စကားကို လက်မခံသည်သာမက အမျိုးမျိုး ဒုက္ခပေးရန် ကြိုးပမ်းခဲ့ကြသည်။ နောက်ဆုံး အခီအဘ်နှင့် ၎င်း၏ဇနီး အိဇ်ဘလ်မှာ တမန်တော်အီလ်ယားစ် عليه السلام ကို သတ်ပစ်ရန် စီစဉ်ကြသည်။ တမန်တော်အီလ်ယားစ် عليه السلام သည် အလွန်ဝေးလံသော ဂူတစ်ခု၌ ပုန်းအောင်နေရလေသည်။ အချိန်ကာလကြာမြင့်စွာ နေထိုင်ပြီးနောက် အိစ်ရာအီးလ်လူမျိုးတို့ကို အစာရေစာ ငတ်မွတ်သော ကာဒ်ဆိုက်ရန် ဒိုအာပြုခဲ့၏။

သို့ရှိရာ ထိုကာဒ်ဆိုက်မှု ကင်းဝေးစေရန် 'မုအ်ဂျေဇာဟ်'ပြလျှင် အီမာန်ယူလာကြရန်အတွက် ဖြစ်ပေသည်။ ထိုအခါ ၎င်းတို့ကို ပြင်းထန်သော ကာဒ်ဆိုက်မှု ဖြစ်လေသည်။ ထို့နောက် တမန်တော်အီလ်ယားစ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် အခီအဘ်နှင့် တွေ့ဆုံလေသည်။ တမန်တော်အီလ်ယားစ် عليه السلام က ဤအပြစ်ဒဏ်သည် အလ္လာဟ်အမိန့်ဖီဆန်ခြင်းကြောင့် ဖြစ်သည်။ ယခု အသင်တို့ ဖီဆန်ခြင်းမှ ရှောင်ကြဉ်ကြလေကုန်။ ဤအပြစ်ဒဏ်မှ ကင်းလွတ်နိုင်ပေမည်။ ငါတမန်တော်မှန်ကန်ကြောင်း စမ်းသပ်ရန် အကောင်းဆုံး အခြေအနေလည်း ဖြစ်ပေသည်။ အသင်တို ပြောဆိုကြသည်မှာ အိစ်ရာအီးလ်ရှိ အသင်တို့၏ ခဝပ်ကိုးကွယ်ရာ ဘအလ်တွင် တမန်တော် (၄၅၀) ရှိ၏။ အသင်သည် ထိုသူအားလုံးကို ကျွန်ုပ်ရှေ့တွင် စုရုံးစေပါ။ ထိုသူတို့မှာ ဘအလ်၏ အမည်ဖြင့် 'ကုရ်ဘာနီ'ပြုပါ။ ကျွန်ုပ်မှာ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် 'ကုရ်ဘာနီ' ပြုမည်။ မိုးကောင်းကင်မှ မီးရောက်လာ၍ လောင်ကျွမ်းသော သာသနာသည် မှန်ကန်ပေလိမ့်မည်ဟု ပြောဆိုလေသည်။ အားလုံးတို့သည် ဤအစီအစဉ်ကို ပျော်ပျော်ရွှင်ရွှင်ပင် လက်ခံလိုက်ကြပေသည်။ ထို့ကြောင့် 'ကရ်မလ်'တောင်၌ လူတို့ စုရုံးကြလေသည်။ ဘအလ်၏ လူလိမ်နဗီများသည် မိမိတို့ 'ကုရ်ဘာနီ'ပြုကြ၍ မနက်မှ နေ့လည်အထိ ဘအလ်ထံတွင် ခယတောင်းပန်ကြသည်။ သို့သော် မည်သည့်အဖြေမှ မလာခဲ့ပေ။ ထို့နောက် တမန်တော်အီလ်ယားစ် عليه السلام သည် မိမိကိုယ်တိုင် 'ကုရ်ဘာနီ' ပြုခဲ့သည်။ မိုးကောင်းကင်မှ မီးကျလာ၍ တမန်တော်အီလ်ယားစ် عليه السلام ၏ 'ကုရ်ဘာနီ'ကို လောင်ကျွမ်းစေလိုက်သည်။ ဤသည်ကို ကြည့်၍ လူအများအပြား 'စဂျ်ဒဟ်'ပြုကြသည်။ ၎င်းတို့အပေါ် အမှန်တရား

ပေါ်လွင်သွား၏။ သို့သော် ဘအလ်၏ နဗီတုတ်သည် ယခုလည်း လက်မခံသည့်အပြင် တမန်တော်အီလ်ယားစ် عليه السلام မှ ၄င်းတို့ကို 'ကိုင်ရှုးန်'မည်သော နေရာ၌ သတ်ပစ်ခဲ့သည်။

ထိုအဖြစ်အပျက် ဖြစ်ပြီးနောက် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ထိုတစ်နယ်လုံး ရေလွှမ်းသွား၏။ သို့သော် အခီအာဘ်၏ ဇနီး အိဇ်ဘာလ်သည် ယခုတိုင် အမှန်တရားကို မမြင်နိုင်သေးပေ။ တမန်တော် အီလ်ယားစ် عليه السلام အပေါ် အီမာန်သက်ဝင်ယုံကြည်ရမည့်အစား ရန်ငြိုးထားလေသည်။ ၄င်းနောက် တမန်တော် အီလ်ယားစ် عليه السلام ကို လုပ်ကြံသတ်ဖြတ်ရန် စတင် စီစဉ်လေသည်။ ဤကိစ္စကို တမန်တော် အီလ်ယားစ် عليه السلام ကြား၍ စာမိရီရပ်မှ ပုန်းရှောင်သွားသည်။ အချိန်ကာလ အတန်ကြာပြီးနောက် ဗနီအိစ်ရာအီးလ် عليه السلام တို့၏ အခြားနိုင်ငံတစ်ခုဖြစ်သော ယဟူဒီယဟ်တွင် ဖိတ်ခေါ်မှု စတင်လေသည်။ ထိုနေရာ၌လည်း တဖြည်းဖြည်း ဘအလ် ရုပ်တုကိုးကွယ်ခြင်းသည် ပြန့်နှံ့နေပြီး ထိုမြို့၏ ဘုရင်ယဟူရားမ်သည်လည်း တမန်တော်အီလ်ယားစ် عليه السلام ၏ စကားကို နားမထောင်ခဲ့ပေ။ နောက်ဆုံး တမန်တော်အီလ်ယားစ် عليه السلام ၏ ကြိုတင်ဟောကိန်းနှင့်အညီ သေကြေပျက်စီးသွားခဲ့လေသည်။ နှစ်အချို့၏နောက် တမန်တော်အီလ်းယာစ် عليه السلام သည် ဒုတိယအကြိမ် အိစ်ရာအီးလ်သို့ လာခဲ့ပေသည်။ ဤမြို့၌ တစ်ဖန် အခီအာဘ်နှင့် ၄င်း၏ သား အခ်ဇရဟ်ကို လမ်းမှန်သို့ ရောက်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် ၄င်းတို့သည် မိမိတို့၏ မကောင်းမှုများ၌သာ မွေ့လျော်နေကြသည်။ နောက်ဆုံး ၄င်းတို့ကိုယ်ကို ၄င်းတို့ကို အပြင်ရန်နှင့် ရောဂါဆိုးများနှင့် ကြုံတွေ့ရလေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီကို ပြန်လည် ခေါ်ဆောင်လိုက်လေသည်။

တမန်တော်အီလ်ယားစ် عليه السلام အသက်ရှင်လျက် ရှိနေပါသလား။

သမိုင်းပညာရှင်များနှင့် သဖ်စီးရ်ပညာရှင်များ အကြားတွင် ဤကိစ္စသည်လည်း ငြင်းခုံရမည့် အကြောင်းအရာတစ်ခု ဖြစ်သည်။ တမန်တော်အီလ်ယားစ် عليه السلام သည် ရှင်သန်နေသလော။ (သို့) သေဆုံးသွားပြီလော။ သဖ်စီရေမဇ္ဇ်ဟရီကျမ်းတွင် အလ္လာဟ်ဘဂ်ဝီ (ရဟ) ဆင့်ပြန်ထားသည့် ရှည်လျားသော ဆင့်ပြန်ချက်၌ ဟဇရသ်အီလ်ယားစ် عليه السلام သည် မီးကဲ့သို့ အနီရောင်ရှိသော မြင်းစီး၍ မိုးကောင်းကင်ဘက်သို့ မ,ယူသွားခြင်း ခံခဲ့ရသည်ဟု အဆိုရှိပေသည်။ ၄င်းနောက် ဟဇရသ်အီစာ عليه السلام ကဲ့သို့ အသက်ရှင်နေသည်။ အလ္လာမဟ်စုယူသွီ (ရဟ) မှလည်း အိဗ်နေအစာကိစ်ရ် (ရဟ) နှင့် ဟာသင်မ် (ရဟ) အစရှိသည့် ပညာရှင်များထံမှ ဟဇသ်အီလ်ယားစ် عليه السلام အသက်ရှင်လျက်ရှိကြောင်း ဆင့်ပြန်ချက်များ လာရှိထားသည်။

ကအဗ်အလ်အဟ်ဗားရ် رضي الله عنه က တမန်တော် (၄) ပါး ရှင်သန်နေကြောင်း တင်ပြထားသည်။ မြေပြင်တွင် ဟဇရသ်ခိဒ္ဒိရ် عليه السلام နှင့် ဟဇရသ်အီလ်ယားစ် عليه السلام တို့ဖြစ်၍ မိုးကောင်းကင်တွင် ဟဇရသ်အီစာ عليه السلام နှင့် ဟဇရသ်အီဒ်ရီးစ် عليه السلام တို့ ဖြစ်သည်။ အချို့ပညာရှင်များက ဟဇရသ်ခိဒ္ဒိရ် عليه السلام နှင့် ဟဇရသ်အီလ်ယားစ် عليه السلام တို့သည် နှစ်စဉ် ရမသွာန်လတွင် 'ဗိုင်သွလ်မုကာဒပ်စ်'သို့ လာရောက်လေ့ရှိကြောင်း၊ ၄င်းနောက် 'ရီဇာဟ်' ထားကြကြောင်း တင်ပြထားသည်။ *[ကုရ်သုဗီကျမ်း၊ တွဲ-၁၅၊ စာ-၁၁၆။]*

သို့သော် ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) ကဲ့သို့ သေချာစီစစ်တင်ပြသော ပညာရှင်များက ဤအဆိုများကို မမှန်ကန်ဟု သတ်မှတ်လေသည်။ ဤအဆိုများနှင့် ပတ်သက်၍ ရေးသားထားသည်မှာ-

وهومن الاسرا ئيليات التى لا تصدق ولا تكذب بل الظاهران صحتها بعيدة

ဤသည် ယဟူဒီတို့၏ ဆင့်ပြန်ချက်များသာ ဖြစ်၍ လက်ခံရန်လည်း မလို၊ ငြင်းဆန်ရန်လည်း မလို။ ထို့ပြင် မှန်ကန်မှုနှင့် ဝေးသည်မှာ ပေါ်လွင်ပေသည်။ ဆက်လက်၍ မိန့်သည်မှာ အိဗ်နေအစာကစ်ရ် (ရဟ) သည် တမန်တော်အီလ်ယားစ် عليه السلام နှင့် တွေ့ဆုံခဲ့သူတို့၏ မြောက်မြားစွာသော ဆင့်ပြန်ချက်များ တင်ပြထားပေသည်။ သို့သော် ဆင့်ပြန်ချက်တစ်ခုမှ လက်ခံနိုင်စရာမရှိပေ။ အချို့ဆင့်ပြန်ချက်များတွင် အားနည်းချက် များရှိ၍ အချို့ဆင့်ပြန်သူများသည် လူမသိသူများ ဖြစ်သည်။

[အလ်ဗေဒါယဟ်ဝန်နေဟာရဟ်၊ တွဲ-၁၊ စာ-၃၃၉။]

တမန်တော်အီလ်ယားစ် عليه السلام ကို မိုးကောင်းကင်သို့ ခေါ်ဆောင်သွားသည်ဟူသော ယူဆချက်မှာ ယဟူဒီတို့၏ ဆင့်ပြန်ချက်များ၌သာ ရှိ၏။

'ဘိုင်ဘလ်'ကျမ်းတွင် ရေးသားထားသည်မှာ 'ထိုသူသည် စကားပြောဆိုရင်း ရှေ့သို့ သွားခဲ့သည်။ မီးဖြင့် အတိပြီးသော မြင်းများသည် ထိုသူနှစ်ဦးကို ခွဲပစ်လိုက်၏။ အီလ်ယားစ် عليه السلام ကို မီးများဖြင့် ဝိုင်းရံပြီး မိုးကောင်းကင်ပေါ်သို့ ခေါ်ဆောင်သွားလေသည်။' *[စလာသွီးန်း၊ ၂ : ၁၁]*

ထို့ကြောင့် ယဟူဒီတို့၏ ယုံကြည်ချက်မှာ တမန်တော်အီလ်ယားစ် عليه السلام သည် နောက်တစ်ကြိမ် မြေပြင်သို့ ပြန်လာမည်ဟူ၍ ဖြစ်သည်။ ဤအတွက်ကြောင့်ပင် ဟဇရတ်ယဟ်ယာ عليه السلام နဗီအဖြစ် ပွင့်ပေါ်စေလွှတ်ခံရသောအခါ ၎င်းတို့က ထိုနဗီတမန်တော်ယဟ်ယာ عليه السلام ကို အီလ်ယားစ် عليه السلام သခင်ဟု ထင်မြင်ကြသည်။

အင်ဂျီလ်ကျမ်း၏ ယူဟန်နာတွင် 'အသင်မည်သူနည်း။ အသင် အီလ်ယားစ်လော။' တမန်တော်ယဟ်ယာ عليه السلام က မဟုတ်'ဟု ဖြေကြားခဲ့သည်။ *[ယူဟန်နာ၊ ၁ : ၂၁]*

ကအဗ်အလ်အဟ်ဗာရ် رضي الله عنه နှင့် ဝဟဗ်ဗင်မုနာဗ်ဗဟ် رضي الله عنه ကဲ့သို့သော ပညာရှင်များသည် 'အဲဟ်လေကေသားဗ်'၏ ပညာရပ်များကို ကျွမ်းကျင်သည့်အတွက် မွတ်စ္စလင်မ်များရှေ့တွင် ဤဆင့်ပြန်ချက်များကို တင်ပြခဲ့ခြင်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် တမန်တော်အီလ်ယားစ် عليه السلام ရှင်နေကြောင်း ယူဆချက်မှာ အချို့မွတ်စ္စလင်မ်များအကြားတွင် ပြန့်နှံ့သွားခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက ကုရ်အာန်နှင့် ဟဒီးစ်တော်တွင် တမန်တော်အီလ်ယားစ် عليه السلام ရှင်သန်နေကြောင်း (သို့) မိုးကောင်းကင်သို့ မ,ယူခံရခြင်း စသည့် အထောက်အထားများမရှိပေ။ မုစ်သဒ်ရက်ဟာကင်မ်ကျမ်း၏ ဆင့်ပြန်ချက်တစ်ခုတွင် 'သဗူးက်' လမ်း၌ တမန်တော်မြတ် ﷺ သည် တမန်တော်အီလ်ယားစ် عليه السلام နှင့် တွေ့ဆုံခဲ့သည်ဟု လာရှိထားသည်။ သို့သော် ဤဆင့်ပြန်ချက်သည် ဟဒီးစ်ပညာရှင်များ၏ တင်ပြချက်အရ 'မောင်သွူအ်' (လုပ်ကြံထားသော ဟဒီးစ်) ဖြစ်သည်။ ဟာဖိဇ်ဇဟ်ဗီက

بل هو موضوع قبّح الله من وضعه وماكنت احسب ولاجوّز انّ الجهل يبلغ بالحاكم الى ان يصحّح هذا

ဤဟဒီးစ်တော်သည် 'မောင်သွျူးအ်'ဖြစ်၍ ဤဟဒီးစ်ကို လုပ်ကြံသူအား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မကောင်း သေးသိမ်စေတော်မူပါ။

ဤဟဒီးစ်တော်ကို မှန်ကန်သည်ဟု သတ်မှတ်ရလောက်အောင် အေမာမ်ဟာကင်မ်သည် ဤမျှသတိ လက်လွတ်ဖြစ်မည်ဟု ကျွန်ုပ် အလျှဉ်းမထင်မှတ်ခဲ့ပေ။ *[ဒုရ်ရေမန်ဆူးရ်ကျမ်း၊ တွဲ-၅၊ စာ-၂၈၆။]*

အချုပ်ဆိုရသော် တမန်တော်အီလ်ယားစ် ﷺ အသက်ရှင်နေခြင်းနှင့် ပတ်သက်၍ အစ္စလာမ်သာသနာ၏ ခိုင်လုံသော ဆင့်ပြန်ချက် လာရှိမထားပေ။ သို့ပါ၍ ဤကိစ္စရှင်းလင်းစေရန် နည်းလမ်းမှာ တိတ်ဆိတ်စွာနေခြင်းသာ ဖြစ်သည်။ အီစ်ရာအီးလ်များ၏ ဆင့်ပြန်ချက်များနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ ၏ လမ်းညွှန်မှုအပေါ်၌ ကျင့်သုံးရမည်။ ထောက်ခံစရာလည်း မလို။ ငြင်းပယ်စရာလည်း မလိုပေ။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်ကို ရှင်းလင်းရန်နှင့် ဆုံးမနာယူ၍ ၎င်းနောက် သင်ခန်းစာ ရယူရန်မှာ ဤဆင့်ပြန်ချက်များ မရှိလျှင်လည်း ဖြစ်နိုင်သည်။ ယခု အာယသ်တော်များ၏ သဖ်စီးရ်ကို ကြည့်ပါ။

اَتَدْعُوْنَ بَعْلًا

(အသင်တို့ 'ဘအလ်'ကို ကိုးကွယ်ကြသလော။) 'ဘအလ်'၏ အဘိဓါန်အဓိပ္ပာယ်မှာ ခင်ပွန်းသို့မဟုတ် ပိုင်ရှင်ဟူ၍ ဖြစ်သည်။ သို့သော် ဤနေရာတွင် တမန်တော်အီလ်ယားစ် ﷺ ၏ မျိုးနွယ်ဝင်များကိုးကွယ်သည့် ရုပ်တု၏ အမည်ဖြစ်သည်။ 'ဘအလ်'ကို ကိုးကွယ်မှုသည် အလွန်ရှေးကျသည့် သမိုင်းကြောင်းဖြစ်သည်။ ရှာမ်နယ်တွင် ကမန်တော်မူစာ ﷺ ၏ခေတ်၌ ကိုးကွယ်ခဲ့ကြခြင်းဖြစ်၍ လူအများဆုံးလက်ခံသည့် နတ်ဘုရားဖြစ်သည်။ ရှာမ်းနိုင်ငံ၏ ကျော်ကြားသည့် 'ဗအလ်လာဗတ်က်'မြို့သည်လည်း ဤရုပ်တုကြောင့် အမည်တွင်ရခြင်းဖြစ်သည်။ အချို့ပညာရှင်များက 'ယောဂျားဖ်'နယ်သားတို့၏ ကျော်ကြားသော 'ဟုဗုလ်'ရုပ်တုသည်ပင် 'ဘအလ်'ဟု ထင်မှတ်ကြသည်။

وَتَذَرُوْنَ اَحْسَنَ الْخَالِقِيْنَ

အားလုံးထက် အကောင်းဆုံး ဖန်ဆင်းတော်မူသော အသျှင်မြတ်ကို စွန့်လွှတ်ကြလေသလော။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်ကို ဆိုလိုသည်။

اَحْسَنَ الْخَالِقِيْنَ

အားလုံးတွင် အကောင်းဆုံးအသျှင်မြတ်၏ အလိုသဘောမှာ အခြားဖန်ဆင်းရှင်လည်း ရှိသေးသည်ဟူသော သဘောမဟုတ်သည်သာမက လွဲမှားစွာ အသင်တို့ ဖန်ဆင်းရှင်ဟု ယူဆ၍ ကိုးကွယ်နေသော

အရာများထက် မြင့်မားတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်ကို ဆိုလိုခြင်းဖြစ်သည်။ အချို့ပညာရှင်များက ဤနေရာတွင် خلق သည် صانع ပြုလုပ်သူဟူသည့် အဓိပ္ပာယ်တွင် သုံးသည်ဟူ၍ အမိန့်ရှိခဲ့ကြသည်။ ဆိုလိုသည်မှာ ပြုလုပ်သူများအားလုံးထက် ကြီးကဲတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အခြားပြုလုပ်သူများမှာ အရာအမျိုးမျိုးကို ပေါင်းစပ်၍ ပြုလုပ်ကြသည်။ အရာဝတ္ထုတစ်ခုကို မရှိရာမှ ရှိရာသို့ ပြုလုပ်နိုင်ခြင်း မရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် မတည်ရှိသည့်အရာကို တည်ရှိအောင် စွမ်းဆောင်နိုင်တော်မူသော တန်ခိုးစွမ်းအား ရှိတော်မူလေသည်။ *[ဗယာနွလ်ကုရ်အာန်ကျမ်း]*

ဖန်ဆင်းခြင်းဟူသည့် ဂုဏ်တော်ကို အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားအရာများအက်သို့ ဆက်သွယ်ခြင်း မပိုင်

ဤနေရာတွင် သတိပြုရမည့်အချက်မှာ خلق ၏ အဓိပ္ပာယ်သည် ဖန်ဆင်းခြင်းဟု ဖြစ်သည်။ အလို သဘောမှာ မရှိသည့်အရာကို ကိုယ်ပိုင်တန်ခိုးဖြင့် တည်ရှိအောင်ပြုလုပ်ခြင်းကို ခေါ်ဆိုသည်။ ထို့ကြောင့် ဤဂုဏ်ထူးသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ သီးသန့်ဖြစ်သည်။ အခြားသူတို့ကို ဆက်သွယ်ခြင်း မပိုင်ပေ။ ထို့ကြောင့် မျက်မှောက်ခေတ်တွင် စာရေးသူ၏ အကြောင်းအရာ ကဗျာဆရာ၏ ကဗျာ၊ ပန်းချီဆွဲသူ၏ ပန်းချီ အစရှိသည်ကို ၎င်းတို့၏ ဖန်ဆင်းမှုဟု ပြောဆိုခြင်း မပိုင်ပေ။ စာရေးသူကို အကြောင်းအရာ၏ ဖန်ဆင်းသူဟု ပြောဆိုခြင်းမပိုင်။ အလ္လာဟ်မှလွဲ၍ ဖန်ဆင်းရှင်မရှိ။ ထို့ကြောင့် ၎င်းတို့၏ အရေးအသားများကို ကြံပြမ်းမှု အကြောင်းအရာဟုသာ ပြောဆိုသင့်၍ تخليق ဖန်ဆင်းမှု'ဟု မပြောဆိုနိုင်ပေ။

فَكَذَّبُوهُ فَإِنَّهُمْ لَمُحْضَرُونَ

(ထိုသူတို့ လက်မခံကြသည့်အတွက် အရေးယူခြင်းခံရမည်။) အလိုသဘောမှာ ၎င်းတို့မှာမူ အလ္လာဟ်အသျှင်မြတ်၏ မှန်ကန်သော နဗီအား လက်မခံသည့်အတွက် ပြစ်ဒဏ်ကို မြည်းစမ်းရမည် ဖြစ်သည်။ နောင်တမလွန်၏ အပြစ်ဒဏ်လည်း ဖြစ်နိုင်၏။ လောက၏ ရလဒ်ဆိုးလည်း ဖြစ်နိုင်ကြောင်း ရှေ့၌ တင်ပြခဲ့ပြီးဖြစ်သည်။ တမန်တော်အီလ်ယားစ် عليه السلام ကို ငြင်းဆန်ခဲ့ခြင်း၏ ရလဒ်မှာ ယဟူဒါဟ်နှင့် အီစ်ရာအီးလ် နှစ်နိုင်ငံစလုံး၏ ခေါင်းဆောင်များ ပျက်စီးခြင်းနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထိုပျက်စီးမှုအကြောင်း အကျယ်တဝင့်ကို မဇ္ဇဟရီကျမ်းနှင့် ဘိုင်ဘလ်ကျမ်း၏ ဘုရင်များကဏ္ဍ (၁)၊ အခန်း (၂၂) တွင်လည်းကောင်း၊ ဘုရင်များကဏ္ဍ (၂)၊ အခန်း (၁) တွင်လည်းကောင်း၊ သမိုင်းကဏ္ဍ (၂) အခန်း (၂၁) တွင်လည်းကောင်း တင်ပြထား၏။

إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ

ဤနေရာတွင် مخلصين ၏ 'လာမ်'အက္ခရာကို 'ဇဗရ်'ဖြင့် သုံးထားသည်။ အဓိပ္ပာယ်မှာ စိတ်နှလုံးသား ဖြူစင်ပြီးသူများ (ဆိုလိုသည်မှာ ထိုသူများကို အလ္လာဟ်အသျှင်မြတ်သည် မိမိအမိန့်နာခံရန်နှင့် အကျိုး

ကုသိုလ် ရရှိစေရန် သီးခြားပြုလုပ်ပြီးသူများ ဖြစ်သည်။ ထို့ကြောင့် စိတ်ဖြူစင်သူများအစား ရွေးချယ်ခြင်းခံရသူများဟုဆိုလျှင် ပိုမိုသင့်တော်ပေသည်။

سَلٰمٌ عَلٰۤى اِلْ يَاسِيْنَ

اِلْيَاسِيْنَ သည် အီလ်ယားစ် عليه السلام ၏ ဒုတိယအမည်ဖြစ်သည်။ အာရဗ်တို့သည် 'အဂျမီ' နာမ်များကို 'ယာ' (ى) နှင့် 'နူးန်' (ن) ကို တိုး၍ ခေါ်ဆိုကြလေသည်။ ဥပမာ- سينا မှ سينين ထိုအတိုင်းပင် ဤနေရာ၌လည်း စာလုံးနှစ်လုံးတိုးလိုက်ခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاِنَّ لُوْطًا لَّمِنَ الْمُرْسَلِيْنَ ﴿١٣٣﴾

၃၇ : ၁၃၃ ။ ။ ထို့ပြင် ကေန်မလွဲ လူးသ်သည်လည်း ရစူလ်တမန်တော်တို့တွင် (တစ်ဦး) အပါအဝင် ဖြစ်လေ၏။

اِذْ نَجَّيْنٰهُ وَاَهْلَهٗۤ اَجْمَعِيْنَ ﴿١٣٤﴾

၃၇ : ၁၃၄ ။ ။ အကြင်အခါဝယ် ငါအသျှင်မြတ်သည် ၎င်း (လူးသ်) အားလည်းကောင်း၊ ၎င်း (လူးသ်) ၏ အိမ်သူအိမ်သားအားလုံးတို့ကိုလည်းကောင်း ကယ်တင်တော်မူခဲ့၏။

اِلَّا عَجُوْزًا فِى الْغٰبِرِيْنَ ﴿١٣٥﴾

၃၇ : ၁၃၅ ။ ။ သို့ရာတွင် အမယ်အိုတစ်ဦးမှာ (ပြစ်ဒဏ်ကျခံရမည့်) ကျန်ရစ်ခဲ့သူတို့တွင် ပါဝင်ခဲ့၏။

ثُمَّ دَمَّرْنَا الْاٰخَرِيْنَ ﴿١٣٦﴾

၃၇ : ၁၃၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် အခြားသော သူတို့အား ဖျက်ဆီးတော်မူခဲ့၏။

وَاِنَّكُمْ لَتَمُرُّوْنَ عَلَيْهِمْ مُّصْبِحِيْنَ ﴿١٣٧﴾

၃၇ : ၁၃၇ ။ ။ စင်စစ် ကေန်မုချ အသင်တို့သည် နံနက်အခါ၌ ၎င်းတို့၏ (ပျက်စီးနေသော မြို့ရွာ) အနီးမှ ဖြတ်သန်းသွားလာလျက်ပင် ရှိကြကုန်၏။

وَبِالَّيْلِ ؕ اَفَلَا تَعْقِلُوْنَ ﴿١٣٨﴾

၃၇ : ၁၃၈ ။ ။ ထိုနည်းတူစွာ (အသင်တို့သည်) ညဥ့်အခါ၌လည်း (ဖြတ်သန်း သွားလာလျက် ရှိကြပေသည်။) သို့ပါလျက် အသင်တို့သည် (မစဉ်းစား မဆင်ခြင်) မသိနားမလည်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် လူးသွ် عَلَيْهِ السَّلَام သည် နဗီတမန်တော်တစ်ပါးဖြစ်ခဲ့သည်။ (ငှင်းနဗီတမန်တော်၏ တစ်ကြိမ်တစ်ခါက အကြောင်းအရာသည်လည်း တင်ပြဖွယ်ရာဖြစ်သည်။) ငါအသျှင်မြတ်သည် ထိုတမန်တော်နှင့် ငှင်းနှင့် ပတ်သက်သူအားလုံးကို အဖွားကြီး (ဆိုလိုသည်မှာ တမန်တော်လူးသွ် عَلَيْهِ السَّلَام ၏ ဇနီး) မှလွဲ၍ ကျန်လူများကို လွတ်မြောက်စေခဲ့သည်။ ထိုအဖွားအိုသည် ('အဇားဗ်'တွင်) နစ်မွန်းသူများနှင့်အတူ ကျန်ခဲ့လေသည်။ တစ်ဖန် ငါအသျှင်မြတ်သည် (လူးသွ် عَلَيْهِ السَّلَام နှင့် ငှင်းနဗီတမန်တော်နှင့် ပတ်သက်သူများမှလွဲ၍) ကျန်သူအားလုံးကို ဖျက်ဆီးလိုက်လေသည်။ (ငှင်းတို့၏ ဤအဖြစ်အပျက်မှာ နေရာများစွာ၌ လာရှိခဲ့ပြီးဖြစ်သည်။ အို, မက္ကာဟ်မြို့သားတို့) အသင်တို့သည် ရှာမ်နိုင်ငံသို့ ခရီးထွက်ချိန်တွင် ငှင်းတို့ နေ့၊ ည ဖြတ်သန်းခဲ့ကြသည့် နေထိုင်ရာ အိမ်များ၏ ပျက်စီးသွားသည့် လက္ခဏာများကို တွေ့မြင်ပြီးနောက်လည်း သဘောပေါက်မပေါက်ကြလေသလော။ ('ကုဖွရ်'သည် မည်သည့်ရလဒ်များကို ပေးသနည်း။ ဆက်လက်၍ ငြင်းဆန်နေလျှင် ဤကဲ့သို့ ဆိုးကျိုးများကို ခံစားရမည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ဤအာယသ်တော်များတွင် တမန်တော်လူးသွ် عَلَيْهِ السَّلَام ၏ အဖြစ်အပျက်ကို ပဋ္ဌမမြောက်အဖြစ် တင်ပြထားသည်။ ဤအဖြစ်အပျက်သည် နေရာများစွာ၌ အကျယ်တဝင့် တင်ပြထားခဲ့ပြီးဖြစ်သည့်အတွက် ဤနေရာ၌ အကျယ်ချဲ့ရန် မလိုတော့ပေ။ မက္ကာဟ်သားတို့ကို သီးသန့်သတိပေးသည့်သဘောဖြင့် အသင်တို့ 'ရှားမ်'နိုင်ငံသို့ ကုန်ရောင်းကုန်ဝယ်ထွက်လျှင် 'ဆဒ်ဒူမ်'နယ်၌ နေ့၊ ည ကုန်ဆုံးကြသည်။ ထိုနေရာ၌ ဤသင်ခန်းစာယူဖွယ်ရာများ ဖြစ်ခဲ့ကြသော်လည်း အသင်တို့ သင်ခန်းစာ မယူခဲ့ကြပေ။ နံနက်နှင့် ညကို အထူးတလည် တင်ပြခြင်းမှာ အာရဗ်တို့သည် အများအားဖြင့် ထိုနေရာများတွင် ဤအချိန်၌သာ ဖြတ်သန်းကြသည်။ 'ကာဇ္ဇီအဗူစအူးဒ် (ရဟ်) က 'ဆဒ်ဒူးမ်'နယ်သည် မနက်စောစော ဖြတ်သန်းသွားသူများနှင့် ကိုက်ညီ၍ 'ရှာမ်'မှ ပြန်လှည့်လာသူများအတွက် ညနေခင်းအချိန်နှင့် ကိုက်ညီပေသည်။

[သဖ်စီးရေအဗူစအူးဒ်ကျမ်း]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَإِنَّ يُونُسَ لَمِنَ الْمُرْسَلِينَ ﴿١٣٩﴾

၃၇ : ၁၃၉ ။ ။ ထို့ပြင် ဧကန်အမှန် (တမန်တော်) ယူနွတ်စ်သည်လည်း ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ခဲ့၏။

إِذْ أَبَقَ إِلَى الْفُلْكِ الْمَشْحُونِ ﴿١٤٠﴾

၃၇ : ၁၄၀ ။ ။ အခါတစ်ပါး၌ ၎င်း (ယူနွတ်စ်) သည် ကုန်စည်အပြည့်တင်ထားသော သင်္ဘော၏အနီးသို့ ပြေး၍ သွားခဲ့လေ၏။

فَسَاهَمَ فَكَانَ مِنَ الْمُدْحَضِينَ ﴿١٤١﴾

၃၇ : ၁၄၁ ။ ။ ထို့နောက် ၎င်း (ယူနွတ်စ်) သည် (သင်္ဘောသားများ မဲစာရေးတံချရာတွင်) ပါဝင် မဲချစေခဲ့ရာ ၎င်းမှာ အရေးရှုံးနိမ့်သူ ဖြစ်ခဲ့ရလေ၏။ [လမ်းခရီးတွင် လေမုန်တိုင်းမိသောအခါ လှေပေါ်တွင် သခင်ထံမှ ထွက်ပြေးလာသော ကျွန်တစ်ယောက် ပါရှိ၍ ၎င်းကို လှေပေါ်မှ မဖယ်ရှားလျှင် လွတ်မြောက်ရန် ခဲယဉ်းမည်ဟု ဆို၍ မဲနှိုက်ရာ သုံးကြိမ်တိုင်တိုင် မဲကျ၏။]

فَالْتَقَمَهُ الْحُوتُ وَهُوَ مُلِيمٌ ﴿١٤٢﴾

၃၇ : ၁၄၂ ။ ။ ထို့နောက် ၎င်း (ယူနွတ်စ်) သည် မိမိကိုယ်ကိုမိမိ အပြစ်တင်လျက် ရှိနေစဉ်၊ ငါးသည် ၎င်းအား မျိုခဲ့လေ၏။

فَلَوْلَا أَنَّهُ كَانَ مِنَ الْمُسَبِّحِينَ ﴿١٤٣﴾

၃၇ : ၁၄၃ ။ ။ စင်စစ် အကယ်၍သာ ၎င်း (ယူနွတ်စ်) သည် (ငါအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုသူ မဖြစ်ခဲ့ပါမူ။

لَلَبِثَ فِي بَطْنِهِ إِلَىٰ يَوْمِ يُبْعَثُونَ ﴿١٤٤﴾

၃၇ : ၁၄၄ ။ ။ အမှန်ပင် ၎င်း (ယူနွတ်စ်) သည် 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တိုင်အောင် ထိုငါး၏ ဝမ်းဗိုက်ထဲ၌သာ နေခဲ့ရပေမည်။

فَنَبَذْنَاهُ بِالْعَرَاءِ وَهُوَ سَقِيمٌ ﴿١٤٥﴾

၃၇ : ၁၄၅ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်း (ယူနွတ်စ်) အား လွင်တီးပြင်၌ ချတော်မူခဲ့ရာ၊ ၎င်းမှာ နွမ်းရိလျက် ရှိခဲ့၏။

وَأَنْبَتْنَا عَلَيْهِ شَجَرَةً مِنْ يَقْطِينٍ ﴿١٤٦﴾

၃၇ : ၁၄၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း၏အပေါ်၌ နွယ်တက်သော အပင်တစ်ပင်ကို ပေါက်ရောက်စေတော်မူခဲ့၏။

وَأَرْسَلْنَاهُ إِلَىٰ مِائَةِ أَلْفٍ أَوْ يَزِيدُونَ ﴿١٤٧﴾

၃၇ : ၁၄၇ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းအား (လူဦးရေ) တစ်သိန်း သို့မဟုတ် တစ်သိန်းကျော်ရှိသော အမျိုးသားတို့ထံ (ရစူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူခဲ့၏။

فَاٰمَنُوۡا فَمَتَّعۡنٰهُمۡ اِلٰى حِيۡنٍ ﴿۱۴۸﴾

၃၇ း ၁၄၈ ။ ။ ထိုအခါ ၎င်းအမျိုးသားတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အား သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် အကျိုးကျေးဇူး ခံစားခွင့် ပေးသနားတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချဧကန် တမန်တော်ယူနွစ် ﷺ သည်လည်း နဗီတမန်တော်များမှ ဖြစ်သည်။ (၎င်း၏ အဖြစ်အပျက်ကိုလည်း သတိရကြလေကုန်။) ထိုတမန်တော်သည် မိမိမျိုးနွယ်စုများ အီမာန်မယူသည့်အပေါ် အလ္လာဟ့်အမိန့်ဖြင့် အပြစ်ဒဏ်လာရောက်နိုင်ကြောင်း ကြိုတင်စကားပြောဆို၍ ကိုယ်တိုင် ထိုနေရာမှ ထွက်ခွာသွား၏။ သတ်မှတ်သည့်အချိန် ရောက်လာသောအခါ အပြစ်ဒဏ်၏ နိမိတ်လက္ခဏာများ ပေါ်လွင်လာသော် မျိုးနွယ်စုများသည် အီမာန်ယူရန် တမန်တော်ယူနွစ်ကို ရှာဖွေကြ၏။ ရှာမတွေ့သောအခါ အားလုံးစုရုံး၍ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ငိုယိုတောင်းပန်ကြ၏။ အကျဉ်းအားဖြင့် အီမာန်ယူလာကြရာ အပြစ်ဒဏ်မှ လွတ်မြောက်သွား၏။ တမန်တော်ယူနွတ်စ် ﷺ သည် အကြောင်းခံတစ်ခုဖြင့် ဤသတင်းကို သိရှိသောအခါ အလ္လာဟ်အသျှင်မြတ်၏ ထင်ပေါ်သော ခွင့်ပြုချက်မရှိဘဲ မိမိသဘောဖြင့် တစ်နေရာသို့ သွားရန် ဆုံးဖြတ်၍ မိမိနေထိုင်ရာနေရာမှ ထွက်ခွာသွားသည်။ (လမ်းတွင် မြစ်တစ်ခုရှိ၍ ခရီးသည်ပြည့်နေသော လှေကို တွေ့ရှိရလေသည်။) ထိုလှေနားသို့ ရောက်ပြီး (စီးနင်းပြီး လှေထွက်ခွာရာ မုန်တိုင်းမိလေသည်။ လှေရှင်တို့က 'ကျွန်ုပ်တို့အထဲတွင် အပြစ်ကျူးလွန်သူတစ်ဦး ရှိ၏။ ထိုသူ့အနေဖြင့် လှေမှ ဆင်းပေးရမည်ဟူ၍ ပြောဆိုလေ၏။ ထိုသူ့ကို သတ်မှတ်ရန် အားလုံး မဲနှိုက်ကြရန် ဆုံးဖြတ်ကြရာ) တမန်တော်ယူနွတ်စ် ﷺ သည်လည်း ထိုမဲ၌ ပါဝင်၏။ မဲနှိုက်ရာ တမန်တော်ယူနွတ်စ် ﷺ ကသာ အပြစ်ရှိသည်ဟု အမည်ထွက်၏။ (သို့ရှိရာ တမန်တော်ယူနွတ်စ် ﷺ သည် မြစ်တွင်းသို့ ခုန်ဆင်းသွား၏။ ကမ်းစပ်နှင့် နီးသည့်အတွက် ရေကူး၍ ရောက်ရှိနိုင်ပေသည်။ သို့ရှိရာ မိမိကိုယ်ကိုယ်ကို လုပ်ကြံသည်ဟူသော စောဒကမတတ်နိုင်ပေ။) ရေထဲသို့ ကျပြီးနောက် ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် ငါးက မြိုလိုက်လေသည်။ ဤအချိန်၌ မိမိသဘောဖြင့် မှားယွင်းမှုအပေါ် အပြစ်တင်လေသည်။ ဤသည် နှလုံးသားဖြင့် 'သောင်ဗာဟ်'ပြုခြင်း ဖြစ်သည်။ နှုတ်လျှာဖြင့်လည်း 'သတ်စ်ဗီးဟ်'များ ရွတ်ဖတ်၍ အမှားဝန်ခံမှု ပြုနေသည်။ အခြားအာယသ်တော်တစ်ပုဒ်တွင်

لَآ اِلٰهَ اِلَّاۤ اَنۡتَ سُبۡحٰنَكَ اِنِّىۡ كُنۡتُ مِنَ الظّٰلِمِيۡنَ

ဟု လာရှိပေသည်။ အကယ်၍ ထိုအချိန်တွင် အလ္လာဟ်အသျှင်မြတ်အား တသခြင်းနှင့် အမှားဝန်ခံခြင်း မပြုပါက 'ကေယာမသ်'နေ့အထိ ထိုငါးဝမ်းတွင်း၌သာ နေရပေမည်။ အလိုသဘောမှာ ငါးဝမ်းထဲမှ မထွက်ရဘဲ အစာဖြစ်သွားပေမည်။ ထိုတမန်တော်ကြီးသည် 'သတ်စ်ဗီးဟ်'နှင့် 'သောင်ဗာဟ်'ပြုသည့်

အတွက် ၄င်းကို ထိန်းသိမ်းထားလေသည်။ ထို့နောက် ငါးဗိုက်မှ ထုတ်၍ ကွင်းပြင်တစ်ခုအတွင်းသို့ ပို့ဆောင်ပေးလေသည်။ ဆိုလိုသည်မှာ ငါးကို အမိန့်ပေး၍ ကမ်းခြေ၌ အန်ခိုင်းလေသည်။ ထိုအချိန်တွင် ၄င်းနဗီတမန်တော်သည် အားနည်းနေလေသည်။ အဘယ်ကြောင့်ဆိုသော် ငါးဗိုက်အတွင်း၌ လေနှင့် အစားအစာ လုံလောက်စွာ မရရှိပေ။ ၄င်းနောက် ငါအသျှင်မြတ်သည် နေအပူမှ ကာကွယ်ရန် နွယ်ပင်တစ်မျိုး ပေါက်ရောက်စေခဲ့သည်။ တောင်ဆိတ်တစ်ကောင်မှ နို့တိုက်လေသည်။ ငါးအရှင်သည် ထိုနဗီတမန်တော်ကို လူတစ်သိန်း (သို့) ထို့ထက်များသော လူများရှိသည့် မူဆိုးလ်နှင့် နီးသည့် 'နီနဝါ' မြို့တွင် နဗီတမန်တော်အဖြစ် စေလွှတ်လိုက်သည်။ ထိုမြို့မှ လူများ အီမာန်ယူခဲ့ကြသည်။ 'အဇားဗ်'၏ နိမိတ်လက္ခဏာများကို တွေ့၍ အကျဉ်းချုံး အီမာန်ယူခဲ့ကြသည်။ ငါးအဖြစ်အပျက်၏ နောက် တမန်တော်ယူနွတ်စ် عليه السلام ထိုနေရာသို့ ပြန်သွားသောအခါ အကျယ်တဝင့် အီမာန်ယူခဲ့ကြသည်။ ထိုသို့ အီမာန်ယူခြင်းကြောင့် ငါအသျှင်မြတ်သည် ၄င်းတို့ကို သက်ဆုံးတိုင် ကောင်းမွန်စွာ ထားခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်တွင် နောက်ဆုံး 'ဝါကိအဟ်'အဖြစ် တမန်တော်ယူနွတ်စ် عليه السلام အကြောင်း တင်ပြထားသည်။ ဤအဖြစ်အပျက်နှင့် ပတ်သက်သည်များ၏ အကျယ်တဝင့်ကို စူရာဟ်ယူနွတ်စ်အဆုံးပိုင်းတွင် တင်ပြပြီးဖြစ်၍၊ အကြောင်းအရာ အကျဉ်းချုပ်ကို အနှစ်ချုပ်ရှင်းလင်းချက်၌ တင်ပြပြီးသည့်အတွက် ထပ်မံတင်ပြရန် မလိုအပ်တော့ပေ။ သို့သော် သီးခြားအာယသ်တော်များနှင့် ပတ်သက်၍ အချို့အရေးကြီးသည့်အချက်များကို တင်ပြလိုက်ပါသည်။

وَاِنَّ يُوْنُسَ لَمِنَ الْمُرْسَلِيْنَ

အချို့သဖ်စီးရ်ပညာရှင်များနှင့် သမိုင်းသုတေသီတို့က ငါးအဖြစ်အပျက် မဖြစ်မီအလျှင် (သို့) ဖြစ်ပြီးမှ တမန်တော်ယူနွတ်စ်ကို နဗီအဖြစ် စေလွှတ်ခဲ့ခြင်း ဖြစ်ပါသလောဟူသည့် အချက်ကို ငြင်းခုန်ကြလေသည်။ အချို့ပညာရှင်တို့က ငါးအဖြစ်အပျက်ပြီးမှ တမန်တော်အဖြစ် စေလွှတ်ခဲ့ကြောင်း တင်ပြ၏။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်၏ ပေါ်လွင်သည့် နည်းလမ်းနှင့် ဆင့်ပြန်ချက် အများအပြားတွင် နဗီတမန်တော်ဘွဲ့ထူးအလျှင် ပေးပြီးနောက်မှ ငါးအဖြစ်အပျက် ဖြစ်ခဲ့လေသည်။

اِذْ اَبَقَ اِلَى الْفُلْكِ الْمَشْحُوْنِ

ထိုတမန်တော်သည် လူပြည့်နေသည့် လှေဘက်သို့ ထွက်ပြေးသည့်အချိန်ဟု အဓိပ္ပာယ်ရ၏။ اَبَقَ သည် اِبَاقٌ မှ ဖြစ်၍ အဓိပ္ပာယ်မှာ ကျွန်တစ်ယောက်သည် မိမိသခင်ထံမှ ထွက်ပြေးသည်ဟု အဓိပ္ပာယ်ရသည်။ တမန်တော်ယူနွတ်စ် عليه السلام နှင့် ပတ်သက်၍ ဤစာလုံးသုံးရခြင်းမှာ မိမိအသျှင်မြတ်ဘက်မှ 'ဝဟီ' လမ်းညွှန်မှုကို မစောင့်ဘဲ ထွက်ခွာသွားသည့်အတွက် ဖြစ်သည်။ နဗီတမန်တော်တို့သည် အလ္လာဟ်အသျှင်

မြတ်နှင့် အနီးဆုံးသူများဖြစ်ကြ၍ သေးငယ်သော လွဲမှားမှုပင်လျှင် ကြီးလေးသော အရေးယူမှု၏ အကြောင်းခံ ဖြစ်လေသည်။ ထို့ကြောင့် ဤပြင်းထန်သော စာလုံးသုံးခြင်းဖြစ်သည်။ **فَسَاهَمَ** သို့ရှိရာ တမန်တော်ယူနွတ်စ် ﷺ သည် မဲနှိုက်သူများတွင် ပါဝင်၏။ ဤမဲနှိုက်ခြင်းအလုပ်သည် လှေသည် မြစ်လယ်ခေါင်ရောက်၍ မုန်တိုင်းမိသော အချိန်ကျမှ ပြုလုပ်ခြင်းဖြစ်သည်။ အလေးချိန်များသည့်အတွက် နစ်မြုပ်ရန် စိုးရိမ်ရသော အချိန်၌ လူတစ်ဦးကို ရေထဲသို့ ပစ်ချရန် ဆုံးဖြတ်ကြ၏။ မည်သူ့ကို ပစ်ချမည်ကို သတ်မှတ်ရန် မဲနှိုက်ကြခြင်း ဖြစ်သည်။

မဲနှိုက်ခြင်းနှင့် ပတ်သက်၍ တရားတော်၏ အမိန့်ပညတ်ချက်

ဤနေရာတွင် သတိမူရမည့်အချက်မှာ မဲနှိုက်ခြင်းဖြင့် လူတစ်ဦး၏ ရပိုင်ခွင့်ကို မသတ်မှတ်နိုင်သကဲ့သို့ တစ်ဦးတစ်ယောက်ကို အပြစ်ရှိသူဟုလည်း မသတ်မှတ်နိုင်ပေ။ ဥပမာ- မဲနှိုက်၍ လူတစ်ဦးကို သူခိုးဟု မဆိုနိုင်ပေ။ ဤသို့ပင် လူနှစ်ဦးမှ ပစ္စည်းဥစ္စာများနှင့် ပတ်သက်၍ မည်သူပိုင်သည်ကို အငြင်းပွားလျှင် မဲဖြင့် မဆုံးဖြတ်နိုင်ပေ။ သို့သော် လူတစ်ဦးအနေဖြင့် တရားတော်အရ အပြည့်အဝ ရွေးချယ်ပိုင်ခွင့် ရှိ၍ ပြုပိုင်သော နည်းစနစ်များမှ နည်းစနစ်တစ်ခုကို ရွေးချယ်သည့်အခါ မိမိသဘောဖြင့် မရွေးချယ်ဘဲ မဲနှိုက် ဆုံးဖြတ်ခြင်းသည် ပြုပိုင်သည့်အပြင် ပို၍ ကောင်းလေသည်။ ဥပမာ- လူတစ်ဦးသည် တစ်ဦးထက်ပို၍ ဇနီးများရှိ၏။ ခရီးတွင် မိမိနှစ်သက်သူကို ခေါ်သွားနိုင်ပေသည်။ ယခု ထိုသူတို့သည် မိမိသဘောဖြင့် မဆုံးဖြတ်ဘဲ စိတ်မငြိုငြင်စေရန် မဲနှိုက်ရွေးချယ်လျှင် ပို၍ကောင်း၏။ တမန်တော်သည် ဤနည်းအတိုင်း ကျင့်သုံးခဲ့လေသည်။ တမန်တော်ယူနွတ်စ် ﷺ ၏ အဖြစ်အပျက်တွင် မဲနှိုက်ခြင်းမှာ အပြစ်ရှိသူကို သတ်မှတ်ရန် မဟုတ်ဘဲ လှေတစ်စင်းလုံးရှိ လူများကို ကာကွယ်ရန် မည်သည့်တစ်ဦးတစ်ယောက်ကိုမဆို ရေထဲသို့ ပစ်ချနိုင်၏။ မည်သူဖြစ်သည်ကို သတ်မှတ်ရန်အတွက်သာ မဲနှိုက်ခဲ့ခြင်းဖြစ်သည်။

فَكَانَ مِنَ الْمُدْحَضِينَ

(သို့ရှိရာ ထိုသူရှုံးနိမ့်သွား၏။) **ادحاض** ၏ အဘိဓါန်အဓိပ္ပာယ်မှာ လူတစ်ဦးကို အလုပ်မဖြစ်အောင် ပြုလုပ်ခြင်းဖြစ်သည်။ အလိုသဘောမှာ မဲနှိုက်ရာတွင် ထိုသူမအောင်မြင်ခဲ့ပေ။ ထိုတမန်တော်သည် ကိုယ်တိုင် ရေထဲသို့ ခုန်ချလိုက်သည်။ ကမ်းနှင့် နီး၍သော်လည်းကောင်း၊ ရေကူး၍ ကမ်းစပ်သို့ ရောက်ရှိနိုင်သည့် သဘောရှိသောကြောင့် မိမိကိုယ်ကို လုပ်ကြံသည်ဟု သံသယဝင်စရာ မရှိပေ။

فَلَوْ لَآ أَنَّهُ كَانَ مِنَ الْمُسَبِّحِينَ

ဤအာယသ်တော်ဖြင့် တမန်တော်ယူနွတ်စ် ﷺ အား 'ဇိကိရ်'မပြုလျှင် ထိုငါးသည် 'ကေယာမသ်' နေ့အထိ ရှင်သန်နေမည်ဟု ယူဆလျှင် မှား၏။ အလိုသဘောမှာ ထိုငါးဗိုက်သာလျှင် တမန်တော်ယူနွတ်စ် ﷺ ၏ 'ကဗရ်'ဖြစ်သွားပေမည်ဟူ၍ ဖြစ်သည်။

'ဇိကိရ်' နှင့် 'အစ်သေဂ်ဖာရ်' သည် ဒုက္ခများကို ကင်းဝေးစေခြင်း

ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ ဘေးဗလာဒုက္ခများ ကင်းဝေးရန် 'ဇိကိရ်'နှင့် 'အစ်သေဂ်ဖာရ်' သည် အလွန် အရေးပါသည်။ တမန်တော်ယူနွတ်စ် ﷷ သည် ငါး၏ ဝမ်းဗိုက်အတွင်း ရှိနေသော အချိန်၌

لَآ اِلٰهَ اِلَّآ اَنْتَ سُبْحٰنَكَ اِنِّىْ كُنْتُ مِنَ الظّٰلِمِيْنَ

ကို ဖတ်ရွတ်ခဲ့ကြောင်း 'စူရာဟ်အမ်ဗီယာ'၌ တင်ပြပြီးဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤ 'ကလေမာဟ်'၏ 'ဗရ်ကသ်'ဖြင့် တမန်တော်ယူနွတ်စ် ﷷ ကို ထိုစမ်းသပ်မှုမှ အောင်မြင်မှု ချီးမြှင့်ခဲ့သည်။ ငါး၏ ဝမ်းဗိုက်အတွင်း၏ အကောင်းပကတိအတိုင်း ပြန်ထွက်လာသည်။ ထို့ကြောင့် ပညာရှင်များက တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ဒုက္ခနှင့် ကြုံတွေ့ရလျှင် ဤ 'ကလေမာဟ်'ကို (၁၂၅၀၀၀) ဖတ်ရွတ်လျှင် ဤ 'ကလေမာဟ်'တော်၏ 'ဗရ်ကသ်'တော်ဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဒုက္ခများမှ ကင်းဝေးစေမည်ဖြစ်ကြောင်း မိန့်တော်မူထား၏။ အဗူဒါဝူးဒ်ကျမ်းတွင် ဟဇရသ်စအဒ်ဗင်န်အဗီဝက္ကားစ် ﷺ ထံမှ သခင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ငါးအတွင်း၌ တမန်တော်ယူနွတ်စ် ﷷ ဖတ်ရွတ်ခဲ့သည့် ဤဒိုအာကို မွတ်စ္စလင်မ်များအနေဖြင့် ရည်ရွယ်ချက်တစ်ခုခုအတွက် ဖတ်ရွတ်လျှင် ထိုသူ၏ တောင်းခံမှုကို အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူမည်ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

فَنَبَذْنٰهُ بِالْعَرَآءِ وَهُوَ سَقِيْمٌ

သို့ရှိရာ ငါအသျှင်မြတ်သည် တမန်တော်ယူနွတ်စ် ﷷ ကို ကွင်းပြင်တစ်ခု၌ ချပေးလိုက်၏။ ထိုအချိန်တွင် တမန်တော်ယူနွတ်စ် ﷷ သည် အားအင်ချည့်နဲ့နေ၏။

العراء ၏ အဓိပ္ပာယ်မှာ 'သစ်ပင်တစ်ပင်တစ်လေမျှပင် မရှိသော လွင်တီးခေါင်ပြင်' ဟူ၍ ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များအရ 'တမန်တော်ယူနွတ်စ် ﷷ သည် ငါးဝမ်းတွင်းမှ နေခဲ့သည့်အတွက် အလွန်ချည့်နဲ့နေလေသည်။ ၄င်းနောက် ခန္ဓာကိုယ်ပေါ်တွင် အမွှေးအမျှင်ပင် မကျန်ရှိတော့ပေ'ဟု သိရှိရလေသည်။

وَاَنْۢبَتْنَا عَلَيْهِ شَجَرَةً مِّنْ يَّقْطِيْنٍ

ငါအသျှင်မြတ်သည် တမန်တော်ယူနွတ်စ် ﷷ အဖို့ နွယ်ပင်တစ်မျိုး ပေါက်ရောက်စေခဲ့သည်။

يقطين ဆိုသည်မှာ ပင်စည်မရှိသော အပင်မျိုးကို ခေါ်ဆိုသည်။ ဗူးပင်ဖြစ်သည်ဟု ဆင့်ပြန်ချက်များ၌ လာရှိလေသည်။ ဤသို့ အပင်ပေါက်စေရခြင်းမှာ တမန်တော်ယူနွတ်စ် ﷷ အရိပ်ရရှိရန်အတွက် ဖြစ်သည်။ ဤနေရာတွင် **شَجَرَةً** စာလုံး သုံးနှုန်းထားသည့်အတွက် ၄င်းမှ 'ဗူးပင်'ကို အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်ဖြင့် ပင်စည်ရှိသော အပင်အဖြစ် ပြုလုပ်လိုက်ခြင်း ဖြစ်နိုင်သကဲ့သို့ အခြားအပင်တစ်ပင်ပင်

အပေါ်သို့ ဖူးပင် နွယ်တက်ခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့မှသာ ပိန်းပိတ်သော အရိပ်ရရှိမည် ဖြစ်သည်။ ထိုသို့မဟုတ်ပါက အရိပ်ရရှိရန် ခက်ခဲလေသည်။

وَاَرْسَلْنٰهُ اِلٰى مِائَةِ اَلْفٍ اَوْيَزِيْدُوْنَ

၄င်းနောက် ငါအသျှင်မြတ်သည် လူတစ်သိန်း (သို့) ထို့ထက်များသော လူတို့ထံ နဗီတမန်တော် အဖြစ်နှင့် စေလွှတ်ခဲ့၏။

ဤနေရာတွင် 'အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၍ 'တစ်သိန်း (သို့) တစ်သိန်းထက်များသော' ဟူ၍ သံသယစာလုံးကို အဘယ်ကြောင့် သုံးနှုန်းသနည်း' ဟု စောဒကတင်နိုင်ပေသည်။ အဖြေမှာ ဤဝါကျကို လူအများ သုံးသည့် စကားနှင့်အညီ တင်ပြခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ရိုးရိုးသာမန်လူတစ်ဦးသည် ထိုလူများကို ကြည့်၍ တစ်သိန်း (သို့) တစ်သိန်းထက်ပိုသော အရေအတွက်ရှိသည်ဟု ပြောဆိုတတ်သောကြောင့် ဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

ဟဇရတ်ထာနဝီ (ရဟ) သခင်က ဤနေရာတွင် သံသယကို တင်ပြရန် မရည်ရွယ်ပေ။ 'တစ်သိန်းဟု ပြောဆိုနိုင်သကဲ့သို့ ထို့ထက်ပိုသော' ဟုလည်း ဆိုနိုင်ပေသည်။ လျှော့နည်းသော အရေအတွက်ကို မထောက်ရှုလျှင် တစ်သိန်းဟု ဆိုနိုင်သကဲ့သို့ လျှော့နည်းသော ကိန်းကို ရေတွက်လျှင် တစ်သိန်းထက်ပိုသည်ဟု ဆိုနိုင်ပေသည်။ ဤဝါကျသည် ငါးအဖြစ်အပျက်၏နောက် ဖြစ်ခဲ့သည်။ ထို့ကြောင့် အချို့သဖ်စီးရ် ပညာရှင်များက တမန်တော်ယူနွတ်စ် ﷺ သည် ဤအဖြစ်အပျက်၏ နောက်တွင်မှ နဗီရစူလ်အဖြစ် စေလွှတ်ခြင်းခံရသည်ဟု ဆိုကြသည်။ အလ္လာမဟ်ဗဂ်ဝီ (ရဟ) သခင်က ဤအာယသ်တော်တွင် 'နီနဝါ' ဘက်သို့ စေလွှတ်ကြောင်း မပါရှိသာမက ငါးအဖြစ်အပျက်၏နောက် အခြားအုပ်စုတစ်စုဘက်သို့ စေလွှတ်ခြင်းခံရသည်။ ၄င်းတို့၏ အရေအတွက်မှာ တစ်သိန်းထက် ပိုသည်ဟူ၍ အမိန့်ရှိခဲ့သည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်နှင့် အခြားဆင့်ပြန်ချက်များအရ ဤအဆိုအတွက် အထောက်အထားမရှိပေ။ တမန်တော်ယူနွတ်စ် ﷺ ၏ အဖြစ်အပျက်အစဦးပင် ရစူလ်ဖြစ်ခဲ့ကြောင်း ရှင်းလင်းစွာ တင်ပြထား၏။ ရစူလ်ဖြစ်ပြီးမှ ငါးအဖြစ်အပျက် ဖြစ်ခဲ့လေသည်။ ထို့နောက် ဤဝါကျကို ဒုတိယယူလာခြင်းမှာ တမန်တော်ယူနွတ်စ် ﷺ ကျန်းမာလာပြီးနောက် ထိုနေရာသို့ ဒုတိယအကြိမ် စေလွှတ်ခဲ့သည်။ ထိုနေရာတွင် ရှိသော အရေအတွက်မှာ လူအချို့မဟုတ်ဘဲ တစ်သိန်းထက်ပင် ကျော်သည်ဟု ရှင်းလင်းထားသည်။

فَاٰمَنُوْا فَمَتَّعْنٰهُمْ اِلٰى حِيْنٍ

ထိုသူတို့ အီမာန်လက်ခံခဲ့သည့်အတွက် ငါအသျှင်မြတ်သည် အချိန်ကာလရှည်တစ်ခုအထိ အေးချမ်းမှု ပေးခဲ့လေသည်။ 'ခေတ်ကာလရှည်တစ်ခုအထိ' ဟူသော အလိုသဘောမှာ 'ကုဖွ်ရ်နှင့် ရှရစ်ကိတွင် ပြန်လည် မနစ်မွန်းသည်အထိ အပြစ်ဒဏ်မလာတော့' ဟူသော သဘောဖြစ်သည်။

'မိရ်ဇာကာဒီယာနီ' ၏ နှိုင်းယှဉ်ချက်၏ အဖြေ

တမန်တော်ယူနွတ်စ် ﷺ ၏ မျိုးနွယ်ဝင်များအပေါ် အပြစ်ဒဏ်ကင်းလွတ်ရခြင်းမှာ ၎င်းတို့သည် အချိန်မီ အီမာန်ယူခဲ့သည့်အတွက် ဖြစ်ကြောင်း ဤအာယသ်တော်၌ ပေါ်လွင်သလို 'စူရာဟ်ယူနွတ်စ်'၏ 'သဖ်စီးရ်'တွင်လည်း ပေါ်လွင်၏။ ထိုအချက်ဖြင့် 'ပန်ဂျားဗ်'နယ်မှ နဗီလိမ် မိရ်ဇာဂိုလာမ်အဟ်မဒ်ကာဒီယာနီ ၏ နှိုင်းယှဉ်ချက်သည်လည်း ပျက်ပြယ်သွားသည်။ ၎င်းက မိမိနှင့် ဆန့်ကျင်သူများကို ဤသို့ စိန်ခေါ်ခဲ့သည်။ အကယ်၍ ထိုသူတို့ ကျွန်ုပ်အား ဆန့်ကျင်နေကြလျှင် အချိန်တစ်ချိန်တွင် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'အဇားဗ်'လာရန် အလ္လာဟ်အသျှင်မြတ် ဆုံးဖြတ်ပြီးဖြစ်သည်ဟု ဆိုလေသည်။ သို့သော် ဆန့်ကျင်သူများသည် တိုး၍တိုး၍ ဆန့်ကျင်ခဲ့ကြသော်လည်း 'အဇားဗ်'အပြစ်ဒဏ် ရောက်ရှိမလာပေ။ မိမိ၏ ကြွေးကြော်မှု မအောင်မြင်သည့်အဆုံး သိက္ခာမဲ့ခြင်းမှ ကာကွယ်ရန် ကာဒီယာနီက ဤသို့ ပြောဆိုလေသည်။ ဆန့်ကျင်သူများသည် နှလုံးသားထဲမှ ကြောက်ရွံ့သွားသည့်အတွက် တမန်တော်ယူနွတ်စ် ﷺ ၏ မျိုးနွယ်ဝင်များထဲသို့ အပြစ်ဒဏ်ဖယ်ရှားသွားသကဲ့သို့ ဖယ်ရှားသွားလေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်သည် ဤလှဲမှားသည့် နှိုင်းယှဉ်ချက်ကို ပယ်ဖျက်ထားလေသည်။ တမန်တော်ယူနွတ်စ် ﷺ ၏ မျိုးနွယ်ဝင်များမှာ အီမာန်ယူခြင်းကြောင့် 'အဇားဗ်'မှ ကင်းလွတ်သွားလေသည်။ ထိုအချက်နှင့် ဆန့်ကျင်၍ ကာဒီယာနီကို ဆန့်ကျင်သူများသည် အီမာန်မယူသည့်အပြင် တိုး၍ တိုး၍သာ ဆန့်ကျင်ခဲ့ကြခြင်း ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَاسْتَفْتِهِمْ أَلِرَبِّكَ الْبَنَاتُ وَلَهُمُ الْبَنُونَ ﴿١٤٩﴾

၃၇ : ၁၄၉ ॥ ॥ ယခု အသင် (မိုဟမ္မဒ်) သည် ၎င်းတို့အား မေးမြန်းပါလေ။ 'အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၌ သမီးမိန်းကလေးများ ရှိကြ၍၊ ၎င်းတို့၌မူ သားယောကျ်ားကလေးများ ရှိကြလေသလော။'

أَمْ خَلَقْنَا الْمَلَائِكَةَ إِنَاثًا وَهُمْ شَاهِدُونَ ﴿١٥٠﴾

၃၇ : ၁၅၀ ॥ ॥ သို့တည်းမဟုတ် ငါအသျှင်မြတ်သည် 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့အား မိန်းမများအဖြစ် ဖန်ဆင်းတော်မူခဲ့သည်ကို ၎င်းတို့ ကြည့်ရှုလျက် ရှိကြလေသလော။

أَلَا إِنَّهُمْ مِنْ إِفْكِهِمْ لَيَقُولُونَ ﴿١٥١﴾

၃၇ : ၁၅၁ ॥ ॥ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်အမှန် ၎င်းတို့သည် မိမိတို့၏ လီဆယ်မှုဖြင့်သာ ပြောဆိုနေကြကုန်သည်။

وَلَدَ اللّٰهُ ۙ وَاِنَّهُمْ لَكٰذِبُوْنَ ﴿١٥٢﴾

၃၇ : ၁၅၂ ။ ။ 'အလ္လာဟ်အသျှင်မြတ်သည် (သားသမီး) မွေးဖွားတော်မူသည်' ဟု (ပြောဆိုကြ၏။) သို့ရာတွင် ဧကန်စင်စစ် ၎င်းတို့သည် မုသာဝါဒီများပင် ဖြစ်ကြကုန်၏။

اَصْطَفَى الْبَنَاتِ عَلَى الْبَنِيْنَ ﴿١٥٣﴾

၃၇ : ၁၅၃ ။ ။ အလ္လာဟ်အသျှင်မြတ်သည် သမီးမိန်းကလေးများအား သားယောကျ်ားကလေးများထက် ဦးစားပေးတော်မူခဲ့လေသလော။

مَا لَكُمْ ۫ كَيْفَ تَحْكُمُوْنَ ﴿١٥٤﴾

၃၇ : ၁၅၄ ။ ။ အသင်တို့၌ မည်သို့သော အကြောင်းပြချက် ရှိသနည်း။ အသင်တို့သည် မည်သို့ အဆုံးအဖြတ် ပေးကြသနည်း။

اَفَلَا تَذَكَّرُوْنَ ﴿١٥٥﴾

၃၇ : ၁၅၅ ။ ။ အသင်တို့သည် ဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။

اَمْ لَكُمْ سُلْطٰنٌ مُّبِيْنٌ ﴿١٥٦﴾

၃၇ : ၁၅၆ ။ ။ သို့တည်းမဟုတ် အကယ်၍ အသင်တို့သည် ထင်ရှားစွာသော သက်သေအထောက်အထား တစ်စုံတစ်ရာ ရှိလေသလော။

فَاْتُوْا بِكِتٰبِكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿١٥٧﴾

၃၇ : ၁၅၇ ။ ။ သို့ရှိခဲ့ပါလျှင် အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြပါမူ မိမိတို့၏ ကျမ်းဂန်ကို ယူလာ (၍ တင်ပြ) ကြလေကုန်။

وَجَعَلُوْا بَيْنَهٗ وَبَيْنَ الْجِنَّةِ نَسَبًا ۗ وَلَقَدْ عَلِمَتِ الْجِنَّةُ اِنَّهُمْ لَمُحْضَرُوْنَ ﴿١٥٨﴾

၃၇ : ၁၅၈ ။ ။ ထို့ပြင် ၎င်းတို့သည် (မိမိတို့၏ စိတ်ကူးဖြင့်) ထိုအသျှင်မြတ်နှင့် 'ဂျင်န်' သတ္တဝါတို့၏ အကြားဝယ် ဆွေမျိုးတော်စပ်မှုကို ဖန်တီးခဲ့ကြကုန်၏။ အမှန်စင်စစ် 'ဂျင်န်' သတ္တဝါတို့ကိုယ်တိုင်၊ မိမိတို့မှာ (ပြစ်ဒဏ်၌) အမှန်ပင် အဆင်သင့် ရောက်ရှိစေခြင်း ခံကြရမည့်သူများ ဖြစ်ကြသည်ကို ကောင်းစွာ သိရှိပြီး ဖြစ်ကြကုန်၏။

سُبْحٰنَ اللّٰهِ عَمَّا يَصِفُوْنَ ﴿١٥٩﴾

၃၇ : ၁၅၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ ကြံဖန်ပြောဆိုကြသည်တို့မှ လုံးဝ ကင်းရှင်းစင်ကြယ်တော်မူ၏။

إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ ﴿١٦٠﴾

၃၇ : ၁၆၀ ။ ။ သို့ရာတွင် ရွေးချယ်ပြီးဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ကျွန်များမှာမူ (ပြစ်ဒဏ်မှ ကင်းလွတ်ကြကုန်ပေလိမ့်မည်။)

فَإِنَّكُمْ وَمَا تَعْبُدُونَ ﴿١٦١﴾

၃၇ : ၁၆၁ ။ ။ သို့ဖြစ်ရာ အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ ဆည်းကပ်ကိုးကွယ်ရာတို့သည်လည်းကောင်း။

مَا أَنْتُمْ عَلَيْهِ بِفَاتِنِينَ ﴿١٦٢﴾

၃၇ : ၁၆၂ ။ ။ အသင်တို့သည် (အားလုံး စုရုံးလျက်ပင်) ထိုအသျှင်မြတ်ဘက်မှ (တစ်ဦးတစ်ယောက်ကိုမျှ) သွေးဆောင် (ဖျက်ဆီး) နိုင်ကြသူများ မဟုတ်ကြပေ။ (တစ်နည်း) အသင်တို့၏ ထိုကိုးကွယ်ရာဘက်သို့ သွေးဆောင်နိုင်ကြသူများ မဟုတ်ကြပေ။

إِلَّا مَنْ هُوَ صَالِ الْجَحِيمِ ﴿١٦٣﴾

၃၇ : ၁၆၃ ။ ။ 'ဂျဟန္နမ်' ငရဲဘုံ၌ ကျရောက်မည်ဖြစ်သော သူမှအပ၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှပင် (သွေးဆောင်နိုင်ကြမည် မဟုတ်ပေ။)

وَمَا مِنَّا إِلَّا لَهُ مَقَامٌ مَعْلُومٌ ﴿١٦٤﴾

၃၇ : ၁၆၄ ။ ။ (ကောင်းကင်တမန်များက) 'စင်စစ် ကျွန်ုပ်တို့အနက် အသီးသီးအဖို့ အဆင့်အတန်းတစ်ခုစီ သတ်မှတ်ပြီးဖြစ်သည်။'

وَإِنَّا لَنَحْنُ الصَّافُّونَ ﴿١٦٥﴾

၃၇ : ၁၆၅ ။ ။ 'ငှင်းပြင် ဧကန်မလွဲ ကျွန်ုပ်တို့သည် စီတန်း၍ နေကြသူများပင် ဖြစ်ကြကုန်သည်။'

وَإِنَّا لَنَحْنُ الْمُسَبِّحُونَ ﴿١٦٦﴾

၃၇ : ၁၆၆ ။ ။ 'ထို့ပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် (အလ္လာဟ်အသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုသူများပင် ဖြစ်ကြကုန်သည်' (ဟု ဆိုကြ၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'သောင်ဟီးဒ်'၏ အထောက်အထားများ အထက်၌ တင်ပြထားပြီး ဖြစ်၏။) ထို့နောက် ကောင်းကင်တမန်တော်များနှင့် 'ဂျင်နားသ်'များကို အလ္လာဟ်အသျှင်မြတ်နှင့် ဂုဏ်ရည်တူဟု သတ်မှတ်ထားသူများကို (ကောင်းကင်တမန်များကို 'နအူးဇိုဗိစ်လ္လာဟ်' အလ္လာဟ်အသျှင်မြတ်၏ သမီးများ 'ဂျင်န်'ခေါင်းဆောင်တို့၏

သမီးများကို ကောင်းကင်တမန်တို့၏ မိခင်များဟု သတ်မှတ်ကြသည်။ ဤအချက်ဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဖရစ်ရှိသာဟ်များနှင့် အမျိုးတော်စပ်ပြီး 'ဂျင်န်'များနှင့် ဇနီးမောင်နှံတော်စပ်သည်ဟု ဆိုကြပေသည်။ သို့ရှိရာ ထိုသူများကို) အသင်တမန်တော် မေးပါလေ။ အလ္လာဟ်အသျှင်မြတ်အတွက် သမီးများရှိ၍ အသင်တို့ထံတွင် သားများ ရှိလေသလော။ (ဆိုလိုသည်မှာ မိမိအတွက် သားရှိသည်ကို နှစ်သက်၍ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အသင်တို့၏ အထက်ပါယုံကြည်ချက်အတွက် သမီးရှိသည်ဟု အဘယ်ကြောင့် သတ်မှတ်သနည်း။ သို့ရှိရာ ဤယုံကြည်ချက်တွင် ဤမှားယွင်းချတ်ချော်မှုတစ်ခု ရှိ၏။) ၎င်းနောက် ဒုတိယအချက်မှာ ငါအသျှင်မြတ်သည် ဖရစ်ရှိသာဟ်များကို မိန်းမများအဖြစ် ဖန်ဆင်းတော်မူခဲ့သည်ကို ၎င်းတို့ ကြည့်ရှုလျက် ရှိကြလေသလော။ ဆိုလိုသည်မှာ ဒုတိယမှားယွင်းမှုတစ်ခုမှာ ဖရစ်ရှိသာဟ်များကို အမျိုးသမီးများဟု အထောက်အထားမဲ့ စွပ်စွဲကြသည်။ ထိုသူတို့တွင် အထောက်အထား တစ်စုံတစ်ရာ မရှိ၍ နှုတ်ဖြင့်သာ စွပ်စွဲပြောဆိုကြခြင်းဖြစ်ကြောင်း သေချာစွာ မှတ်သားပါလေ။ 'နအူးဇုဗိလ္လာဟ်' အလ္လာဟ်အသျှင်မြတ်သည် သားသမီး ရှိသူဖြစ်သည်။ မုချဧကန် ထိုသူတို့သည် လူလိမ်များသာ ဖြစ်ကြသည်။

သို့ရှိရာ ဤယုံကြည်ချက်တွင် တတိယမှားယွင်းချွတ်ချော်မှုမှာ အလ္လာဟ်အသျှင်မြတ် ဘက်တော်သို့ သားသမီးရှိကြောင်း ဆက်သွယ်ရာရောက်သည်။ ပထမမှားယွင်းချွတ်ချော်မှုမှာ လူအများ၏ ယူဆချက်အရဖြစ်၍ ဒုတိယမှားယွင်းချွတ်ချော်မှုမှာ တစ်ဆင့်တစ်ဆင့် ဆင့်ပြန်ခဲ့ကြသည့် ဆင့်ပြန်ချက်အရ ဖြစ်သည်။ တတိယမှားယွင်းချွတ်ချော်မှုမှာ ဦးနှောက်အသိဉာဏ်ဖြင့် တွေးဆခဲ့ခြင်းဖြစ်လေသည်။

(ပညာမဲ့တို့သည် လူအများ မကောင်းထင်မြင်ခြင်းကို ပို၍ဆိုးသည်ဟု ထင်ကြသည့်အတွက် ပထမမှားယွင်းချွတ်ချော်မှုကို အခြားခေါင်းစဉ်တစ်ခုဖြင့် ထပ်ဆင့်တင်ပြထား၏။) အလ္လာဟ်အသျှင်မြတ်သည် သားများထက် သမီးများကို ပို၍နှစ်သက်လေသလော။ အသင်တို့ မည်သို့ ဖြစ်သွားကြသနည်း။ အသင်တို့ အလွန် ယုတ်ညံ့သည့် စွပ်စွဲချက် ပြုလုပ်ကြသည်။ ဤစွပ်စွဲမှုကို လူအများ ကြားမကောင်းသည့်အတွက် ကိုယ်တိုင်လည်း မကောင်းဟု ယုံကြည်ကြသည်။ လူအများ၏ ယူဆချက်အပြင် အသင်တို့ အသိဉာဏ်အရလည်း ဆန့်ကျင်ပေရာ စဉ်းစားသုံးသပ်ခြင်း မပြုကြလေသလော။ အသိဉာဏ်အရ လက်ခံနိုင်သည့် အထောက်အထားမရှိလျှင် အသင်တို့ထံတွင် အခြားရှင်းလင်းသည့် အထောက်အထားရှိသလော။ ဆင့်ပြန်ချက်အထောက်အထားကို ဆိုလိုရင်းဖြစ်သည်။ အကယ်၍ အသင်တို့ မှန်ကန်ကြပါလျှင် ကျမ်းစာပြသပါလေ။ တင်ပြခဲ့သည့် ယုံကြည်ချက်များတွင် ဖရစ်ရှိသာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များဟု သတ်မှတ်သည့်အပြင် အလ္လာဟ်နှင့် 'ဂျင်န်'များတွင်လည်း အမျိုးတော်စပ်သည်ဟု သတ်မှတ်ကြသည်။ ဤအချက်မှာ မမှန်ကန်ကြောင်း ပို၍ ပေါ်လွင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဇနီးလိုအပ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်သည် ကင်းစင်ပေသည်။ ဇနီးမဖြစ်နိုင်လျှင် ထိုဇနီးမှ ဖြစ်ပေါ်လာသော ယောက္ခမတော်စပ်မှုသည်လည်း လုံးဝ မဖြစ်နိုင်တော့ပေ။ ၎င်းတို့သည် အလ္လာဟ်နှင့် ဂုဏ်ရည်တူသည်ဟု သတ်မှတ်သူများ၏ အခြေအနေမှာ ဤသို့ ဖြစ်သည်။ အမှန်စင်စစ် 'ဂျင်န်'သတ္တဝါတို့ကိုယ်တိုင် မိမိတို့မှာ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ မကောင်းသည့် စကားရပ်များ ပြောဆိုသည့်အတွက် 'အဇားဗ်'အပြစ်ဒဏ်၌ အမှန်ပင် အဆင်သင့်ရောက်ရှိစေခြင်း ခံကြရမည့်သူများ ဖြစ်ကြသည်ကို ကောင်းစွာ သိရှိပြီးဖြစ်

ကြကုန်၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့တင်ပြသည့် စကားရပ်များမှ ကင်းစင်ပေသည်။ ထိုငြင်းဆန်သည့် စကားများကြောင့် 'အဇာဗ်' အပြစ်ဒဏ်၌ နစ်မွန်းရခြင်းဖြစ်မည်။ သို့သော် သီးခြားအီမာန်ရှင်များသည် 'အဇာဗ်' အပြစ်ဒဏ်မှ ကင်းလွတ်ကြမည်။ သို့ရှိရာ အသင်တို့နှင့် အသင်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အားလုံးပေါင်း၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မည်သူ့ကိုမှ သွေးဆောင်ဖျက်ဆီးနိုင်ကြသူများ မဟုတ်ပေ။ ဤသို့ သွေးဆောင်ဖျက်ဆီးနိုင်ရန် အသင်တို့ ကြိုးပမ်းခဲ့ကြသည်။ 'ဂျဟန္နမ်' တွင် ရောက်မည့်သူများမှအပ အခြားမည်သူ့ကိုမှ အသင်တို့ သွေးဆောင်နိုင်ကြမည်မဟုတ်ပေ။ ဆက်လက်၍ ကောင်းကင် တမန်များအကြောင်း တင်ပြထားသည်။ ဖစ်ရိုသာဟ်များက ကျွန်ုပ်တို့သည် ဖန်ဆင်းခံများသာ ဖြစ်ကြသည်။ သို့ရှိရာ ကျွန်ုပ်တို့အပေါ် အပ်နှံထားသော တာဝန်များမှ တစ်ဦးတိုင်းအတွက် သတ်မှတ်ထားသည့် အတိုင်း အတာ ရှိပေသည်။ ထိုအရာများကိုသာ လိုက်နာကြ၏။ မိမိသဘောဖြင့် မပြုလုပ်ပေ။ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင်း အမိန့်တော်နာခံသည့် အချိန်နှင့် ခဝပ်ကိုးကွယ်သည့် အချိန်တွင် ရှိသေစွာ လိုင်းစီ၍ ရပ်ကြသည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ် မှုကို တင်ပြခြင်း၌သာ မွေ့လျော်နေကြလေသည်။ အချုပ်ဆိုရသော် ဖရစ်ရှိသာဟ်များအားလုံးသည် အမိန့် နာခံသည့် ဖန်ဆင်းခံများသာ ဖြစ်သည်။ သို့ရှိရာ ဖရစ်ရှိသာဟ်တို့ကိုယ်တိုင် မိမိတို့၏ ကျေးကျွန်ဖြစ်ကြောင်း ကို ဝန်ခံနေကြသည့်အတွက် ဖန်ဆင်းရှင်ဖြစ်သည်ဟု သံသယဝင်ခြင်းသည် အသိဉာဏ် အလွန်တရာ ခေါင်းပါးခြင်းသာ ဖြစ်သည်။ သို့ရှိရာ 'ဂျင်န်' များနှင့် ကောင်းကင်တမန်များသည် ဖန်ဆင်းရှင်ဖြစ်ကြောင်း ယုံကြည်ခြင်းမှာ လွဲမှားသွားမည်ဖြစ်ကြောင်း အကောင်းဆုံးပုံစံဖြင့် အတည်ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

နဗီတမန်တော်များ၏ အဖြစ်အပျက်များကို သင်ခန်းစာယူရန်အတွက် တင်ပြထားသည်။ ယခုတစ်ဖန် 'သောင်ဟီးဒ်' ကို အတည်ပြုရန်နှင့် 'ရှိရ်က်' ကို ပယ်ဖျက်ခြင်း အဓိကအကြောင်းအရာကို တင်ပြနေပေသည်။ ဤနေရာတွင် 'ရှိရ်က်' ၏ သီးခြားအမျိုးအစားတစ်ခုကို တင်ပြထားသည်။ အာရဗ်မှ 'ကာဖိရ်' တို့သည် ဖရစ်ရှိသာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးများဟု ယုံကြည်ကြသည်။ ၄င်းနောက် 'ဂျင်န်' ခေါင်းဆောင်တို့၏ သမီးများကို ဖရစ်ရှိသာဟ်များ၏ မိခင်များဟု မှတ်ယူကြသည်။ အလ္လာမဟ်ဝါဟေဒီ (ရဟ) က ဤယုံကြည်ချက်သည် ကိုရိုက်ရှ်တို့အပြင် ဂျုဟိုင်နဟ်၊ ဗနူစလ်မဟ်၊ ဗနူခိုဇာအဟ်၊ ဗနူမလီးဟ် စသည့် မျိုးနွယ်များတွင်လည်း ရှိလေသည်ဟု ဆို၏။

فَاسْتَفْتِهِمْ ﴿الى قوله تعالى﴾ اِنْ كُنْتُمْ صٰدِقِيْنَ

ဤအာယသ်တော်များတွင် အာရဗ်တို့၏ အထက်ပါယုံကြည်ချက်ကို ပယ်ဖျက်ရန်အတွက် အထောက်အထားများ တင်ပြထားသည်။ အကျဉ်းအားဖြင့် တင်ပြရသော် ပထမအချက်အနေဖြင့် အသင်တို့၏ ယုံကြည်ချက်သည် လူအများ၏ ယူဆချက်နှင့် ဓလေ့စရိုက်ကို ထောက်ရှုလျှင် လုံးဝမှားယွင်းပေသည်။ အကြောင်းမှာ အသင်တို့သည် သမီးများကို အရှက်ရစရာဟု ထင်မှတ်ကြလေသည်။ အသင်တို့မှ မိမိတို့အတွက် အရှက်

ရစရာဟု ယူဆလျှင် ထိုအရာကို အလ္လာဟ်အသျှင်မြတ်တွင် ရှိသည်ဟု မည်သို့ ဆိုကြသနည်း။ တစ်ဖန် အသင်တို့သည် ဖရစ်ရှ်သာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးများဟု သတ်မှတ်ခြင်းတွင် အထောက်အထား ရှိပါသလား။ ကြွေးကြော်မှုတစ်ခုကို အတည်ပြုရန် အထောက်အထား (၃) မျိုးရှိရမည်။ ၎င်းတို့မှာ-

(၁) မြင်တွေ့၍ဖြစ်စေ၊

(၂) ဆင့်ပြန်ချက်အထောက်အထားဖြင့်ဖြစ်စေ၊

(၃) အသိဉာဏ်က လက်ခံနိုင်သော အထောက်အထားဖြင့်ဖြစ်စေ စသည်တို့ဖြစ်သည်။

ပထမအချက်ဖြစ်သော မြင်တွေ့ခြင်းနှင့် ပတ်သက်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှ ဖရစ်ရှ်သာဟ်များကို ဖန်ဆင်းနေသည့်အချိန်၌ မြင်တွေ့ခဲ့ခြင်း မရှိသည့်အတွက် အမျိုးသမီးများဖြစ်ကြောင်း မသိရှိနိုင်ပေ။ ထို့ကြောင့် တွေ့မြင်ခြင်းဟူသည့် အထောက်အထားသည် အသင်တို့ထံတွင် မရှိပေ။

اَمْ خَلَقْنَا الْمَلٰٓئِكَةَ اِنَاثًا وَّهُمْ شٰهِدُوْنَ

၏ အလိုသဘောသည် အထက်ပါအတိုင်းပင် ဖြစ်သည်။ ယခု ဆင့်ပြန်ချက် အထောက်အထားသည်လည်း အသင်တို့ထံတွင် မရှိ။ အကြောင်းမှာ လူအများမှ မှန်ကန်သည်ဟု လက်ခံသူ၏ ပြောဆိုမှုကိုသာ လက်ခံရမည်ဖြစ်သည်။

ထို့ပြင် အထက်ပါယုံကြည်ချက်ကို လက်ခံတင်ပြသူတို့သည် လူလိမ်များသာ ဖြစ်သည့်အတွက် ၎င်းတို့၏ စကားသည် အထောက်အထားမဖြစ်ပေ။

اَلَا اِنَّهُمْ مِّنْ اِفْكِهِمْ لَيَقُوْلُوْنَ

၏ အလိုသဘောသည် အထက်ပါအတိုင်းပင် ဖြစ်သည်။ အသိဉာဏ်အားဖြင့် လက်ခံနိုင်သော အထောက်အထားသည်လည်း အသင်တို့၏ ယုံကြည်ချက်အပေါ် အထောက်အထား မဖြစ်ပေ။ အကြောင်းမှာ အသင်တို့ကိုယ်တိုင် သမီးများသည် သားများထက် အဆင့်အတန်းနိမ့်သည်ဟု ယူဆကြသည်။ ယခု တစ်လောကလုံးထက် မွန်မြတ်သော အသျှင်မြတ်သည် မိမိအတွက် အဆင့်အတန်းနိမ့်မည့်အရာကို မည်ကဲ့သို့ နှစ်မြို့နိုင်မည်နည်း။

اَصْطَفَى الْبَنَاتِ عَلَى الْبَنِيْنَ

၏ အလိုသဘောသည် အထက်ပါအတိုင်းပင် ဖြစ်သည်။ ယခု ကျန်ရှိသော ပုံစံတစ်ခုမှာ အသင်တို့ ၌ ကျရောက်ခဲ့သော ကောင်းကင်ကျမ်းမှ 'ဝဟီ' ဖြင့် အသင်တို့၏ ယူဆချက်ကို လမ်းညွှန်ခဲ့သည်ဟူသော ပုံစံဖြစ်သည်။ အကယ်၍ ဤသို့ရှိလျှင် 'ဝဟီ' နှင့် ထိုကျမ်းကို ပြသပါလေ။

اَمْ لَكُمْ سُلْطٰنٌ مُّبِيْنٌ فَأْتُوْا بِكِتٰبِكُمْ اِنْ كُنْتُمْ صٰدِقِيْنَ

၏ အလိုသဘောသည် ဤအလိုသဘောအတိုင်းသာ ဖြစ်သည်။

တစ်ယူသန်သမားများအတွက် الزامی (တစ်ချက်လွှတ်နှုတ်ပိတ်) အဖြေသာ သင့်တော်ခြင်း

အထက်ပါအာယသ်တော်ဖြင့် သိရှိရသည်မှာ တစ်ယူသန်သမားများအတွက် الزامی (တစ်ချက်လွှတ် နှုတ်ပိတ်) အဖြေပေးခြင်းသာ ပို၍ သင့်တော်ပေသည်။ 'အစ်လ်ဇာမီး' အဖြေ၏ အလိုသဘောမှာ ၎င်းတို့၏ တင်ပြချက်ကို ၎င်းတို့၏ အခြားအယူအဆတစ်ခုဖြင့် ချေဖျက်ပစ်ရန်ပင် ဖြစ်ပေသည်။ ၎င်း အခြားယူဆချက်သည် ကျွန်ုပ်တို့ လက်ခံသော ယူဆချက်ဖြစ်ရန် အရေးမကြီးပေ။ တစ်ခါတစ်ရံ ထိုအခြား ယူဆချက်သည် မှားယွင်းနေသော်လည်း ဆန့်ကျင်သူအား ရှင်းပြရန် အသုံးပြုရလေသည်။ ဤနေရာ တွင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ ယုံကြည်ချက်ကို ချေပရန်အတွက် ၎င်းတို့၏ အယူအဆတစ်ခု ကိုပင် အသုံးပြုထားလေသည်။ ၎င်းမှာ ၎င်းတို့၏ ယူဆချက်မှာ သမီးများရှိခြင်းသည် ရှက်ဖွယ်ရာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် သမီးများ ရှိခြင်းသည် ရှက်ဖွယ်ရာဖြစ်သည်ဟူသော သဘော မဟုတ်ကြောင်း ပေါ်လွင်ပေသည်။ ဤသို့ပင် ကာဖိရ်တို့မှာ ဖရစ်ရှ်သာဟ်များကို သမီးများဟု မပြောဆိုဘဲ သားများဟု ပြောဆိုလျှင်လည်း မှန်ကန်သည်ဟူသော အလိုသဘောလည်း မဟုတ်ပေ။ ဤသို့ ပြောဆို ခြင်းသည် الزامی အဖြေဖြစ်၍ ရည်ရွယ်ချက်မှာ ၎င်းတို့၏ ယုံကြည်ချက်များကို ၎င်းတို့၏ အယူအဆ များဖြင့် ချေဖျက်ပစ်ရန်ဖြစ်သည်။ သို့မဟုတ်ပါက ဤကဲ့သို့ ယုံကြည်ချက်၏ စစ်မှန်သော အဖြေမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ မြောက်မြားစွာသော နေရာများတွင် တင်ပြထား၏။ အလ္လာဟ်အသျှင်မြတ် သည် မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုပေ။ သားသမီးလည်း မလိုအပ်ပေ။ သားသမီးရှိခြင်းသည် ထိုအသျှင် မြတ်၏ မြင့်မားခြင်းအတွက် ဂုဏ်ထူးဝိသေသလည်း မဟုတ်ပေ။

وَجَعَلُوْا بَيْنَهٗ وَبَيْنَ الْجِنَّةِ نَسَبًا

(၎င်းပြင် ထိုသူတို့သည် 'အလ္လာဟ်အသျှင်မြတ်နှင့် 'ဂျင်န်နားသ်' များကြားတွင် ဆွေမျိုးတော်စပ် သည်' ဟု သတ်မှတ်ကြသည်။) ဤဝါကျ၏ အကျယ်မှာ 'အာရဗ်ရှိ မုရှ်ရစ်က်တို့သည် 'ဂျင်န်' ခေါင်းဆောင် များ၏ သမီးများသည် ဖရစ်ရှ်သာဟ်များ၏ မိခင်များဖြစ်သည်' ဟု ယုံကြည်ကြသည်။ معاذالله (အလ္လာဟ် အသျှင်မြတ်၏ အမျက်ရှခြင်းမှ ခိုလှုံခွင့် တောင်းခံအပ်ပါ၏။) 'ဂျင်န် ခေါင်းဆောင်တို့၏ သမီးများသည် အလ္လာဟ်အသျှင်မြတ်၏ ဇနီးဖြစ်သည်' ဟု ဆိုကြသည်။ ဤအဆက်အသွယ်ရှိခြင်းကြောင့် ဖရစ်ရှ်သာဟ် များ ဖြစ်ပေါ်လာသည်။ သို့ရှိရာ သဖ်စီးရ်တစ်ခုတွင် ဆင့်ပြန်ချက်တစ်ခု၌ လာရှိသည်မှာ 'အာရဗ်ရှိ မုရှ်ရစ်က် များမှ 'ဖရစ်ရှ်သာဟ်များကို အလ္လာဟ်၏ သမီးများ' ဟု သတ်မှတ်လေရာ ၎င်း၏ မိခင်မည်သူနည်း' ဟု ဟဇရသ်အဘူဘကရ် ﷺ သခင်က မေးရာ ၎င်းတို့က 'ဂျင်န်ခေါင်းဆောင်များ၏ သမီးများဖြစ်သည်' ဟု ပြောဆိုကြလေသည်။ သို့သော် ဤသဖ်စီးရ်အပေါ် စောဒကဝင်နိုင်သည်မှာ အာယသ်တော်တွင် အလ္လာဟ် အသျှင်မြတ်နှင့် 'ဂျင်န်' တို့အကြား ဆွေမျိုးတော်စပ်သည်ဟု တင်ပြထားသည်။ အကြင်လင်မယားဖြစ်ခြင်း သည် ဆွေမျိုးတော်စပ်မှုဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဤနေရာတွင် အခြားသဖ်စီးရ်တစ်ခုမှာ ပို၍ ဒီးစား

ပေးထိုက်ပေသည်။ ဤသဖ်စီးရ်ကို အိဗ်နေအဗ္ဗားစ် ﷺ ၊ ဟစန်ဗဆွရီ (ရဟ) နှင့် သွဟားက်တို့မှ ဆင့်ပြန်ထားကြပေသည်။ ၄င်းမှာ အချို့အာရဗ်တို့၏ ယုံကြည်ချက်မှာ معاذالله (အလ္လာဟ်အသျှင်မြတ်၏ အမျက်ရှခြင်းမှ ခိုလှုံခွင့် တောင်းခံအပ်ပါ၏။) အီဗ်လီးစ်သည် အလ္လာဟ်အသျှင်မြတ်၏ ညီဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ကောင်းသော အရာများကို ဖန်ဆင်း၍ အီဗ်လီးစ်သည် မကောင်းသော အရာများကို ဖန်ဆင်းပေသည်။ ဤနေရာ၌ အထက်ပါ လွဲမှားသည့် ယုံကြည်ချက်ကို ချေဖျက်ခြင်းဖြစ်သည်။

[သဖ်စီးရေအိဗ်နေ့ကစီးရ်၊ ကုရ်သွဗီးနှင့် သဖ်စီးရေကဗီးရ်။]

وَلَقَدْ عَلِمَتِ الْجِنَّةُ اِنَّهُمْ لَمُحْضَرُوْنَ

'ဂျင်န်'တို့၏ ယုံကြည်ချက်မှာ ထိုသူတို့ ချုပ်နှောင်ခြင်းခံရသည်။ ထိုသူတို့ဆိုသည်မှာ 'ဂျင်န်'နှင့် ရိုက်သွာန်များကို အလ္လာဟ်အသျှင်မြတ်နှင့် ဂုဏ်ရည်တူသည်ဟု ယူဆသော မုရှ်ရစ်က်များကို ဆိုလိုသည်။

ဒုတိယအလိုသဘောတစ်ခုမှာ 'ဂျင်န်'နှင့် ရှိုက်သွာန်များကို အလ္လာဟ်အသျှင်မြတ်နှင့် ဂုဏ်ရည်တူသည်ဟု အသင်တို့ သတ်မှတ်ကြသည်။ ၄င်း 'ဂျင်န်'တို့ကိုယ်တိုင်လည်း သိရှိထားသည်မှာ နောင်တမလွန်တွင် ငါတို့သည်လည်း ဆိုးရွားသော အဖြစ်များနှင့် ကြုံတွေ့ရမည်။ ဥပမာ- အီဗ်လီးစ်သည်လည်း မိမိ၏ ရလဒ်ဆိုးကို သိရှိထားပြီး ဖြစ်သည်။ တစ်ချိန်တွင် 'အဇားဗ်'အပြစ်ဒဏ်များ၌ နစ်မွန်းရမည့် သူတို့ကို အလ္လာဟ်အသျှင်မြတ်နှင့် ဂုဏ်ရည်တူသည်ဟု သတ်မှတ်ခြင်းသည် အလွန်အသိဉာဏ်နည်းသော အချက်သာ ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاِنْ كَانُوْا لَيَقُوْلُوْنَ ﴿١٦٧﴾

၃၇ း ၁၆၇ ။ ။ စင်စစ် ဧကန်မလွဲ ၄င်း (မုရှ်ရစ်က်) တို့သည် (ဤသို့) ပြောဆိုလျက် ရှိခဲ့ကြကုန်၏။

لَوْ اَنَّ عِنْدَنَا ذِكْرًا مِّنَ الْاَوَّلِيْنَ ﴿١٦٨﴾

၃၇ း ၁၆၈ ။ ။ 'ဧကန်အမှန် အကယ်၍သာ ကျွန်ုပ်တို့ထံ၌ ရှေးသူဟောင်းတို့၏ အဆုံးအမတရားတော် တစ်စုံတစ်ရာ ရှိခဲ့ပါမူ။

لَكُنَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ﴿١٦٩﴾

၃၇ း ၁၆၉ ။ ။ အမှန်ပင် ကျွန်ုပ်တို့သည် ရွေးချယ်ခြင်းခံကြရသော အလ္လာဟ်အသျှင်မြတ်၏ 'ကျွန်'များပင် ဖြစ်ကြပေမည်။

فَكَفَرُوا بِهِ فَسَوْفَ يَعْلَمُونَ ﴿١٧٠﴾

၃၇ : ၁၇၀ ။ ။ သို့ပါလျက် ၎င်းတို့သည် ယင်းအဆုံးအမတရားတော်ကို ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမီပင် သိရှိကြရပေမည်။

وَلَقَدْ سَبَقَتْ كَلِمَتُنَا لِعِبَادِنَا الْمُرْسَلِينَ ﴿١٧١﴾

၃၇ : ၁၇၁ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်၏ ရစူလ်တမန်တော်များဖြစ်ကြသော 'ကျွန်'တို့နှင့် ပတ်သက်၍ ငါအသျှင်မြတ်၏ အမိန့်တော်သည် ရှေးဦးမဆွကပင် သတ်မှတ်ပြီးဖြစ်ခဲ့ပြီ။

إِنَّهُمْ لَهُمُ الْمَنصُورُونَ ﴿١٧٢﴾

၃၇ : ၁၇၂ ။ ။ ဧကန်အမှန် ၎င်းတို့သည်သာလျှင် ကူညီစောင်မခြင်း ခံကြရမည့်သူများ ဖြစ်ကြောင်း။

وَإِنَّ جُندَنَا لَهُمُ الْغَالِبُونَ ﴿١٧٣﴾

၃၇ : ၁၇၃ ။ ။ စင်စစ် ဧကန်အမှန် ငါအသျှင်မြတ်၏ စစ်တပ်သည်သာလျှင် အောင်မြင်လွှမ်းမိုးမည်ပင် (ဖြစ်၏။)

فَتَوَلَّ عَنْهُمْ حَتَّىٰ حِينٍ ﴿١٧٤﴾

၃၇ : ၁၇၄ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား အချိန်ကာလ အနည်းငယ်တိုင်အောင် လျစ်လျူရှု၍ နေပါလေ။

وَأَبْصِرْهُمْ فَسَوْفَ يُبْصِرُونَ ﴿١٧٥﴾

၃၇ : ၁၇၅ ။ ။ ထို့ပြင် အသင်သည် ၎င်းတို့အား ကြည့်နေပါလေ။ ထို့နောက် မကြာမီပင် ၎င်းတို့သည်လည်း မြင်ကြရပေမည်။

أَفَبِعَذَابِنَا يَسْتَعْجِلُونَ ﴿١٧٦﴾

၃၇ : ၁၇၆ ။ ။ ၎င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုကြလေသလော။

فَإِذَا نَزَلَ بِسَاحَتِهِمْ فَسَاءَ صَبَاحُ الْمُنذَرِينَ ﴿١٧٧﴾

၃၇ : ၁၇၇ ။ ။ စင်စစ် ယင်းပြစ်ဒဏ်သည် ၎င်းတို့၏ အိမ်ဝင်းထဲ၌ ကျရောက်လာသောအခါ၊ သတိပေးနှိုးဆော်ခြင်း ခံကြရသော သူများ၏ နံနက်အချိန်မှာ အလွန်ဆိုးရွားလှသော နံနက်အချိန်ပင် ဖြစ်ပေလိမ့်မည်။

وَتَوَلَّ عَنْهُمْ حَتّٰى حِيْنٍ ﴿١٧٨﴾

၃၇ း ၁၇၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား အချိန်ကာလ အနည်းငယ်တိုင်အောင် လျစ်လျူရှု၍ နေပါလေ။

وَّاَبْصِرْ فَسَوْفَ يُبْصِرُوْنَ ﴿١٧٩﴾

၃၇ း ၁၇၉ ။ ။ ထို့ပြင် အသင်သည် ကြည့်၍သာ နေပါလေ။ ထို့နောက် ၎င်းတို့သည်လည်း မကြာမီပင် မြင်ကြရပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာရဗ်ရှိ ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ မပွင့်ပေါ်မီအလျှင် ဤသို့ ပြောဆိုကြသည်။ အကယ်၍ ကျွန်ုပ်တို့ထံပါးသို့ ပထမလူများ၏ ကျမ်းစာများကဲ့သို့ ဆုံးမသြဝါဒများ ပါရှိသည့် ကျမ်းကျရောက်လာပါလျှင် ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ သီးခြားဗန္ဒာဟ်များ ဖြစ်ပေမည်။ ဆိုလိုသည်မှာ 'ယဟူဒီနှင့် နစ္စရာနီများထံ ရစူလ်နှင့် ကျမ်းဂန်များ လာရှိသကဲ့သို့ ကျွန်ုပ်တို့ထံ လာရောက်လျှင် ထိုကျမ်းကို လက်ခံ၍ ထိုကျမ်းအပေါ် ကျင့်သုံးကြမည်။ ၎င်းတို့ကဲ့သို့ လိမ်လည်မှုနှင့် ဆန့်ကျင်မှု မပြုပေ။ တစ်ဖန် ထိုဆုံးမစကားများ ပါရှိသည့် ကျမ်းဂန်ကို ရစူလ်တမန်တော် ﷺ ၏ အကြောင်းခံဖြင့် ၎င်းတို့ထံ ရောက်ရှိလာသောအခါ ဤသူတို့သည် ငြင်းပယ်ခဲ့ကြကုန်သည်။ ၎င်းနောက် မိမိတို့၏ ကတိကို ချိုးဖောက်ကြသည်။ သို့ရှိရာ ၎င်းတို့၏ နိဂုံးရလဒ်ကိုလည်း သိရှိသွားကြမည်သာ ဖြစ်သည်။ သို့ရှိရာ ကွယ်လွန်သေဆုံးသည်နှင့် ငြင်းပယ်ခြင်း၏ ရလဒ်ကို ကြုံတွေ့ရသည်။ အချို့အပြစ်ဒဏ်များသည် မသေမီအလျှင် ခံစားရပြီးဖြစ်သည်။ ဆက်လက်၍ တမန်တော်ကို နှစ်သိမ့်ထားသည်မှာ ယခုအချိန်တွင် ဆန့်ကျင်သူများသည် အတိုင်းအတာတစ်ခုအထိ ထည်ဝါမှုရှိနေသော်လည်း ဤသည် ခဏတာအတွက်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်၏ သီးခြားဗန္ဒာဟ်များ (ဆိုလိုသည်မှာ နဗီတမန်တော်များ) အတွက် ငါအသျှင်မြတ်သည် 'လောင်ဟောမဟ်ဖူးဇ်'တွင် ကနဦးကတည်းက ဤသို့ သတ်မှတ်ပြီးဖြစ်သည်။ မုချကေန် နဗီတမန်တော်များသာလျှင် အောင်မြင်မည့်သူများဖြစ်သည်။ ငါအသျှင်မြတ်၏ ပုံသေဥပဒေမှာ ငါအသျှင်မြတ်၏ စစ်တပ်သာ အောင်မြင်ပေမည်။ နဗီတမန်တော်များ၏ နောက်လိုက်များလည်း ထိုအောင်မြင်မှုတွင် ပါဝင်ပေသည်။ သို့ရှိရာ အသင်တမန်တော်သည်လည်း အောင်မြင်မည့်သူဖြစ်၍ အချိန်ကာလ အနည်းငယ်သည်းခံစောင့်ဆိုင်းပါလေ။ ၎င်းတို့၏ ဆန့်ကျင်ခြင်းနှင့် ဒုက္ခပေးခြင်းကို ဂရုမစိုက်လေနှင့်။ ၎င်းတို့ကို အနည်းငယ် စောင့်ကြည့်နေပါ။ ဆိုလိုသည်မှာ ထိုသူတို့၏ အခြေအနေကို အနည်းငယ် စောင့်ဆိုင်းပါ။ မကြာမီ အသင်တွေ့ရှိရမည်ဖြစ်သည်။ သေပြီးနောက်နှင့် မသေမီအလျှင် အပြစ်ဒဏ်များကို ကြုံတွေ့ကြရမည်ဖြစ်ကြောင်း فَسَوْفَ يَعْلَمُوْنَ ဖြင့် တင်ပြထားလေသည်။ ဤခြိမ်းခြောက်မှုအပေါ် ၎င်းတို့က

ဤသို့ ပြောဆိုနိုင်ပေသည်။ အများအားဖြင့် မည်သည့်အချိန် ဖြစ်မည်ဟူ၍လည်း ပြောဆိုနေကြပေသည်။ ဤသည်ကို အဖြေပေးရင်း မိန့်သည်မှာ ငါအသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ်ကို တောင်းခံနေကြသလော။ ထိုအပြစ်ဒဏ်သည် ၎င်းတို့၏ ရှေ့မှောက်သို့ ရောက်ရှိ လာပေမည်။ ထိုနေ့နှင့်ပတ်သက်၍ ကနဦးကတည်းက ခြိမ်းခြောက်ထားပြီးဖြစ်သည်။ အလွန် ကြောက်မက်ဖွယ်ကောင်းသောနေ့ ဖြစ်ပေမည်။ ထိုအပြစ်ဒဏ်မှ ရှောင်ကွင်းနိုင်လိမ့်မည်မဟုတ်။ ထိုသူတို့အပေါ် 'အဇားဗ်' အပြစ်ဒဏ် လာရောက်မည်ဖြစ်၍ အသင်တမန်တော် အေးချမ်းစွာ နေပါ။ အချိန်အတိုင်းအတာတစ်ခုအထိ သည်းခံပါ။ ၎င်းတို့၏ ဆန့်ကျင်ခြင်းနှင့် ဒုက္ခပေးခြင်းများကို ဂရုမပြုလေနှင့်။ ၎င်းတို့၏ အခြေအနေကို စောင့်ကြည့်နေပါ။ မကြာမီ ကြုံတွေ့ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ အသင်တမန်တော်သည်ကား ငါအသျှင်မြတ်၏ ပြောဆိုမှုကို ယုံကြည်ထားသူပင်ဖြစ်သည်။ မျက်စိဖြင့် တွေ့မြင်၍ ၎င်းကာဖိရ်တို့သည်လည်း ယုံကြည်သွားပေမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

အစ္စလာမ်သာသနာ၏ အခြေအမြစ်အားဖြင့် ယုံကြည်ချက်များကို အထောက်အထားများဖြင့် အတည်ပြုတင်ပြပြီးသည့်နောက် အထက်ပါအာယသ်တော်များတွင် ကာဖိရ်များ၏ တစ်ယူသန်စိတ်ကို တင်ပြထားပေသည်။ ဤသူတို့သည် တမန်တော်မပွင့်ပေါ်မီအလျင် ဤသို့ မျှော်လင့်ကြ၏။ အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်တစ်ပါးပါးလာရောက်လျှင် ထိုနဗီတမန်တော်၏ အမိန့်နာခံကြမည်။ သို့သော် တမန်တော်မြတ် ﷺ ပွင့်ပေါ်လာသောအခါ ဆန့်ကျင်ရန်ငြိုးထားသည့် နည်းလမ်းကို ရွေးချယ်ခဲ့ကြသည်။ ထို့နောက် တမန်တော်ကို နှစ်သိမ့်ထားလေသည်။ အသင်တမန်တော်အနေဖြင့် ထိုသူတို့၏ ဒုက္ခပေးခြင်းကြောင့် ဝမ်းနည်းပူဆွေးမနေလေနှင့်။ မကြာမီ အသင်တမန်တော်သည်သာ လွှမ်းမိုးအောင်နိုင်မှု ရရှိမည်ဖြစ်သည်။ ၎င်းနောက် ဤသူတို့သည်သာ ရှုံးနိမ့်၍ အပြစ်ဒဏ်ခံရမည်။ ၎င်းကို နောင်တမလွန်၌ အပြည့်အဝ ကြုံတွေ့ရမည်ဖြစ်သော်လည်း လောကတွင်လည်း အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ပြသခဲ့သည်။ 'ဗဒရ်' စစ်ပွဲမှစ၍ မက္ကာဟ်မြို့ကို ပြန်လည်အောင်နိုင်သည်အထိ စစ်ပွဲတိုင်းတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တမန်တော်ကို အောင်မြင်စေခဲ့သည်။ တမန်တော်၏ ဆန့်ကျင်ဘက်များကို သိက္ခာမဲ့စေခဲ့သည်။

အလ္လာဟ်လက်ခံသူများ အောင်နိုင်ခြင်း၏ အလိုသဘော

وَلَقَدْ سَبَقَتْ كَلِمَتُنَا ﴿الى قوله تعالى﴾ وَاِنَّ جُنْدَنَا لَهُمُ الْغٰلِبُوْنَ

ဤအာယသ်တော်၏ အလိုသဘောမှာ ငါအသျှင်မြတ်၏ သီးခြားဗန္ဒာဟ်များဖြစ်သော နဗီတမန်တော်များသာ အောင်မြင်မည်ဟူသော အချက်သည် အစပထမကတည်းကပင် သတ်မှတ်ထားသော အချက်ဖြစ်သည်။ ဤနေရာတွင် အချို့နဗီတမန်တော်များကို လောက၌ အောင်မြင်မှု မရရှိသည့်အတွက် စောဒက

ဝင်နိုင်ပေသည်။ အဖြေမှာ သိရှိရသည့် နဗီတမန်တော်များသည် မိမိတို့၏ မျိုးနွယ်များမှ လက်မခံသည့်အတွက် ၎င်းတို့အပြစ်ဒဏ်များ ကြုံတွေ့ရ၍ နဗီတမန်တော်များကို ထိုအပြစ်ဒဏ်များမှ ကာကွယ်စောင့်ရှောက်ပေးလေသည်။ အချို့နဗီတမန်တော်များသာ နောက်ဆုံးအချိန်အထိ လောကတွင် အပေါ်ယံအားဖြင့် အောင်မြင်မှု မရရှိကြပေ။ သို့သော် အထောက်အထားများ တင်ပြချက်တွင် အမြဲတမ်း အသာစီးရကြလေသည်။ အယူအဆအားဖြင့် အမြဲတစေ နဗီတမန်တော်များသာ အောင်မြင်ကြလေသည်။ လူအများယူဆသည့် အောင်မြင်သော နိမိတ်လက္ခဏာများကို သီးသန့်အကြောင်းတရားတစ်ခုကြောင့် ဥပမာ-စမ်းသပ်ရန်အတွက် နောင်တမလွန်အထိ အချိန်နှောင်နှေးလိုက်ခြင်းဖြစ်သည်။ ဤသည်ကို ဟဇရတ်ထာနဗီက ဤသို့ ပမာပြထားပေသည်။

သိက္ခာမဲ့သော ဓါးပြတစ်ယောက်သည် ခေါင်းဆောင်တစ်ယောက်ကို ခရီးသွားနေသည့်အချိန်တွင် ဓါးပြတိုက်လုယူလိုက်လေသည်။ သို့သော် ထိုခေါင်းဆောင်သည် မိမိ၏ အသျှင်မြတ် ချီးမြှင့်ထားသည့် အရည်အချင်းများကြောင့် ထိုယုတ်မာသည့် ဓါးပြကို ခယလိမ့်မည်မဟုတ်ပေ။ နောက်ဆုံး မိမိအုပ်ချုပ်သည့် နေရာသို့ ရောက်ရှိလျှင် ထိုဓါးပြကို ဖမ်းဆီး၍ အပြစ်ဒဏ်ပေးပေမည်။ လမ်းခရီးတွင် တစ်ခဏတာ အနိုင်ရနေသော အနိုင်ရမှုအပေါ် ဓါးပြကို ခေါင်းဆောင်ဟု မဆိုနိုင်ပေ။ ထိုခေါင်းဆောင်ကိုလည်း လက်အောက်ငယ်သားဟု မဆိုနိုင်ပေ။ သို့သာမက မူရင်းအခြေအနေကို ထောက်ရှုလျှင် ဤဓါးပြသည် အောင်မြင်နေလျှင်လည်း လက်အောက်ငယ်သားဖြစ်၍ ထိုခေါင်းဆောင်သည် ရှုံးနိမ့်နေလျှင်လည်း ခေါင်းဆောင်သာဖြစ်နေမည်။ ဤအချက်ကို ဟဇရတ်အိဗ်နေအဗ္ဗားစ် ﵁ သခင်က အတိုချုံး၍ အထူးသင့်လျော်သော စာသားဖြင့် တင်ပြထားသည်မှာ-

ان لم ينصروا في الدنيا ينصروا في الآخرة

သို့သော် ဤအချက်ကိုလည်း အမြဲတစေ မှတ်သားရမည်မှာ ဤအောင်မြင်မှုသည် လောက၌ဖြစ်စေ၊ နောင်တမလွန်၌ဖြစ်စေ၊ မျိုးနွယ်စုတစ်ခုအတွက် သီးခြားမျိုးနွယ်ဂုဏ် (သို့) သာသနာနှင့် အမည်ခံပတ်သက်မှုမျိုးဖြင့် မရရှိနိုင်ပေ။ ထို့ပြင် လူသားသည် မိမိကိုယ်ကို မိမိအလ္လာဟ်အသျှင်မြတ်၏ စစ်တပ်မှ စစ်သည်တစ်ဦးအဖြစ် ပြုလုပ်လိုက်မှသာ ဤအောင်မြင်မှုမျိုး ရရှိပေမည်။ ဤသို့ ဖြစ်ရန်မှာ လူသားသည် ဘဝသက်တမ်းတစ်ခုလုံးတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုကို မိမိ ရှင်သန်နေထိုင်နေခြင်း၏ ရည်ရွယ်ချက်ဖြစ်ကြောင်း သတ်မှတ်လိုက်ရန် အရေးကြီးသည်။ ဤနေရာတွင် جُنْدَنَا ငါအသျှင်မြတ်၏ စစ်တပ်ဟူသော စာလုံးက အကြွင်းသူသည် အစ္စလာမ်ကို လက်ခံ၍ မိမိ၏ သက်တမ်းတစ်လျှောက်လုံး စိတ်ရိုင်းနှင့် ရှိုက်သွာန်၏ စွမ်းအားများဖြင့် တိုက်ခိုက်နေခြင်းအပေါ် အသုံးပြုရန် ဆုံးဖြတ်ချက် ချလိုက်ရမည်ဟူ၍ ဖြစ်သည်။ ၎င်းနောက် အောင်မြင်မှုသည် အမြင်အားဖြင့် အောင်မြင်မှု (သို့) အကျင့် စာရိတ္တအားဖြင့် တိုးတက်မှု လောက၌ဖြစ်စေ၊ နောင်တမလွန်၌ဖြစ်စေ ရရှိမည့် အောင်မြင်မှုများသည် ဤစည်းကမ်းချက်အပေါ် မူတည်ပေသည်။

فَاِذَا نَزَلَ بِسَاحَتِهِمْ فَسَآءَ صَبَاحُ الْمُنْذَرِيْنَ

ငှင်းတို့၏ အိမ်ဦးခန်းသို့ အစကတည်းက ခြိမ်းခြောက်ထားသည့် 'အဇားဗ်' ရောက်ရှိလာလျှင် ထိုနံနက်သည် အလွန်အကျည်းတန်သော နံနက်ဖြစ်ပေမည်။ **ساحت** ဟူသော စာလုံးသည် အိမ်ဦးခန်းဟု အဓိပ္ပာယ်ရသည်။ ငှင်းနောက် **نزل بساحته** ထိုသူ၏ အိမ်ဦးခန်း၌ ကျသည်ဆိုသည်မှာ အာရဗီတို့၏ ဆိုးရိုးအသုံးအနှုန်းတစ်ခု ဖြစ်သည်။ အလိုသဘောမှာ ဒုက္ခတစ်ခုနှင့် ရင်ဆိုင်ရခြင်း ဖြစ်သည်။ နံနက်ခင်း အချိန်ကို သီးခြားတင်ပြရခြင်းမှာ အာရဗ်တို့သည် ရန်သူကို အများအားဖြင့် ဤအချိန်၌သာ တိုက်ခိုက်ကြလေသည်။ တမန်တော်မြတ် ﷺ ၏ ဓလေ့တော်မှာလည်း ရန်သူ၏ နယ်မြေသို့ ညအချိန်ရောက်လျှင် တိုက်ခိုက်ရန် မိုးသောက်ချိန်ကို စောင့်ဆိုင်းလေသည်။ ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် 'ခိုင်ဗရ်' ကို နံနက်အချိန်၌ တိုက်ခိုက်ခဲ့လေသည်။ မိန့်သည်မှာ-

الله اكبر خربت خيبر انا اذا نزلنا بساحة قوم فساء صباح المنذرين

'အလ္လာဟုအက်ဗရ်' 'ခိုင်ဗရ်' ပျက်စီးသွားလေပြီ။ မုချကေန် ငါတို့သည် အစကတည်းက ခြိမ်းခြောက်ထားသည့် ငှင်းမျိုးနွယ်စုတစ်ခု၏ အိမ်ဦးခန်း၌ ဆင်းသက်လျှင် ထိုလူများ၏ နံနက်ခင်းသည် အလွန်ဆိုးရွားသွားလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

سُبْحٰنَ رَبِّكَ رَبِّ الْعِزَّةِ عَمَّا يَصِفُوْنَ ۝١٨٠

၃၇ : ၁၈၀ ॥ ॥ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ အနန္တဂုဏ်ထူးတော်ရှင် ဖြစ်တော်မူသော အသျှင်မြတ်သည် ငှင်းတို့ ကြံဖန်ပြောဆိုကြသည်တို့မှ လုံးဝ ကင်းရှင်းစင်ကြယ်တော်မူပေသည်။

وَسَلٰمٌ عَلَى الْمُرْسَلِيْنَ ۝١٨١

၃၇ : ၁၈၁ ॥ ॥ ငှင်းပြင် ချမ်းမြေ့သာယာမှုသည် ရစူလ်တမန်တော်တို့အပေါ်ဝယ် ကျရောက်ပါစေ။

وَالْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ۝١٨٢

၃၇ : ၁၈၂ ॥ ॥ ထို့ပြင် ချီးမွမ်းထောမနာ အလုံးစုံတို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့်သာ အပ်စပ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော်မြတ် ﷺ ၏ အသျှင်မြတ်သည် အလွန်ကြီးကျယ်သော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ကာဖိရ်များ ပြောဆိုသည့် စကားများမှ သန့်စင်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ထိုစွပ်စွဲချက်များမှ ကင်းစင်သည်ဟုသာ သတ်မှတ်ပါလေ။ ၎င်းနောက် နဗီတမန်တော်များကို ၎င်းတို့နောက်လိုက်ထိုက်သူများဟု မှတ်ယူပါလေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထိုနဗီတမန်တော်များ၏ ဂုဏ်ထူးဝိသေသအတွက် နဗီတမန်တော်များအပေါ် ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေဟု ပြောဆိုကြသည်။ အလ္လာဟ်အသျှင်မြတ်နှင့် ဂုဏ်ရည်တူသူ မရှိဟု မှတ်ယူသည့်အပြင် အရည်အချင်းအားလုံးနှင့် ပြည့်စုံသော အသျှင်ဟု မှတ်ယူပါ။ အဘယ်ကြောင့်ဆိုသော် ကောင်းခြင်းဟူသမျှသည် အလ္လာဟ်အသျှင်မြတ်အတွက်သာဖြစ်၍ ထိုအသျှင်မြတ်သည် တစ်လောကလုံးကို ဖန်ဆင်း၍ ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များဖြင့် စူရာဟ်ဆွဖ်ဖာသ်ကို အဆုံးသတ်ထားလေသည်။ ဧကန်စင်စစ် ထိုလုပသည့် အဆုံးသတ်မှုအပေါ် ရှင်းလင်းရန် အချိန်နှင့် နေရာများစွာ လိုအပ်ပေသည်။ အချုပ်တင်ပြရသော် အလ္လာဟ်အသျှင်မြတ်သည် ဤတိုတောင်းသော အာယသ်တော် (၃) ပါးဖြင့် စူရာဟ်ပါ အကြောင်းအရာများကို ချုံ့လိုက်ခြင်းဖြစ်သည်။ စူရာဟ်၏အစတွင် 'သောင်ဟီးဒ်' ကို တင်ပြထားသည်။ မုရှ်ရစ်က်များ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဆက်သွယ်သည့် အရာအားလုံးမှ အလ္လာဟ်အသျှင်မြတ်သည် ကင်းစင်တော်မူကြောင်း သိရှိရပေသည်။ သို့ရှိရာ ပထမအာယသ်တော်တွင် ဤရှည်လျားသော အကြောင်းအရာဘက်တော်သို့ ရည်ညွှန်းထားပေသည်။ ထို့နောက် စူရာဟ်တွင် နဗီတမန်တော်များအကြောင်း တင်ပြထားရာ ဒုတိယအာယသ်တော်ဖြင့် ဤအကြောင်းအရာဘက်သို့ ရည်ညွှန်ထားပေသည်။ ထို့နောက် ကာဖိရ်တို့၏ ယုံကြည်ချက်များ၊ သံသယများနှင့် စောဒကများအပေါ် ရှင်းလင်းသည့် စဉ်းစားဆင်ခြင် သုံးသပ်ခြင်းနှင့် ဆင့်ပြန်ချက်လာ အထောက်အထား များဖြင့် ချေပ၍ မှန်ကန်သူများသာ အဆုံး၌ အောင်မြင်မည်ကိုလည်း တင်ပြထား၏။ ဤစကားရပ်များကို အသိဉာဏ်နှင့် နှလုံးသားအရှုဖြင့် တစ်ဦးတစ်ယောက်မှ ဖတ်လျှင် နောက်ဆုံး အလ္လာဟ်အသျှင်မြတ်ကို ချီးမွမ်းထောပနာပြုရမည်သာ ဖြစ်သည်။ သို့ရှိရာ စူရာဟ်၏ အဆုံးတွင် ဤချီးမွမ်းထောပနာပြုခြင်းဖြင့် အဆုံးသတ်ထား၏။ ဤအာယသ်တော်များတွင် အစ္စလာမ်သာသနာ၏ အခြေအမြစ် ယုံကြည်ချက်များ၊ 'သောင်ဟီးဒ်' နှင့် 'ရိစာလသ်' အကြောင်းကို ပေါ်လွင်စွာ တင်ပြ၍ နောင်တမလွန် အကြောင်းအရာများကို ဖြည့်စွက် တင်ပြထားသည်။ ဤစူရာဟ်၏ အဓိကရည်ရွယ်ချက်မှာ အထက်ပါအချက်များကို အတည်ပြုရန်အတွက် ဖြစ်သည်။ အထက်ပါစကားရပ်များအပြင် မုအ်မင်န်တိုင်းကို ဤသို့ လမ်းညွှန်ထား၏။ မုအ်မင်န်တစ်ဦးသည် မိမိ၏ အကြောင်းအရာ တရားဟောခြင်းနှင့် ထိုင်ဝိုင်း၏ အဆုံးသတ်တွင် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မှုကို တင်ပြ၍ ထိုအသျှင်မြတ်အပေါ် ချီးမွမ်း

ထောပနာပြုရပေမည်။ သို့ရှိရာ အလ္လာမဟ်ကုရ်သုဗီ (ရဟ) က မိမိစနဒ်ဖြင့် ဟဇရတ်အဘူစအီးဒ်ခွဒ်ရီ ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ မှ အကြိမ်ပေါင်းများစွာ ဤသို့ ကြား သိခဲ့ရသည်။ တမန်တော်မြတ် ﷺ သည် နမာဇ်ပြီးတိုင်း အထက်ပါအာယသ်တော်ကို ဖတ်ရွတ်လေသည်။ ဤသို့ပင် မြောက်မြားစွာသော သဖ်စီးရ်များတွင် အေမာမ်ဗဂဝီ (ရဟ) မှ ဟဇရတ်အလီ ﷺ ၏ ဤအဆို ကို ဆင့်ပြန်ထားပေသည်။ 'ကေယာမသ်'နေ့တွင် တစ်ဦးတစ်ယောက်သည် အလေးချိန်ပြည့် အကျိုးစဝါးဗ် ရလိုလျှင် မိမိ၏ ထိုင်ဝိုင်း၏ အဆုံး၌ အထက်ပါအာယသ်တော်ကို ရွတ်ဖတ်ပါလေ'ဟု တင်ပြထားသည်။ ဤဆင့်ပြန်ချက်ကို အိဗ်နေအဗီဟာသင်မ် (ရဟ) က ဟဇရတ်ရှအ်ဗီ (ရဟ) ထံမှ တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်ခဲ့သော ဆင့်ပြန်ချက်ဖြစ်ပေသည်'ဟု ဆင့်ပြန်ထားပေသည်။ *[သဖ်စီးရ်ရေအိဗ်နေကဗီးရ်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဆွာဒ်

ဆွာဒ်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

صٓ وَالْقُرْاٰنِ ذِی الذِّكْرِ ①

၃၈ း ၁ ။ ။ ဆွာဒ်…။ (ငါအသျှင်မြတ်သည်) ကျော်စောမှုရှိသော အဆုံးအမတရားတော်နှင့် ပြည့်နှက်သော၊ မြင့်မြတ်သည့် ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူတော်မူ၏။

بَلِ الَّذِیْنَ كَفَرُوْا فِیْ عِزَّةٍ وَّشِقَاقٍ ②

၃၈ း ၂ ။ ။ (ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ သွေဖည်ငြင်းပယ်မှုသည် မည်သည့်သက်သေ အထောက် အထားကိုမျှ အခြေခံပြုထားခြင်း) အလျှဉ်းမဟုတ်။ စင်စစ် (ထို) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့မှ အယူသည်းမှု၌ လည်းကောင်း၊ ဗီလာဆန့်ကျင် ပြုမှု၌လည်းကောင်း ရှိနေကြကုန်၏။

كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ فَنَادَوا وَّلَاتَ حِينَ مَنَاصٍ ۝٣

၃၈ း ၃ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့အလျင် မြောက်မြားစွာသော လူမျိုးဆက်ကို ဖျက်ဆီးတော်မူခဲ့၏။ (ဖျက်ဆီးသည့်အချိန်တွင် ၎င်းတို့သည် ဟစ်အော်မြည်တမ်းခဲ့ကြကုန်၏။ (သို့ရာတွင် အကျိုးမရှိပြီ။ အဘယ်ကြောင့်ဆိုသော်) ထိုအချိန်သည် လွတ်မြောက်ရန်အချိန် မဟုတ်တော့ပြီ။

وَعَجِبُوا أَن جَاءَهُم مُّنذِرٌ مِّنْهُمْ ۖ وَقَالَ الْكَافِرُونَ هَٰذَا سَاحِرٌ كَذَّابٌ ۝٤

၃၈ း ၄ ။ ။ စင်စစ် ၎င်းတို့သည် မိမိတို့ထံ မိမိတို့အနက်မှပင် သတိပေးနှိုးဆော်သူတစ်ဦး ရောက်ရှိ၍ လာခဲ့ခြင်းကို အံ့သြခဲ့ကြကုန်၏။ ၎င်းပြင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က 'ဤ (သူ) သည် လွန်စွာ မုသားပြောဆိုသူ ပဉ္စလက် (စုန်း) ဆရာတစ်ဦးဖြစ်သည်' ဟု ဆိုခဲ့ကြကုန်၏။

أَجَعَلَ الْآلِهَةَ إِلَٰهًا وَاحِدًا ۖ إِنَّ هَٰذَا لَشَيْءٌ عُجَابٌ ۝٥

၃၈ း ၅ ။ ။ ဤသူတို့သည် များစွာသော ကိုးကွယ်ရာများ၏ နေရာတွင် ကိုးကွယ်ရာ တစ်ဆူတည်းသော ပြုလုပ်ချန်ထားလေသလော။ စေန်မလွဲ ဤသည် လွန်စွာ အံ့သြဖွယ်ရာတစ်ခုပင် ဖြစ်၏။

وَانطَلَقَ الْمَلَأُ مِنْهُمْ أَنِ امْشُوا وَاصْبِرُوا عَلَىٰ آلِهَتِكُمْ ۖ إِنَّ هَٰذَا لَشَيْءٌ يُرَادُ ۝٦

၃၈ း ၆ ။ ။ ထို့ပြင် ၎င်းတို့အနက် အကြီးအကဲများက (ငယ်သားများအား၊ ဤသို့ ပြောဆို) ထွက်သွားခဲ့ကြ၏။ 'အသင်တို့သည် သွားကြလေကုန်။ (တစ်နည်း) သွားကြစို့။ ၎င်းပြင် အသင်တို့သည် မိမိတို့၏ (မိရိုးဖလာ) ကိုးကွယ်ရာများကို ကြံ့ခိုင်စွာ (ကိုးကွယ်လျက်) ရှိနေကြကုန်။ စေန်အမှန် ဤသည်၌ ၎င်း၏ ရည်ရွယ်ချက်တစ်ခုခု အမှန်ပင် ရှိ၏။ (တစ်နည်း) စေန်အမှန် ဤ (သူ) သည် အမှန်ပင် ရည်ရွယ်ချက်တစ်ခုခု ရှိ၏။'

مَا سَمِعْنَا بِهَٰذَا فِي الْمِلَّةِ الْآخِرَةِ إِنْ هَٰذَا إِلَّا اخْتِلَاقٌ ۝٧

၃၈ း ၇ ။ ။ 'ကျွန်ုပ်တို့သည် လွန်လေခဲ့ပြီးဖြစ်သော သာသနာတွင် ဤမည်သော စကားမျိုးကို ကြားဖူးခဲ့ကြသည် မရှိပေ။ ဤသည် လီဆယ်ဖန်တီးမှုမှအပ အခြားမဟုတ်ပြီ။'

أَأُنزِلَ عَلَيْهِ الذِّكْرُ مِن بَيْنِنَا ۚ بَلْ هُمْ فِي شَكٍّ مِّن ذِكْرِي ۖ بَل لَّمَّا يَذُوقُوا عَذَابِ ۝٨

၃၈ း ၈ ။ ။ 'ကျွန်ုပ်တို့အားလုံးတို့အနက်မှ ၎င်း (သူ) ၏ အပေါ်၌သာလျှင် အဆုံးအမတရားတော်သည် ချပေးခြင်းခံရလေသလော။ စင်စစ် ၎င်းတို့သည် ငါအသျှင်မြတ်၏ အဆုံးအမတရားတော် (တစ်နည်း) ငါအသျှင်မြတ်၏ 'ဝဟီ' အမိန့်တော် ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ သံသယ၌ပင် ရှိနေကြကုန်၏။ စင်စစ် ၎င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို မြည်းစမ်းခြင်း မပြုခဲ့ကြရသေးပေ။

أَمْ عِندَهُمْ خَزَآئِنُ رَحْمَةِ رَبِّكَ الْعَزِيزِ الْوَهَّابِ ﴿٩﴾

၃၈ : ၉ ။ ။ ၎င်းတို့ထံ၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်တရာ ရက်ရောစွာ ပေးကမ်းတော်မူသော အသျှင်မြတ်၏ ကရုဏာတော်၏ ဘဏ္ဍာတော်များသည် ရှိလေသလော။

أَمْ لَهُم مُّلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا فَلْيَرْتَقُوا فِي الْأَسْبَابِ ﴿١٠﴾

၃၈ : ၁၀ ။ ။ သို့တည်းမဟုတ် ထိုသူတို့၌ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ကမ္ဘာမြေ နှစ်ခုစလုံး၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း စိုးမိုးအုပ်ချုပ်မှုအာဏာသည် ရှိလေသလော။ သို့ရှိခဲ့ပါလျှင် ၎င်းတို့သည် ကြိုးများ၊ လှေကားများ တပ်ဆင်လျက် (မိုးကောင်းကင်သို့) တက်ကြရာကုန်၏။

جُندٌ مَّا هُنَالِكَ مَهْزُومٌ مِّنَ الْأَحْزَابِ ﴿١١﴾

၃၈ : ၁၁ ။ ။ (၎င်းတို့သည်) ထိုနေရာ (မက္ကာဟ်မြို့တော်) တွင် အုပ်စုများအနက်မှ အုပ်စုကလေးတစ်ခုပင် ဖြစ်သည်။ မကြာမီ ရှုံးနိမ့်ရတော့မည်။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَفِرْعَوْنُ ذُو الْأَوْتَادِ ﴿١٢﴾

၃၈ : ၁၂ ။ ။ ၎င်းတို့အလျင်ကလည်း (နဗီတမန်တော်) နူးဟ်၏ အမျိုးသားနှင့် 'အာဒ်' ၏ အမျိုးသားတို့သည်လည်းကောင်း၊ သံငုတ်များ၏ ပိုင်ရှင်ဖြစ်သော ဖိရ်အောင်သည်လည်းကောင်း (တမန်တော်များအား) မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

وَثَمُودُ وَقَوْمُ لُوطٍ وَأَصْحَابُ لْئَيْكَةِ أُولَٰئِكَ الْأَحْزَابُ ﴿١٣﴾

၃၈ : ၁၃ ။ ။ ထိုနည်းတူစွာ 'စမူးဒ်' အမျိုးသားနှင့် 'လူးသ်' ၏ အမျိုးသားတို့သည်လည်းကောင်း၊ 'အိုင်ကာဟ်' တောအုပ်၌ နေထိုင်ကြသော သူတို့သည်လည်းကောင်း (မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်၏။) ထိုသူတို့သည် အုပ်စုကြီးများပင် (ဖြစ်၏။)

إِن كُلٌّ إِلَّا كَذَّبَ الرُّسُلَ فَحَقَّ عِقَابِ ﴿١٤﴾

၃၈ : ၁၄ ။ ။ (ယင်းအုပ်စုကြီးများအနက်) အသီးသီးတို့သည် ရစူလ်တမန်တော်တို့အား မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် (၎င်းတို့အပေါ်၌) သက်ရောက်ခဲ့လေ၏။

وَمَا يَنظُرُ هَٰؤُلَاءِ إِلَّا صَيْحَةً وَاحِدَةً مَّا لَهَا مِن فَوَاقٍ ﴿١٥﴾

၃၈ : ၁၅ ။ ။ စင်စစ် ဤသူတို့သည် စက္ကန့်ပိုင်းမျှပင် ဆိုင်းငံ့ခြင်းမရှိ (ဘဲ အဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်) သော ပြင်းထန်လှသည့် အော်သံတစ်ခုကိုသာလျှင် စောင့်စား၍ နေကြကုန်၏။

وَقَالُوا رَبَّنَا عَجِّلْ لَّنَا قِطَّنَا قَبْلَ يَوْمِ الْحِسَابِ ﴿١٦﴾

၃၈ : ၁၆ ။ ။ ထို့ပြင် ၄င်းတို့သည် (တမန်တော်မြတ်အား ပြက်ရယ်ပြောင်လှောင်သောအားဖြင့်) 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် စစ်ဆေးမေးမြန်းမည့် နေ့မတိုင်မီပင်၊ ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့၏ ဝေစုဝေပုံကို အလျင်အမြန် ပေးတော်မူပါ'ဟု လျှောက်ထားခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

صٓ (၄င်း၏အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် အသိတော်မူဆုံး ဖြစ်သည်။) ဆုံးမစကားများနှင့် ပြည့်နှက်နေသော ကျမ်းမြတ်ကုရ်အာန်ကို 'ကစမ်'ကျိန်ဆိုပါသည်။ (ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်မှုကို ငြင်းဆန်ရင်း ပြောဆိုနေမှုများသည် မမှန်ကန်သည့်အပြင်) ကာဖိရ်တို့သည် ပုဂ္ဂိုလ်စွဲ ထားရှိကြ၍ အမှန်တရားကို ဆန့်ကျင်နေကြသည်။ (ထိုပုဂ္ဂိုလ်စွဲထားခြင်းနှင့် ဆန့်ကျင်ခြင်း၏ ဆိုးကျိုးကို တစ်နေ့ ကြုံတွေ့ရမည်ဖြစ်သည်။) ၄င်းတို့ထက်အလျင် မြောက်မြားစွာသော အွမ္မသ်များကို ငါအသျှင်မြတ်သည် ('အဇာဗ်'အပြစ်ဒဏ်ဖြင့်) ဖျက်ဆီးပစ်ခဲ့ပြီးဖြစ်သည်။ ၄င်းတို့ ပျက်စီးချိန်တွင် အလွန်အော်ဟစ်ကျယ်လောင်စွာ ညည်းတွားကြသည်။ (ထိုသူတို့၏ ဆူညံစွာ ညည်းတွားခြင်းသည် မည်သို့ အကျိုးပြုအံ့နည်း။) အဘယ်ကြောင့်ဆိုသော် အပြစ်ဒဏ်လာသော အချိန်၌ ၄င်းတို့ ကင်းလွတ်မှု မရကြတော့ပေ။ (အကြောင်းမှာ အပြစ်ဒဏ် ရောက်ရှိလာလျှင် အမှားဝန်ခံမှုကိုလည်း လက်ခံတော့မည် မဟုတ်သောကြောင့်ပင် ဖြစ်ပေသည်။) ကုရိုက်ရှ်ကာဖိရ်တို့သည် ၄င်းတို့ထံ မိမိတို့လူသားများထဲမှ ခြိမ်းခြောက်ရန် နဗီတမန်တော် ရောက်ရှိလာသည့်အပေါ် အံ့ဩနေကြခြင်း ဖြစ်သည်။ (ထိုသို့ အံ့ဩရခြင်းမှာ ၄င်းတို့သည် မိမိတို့၏ အသိပညာမရှိမှုကြောင့် လူသားဖြစ်ခြင်းကို နဗီဖြစ်ခြင်းနှင့် ဆန့်ကျင်ဘက်အရာဟူ၍ ထင်မှတ်ထားသောကြောင့် ဖြစ်သည်။) ရစူလ်ဖြစ်ခြင်းကို ငြင်းဆန်လျက် တမန်တော်၏ 'မုအ်ဂျေဇာဟ်'များနှင့် နဗီအဖြစ် ကြွေးကြော်ခြင်းကို ၄င်းတို့က 'နအူးဇိုဗိလ္လာဟ်' ဤသူသည် (ဗီဇသဘောနှင့် ဆန့်ကျင်သည့်ကိစ္စရပ်များတွင်) ပြုစားသူဖြစ်၍ (နဗီဖြစ်ကြောင်း ကြွေးကြော်မှုတွင်) လူလိမ်ဖြစ်သည်'ဟု ပြောဆိုသည့်အဆင့်အထိ ရောက်ရှိသွားကြပေသည်။ ၄င်းတို့က 'ခဝပ်ကိုးကွယ်ရာ အသျှင်များကြားတွင် အားလုံးကို ငြင်းဆန်၍ ခဝပ်ကိုးကွယ်ရာ အသျှင်တစ်ပါးတည်း တည်ရှိသည်ဟု ပြောဆိုသည့် ဤသူ မှန်ကန်နိုင်ပါမည်လော။ အလွန်ပင် အံ့ဩဖွယ်ရာဖြစ်သည်' ဟု ပြောဆိုလေသည်။ ဤအကြောင်းကို ရှေ့တွင် တင်ပြပေမည်။

ကာဖိရ်ခေါင်းဆောင်တို့အနက်မှ တစ်ဦးသည် ('သောင်ဟီးဒ်'၏ အကြောင်းတရားကို နားထောင်ပြီးနောက်) ထိုင်ဝိုင်းမှထ၍ 'ဤနေရာမှ သွားကြပါ။ မိမိတို့၏ အရှင်များကို ကိုးကွယ်မှုတွင်သာ ရပ်တည်ကြပါ။ အဘယ်ကြောင့်ဆိုသော် 'သောင်ဟီးဒ်'ဘက်သို့ ဖိတ်ခေါ်ခြင်းသည် ရည်ရွယ်ချက်တစ်ခုခု ရှိနိုင်သည်'ဟု မိမိအပေါင်းအပါများကို ပြောဆို၍ ထွက်သွားလေသည်။ ဆိုလိုသည်မှာ 'မအာဇလ္လာဟ်' တမန်

တော်မြတ် ﷺ သည် ဤ 'သောင်ဟီးဒ်' တရားဘက်သို့ ဖိတ်ခေါ်ခြင်း အကြောင်းခံဖြင့် အုပ်ချုပ်မှု လိုလားနေသူ၊ ဒုတိယအချက်မှာ 'သောင်ဟီးဒ်' ကို ကြွေးကြော်ခြင်းသည် လွဲမှား၍ အံ့သြဖွယ်ရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ဤစကားရပ်ကို မိမိတို့အလျင် သာသနာများ၌ မကြားသိခဲ့ရပေ။ ဤသူသည် လုပ်ကြံ ပြောဆိုနေသည်သာ ဖြစ်နိုင်ပေသည်။ ရှေးသာသနာများဟူသော သဘောမှာ လောကတွင် မြောက်မြားစွာသော နည်းလမ်းဖြင့် ကိုးကွယ်နေကြ၍ ငါတို့သည် အားလုံးထက် နောက်ဆုံးဖြစ်ရန် အမှန်တရားပေါ်တွင် ရှိနေသည်။ သို့ရှိရာ ငါတို့သည် ထိုနည်းလမ်းများမှ အကြီးအကဲများထံ ဤကဲ့သို့သော စကားရပ်မျိုး မကြားဖူးပေ။ ၄င်းနောက် ထိုသူသည် မိမိကိုယ်ကို နဗီဖြစ်ကြောင်း ကြွေးကြော်၍ ၄င်းနောက် 'သောင်ဟီးဒ်' ကို အလ္လာဟ်အသျှင်မြတ်၏ လမ်းညွှန်မှုဟု တင်ပြ၏။

သို့ရှိရာ ပထမအချက်အနေဖြင့် နဗီဖြစ်ခြင်းသည် လူသားဖြစ်ခြင်းနှင့် ဆန့်ကျင်သည်။ ဤအချက်ကို မထောက်ရှုလျှင်လည်း ဒုတိယအချက်အနေဖြင့် ထိုသူသည် ကျွန်ုပ်တို့ထံတွင် နဗီဖြစ်နိုင်လောက်သည့် ထူးခြားမြင့်မြတ်မှုလည်း မရှိပေ။ ဤသို့ ထိုသူ့အပေါ် 'ဝဟီ' ကျရန်လည်း အကြောင်းမရှိပေ။ သို့သာမက ခေါင်းဆောင်တစ်ဦးအပေါ် 'ဝဟီ' ကျလျှင် မည်သို့မှ အကြောင်းမရှိပေ။ ဆက်လက်၍ 'ထိုသူ့အပေါ် အဘယ်ကြောင့် 'ဝဟီ' ကျသနည်း။ ခေါင်းဆောင်တစ်ဦးအပေါ် အဘယ်ကြောင့် မကျရသနည်း' ဟု ၄င်းတို့၏ ပြောဆိုမှုသည် အကယ်၍ ဤသို့ဖြစ်လျှင် ၄င်းတို့၏ နောက်သို့ လိုက်မည်ဟု ရည်ရွယ်၍ ပြောဆိုခြင်း မဟုတ်ကြောင်း အလ္လာဟ်အသျှင်မြတ်က တင်ပြထားပေသည်။ အမှန်စင်စစ် ဤသူတို့သည် ငါအသျှင်မြတ်၏ 'ဝဟီ' ကို သံသယ (ဆိုလိုသည်မှာ ငြင်းဆန်နေကြသည်။) နဗီဖြစ်ခြင်းကိစ္စရပ်ကို ငြင်းဆန်နေကြခြင်းဖြစ်၍ လူသားနဗီဖြစ်သည်ကို လက်ခံရန် အသင့်မရှိကြပေ။ ဤငြင်းဆန်မှုသည် ၄င်းတို့ထံတွင် အထောက်အထားရှိခြင်းကြောင့် မဟုတ်ပေ။ အကြောင်းရင်းမှန်မှာ ၄င်းတို့သည် ယခုတိုင် ငါအသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်ကို မမြည်းစမ်းရသေး။ ထိုသို့မဟုတ်ပါက အားလုံး၏ အသိဉာဏ်သည် နေရာမှန်သွားပေမည်။

ဆက်လက်၍ အခြားနည်းလမ်းတစ်ခုဖြင့် ဖြေကြားထားသည်မှာ ထိုသူတို့ထံတွင် အသင်၏ အသျှင်မြတ်၏ ထံတော်ပါးမှ ကြီးကျယ်သော ဂရုဏာ၏ ဘဏ်တိုက်များ ရှိလေသလော။ ထိုဘဏ်တိုက်တွင် 'နဗူဝသ်' လည်း ပါရှိ၍ အလိုရှိသူကို ပေးအပ်ပြီး အလိုမရှိသူကို မပေးရပေ။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဘဏ်တိုက်အားလုံးအပေါ် ၄င်းတို့၏ ပိုင်ဆိုင်မှုရှိမှသာ ဤသို့ ပြောဆိုခွင့်ရှိပေမည်။ ငါတို့သည် လူသားအား နဗီအဖြစ် မခန့်အပ်သည့်အတွက် ထိုသူသည် မည်သို့ နဗီဖြစ်သွားသနည်း။ သို့မဟုတ် အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ဘဏ်တိုက်အားလုံး ၄င်းတို့ မပိုင်ဆိုင်လျှင် မိုးကောင်းကင်နှင့် မြေပထဝီ၊ ထိုပြင် ၄င်းတို့နှစ်ခုကြားရှိ အရာများအားလုံး၏ ထိန်းချုပ်မှုကို ပိုင်ဆိုင်ပါသလော။ အကယ်၍ ဤမျှခန့် ထိန်းချုပ်မှုရှိလျှင် ၄င်းတို့သည် မိုးကောင်းကင်နှင့် မြေပထဝီ၏ လိုအပ်ချက်များကို သိရှိသည့်အတွက် မိမိတို့အလိုရှိသူသာ 'နဗူဝသ်' ရသင့်သည်ဟု ပြောဆိုနိုင်ပေမည်။ ဆက်လက်၍ ၄င်းတို့၏ မစွမ်းဆောင်နိုင်မှုအပေါ် တင်ပြထားသည်မှာ 'အကယ်၍ ထိုသူတို့ စွမ်းဆောင်နိုင်ပါက မိုးကောင်းကင်ပေါ်သို့ လှေကား

ထောင်၍ တက်ကြလေကုန်။ ဤသို့ မစွမ်းသည်မှာ ပေါ်လွင်ပေသည်။ ဤမျှ မစွမ်းဆောင်နိုင်သည့်အတွက် မိုးကောင်းကင်နှင့် မြေပထဝီကိစ္စရပ်များကို ထိုကာဖိရ်တို့အပေါ် မည်သို့ အခွင့်အလမ်းရှိမည်နည်း။ ထိုသို့ ဆိုလျှင် ဤသို့ အခြေအမြစ်မရှိသည့် စကားရပ်များ ၎င်းတို့ ပြောဆိုရန် မည်သို့ အခွင့်အလမ်းရှိမည်နည်း။ သို့သော် အို, မိုဟမ္မဒ်၊ ၎င်းတို့၏ ဆန့်ကျင်မှုအပေါ် အသင် သောကမဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤနေရာ (ဆိုလိုသည်မှာ မက္ကာဟ်မြို့တွင် ထိုဆန့်ကျင်သူများ အုပ်စုဖွဲ့နေခြင်းသာ ဖြစ်သည်။ နဗီတမန်တော်များကို ဆန့်ကျင်သည့်အုပ်စုများသည် မကြာမီ ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရပေမည်။ သို့ရှိရာ 'ဗဒရ်' စစ်ပွဲတွင် ဤဟောကိန်းသည် မှန်ကန်ခဲ့လေသည်။ ထိုသူများထက်အလျင် နူးဟ် ﷺ ၏ မျိုးနွယ်ဝင်များ၊ 'အားဒ်' မျိုးနွယ်ဝင်များနှင့် ဖိရ်အောင်န်၏ အုပ်ချုပ်မှုတို့သည်လည်း ပျက်စီးသွားပေသည်။ ၎င်းနောက် 'စမူးဒ်' မျိုးနွယ်ဝင်များ၊ 'လူး' မျိုးနွယ်ဝင်များ၊ 'အဆ်ဟာဗေအိုင်ကဟ်' (၎င်းတို့အကြောင်း မြောက်မြားစွာသော နေရာများ၌ လာရှိခဲ့ပြီး) ထိုမျိုးနွယ်စုအားလုံးတို့သည် နဗီတမန်တော်များကို လက်မခံခဲ့ကြပေ။ ၎င်းနောက် مِنَ الاَحزاب တွင် တင်ပြခဲ့သည့် အုပ်စုအားလုံးတို့သည် မိမိတို့၏ နဗီတမန်တော်များ ကို လက်မခံခဲ့ကြပေ။ ဤကုရိုက်ရှ်မျိုးနွယ် ကာဖိရ်တို့သည်လည်း အသင်တမန်တော်ကို ငြင်းဆန်နေကြသည်။ သို့ရှိရာ ငါအသျှင်မြတ်၏ အပြစ်ဒဏ်သည် ၎င်းတို့အပေါ် ကျရောက်ပြီးဖြစ်၏။ အပြစ် 'ဂိုနာဟ်' ခြင်းတူသည့်အပေါ် 'အဇာဗ်' အပြစ်ဒဏ်လည်း တူညီပေရာ ၎င်းတို့ အဘယ်ကြောင့် အေးချမ်းနေကြသနည်း။ ၎င်းနောက် ဤသို့ စွဲစွဲလန်းလန်း ငြင်းဆန်နေသူများသည် တစ်နေ့တွင် ကြုံတွေ့ရမည့် အော်သံ (ဆိုလိုသည်မှာ ဒုတိယအကြိမ် 'စူရ်' မှုတ်ခြင်းကို စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။) ဤအချိန်တွင် အသက်ရှူရန်ပင် အခွင့်အရေး ရှိကြတော့မည် မဟုတ်ပေ။ 'ကေယာမသ်' နေ့ကို ဆိုလိုရင်းဖြစ်သည်။ 'ကေယာမသ်' နေ့၏ ခြိမ်းခြောက်မှုကို ကြားပြီးနောက် ဤသူတို့သည် တမန်တော်ကို လက်မခံဘဲ ပြောင်လှောင်သည့်သဘောဖြင့် 'အို, ကျွန်ုပ်တို့၏ အသျှင်မြတ်၊ နောင်တမလွန်တွင် ကာဖိရ်များ ကြုံတွေ့ရမည့် 'အဇာဗ်' အပြစ်ဒဏ်များမှ ကျွန်ုပ်တို့၏ ဝေစုကို 'ကေယာမသ်' နေ့မတိုင်မီ ကျွန်ုပ်တို့ကို ပေးသနားတော်မူပါလေ' ဟု ပြောဆိုကြသည်။ (အလိုသဘောမှာ 'ကေယာမသ်' နေ့ဖြစ်မည်မဟုတ်။) 'အကယ်၍ ရှိလျှင်လည်း ယခုငါတို့ 'အဇာဗ်' ကို တောင်းခံပါသည်။ 'အဇာဗ်' မကျရောက်လာလျှင် 'ကေယာမသ်' လည်း မဖြစ်နိုင်' ဟု ဖြေဆိုကြသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အာယသ်တော်များ ကျရောက်သည့်အကြောင်းရင်း

ဤစူရာဟ်၏ အစအာယသ်တော်များ ကျရောက်လာသည့် အကြောင်းအရင်းမှာ တမန်တော်မြတ် ﷺ ၏ ဦးလေး အဘူသွာလိဗ်သည် မွတ်စ္စလင်မ်မဖြစ်သော်လည်း တမန်တော်မြတ် ﷺ ကို အပြည့်အဝ စောင့်ရှောက်ခဲ့သည်။ ၎င်းနေထိုင်မကောင်း ဖြစ်သောအခါ ကုရိုက်ရှ်ခေါင်းဆောင်ကြီးများ အစည်းအဝေး

ထိုင်လေသည်။ ထိုအထဲတွင် အဘူဂျဟာလ်၊ အားဆ်ဗင်နဝါအိစ်လ်၊ အဗ်ဒ်ုလ်လာဟ်ဗင်နဝ်မုသ်ဖွလစ်ဗ်၊ အဗ်စ်ဝဒ်ဗင်နဝ် အဗ်ဒေယဂူးစ်နှင့် အခြားခေါင်းဆောင်များ ပါဝင်လေသည်။ ထိုအစည်းအဝေးတွင် တိုင်ပင်ကြသည်မှာ 'အဘူသွာလိဗ် နေမကောင်းဖြစ်၍ သေဆုံးသွားပြီးနောက် ငါတို့သည် တမန်တော်မြတ် ﷺ အား ထိုသာသနာ အသစ်မှ ပြင်းပြင်းထန်ထန် တားမြစ်ကြပေမည်။ ထိုသို့ဆိုလျှင် အာရဗ်တို့သည် ကျွန်ုပ်တို့ကို အဘူသွာလိဗ် သက်ရှိ ထင်ရှား ရှိနေသရွေ့ တမန်တော်မိုဟမ္မဒ် ﷺ ကို မည်သို့မျှ မပြုလုပ်နိုင်ကြ။ ၎င်းသေဆုံးပြီးမှ တမန်တော်ကို တိုက်ရိုက် ပစ်မှတ်ထားကြသည်ဟု ပြစ်တင်ကြလေမည်။ သို့ရှိရာ ကျွန်ုပ်တို့မှ အဘူသွာလိဗ် ရှိနေစဉ်တွင် တမန်တော်မြတ် ﷺ ၏ ကိစ္စကို ရှင်းလင်းကြမည်။ သို့မှသာ ငါတို့၏ အရှင်များကို မကောင်း ပြောဆိုခြင်းမှ စွန့်လွှတ်လိုက်ပေမည်'ဟု ပြောဆိုကြသည်။

သို့ရှိရာ ဤသူတို့သည် အဘူသွာလိဗ်ထံပါးသို့ သွားရောက်ကြ၍ 'အသင်၏ တူတော်မောင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မကောင်းပြောဆိုသည်။ တရားမျှတစွာဖြင့် ၎င်းတို့ကို ဤသို့ ပြောဆိုပါလေ။ မိမိကြိုက်နှစ်သက်သည့် အရှင်ကို ကိုးကွယ်ပါ။ သို့သော် ငါတို့၏ ကိုးကွယ်ရာများကို မည်သို့မျှ မပြောဆိုလေနှင့်။' ဇေကန်စင်စစ် တမန်တော်မြတ် ﷺ ကိုယ်တိုင်လည်း ဤရုပ်တုများကို 'ခံစားမှုမရှိသည့် သက်မဲ့များသာ ဖြစ်သည်။ အသင်တို့၏ ဖန်ဆင်းရှင်များ မဟုတ်။ စားနပ်ရိက္ခာ ချီးမြှင့်သည်လည်း မဟုတ်။ အသင်တို့၏ ကောင်းကျိုး၊ ဆိုးကျိုးသည် ၎င်းတို့၏ လက်တွင်း၌ မဟုတ်'ဟုသာ ပြောဆိုလေသည်။ အဘူသွာလိဗ်သည် တမန်တော်မြတ် ﷺ အား ထိုထိုင်ဝိုင်း၌ ခေါ်၍ 'အို၊ တူတော်မောင်၊ ဤသူတို့သည် အသင်နှင့်ပတ်သက်၍ ဤသို့ တိုင်တန်းကြသည်။ အသင်သည် ၎င်းတို့၏ ခဝပ်ကိုးကွယ်ရာများကို မကောင်း ပြောဆိုသည်။ ထိုသူများကို ၎င်းတို့၏ လမ်းစဉ်၌ပင် လွှတ်ထားလေကုန်။ အသင်သည် မိမိအသျှင်မြတ်အား ခဝပ်ကိုးကွယ်လေကုန်'ဟု ပြောဆိုလေသည်။ ထိုအပေါ် ကိုရိုက်ရှ်တို့မှလည်း ပြောဆိုကြသည်။ နောက်ဆုံး တွင် တမန်တော်မြတ် ﷺ က 'အို၊ ဦးရီးတော်၊ ကျွန်ုပ်သည် ၎င်းတို့အတွက် ထို့ထက်ကောင်းသည့် အရာများအပေါ် ဖိတ်ခေါ်မှု မပြုရတော့မည်လော'ဟု မေးမြန်းလေရာ အဘူသွာလိဗ်က 'မည်သည့်အရာ ပါနည်း' ဟု မေးမြန်းလေသည်။ တမန်တော်မြတ် ﷺ က 'ကျွန်ုပ်သည် ၎င်းတို့ကို အာရဗ်တစ်ခွင်လုံး ဦးညွှတ်၍ တစ်လောကလုံးရှိ အရာများအားလုံးကို စိုးမိုးနိုင်သည့် 'ကလေမာဟ်'ကို တင်ပြလိုပါသည်' ဟု ပြောဆိုလေသည်။ ထိုအပေါ် အဘူဂျဟာလ်က ထို 'ကလေမာဟ်'မှာ မည်သို့ပါနည်း။' 'အသင့်ဖခင် ၏ ကစမ်၊ ကျွန်ုပ်တို့၏ 'ကလေမာဟ်'တစ်ခုမဟုတ်၊ (၁၀) ခု ဖတ်ရန်အတွက်ပင် အသင့်ရှိသည်'ဟု ဆို လေသည်။ ထိုအခါ တမန်တော်က '(لا إله إلا الله) ကိုသာ ရွတ်ဆိုလိုက်ပါ'ဟု မိန့်ကြားတော်မူလိုက်သည်။ ဤသည်ကို ကြားနာ၍ အားလုံးတို့သည် မိမိတို့၏ အဝတ်များကို ခါ၍ ထသွားကြလေသည်။ ၎င်းတို့က 'ငါတို့၏ ကိုးကွယ်ရာအရှင်များကို လွှတ်၍ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းကိုသာ ရွေးချယ်ရမည် လော။ ဤသည် အံ့သြဖွယ်ရာဖြစ်သည်'ဟု ပြောဆိုသွားကြလေသည်။ ဤအဖြစ်အပျက်အပေါ် 'စူရာဟ် ဆွာဒ်'၏ ဤအာယသ်တော်များ ကျရောက်ခဲ့လေသည်။ *[အိဗ်နေကဆီးရ်ကျမ်း၊ တွဲ-၄၊ စာ-၂၇-၂၈။]*

وَانْطَلَقَ الْمَلَأُ مِنْهُمْ

(ကာဖိရ်များအနက်မှ ခေါင်းဆောင်တစ်ဦးက ဤသို့ ပြောဆို၍ ထွက်သွားကြသည်။) အထက်တင်ပြခဲ့သော အဖြစ်အပျက်ကို ရည်ညွှန်းခြင်းဖြစ်သည်။ 'သောင်ဟီးဒ်'၏ ဖိတ်ခေါ်မှုကို ကြားနာ၍ ထိုင်ဝိုင်းမှ ထသွားကြလေသည်။

وَفِرْعَوْنُ ذُو الْأَوْتَادِ

၏ လုံးချင်းအဓိပ္ပာယ်မှာ 'သံပန္နတ်များရှင် ဖိရ်အောင်န်သည်' ဟူ၍ ဖြစ်သည်။ ဤစာလုံး၏ ရှင်းလင်းချက်တွင် သဖ်စီးရ်ပညာရှင်များ၏ အဆိုအမျိုးမျိုး ကွဲပြားလေသည်။ အချို့ပညာရှင်များက 'အုပ်ချုပ်မှုအာဏာ ကျစ်လစ်ခိုင်မာခြင်းဘက်သို့ ရည်ညွှန်းသည်'ဟု တင်ပြကြသည်။ ထို့ကြောင့် ဟဇရသ်ထာနဝီက 'ၤင်း၏ သံပန္နတ်များ ပြုတ်ကျသွားသည်'ဟု ပြန်ဆို၏။ အချို့ပညာရှင်များက 'ဖိရ်အောင်န်သည် လူတို့ကို ပက်လက်လှန်၍ ခြေထောက်နှင့် လက်များတွင် သံများ ရိုက်ထားပြီးနောက် ထိုသူ့အပေါ် မြွေနှင့်ကင်းများ လွှတ်ပေးသည့် အပြစ်ဒဏ်ပေးလေ့ ရှိသောကြောင့် ဖြစ်လေသည်'ဟု တင်ပြကြသည်။ အချို့ပညာရှင်များက 'ဖိရ်အောင်န်သည် ကြိုးနှင့် သံများဖြင့် သီးခြားကစားနည်းတစ်ခုကို ကစားလေ့ရှိသောကြောင့် ဖြစ်သည်' ဟူ၍ အချို့ပညာရှင်များက '(اوتاد) ဆိုသည်မှာ အဆောက်အဦးများ ဖြစ်သည်။ ဖိရ်အောင်န်သည် ခိုင်ခန့်ကြီးမားသည့် အဆောက်အဦးများ တည်ဆောက်ခဲ့သောကြောင့် ဖြစ်သည်'ဟု ပြောဆိုကြသည်။ *[ကုရ်သုဗီးကျမ်း]*

أُولَٰئِكَ الْأَحْزَابُ

၏ ရှင်းလင်းချက်တစ်ခုမှာ 'ဤဝါကျသည် مَهْزُومٌ مِّنَ الْأَحْزَابِ ကို ရှင်းလင်းတင်ပြနေသော ဝါကျဖြစ်သည်'ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ အာယသ်တော်တွင် ရည်ညွှန်းထားသော အုပ်စုများမှာ ဤသူသို့ ဖြစ်သည်ဟူ၍ ဖြစ်သည်။ ဤအချက်နှင့်အညီ ဟဇရသ်ထာနဝီ (ရဟ) မှ ရှင်းလင်းထားသည်။ သို့သော် အခြားသဖ်စီးရ်ပညာရှင်များက အုပ်စုများဆိုသည်မှာ ထိုသူများသာ ဖြစ်သည်ဟူ၍ ဖွင့်ဆိုဘာသာပြန်ခဲ့၏။ ၎င်းတို့ထဲတွင် အမှန်တကယ် အင်အားရှိသည့် မျိုးနွယ်များမှာ တမန်တော်နူးဟ် ﷺ ၏ မျိုးနွယ်၊ အားဒ်နှင့် ဆမူးဒ်မျိုးနွယ်များ ဖြစ်ကြသည်။ ၎င်းတို့နှင့်ယှဉ်လျှင် မက္ကာဟ်ရှိ မုရှ်ရစ်က်များသည် မည်သို့မှ မပြောပလောက်ပေ။ ထိုသို့ အင်အားကြီးမျိုးနွယ်များ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်မှ မရှောင်ကြဉ်နိုင်လျှင် မက္ကာဟ်မြို့မှ မုရှ်ရစ်က်များ မည်သည့်အဆင့်အတန်းဌ်မျှမရှိပေ။ *[ကုရ်သုဗီးကျမ်း]*

مَا لَهَا مِنْ فَوَاقٍ

အာရဗီစာပေတွင် فواق ၏ အဓိပ္ပာယ်မြောက်မြားစွာ လာရှိပေသည်။ အဓိပ္ပာယ်တစ်ခုမှာ တစ်ကြိမ်နို့ညှစ်ပြီးနောက် ဒုတိယအကြိမ် နို့အုံတွင် နို့များ ရောက်ရှိလာရန် စောင့်ဆိုင်းသည့် ကြားကာလကို ခေါ်ဆို

ပေးသည်။ အေးဆေးတည်ငြိမ်ခြင်းနှင့် အနားယူခြင်းဟုလည်း အဓိပ္ပာယ်ရသည်။ အလိုသဘောမှာ အီစ်ရာဖီးလ် ﷺ ၏ စူရ် (တံပိုး) မှုတ်ခြင်းတွင် ကြား၌ အချိန်ကာလ မခြားဘဲ ဆက်တိုက်ဖြစ်မည်ဟူ၍ ဖြစ်သည်။

عَجِّلْ لَّنَا قِطَّنَا

قِطٌّ ၏ မူရင်းအဓိပ္ပာယ်မှာ ဆုချီးမြှင့်ရန် ကတိပြုထားသည့် မှတ်တမ်းကို ခေါ်ဆိုသည်။ တစ်ဖန် ဤစာလုံးကို သတ်မှတ်ချက်မရှိသည့် ဝေစုဟုလည်း အသုံးပြုလေသည်။ ဤနေရာတွင် ဤအလိုသဘော သာဖြစ်သည်။ 'နောက်တမလွန်တွင် ကျွန်ုပ်တို့ ရရှိမည့် ကောင်းကျိုး၊ ဆိုးကျိုးများ၏ ဝေစုများကို ဤလောက၌သာ ပေးသနားတော်မူပါ' ဟူသော သဘောဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اِصْبِرْ عَلٰى مَا يَقُوْلُوْنَ وَاذْكُرْ عَبْدَنَا دَاوٗدَ ذَا الْاَيْدِۚ اِنَّهٗۤ اَوَّابٌ ⑰

၃၈ : ၁၇ ။ ။ (အို၊ နဗီတမန်တော်) 'အသင်သည် ၎င်းတို့၏ ပြောဆိုချက်များအပေါ်၌ သည်းခံပါလေ။ ၎င်းပြင် အသင်သည် ငါအသျှင်မြတ်၏ ကျွန်စွမ်းအားသတ္တိရှင်ဖြစ်သော (နဗီတမန်တော်) ဒါဝူးဒ်၏ (အကြောင်းအတ္ထုပ္ပတ္တိ) ကို ပြန်လည် သတိရပါလေ။ ဧကန်မလွဲ ၎င်း (ဒါဝူးဒ်) သည် (ငါအသျှင်မြတ်ဘက်တော်သို့) လွန်စွာ ပြန်လှည့်သူဖြစ်ခဲ့၏။'

اِنَّا سَخَّرْنَا الْجِبَالَ مَعَهٗ يُسَبِّحْنَ بِالْعَشِيِّ وَالْاِشْرَاقِ ⑱

၃၈ : ၁၈ ။ ။ ဧကန်အမှန် ငါအသျှင်မြတ်သည် တောင်များအား၊ ၎င်း (ဒါဝူးဒ်) နှင့်အတူ လိုက်နာစေတော်မူခဲ့ရာ၊ ယင်းတောင်များမှာ (ထိုဒါဝူးဒ်နှင့်အတူ) ညနေချမ်း၌လည်းကောင်း၊ နံနက်ယံ၌လည်းကောင်း (ငါအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်း ဘာဝနာစီးဖြန်း မြွက်ဆိုလျက် ရှိခဲ့ကြကုန်၏။

وَالطَّيْرَ مَحْشُوْرَةً ۭ كُلٌّ لَّهٗۤ اَوَّابٌ ⑲

၃၈ : ၁၉ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) ငှက်တိရစ္ဆာန်များကိုလည်း စုရုံးစေလျက် (လိုက်နာစေတော်မူခဲ့ရာ ယင်းငှက်တိရစ္ဆာန်များမှာ) ၎င်း (ဒါဝူးဒ်) ၏ (ဘာဝနာစီးဖြန်းမှု) ကြောင့် လွန်စွာ ပြန်လှည့်သူများ (ဘာဝနာစီးဖြန်းသူများ) ပင် ဖြစ်ခဲ့ကြကုန်၏။

وَشَدَدْنَا مُلْكَهٗ وَاٰتَيْنٰهُ الْحِكْمَةَ وَفَصْلَ الْخِطَابِ ⑳

၃၈ : ၂၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်ဒါဝူးဒ်) ၏ နိုင်ငံကို ခိုင်ခံ့စေတော်မူခဲ့သည့်အပြင် ၎င်း (ဒါဝူးဒ်) အား ဆင်ခြင်တုံတရားကိုလည်းကောင်း၊ စကားအဆုံးအဖြတ် ပေးနိုင်သော ဉာဏ်စွမ်းကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, တမန်တော်၊ ထိုသူတို့၏ ပြောဆိုမှုများအပေါ် သည်းခံပါလေ။ ၎င်းနောက် ငါအသျှင်မြတ်၏ ဗန္ဒာဟ် တမန်တော်ဒါဝူးဒ်ကို သတိရပါလေ။ ထိုတမန်တော်သည် ခဝပ်ကိုးကွယ်မှုတွင် အလွန်အားအင်ရှိသူနှင့် ဖွဲ့ရှိသူဖြစ်သည်။ (ခဝပ်ကိုးကွယ်မှုတွင် သည်းခံခြင်းလည်း ပါဝင်ပေသည်။) ထိုတမန်တော်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အလွန်တရာ အာရုံပြုသောသူလည်း ဖြစ်၏။ ငါအသျှင်မြတ်သည် ထိုတမန်တော်ကို အောက်ပါ 'နေ့အ်မသ်'များ ချီးမြှင့်ထားတော်မူသည်။ တစ်ခုမှာ ငါအသျှင်မြတ်သည် တောင်များကို ဤသို့ အမိန့်ပေးထား၏။ ထိုတမန်တော်နှင့်အတူ ညနေချမ်း၌လည်းကောင်း၊ နံနက်ယံ၌လည်းကောင်း ငါအသျှင်မြတ်၏ 'သတ်စ်ဗီးဟ်'သန့်ရှင်းစင်ကြယ်တော်မူကြောင်း ဘာဝနာစီးဖြန်းပါလေ။ တမန်တော်ဒါဝူးဒ် ﷺ သည် အထက်ပါအချိန်၌သာ 'သတ်စ်ဗီးဟ်'ပြုတော်မူပေသည်။ ဤသို့ပင် ငှက်များကိုလည်း 'သတ်စ်ဗီးဟ်'အချိန်တွင် ပါဝင်ရန် အမိန့်ပေးတော်မူ၏။ ၎င်းနောက် တောင်နှင့် ငှက် အစရှိသည်တို့သည် ၎င်း၏ 'သတ်စ်ဗီးဟ်'ဘာဝနာစီးဖြန်းမှုကြောင့် ဘာဝနာစီးဖြန်းမှုတွင် မွေ့လျော်နေကြသည်။ ဒုတိယ 'နေ့အ်မသ်'မှာ ငါအသျှင်မြတ်သည် ၎င်း၏ အုပ်ချုပ်မှုကို အလွန်တောင့်တင်းစေသည်။ တတိယမှာ ငါအသျှင်မြတ်သည် ထိုနဗီတမန်တော်ကို ဉာဏ်အမြော်အမြင် (ဆိုလိုသည်မှာ နဗီဖြစ်ခြင်း) နှင့် ဆုံးဖြတ်ပေးနိုင်သည့် ရှင်းလင်းပြည့်စုံသော ပြောဆိုတတ်မှုကိုလည်း ချီးမြှင့်ခဲ့၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကာဖိရ်တို့၏ ငြင်းဆန်မှုနှင့် ပြောင်လှောင်မှုအပေါ် တမန်တော်ခံစားရခြင်းကို ပပျောက်စေရန် နှစ်သိမ့်ရန်အတွက် အများအားဖြင့် အလ္လာဟ်အသျှင်မြတ်သည် လွန်လေပြီးသော နဗီတမန်တော်များ၏ အကြောင်းအရာများကို တင်ပြလေ့ရှိသည်။ သို့ရှိရာ ဤနေရာ၌လည်း တမန်တော်ကို သည်းခံရန် နှိုးဆော်ထားပြီး အချို့နဗီတမန်တော်များအကြောင်း တင်ပြထားရာ ပထမဦးဆုံး တမန်တော်ဒါဝူးဒ် ﷺ အကြောင်း တင်ပြလေသည်။

وَاذْكُرْ عَبْدَنَا دَاوُدَ ذَا الْأَيْدِ

'အားအင်ရှိသော ငါအသျှင်မြတ်၏ ဗန္ဒာဟ်၊ တမန်တော် ဒါဝူးဒ်ကို သတိရပါလေ။'

သဖ်စီးရ်ပညာ ရှင်များအားလုံးက 'ထိုနဗီတမန်တော်သည် 'အေဗာဒသ်' ပြုရာတွင် အလွန် အားအင်ရှိ၍ ဖွဲ့ရှိသည်' ဟူသော အလိုသဘောကို တင်ပြကြလေသည်။ ထို့ကြောင့် ဤဝါကျ၏ နောက်တွင် إِنَّهُ أَوَّابٌ (မုချဧကန် ထိုနဗီတမန်တော်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အလွန် အာရုံပြုသူဖြစ်သည်) ဟု မိန့်တော်မူထားပေသည်။

သို့ရှိရာ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အလ္လာဟ်အသျှင်မြတ် အနှစ်သက်ဆုံး နမာဇ်သည် တမန်တော်ဒါဝူးဒ် عليه السلام ၏ နမာဇ်ဖြစ်၍ အလ္လာဟ်အသျှင်မြတ် အနှစ်သက်ဆုံး 'ရိုဇာဟ်'သည်လည်း တမန်တော်ဒါဝူးဒ် عليه السلام ၏ 'ရိုဇာဟ်'ပင် ဖြစ်သည်။ ညတစ်ဝက်အိပ်၍ သုံးပုံတစ်ပုံ 'အေဗာဒသ်' ပြုလေသည်။ တစ်ဖန် ခြောက်ပုံတစ်ပုံ အိပ်စက်၏။ 'ရိုဇာဟ်' တစ်ရက်ထား၍ တစ်ရက် 'ရိုဇာဟ်'မထားပေ။ ရန်သူနှင့် ရင်ဆိုင်ရာတွင် မည်သည့်အခါမှ ကျောခိုင်းထွက်မပြေးပေ။ မုချဧကန် တမန်တော်ဒါဝူးဒ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အလွန်လှည့်တော်မူသော နဗီတမန်တော်တစ်ပါး ဖြစ်သည်။ 'အေဗာဒသ်'၏ ဤနည်းလမ်းသည် အနှစ်သက်ဆုံးဖြစ်ရခြင်းမှာ ခက်ခဲမှု ပိုမိုသောကြောင့် ဖြစ်သည်။ သက်တမ်းတစ်လျှောက်လုံး 'ရိုဇာဟ်'ထားလျှင် လူသားသည် အကျင့်ဖြစ်သွားပေမည်။ အချိန်ကာလတစ်ခု၏ နောက်တွင် အခက်အခဲ မရှိနိုင်တော့ပေ။ သို့သော် တစ်ရက်ခြား 'ရိုဇာဟ်'ထားခြင်းဖြင့် အခက်အခဲဒုက္ခ ဆက်တိုက် ဖြစ်နိုင်ပေသည်။ ဒုတိယအချက်မှာ ဤနည်းလမ်းဖြင့် လူသားသည် 'အေဗာဒသ်'နှင့်အတူ မိမိကိုယ်ကိုမိမိ အိမ်သူအိမ်သားများနှင့် အပေါင်းအသင်းများ၏ တာဝန်များကိုလည်း အပြည့်အဝ ထမ်းဆောင်နိုင်ပေမည်။

اِنَاسَخَّرْنَا الْجِبَالَ مَعَهٗ

ဤအာယသ်တော်တွင် တောင်များနှင့် ငှက်များ၊ တမန်တော်ဒါဝူးဒ် عليه السلام နှင့်အတူ 'ဇိကိရ်'တွင် ပါဝင်ကြကြောင်း တင်ပြထားသည်။ ဤရှင်းလင်းချက်ကို စူရာဟ်အမ်ဗီယာနှင့် စူရာဟ်စဗာတွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤနေရာ၌ တောင်များနှင့် ငှက်များ၏ 'သတ်စ်ဗီးဟ်'ကို အလ္လာဟ်အသျှင်မြတ်မှ တမန်တော်ဒါဝူးဒ် عليه السلام အပေါ် ချီးမြှင့်ခဲ့သည့် ဆုလာဘ်တော်ဟု တင်ပြထားပေသည်။

ထို့ကြောင့် 'ဤသည် တမန်တော်ဒါဝူးဒ် عليه السلام အတွက် မည်သို့ 'နေအ်မသ်'ဖြစ်သနည်း။ တောင်များနှင့် ငှက်များ၏ 'သတ်စ်ဗီးဟ်'ဖြင့် မည်သည့်အကျိုးထူးကို ရရှိသနည်း'ဟု မေးခွန်းထုတ်နိုင်ပေသည်။

အဖြေတစ်ခုမှာ 'ဤသည် တမန်တော်ဒါဝူးဒ် عليه السلام ၏ 'မုအ်ဂျေဇာဟ်'တစ်ခု ဖြစ်ခြင်းကြောင့် ကြီးကျယ်သော ဆုလာဘ်တစ်ခုဖြစ်ကြောင်း' ပေါ်လွင်ပေသည်။ ထို့ပြင် ဟဇရသ်ထာနဝီ (ရဟ) က ဤနေရာတွင် လျှို့ဝှက်နက်နဲသည့် အကြောင်းအရင်းတစ်ခု တင်ပြထားသည်မှာ တောင်များနှင့် ငှက်များ၏ 'သတ်စ်ဗီးဟ်'ဖြင့် 'ဇိကိရ်'၏ အရသာတစ်မျိုး ပေါ်ပေါက်လာပေသည်။ ထိုအရသာဖြင့် 'အေဗာဒသ်'ပြုရာတွင် လန်းဆန်းတက်ကြွမှုနှင့် ဖွဲလုံ့လရှိမှု ပေါ်ပေါက်လာသည်။ စုပေါင်း 'ဇိကိရ်'ပြုခြင်း၏ အကျိုးကျေးဇူးတစ်ခုမှာ 'ဇိကိရ်'၏ 'ဗရ်ကသ်' ဖြင့် အခြားသူအပေါ်သို့လည်း အရောင်ထင်ဟပ်ပေသည်။ စူဖီသူတော်စင်များထံတွင် 'ဇိကိရ်'ပြုလုပ်ခြင်း၏ သီးခြားနည်းလမ်းတစ်ခုမှာ 'ဇိကိရ်'ပြုလျက် တစ်လောကလုံး 'ဇိကိရ်' ပြုနေသည်ဟု တွေးထင်ရလေသည်။ အတွင်းပိုင်းဆိုင်ရာ ပြုပြင်မှုနှင့် 'အေဗာဒသ်'တွင် စိတ်ဝင်စားစေရန် ဤနည်းလမ်းတွင် အံ့ဖွယ်ထိရောက်မှုများ ရှိလေသည်။ ဤအာယသ်တော်ဖြင့် အထက်ပါ 'ဇိကိရ်'ပြုသည့် နည်းလမ်း၏ အခြေအမြစ်ကိုလည်း သိရှိရလေသည်။

'ကျားရှ်သ်နမာဇ်' အကြောင်း

بِالۡعَشِيِّ وَالۡاِشۡرَاقِ

عَشِيٌّ ၏ အဓိပ္ပာယ်သည် 'ဇိုဟိုရ်'ပြီးမှ နောက်တစ်နေ့နံနက်အချိန်အထိဖြစ်၍ اشراقٌ ၏ အဓိပ္ပာယ်မှာ မြေပြင်ပေါ်သို့ နေရောင်ပြန့်သွားသည့် နံနက်ခင်းအချိန်ကို ခေါ်ဆိုပေသည်။ ဤအာယသ်တော်ဖြင့် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နအဗ္ဗားစ် ﷺ သည် 'ဆွလာသွလ်ဒိုဟာ'နမာဇ်အပေါ် အထောက်အထား တင်ပြထားသည်။ 'ဆွလားသွလ်ဒိုဟာ'ကို 'ဆွလာသွလ်အောင်ဝါဗီးန်' ဟုလည်း ခေါ်ဆိုကြပြီး၊ အချို့ပညာရှင်များက 'ဆွလားသွလ်အစ်ရှ်ရားက်'ဟုလည်း ခေါ်ဆိုကြသည်။ နောင်တွင် 'ဆွလာသွလ်အောင်ဝါဗီးန်' အမည်ဖြင့် 'မဂ်ရိဗ်'ပြီးနောက် ဝတ်ပြုရသည့် 'နဖိလ်' (၆) ရကအသ်အတွက်လည်းကောင်း၊ 'ဆွလာသွလ်အစ်ရှ်ရားက်'သည် နေထွက်ပြီးနောက် ဖတ်ရသည့် (၂) ရကအသ် (သို့မဟုတ်) (၄) ရကအသ် နဖိလ်များအတွက်လည်းကောင်း ကျော်ကြားခေါ်ဆိုလေသည်။ 'ဆွလာသွလ်ဒိုဟာ'သည် (၂) ရကအသ်မှ စ၍ (၁၂) ရကအသ်အထိ မိမိကြိုက်နှစ်သက်သကဲ့သို့ ဖတ်နိုင်ပေသည်။ ဟဒီးစ်တော်တွင် ထိုနမာဇ်နှင့်ပတ်သက်၍ မြောက်မြားစွာသော အကျိုးထူးများ လာရှိထားပေသည်။ သိရ်မေဇီကျမ်းတွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်ထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အကြင်သူသည် 'ဆွလာသွလ်ဒိုဟာ' (၂) ရကအသ်ကို စွဲမြဲစွာ ရွတ်ဖတ်လျှင် ပင်လယ်ရေမြှုပ်များတမျှ များပြားလှသည့် 'ဂိုနာဟ်' များ ရှိစေကာမူ ပလပ်ခွင့်လွှတ်ပေးခြင်း ခံရပေမည်။ ဟဇရသ်အနတ်စ် ﷺ သခင် ဆင့်ပြန်သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'အကြင်သူသည် 'ဆွလာသွလ်ဒိုဟာ (၁၂) ရကအသ်ဝတ်ပြုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အတွက် ရွှေနန်းတစ်ဆောင် ဆောက်လုပ်ပေးတော်မူမည်။' ပညာရှင်များက မိန့်ဆိုကြသည်မှာ (၂) ရကအသ်မှ (၁၂) ရကအသ်အထိ ဖတ်ခွင့်ရှိသော်လည်း သီးခြားအရေအတွက်တစ်ခု သတ်မှတ်၍ ဖတ်လျှင် ပို၍ ကောင်းမွန်ပေသည်။ အနည်းဆုံး (၄) ရကအသ်ဖြစ်လျှင် ပို၍ ကောင်းပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် (၄) ရကအသ်ဖတ်သည့် ဓလေ့တော် ရှိခဲ့ပေသည်။

وَاٰتَيۡنٰهُ الۡحِكۡمَةَ وَفَصۡلَ الۡخِطَابِ

ငါအသျှင်မြတ်သည် ထိုတမန်တော်ကို အမြော်အမြင်နှင့် ဆုံးဖြတ်ချက်ပေးနိုင်သည့် မိန့်ခွန်းများကို ချီးမြှင့်ခဲ့သည်။ حكمة ဆိုသည်မှာ အမြော်အမြင်ဖြစ်၍ ငါအသျှင်မြတ်သည် ထိုနဗီတမန်တော်ကို ဦးနောက်အသိဉာဏ် ချီးမြှင့်ခဲ့သည်ဟူ၍ ဖြစ်သည်။ အချို့ပညာရှင်များက 'နဗူဝသ်'ဟု ဆိုကြသည်။ ၎င်းနောက်

فَصۡلَ الۡخِطَابِ

၏ မြောက်မြားစွာသော ရှင်းလင်းချက်များ လာရှိထားသည်။ အချို့က မိန့်ခွန်းများတွင် အားရှိခြင်း၊ ပြောဆိုနိုင်ခြင်းဟု ဖြစ်သည်။ သို့ရှိရာ တမန်တော်ဒါဝူးဒ် عليه السلام သည် အလွန်အဆင့်အတန်း မြင့်မားသည့်

ဟောကြားနိုင်သူဖြစ်သည်။ မိန့်ခွန်းများတွင် 'ဟမ်းဒ်' (အလ္လာဟ်အသျှင်မြတ်အပေါ် ချီးမွမ်းခန်းဖွင့်ခြင်း) နှင့် 'ဆွလားသ်'(တမန်တော်များအပေါ် 'ဒရူးဒ်'မေတ္တာ ပို့သခြင်း) ၏ နောက် **أمّا بعد** ဟူသော စာလုံးကို အလျင်ဦးဆုံး တမန်တော်ဒါဝူးဒ် ﵇ က စတင်ခဲ့ခြင်းဖြစ်သည်။ အချို့ပညာရှင်များက 'အကောင်းဆုံး အင်အားရှိသည့် ဆုံးဖြတ်ချက်'ဟု ဆိုကြသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော် ဒါဝူးဒ် ﵇ ကို ပြဿနာများ ဖြေရှင်းရန်နှင့် အမှုကိစ္စများကို ဆုံးဖြတ်နိုင်စွမ်း ချီးမြှင့်ခဲ့ပေသည်။ ဧကန်စင်စစ် ဤစာလုံးများတွင် ထိုအလိုသဘောနှစ်ခုစလုံး တစ်ချိန်တည်း၌ ပါဝင်နိုင်ပေသည်။ ၎င်းပြင် ဤအလိုသဘောနှစ်ခုစလုံးကို ရည်ရွယ်ခြင်းလည်း ဖြစ်နိုင်ပေသည်။ ဟဇရသ်ထာနဝီ (ရဟ) သခင် ဆင့်ပြန်သည့် အဓိပ္ပာယ်တွင် အလိုသဘောနှစ်ခုစလုံး ဝင်ဆန့်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَهَلْ أَتَاكَ نَبَأُ الْخَصْمِ إِذْ تَسَوَّرُوا الْمِحْرَابَ ﴿٢١﴾

၃၈ : ၂၁ ။ ။ ၎င်းပြင် (အို့, နဗီတမန်တော်) အသင့်ထံ ပဋိပက္ခဖြစ်သူများ၏ အကြောင်းသတင်းသည် ရောက်လာလေသလော။ တစ်ရံရောအခါဝယ် ၎င်းပဋိပက္ခဖြစ်သူတို့သည် နံရံကို ကျော်တက်၍ ဝတ်ပြုဆောင်ထဲသို့ ခုန်ချခဲ့ကြလေ၏။

إِذْ دَخَلُوا عَلَىٰ دَاوُودَ فَفَزِعَ مِنْهُمْ ۖ قَالُوا لَا تَخَفْ ۖ خَصْمَانِ بَغَىٰ
بَعْضُنَا عَلَىٰ بَعْضٍ فَاحْكُمْ بَيْنَنَا بِالْحَقِّ وَلَا تُشْطِطْ وَاهْدِنَا إِلَىٰ سَوَاءِ الصِّرَاطِ ﴿٢٢﴾

၃၈ : ၂၂ ။ ။ ၎င်းတို့သည် (နဗီတမန်တော်) ဒါဝူးဒ်၏ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ၊ ယင်း (ဒါဝူးဒ်) သည် ၎င်းတို့အား ကြောက်ရွံ့စိုးရိမ်ခဲ့လေ၏။ (ထိုအခါ) ၎င်းတို့က ပြောဆိုခဲ့ကြသည်မှာ 'အသင် မစိုးရိမ် မကြောက်ရွံ့ပါလေနှင့်။ (ကျွန်ုပ်တို့သည်) နှစ်ဖက်သော အမှုသည်များဖြစ်ကြပါသည်။ ကျွန်ုပ်တို့အနက် တစ်ဦးသည် တစ်ဦး၏အပေါ်၌ မတရားကျူးလွန်ခဲ့ပါသည်။ သို့ဖြစ်ပေရာ အသင်သည် ကျွန်ုပ်တို့၏ကြား၌ မတရားပြုလုပ်ခြင်းမရှိဘဲ၊ မှန်ကန်စွာ စီရင်ဆုံးဖြတ်၍ ပေးပါလေ။ ထို့ပြင် အသင်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်မှန်ကန်သော လမ်းကို ညွှန်ပြပါလေ။'

إِنَّ هَٰذَا أَخِي لَهُ تِسْعٌ وَتِسْعُونَ نَعْجَةً وَلِيَ
نَعْجَةٌ وَاحِدَةٌ فَقَالَ أَكْفِلْنِيهَا وَعَزَّنِي فِي الْخِطَابِ ﴿٢٣﴾

၃၈ : ၂၃ ။ ။ 'ဧကန်စင်စစ် ဤသူသည် ကျွန်ုပ်နှင့် ညီအစ်ကိုတော်စပ်သူ ဖြစ်ပါသည်။ ၎င်း၌ သိုးမ ကိုးဆယ့်ကိုးကောင်ရှိ၍ ကျွန်ုပ်တွင်မူ သိုးမ တစ်ကောင်တည်းသာ ရှိပါသည်။ သို့ပါလျက် ဤသူသည် 'ယင်းသိုးမကိုလည်း ကျွန်ုပ်အား လွှဲအပ်လော့'ဟု ပြောဆိုပါသည်။ ထို့ပြင် ၎င်းသည် စကားပြောဆိုရာ၌ ကျွန်ုပ်အား နိုင်ပါသည်။'

قَالَ لَقَدْ ظَلَمَكَ بِسُؤَالِ نَعْجَتِكَ إِلَىٰ نِعَاجِهِ ۖ وَإِنَّ كَثِيرًا مِّنَ الْخُلَطَاءِ لَيَبْغِي بَعْضُهُمْ عَلَىٰ بَعْضٍ إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَقَلِيلٌ مَّا هُمْ ۗ وَظَنَّ دَاوُودُ أَنَّمَا فَتَنَّاهُ فَاسْتَغْفَرَ رَبَّهُ وَخَرَّ رَاكِعًا وَأَنَابَ ۩ ﴿٢٤﴾

၃၈ : ၂၄ ။ ။ (ထိုအခါ) ၎င်း (နဗီတမန်တော် ဒါဝူးဒ်) သည် (ဤသို့) ပြောကြားခဲ့လေ၏။ 'ဤသူသည် အသင်၏ သိုးမကို ၎င်း၏ သိုးမများနှင့် ပေါင်းရန် တောင်းဆိုခြင်းအားဖြင့် မုချမလွဲ အသင့်အား မတရားပြုလုပ်ခဲ့လေ၏။ စင်စစ် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သည့် အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူတို့မှအပ များစွာသော စီးပွားဘက်တို့မှာ တစ်ဦးအပေါ်တစ်ဦး အမှန်ပင် မတရား ကျူးလွန်လေ့ရှိကြ၏။ သို့ရာတွင် ထို (သက်ဝင်ယုံကြည်၍ ကောင်းမြတ်သည့် အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသော) သူတို့မှာမူ လွန်စွာ နည်းပါးလှ၏။ ထို့ပြင် (နဗီတမန်တော်) ဒါဝူးဒ်သည် ၎င်းအား ငါအသျှင်မြတ် စမ်းသပ်တော်မူခြင်းသာဖြစ်ကြောင်း ရိပ်စားမိခဲ့လေ၏။ သို့ဖြစ်ပေရာ ၎င်း (ဒါဝူးဒ်) သည် မိမိ၏ အသျှင်မြတ်ထံတော်တွင် ခွင့်လွှတ်ချမ်းသာ ပေးတော်မူပါရန် တောင်းပန် အသနားခံ၍ (ကျိုးနွံစွာ) ဦးညွှတ်ကျလာခဲ့၏။ ထို့ပြင် (မိမိ၏ အသျှင်မြတ်ထံတော်သို့) စိတ်ထားဖြူစင်စွာ ပြန်လှည့်ခဲ့လေ၏။ (တမန်တော်ဒါဝူးဒ်သည် လောကီ၊ လောကုတ္တရာ ရေးရာနှင့် စပ်လျဉ်း၍ အနည်းငယ် စကားကျွံသွားခဲ့သည့်အတွက် စမ်းသပ်ခံရခြင်းဖြစ်၏။)

فَغَفَرْنَا لَهُ ذَٰلِكَ ۖ وَإِنَّ لَهُ عِندَنَا لَزُلْفَىٰ وَحُسْنَ مَآبٍ ﴿٢٥﴾

၃၈ : ၂၅ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (ဒါဝူးဒ်) အား၊ ယင်းကိစ္စကို ခွင့်လွှတ်တော်မူခဲ့၏။ စင်စစ် ၎င်း (ဒါဝူးဒ်) အဖို့ ငါအသျှင်မြတ်ထံတော်၌ (ထူးကဲ မြင့်မြတ်သော) အဆင့်အတန်းသည်လည်းကောင်း၊ ကောင်းမြတ်သော နောက်ဆုံး အကျိုးဆက်သည်လည်းကောင်း အမှန်ပင် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် တမန်တော်ဒါဝူးဒ် ﷺ ထံသို့ ယူဆောင်လာသည့် ပြဿနာနှင့် ပတ်သက်၍ အသင်တမန်တော် ထိုသတင်းကို သိလေသလော။ ထိုသူတို့သည် တမန်တော်ဒါဝူးဒ် ﷺ ၏ 'အေဗာဒသ်' ပြုလုပ်သည့် အဆောင်တံတိုင်းကို ကျော်လွှား၍ လာခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် တံခါးဝတွင် အစောင့်များမှ တမန်တော်ဒါဝူးဒ် ﷺ 'အေဗာဒသ်'ပြုလုပ်သည့် အချိန်ဖြစ်၍ ပြဿနာများ၊ ဆုံးဖြတ်ချိန် မဟုတ်သောကြောင့် ဝင်ခွင့်မပြုကြပေ။ သို့ရှိရာ ထိုသူများသည် စည်းကမ်းဖောက်၍ ဝင်ရောက်လာခြင်းအပေါ် စိုးရိမ်သွားလေသည်။ ဤသူတို့သည် ရန်သူများဖြစ်၍ သတ်ဖြတ်ရန် ငါတစ်ဦးတည်းရှိသော အချိန်တွင် ဝင်ရောက်လာလေသလောဟု ပူပန်လေသည်။ ထိုသူများက 'အို, တမန်တော်၊ အသင် မကြောက်ရွံ့လေနှင့်။ ကျွန်ုပ်တို့နှစ်ဦးမှာ တစ်ဦးပေါ်တစ်ဦး ကျူးလွန်မှု ပြုထားကြသူများဖြစ်၍ ဆုံးဖြတ်ချက် ရယူ

ရန် ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။ သို့သော် အစောင့်များက ဝင်ခွင့်မပြုသည့်အတွက် ဤလုပ်ရပ်ကို ကျူးလွန်၍ ဝင်ရောက်လာရခြင်း ဖြစ်သည်' ဟု ပြောဆိုကြလေသည်။ 'သို့ရှိရာ အသင် တမန်တော်သည် ကျွန်ုပ်တို့အား မျှတစွာ ဆုံးဖြတ်ပေးပါ။ ကျွန်ုပ်တို့၏ ကိစ္စရပ်ကို လမ်းမှန်ပြသပေးပါ' ထို့နောက် တစ်ဦးက ပြောဆိုသည်မှာ အဖြစ်အပျက်မှာ ဤသို့ဖြစ်သည်။ ဤသူသည် ကျွန်ုပ်၏ နောင်တော် ဖြစ်သည်။ ဆိုလိုသည်မှာ သာသနာအရ ညီအစ်ကိုဖြစ်သည်။ ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် ဟဇရသ်အိဗ်နေ မတ်စ်အူးဒ် ﷺ သခင်ထံမှ ဤသို့ပင် ဆင့်ပြန်ထားသည်။ 'ငှင်းနောက် ထိုသူ့ထံတွင် သိုး (၉၉) ကောင် ရှိသည်။ ကျွန်ုပ်ထံတွင် တစ်ကောင်တည်းသာ ရှိသည်။ သို့ရှိရာ ဤသူက ထိုတစ်ကောင်လည်း ကျွန်ုပ်အား ပေးပါ'ဟု ပြောဆိုလာ၏။' ငှင်းနောက် စကားအရာတွင်လည်း ကျွန်ုပ်ကို ဖိနှိပ်လေသည်။ ကျွန်ုပ်၏ ပြောဆိုချက်များကို ငှင်း၏ ပြောဆိုချက်များဖြင့် အရာမထင်ဖြစ်ပါ။ တမန်တော်ဒါဝူးဒ် ﷺ က အသင်၏ သိုးကို မိမိ၏ သိုးများတွင် ရောနှောခိုင်းသောသူသည် အမှန်တကယ် အသင့်အား ညှဉ်းပန်းသူသာ ဖြစ်သည်။ ငှင်းနောက် များသောအားဖြင့် စပ်တူလုပ်သူများသည် တစ်ဦးအပေါ်တစ်ဦး ဤသို့ပင် နိုင်ထက်စီးနင်းမှု ပြုကြသည်။ သို့သော် အီမာန်သက်ဝင်ယုံကြည်၍ ကုသိုလ်ကောင်းမှု ပြုသူများသည် (ဤသို့ မပြုကြပေ။) ငှင်းနောက် ဤကဲ့သို့သောသူများလည်း အလွန်နည်းပေသည်။ တမန်တော်ဒါဝူးဒ် ﷺ သည် ဤစကားကို ထိုညှဉ်းပန်းခံရသူအား ဖြေသိမ့်ရန်အတွက် ပြောဆိုခြင်းဖြစ်သည်။ တမန်တော်ဒါဝူးဒ် ﷺ က ဤအဖြစ်အပျက်ကို ကြုံတွေ့ရခြင်းအပေါ် စဉ်းစားသည်မှာ ဤအဖြစ်အပျက်ဖြင့် ငါ့အား စမ်းသပ်ခြင်းသာ ဖြစ်ပေသည်။ သို့ရှိရာ ထိုတမန်တော်သည် မိမိအသျှင်မြတ်၏ ထံတော်ပါးတွင် 'သောင်ဗာဟ်'ပြု၍ 'စဂျ်ဒဟ်'ဦးချလေသည်။ ငှင်းနောက် သီးခြားပုံစံများဖြင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုလေသည်။ သို့ရှိရာ ငါအသျှင်မြတ်သည် ထိုနဗီတမန်တော်ကို ခွင့်လွှတ်လိုက်လေသည်။ ငါအသျှင်မြတ်၏ ထံတော်တွင် ထိုနဗီတမန်တော်အတွက် သီးခြားနီးကပ်မှုနှင့် အဆင့်မြင့်သည့် ကောင်းသော နိဂုံး (ဆိုလိုသည်မှာ အဆင့်အတန်းမြင့်မားသော 'ဂျန္နသ်') ရှိလေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များတွင် တမန်တော်ဒါဝူးဒ် ﷺ အကြောင်း တင်ပြထားပေသည်။ ကျမ်းမြတ်ကုရ်အာန်၏ ဤအဖြစ်အပျက် တင်ပြပုံအရ အလ္လာဟ်အသျှင်မြတ်သည် ငှင်း 'အေဗာဒသ်'ပြုသည့်နေရာတွင် အုပ်စုနှစ်စုကို ပြဿနာပြုရင်း စေလွှတ်လျက် စမ်းသပ်မှုတစ်ခု ပြုခဲ့ကြောင်း သိရှိရပေသည်။ တမန်တော်ဒါဝူးဒ် ﷺ သည် ဤစမ်းသပ်မှုအပေါ် သတိရှိပြီးနောက် အလ္လာဟ်အသျှင်မြတ်ထံ အမှားဝန်ခံ၍ 'စဂျ်ဒဟ်' ပြုခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်မှာလည်း ခွင့်လွှတ်ခဲ့သည်။ ဤနေရာတွင် ကုရ်အာန်ကျမ်းမြတ်၏ အဓိကရည်ရွယ်ချက်မှာ တမန်တော်ဒါဝူးဒ် ﷺ သည် မိမိကိစ္စရပ်ဟူသမျှတွင် အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ အာရုံပြုလေသည်။ အနည်းငယ်လွဲမှားမှုဖြစ်လျှင်ပင် ချက်ချင်း အမှားဝန်ခံလေသည်။ ထို့ကြောင့်

ဤနေရာတွင် မည်သည့်စမ်းသပ်မှုဖြစ်သည်ကို အကျယ်တဝင့် တင်ပြမထားပေ။ တမန်တော်ဒါဝူးဒ် ﷺ မှ မည်သည်အမှားကျူးလွန်၍ 'သောင်ဗာဟ်'ပြုရာ အလ္လာဟ်အသျှင်မြတ်က ခွင့်လွှတ်ခဲ့သည်။ ထိုအမှားကို တင်ပြမထားပေ။ ဤနေရာတွင် အချို့ပညာရှင်များနှင့် သဖ်စီးရ်ပညာရှင်များက ဤအာယသ်တော်၏ ရှင်းလင်းချက်တွင် အလ္လာဟ်အသျှင်မြတ်၏ သီးခြားအမြော်အမြင်နှင့် အကြောင်းတရားတို့ကြောင့် မိမိ၏ မွန်မြတ်ကြီးကဲသည့် နဗီတမန်တော်၏ အမှားနှင့် စမ်းသပ်မှုကို အကျယ်တဝင့် တင်ပြမထားပေ။ ထို့ကြောင့် ကျွန်ုပ်တို့လည်း စူးစမ်းရှာဖွေရန် မလိုအပ်ပေ။ ကုရ်အာန်ကျမ်းမြတ်တွင် တင်ပြထားသည်ခန်သာ အီမာန် ယူရပေမည်ဟူ၍ တင်ပြခဲ့ကြသည့် ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) ကဲ့သို့သော သဖ်စီးရ်ပညာရှင်က မိမိ၏ သဖ်စီးရ်ကျမ်းတွင် ဤအချက်အပေါ် ကျင့်သုံး၍ အဖြစ်အပျက်ကို အကျယ်တဝင့် မတင်ပြသည့် နည်းလမ်းကိုသာ ရွေးချယ်ခဲ့သည်။ ဤသည် အလွန်တရာ ရှောင်ကြဉ်သော၊ အေးချမ်းသော လမ်းကြောင်းဖြစ်ကြောင်း မည်သို့မှ သံသယမရှိပေ။ ထို့ကြောင့် ယခုနောက်ပိုင်း ပညာရှင်များက

ابهموا ماابهمه الله

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်က မရှင်းလင်းသည့် အရာများကို အသင်တို့သည်လည်း မရှင်းလင်းလေနှင့်။ ဤစကားရပ်တွင် အမြော်အမြင်နှင့် အခြေအနေများအပေါ် ကိုက်ညီမှုလည်း ရှိပေသည်။ ကျွန်ုပ်တို့၏ ကျင့်သုံးမှုနှင့် 'ဟရာမ်'၊ 'ဟလာလ်'အစရှိသည်တို့နှင့် မသက်ဆိုင်သည့် ကိစ္စရပ်များအပေါ် ရှင်းလင်းရန် မလိုဟူသော အလိုသဘောဖြစ်ကြောင်း ပေါ်လွင်ပေသည်။ မွတ်စ္စလင်မ်များ၏ ကျင့်သုံးမှုများနှင့် ပတ်သက်သော ကိစ္စရပ်များ၏ မရှင်းလင်းမှုကို တမန်တော်ကိုယ်တိုင် မိမိ၏ ဟဒီးစ်များ၊ ကျင့်ဆောင်မှုများဖြင့် ရှင်းလင်းထားပေသည်။ သို့သော် အခြားသဖ်စီးရ်ပညာရှင်များက ဆင့်ပြန်ချက်များအပေါ် အခြေခံ၍ ဤစမ်းသပ်မှုကို သတ်မှတ်တင်ပြရန် ကြိုးစားကြသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ လူအများကြား ကျော်ကြားသော အဆိုတစ်ခု ရှိလေသည်။ တစ်ကြိမ်တစ်ခါတွင် တမန်တော်ဒါဝူးဒ် ﷺ သည် မိမိ၏ စစ်ဗိုလ်အိုရီယာ၏ ဇနီးကို တွေ့မြင်သွား၍ ထို့ကြောင့် 'နေကာဟ်'ပြုလိုသော ဆန္ဒဖြစ်ပေါ်လာသည်။ ထို့နောက် အိုရီယာကို သတ်ပစ်ရန်အတွက် အလွန်ပြင်းထန်သော စစ်ဆင်ရေးတစ်ခု တာဝန်ပေးလေသည်။ ထိုစစ်ဆင်ရေးတွင် 'အိုရီယာရှဟီးဒ်' ဖြစ်သွားလေသည်။ ထို့နောက် တမန်တော်သည် ၎င်း၏ ဇနီးအား 'နေကာဟ်'ပြုလိုက်သည်။ ဤလုပ်ဆောင်မှုအပေါ် သတိပေးရန်အတွက် ဖရစ်ရှ်သာဟ်နှစ်ပါးကို လူသားပုံစံဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်ဟူ၍ ဖြစ်သည်။ သို့သော် မုချဧကန် ဤဆင့်ပြန်ချက်သည် ယဟူဒီများကြောင့် မွတ်စ္စလင်မ်များကြားတွင် ပျံ့နှံ့သွားသည့် လွဲမှားသော ဆင့်ပြန်ချက်ဖြစ်စေသည်။ အမှန်စင်စစ် ဤဆင့်ပြန်ချက်ကို 'ဘိုင်ဘလ်'ကျမ်း ဒုတိယဆွမူအီးလ်၊ အခန်း (၁၁) မှ တင်ပြထားခြင်း ဖြစ်ပေသည်။ 'ဘိုင်ဘလ်'ကျမ်း၌ ပေါ်ပေါ်လွင်လွင်ပင် တမန်တော်ဒါဝူးဒ် ﷺ သည် 'မအာဇလ္လာဟ်' အိုရီယာ၏ ဇနီးကို 'နေကာဟ်'မပြုမီ 'ဇေနာ' ကျူးလွန်ခဲ့သည်ဟု ပြောင်ပြောင်တင်းတင်း စွပ်စွဲထားခြင်းသာ ကွာခြားပေသည်။ ဤသဖ်စီးရ်ဆင့်ပြန်ချက်များတွင် 'ဇေနာ'အပိုင်းကို ချန်လှပ်ထားခြင်းဖြစ်သည်။ တစ်ဦး

တစ်ယောက်မှ ဤယဟူဒီဆင့်ပြန်ချက်ကို တွေ့ရှိပြီး 'ဇေနော'အကြောင်းအရာကို ချန်လှပ်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြပါအာယသ်တော်များတွင် ဖြည့်စွက်လိုက်ခြင်းဖြစ်သည်ဟု စဉ်းစား သိရှိရပေသည်။ ဇေနံစင်စစ် ဆွမှုအီးလ်ကျမ်းသည်လည်း အစကတည်းက အခြေအမြစ်မရှိပေ။ ဤဆင့်ပြန်ချက်သည် လိမ်လည်မှုနှင့် စွပ်စွဲချက်သာဖြစ်ကြောင်း သေချာလှပေသည်။ ထို့ကြောင့် တိကျခိုင်လုံသည့် သဖ်စီးရ်ပညာရှင်များက ဤဆင့်ပြန်ချက်ကို ပြင်းပြင်းထန်ထန် ပယ်ချထားပေသည်။

ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) အပြင် အလ္လာမဟ်အိဗ်နေဂျောင်ဇီ (ရဟ) ၊ ကာဇီအဗူစ်စအူးဒ် (ရဟ)၊ ကာဇ္ဇီဗိုင်ဇွာဝီ (ရဟ)၊ ကာဇီအီရားဇ် (ရဟ)၊ အေမာမ်ရာဇီ (ရဟ)၊ အလ္လာမဟ်အဗူဟိုင်ရာန်အွန်ဒလွတ်စီ (ရဟ)၊ ခါဇင်န် (ရဟ)၊ ဇမခ်ရှာရီ (ရဟ)၊ အိဗ်နေဟဇ်မ် (ရဟ)၊ အလ္လာမဟ်ခဖာဂျီ (ရဟ)၊ အဟ်မဒ်ဗင်န်နဆွဲရ် (ရဟ)၊ အဗူသမားမ် (ရဟ) နှင့် အလ္လာမဟ်အာလူစီ (ရဟ) အစရှိသည့် ပညာရှင်ကြီးများကလည်း ဤအဆိုကို လိမ်လည်စွပ်စွဲမှုဟု သတ်မှတ်ကြသည်။ ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) သခင်ရေးသားထားသည်မှာ အချို့သဖ်စီးရ်ပညာရှင်များက ဤနေရာတွင် အဖြစ်အပျက်တစ်ခု တင်ပြထားလေသည်။ ထိုအဖြစ်အပျက်၏ အကြောင်းအရာအများစုသည် ယဟူဒီတို့၏ ဆင့်ပြန်ချက်များမှ တင်ပြထားခြင်းဖြစ်သည်။ ဤအဖြစ်အပျက်နှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ ထံမှ တင်ပြထားခြင်း မရှိသောကြောင့် လက်ခံရန် အရေးမကြီးပေ။ အိဗ်နေအဗီဟာသင်မ် (ရဟ) မှ ဆင့်ပြန်ချက်တစ်ခု လာရှိထားသော်လည်း စနဒ့်မှန်ကန်မှု မရှိပေဟူ၍ ဖြစ်သည်။

အချုပ်တင်ပြရသော် မြောက်မြားစွာသော အထောက်အထားများအရ (အေမာမ်ရာဇီ (ရဟ) သည် သဖ်စီးရ်ကဗီးရ်၌ အိဗ်နေဂျောင်ဇီ (ရဟ) က 'ဇာဒွလ်မဆီးရ်'ကျမ်းတွင် အကျယ်တဝင့် တင်ပြထားလေသည်။) ဤဆင့်ပြန်ချက်များသည် အထက်ပါအာယသ်တော်၏ သဖ်စီးရ်တွင် တင်ပြရန် မလိုတော့ကြောင်း သေချာသွားပေသည်။ ဟကီးမွလ်အွမ္မသ် ဟဇရသ်ထာနဝီ (ရဟ) က ဤစမ်းသပ်မှုနှင့် လွဲချော်မှုကို အောက်ပါအတိုင်း ရှင်းလင်းထားပေသည်။ တံတိုင်းကို ကျော်ဝင်လာသော အုပ်စုနှစ်ခု၏ ပြဿနာမှာ ၎င်းတို့၏ ပြောဆိုပုံသည် အလွန်ရိုင်းစိုင်း၍ အစဉ်မှာပင် တမန်တော်ဒါဝူးဒ် ﷺ ကို တရားမျှတရန်နှင့် မတရားမပြုရန် ဆုံးမကြ၏။ ဤရိုင်းစိုင်းသော ဆက်ဆံမှုကို အခြားသူတစ်ဦးဆိုလျှင် ၎င်းတို့ကို အပြေပေးရမည့်အစား အပြစ်ဒဏ်ခတ်ပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်ဒါဝူးဒ် ﷺ ကို ဤသို့ စမ်းသပ်လေသည်။ တမန်တော်ဒါဝူးဒ် ﷺ သည်လည်း အမျက်ထွက်၍ ၎င်းတို့ကို ဒဏ်ခတ်မည်လော။ သို့မဟုတ် နဗီတမန်တော်တစ်ပါးနှင့်အညီ ခွင့်လွှတ်သည်းခံ၍ ၎င်းတို့၏ စကားကို နားထောင်မည်လောဟု စမ်းသပ်ရန်ဖြစ်သည်။ တမန်တော်ဒါဝူးဒ် ﷺ သည် ထိုစမ်းသပ်မှုတွင် အောင်မြင်ခဲ့သည်။ သို့သော် ဆုံးဖြတ်သည့်အချိန်၌ တရားခံကို တိုက်ရိုက်မပြောဘဲ တရားလိုကို ပြောဆိုသည့်အတွက် အပြစ်ဖြစ်သွားလေသည်။ ဤသို့ လုပ်ဆောင်ခြင်းဖြင့် ဘက်လိုက်သကဲ့သို့ ဖြစ်သွားရာ ချက်ချင်းသတိပေးခြင်းခံရသည်။ ထို့ကြောင့် 'စဂျဒဟ်'ပြုလုပ်လိုက်ရာ အလ္လာဟ်အသျှင်မြတ်မှလည်း ခွင့်လွှတ်လိုက်ပေသည်။ အချို့ပညာရှင်များက တမန်တော်ဒါဝူးဒ် ﷺ ၏ လွဲချော်မှုမှာ တရားခံ၏ ဆိတ်ဆိတ်နေခြင်းကို တွေ့

မြင်၍ ၎င်း၏ တင်ပြချက်ကို နားမထောင်ဘဲ ဆုံးမစကားပြောဆိုရာတွင် တရားလိုကို တစ်နည်းနည်းဖြင့် ထောက်ခံရာရောက်လေသည်။ ဧကန်စင်စစ် တရားခံ၏ ရပ်တည်ချက်ကို မေးသင့်ပေသည်။ တမန်တော်ဒါဝူးဒ် ﷺ သည် ဆုံးမသွန်သင်သော သဘောသာဖြစ်၍ ဆုံးဖြတ်ချက်ချခြင်း မဟုတ်သော်လည်း ဤသို့ လုပ်ဆောင်ခြင်းသည် ကြီးကျယ်သော နဗီတမန်တော်တစ်ပါး၏ ဂုဏ်အရှိန်အဝါနှင့် မကိုက်ညီပေ။ ဤအချက်အပေါ် နောက်မှ သိရှိရသည့်အတွက် 'စဂျ်ဒဟ်'ဦးချလိုက်ခြင်း ဖြစ်သည်ဟူ၍ ဖြစ်သည်။

အချို့ပညာရှင်များက တမန်တော်ဒါဝူးဒ် ﷺ သည် အချိန်များကို ဤသို့ စီမံထားသည်။ အချိန်တိုင်းတွင် အိမ်မှ တစ်ဦးမဟုတ်တစ်ဦး 'ဇိကိရ်'၊ 'သတ်စ်ဗီးဟ်'နှင့် 'အေဗာဒသ်'တွင် မွေ့လျော်နေရန် ဖြစ်သည်။ တစ်နေ့တွင် တမန်တော်ဒါဝူးဒ် ﷺ သည် အလ္လာဟ်အသျှင်မြတ်အား 'အို၊ အသျှင်၊ ဒါဝူးဒ်၏ အိမ်သူအိမ်သားများမှ တစ်ဦးမဟုတ် တစ်ဦးသည် အသျှင်မြတ်၏ 'အေဗာဒသ်'နမာဇ်၊ 'ဇိကိရ်'တွင် နေ့ည မပြတ် အချိန်တိုင်း မွေ့လျော်လျက် မရှိသည်ဟူ၍ မရှိဘဲ နေကြသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က 'အို၊ တမန်တော်ဒါဝူးဒ်၊ ဤကိစ္စရပ်အားလုံးသည် ငါအသျှင်မြတ်၏ 'သောင်ဖီးက်'စွမ်းအားပေးမှုကြောင့်သာ ဖြစ်သည်။ ငါအသျှင်မြတ်၏ ကူညီစောင်မမှုမရှိပါက ဤကိစ္စရပ်များကို အသင်တို့ စွမ်းဆောင်နိုင်ကြမည် မဟုတ်ကြပေ။ တစ်နေ့နေ့၌ အသင်တို့ကို အသင်တို့အခြေအနေအတိုင်း လွှတ်ထားမည်'ဟု မိန့်ဆိုလေသည်။ ထို့နောက် ဤအဖြစ်အပျက်ကို ကြုံတွေ့ရခြင်းဖြစ်သည်။ ထိုအချိန်၌ တမန်တော်ဒါဝူးဒ် ﷺ 'အေဗာဒသ်'ပြုသော အချိန်ဖြစ်သည်။ ထိုရုတ်တရက် ကြုံတွေ့ရသော အမှုကိစ္စကြောင့် အချိန်များ သတ်မှတ်စီစဉ်ထားမှုတွင် အနှောင့်အယှက်ဖြစ်ရလေသည်။ တမန်တော်ဒါဝူးဒ် ﷺ သည် ပြဿနာ ဖြေရှင်းနေရလေသည်။ တမန်တော် ဒါဝူးဒ် ﷺ ၏ အိမ်သူအိမ်သားများထဲမှ ထိုအချိန်တွင် မည်သူမျှ 'အေဗာဒသ်' နှင့် 'ဇိကိရ်'တွင် မွေ့လျော်မနေကြပေ။ တမန်တော်ဒါဝူးဒ် ﷺ ၏ ပြောဆိုမိသော စကားရပ်အပေါ် မှားကြောင်း သတိရသည့်အတွက် 'အိစ်သိဂ်ဖားရ်' ပြုလေသည်။ ၎င်းနောက် 'စဂျ်ဒဟ်'ပြုလေသည်။ ဤတင်ပြချက်အပေါ် မွတ်စ်သဒ်ရက် ဟာကင်မ်ကျမ်းတွင် လာရှိသော ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ခိုင်လုံသော ဆင့်ပြန်ချက်က ထောက်ခံလျက်ရှိသည်။ ဤရှင်းလင်းချက်များ၏ နောက်တွင် ဤအဖြစ်အပျက်သည် လုပ်ကြံထားခြင်းမဟုတ်ဘဲ အစစ်အမှန်ဖြစ်ကြောင်း သိရှိရလေသည်။ ၎င်းနောက် အဖြစ်အပျက်ပုံစံအရ တမန်တော်ဒါဝူးဒ် ﷺ ကို စမ်းသပ်ခြင်းနှင့် မှားယွင်းမှုတစ်စုံတစ်ရာနှင့် မပတ်သက်ကြောင်းကိုလည်း သိရှိရပေသည်။ ထို့ပြင် မြောက်မြားစွာသော သဖ်စီးရ်ပညာရှင်များက ရှင်းလင်းတင်ပြကြသည်မှာ ဤပြဿနာတွင် နှစ်ဖက်မှာ လူသားများမဟုတ်ဘဲ ဖရစ်ရှ်သာဟ်များဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို စေလွှတ်ရခြင်းမှာ ဤကဲ့သို့ ပြဿနာပုံစံပြုလုပ်၍ တမန်တော်ဒါဝူးဒ် ﷺ ကို မိမိ၏ လွဲချော်မှုအပေါ် သတိမူစေရန်အတွက် ဖြစ်သည်။ သို့ရှိရာ ထိုပညာရှင်များက 'အိုရီရာ'ကို သတ်ခိုင်း၍ ၎င်းဇနီးနှင့် 'နေကာဟ်' ပြုလုပ်သည့် ကိစ္စမှာ မှားယွင်းလေသည်။ အမှန်စင်စစ် ဗနီအိစ်ရာအီးလ်တွင် တစ်ဦးတစ်ယောက်မှ အသင် မိမိဇနီးကို ကွာရှင်း၍ ကျွန်ုပ်နှင့် 'နေကာဟ်'ပြုပေးပါ' ဟု တောင်းခံလျှင် အပြစ်ဟု မယူဆကြပေ။ ထိုခေတ်အခါက ဤတောင်းဆိုမှုသည် ထုံးတမ်းစဉ်လာတစ်ခုသာ ဖြစ်သည်။

ဤလုပ်ဆောင်ချက်ကို အဆင့် အတန်းမရှိသည့် လုပ်ဆောင်ချက်ဟုလည်း မယူဆကြပေ။ ထို့အတွက်ကြောင့် တမန်တော်ဒါဝူးဒ် عليه السلام သည် အိုရီရာကို ဤသို့ တောင်းခံခြင်းဖြစ်သည်။ ထိုအပေါ် အလ္လာဟ်အသျှင်မြတ်သည် ဖရစ်ရှ်သာဟ်နှစ်ပါးကို လွှတ်၍ သတိပေးခြင်း ဖြစ်ပေသည်။

အချို့ပညာရှင်များက အဖြစ်အပျက်မှာ အိုရီရာသည် အမျိုးသမီးတစ်ဦးကို 'နေကာဟ်'ပြုရန် ကမ်းလှမ်းထား၏။ ၎င်းအမျိုးသမီးကိုပင် ဟဇရတ်ဒါဝူးဒ် عليه السلام ကလည်း 'နေကာဟ်'ပြုရန် ကမ်းလှမ်းလိုက်ရာ အိုရီရာမှာ အလွန်သောက ဖြစ်ရလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤကိစ္စရပ်အပေါ် သတိပေးရန်အတွက် ဤဖရစ်ရှ်သာဟ်နှစ်ပါးကို စေလွှတ်၍ လွဲချော်မှုအပေါ် သိမ်မွေ့သည့်ပုံစံနှင့် သတိပေးခဲ့ခြင်းဖြစ်သည်။ ကာဇီအဗူယအ်လာ (ရဟ) က ဤအကြောင်း တင်ပြချက်အပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ وَعَزَّنِي فِي الْخِطَابِ ဟူသော စာသားဖြင့် အထောက်အထား တင်ပြခဲ့သည်။ ၎င်းက မိန့်ဆိုသည်မှာ ဤဝါကျသည် စေ့စပ်ခြင်းနှင့် သက်ဆိုင်လေသည်။ ယခု တမန်တော်ဒါဝူးဒ် عليه السلام သည် ထိုအမျိုးသမီးနှင့် 'နေကာဟ်'မပြုရသေးပေ။ သဖ်စီးရ်ပညာရှင်အများစုက ဤနောက်ဆုံးရှင်းလင်းချက်နှစ်ခုကို ဦးစားပေးဖော်ပြခဲ့ကြသည်။ ထိုရှင်းလင်းချက်အပေါ် အချို့ဆွဟာဗာတို့၏ ဆင့်ပြန်ချက်တို့ဖြင့်လည်း အထောက်အထား ဖြစ်လေသည်။ သို့သော် ဤစမ်းသပ်မှုနှင့် လွဲချော်မှု၏ အကျယ် ရှင်းလင်းချက်ကို ကုရ်အာန်တွင်လည်း မရှိ။ မှန်ကန်သည့် ဟဒီးစ်တော်၌လည်း မရှိ။ ထို့ကြောင့် အိုရီရာကို သတ်ခိုင်းသည်ဟု ကျော်ကြားသော အဖြစ်အပျက်မှာ မှားကြောင်း သေချာလေသည်။ သို့သော် အဖြစ်အပျက်အမှန်နှင့် ပတ်သက်၍ တင်ပြခဲ့သည့် ဖြစ်နိုင်ချေအားလုံး ရှိနေပေသည်။ ထိုအထဲမှ မည်သည့်အကြောင်းအရာကိုမှ သေချာခိုင်လုံသည်ဟု မပြောဆိုနိုင်ပေ။ သို့ရှိရာ ပြဿနာကင်းသည့် နည်းလမ်းမှာ ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) ရွေးချယ်သော နည်းလမ်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် မရှင်းလင်းသော အရာများကို ကျွန်ုပ်တို့ မိမိ၏ ခန့်မှန်းခြေများဖြင့် ရှင်းလင်းရန် မကြိုးစားရပေ။ ထိုကိစ္စရပ်များသည် ကျွန်ုပ်တို့၏ ကျင့်သုံးမှုပိုင်းဆိုင်ရာများနှင့်လည်း မသက်ဆိုင်ပေ။ ဤမရှင်းလင်းမှုတွင် မုချဧကန် အကြောင်းတစ်ခုခု ရှိပေသည်။ သို့ရှိရာ ကုရ်အာန်ကျမ်းတော်မြတ်တွင် တင်ပြထားသည်ခန့်သာ အီမာန်ယုံကြည်ရပေမည်။ ကျန်ရှိသည့် အကျယ်ကိစ္စရပ်များကို အလ္လာဟ်အသျှင်မြတ်အား အပ်နှံရပေမည်။ သို့သော် ဤအဖြစ်အပျက်ဖြင့် ကျွန်ုပ်တို့ ကျင့်သုံးနိုင်ရန် မြောက်မြားစွာသော အကျိုးထူးများဘက်သို့သာ အာရုံစိုက်သင့်ပေသည်။ 'အင်နှရှာ အလ္လာဟ်' အကျိုးကျေးဇူးများကိုလည်း တင်ပြအပ်ပေသည်။

إِذْ تَسَوَّرُوا الْمِحْرَابَ

(ထိုသူများသည် 'မဟ်ရာဘ်'၏ တံတိုင်းကို ကျော်၍ ဝင်ခဲ့ကြသည်။) **محراب** ၏ မူရင်းအဓိပ္ပာယ်မှာ 'အပေါ်ထပ် (သို့) အိမ်တစ်ခု၏ အရှေ့ပိုင်း' ကို ခေါ်ဆိုသည်။ ထို့နောက် ဗလီ (သို့မဟုတ်) 'အေဗာဒသ်'ပြုရာ နေရာ၏ အရှေ့ပိုင်း အစိတ်အပိုင်းအတွက် သီးခြားသတ်မှတ် ပြောဆိုကြလေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤစာလုံးကို ('အေဗာဒသ်'ဝတ်ပြုရာ နေရာ) ဟူသော အဓိပ္ပာယ်၌ သုံးနှုန်း

ထားလေသည်။ အလ္လာမဟ်စုယူသီး (ရဟ) က ယခု မျက်မှောက်ခေတ်တွင် တွေ့မြင်နေရသော ဗလီ၏ ဦးပိုင်းတွင် အဝိုင်းပုံသဏ္ဌာန်ရှိသော နေရာကို ခေါ်ဆိုပေသည်' ဟု ရေးသားထား၏။ တမန်တော်မြတ် ﷺ ၏ ခေတ်တွင် ဤသို့ မရှိပေ။

فَفَزِعَ مِنْهُمْ ၎င်းတို့ကို တမန်တော်ဒါဝူးဒ် عليه السلام သည် ထိတ်လန့်သွားလေသည်။ ထိတ်လန့်ရသည့် အကြောင်းအရင်းမှာ လူနှစ်ဦးသည် အချိန်မတော် အစောင့်များကိုကျော်၍ ဝင်ရောက်လာခြင်းသည် မကောင်းသော ရည်ရွယ်ချက်ဖြင့်သာ ဖြစ်နိုင်ကြောင်း ပေါ်လွင်၍ ဖြစ်ပေသည်။

လူ့သဘာဝအရ ကြောက်ရွံ့ခြင်းသည် နဗီဖြစ်ခြင်းနှင့် ဝလီဖြစ်ခြင်းကို မဆန့်ကျင်ကြောင်း

ကြောက်ရွံ့ရသည့်အရာအပေါ် ဇီဇသဘောအရ ကြောက်ရွံ့ခြင်းသည် နဗီဖြစ်ခြင်းနှင့် ဝလီဖြစ်ခြင်း အပေါ် အတားအဆီးမဟုတ်ကြောင်း သိရှိရပေသည်။ ကြောက်ရွံ့ခြင်းကို စိတ်နှလုံးသားနှင့် ဦးနှောက် အသိဉာဏ်အပေါ် လွှမ်းမိုး၍ မိမိ၏ တာဝန်ဝတ္တရားများကို စွန့်လွှတ်လိုက်ခြင်းသာ မကောင်းသောအရာ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် နဗီတမန်တော်များ၏ ဂုဏ်ထူးဝိသေသကို တင်ပြရာတွင်

لَا يَخْشَوْنَ اَحَدًا اِلَّا اللهَ

'နဗီတမန်တော်တို့သည် အလ္လာဟ်မှလွဲ၍ မည်သူ့ကိုမှ မကြောက်ရွံ့ကြပေ' ဟူသော အချက်ဖြင့် သံသယဝင်နိုင်ပေသည်။ ဤနေရာတွင် 'တမန်တော်ဒါဝူးဒ် အဘယ်ကြောင့် ကြောက်ရွံ့သနည်း' ဟု ဆိုလျှင် အဖြေမှာ ကြောက်ရွံ့ခြင်းနှစ်မျိုး ရှိလေသည်။

ကြောက်ရွံ့ခြင်းတစ်မျိုးမှာ ဒုက္ခပေးသော အရာများ၏ ဒုက္ခပေးခြင်းမှ ကြောက်ရွံ့ခြင်း၊ ဤသည်ကို အာရဗီစကားတွင် خوف ဟု ခေါ်ဆိုပေသည်။

ဒုတိယ ကြောက်ရွံ့ခြင်းမှာ အကြီးအကဲတစ်ဦးအပေါ် ကြီးကျယ်မှုနှင့် အရှိန်အဝါကြောင့် ကြောက်ရွံ့ခြင်း၊ ဤသည်ကို خَشْيَة ဟု ခေါ်ဆိုလေသည်။ خَشْيَة သည် အလ္လာဟ်မှလွဲ၍ မည်သူနှင့်မျှ မဖြစ်သင့်ပေ။ ဤသည်ပင် နဗီတမန်တော်များ၏ ဝိသေသဖြစ်ပေသည်။ နဗီတမန်တော်များသည် အလ္လာဟ်မှ လွဲ၍ မည်သူ့ကိုမျှ မကြောက်ရွံ့ကြပေ။ ဒုက္ခပေးသော အရာများကို ဇီဇသဘောအရ ကြောက်ရွံ့ခြင်းမှာ ဖြစ်နိုင်ပေသည်။

စည်းကမ်းချိုးဖောက်မှုအပေါ် အခြေအနေမှန်ကို မသိရမခြင်း သည်းခံသင့်ခြင်းအကြောင်း

قَالُوا لَا تَخَفْ (၎င်းတို့က မကြောက်ရွံ့နှင့်' ဟု ပြောဆိုကြသည်။) ရောက်ရှိလာသူများသည် အထက်ပါ စကားကို ပြောဆို၍ မိမိတို့ တင်ပြချက်ကို စတင်လေသည်။ တမန်တော်ဒါဝူးဒ် عليه السلام သည်

လည်း တိတ်တဆိတ်ပင် ၎င်းတို့၏ စကားကို နားထောင်နေသည်။ ဤအကြောင်းအရာမှ အကယ်၍ တစ်ဦးတစ်ယောက်သည် ရုတ်တရက် စည်းကမ်းချိုးဖောက်မှုကို ကျူးလွန်လျှင် ချက်ချင်း ပြစ်တင်ပြောဆို ခြိမ်းခြောက်မှု မပြုသင့်သည်သာမက ၎င်း၏ စကားကို နားထောင်သင့်ကြောင်း သိရှိရပေသည်။ သို့မှသာ စည်းကမ်းချိုးဖောက်သူ၏ စည်းကမ်းချိုးဖောက်ခြင်း၌ အကြောင်းတစ်ခုခုကို သိရှိရပေမည်။ အခြားသူတစ်ဦး ဖြစ်ပါက ရောက်ရှိလာသူများကို ချက်ချင်း ပြစ်တင်ပေလိမ့်မည်။ သို့သော် တမန်တော်ဒါဝူးဒ် ﷺ သည် အခြေအနေမှန် ပေါ်လွင်လာသည့်အထိ စောင့်ကြည့်ခဲ့သည်။ ဤသူများမှာ ခွင်းချက်ရှိသူများလည်း ဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။

وَلَا تُشْطِطْ (မတရားမှု မပြုလေနှင့်။) ရောက်ရှိလာသူများ၏ ပြောဆိုပုံသည် အပေါ်ယံအားဖြင့် ရိုင်းစိုင်းပေသည်။ ပထမအချက်မှာ အချိန်အခါမဟုတ် တံတိုင်းကျော်၍ ရောက်ရှိလာခြင်း၊ တစ်ဖန် တမန်တော် ဒါဝူးဒ် ﷺ ကဲ့သို့ အဆင့်အတန်းမြင့်မားသော နဗီတမန်တော်တစ်ပါးကို တရားမျှတရန်နှင့် မတရားမှုမှ ရှောင်ကြဉ်ရန် ညွှန်ကြားခြင်း၊ ဤစကားရပ်အားလုံးတို့သည် မိုက်မဲမသင့်လျော်သော အချက်များသာ ဖြစ်ပေသည်။ သို့သော် တမန်တော် ဒါဝူးဒ် ﷺ သည် သည်းခံကာ မကောင်းမပြောဆိုခဲ့ပေ။

အကြီးအကဲများသည် အခက်အခဲ ကြုံတွေ့သူများ၏ အမှားများကို အတတ်နိုင်ဆုံး သည်းခံရမည့်အကြောင်း

ထို့ကြောင့် သိရှိရသည်မှာ တစ်စုံတစ်ယောက်ကို အလ္လာဟ်အသျှင်မြတ်က မြင့်မားသည့် ရာထူးပေး၍ လူတို့၏ လိုအပ်ချက်များ၊ ထိုသူနှင့် ပတ်သက်ပြီး ၎င်းမှ လိုအပ်ချက်ရှိသူများ၏ စည်းကမ်းချိုးဖောက်မှုနှင့် အပြောအဆိုတွင် မှားယွင်းမှုများကို အတတ်နိုင်ဆုံး သည်းခံခြင်းသည်သာ ထိုမြင့်မားသော အဆင့်အတန်း၏ တောင်းဆိုမှုဖြစ်သည်။ အထူးသဖြင့် အုပ်ချုပ်သူ၊ တရားသူကြီးနှင့် မုဖ်သီများသည် အထက်ပါအချက်ကို ဂရုပြုသင့်ပေသည်။

قَالَ لَقَدْ ظَلَمَكَ بِسُؤَالِ نَعْجَتِكَ اِلٰى نِعَاجِهٖ

တမန်တော်ဒါဝူးဒ် ﷺ က ပြောဆိုသည်မှာ 'ဤသူသည် အသင်၏ သိုးမကို မိမိ၏ သိုးမများတွင် ပေါင်းရန် ပြောဆိုခြင်းအားဖြင့် အမှန်တကယ်ပင် အသင့်အပေါ် မတရားပြုသူဖြစ်သည်။'

ဤနေရာတွင် အချက် (၂) ချက်သည် စဉ်းစားဖွယ်ရာဖြစ်ပေသည်။

ပထမအချက်မှာ တမန်တော်ဒါဝူးဒ် ﷺ သည် တရားလို၏ ပြောဆိုမှုကိုသာ ကြားနာ၍ တရားခံ၏ တင်ပြချက်ကို နားမထောင်ဘဲ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထိုအပေါ် အချို့ပညာရှင်တို့က 'ဤလွဲမှားမှုကြောင့် တမန်တော်ဒါဝူးဒ် ﷺ သည် 'အိစ်သိဂ်ဖာရ်' ပြုခြင်း ဖြစ်သည်' ဟု ဆိုကြသည်။ သို့သော် အခြား သဖ်စီးရ်ပညာရှင်များက ကေန်စင်စစ် ဤနေရာတွင် အဖြစ်အပျက်ပြဿနာကို အပြည့်အဝ တင်ပြနေခြင်း

မဟုတ်ဘဲ လိုအပ်သမျှကိုသာ တင်ပြခဲ့ခြင်း ဖြစ်သည်။ တမန်တော်ဒါဝူးဒ် عليه السلام သည် တရားခံ၏ ရပ်တည်ချက်ကို အသေအချာ နားထောင်ပြီးဖြစ်နိုင်ပေသည်။ သို့သော် ဤနေရာတွင် မတင်ပြခြင်းမှာ တရားခံအား မေးမြန်းသည့် အပိုင်းကို ဖြုတ်ချထားကြောင်း လူတိုင်း သိရှိနိုင်ပေသည်။ ပြဿနာများ၏ ဆုံးဖြတ်ချက်ချသည့် ကျော်ကြားသော နည်းလမ်းမှာ အထက်ပါအတိုင်းသာ ဖြစ်သည်။ ဤနေရာတွင် တမန်တော်ဒါဝူးဒ် عليه السلام ထံပါးသို့ ရောက်ရှိလာသူများသည် တရားရုံးတွင် ဆုံးဖြတ်ချက်တောင်းခံခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့သော် ရုံးချိန်လည်း မဟုတ်။ ဆုံးဖြတ်ချက် ချမှတ်ချိန်လည်း မဟုတ်။ ဆုံးဖြတ်ရန် စီမံသည့် အရာဝတ္ထုများလည်း မရှိသည့်အတွက် တမန်တော်ဒါဝူးဒ် عليه السلام သည် တရားသူကြီးအနေဖြင့် မဟုတ်ဘဲ မုဖ်သီတစ်ဦးအနေဖြင့် ဖသ်ဝါပေးခဲ့ခြင်းသာ ဖြစ်သည်။ မုဖ်သီ၏ အလုပ်မှာ အဖြစ်အပျက်၏ ဖစ်မြစ်ကို လိုက်ရန်မဟုတ်ဘဲ မေးခွန်းအပေါ် အခြေခံ၍ ဖြေကြားရန်သာ ရှိပေသည်။

ဖိအားတစ်ခုခုဖြင့် 'ကျန်ဒဟ်' (အလှူကောက်ခံခြင်း) (သို့) လက်ဆောင်တောင်းခံခြင်းသည် အခမ္မ လုယူ ရောက်ခြင်း

ဒုတိယဂရုပြုရမည့် အချက်တစ်ချက်မှာ တမန်တော်ဒါဝူးဒ် عليه السلام သည် လူတစ်ဦးမှ သိုးတစ်ကောင်တောင်းခံခြင်းကို မတရားမှုဟု သတ်မှတ်ခဲ့သည်။ အမှန်မှာ တစ်ဦးတစ်ယောက်ထံ အရာဝတ္ထုတစ်ခု တောင်းခံခြင်းသည် အပြစ်မဟုတ်ကြောင်း အပေါ်ယံအားဖြင့် သိရှိနိုင်ပေသည်။ ၎င်းကို အပြစ်သဖွယ် တင်ပြရခြင်းအကြောင်းမှာ တောင်းခံသည့် ပုံစံကြောင့် ဖြစ်ပေသည်။ နှုတ်အားဖြင့် (သို့) လက်တွေ့အားဖြင့် ဖိအားပေးတောင်းခံခြင်းကြောင့် غضب အခမ္မလုယူခြင်းသဘောမျိုး ဖြစ်သွားပေမည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦးထံမှ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ အရာတစ်ခု တောင်းခံခြင်း၊ အတောင်းခံရသူသည် ပေးခြင်းမှလွဲ၍ အခြားနည်းလမ်း မရှိတော့လျှင် ဤသို့ လက်ဆောင်တောင်းခံခြင်းသည်လည်း အခမ္မယူခြင်းတွင် ပါဝင်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် အကယ်၍ တောင်းခံသူသည် ရာထူး၊ ဂုဏ်ထူးရှိသူဖြစ်၍ အတောင်းခံရသူမှာ ၎င်း၏ အရှိန်အဝါ ဖိအားကြောင့် မငြင်းဆန်နိုင်လျှင်သော်လည်းကောင်း လက်ဆောင်တောင်းသည့် ပုံစံ ဖြစ်နေလျှင်သော်လည်းကောင်း ထိုသူ၏ တောင်းခံခြင်းသည် အခမ္မရယူခြင်းသာ ဖြစ်သည်။ ဤသို့ တောင်းခံရယူထားသော ပစ္စည်းကို အသုံးပြုခြင်း မပိုင်ပေ။ ဤ ခမ္မသတ်ကို အထူးသဖြင့် ကျောင်းများ၊ 'မတ်က်သဗ်'များ၊ ဇလီ (သို့) အဖွဲ့အစည်းများမှ အလှူငွေကောက်ခံသူများ အထူးဂရုပြုသင့်ပေသည်။ ပေးသူမှ မိမိ၏ သဘောဆန္ဒ အပြည့်အဝဖြင့် စိတ်ပျော်ရွှင်စွာ ပေးသည့် အလှူငွေသာ 'ဟလာလ်' ဖြစ်သည်။ အကယ်၍ အလှူငွေကောက်ခံသူများသည် မိမိတို့၏ အရှိန်အဝါ ဖိအားဖြင့် (သို့) လူ (၉) ဦး၊ (၁၀) ဦး တစ်ပြိုင်တည်းသွား၍ တစ်ဦးတစ်ယောက်ကို ဖိအားပေး၍ အလှူငွေကောက်ခံသော ဤလုပ်ရပ်သည် မပိုင်သော လုပ်ရပ်ဖြစ်ကြောင်း ပေါ်လွင်ပေသည်။ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ-

لا يحل مال امرء مسلم الا بطيب نفس منه

မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်၏ ပစ္စည်းဥစ္စာကို ၎င်း၏ ကျေနပ်နှစ်သက်မှု မရှိဘဲ (အသုံးပြုခြင်း) 'ဟလာလ်' မဖြစ်ပေ။

အပေးအယူကဏ္ဍများတွင် စပ်တူလုပ်ကိုင်ရာ၌ အလွန်ရှောင်ကြဉ်မှုတရားရှိရန် လိုအပ်ခြင်းအကြောင်း

اِنَّ كَثِيْرًا مِّنَ الْخُلَطَآءِ لَيَبْغِىْ بَعْضُهُمْ عَلٰى بَعْضٍ

(စပ်တူလုပ်သူများသည် တစ်ဦးအပေါ်တစ်ဦး မတရားမှုပြုကြသည်။) ဤအာယသ်တော်ဖြင့် လူနှစ်ဦး စပ်တူလုပ်သော ကိစ္စရပ်များတွင် အများအားဖြင့် တစ်ဦးအပေါ်တစ်ဦး တာဝန်ချိုးဖောက်မှုများ ဖြစ်တတ်ကြောင်း သတိပေးထားပေသည်။ အချို့အချိန်များတွင် လူတစ်ဦးသည် အလုပ်တစ်ခုကို အသေးအဖွဲ့ထင်၍ ပြုလုပ်လိုက်သည်။ သို့သော် ကေန်စင်စစ် ထိုလုပ်ရပ်သည် အပြစ်ဒုစရိုက်၏ အကြောင်းခံ ဖြစ်သွားပေသည်။ ထို့ကြောင့် အပေးအယူကဏ္ဍများတွင် အလွန်ဂရုစိုက်ရန် လိုအပ်ပေသည်။

وَظَنَّ دَاوٗدُ اَنَّمَا فَتَنّٰهُ

ငါအလ္လာဟ်မြတ်မှ ၎င်းကို စမ်းသပ်သည်ဟု တမန်တော်ဒါဝူးဒ် ﷺ သည် ရိပ်စားမိခဲ့လေ၏။ အကယ်၍ အထက်ပါပြဿနာကို တမန်တော်ဒါဝူးဒ် ﷺ ၏ မှားယွင်းချွတ်ချော်မှု၏ သာဓကဟု သတ်မှတ်လျှင် တမန်တော်ဒါဝူးဒ် ﷺ ၏ အထက်ပါအတိုင်း တွေးခေါ်ခြင်း မှန်ကန်ပေါ်လွင်ပေသည်။ အကယ်၍ ပြဿနာပုံစံသည် လွဲချော်မှုနှင့် မသက်ဆိုင်လျှင်လည်း အုပ်စုနှစ်ခု၏ အခြေအနေကို ခြုံငုံကြည့်လျှင် ၎င်းတို့အား စမ်းသပ်ရန် စေလွှတ်ခဲ့ကြောင်း ပေါ်လွင်ပေသည်။ တစ်ဖက်မှကြည့်လျှင် ထိုအုပ်စုနှစ်ခုသည် ပြဿနာကို ဆုံးဖြတ်ရန် အလျင်အမြန်ပြုကြ၍ တံတိုင်းကျော်လာသည်အထိ အတင့်ရဲခဲ့ကြသည်။ အခြားတစ်ဖက်မှ ကြည့်လျှင် ပြဿနာကို တင်ပြနေသော်လည်း တရားခံမှ တိတ်တဆိတ်ထိုင်နေပေသည်။ နှုတ်အားဖြင့်သော်လည်းကောင်း၊ အမူအရာအားဖြင့် သော်လည်းကောင်း တရားလို၏ စကားကို မည်သို့မျှမဆိုဘဲ လက်ခံနေပေသည်။ အကယ်၍ တရားလို၏ တင်ပြချက်ကို တရားခံမှလက်ခံလျှင် ပြဿနာကို ဆုံးဖြတ်ရန် တမန်တော်ဒါဝူးဒ် ﷺ ထံပါးသို့ လာရောက်ရန် မလိုအပ်ပေ။ တမန်တော်ဒါဝူးဒ် ﷺ သည် ဤပုံစံတွင် တရားလို၏ ဘက်သို့သာ ဆုံးဖြတ်မည်ဖြစ်ကြောင်း ရိုးရိုးအသိဉာဏ်ရှိသူပင် သိနိုင်ပေသည်။ အုပ်စုနှစ်ခုမှာ ဤလျှို့ဝှက်သောနည်းလမ်းများအရ ရိုးရိုးသားသား မဟုတ်ကြောင်း သိရှိရပေသည်။ တမန်တော်ဒါဝူးဒ် ﷺ မှလည်း ဤသူတို့သည် အလ္လာဟ်အလ္လာဟ်မြတ် စေလွှတ်သည့်အတွက် လာရောက်၍ ငါ့အား စမ်းသပ်ရန် ရည်ရွယ်ကြောင်း ရိပ်စားမိပေသည်။ အချို့ဆင့်ပြန်ချက်များတွင် ဆုံးဖြတ်ချက်နားထောင်နေသော တစ်ဦးကိုတစ်ဦး ကြည့်၍ ပြုံးနေကြသည်။ ကြည့်နေရင်းပင် မိုးကောင်းကင်ပေါ်သို့ တက်သွားကြသည်ဟု လာရှိပေသည်။

فَاسْتَغْفَرَ رَبَّهٗ وَخَرَّ رَاكِعًا وَّاَنَابَ

(သို့ရှိရာ တမန်တော်ဒါဝူးဒ် ﷺ မှ မိမိ၏ ဖန်ဆင်းရှင်ထံ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံ၏။ ၄င်းနောက် 'စဂျ်ဒဟ်'ပြု၍ အလ္လာဟ်ဘက်သို့ လှည့်လေသည်။) ဤနေရာတွင် رکوع စာလုံး သုံးထား၏။ ၄င်း၏ အဘိဓါန်အဓိပ္ပာယ်မှာ ဦးညွှတ်ခြင်းဟု ရပေသည်။ ပညာရှင်အများစုက 'စဂျ်ဒဟ်'၏ အလို သဘော၌ ဖြစ်သည်ဟု တင်ပြကြသည်။ 'အဟ်နားဖ်' (ဟနဖီပညာရှင်များ) ထံတွင် ဤအာယသ်တော် ကို ဖတ်ခြင်းဖြင့် 'စဂျ်ဒဟ်သေလာဝသ်'ပြုရန် 'ဝါဂျိဗ်'ဖြစ်သည်။

'ရူကူအ်' ဖြင့် 'စဂျ်ဒဟ်သေလာဝသ်' တာဝန် ကျေသွားခြင်းအကြောင်း

အေမာမ်အဘူဟနီဖာ (ရဟ) သခင်သည် အထက်ပါအာယသ်တော်ဖြင့် နမာဇ်တွင် 'စဂျ်ဒဟ်' အာယသ်တော်ကို ဖတ်လိုက်လျှင် 'ရူကူအ်'၌ ထို 'စဂျ်ဒဟ်'၏ 'နီယသ်'ပြုလိုက်လျှင် 'စဂျ်ဒဟ်'ပြုရန် တာဝန်ကျေသွားသည်ဟု တင်ပြထားပေသည်။ ဤနေရာတွင် 'စဂျ်ဒဟ်'၏ နေရာ၌ 'ရူကူအ်'ဟူသော စာလုံးကို သုံးထားပေသည်။ ၄င်းမှာ 'ရူကူအ်'သည် 'စဂျ်ဒဟ်'၏ အစားဖြစ်ကြောင်း အထောက်အထား ဖြစ်ပေသည်။ 'စဂျ်ဒဟ်သေလာဝသ်'နှင့် ပတ်သက်၍ အချို့အရေးကြီးသည့် မှတ်သားစရာများကို သိထား သင့်ပေသည်။

'စဂျ်ဒဟ်သေလာဝသ်' ၏ အချို့မှတ်သားစရာများ

(၁) နမာဇ်၏ 'ဖွရဇ်ရူကူအ်'ဖြင့် 'စဂျ်ဒဟ်'အထမြောက်သည့် ပုံစံမှာ 'စဂျ်ဒဟ်'အာယသ် တော်ကို နမာဇ်အတွင်း ရွတ်ဖတ်မှသာ ဖြစ်လေသည်။ နမာဇ်အပြင်တွင် ဖတ်ရွတ်လျှင် 'ရူကူအ်'ဖြင့် 'စဂျ်ဒဟ်' အထမမြောက်ပေ။ အကြောင်းမှာ 'ရူကူအ်'သည် နမာဇ်၌သာ 'အေဗာဒသ်'ဖြစ်၍ နမာဇ်အပြင်တွင် 'အေဗာဒသ်'မဟုတ်သောကြောင့် ဖြစ်ပေသည်။

[ဗဒါအေ့အ်ကျမ်း]

(၂) 'စဂျ်ဒဟ်'၏ အာယသ်တော် ဖတ်ပြီးပြီးချင်း (သို့) (၂) အာယသ်၊ (၃) အာယသ်ခန့် ဖတ်ပြီးနောက်မှ 'ရူကူအ်'ပြုလျှင် ထို 'ရူကူအ်'ဖြင့် 'စဂျ်ဒဟ်'အထမြောက်ပေမည်။ အကယ်၍ 'စဂျ်ဒဟ်'၏ အာယသ်တော်ကို ဖတ်ပြီး ရှည်လျားသည့် 'ကေရာအသ်'ကို ဆက်ဖတ်နေလျှင် 'ရူကူအ်'ဖြင့် 'စဂျ်ဒဟ်' အထမမြောက်တော့ပေ။

(၃) 'စဂျ်ဒဟ်သေလာဝသ်' ကို 'ရူကူအ်'တွင် ပြုရန် အစီအစဉ်ရှိပါက 'ရူကူအ်'တွင် 'စဂျ်ဒဟ် သေလာဝသ်'၏ 'နီယသ်'ပြုရလိမ့်မည်။ ထိုသို့မပြုပါက 'စဂျ်ဒဟ်သေလာဝသ်' အထ မမြောက်ပေ။ သို့သော် 'စဂျ်ဒဟ်'ပြုရန်သွားလျှင် နီယသ်မပါဘဲ 'စဂျ်ဒဟ်'အထမြောက် သွားပေမည်။

(၄) အမွန်မြတ်ဆုံးမှာ 'စဂျ်ဒဟ်သေလာဝသ်' ကို 'ဖွရစ်ရုကူအ်' တွင် မပြုဘဲ သီးခြား 'စဂျ်ဒဟ်' ပြုခြင်းသာ ဖြစ်သည်။ 'စဂျ်ဒဟ်' မှထ၍ (၁) အာယသ် (၂) အာယသ်ခန့် ဖတ်ပြီးမှ 'ရုကူအ်' သို့ ပြန်လည်သွားရပေမည်။ *[ဗဒါအေ့အ်ကျမ်း]*

وَاِنَّ لَهٗ عِنْدَ نَا لَزُلْفٰى وَحُسْنَ مَاٰبٍ

(မုချဧကန် ၄င်းအတွက် ငါအသျှင်မြတ်ထံတော်မှ သီးခြားနီးကပ်မှုနှင့် ရလဒ်ကောင်းရှိပေသည်)

ဤအာယသ်တော်အပေါ် အဖြစ်အပျက်ကို အဆုံးသတ်၍ တမန်တော်ဒါဝူးဒ် عليه السلام ၏ လွဲချော်မှုသည် မည်သို့ပင်ဖြစ်စေ ၄င်း၏ 'အိစ်သိဂ်ဖာရ်' နှင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်ပြီးနောက် အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်ဒါဝူးဒ် عليه السلام ၏ ဆက်သွယ်မှုသည် သာပို၍ တိုးသွားကြောင်း ရည်ညွှန်းထားပေသည်။

လွဲမှားချွတ်ချော်မှုကို သတိပေးရာ၌ အမြော်အမြင်ရှိရန် လိုအပ်ခြင်း

ဤအဖြစ်အပျက်နှင့် ပတ်သက်၍ တင်ပြဖွယ်ရာတစ်ခုမှာ တမန်တော်ဒါဝူးဒ် عليه السلام ၏ လွဲချော်မှုသည် မည်သို့ပင်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ' ဖြင့် သတိပေးနိုင်ပေသည်။ သို့သော် ထိုနည်းလမ်းကို အသုံးမပြုဘဲ အမှုတစ်ခု ပို့ဆောင်၍ သတိပေးရန် ဤထူးခြားသော နည်းလမ်းကို အဘယ်ကြောင့် ရွေးချယ်ရပါသနည်း။ ဤနည်းလမ်းအပေါ် အသေအချာစဉ်းစားလျှင် ကောင်းရာညွှန်၍ မကောင်းမှုကို တားသော တာဝန်ကို လုပ်ဆောင်သူများအား ဤသို့ လမ်းညွှန်ထားခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်၏ အမှားကို သတိပေးရန်အတွက် အမြော်အမြင်ရှိရန် လိုအပ်ပေသည်။ အကြောင်းမှာ ပတ်သက်သူကိုယ်တိုင် မိမိအမှားကို သိမြင်၍ နှုတ်ဖြင့် သတိပေးရန် မလိုအပ်သည့် နည်းလမ်းကို ရွေးချယ်ခြင်း ပိုကောင်းသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ဤကဲ့သို့ ပုံဆောင်မှုဖြင့် တင်ပြခြင်းသည် ပိုမိုထိရောက်၍ တစ်ဖက်လူကို စိတ်မထိခိုက်စေဘဲ လိုအပ်သည့် အကြောင်းအရာသည် ပေါ်လွင်သွားပေမည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يٰدَاوٗدُ اِنَّا جَعَلْنٰكَ خَلِيْفَةً فِى الْاَرْضِ فَاحْكُمْ بَيْنَ
النَّاسِ بِالْحَقِّ وَلَا تَتَّبِعِ الْهَوٰى فَيُضِلَّكَ عَنْ سَبِيْلِ اللّٰهِ ؕ
اِنَّ الَّذِيْنَ يَضِلُّوْنَ عَنْ سَبِيْلِ اللّٰهِ لَهُمْ عَذَابٌ شَدِيْدٌۢ بِمَا نَسُوْا يَوْمَ الْحِسَابِ ﴿٢٦﴾

၃၈ : ၂၆ ။ ။ အို, ဒါဝူးဒ်၊ ဧကန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အား ကမ္ဘာမြေဝယ် ကိုယ်စားလှယ်ခန့်အပ်တော်မူခဲ့ပေရာ အသင်သည် လူတို့၏ အကြား၌ မှန်ကန်စွာ တရားစီရင်ဆုံးဖြတ်ပါလေ။ ၄င်းပြင် အသင်သည် စိတ်၏ အလိုဆန္ဒ

ကို မလိုက်စားလေနှင့်။ ထိုသို့ လိုက်စားခဲ့ပါမူ ယင်းစိတ်၏ အလိုဆန္ဒသည် အသင့်အား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ လွဲမှားစေပေလိမ့်မည်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ လွဲမှားကြကုန်သော သူများ၌မူ ၎င်းတို့သည် စစ်ဆေးမေးမြန်းသော နေ့ကို မေ့လျော့ကြခြင်းကြောင့် ပြင်းထန်လှစွာသော ပြစ်ဒဏ်သည် ရှိချေပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ ဒါဝူးဒ်၊ ငါအသျှင်မြတ်သည် အသင့်အား လောကတွင် အုပ်ချုပ်သူအဖြစ် ဖန်ဆင်းခဲ့သည်။ သို့ရှိရာ (ယခုအတိုင်းပင် ဆက်လက်၍လည်း) လူအများကြား တရားမျှတစွာ ဆုံးဖြတ်ပါလေ။ ၎င်းနောက် ယခုအထိ စိတ်အလိုရမ္မက်နောက်သို့ မလိုက်ခဲ့ရာ ဆက်လက်၍လည်း (ဤအတိုင်းပင်) စိတ်အလိုရမ္မက်နောက်သို့ မလိုက်လေနှင့်။ (အကယ်၍ ထိုသို့မဟုတ်ပါက) ယင်းစိတ်၏ အလိုရမ္မက်သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ အသင့်အား လွဲမှားစေပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ လွဲချော်သော သူများအတွက် ပြင်းထန်သော အပြစ်ဒဏ်ရှိပေသည်။ စာရင်းအင်း စစ်ဆေးမည့်နေ့ကို မေ့လျော့ခဲ့သောကြောင့် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

တမန်တော်ဒါဝူးဒ် ﷺ ကို အလ္လာဟ်အသျှင်မြတ်သည် 'နဗူဝသ်'နှင့်အတူ အုပ်ချုပ်မှုအာဏာလည်း ချီးမြှင့်ခဲ့၏။ သို့ရှိရာ ဤအာယသ်တော်တွင် နိုင်ငံရေးအုပ်ချုပ်မှုနှင့် ပတ်သက်၍ တမန်တော်ဒါဝူးဒ် ﷺ အား အခြေခံ လမ်းညွှန်မှု ချီးမြှင့်ခဲ့၏။ ထိုလမ်းညွှန်မှုတွင် အောက်ပါအချက် (၃) ချက်ကို မိန့်ကြားထား၏။

(၁) ငါအသျှင်မြတ်သည် အသင်တမန်တော်ကို လောကတွင် မိမိ၏ ကိုယ်စားလှယ်အဖြစ် ဖန်ဆင်းခဲ့သည်။

(၂) ဤအဆင့်အတန်းဖြင့် အသင်တမန်တော်၏ အခြေခံလုပ်ဆောင်ချက်များမှာ အမှန်တရားနှင့်အညီ ဆုံးဖြတ်ရပေမည်။

(၃) ဤလုပ်ရပ်များအတွက် စိတ်အလိုလိုက်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် အရေးကြီးသော စည်းကမ်းချက်တစ်ရပ် ဖြစ်ပေသည်။

လောကတွင် ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့် ပတ်သက်သည့် အကြောင်း အရာကို စူရာဟ်ဗကရာတွင် တင်ပြခဲ့ပြီးဖြစ်သည်။ (မအာရီဖွလ်ကုရ်အာန်၊ အတွဲ-၁ တွင် လေ့လာကြည့်ရှုနိုင်ပါသည်။)

ဤအချက်ဖြင့် အစ္စလာမ့်နိုင်ငံရေးဝါဒ ရပ်တည်ချက်၏ အဓိကအခြေခံဥပဒေတစ်ခုသည် ပေါ်လွင်လာပေသည်။ အမြင့်မားဆုံး အုပ်ချုပ်မှုသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင်သာရှိသည်။ လောကတွင် ရှိသည့် အုပ်ချုပ်သူများမှာ ထိုအသျှင်မြတ်၏ အမိန့်နှင့်အညီသာ ဆောင်ရွက်ရ၍ အမိန့်၏ အပြင်မှ မဆောင်ရွက်

နိုင်ကြပေ။ ထို့ကြောင့် မွတ်စ္စလင်မ်များ၏ အုပ်ချုပ်သူ၊ အတိုင်ပင်ခံအဖွဲ့ (သို့) လွှတ်တော်အဖွဲ့တို့သည် အစ္စလာမ့်ဥပဒေများကို ရှင်းလင်းခြင်းနှင့် ဥပဒေခွဲများ ပြုခြင်းကို ပြုနိုင်ပေသည်။ ကောန်စင်စစ် ဥပဒေ ပြုသူများမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ဥပဒေကို တင်ပြသူများသာ ဖြစ်သည်။

အစ္စလာမ့်အုပ်ချုပ်မှု၏ အခြေခံအချက်မှာ အမှန်တရားကို တည်ရှိစေခြင်းဖြစ်ကြောင်း

ဤနေရာတွင် ဒုတိယအချက်အနေဖြင့် အစ္စလာမ့်အုပ်ချုပ်ရေးတွင် အခြေခံအချက်မှာ အမှန်တရား ကို တည်ရှိစေခြင်းဖြစ်ကြောင်း ဖော်ညွှန်းထားသည်။ အုပ်ချုပ်သူများအပေါ် အရေးကြီးသည်မှာ မိမိ၏ အစီအမံများနှင့် ပြဿနာများကို ရှင်းလင်းရာတွင် မှန်ကန်မှုနှင့် မျှတမှုကို တည်ရှိစေရမည်။ အစ္စလာမ် သာသနာသည် အမြဲတစေ တည်ရှိမည့် သာသနာဖြစ်သည့်အတွက် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် အခြေ အနေနှင့် အချိန်အခါ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် အစီအမံများအပေါ် သတ်မှတ်ချက်များ ပြဋ္ဌာန်း မထားပေ။ သို့သာမက အခြေခံအားဖြင့် လမ်းညွှန်ချက်များ ချီးမြှင့်ထားသည့်အတွက် ထိုလမ်းညွှန်ချက် များဖြင့် ခေတ်ကာလတိုင်းနှင့်အညီ စီမံမှုများကို လူသားတို့ကိုယ်တိုင် သတ်မှတ်နိုင်ပေသည်။ ထို့ကြောင့် ဤနေရာတွင် အုပ်ချုပ်မှု၏ မူရင်းအချက် အမှန်တရားကို တည်ရှိစေခြင်းကိုသာ တင်ပြခဲ့သည်။ သို့သော် ၎င်းနှင့် ပတ်သက်၍ အစီအစဉ် အကျယ်တဝင့်ကို ခေတ်ကာလတိုင်းရှိ အတွေ့အကြုံနှင့် အသိပညာရှိသူ မွတ်စ္စလင်မ်များအပေါ်၌သာ မူတည်စေခဲ့၏။

တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး၏ ဆက်နွယ်မှု

တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးသည် တစ်သီးတစ်ခြားစီ ဖြစ်သလော။ (သို့) ပတ်သက်မှု ရှိသလော။ ဤကိစ္စတွင် ခေတ်ကာလတိုင်းအတွက် မပြောင်းလဲနိုင်သည့် သတ်မှတ်ပြဋ္ဌာန်းသော အမိန့်မရှိပေ။ အကယ်၍ ခေတ်ကာလတစ်ခုတွင် အုပ်ချုပ်သူများ၏ သစ္စာရှိမှုနှင့် ဘာသာရေးကိုင်းရှိုင်းမှုအပေါ် ယုံကြည်နိုင်ပါက တရားရေးနှင့် အုပ်ချုပ်ရေးနှစ်ခု ဖြစ်နေခြင်းကို ပယ်ဖျက်နိုင်ပေသည်။ အကယ်၍ ခေတ်ကာလတစ်ခုတွင် အုပ်ချုပ်သူများသည် သစ္စာရှိမှုနှင့် ဘာသာရေးကိုင်းရှိုင်းမှုအပေါ် မယုံကြည်ရပါက တရားစီရင်ရေးကို အုပ်ချုပ်ရေးနှင့် မသက်ဆိုင်စေဘဲ လွတ်လပ်စွာ ထားနိုင်ပေသည်။

တမန်တော်ဒါဝူးဒ် عليه السلام သည် မှန်မြတ်သည့် တမန်တော်တစ်ပါးဖြစ်၏။ သစ္စာရှိမှုနှင့် ဘာသာရေး ကိုင်းရှိုင်းမှုတွင် ထိုတမန်တော်ထက် ပိုသည်ဟု မည်သူ ကြွေးကြော်နိုင်သနည်း။ ထို့ကြောင့် ၎င်းတမန် တော်ကို တစ်ချိန်တည်း အုပ်ချုပ်မှုနှင့် တရားစီရင်ရေး နှစ်ခုစလုံး၏ ခေါင်းဆောင်ခန့်အပ်၍ ပြဿနာ များ ဆုံးဖြတ်ရန် တာဝန်ပေးခဲ့၏။ နဗီတမန်တော်များမှ လွဲ၍ ခလီဖာကြီးများသည်လည်း ဤနည်းလမ်း အတိုင်း လျှောက်လှမ်းခဲ့ကြသည်။ 'အမီရွလ်မုအ်မေနီးန်' ကိုယ်တိုင် တရားသူကြီးဖြစ်သည်။ နောင်တွင် အစ္စလာမ့်အုပ်ချုပ်သူများသည် ဤနည်းလမ်းကို ပြောင်း၍ 'အမီရွလ်မုအ်မေနီးန်' ကို အုပ်ချုပ်ရေး၊ တရား သူကြီးချုပ်ကို တရားစီရင်ရေး၏ ခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့ကြသည်။

ဤအာယသ်တော်တွင် တတိယလမ်းညွှန်မှုကို ပို၍ လေးနက်စွာ တင်ပြထားသည်မှာ စိတ်အလိုရမ္မက်နောက်သို့ မလိုက်လေနှင့်။ စာရင်းစစ်ဆေးမည့်နေ့ကို အချိန်တိုင်း ဂရုပြုပါ။ ဤလမ်းညွှန်မှုအပေါ် ပို၍ လေးနက်စွာ တင်ပြရခြင်းမှာ ဤအချက်သည် အမှန်တရား အစွန့်ရှည် ရပ်တည်နိုင်ရန် အုတ်မြစ်ဖြစ်သောကြောင့် ဖြစ်သည်။ အုပ်ချုပ်သူ (သို့) တရားသူကြီးမှာ စိတ်နှလုံးအတွင်းမှ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ နောင်တမလွန်အပေါ် သောကရှိသူဖြစ်လျှင်သာ အမှန်တကယ် တရားမျှတမှုနှင့် အမှန်တရားကို တည်တံ့နိုင်မာစေမည် ဖြစ်သည်။ ဤအချက်မရှိပါက မည်မျှကောင်းသော ဥပဒေများပင် ပြုထားလင့်ကစား လူ့စိတ်နှလုံး၏ ဆိုးသွမ်းမှုများသည် နေရာတိုင်း၌ မိမိ၏ လမ်းစကို ကိုယ်တိုင်ပြုလုပ်ပေသည်။ ၎င်းနောက် စိတ်အလိုလိုက်ခြင်း တည်ရှိနေသရွေ့ အကောင်းတကာ့ အကောင်းဆုံး ဥပဒေအစီအမံများသည်လည်း အမှန်တရားနှင့် တရားမျှတမှုကို မတည်ဆောက်ပေးနိုင်ပေ။ လောကသမိုင်းနှင့် မျက်မှောက်ခေတ် အခြေအနေတို့သည် ဤအချက်အပေါ် သက်သေခံလျက် ရှိပေသည်။

တာဝန်ရှိသည့် ရာထူးများတွင် ပထမဆုံး ကြည့်ရမည့်အချက်မှာ လူသား၏ စရိုက်ပင် ဖြစ်ခြင်း

ဤနေရာတွင် သိရှိရသည်မှာ တစ်ဦးတစ်ယောက်ကို အုပ်ချုပ်သူ တရားသူကြီး (သို့) ဌာနတစ်ခု၏ အကြီးအကဲခန့်အပ်ရန် ပထမဆုံး ကြည့်ရမည့်အချက်မှ ထိုသူသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သူနှင့် နောင်တမလွန်၏ သောကရှိသူ ဟုတ်၊ မဟုတ်။ ထို့နောက် ၎င်း၏ အကျင့်စာရိတ္တနှင့် လုပ်ဆောင်မှု အခြေအနေ မည်သို့ရှိသနည်း'ဟူသောအချက်အပေါ် ဖြစ်သည်။ အကယ်၍ ထိုသူ၏ စိတ်နှလုံးတွင် အလ္လာဟ်အသျှင်မြတ်အား ကြောက်စိတ်အစား စိတ်အလိုရမ္မက်များ လွှမ်းမိုးနေသည်ဟု ခံစားသိရှိရပါက မည်သို့မြင့်မားသည့် ဘွဲ့ထူးပင် ရှိပါစေ။ ပညာရပ်ပိုင်းဆိုင်ရာတွင် အလွန်ကျွမ်းကျင်သူဖြစ်ပါစေ၊ အစ္စလာမ်သာသနာတော်အရ ဤသို့သော သူသည် ကြီးမားသော ရာထူးနှင့် မထိုက်တန်ပေ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَمَا خَلَقْنَا السَّمَاءَ وَالْأَرْضَ وَمَا بَيْنَهُمَا بَاطِلًا ۚ
ذَٰلِكَ ظَنُّ الَّذِينَ كَفَرُوا ۚ فَوَيْلٌ لِّلَّذِينَ كَفَرُوا مِنَ النَّارِ ﴿٢٧﴾

၃၈ : ၂၇ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်နှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေ နှစ်ခု၏ အကြား၌ ရှိသည်တို့ကိုလည်းကောင်း အချည်းနှီး အကြောင်းမဲ့ ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပေ။ ဤသည် (အကြောင်းမဲ့ဟူ၍ ယူဆခြင်းမှာ) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏ ယူဆချက်ပင် (ဖြစ်၏။) သို့ဖြစ်ပေရာ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌ ငရဲမီးဖြင့် ပျက်စီးခြင်းသည် ရှိပေသည်။

أَمْ نَجْعَلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَالْمُفْسِدِينَ فِي الْأَرْضِ
أَمْ نَجْعَلُ الْمُتَّقِينَ كَالْفُجَّارِ ﴿٢٨﴾

၃၈ : ၂၈ ॥ ॥ ငါအသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက်၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အား တိုင်းပြည်ဝယ် သောင်းကျန်းဖျက်ဆီးမှုကို ပြုလုပ်ကြသော သူတို့ကဲ့သို့ ပြုလုပ်တော်မူပါမည်လော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့အား သွေဖည်ဆိုးသွမ်းသော သူတို့ကဲ့သို့ ပြုလုပ်တော်မူပါမည်လော။

كِتَابٌ أَنْزَلْنَاهُ إِلَيْكَ مُبَارَكٌ لِيَدَّبَّرُوا آيَاتِهِ وَلِيَتَذَكَّرَ أُولُو الْأَلْبَابِ ﴿٢٩﴾

၃၈ : ၂၉ ॥ ॥ (ဤသည်) အသင့်ထံသို့ ငါအသျှင်မြတ် ချပေးတော်မူခဲ့သော ကျမ်းဂန်တစ်စောင်ဖြစ်၏။ 'ဗရ်ကသ်' မင်္ဂလာနှင့် ပြည့်စုံသော (ယင်းကျမ်းဂန်ကို ချပေးတော်မူခြင်းမှာ) လူတို့သည် ယင်းကျမ်းဂန်၏ အာယသ်တော်များကို စဉ်းစားဆင်ခြင်ကြရန် အလို့ငှာလည်းကောင်း၊ အသိအမြင်ရှိသော သူတို့သည် တရားရယူကြရန် အလို့ငှာလည်းကောင်း ဖြစ်ပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပြင်၊ ၎င်းနောက် ထိုနှစ်ခုကြားရှိ အရာများကို အမြော်အမြင်မပါဘဲ ဖန်ဆင်းထားခြင်းမဟုတ် (သည်သာမက မြောက်မြားစွာသော အမြော်အမြင်တော်များ ရှိလေသည်။ ထိုအရာများဖြင့် အလ္လာဟ်တစ်ပါးတည်း တည်ရှိခြင်းနှင့် နောင်တမလွန် 'အာခိရသ်'ရှိကြောင်း အတည်ပြုချက်သည် အကြီးဆုံးသော အမြော်အမြင်ဖြစ်လေသည်။ အမြော်အမြင် ကင်းမဲ့သည်ဟု) ကာဖိရ်များကသာ ယူဆကြသည်။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းတည်ရှိခြင်း နောင်တမလွန် 'အာခိရသ်'၏ အပြစ်ဒဏ်နှင့် အစားပေးမှုများကို ငြင်းဆန်သူသည် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းခြင်း၏ အကြီးကျယ်ဆုံးသော အမြော်အမြင်တော်ကို ငြင်းဆန်သူသာ ဖြစ်သောကြောင့် ဖြစ်သည်။ သို့ရှိရာ ကာဖိရ်များအတွက် နောင်တမလွန်တွင် အလွန်တရာ ဆိုးကျိုးများ ရှိပေသည်။ (ဆိုလိုသည်မှာ 'သောင်ဟီးဒ်' ကို ငြင်းဆန်ခြင်းကြောင့် 'ဂျဟန္နမ်'မီး အသင့်ရှိပေသည်။ ၎င်းတို့၏ မှားယွင်းမှုတစ်ခုမှာ 'ကေယာမသ်'နေ့ကို ငြင်းဆန်ခြင်းဖြစ်သည်။ ကေန်စင်စစ် 'ကေယာမသ်'နေ့ကို ဖန်ဆင်းရသည့် အမြော်အမြင်တော်မှာ သူမွန်များကို အစားပေး၍ ဆိုးသွမ်းသူများကို အပြစ်ဒဏ်ခတ်ရန်အတွက် ဖြစ်သည်။ ယခု 'ကေယာမသ်' နေ့ကို ငြင်းဆန်ခြင်းသည် ထိုအမြော်အမြင်သည် အတည်မဖြစ်၍ အားလုံး အတူတူသာ ဖြစ်ကြောင်းကို အတည်ပြုရာ သက်ရောက်လေ၏။) ငါအသျှင်မြတ်သည် အီမာန်လက်ခံ၍ ကောင်းမှုပြုသူများကို ငြင်းဆန်မှု ပြုလုပ်၍ လောကတွင် ပြဿနာပြုလုပ်သူများနှင့် တူညီစေရမည်လော။ ငါအသျှင်

မြတ်သည် အပြစ်ရှောင်ကြဉ်သူများနှင့် အပြစ်ပြုလုပ်သူများကို ညီမျှစေရမည်လော။ (ဆိုလိုသည်မှာ ဤသို့ မဖြစ်နိုင်ပါ။ 'ကေယာမသ်'နေ့သည် မုချ ရောက်ရှိလာပေမည်။ သို့မှသာ ကောင်းမွန်သူများကို အစားပေး၍ ဆိုးသွမ်းသူများကို အပြစ်ဒဏ်ခတ်မည်ဖြစ်သည်။ ဤသို့ပင် အလ္လာဟ်တစ်ပါးတည်း ရှိခြင်း၊ နောင်တမလွန် ဘဝနှင့် နဗီတမန်တော်အပေါ် အီမာန်ယူရန်လည်း အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော်) ဤကုရ်အာန် ကျမ်းတော်မြတ်သည် မွန်မြတ်သော ကျမ်းဖြစ်၍ ငါအသျှင်မြတ်သည် တမန်တော်မြတ် ﷺ အပေါ်သို့ ချပေး ခဲ့ရခြင်းမှာ လူသားများ အာယသ်တော်များအပေါ် ဆင်ခြင်နိုင်ရန်အတွက် ဖြစ်သည်။ (ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ 'မုအ်ဂျေဇာဟ်'ဖြစ်ခြင်းနှင့် အကျိုးများသည့် အကြောင်းအရာများအပေါ်တွင် ဆင်ခြင်နိုင်ရန်ဖြစ်သည်။ စဉ်းစားဆင်ခြင်၍ ဇစ်မြစ်ကို သဘောပေါက်နားလည်ကာ) အသိတရားရှိသူများ အဆုံးအမကို ရယူရန် ဖြစ်သည်။ (ဆိုလိုသည်မှာ ကျင့်သုံးနိုင်ရန် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော်များ၏ သိမ်မွေ့နက်နဲသည့် အစီအစဉ်

အစ္စလာမ်သာသနာ၏ အခြေခံအုတ်မြစ် ယုံကြည်ချက်များနှင့် နောင်တမလွန်ကို အတည်ပြု တင်ပြ ထားခြင်းများသည် ဤအာယသ်တော်များ၌ ပါဝင်ပေသည်။ တမန်တော်ဒါဝူးဒ် (အ) နှင့် တမန်တော် ဆိုလိုင်မာန် (အ) တို့၏ အဖြစ်အပျက်များကြားတွင် အလွန်သိမ်မွေ့စွာ အစီအစဉ်တကျ လာရှိထားပေသည်။ အေမာမ်ရာဇီ (ရဟ) က မိန့်ဆိုသည်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် ဖွတ်တရွတ် စိတ်ကြောင့် မသိနားမလည်လျှင် ထိုသူ့ကို တင်ပြနေသည့် အကြောင်းအရာကို လွှတ်၍ မသက်ဆိုင်သော စကားရပ် များကို ပြောဆိုရပေမည်။ ထိုသူ၏ အသိဉာဏ်တွင် ပထမအကြောင်းအရာ ပျောက်သွားပြီး ပြောဆိုလျှက် ပင် ပထမအကြောင်းအရာကို လက်ခံလာနိုင်ရန် ပြောဆိုခြင်းမှာ အမြော်အမြင်ရှိသည့် နည်းလမ်းဖြစ်ပေသည်။ ဤနေရာတွင် နောင်ဘဝတည်ရှိကြောင်း ထိုနည်းလမ်းကို ရွေးချယ်၍ ရှင်းပြထားသည်။ တမန်တော် ဒါဝူးဒ် (အ) ၏ အဖြစ်အပျက် မတင်ပြမီအလျှင် ကာဖိရ်များ၏ ဖွတ်တရွတ်နိုင်မှုများကို တင်ပြထား ပေသည်။ ၄င်းကို

وَقَالُوا رَبَّنَاعَجِّلْ قِطَّنَا قَبْلَ يَوْمِ الْحِسَابِ

ဟူသော အာယသ်တော်ဖြင့် အဆုံးသတ်ထားသည်။ အာယသ်တော်၏ ဆိုလိုရင်းမှာ ကာဖိရ်တို့သည် နောင်တမလွန်ကို ငြင်းဆန်၍ ပြောင်လှောင်မှုပြုကြသည်။ အထက်ပါအာယသ်တော်၏နောက် ချက်ချင်းပင်

اِصْبِرْ عَلٰى مَا يَقُوْلُوْنَ وَاذْكُرْ عَبْدَنَا دَاوٗدَ

ဟု အမိန့်ရှိလိုက်သည်။ အာယသ်တော်၏ အလိုသဘောမှာ 'ထိုသူတို့၏ ပြောဆိုမှုများကို အသင် သည်းခံပါလေ။ ငါအသျှင်မြတ်၏ ဗန္ဒာဟ်၊ တမန်တော်ဒါဝူးဒ် (အ) ကို သတိရပါလေ'ဟူ၍ ဖြစ်သည်။

ဤသည်ဖြင့် စကားအသစ်တစ်ခု အစပြုလိုက်လေသည်။ သို့သော် တမန်တော်ဒါဝူးဒ် ﷺ ၏ အဖြစ်အပျက်ကို 'အို၊ တမန်တော်ဒါဝူးဒ်၊ အသင့်အား ငါအသျှင်မြတ်သည် လောကတွင် ကိုယ်စားလှယ်အဖြစ် သတ်မှတ်ခဲ့သည်။ သို့ရှိရာ အသင်က တရားမျှတစွာ ဆုံးဖြတ်ပါလေ' ဟူသော စကားဖြင့် အဆုံးသတ်ထားသည်။ ဤနေရာတွင် လွယ်လွယ်ကူကူ မသိနိုင်သော နည်းလမ်းဖြင့် နောင်တမလွန်တည်ရှိကြောင်း အတည်ပြု တင်ပြထားသည်။ လောကတွင် မိမိကိုယ်စားလှယ်ကို တရားမျှတမှုရှိစေရန် အမိန့်ပေးနေသော အသျှင်မြတ် ရှိပေသည်။ အလိုသဘောမှာ ဒုစရိုက်ကျူးလွန်သူများကို အပြစ်ဒဏ်ပေး၍ ကောင်းမှုပြုသူများကို အေးချမ်းစေတော်မူသည်။ ဤလောကတွင် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် တရားမျှတမှု မပြုလေသလော။ မုချကေန် အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်ရှိမှုအရ ကောင်းသူ၊ မကောင်းသူအားလုံးကို သိမ်းကျုံးခြိမ်းခြောက်ခြင်းမပြုဘဲ အပြစ်ကျူးလွန်သူများကို ပြစ်ဒဏ်ပေး၍ ကောင်းမှုပြုသူများကို ဆုလာဘ်များ ချီးမြှင့်တော်မူပေမည်။ ဤသည်သာလျှင် လောကကို ဖန်ဆင်းရခြင်း၏ ရည်ရွယ်ချက်ဖြစ်သည်။ ထိုအသျှင်မြတ်၏ ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန် 'ကေယာမသ်' နှင့် နောင်တမလွန် တည်ရှိခြင်းတို့သည် အမြော်အမြင်ရှိခြင်းသာ ဖြစ်ပေသည်။ နောင်တမလွန်ကို ငြင်းဆန်သူများသည် နှုတ်အားဖြင့် ဤလောကကြီးကို ရည်ရွယ်ချက်မဲ့ ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် ဖန်ဆင်းခဲ့သည်ဟု ပြောဆိုသူများသာ ဖြစ်သည်။ လောကတွင် ကောင်းသူ၊ ဆိုးသူအားလုံး ဘဝကို ဖြတ်သန်း၍ သေဆုံးသွားကြလိမ့်မည်။ မည်သူမှ စစ်ဆေးမေးမြန်းမည်မဟုတ်ဟုလည်း ပြောဆိုရာ ရောက်သည်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်ရှိမှုအပေါ် ယုံကြည်လက်ခံသူများသည် ဤကဲ့သို့သော စကားရပ်ကို မည်သည့်အခါမှ လက်ခံကြလိမ့်မည်မဟုတ်ပေ။

اَمْ نَجْعَلُ الَّذِيْنَ اٰمَنُوْا﴿الى قوله تعالى﴾ كَالْفُجَّارِ

(သို့ရှိရာ ငါအသျှင်မြတ်သည် အီမာန်လက်ခံ၍ ကောင်းမှုပြုသူများနှင့် လောကတွင် ပြဿနာပြုသူများကို တန်းတူပြုလုပ်ရမည်လော။ သို့မဟုတ် ရှောင်ကြဉ်သူများနှင့် ကျူးလွန်သူများကို တန်းတူပြုရမည်လော။) ဆိုလိုသည်မှာ ဤသို့ လုံးဝ မဖြစ်နိုင်သည်သာမက နှစ်ဦးစလုံး၏ ရလဒ်သည် လုံးဝ ကွဲလွဲပေမည်။ ဤအချက်ဖြင့် မုအ်မင်န်နှင့် ကာဖိရ်၏ ခြားနားချက်သည် နောင်တမလွန်၏ အမိန့်ပညတ်ချက်များအပေါ် မူတည်ကြောင်း သိရှိရပေသည်။ လောကတွင် ကာဖိရ်ကို မုအ်မင်န်ထက် ပို၍ စည်းစိမ်ဥစ္စာ ရရှိနိုင်သည်မှာလည်း ဖြစ်နိုင်ပေသည်။ ဤအချက်ဖြင့် 'ကာဖိရ်သည် လောကီရေး ရပိုင်ခွင့်များတွင် မုအ်မင်န်နှင့် မတူညီ' ဟူသော ရလဒ်လည်း မထုတ်နိုင်ပေ။ ထို့ပြင် ကာဖိရ်ကို မွတ်စ္စလင်မ်နှင့်အတူ လူသားရပိုင်ခွင့်များ ချီးမြှင့်ခံရနိုင်ပေသည်။ သို့ရှိရာ အစ္စလာမ်နိုင်ငံများတွင် ရှိသော မွတ်စ္စလင်မ်မဟုတ်သည့် လူနည်းစုသည် ကတိကဝတ်များဖြင့် နေထိုင်ကြလေသည်။ ၎င်းတို့၏ လူသားချင်းဆိုင်ရာ အခွင့်အရေးများကို မွတ်စ္စလင်မ်များနှင့် တူညီစွာ ပေးခဲ့လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَوَهَبْنَا لِدَاوُدَ سُلَيْمَانَ ۚ نِعْمَ الْعَبْدُ ۖ إِنَّهُ أَوَّابٌ ﴿٣٠﴾

၃၈ : ၃၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) ဒါဝူးဒ်အား (နဗီတမန်တော်) စုလိုက်မာန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ကေန်မလွဲ ၎င်း (စုလိုက်မာန်) သည် အထူးကောင်းမွန်သော ကျွန်တစ်ပါး ဖြစ်ခဲ့၏။ ကေန်မလွဲ စုလိုက်မာန်သည် (ငါအသျှင်မြတ်ထံတော်သို့) လွန်စွာ ပြန်လှည့်သူပင် ဖြစ်ခဲ့လေ၏။

إِذْ عُرِضَ عَلَيْهِ بِالْعَشِيِّ الصَّافِنَاتُ الْجِيَادُ ﴿٣١﴾

၃၈ : ၃၁ ။ ။ တစ်ရံရောအခါဝယ် လျှင်မြန်ပေါ့ပါးသော မျိုးကောင်းမြင်းများသည် ညနေချမ်းအချိန်၌ ၎င်း (စုလိုက်မာန်) ၏ ရှေ့ဝယ် တင်ပြခြင်းကို ခံခဲ့ကြရလေ၏။

فَقَالَ إِنِّي أَحْبَبْتُ حُبَّ الْخَيْرِ عَن ذِكْرِ رَبِّي حَتَّىٰ تَوَارَتْ بِالْحِجَابِ ﴿٣٢﴾

၃၈ : ၃၂ ။ ။ ထိုအခါဝယ် ၎င်း (စုလိုက်မာန်) က 'ငါသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကြောင့် မြောက်မြားစွာသော ပစ္စည်းများကို (တစ်နည်း) မြင်းများကို ခုံမင်မြတ်နိုးခြင်းကို နှစ်သက်တာဝန်ယူဆောင်ရွက်ခဲ့သည်' ဟု ပြောဆိုခဲ့လေ၏။ နောက်ဆုံးတွင် ထိုမြင်းများမှာ အကွယ်၌ ကွယ်ပျောက်၍ သွားခဲ့ကြလေ၏။

رُدُّوهَا عَلَيَّ ۖ فَطَفِقَ مَسْحًا بِالسُّوقِ وَالْأَعْنَاقِ ﴿٣٣﴾

၃၈ : ၃၃ ။ ။ (ထိုအခါ ၎င်းနဗီတမန်တော် စုလိုက်မာန်သည် မြင်းထိန်းတို့အား) 'အသင်တို့သည် ထိုမြင်းများကို ငါ၏ ရှေ့မှောက်ဝယ် ပြန်လည်၍ သွင်းခဲ့ကြလေကုန်' ဟု (အမိန့်ပေးခဲ့လေ၏။) ထို့နောက် (ထိုမြင်းများမှာ နဗီတမန်တော် စုလိုက်မာန်) ၏ ရှေ့ဝယ် ပြန်လည်၍ ရောက်ရှိကြသောအခါ) ၎င်းစုလိုက်မာန်သည် (ထိုမြင်းများ၏) ခြေသလုံးများ (ခြေထောက်များ) နှင့် လည်ကုပ်များကို စတင်ပွတ်သပ်ခြင်းအား ပြုလုပ်ခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် တမန်တော်ဒါဝူးဒ် عليه السلام ကို သားတော်ဆိုလိုင်မာန် عليه السلام အား ချီးမြှင့်ခဲ့သည်။ ကောင်းမွန်သော ဗန္ဓာဟ်ဖြစ်၍ (အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့) လွန်စွာ ပြန်လှည့်သူ ဖြစ်သည်။ (သို့ရှိရာ ၎င်း၏ အဖြစ်အပျက်သည်လည်း မှတ်သားဖွယ်ရာဖြစ်သည်။) ညနေခင်းအချိန်တွင် တမန်တော် စိုလိုင်မာန် عليه السلام ရှေ့မှောက်သို့ မျိုးကောင်းသည့် မြင်းများကို ပြသခဲ့၏။ (ထိုမြင်းများကို သာသနာ့စစ်ပွဲတွင် အသုံးပြုရန်အတွက် ထားခြင်းဖြစ်လေသည်။ ထိုမြင်းများကို ကြည့်ရှုရင်း နေဝင်ကုန်ဆုံးသွားသည့်အထိ အချိန်ကြာမြင့်သွားလေသည်။ စွဲစွဲမြဲမြဲ ဝတ်ပြုလေ့ရှိသော နမာဇ်ကဲ့သို့ 'အေဇာဒသ်' ပြုရန် လွတ်သွားလေသည်။ ဘုရင်ဟူသော အရှိန်အဝါကြောင့် လက်အောက်ငယ်သားများမှာ သတိပေးရန် မဝံ့ရဲကြပေ။ ကိုယ်တိုင်

သတိဝင်လာသောအခါ) ငါသည် ဤပစ္စည်းများ၏ အချစ်ကြောင့် မိမိအသျှင်မြတ်၏ သတိရမှု (နမာဇ်) မှ နေဝင်သည်အထိ မေ့လျော့သွားခဲ့သည်ဟု ဝမ်းနည်းစွာ ပြောဆိုလေသည်။ (ထို့နောက် လက်အောက်ငယ်သားများကို အမိန့်ပေးသည်မှာ) ထိုမြင်းများကို ငါ၏ ရှေ့သို့ ယူဆောင်လာပါ။ အမိန့်အတိုင်း ယူဆောင်လာသည့်အခါ ထိုမြင်းများ၏ ခြေသလုံးများနှင့် လည်ပင်းများကို ဓါးရှည်ဖြင့် ရှင်းပစ်လိုက်လေသည်။ (ဆိုလိုသည်မှာ သတ်ဖြတ်လိုက်လေသည်ဟူ၍ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ဤအာယသ်တော်များတွင် တမန်တော်စိုလိုက်မာန် عليه السلام ၏ အဖြစ်အပျက်တစ်ခုကို တင်ပြထားသည်။ ဤအဖြစ်အပျက်၏ ကျော်ကြားသည့် ရှင်းလင်းချက်မှာ အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်တွင် တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။ အချုပ်မှာ တမန်တော်စိုလိုက်မာန် عليه السلام သည် မြင်းများကို ကြည့်ရှုရင်း ဓလေ့တော်အဖြစ် အမြဲဖတ်လေ့ရှိသော 'အဆွရ်နမာဇ်' လွတ်သွားပေသည်။ နောင်တွင် သတိဝင်လာ၍ မြင်းများအားလုံးကို သတ်ပစ်လိုက်လေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်အား သတိရခြင်းတွင် အနှောင့်အယှက်ပေးသည့်အတွက် ဖြစ်သည်။ ဤနမာဇ်သည် 'နဖိလ်' ဖြစ်နိုင်ပေသည်။ ၎င်းနောက် 'နဖိလ်' ဖြစ်လျှင်မည်သို့မှ စောဒကမရှိ။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များသည် ဤမျှ မေ့လျော့ခြင်းကိုပင် ဖြည့်စွက်ရန် ကြိုးစားကြသည်။ 'ဖွရဇ်' နမာဇ်လည်း ဖြစ်နိုင်ပေသည်။ ကြည့်ရှုစစ်ဆေးခြင်းတွင် နစ်မွန်း၍ မေ့လျော့သွားသည့်အတွက် 'ဖွရဇ်' နမာဇ် 'ကဇွာ' ဖြစ်လျှင် အပြစ်မရှိပေ။ သို့သော် တမန်တော်စိုလိုက်မာန် عليه السلام သည် မြင့်မားသော မိမိအဆင့်အတန်းကို ထောက်ရှု၍ ဤသည်ကိုလည်း ဖြည့်စွက်တော်မူခဲ့ခြင်း ဖြစ်ပေသည်။ အထက်ပါအာယသ်တော်များ၏ ထိုရှင်းလင်းချက်ကို သဖ်စီးရ်ပညာရှင်အများစုက ဆင့်ပြန်ထားပေသည်။ ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) ကဲ့သို့ ကျွမ်းကျင်သည့် ပညာရှင်ကလည်း ထိုရှင်းလင်းချက်ကိုသာ ဦးစားပေးထားသည်။ အလ္လာမဟ်စုယူသွီး (ရဟ) က ထိုရှင်းလင်းချက်၏ အထောက်အထားအနေဖြင့် မုအ်ဂျမ်သွဗ်ရာနီ၊ အီစ်မာအီလီးနှင့် အိဗ်နေမရ်ဒဝီယာတို့၏ အညွှန်းဖြင့် မရ်ဖူးအ်ဟာဒီးစ်တော်တစ်ပါးကို ဆင့်ပြန်ထားပေသည်။

عن ابى بن كعب عن النبى ﷺ فى قوله فَطَفِقَ مَسْحًا بِالسُّوقِ وَالْاَعْنَاقِ
قال قطع سوقها واعناقها بالسيف

အလ္လာမဟ်စုယူသွီက ဤဟာဒီးစ်တော်၏ ဆင့်ပြန်ချက်ကို ဟာစန်ဖြစ်သည်ဟု သတ်မှတ်ထားသည်။ အလ္လာမဟ်ဟိုင်စမီ (ရဟ) က 'မဂျ်မုအုဇ္ဇဝါအိဒ်' ကျမ်းတွင် ဤဟာဒီးစ်တော်ကို တင်ပြပြီးနောက် ရေးသားထားသည်မှာ ဤဟာဒီးစ်တော်ကို သွဗ်ရာနီ (ရဟ) က 'အောင်ဆသွ်' ကျမ်းတွင် ဆင့်ပြန်ထားပေသည်။ ထိုဟာဒီးစ်တော်တွင် စအီဒ်ဗင်န်ဗရှီးရ်အမည်ရှိ ရာဝီတစ်ပါးရှိ၏။ ၎င်းကို အေမာမ်ရှုအ်ဗဟ် (ရဟ) အစရှိသူ

တို့က 'စေကာဟ်' (မှန်မှန်ကန်ကန် ဆင့်ပြန်သူ) ဟု သတ်မှတ်ထားသည်။ အဗ်နေမုအီးန် (ရဟ) အစရှိသည်တို့က 'ဇွအီးဖ်' (လျော့နည်းမှုရှိသူ) ဟု သတ်မှတ်ထားပေသည်။ ကျန်ဆင့်ပြန်သူအားလုံး ဟဒီးစ်ဆင့်ပြန်ရန် အရည်အချင်းပြည့်မီသူများ ဖြစ်သည်။ ဤ 'ဟဒီးစေမရ်ဖူးအ်'ကြောင့် အထက်ပါသဖ်စီးရ်သည် အတိုင်းအတာတစ်ခုအထိ ခိုင်လုံသွားလေသည်။ သို့သော် ဤရှင်းလင်းချက်အပေါ် အများအားဖြင့် ဤသို့ သံသယဝင်ကြသည်။ မြင်းများသည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသည့် ဆုလာဘ်တော်များ ဖြစ်သည်။ မိမိ၏ ပစ္စည်းဥစ္စာကို ဤသို့ ဖျက်ဆီးလိုက်ခြင်း၊ နဗီတစ်ပါး၏ ဂုဏ်သိက္ခာနှင့် မညီပေ။ သို့သော် သဖ်စီးရ်ပညာရှင်များက ဤဓောဒကအပေါ် အဖြေပေးထားသည်မှာ ၄င်းမြင်းများသည် တမန်တော်စိုလိုက်မာန် عليه السلام ၏ ကိုယ်ပိုင်မြင်းများ ဖြစ်သည်။ ၄င်းတို့၏ ရှရီအသ်တွင် နွား၊ ဆိတ်၊ ကုလားအုတ်ကဲ့သို့ပင် မြင်းများကိုလည်း 'ကုရ်ဘာနီ'ပြုပိုင်ပေသည်။ ထို့ကြောင့် တမန်တော်စိုလိုက်မာန် عليه السلام သည် မြင်းများကို ဖျက်ဆီးခြင်းမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် 'ကုရ်ဘာနီ' ပြုခြင်းသာ ဖြစ်သည်။ နွား၊ ဆိတ်တို့၏ 'ကုရ်ဘာနီ'သည် ဖျက်ဆီးရာမဟုတ်ဘဲ 'အေဗာဒသ်'၏ ကဏ္ဍတစ်ခုသာ ဖြစ်သကဲ့သို့ ဤနေရာ၌လည်း 'အေဗာဒသ်'အနေဖြင့် 'ကုရ်ဘာနီ'ပြုခဲ့ခြင်းသာ ဖြစ်သည်။

သဖ်စီးရ် ပညာရှင်အများစုက အထက်ပါအာယသ်တော်ကို ဤကဲ့သို့ပင် ရှင်းလင်းထား၏။ သို့သော် ဤအာယသ်တော်များ၏ အခြားရှင်းလင်းချက်တစ်ခု ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် رضي الله عنه သခင်ထံမှ ဆင့်ပြန်ထားသည်။ ထိုဆင့်ပြန်ချက်တွင် အဖြစ်အပျက်သည် ဆန့်ကျင်ဘက်ပုံစံများဖြင့် တင်ပြထားသည်။ ထိုရှင်းလင်းချက်အချုပ်မှာ တမန်တော်စိုလိုက်မာန် عليه السلام ရှေ့မှောက်သို့ 'ဂျီဟားဒ်'အတွက် အသင့်ပြင်ထားသော မြင်းများကို ပြသခဲ့၏။ ၄င်းတို့ကို တမန်တော်စိုလိုက်မာန် عليه السلام တွေ့မြင်၍ ပျော်ရွှင်သွား၏။ ထို့အတူ ငါသည် ဤမြင်းများနှင့် ချစ်ခင်မှု၊ အဆက်အသွယ်ထားရခြင်းမှာ လောကအချစ်ကြောင့် မဟုတ်ဘဲ မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်အား သတိရသည့်အတွက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤမြင်းများသည် သာသနာ့စစ်ပွဲအတွက် အသင့်ပြင်ထားခြင်း ဖြစ်သည်။ သာသနာ့စစ်ပွဲသည် အလွန်မြင့်မားသည့် 'အေဗာဒသ်' ဖြစ်သည်။ ထိုအချိန်တွင် မြင်းအုပ်စုတစ်ခုလုံးသည် တမန်တော်စိုလိုင်မာန်၏ အရှုမှ ပျောက်ကွယ်သွားသည်။ တမန်တော်စိုလိုက်မာန် عليه السلام က ထိုမြင်းများကို ရှေ့တော်မှောက်သို့ ပြန်လည်ယူဆောင်လာရန် အမိန့်ပေးရာ ရှေ့တော်မှောက်သို့ ရောက်ရှိလာခဲ့သည်။ ထိုမြင်းများ ပြန်လည်ရောက်ရှိလာသောအခါ တမန်တော်စိုလိုက်မာန် عليه السلام မှ မြင်းများ၏ လည်ဂုတ်များနှင့် ခြေသလုံးများကို ချစ်ခင်စွာ ပွတ်သပ်ပေးလေသည်။ ထိုရှင်းလင်းချက်နှင့်အညီ عَنْ ذِكْرِ رَبِّي တွင် عَنْ သည် အကြောင်းခံတင်ပြသော စာလုံးဖြစ်သည်။ تَوَارَتْ တွင် ရည်ညွှန်းနာမ်စားသည် မြင်းများဘက်သို့ ညွှန်းလေသည်။ ၄င်းနောက် مسح ၏ အဓိပ္ပာယ်သည် ဖြတ်ခြင်းမဟုတ်ဘဲ ချစ်၍ လက်ဖြင့် ပွတ်ခြင်းဖြစ်သည်။ ရှေးသဖ်စီးရ်ပညာရှင်များမှ ဟာဖိဇ်အိဗ်နေဂျရီးရ်သွဗ်ရီ (ရဟ) နှင့် အေမာမ်ရာဇီ (ရဟ) တို့က ဤသဖ်စီးရ်ကို ဦးစားပေးကြလေသည်။ အဘယ်ကြောင့်ဆိုသော် ဤရှင်းလင်းချက်တွင် ပစ္စည်းဥစ္စာ ဖျက်ဆီးသည်ဟု သံသယမဝင်

နိုင်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများကို ထောက်ရှုလျှင် ရှင်းလင်းချက်နှစ်ခုစလုံး ဖြစ်နိုင်ပေသည်။ သို့သော် ပထမရှင်းလင်းချက်တွင် 'ဟဒီးစေမရ်ဖူးအ်' ရှိ၍ ဆင့်ပြန်မှုသည်လည်း ခိုင်လုံမှန်ကန်ပေရာ ပို၍ မှန်ကန်နိုင်ကြောင်း အားဖြစ်သွားလေသည်။

နေမင်းပြန်လှည့်သည့် အဖြစ်အပျက်

အချို့ပညာရှင်များက ပထမရှင်းလင်းချက်ကို ရွေးချယ်၍ ဤသို့ ဆိုကြသည်။ 'အဆွရ်' နမာဇ် 'ကဇ္ဇာ' ဖြစ်ပြီးနောက် တမန်တော်စိုလိုက်မာန် ﷺ သည် အလ္လာဟ်အသျှင်မြတ် (သို့) ဖရစ်ရှ်သာဟ်များကို နေမင်းပြန်လည်ထွက်စေရန် တောင်းခံ၏။ သို့ရှိရာ နေမင်းပြန်ထွက်လာသည့်အတွက် မိမိ၏ လုပ်ရိုးလုပ်စဉ်ကို ပြီးမြောက်စေပြီးနောက် နေမင်းပြန်လည် ဝင်ရောက်သွားသည်။ ဤသဖ်စီးရ်ပညာရှင်များသည် رُدُّوْهَا တွင် ရှိသော ရည်ညွှန်းနာမ်စားသည် နေဘက်သို့ ရည်ညွှန်းသည်ဟု လက်ခံကြသည်။ အချို့သုတေသီ သဖ်စီးရ်ပညာရှင်များ ဥပမာ- အလ္လာမဟ်အာလူစီ (ရဟ) စသည်တို့က ဤအဖြစ်အပျက်ကို လက်မခံဘဲ رُدُّوْهَا တွင် ရှိသော ရည်ညွှန်းနာမ်စားသည် မြင်းများကို ရည်ညွှန်း၍ နေကို ရည်ညွှန်းခြင်းမဟုတ်။ အလ္လာဟ်အသျှင်မြတ် သည် နေကို ပြန်ထွက်နိုင်စေရန် မစွမ်းနိုင်ခြင်းကြောင့်မဟုတ်ဘဲ ဤအဖြစ်အပျက်သည် ကုရ်အာန်ကျမ်း တော်မြတ်တွင် အထောက်အထားမရှိခြင်းကြောင့် ဖြစ်သည်ဟူ၍ ပယ်ချလိုက်သည်။

[ရှုဟုလ်မအာနီကျမ်း]

အလ္လာဟ်အသျှင်မြတ်အား သတိရခြင်းကို မေ့လျော့ပါက မိမိအပေါ် အပြစ်ဒဏ်သတ်မှတ်ခြင်းသည် သာသနာတော်အရ အရှက်တရားရှိခြင်းသာ ဖြစ်ကြောင်း

မည်သို့ပင်ဆိုစေ ဤအဖြစ်အပျက်ဖြင့် သိရှိရသည်မှာ တစ်ချိန်ချိန်တွင် အလ္လာဟ်အသျှင်မြတ်အား သတိရတမ်းတခြင်းမှ မေ့လျော့သွားပါက မိမိ၏ စိတ်နှလုံးကို ဒဏ်ခတ်ရန်အတွက် 'မုဗာဟ်' လုပ်ငန်း တစ်ခုမှ မိမိကိုယ်ကို မပြုလုပ်ရန် ဒဏ်ခတ်ခြင်း ပိုင်၏။ ဆူဖီသူတော်စင်များ၏ အသုံးအနှုန်းတွင် ဤသို့ လုပ်ဆောင်ခြင်းကို (غيرت) ဟု ခေါ်ဆိုသည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

မိမိ၏ နှလုံးသားတွင် အကျင့်ကောင်းမွေးမြူရန် ဤကဲ့သို့ အပြစ်ဒဏ် သတ်မှတ်ခြင်းသည် နှလုံးသား ပြုပြင်ရာ၌ ဆေးတစ်လက်ဖြစ်သည်။ အထက်ပါ အဖြစ်အပျက်ဖြင့် ထိုသို့ လုပ်ပိုင်သည့်အပြင် 'မွတ်စ်သဟာဗ်' ဖြစ်ကြောင်းလည်း သိရှိရ၏။ တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်ထားသည်မှာ တစ်ကြိမ်တစ်ခါတွင် ဟဇရသ် အာဗူဂျဟမ်သည် 'ရှာမီ' ခြုံထည်တစ်ခု လက်ဆောင်ပေးရာ ထိုခြုံထည်တွင် ရုပ်ပုံများ ပါရှိနေပေသည်။ ထိုခြုံထည်ဖြင့် တမန်တော်မြတ် ﷺ နမာဇ်ဝတ်ပြုပြီးနောက် ဟဇရသ်အာအေရှာဟ် ؓ သခင်မထံ ရောက်လာ၍ 'ဤခြုံထည်ကို အာဗူဂျဟမ်အား ပြန်ပေးလိုက်ပါ။ အဘယ်ကြောင့်ဆိုသော် နမာဇ်တွင် ငါ၏ အရှု

သည် ထိုရုပ်ပုံများအပေါ်သို့ ကျရောက်သွားလေသည်။ ထို့ကြောင့် ဤရုပ်ပုံများသည် ငါကိုယ်တော်အား အနှောင့်အယှက်ဖြစ်စေသည်' ဟု မိန့်တော်မူလေသည်။ *[အဟ်ကာမုလ်ကုရ်အာန်ကျမ်း]*

ဤသို့ပင် ဟဇရသ်အဘူသွာလ်ဟာ ﷺ သည် တစ်ကြိမ်တစ်ခါ၌ မိမိဥယျာဉ်အတွင်း နမာဇ်ဝတ်ပြုနေစဉ် ငှက်တစ်ကောင်ကို ကြည့်ခြင်း၌ နစ်မွန်းသွားသောကြောင့် နမာဇ်တွင် အာရုံစူးစိုက်မှု မရှိတော့ပေ။ သို့ရှိရာ နမာဇ်ပြီးနောက် ထိုဆွဟာဗာဟ်ကြီးသည် ဥယျာဉ်တစ်ခုလုံးကို လှူဒါန်းပစ်လိုက်လေသည်။

သို့သော် ဤရည်ရွယ်ချက်အတွက် အပြစ်ဒဏ်ခတ်ရာတွင် ပြုပိုင်သောလုပ်ငန်း ဖြစ်ရမည်ကို ဂရုပြုသင့်ပေသည်။ ပစ္စည်းဥစ္စာတစ်စုံတစ်ရာကို အကြောင်းမဲ့ ဖျက်ဆီးပစ်ခြင်းမပိုင်။ သို့ရှိရာ ပစ္စည်းကို ဖျက်ဆီးပစ်သည့် လုပ်ရပ်များ မမှန်ကန်ပေ။ သူတော်စင်များထဲမှ ဟဇရသ်ရှစ်ဗ်လီ (ရဟ) သခင်သည် တစ်ကြိမ်တစ်ခါတွင် ဒဏ်ခတ်သည့်အနေဖြင့် မိမိ၏ အဝတ်အစားကို မီးရှို့လိုက်သည်။ သို့သော် သုတေသီ သူတော်စင်များအနက်မှ ရှိုက်ခ်အဗ်ဒုလ်ဝဟာဗ်ရှအ်ရာနီ (ရဟ) သခင် စသည့် ပညာရှင်တို့က ဤလုပ်ရပ်ကို မှန်ကန်သည်ဟု မသတ်မှတ်ပေ။ *[ရူဟုလ်မအာနီကျမ်း]*

ခေါင်းဆောင်အတွက် ကိုယ်တိုင် ပြည်တွင်းရေးရာများတွင် ကြီးကြပ်သင့်ခြင်းအကြောင်း

ဤအဖြစ်အပျက်ဖြင့် ဒုတိယအချက်တစ်ချက် သိရှိရသည်မှာ အုပ်ချုပ်ရေး တာဝန်ခံများ (သို့) အဆင့်မြင့် ရာထူးရှိသူများသည် မိမိ၏ လက်အောက်ရှိ ဌာနခွဲများအပေါ် ကိုယ်တိုင် ကြီးကြပ်ရပေမည်။ မိမိ၏ လက်အောက်ငယ်သားများဖြင့်သာ လွှဲအပ်မထားရပေ။ တမန်တော်စိုလိုက်မာန် ﷺ သည် များပြားလှသည့် လက်အောက်ငယ်သားများရှိသော်လည်း ကိုယ်တိုင် မြင်းများကို ကြည့်ရှုရခြင်းမှာ အထက်ပါအကြောင်းကြောင့် ဖြစ်သည်။ ခိုလဖွာအေရာရှေဒီးန် (ခလီဖာဟ်ကြီးလေးပါး) များ အထူးသဖြင့် ဟဇရသ်အုမရ် ﷺ သခင်၏ လုပ်ဆောင်ချက်မှာလည်း ဤအတိုင်းပင် ဖြစ်သည်။

'အေဗာဒသ်'တစ်ခု၏ အချိန်တွင် အခြား 'အေဗာဒသ်' တစ်ခု ပြုခြင်း မှားယွင်းခြင်း

ဤအဖြစ်အပျက်ဖြင့် တတိယအချက်အနေဖြင့် သိရှိရသည်မှာ အချိန်သတ်မှတ်ချက် ရှိသော 'အေဗာဒသ်' တစ်ခု၏ အချိန်ကို အခြား 'အေဗာဒသ်' တစ်ခုအတွက် အသုံးမပြုရပေ။ သာသနာ့စစ်ပွဲအတွက် မြင်းများကို ကြည့်ရှုစစ်ဆေးခြင်းသည် ကြီးကျယ်သော 'အေဗာဒသ်' ဖြစ်ကြောင်း ပေါ်လွင်သော်လည်း ထိုအချိန်သည် အထက်ပါ 'အေဗာဒသ်' အစား နမာဇ်အချိန်ဖြစ်နေသည်။ ထို့ကြောင့် တမန်တော်စိုလိုက်မာန် ﷺ သည် ဤ လုပ်ရပ်ကို အမှားဟု သတ်မှတ်၍ ထိုလုပ်ရပ်အပေါ် ပြန်လည်ဖြည့်စွက်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဟနဖီဖိကာဟ်ပညာရှင်များက 'ဂျုမုအာဟ်အဇာန်' ပေးပြီးနောက် အရောင်းအဝယ်တွင် နစ်မွန်းခြင်း မပိုင်သကဲ့သို့ 'ဂျုမုအာဟ်' နမာဇ်အတွက် ပြင်ဆင်မှုမှလွဲသည့် မည်သည့်လုပ်ရပ်မဆို ကုရ်အာန်ဖတ်ခြင်းဖြစ်စေ၊ 'နဖိလ်' နမာဇ်ဖတ်ခြင်းဖြစ်စေ စသည်တို့တွင် နစ်မွန်းခြင်းမပိုင်ဟု ရေးသားထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ فَتَنَّا سُلَيْمٰنَ وَاَلْقَيْنَا عَلٰى كُرْسِيِّهٖ جَسَدًا ثُمَّ اَنَابَ ۝٣٤

၃၈ : ၃၄ ॥ ॥ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် (နဗီတမန်တော်) စုလိုက်မာန်အား စမ်းသပ်တော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် ၎င်း၏ ပလ္လင်ပေါ်ဝယ် ခန္ဓာကိုယ်တစ်ခုကို ချပေးထားတော်မူခဲ့၏။ သို့ရှိရာ ၎င်း (စုလိုက်မာန်) သည် (ငါအသျှင်မြတ်ထံတော်သို့) ပြန်လှည့်ခဲ့လေ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် တမန်တော်စိုလိုက်မာန် عليه السلام ကို (အခြားနောက်တစ်မျိုးဖြင့်) စမ်းသပ်ခဲ့၏။ ငါအသျှင်မြတ်သည် ၎င်း၏ ပလ္လင်ပေါ်တွင် ခန္ဓာကိုယ်တစ်ခု တင်ခဲ့၏။ ထို့နောက် တမန်တော်စိုလိုက်မာန် عليه السلام သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်ခဲ့လေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်စိုလိုက်မာန် عليه السلام ကို စမ်းသပ်မှု အခြားတစ်ခုကို ပြုခဲ့ကြောင်း တင်ပြထားသည်။ ဤစမ်းသပ်မှုတွင် ခန္ဓာကိုယ်တစ်ခု တမန်တော်စိုလိုက်မာန် عليه السلام ၏ ပလ္လင်ပေါ်တွင် တင်ခဲ့သည်ဟုသာ တင်ပြထားသည်။ မည်သည့်ခန္ဓာကိုယ်ဖြစ်သည်၊ ပလ္လင်ပေါ်တွင် တင်သည့် အလိုသဘောသည် မည်သို့နည်း။ ထိုသို့ တင်ပြခြင်းဖြင့် စမ်းသပ်မှုသည် မည်သို့ ဖြစ်သည် စသည့် အချက်များနှင့် ပတ်သက်၍ အကျယ်တဝင့် တင်ပြချက်များ ကုရ်အာန်ကျမ်းတော်မြတ်၌ မရှိ။ မှန်ကန်သည့် ဟဒီးစ်တော်များ၌လည်း တင်ပြထားခြင်းမရှိပေ။ ထို့ကြောင့် အချို့သုတေသီ သဖ်စီးရ်ပညာရှင်များမှ ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) က ဤနေရာတွင်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် အကျဉ်းချုံးသာ တင်ပြထားသည့်အတွက် အကျယ်တဝင့်အကြောင်းအရာကို စူးစမ်းရှာဖွေရန် မလိုအပ်ဟု ယူဆ၏။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်စိုလိုက်မာန် عليه السلام အား စမ်းသပ်မှုတစ်ခု ပြုပြီးနောက် တမန်တော်စိုလိုင်မာန် عليه السلام သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပိုမိုလှည့်ခဲ့သည်ဟူသော စကားရပ်အပေါ် ယုံကြည်ရပေမည်။ ၎င်းပြင် ကုရ်အာန်ကျမ်းတော်မြတ်၏ မူရင်းရည်ရွယ်ချက်သည်လည်း ဤမျှ တင်ပြခြင်းဖြင့် ပြည့်ဝသွားလေသည်ဟု တင်ပြထားသည်။ အချို့သဖ်စီးရ်ပညာရှင်များက ဤစမ်းသပ်ချက်ကို ရှာဖွေရန် ကြိုးစားကြသည်။ ဤစမ်းသပ်ချက်နှင့် ပတ်သက်၍ ဖြစ်နိုင်ချေအမျိုးမျိုးကို တင်ပြကြလေသည်။ ထိုအနက်မှ အချို့သော ဖြစ်နိုင်ချေများမှာ အီစ်ရာအီးလီ (ယဟူဒီတို့၏ လုပ်ကြံတင်ပြချက်) ဆင့်ပြန်ချက်များမှ ကောက်နုတ်တင်ပြထားခြင်း ဖြစ်သည်။ ဥပမာ- တမန်တော်စိုလိုက်မာန် عليه السلام ၏ အစိုးရလျှို့ဝှက်ချက်များမှာ ၎င်း၏ လက်စွပ်အတွင်း၌ ရှိသည်။ တစ်နေ့တွင် ရှိုက်သွာန်သည် ထိုလက်စွပ်ကို ရယူလိုက်၏။ ထိုလက်စွပ်ကြောင့် ရှိုက်သွာန်သည် တမန်တော်စိုလိုက်မာန် عليه السلام ၏ ရုပ်ဖြင့် ပလ္လင်ပေါ်

တွင် ထိုင်၍ အုပ်ချုပ်လေရာ ရက် (၄၀) နောက်မှ တမန်တော်စိုလိုက်မာန် عليه السلام သည် ထိုလက်စွပ်ကို ငါး၏ ဝမ်းတွင်းမှ ရရှိလေသည်။ ထို့နောက်တစ်ဖန် အုပ်ချုပ်မှုကို ပြန်လည် သိမ်းပိုက်လေသည်။ ဤဆင့်ပြန်ချက်သည် အပိုအကြောင်းအရာများနှင့်အတူ သဖ်စီးရ်ကျမ်း အတော်များများတွင် လာရှိလေသည်။ သို့ရာတွင် ဟာဖိဇ်အိဗ်နေကစီးရ် (ရဟ) က ဤကဲ့သို့သော ဆင့်ပြန်ချက်များကို အိစ်ရာအီလီ (ယဟူဒီတို့၏ လုပ်ကြံတင်ပြချက်) ဆင့်ပြန်ချက်များဟု သတ်မှတ်၍ ရေးသားထားသည်မှာ ကျမ်းရသူများတွင် အုပ်စုတစ်စုသည် တမန်တော်စိုလိုက်မာန် عليه السلام ကို နဗီအဖြစ် လက်မခံကြပေ။ ဤတင်ပြချက်များသည် ၎င်းတို့၏ လုပ်ကြံတင်ပြချက်များသာ ဖြစ်ကြောင်း ပေါ်လွင်ပါသည်ဟူ၍ ဖြစ်သည်။

[သဖ်စီးရ်ကစီးရ်၊ တွဲ-၄၊ စာ-၃၆။]

သို့ရှိရာ ဤကဲ့သို့သော ဆင့်ပြန်ချက်များကို ကုရ်အာန် ကျမ်းတော်မြတ်၏ သဖ်စီးရ်ဟု ပြောဆိုခြင်း မည်သို့မှ မမှန်ကန်နိုင်ပေ။

တမန်တော်စိုလိုက်မာန် عليه السلام ၏ အခြားအဖြစ်အပျက်တစ်ခုကို ဘိုခါရီကျမ်း၌ တင်ပြထားသည်။ အချို့သဖ်စီးရ်ပညာရှင်များက ဤအဖြစ်အပျက်၏ အချို့အစိတ်အပိုင်းများသည် ကုရ်အာန်ကျမ်းတော်မြတ်ရှိ အထက်ပါအာယသ်တော်နှင့် နီးစပ်သည်ကို တွေ့မြင်၍ ထိုအကြောင်းအရာကို အာယသ်တော်၏ သဖ်စီးရ်ဟု သတ်မှတ်ကြသည်။ ထိုအကြောင်းရာမှာ တမန်တော်စိုလိုက်မာန် عليه السلام သည် တစ်ခါသော် မိမိ၏ အတွေးတစ်ခုကို ထုတ်ဖော် အမိန့်ရှိခဲ့သည်မှာ 'ယနေ့ညတွင် ငါကိုယ်တော်သည် မိမိ၏ ဇနီးများဖြင့် ပေါင်းသင်း၍ မိန်းမတိုင်းမှ ကလေးတစ်ယောက်စီ ရ၍ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် 'ဂျီးဟာဒ်' ပြုကြလိမ့်မည်။' သို့သော် ဤဆန္ဒကို ပြောဆိုသည့်အချိန် 'အင်န်ရှာအလ္လာဟ်' ပြောဆိုရန် မေ့သွား၏။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဤထူးကဲသော နဗီတမန်တော်မှ ဤလွဲချော်မှုကို မနှစ်သက်ပေ။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်စိုလိုက်မာန် عليه السلام ၏ ပြောဆိုမှုကို လွဲမှားကြောင်း ပြသရန် ဇနီးများထဲမှ ဇနီးတစ်ဦးထံ၌သာ အသက်မရှိဘဲ ကိုယ်တစ်ခြမ်းသာ ရှိသော ကလေးကို မွေးဖွားခဲ့သည်။ အချို့သဖ်စီးရ်ပညာရှင်များက ဤအဖြစ်ကို အာယသ်တော်နှင့် ဆက်စပ်၍ ပလ္လင်ပေါ်တွင် ခန္ဓာကိုယ်ပိုင်း တင်ထားသည့် အလိုသဘောမှာ 'တမန်တော်စိုလိုက်မာန် عليه السلام ၏ အခိုင်းအစေတစ်ဦးသည် ဤကလေးကို ပလ္လင်ပေါ်၌ လာရောက် တင်ထားသည်' ဟု တင်ပြကြသည်။ တမန်တော်စိုလိုက်မာန် عليه السلام သည် ဤသည်ကို တွေ့ရှိ၍ 'အင်န်ရှာအလ္လာဟ်' မပြောဆိုသည့်အတွက် ဤသို့ ဖြစ်ရသည်ဟု သတိဝင်လာလေသည်။ သို့ရှိရာ တမန်တော်စိုလိုင်မာန် عليه السلام သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်တော်မူ၍ မိမိ၏ လွဲမှားမှုအပေါ် ခွင့်လွှတ်တော်မူပါရန် တောင်းခံလေသည်။ ဤရှင်းလင်းချက်ကို မြောက်မြားစွာသော သုတေသီများ ဥပမာအနေဖြင့် ကာဇ္ဇီအဗုလ်စအူးဒ် (ရပ) နှင့် အလ္လာမဟ်အာလူစီး (ရဟ) အစရှိသော သဖ်စီးရ်ပညာရှင်များက လက်ခံကြပေသည်။ ဟာဇရသ်ထာနဝီ (ရဟ) သည်လည်း ဗယာနုလ်ကုရ်အာန်ကျမ်းတွင် ဤတင်ပြချက်နှင့်အညီ ရှင်းလင်းထားပေသည်။ သို့သော် ဧကန်စင်စစ် အထက်ပါအဖြစ်အပျက်ကို အာယသ်တော်၏ သဖ်စီးရ်ဖြစ်သည်ဟု ယတိပြတ် မပြောဆိုနိုင်ပေ။ အကြောင်းမှာ ဤအဖြစ်အပျက်နှင့် ပတ်သက်၍ လာရှိ

သည့် ဆင့်ပြန်ချက်များတွင် တမန်တော်မြတ် ﷺ မှ ထိုအကြောင်းအရာသည် အာယသ်တော်၏ သဖ်စီးရ် ဖြစ်သည်ဟု ရည်ညွှန်းထားသည့် နိမိတ်လက္ခဏာ လုံး၀ မပါရှိသောကြောင့် ဖြစ်ပေသည်။

အေမာမ်ဘိုခါရီ (ရဟ) သည်လည်း ဤဟဒီးစ်ကို 'ဂျိဟားဒ်'ကဏ္ဍ၊ နဗီတမန်တော်များကဏ္ဍ၊ ကျိန်ဆိုခြင်းနှင့် ကိုးခြင်းကဏ္ဍ အစရှိသည့် ကဏ္ဍများတွင် နည်းလမ်းအသွယ်သွယ်ဖြင့် တင်ပြထားပေသည်။ သို့သော် သဖ်စီးရ်ကဏ္ဍတွင် စူရာဟ်ဆွားဒ်၏ သဖ်စီးရ်အောက်၌ တင်ပြထားခြင်း မရှိပေ။

ထို့ပြင် وَهَبْ لِى مُلْكًا ဟူသော အာယသ်တော်၏ အောက်တွင် အခြားဆင့်ပြန်ချက်တစ်ရပ် တင်ပြထား၍ အထက်ပါဟဒီးစ်အကြောင်း လုံး၀ ရည်ညွှန်းမထားပေ။ ထို့ကြောင့် အေမာမ်ဘိုခါရီ (ရဟ) ထံပါးတွင်လည်း ဤအဖြစ်အပျက်သည် ထိုအာယသ်တော်၏ သဖ်စီးရ်မဟုတ်ဟု သိရှိပေသည်။ ထို့ပြင် နဗီတမန်တော်များ၏ အခြားအခြားသော အဖြစ်အပျက်များကို တမန်တော်မြတ် ﷺ မှ တင်ပြခဲ့သကဲ့သို့ ဤသည်ကိုလည်း သီးခြား အဖြစ်အပျက်တစ်ခုအနေဖြင့်သာ တင်ပြခဲ့ခြင်းဖြစ်သည်။ အာယသ်တော်တစ်ခုခု ၏ သဖ်စီးရ်ဖြစ်ရန် အရေးမကြီးပေ။

တတိယရှင်းလင်းချက်ကို အေမာမ်ရာဇီ (ရဟ) စသည့် ပညာရှင်များက တင်ပြထားသည်မှာ တစ်ကြိမ်သော် တမန်တော်စိုလိုက်မာန် عليه السلام သည် အလွန် မကျန်းမမာဖြစ်ခြင်းကြောင့် အားအလွန် နည်းသွားလေရာ ပလ္လင်ပေါ်တွင် ထိုင်ပေးလိုက်သည့် အချိန်တွင် အသက်မဲ့ ခန္ဓာကိုယ်ကဲ့သို့ ထင်ရလေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ကျန်းမာရေး ချီးမြှင့်လိုက်လေသည်။ ထိုအချိန် တမန်တော်စိုလိုက်မာန် عليه السلام မှ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်၍ ကျေးဇူးတင်ပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့်လည်း တောင်းခံ၍ ဆက်လက်ပြီး ပြိုင်စံကင်းသည့် အုပ်ချုပ်မှုဖြစ်ရန်အတွက်လည်း ဒိုအာတောင်းခံခဲ့သည်။ သို့သော် ဤရှင်းလင်းချက်များသည်လည်း အထင်တစ်ခုသာ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများနှင့် လည်း ဆက်နွယ်မှုမရှိပေ။ ဆင့်ပြန်ချက်များဖြင့် အထောက်အထားမရှိပေ။ အမှန်မှာ အာယသ်တော်မှ ရည်ညွှန်းသည့် အဖြစ်အပျက်ကို သေချာသည့် အကျယ်တ၀င့် ကိစ္စရပ်များ သိရှိနိုင်ရန် ကျွန်ုပ်တို့ထံတွင် နည်းလမ်းမရှိပေ။ ထို့ပြင် တာ၀န်လည်း မရှိပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် တမန်တော် စိုလိုက်မာန် عليه السلام ကို စမ်းသပ်မှုတစ်ခု ပြုတော်မူခဲ့သည်။ ထို့နောက် တမန်တော်စိုလိုက်မာန် عليه السلام သည် 'အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်သည့်စိတ်ဓါတ် ပိုမို ပြင်းထန်လာလေသည်' ဟူသော အချက်အပေါ် ယုံကြည်ခြင်းဖြင့် လုံလောက်ပေသည်။ ဤအဖြစ်အပျက်ကို တင်ပြရခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူသား အားလုံး ဒုက္ခတစ်ခု (သို့) စမ်းသပ်မှုတစ်ခုခု ကြုံတွေ့ရလျှင် တမန်တော်စိုလိုက်မာန် عليه السلام ကဲ့သို့ ပထမ ထက် ပို၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုသင့်ကြကြောင်း နှိုးဆော်ရန်အတွက် ဖြစ်သည်။ တမန်တော်စိုလိုက်မာန် عليه السلام အား စမ်းသပ်မှုနှင့်ပတ်သက်သည့် အကျယ်တ၀င့် အကြောင်းအရာကို အလ္လာဟ် အသျှင်မြတ်ထံတော်၌သာ အပ်နှံထားရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالَ رَبِّ اغْفِرْ لِي وَهَبْ لِي مُلْكًا لَّا يَنبَغِي لِأَحَدٍ مِّن بَعْدِي ۖ إِنَّكَ أَنتَ الْوَهَّابُ ﴿٣٥﴾

၃၈ : ၃၅ ။ ။ ၎င်း (စုလိုက်မာန်) သည် လျှောက်ထားပန်ကြားခဲ့လေ၏။ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာ ပေးတော်မူပါ။ ၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးမှအပ မည်သူတစ်ဦးတစ်ယောက်မျှပင် မရထိုက်သော စိုးမိုးအုပ်ချုပ်မှုမျိုးကို ကျွန်တော်မျိုးအား ချီးမြှင့်တော်မူပါ။ ဧကန်စင်စစ် အသျှင်မြတ်သည် လွန်စွာ ရက်ရောစွာ ပေးကမ်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။'

فَسَخَّرْنَا لَهُ الرِّيحَ تَجْرِي بِأَمْرِهِ رُخَاءً حَيْثُ أَصَابَ ﴿٣٦﴾

၃၈ : ၃၆ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (စုလိုက်မာန်) အဖို့ လေကို ၎င်း၏ လက်အောက်ခံအဖြစ် ဆောင်ရွက်စေတော်မူခဲ့ရာ၊ ထိုလေသည် ၎င်း (စုလိုက်မာန်) အလိုရှိရာအရပ်သို့ ၎င်း၏ အမိန့်နှင့် ညင်သာစွာ တိုက်ခတ်သွားလာနေခဲ့၏။

وَالشَّيَاطِينَ كُلَّ بَنَّاءٍ وَغَوَّاصٍ ﴿٣٧﴾

၃၈ : ၃၇ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည် ဆိုးသွမ်းသော 'ဂျင်န်' များ (တစ်နည်း) အဆောက်အအုံ ဆောက်သူတိုင်းကိုလည်းကောင်း၊ ရေငုပ်သူတိုင်းကိုလည်းကောင်း။

وَآخَرِينَ مُقَرَّنِينَ فِي الْأَصْفَادِ ﴿٣٨﴾

၃၈ : ၃၈ ။ ။ သံကြိုးများဖြင့် ပူးတွဲတုပ်နှောင်ထားခြင်း ခံကြရသော အခြား 'ဂျင်န်' တို့ကိုလည်းကောင်း၊ (ထိုစုလိုက်မာန်၏ လက်အောက်ခံများအဖြစ် ဆောင်ရွက်စေတော်မူခဲ့၏။)

هَٰذَا عَطَاؤُنَا فَامْنُنْ أَوْ أَمْسِكْ بِغَيْرِ حِسَابٍ ﴿٣٩﴾

၃၈ : ၃၉ ။ ။ (၎င်းပြင် ငါအသျှင်မြတ်သည် စုလိုက်မာန်အား မိန့်ကြားတော်မူခဲ့၏။) ဤသည် ငါအသျှင်မြတ်၏ ဆုလာဘ်ကျေးဇူးတော်ပင် ဖြစ်၏။ သို့ရာတွင် အသင်သည် (တစ်ဦးတစ်ယောက်အား) ပေးကမ်းသည်ဖြစ်စေ၊ မပေးဘဲနေသည်ဖြစ်စေ မည်သို့မျှ စာရင်းရှင်းရန် မလိုပေ။

وَإِنَّ لَهُ عِندَنَا لَزُلْفَىٰ وَحُسْنَ مَآبٍ ﴿٤٠﴾

၃၈ : ၄၀ ။ ။ အမှန်စင်စစ် ၎င်း (စုလိုက်မာန်) ၌ ငါအသျှင်မြတ်၏ ထံတော်တွင် (အထူး) အဆင့်အတန်းနှင့် ကောင်းမြတ်သော နောက်ဆုံးအကျိုးဆက်သည် အမှန်ပင် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တမန်တော်စုလိုက်မာန် عليه السلام သည် အလ္လာဟ်အသျှင်မြတ်ထက်ထံတော်၌) ဒိုအာပြုသည်မှာ 'အို ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုး ပြုမိခဲ့သည့် အပြစ်များကို ခွင့်လွှတ်

တော်မူပါ။ ဆက်လက်၍လည်း ကျွန်တော်မျိုး၏ခေတ်၌ ကျွန်တော်မျိုးမှလွဲ၍ မည်သူမှ မရရှိနိုင်သော အုပ်ချုပ်ရေး ပေးသနားတော်မူပါ။ (အကွယ်မှ အားအင်ဓန ချီးမြှင့်မှုများ ပေးသနားတော်မူပါရန်လည်း ကောင်း၊ လက်ရှိဘုရင်များမှ ကျွန်ုပ်နှင့် ရင်ဆိုင်နိုင်စွမ်း မရှိရလောက်အောင် အလ္လာဟ်အသျှင်မြတ်မှ ဖိနှိပ်ပေးတော်မူပါရန်လည်းကောင်း အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ပေးကမ်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အလ္လာဟ်အသျှင်မြတ်သည် ထိုဒိုအာကို လက်ခံတော်မူရန် အခက်အခဲ တစ်စုံတစ်ရာ မရှိပါ။) သို့ရှိရာ (ငါအသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံ၍ အမှားများကိုလည်း ခွင့်လွှတ်ပေးသနားတော်မူခဲ့လေသည်။) ငါအသျှင်မြတ်သည် လေကို ၎င်း၏ အမိန့်နာခံစေခဲ့သည်။ တမန်တော်စိုလိုက်မာန် ﷺ ၏ အမိန့်ဖြင့် သွားလိုရာကို နူးညံ့စွာ သွားစေလေသည်။ (ထို့ကြောင့် မြင်းများ မလိုအပ်တော့ပေ။) 'ဂျင်န်'များကိုလည်း ၎င်း၏ နောက်လိုက်များ ဖြစ်စေခဲ့လေသည်။ ဆိုလိုသည်မှာ ဆောက်လုပ်သူများအဖြစ်နှင့်သော်လည်းကောင်း၊ ပုလဲရှာဖွေရန် ရေကူးကျွမ်းကျင်သူများအဖြစ်လည်းကောင်း၊ ၎င်းပြင် သံကြိုးများတွင် တုပ်နှောင်ခံထားရသည့် 'ဂျင်န်'များ စသည်အားလုံးတို့ကို ၎င်း၏ နောက်လိုက် ဖြစ်စေခဲ့သည်။ (သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို မလုပ်ဆောင်ပါက (သို့) လစ်ဟင်းမှုပြုပါက ထောင်ဒဏ်ချမှတ်သည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ဤအရာများ ချီးမြှင့်၍ မိန့်တော်မူသည်မှာ) ဤသည် ငါအသျှင်မြတ်၏ ဆုလာဘ်ကျေးဇူးတော်ပင် ဖြစ်၏။ သို့ရာတွင် အသင်သည် တစ်ဦးတစ်ယောက်အား ပေးကမ်းသည်ဖြစ်စေ၊ မပေးဘဲ နေသည်ဖြစ်စေ မည်သို့မျှ စာရင်းရှင်းရန်မလို။ စစ်ဆေးလိမ့်မည် မဟုတ်။ (ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် အသင့်အား ချီးမြှင့်သည့် အရာများနှင့် ပတ်သက်၍ အသင်သည် အခြားဘုရင်များကဲ့သို့ ဘဏ္ဍာရေးတာဝန်ခံနှင့် စီမံသူအဖြစ်သာမဟုတ်ဘဲ အသင့်အား အပိုင်ပေးလိုက်ခြင်း ဖြစ်သည်။ လောကတွင် ချီးမြှင့်သည့် ပစ္စည်းများအပြင်) တမန်တော်စိုလိုက်မာန်အဖို့ ငါအသျှင်မြတ်၏ ထံတော်ပါးတွင် သီးခြား နီးကပ်မှုနှင့် အဆင့်အတန်းမြင့်မားသည့် ရလဒ်ကောင်းလည်း ရှိပေသည်။ (ဤအကျိုးဆက်ကို အပြည့်အဝ နောင်တမလွန်တွင် ထင်ထင်ရှားရှား တွေ့မြင်ရမည် ဖြစ်ပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

هَبْ لِي مُلْكًا لَا يَنْبَغِي لِأَحَدٍ مِّنْ بَعْدِي

(ကျွန်ုပ်၏နောက်တွင် မည်သူမျှ မရရှိနိုင်သည့် အုပ်ချုပ်မှုမျိုး ကျွန်တော်မျိုးအား ချီးမြှင့်တော်မူပါ။) ထိုဒိုအာ၏ အလိုသဘောကို အချို့သဖ်စီးရ်ပညာရှင်များက ဤသို့ တင်ပြထား၏။ ကျွန်ုပ်၏ ခေတ်ကာလတွင် ကျွန်ုပ်ကဲ့သို့ အရှိန်အဝါကြီးသည့် အုပ်ချုပ်မှုမျိုး အခြားသူကို မချီးမြှင့်ပါနှင့်'ဟူ၍ ဖြစ်သည်။ (ဆိုလိုသည်မှာ ထိုပညာရှင်များထံ ကျွန်ုပ်၏ နောက်ဟူသည် ကျွန်တော်မှလွဲ၍ဟု ဖြစ်သည်။) ဟဇရသ် ထာနဝီ (ရဟ) ကလည်း ဤသည်နှင့်အညီ ဘာသာပြန်ဆိုထားသည်။ သို့သော် သဖ်စီးရ်ပညာရှင် အများစုက 'ကျွန်ုပ်၏နောက် မည်သူ့ကိုမှ ဤမျှ ထည်ဝါသည့် အုပ်ချုပ်မှုမျိုး မချီးမြှင့်ပါနှင့်'ဟု ဒိုအာအပေါ် အလို

သဘောကို ဆိုကြသည်။ သို့ရှိရာ အဖြစ်အပျက်မှာလည်း တမန်တော်စိုလိုက်မာန် عليه السلام အား ချီးမြှင့်သည့် အုပ်ချုပ်မှုမျိုး မည်သူ့ကိုမျှ မချီးမြှင့်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် လေကို ထိန်းချုပ်နိုင်ခြင်း၊ 'ဂျင်န်' များမှ အမိန့်နာခံခြင်းတို့သည် တမန်တော်စိုလိုက်မာန် عليه السلام မှလွဲ၍ အခြားမည်သူ့ကိုမျှ မရရှိခဲ့ပေ။ အချို့သူတို့သည် 'အမလ်'များ ပြုလုပ်၍ 'ဂျင်န်'များကို ထိန်းချုပ်နိုင်ခဲ့ခြင်းမှာ ၎င်းနှင့် လုံးဝ မဆန့်ကျင်ပါ။ တမန်တော်စိုလိုက်မာန် عليه السلام ၏ 'ဂျင်န်'များအပေါ် ချုပ်ကိုင်ခြင်းသည် ၎င်းတို့၏ 'ဂျင်န်'များအပေါ် ချုပ်ကိုင်ခြင်းနှင့် မည်သို့မှ နှိုင်းယှဉ်၍မရ။ ပတ်သက်မှုမရှိပေ။ ကျင့်စဉ်များကို ကျွမ်းကျင်သူတို့သည် 'ဂျင်န်' တစ်ဦးနှစ်ဦး (သို့) 'ဂျင်န်' အချို့ကို ချုပ်ကိုင်နိုင်ကြသည်။ သို့သော် 'ဂျင်န်'အားလုံးအပေါ် တမန်တော်စိုလိုက်မာန် عليه السلام ၏ ချုပ်ကိုင် အုပ်ချုပ်ခဲ့သကဲ့သို့ အုပ်ချုပ်မှုမျိုး မည်သူ့ကိုမှ မရရှိနိုင်ခဲ့ပေ။

အုပ်ချုပ်မှုနှင့် ခေါင်းဆောင်နိုင်ရန်အတွက် ဒိုအာတောင်းခံခြင်း

ဤနေရာတွင် သတိမူရန်တစ်ချက်မှာ နဗီတမန်တော်များသည် အလ္လာဟ်အသျှင်မြတ် ခွင့်ပြုချက်မရှိဘဲ ဒိုအာမတောင်းခံကြပေ။ တမန်တော်စိုလိုက်မာန် عليه السلام ၏ ဤဒိုအာသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်ဖြင့် ဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်မှုကို တောင်းခံရန်သက်သက်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ အမိန့်များကို ချမှတ်ရန်နှင့် မှန်ကန်သည့် 'ကလေမာဟ်'တော်ကို မြှင့်တင်ရန် ခံစားချက်ရှိခြင်းကြောင့် ဖြစ်သည်။ အုပ်ချုပ်မှုရယူပြီးနောက် တမန်တော်စိုလိုက်မာန် عليه السلام သည် ဤမြင့်မားသည့် ရည်ရွယ်ချက်များအတွက် လုပ်ဆောင်ခဲ့သည်။ ရာထူးမက်သည့် စိတ်သည်လည်း နလုံးသားထဲ၌ မရှိသည်ကို အလ္လာဟ်အသျှင်မြတ် သိရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဒိုအာပြုခွင့်ပေး၍ လက်ခံလိုက်ခြင်းဖြစ်သည်။ သို့သော် အခြားသူများအတွက် ခေါင်းဆောင်မှုကို ကိုယ်တိုင်တောင်းခံခြင်း၊ ဟာဒီးစ်တော်၌ တားမြစ်ထားရခြင်းမှာ ရာထူးနှင့် စည်းစိမ်ဥစ္စာကို မက်စိတ်ပါဝင်နေခြင်းကြောင့် ဖြစ်သည်။ သို့ရှိရာ လူသားသည် ဤကဲ့သို့ စိတ်ရမ္မက်များ ကင်းစင်သည်ဟု အသေအချာ ယုံကြည်ရလျှင် အမှန်တကယ် မှန်ကန်သည့် 'ကလေမာဟ်'တော်ကို မြှင့်တင်ရုံမှလွဲ၍ အခြားရည်ရွယ်ချက်ကြောင့် အုပ်ချုပ်မှုအာဏာ ရယူလိုခြင်းမဟုတ်မှု ထိုသူ့အတွက် အုပ်ချုပ်မှုရရှိရန် ဒိုအာတောင်းခံခြင်း ပိုင်လေသည်။

مُقَرَّنِينَ فِى الْأَصْفَادِ

(သံကြိုးများဖြင့် ချည်နှောင်ထားခြင်း ခံကြရသောသူများ) 'ဂျင်န်'များကို ချုပ်ကိုင်၍ 'ဂျင်န်'များမှ ပြုလုပ်ပေးသော အရာ များနှင့် ပတ်သက်၍ အကျယ်ကို စူရာဟ်စဗာအ်တွင် တင်ပြခဲ့ပြီးဖြစ်၏။ ဤနေရာတွင် တမန်တော် စိုလိုက်မာန် عليه السلام သည် ဆိုးသွမ်းသော 'ဂျင်န်'များကို သံကြိုးများဖြင့် ချည်နှောင်ထားကြောင်း တင်ပြထားသည်။ ဤသံကြိုးများသည် တွေ့မြင်ရသော သံကြိုးများနှင့် တူရန် အရေးမကြီးပေ။ 'ဂျင်န်'များကို တုတ်နှောင်ရန် အခြားနည်းလမ်း ရွေးချယ်ထားခြင်းလည်း ဖြစ်နိုင်ပေသည်။ ဤအချက်ကို လွယ်ကူစွာ နားလည်နိုင်စေရန် သံကြိုးများဟု တင်ပြထားခြင်း ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاذْكُرْ عَبْدَنَآ اَيُّوْبَ ۘ اِذْ نَادٰى رَبَّهٗٓ اَنِّيْ مَسَّنِيَ الشَّيْطٰنُ بِنُصْبٍ وَّعَذَابٍ ۝٤١

၃၈ : ၄၁ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်၏ ကျွန် (နဗီတမန်တော်) အိုက်ယူဗ (၏ အကြောင်း အတ္ထုပ္ပတ္တိ) ကို ပြန်လည်၍ သတိရပါလေ။ တစ်ရံရောအခါဝယ် ၎င်း (အိုက်ယူဗ) သည် မိမိ၏ အသျှင်မြတ်အား 'ကေန်စင်စစ် ရှိုက်သွာန်သည် ကျွန်တော်မျိုး၌ ရောဂါဝေဒနာကိုလည်းကောင်း၊ ဘေးဒုက္ခကိုလည်းကောင်း သက်ရောက်စေခဲ့ပါသည်' ဟု ဟစ်အော် (လျှောက်ထား) ခဲ့လေ၏။

اُرْكُضْ بِرِجْلِكَ ۚ هٰذَا مُغْتَسَلٌۢ بَارِدٌ وَّشَرَابٌ ۝٤٢

၃၈ : ၄၂ ။ ။ (ထိုအခါဝယ် ငါအသျှင်မြတ်သည် မိန့်ကြားတော်မူခဲ့၏။ အို၊ အိုက်ယူဗ) 'အသင်သည် မိမိ၏ ခြေထောက်ဖြင့် (မြေကြီးကို) ဆောင့်ပါလေ။ ဤသည် (အသင့်အဖို့) အေးမြသော ချိုးရေသည်လည်းကောင်း၊ သောက်ရေသည်လည်းကောင်း ဖြစ်၏။'

وَوَهَبْنَا لَهٗٓ اَهْلَهٗ وَمِثْلَهُمْ مَّعَهُمْ رَحْمَةً مِّنَّا وَذِكْرٰى لِاُولِي الْاَلْبَابِ ۝٤٣

၃၈ : ၄၃ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် မိမိ၏ ထံတော်မှ ကရုဏာတော်အားဖြင့်လည်းကောင်း၊ အသိဉာဏ်ရှိသူတို့ သတိရစေခြင်းအလို့ငှာလည်းကောင်း ယင်း (အိုက်ယူဗ) အား ၎င်း၏ အိမ်သူအိမ်သားတို့ကို ချီးမြှင့်တော်မူခဲ့သည့်အပြင်၊ ထိုအိမ်သူအိမ်သားတို့နှင့် အညီအမျှ (ဖြစ်သော ဦးရေ) ကိုလည်း ၎င်းတို့နှင့်အတူ (ထပ်လောင်း၍) ချီးမြှင့်ပေးသနားတော်မူခဲ့၏။

وَخُذْ بِيَدِكَ ضِغْثًا فَاضْرِبْ بِّهٖ وَلَا تَحْنَثْ ۗ اِنَّا وَجَدْنٰهُ صَابِرًا ۗ نِعْمَ الْعَبْدُ ۗ اِنَّهٗٓ اَوَّابٌ ۝٤٤

၃၈ : ၄၄ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏။) 'အသင်သည် မိမိ၏ လက်တွင်းဝယ် အခက်၊ အလက်၊ လက်တစ်ဆုပ်ကို ယူပြီးလျှင် ၎င်းဖြင့် ရိုက်လော့။ ထို့ပြင် အသင်သည် (မိမိ၏) ကျိန်ဆိုချက်ကို ချိုးဖျက်ခြင်း မပြုပါလေနှင့်။ ကေန်စင်စစ် ငါအသျှင်မြတ်သည် ၎င်း (အိုက်ယူဗ) အား သည်းခံသူအဖြစ် တွေ့ရှိတော်မူခဲ့၏။ အထူးကောင်းမွန်သော 'ကျွန်' တစ်ပါး ဖြစ်ခဲ့၏။ ကေန်မလွဲ အိုက်ယူဗသည် (ငါအသျှင်မြတ်၏ ထံတော်သို့) လွန်စွာ ပြန်လှည့်သူလည်း ဖြစ်ခဲ့ပေသည်။ [မိမိ၏ သစ္စာရှိသော ကြင်ရာတော်အား ရှိုက်သွာန်၏ သွေးဆောင်မှုနှင့် စပ်လျဉ်း၍ အမျက်ထွက်ပြီး ကျွန်ုပ်နေကောင်းသည့်အခါ အသင်မအား ကြိမ်ဒဏ်တစ်ရာ ရိုက်မည်ဟု ကျိန်ဆိုရာ ၎င်းကျိန်ဆိုချက်အား အချောင်းငယ်တစ်ရာပါသော အစည်းတစ်ခုဖြင့် ရိုက်၍ 'ဟီလာ' ပြုခဲ့၏။]

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် အသင်တမန်တော်သည် ငါ၏ ဗန္ဒဟ် အိုင်ယူးဗ عليه السلام ကို သတိရပါလေ။ ၎င်းသည် မိမိ၏ အသျှင်မြတ်ကို လျှောက်ထားလေသည်မှာ 'ရှိုက်သွာန်သည် ကျွန်ုပ်အား ဝမ်းနည်းပူဆွေးမှုနှင့် ဒုက္ခကို သက်ရောက်စေခဲ့ပါသည်။ (၎င်းနောက် ဤပူဆွေးသောကကို သဖ်စီးရ်ပညာရှင်အချို့မှ ကိသာဗွလ်

ဇုဟွဒ်ကျမ်းတွင် အေမာမ်အဟ်မဒ် (ရဟ) သခင်က အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သော ဆင့်ပြန် ချက်ပါ အကြောင်းအရာ ဖြစ်ပေသည်ဟု ဆိုထားလေသည်။ ၄င်းဆင့်ပြန်ချက်မှာ တမန်တော်အိုင်ယူးဗ် عليه السلام ရောဂါဖြစ်နေချိန်တွင် ရှိုင်သွာန်သည် ဆေးဆရာတစ်ဦးအသွင်ဖြင့် တမန်တော်အိုင်ယူးဗ် عليه السلام ၏ ဇနီးနှင့် တွေ့ဆုံလေသည်။ ၄င်းကို တမန်တော်အိုင်ယူးဗ် عليه السلام ၏ ဇနီးမှ ဆေးဆရာဟု ထင်မှတ်၍ ကုသ ပေးပါရန် ပြောဆိုလေသည်။ ထိုအခါ ရှိုက်သွာန်က 'အကယ်၍ ကျန်းမာသွားပါက အသင်မအနေဖြင့် ကျွန်ုပ်အား အသင်သည် တမန်တော်အိုင်ယူးဗ်ကို ကျန်းမာစေခဲ့ပါသည်ဟု ပြောဆိုရမည်။ ထိုစည်းကမ်းချက် အပြင် အခြားအခကြေးငွေ မယူပါ'ဟု ကတိကဝတ် ပြုခိုင်း၏။ ထိုအကြောင်းကို တမန်တော်အိုင်ယူးဗ် عليه السلام အား တင်ပြရာ 'အို၊ ရိုးသားသော သူမ၊ ထိုသူသည် ရှိုက်သွာန်ဖြစ်လေသည်။ အကယ်၍ အလ္လာဟ် အသျှင်မြတ်မှ ကျွန်ုပ်အား ကျန်းမာရေးပေးလျှင် အသင်မကို ကြိမ်ဒဏ် (၁၀၀) ရိုက်မည်'ဟု ဟဇရဲသ် အိုင်ယူးဗ် عليه السلام မှ ကတိပြု ပြောဆိုလိုက်သည်။ ထိုအချက်အပေါ် တမန်တော်အိုင်ယူးဗ် عليه السلام သည် အလွန် ပူဆွေးရလေသည်။ 'ကျွန်ုပ်၏ ရောဂါကြောင့် ရှိုက်သွာန်သည် ကျွန်ုပ်၏ ဇနီးကို အပေါ်ယံအားဖြင့် 'ရှရစ်က်'ဖြစ်စေသည့် စာသားများ ပြောဆိုခိုင်းသည်အထိ ရဲတင်းလာလေသည်။' ထိုပြောဆိုမှုသည် အသေ အချာ သုံးသပ်ကြည့်လျှင် 'ရှရစ်က်'ဖြစ်စေနိုင်သော စာသားများမဟုတ်။ တမန်တော်အိုင်ယူးဗ် عليه السلام သည် ရောဂါပပျောက်ရန် အစကတည်းက ဒိုအာပြုခဲ့သော်လည်း ဤအဖြစ်အပျက်၏ နောက်ပိုင်းတွင် ပို၍ ကျိုးငှဲ့စွာ ဒိုအာပြုလေသည်။ သို့ရှိရာ ငါအသျှင်မြတ်သည် ၄င်း၏ ဒိုအာကို လက်ခံ၍) မြေပေါ်သို့ ဖနောင့်ဖြင့် ပေါက်ရန် အမိန့်ပေးလေသည်။ (သို့ရှိရာ တမန်တော်အိုင်ယူးဗ် عليه السلام သည် မြေပေါ်သို့ ဖနောင့် ဖြင့် ပေါက်လေရာ စမ်းရေများ ထွက်လာလေသည်။) သို့ရှိရာ ငါအသျှင်မြတ်က ဤသည် အသင့်အတွက် ချိုးရန်နှင့် သောက်သုံးရန် ရေအေးဖြစ်သည်။ (ဆိုလိုသည်မှာ ထိုရေဖြင့် ရေချိုး၍ သောက်သုံးပါလေ။ ရေချိုးသောက်သုံးပြီးနောက် လုံးဝ ကောင်းမွန်သွားသည်။) ငါအသျှင်မြတ်သည် ၄င်းကို မိသားစုများ ချီးမြှင့်၍ ထို့အတူ ထိုအရေအတွက်နှင့် ကိုက်ညီသော အခြားအရာများကိုလည်း မိမိ၏ သီးခြားကရုဏာ တော်၏ အကြောင်းခံဖြင့်လည်းကောင်း၊ အသိဉာဏ်ရှိသူများ အမှတ်တရ ရှိနေစေရန်အတွက်လည်းကောင်း ချီးမြှင့်တော်မူလေသည်။ (ဆိုလိုသည်မှာ အသိဉာဏ်ရှိသူများ သတိမူပါလေ။ အလ္လာဟ်အသျှင်မြတ်သည် သည်းခံသူများကို မည်ကဲ့သို့သော အစားများကို ချီးမြှင့်ပါသနည်း။ ထို့နောက် တမန်တော်အိုင်ယူးဗ် عليه السلام သည် မိမိ၏ ကျိန်ဆိုမှုကို ဖြည့်ဆည်းရန် ဆန္ဒပြုလေသည်။ သို့သော် ၄င်းဇနီးသည်သည် တမန်တော် အိုင်ယူးဗ် عليه السلام အား အလွန်ပြုစု၍ မည်သည့်အပြစ်မှုလည်း ကျူးလွန်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် အလ္လာဟ် အသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် ၄င်းအတွက် လျှော့ပေါ့ပေးသနားတော်မူခဲ့လေသည်။

၄င်းနောက် မိန့်တော်မူသည်မှာ 'အို၊ အိုင်ယူးဗ်၊ အသင်သည် မိမိလက်ဖြင့် လက်တစ်ဆုပ်ခန့် (အရေအတွက်အားဖြင့် အချောင်း (၁၀၀) ရှိ) တံမျက်စည်းတံများကို ယူပါလေ။ ၄င်းနောက် မိမိဇနီးကို ရိုက်ပါလေ။ မိမိ၏ ကစမ်ကို မချိုးဖောက်လေနှင့်။' (သို့ရှိရာ တမန်တော်အိုင်ယူးဗ် عليه السلام သည် အမိန့်အတိုင်း

ပြုလုပ်လေသည်။ ဆက်လက်၍ တမန်တော်အိုင်ယူးဗ် عليه السلام အား ချီးမွမ်းသည်မှာ) မုချဧကန် ငါအသျှင်မြတ်သည် တမန်တော်အိုင်ယူးဗ် عليه السلام ကို အလွန် သည်းခံခြင်းတရား ရှိသူအဖြစ် တွေ့မြင်ရလေသည်။ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အလွန်လှည့်သော ကောင်းမွန်သည့် ဗန္ဒာဟ်တစ်ဦး ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤနေရာတွင် တမန်တော်အိုင်ယူးဗ် عليه السلام ၏ အကြောင်း တင်ပြရခြင်းမှာ တမန်တော်မြတ် ﷺ ကို သည်းခံမှုတရား ထားရှိရန်အတွက် သတိပေးရန်ဖြစ်သည်။ ဤအဖြစ်အပျက် အကျယ်တဝင့်ကို စူရာဟ် အမ်ဗီယာတွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် အချို့စကားရပ်များကို တင်ပြလိုပါသည်။

مَسَّنِيَ الشَّيْطَانُ بِنُصْبٍ وَّعَذَابٍ

(ရှိုက်သွာန်သည် ကျွန်ုပ်ကို ပူဆွေးသောကနှင့် ဒုက္ခရောက်စေခဲ့သည်။) အချို့သဖ်စီးရ်ပညာရှင်များက ရှိုက်သွာန်မှ ပူဆွေးသောကရောက်စေခြင်း၏ အကြောင်းအရင်းကို ဤသို့ တင်ပြကြသည်။ တမန်တော်အိုင်ယူးဗ် عليه السلام သည် ရောဂါတွင် နစ်မွန်းရခြင်းမှာ ရှိုက်သွာန်၏ နှောင့်ယှက်မှုကြောင့် ဖြစ်သည်။ ဖြစ်ပုံမှာ တစ်ကြိမ်သော် ဖရစ်ရှ်သာဟ်များသည် တမန်တော်အိုင်ယူးဗ် عليه السلام အား အလွန်တရာ ချီးမွမ်းကြသည့်အတွက် ရှိုက်သွာန်သည် လွန်စွာ မနာလိုဝန်တိုမှု ဖြစ်လေသည်။ ရှိုက်သွာန်မှ အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ဤသို့ ဒိုအာပြုလေသည်။ 'အို, အလ္လာဟ်အသျှင်မြတ်၊ ကျွန်ုပ်အား ၎င်း၏ ကိုယ်ခန္ဓာ၊ ပစ္စည်းဥစ္စာနှင့် သားသမီးများအပေါ် ကျွန်ုပ် ကြိုက်နှစ်သက်သလို ချယ်လှယ်နိုင်ရန် စိုးမိုးနိုင်စွမ်း ချီးမြှင့်တော်မူပါ။' အလ္လာဟ်အသျှင်မြတ်မှလည်း တမန်တော်အိုင်ယူးဗ် عليه السلام အား စမ်းသပ်နိုင်ရန် ရှိုက်သွာန်အား ဤအခွင့်အရေးကို ပေးလိုက်လေသည်။ ရှိုက်သွာန်မှ တမန်တော်အိုင်ယူးဗ် عليه السلام အား ထိုရောဂါတွင် နစ်မွန်းစေလေသည်။ သို့သော် သဖ်စီးရ်သုတေသီများက ဤအကြောင်းအရာကို လက်မခံဘဲ 'ကုရ်အာန်ကျမ်းတော်မြတ်၏ ရှင်းလင်းချက်များနှင့်အညီ နဗီတမန်တော်များအပေါ် ရှိုက်သွာန်၏ လွှမ်းမိုးမှုမဖြစ်နိုင်ပေ။ ထို့ကြောင့် တမန်တော်အိုင်ယူးဗ် عليه السلام အား ရောဂါဖြစ်စေခြင်းမှာ မဖြစ်နိုင်'ဟု ဆိုကြလေသည်။

အချို့ပညာရှင်များက ရှိုက်သွာန်၏ ဒုက္ခပေးခြင်းနှင့် ပတ်သက်၍ ဤသို့ ရှင်းလင်းထားသည်။ ရောဂါဖြစ်နေချိန်တွင် ရှိုက်သွာန်သည် တမန်တော်အိုင်ယူးဗ် عليه السلام ၏ နှလုံးသားထဲ၌ အမျိုးမျိုး အနှောင့်အယှက်များ ထည့်သွင်းလေသည်။ ထို့ကြောင့် တမန်တော်အိုင်ယူးဗ် عليه السلام ကို ပို၍ ဒုက္ခရောက်စေသည်။ ဤနေရာတွင် တမန်တော်အိုင်ယူးဗ် عليه السلام သည် တင်ပြပါအနှောင့်အယှက် ဒုက္ခကို ရည်ညွှန်းခြင်းဖြစ်သည်။ သို့သော် ဤအာယသ်တော်နှင့် ပတ်သက်၍ အကောင်းဆုံး ရှင်းလင်းချက်မှာ ဟာဇရသ်ထာနဝီဗယာနုလ်ကုရ်အာန်ကျမ်းတွင် တင်ပြခဲ့သော ရှင်းလင်းချက်ပင် ဖြစ်သည်။ ၎င်းကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ရေးသားခဲ့ပြီးဖြစ်သည်။

ဟဇရသ်အိုင်ယူးဗ် عليه السلام ၏ ရောဂါအမျိုးအစား

ကုရ်အာန်ကျမ်းတော်မြတ်တွင် တမန်တော်အိုင်ယူးဗ် عليه السلام ကို ပြင်းထန်သည့် ရောဂါတစ်မျိုး ဖြစ်စေခဲ့သည်ဟုသာ တင်ပြထား၍ ရောဂါအမျိုးအစားကို တင်ပြမထားပေ။ ဟဒီးစ်တော်များ၌လည်း တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်ထားချက်များ မလာရှိပေ။ သို့သော် အချို့ဆင့်ပြန်ချက်များအရ တမန်တော်အိုင်ယူးဗ် عليه السلام ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများတွင် အဖုများ ပေါက်လာရာ လူသားများ ပျို့ချင်အန်ချင် ဖြစ်သည့်အတွက် တမန်တော်အိုင်ယူးဗ် عليه السلام ကို အမှိုက်ပုံတစ်ခုအပေါ်သို့ ပစ်လိုက်လေသည်။ သို့သော် အချို့သုတေသီသဖ်စီးရ်ပညာရှင်များက ဤဆင့်ပြန်ချက်များကို လက်ခံရန် ငြင်းဆန်လေသည်။ ၎င်းတို့က နဗီတမန်တော်များအပေါ် ရောဂါများ ဖြစ်နိုင်သော်လည်း လူသားများ ရွံရှာဖွယ်ရာ ဖြစ်သည့် ရောဂါမျိုး မကျရောက်နိုင်ပေ။ ထို့ကြောင့် တမန်တော်အိုင်ယူးဗ် عليه السلام ၏ ရောဂါသည်လည်း ဤသို့မဟုတ်ဘဲ သာမန်ရောဂါတစ်မျိုးသာ ဖြစ်သည်။ သို့ရှိရာ တမန်တော်အိုင်းယူးဗ် عليه السلام ၏ ရောဂါနှင့် ပတ်သက်၍ သွေးဖုပြည်ဖုများဟု တင်ပြ၍ တမန်တော်အိုင်ယူးဗ် عليه السلام ကို အမှိုက်ပုံတွင် ပစ်လိုက်သည်ဟု ဆင့်ပြန်ခြင်းများသည် ယုံကြည်လက်ခံထိုက်သော ဆင့်ပြန်ချက်မဟုတ်ပေ။ *[ရူဟုလ်မအာနီကျမ်း၊ အဟ်ကာမုလ်ကုရ်အာန်ကျမ်း။]*

خُذْ بِيَدِكَ ضِغْثًا

(အသင်သည် မိမိလက်ဖြင့် တံမျက်စည်းတံ တစ်စည်း ယူပါလေ။) ထိုအဖြစ်အပျက် အကြောင်းအရာကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြခဲ့ပြီး ဖြစ်သည်။

ဤနေရာတွင် ထိုအဖြစ်အပျက်များနှင့် ပတ်သက်၍ အချို့ဓမ္မသတ်များ တင်ပြလိုက်ရပေသည်။

ပထမဓမ္မသတ်မှာ ဤအဖြစ်အပျက်ဖြင့် သိရှိရသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် ကြိမ်ဒဏ် (၁၀၀) ရိုက်ရန် ကျိန်ဆိုပြီး ကြိမ်ဒဏ် (၁၀၀) ကို ခွဲ၍ မရိုက်ဘဲ ကြိမ်လုံးများကို စည်း၍ တစ်ကြိမ်တည်း ရိုက်လျှင် 'ကစမ်'အထမြောက်ပေသည်။ ထို့ကြောင့် တမန်တော်အိုင်ယူးဗ် عليه السلام အား ဤသို့ အမိန့်ပေးလေသည်။

ဤသည် အေမာမ်အဘူဟာနီဖာဟ် (ရဟ) ၏ လမ်းစဉ်ဖြစ်သည်။ သို့သော် အလ္လာမဟ်အိဗ်နေဟုမာမ် (ရဟ) က ထိုသို့ပြုပိုင်ရန် စည်းကမ်းချက် (၂) ချက်ရှိသည်ဟု ရေးသားထားလေသည်။ တစ်ချက်မှာ အရိုက်ခံရသူ အပေါ် ကြိမ်လုံးတန်းအလျားလိုက် (သို့) ဒေါင်လိုက် သေချာစွာ ထိရမည်။ ဒုတိယတစ်ချက်မှာ နာကျင်မှု အနည်းငယ် ခံစားစေရမည်။ အကယ်၍ ဖြည်းညင်းစွာ ခန္ဓာကိုယ်အပေါ် ကြိမ်လုံးထိသည့်အတွက် လုံးဝ နာကျင်မှုမဖြစ်လျှင် 'ကစမ်'အထမြောက်မည် မဟုတ်ပေ။ ဟဇရသ်ထာနဝီ (ရဟ) က ဗယာနုလ်ကုရ်အာန်ကျမ်းတွင် 'ကစမ်'မပြီးမြောက်ဟု ရေးသားထားခြင်းမှာ နာကျင်မှု လုံးဝမဖြစ်သည့်အတွက် (သို့) ကြိမ်လုံးသည် ခန္ဓာကိုယ်ကို ထိခြင်းမှ ကျန်ရှိသွားသည့်အတွက် ဖြစ်နိုင်ပေသည်။ သို့မဟုတ်ပါက ဟနဖီပညာရှင်များက အထက်ပါတင်ပြခဲ့သော စည်းကမ်းချက်နှင့်အညီ ရိုက်ပါက 'ကစမ်'ပြည့်ဝသွားပြီဟု ရှင်းလင်းစွာ တင်ပြထားပေသည်။ *[ဖသ်ဟုလ်ကဒီးရ်ကျမ်း၊ တွဲ-၄၊ စာ-၁၃၇။]*

'ဟီလဟ်'နှင့် ပတ်သက်၍ တရားတော်၏ သတ်မှတ်ချက်

ဤအာယသ်တော်ဖြင့် ဒုတိယမွေ့သတ်တစ်ခု သိရှိရသည်မှာ မသင့်တော်သော (သို့) မနှစ်မြို့ဖွယ် ရာမှ ရှောင်ကြဉ်နိုင်ရန်အတွက် တရားတော်မှ ခွင့်ပြုထားသော 'ဟီလဟ်' (ရှောင်ထွက်နည်းတစ်ခုခု) ကို ရွေးချယ်လျှင် ပိုင်သည်။ တမန်တော် အိုင်ယူးဗ် ﷺ ၏ အဖြစ်အပျက်တွင် 'ကစမ်' ၏ တာဝန်ကျေရန် အတွက်မှာ မိမိ၏ မွန်မြတ်သည့် ဇနီးသည်အား ကြိမ်ဒဏ် (၁၀၀) အပြည့်ရိုက်ရန် ဖြစ်ကြောင်း ပေါ်လွင် ပေသည်။ သို့သော် ၄င်းဇနီးသည်သည် အပြစ်ကင်းသူ ဖြစ်၍ တမန်တော်အိုင်ယူးဗ် ﷺ အား အနိုင်းမဲ့ ပြုစုခဲ့သူ ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင် တမန်တော်အိုင်ယူးဗ် ﷺ ကို 'ဟီလဟ်'တစ်ခု သင်ကြားပေခဲ့သည်။ ၄င်းနောက် ဤသို့ လုပ်ဆောင်ခြင်းဖြင့် 'ကစမ်'မပျက်ဟု တင်ပြခဲ့ သည်။ ထို့ကြောင့် ဤအဖြစ်အပျက်သည် 'ဟီလဟ်'ပိုင်ကြောင်းကို ညွှန်ပြနေလေသည်။

သို့သော် သတိမူရန်မှာ ဤကဲ့သို့သော 'ဟီလဟ်'သည် ရှရီအသ်၏ ရည်ရွယ်ချက်များကို ဖျက်ဆီး သည့်အကြောင်းခံ မဖြစ်မှသာ ပိုင်ပေသည်။ အကယ်၍ 'ဟီလဟ်'၏ ရည်ရွယ်ချက်သည် ရပိုင်ခွင့်ရှိသူ တစ်ဦး၏ ရပိုင်ခွင့်ကို ဖျက်ဆီးပစ်ရန် (သို့) ပေါ်လွင်သည့် 'ဟရာမ်'လုပ်ရပ်တစ်ခုကို ၄င်း၏ 'ဟရာမ်' ဖြစ်သည့် အချက်ရှိနေပါလျက် မိမိအတွက် 'ဟလာလ်'ပြုရန် စသည့် 'ဟီလဟ်'တို့သည် လုံးဝမပိုင်ပေ။ ဥပမာ- 'ဇကားသ်'မှ ရှောင်ကွင်းနိုင်ရန် အချို့သူတို့သည် နှစ်မကုန်မီအလျှင် ပစ္စည်းများကို မိမိဇနီးသည် အား အပိုင်ပေးလိုက်သည်။ အချိန်ကာလတစ်ခု၏ နောက်ပိုင်းတွင် ဇနီးသည်မှ ခင်ပွန်းကို ပြန်လည်ပေးအပ် လေသည်။ တစ်ဖန် ရှေ့နှစ်ကုန်ရန် နီးကပ်လာသော အချိန်တွင် ခင်ပွန်းမှ ဇနီးသည်ကို ပေးအပ်လေသည်။ ဤသို့ပင် မည်သူ့အပေါ်၌မှ 'ဇကားသ်ဝါဂျိဗ်'မဖြစ်တော့ပေ။ ဤသို့ ပြုလုပ်ခြင်းသည် ရှရီအသ်၏ ရည်ရွယ် ချက်များကို ဖျက်ဆီးရန် ကြိုးပမ်းမှုတစ်ခု ဖြစ်သည့်အတွက် 'ဟရာမ်'ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် 'ဇကားသ်'မပေးခြင်းထက် ပို၍ ဆိုးရွားလေသည်။

မသင့်တော်သော လုပ်ရပ်အပေါ် 'ကစမ်' ကျိန်ဆိုခြင်း

တတိယမွေ့သတ်မှာ အကယ်၍ တစ်စုံတစ်ဦးသည် မသင့်တော်သည့် (သို့) မှားယွင်း၍ မပိုင်သည့် အလုပ်အပေါ် ကျိန်ဆိုလျှင် 'ကစမ်'အထမြောက်ပေသည်။ ချိုးဖောက်လျှင် 'ကဖ္ဖာရဟ်'ထိုက်လေသည်။ အကယ်၍ ဤပုံစံတွင် 'ကဖ္ဖာရဟ်'မထိုက်ပါက တမန်တော်အိုင်ယူးဗ် ﷺ ကို ဤ 'ဟီလဟ်'သင်ကြား ပေးမည်မဟုတ်ပေ။ သို့သော် မလျော်ကန်သည့် လုပ်ရပ်အပေါ် ကျိန်ဆိုလိုက်လျှင် တရားတော်အရ ထိုကျိန်ဆို မှုကို ချိုးဖောက်၍ 'ကဖ္ဖာရဟ်'ပေးဆောင်ရမည်ဟူသော အချက်ကိုလည်း ဂရုပြုရပေမည်။ ဟဒီးစ်တော် တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ က အကြင်သူသည် 'ကစမ်'ကျိန်ဆိုပြီးနောက်မှ ထို 'ကစမ်'နှင့် ဆန့်ကျင် ဘက်ပြုလျှင် ပို၍ ကောင်းမွန်သည်ဟု တွေးမိပါက ကောင်းသောအလုပ်ကို ပြုလုပ်၍ မိမိ'ကစမ်'ကို 'ကဖ္ဖာရဟ်'ပေးလိုက်ပါဟု လမ်းညွှန်းထားလေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاذْكُرْ عِبَادَنَا إِبْرَاهِيمَ وَإِسْحَاقَ وَيَعْقُوبَ أُولِي الْأَيْدِي وَالْأَبْصَارِ ﴿٤٥﴾

၃၈ : ၄၅ ။ ။ ထို့ပြင် (အို, နဗီတမန်တော်) အသင်သည် စွမ်းရည်ရှိသူများ၊ ဉာဏ်အမြော်အမြင်ရှိသူများ ဖြစ်ကြသော (နဗီတမန်တော်) အီဗ်ရာဟီမ်၊ (နဗီတမန်တော်) အီစ်ဟာက်နှင့် (နဗီတမန်တော်) ယအ်ကူဗ်တို့ (၏ အကြောင်းအတ္ထုပ္ပတ္တိများ) ကို ပြန်လည်၍ သတိရပါလေ။

إِنَّا أَخْلَصْنَاهُم بِخَالِصَةٍ ذِكْرَى الدَّارِ ﴿٤٦﴾

၃၈ : ၄၆ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် တမလွန်ဘဝကို သတိရခြင်းတည်းဟူသော ထူးခြားချက်တစ်ရပ်ဖြင့် ၎င်းတို့အား ထူးခြားစေတော်မူခဲ့၏။

وَإِنَّهُمْ عِندَنَا لَمِنَ الْمُصْطَفَيْنَ الْأَخْيَارِ ﴿٤٧﴾

၃၈ : ၄၇ ။ ။ ထို့ပြင် ကေန်မလွဲ ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်တွင် အကောင်းဆုံးသော ရွေးချယ်ခြင်းကို ခံခဲ့ကြရသော သူတို့အနက်မှပင် ဖြစ်ကြကုန်၏။

وَاذْكُرْ إِسْمَاعِيلَ وَالْيَسَعَ وَذَا الْكِفْلِ ۖ وَكُلٌّ مِّنَ الْأَخْيَارِ ﴿٤٨﴾

၃၈ : ၄၈ ။ ။ ထို့ပြင် (အို, နဗီတမန်တော်) အသင်သည် (နဗီတမန်တော်) အီစ်မာအီလ် (နဗီတမန်တော်) အီလ်ယာစ်နှင့် (နဗီတမန်တော်) ဇွလ်ကိဖ်လ် တို့ (၏ အကြောင်းအတ္ထုပ္ပတ္တိများ) ကိုလည်း သတိရပါလေ။ စင်စစ် (၎င်းတို့) အသီးသီးမှာလည်း အကောင်းဆုံးသော သူတို့အနက်မှပင် ဖြစ်ခဲ့ကြကုန်သည်။

هَٰذَا ذِكْرٌ ۚ وَإِنَّ لِلْمُتَّقِينَ لَحُسْنَ مَآبٍ ﴿٤٩﴾

၃၈ : ၄၉ ။ ။ ဤသည် အဆုံးမဟရားတော်တစ်မျိုးပင် (ဖြစ်၏။) ၎င်းပြင် ကေန်မလွဲ သူတော်စင်တို့အဖို့ ကောင်းမြတ်သော နောက်ဆုံးအကျိုးဆက်သည် အမှန်ပင် ရှိ၏။

جَنَّاتِ عَدْنٍ مُّفَتَّحَةً لَّهُمُ الْأَبْوَابُ ﴿٥٠﴾

၃၈ : ၅၀ ။ ။ ထာဝစဉ်နေထိုင်ရန် ဥယျာဉ်များသည် ရှိကြပေသည်။ (ယင်းဥယျာဉ်များ၏) တံခါးမှာ ၎င်းတို့အဖို့ (အသင့်) ဖွင့်လှစ်၍ ထားပြီးဖြစ်ပေသည်။

مُتَّكِئِينَ فِيهَا يَدْعُونَ فِيهَا بِفَاكِهَةٍ كَثِيرَةٍ وَشَرَابٍ ﴿٥١﴾

၃၈ : ၅၁ ။ ။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ မှီအုံးများကို မှီလျက် ရှိကြပေမည်။ များစွာသော သစ်သီးဝလံများကိုလည်းကောင်း၊ သောက်သုံးဖွယ်ရာများကိုလည်းကောင်း ယင်းဥယျာဉ်များတွင် မှာယူကြပေမည်။

وَعِندَهُمْ قَاصِرَاتُ الطَّرْفِ أَتْرَابٌ ﴿٥٢﴾

၃၈ : ၅၂ ။ ။ ထို့ပြင် ၎င်းတို့ထံတွင် မျက်စိကို အောက်သို့ နှိမ့်ထားလေ့ရှိကြသော မိန်းမများလည်း ရှိကြမည်။

هَٰذَا مَا تُوعَدُونَ لِيَوْمِ الْحِسَابِ ﴿٥٣﴾

၃၈ : ၅၃ ။ ။ ဤသည် စစ်ဆေးမေးမြန်းမည့်နေ့နှင့် စပ်လျဉ်း၍ အသင်တို့ ကတိပေးခြင်း ခံကြရသောအရာ (ကျေးဇူးတော်) ပင် (ဖြစ်၏။)

إِنَّ هَٰذَا لَرِزْقُنَا مَا لَهُ مِن نَّفَادٍ ﴿٥٤﴾

၃၈ : ၅၄ ။ ။ ဧကန်မလွဲ ဤသည် ငါအသျှင်မြတ်၏ ဆုလာဘ်ကျေးဇူးတော်ပင် ဖြစ်ပေသည်။ ယင်းကျေးဇူးတော်မှာ ကုန်ခမ်းခြင်းသည် အလျဉ်းမရှိပြီ။

هَٰذَا ۚ وَإِنَّ لِلطَّاغِينَ لَشَرَّ مَآبٍ ﴿٥٥﴾

၃၈ : ၅၅ ။ ။ ဤသည် (သူတော်ကောင်းတို့၏ အကြောင်း ပြီးဆုံးခဲ့လေပြီ။) ၎င်းပြင် ဧကန်စင်စစ် ဆိုးသွမ်းသော သူယုတ်မာ (အကြီးအကဲ) တို့အဖို့ ဆိုးရွားလှစွာသော ပြန်လည်ရာစခန်းသည် အမှန်ပင် ရှိ၏။

جَهَنَّمَ يَصْلَوْنَهَا فَبِئْسَ الْمِهَادُ ﴿٥٦﴾

၃၈ : ၅၆ ။ ။ (ယင်းဆိုးရွားလှသော ပြန်လည်ရာစခန်းမှာ) 'ဂျဟန္နမ်' ငရဲဘုံပင် ဖြစ်၏။ ၎င်းတို့သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံသို့ ဝင်ရောက်ကြပေမည်။ စင်စစ် ယင်းအပန်းဖြေရာစခန်းမှာ လွန်စွာ ဆိုးရွားလှ၏။

هَٰذَا فَلْيَذُوقُوهُ حَمِيمٌ وَغَسَّاقٌ ﴿٥٧﴾

၃၈ : ၅၇ ။ ။ ဤသည် (မှု) ကျိုက်ကျိုက်ဆူပွက်လျက်ရှိသော ရေပူနှင့် ပြည်ပုပ်ဖြစ်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဤသည်ကို မြည်းစမ်းကြပါစေ။

وَآخَرُ مِن شَكْلِهِ أَزْوَاجٌ ﴿٥٨﴾

၃၈ : ၅၈ ။ ။ ထို့ပြင် ဤသည့်အမျိုးအစားထဲမှပင် အခြားသော (မြည်းစမ်းဖွယ်ရာ) အမျိုးမျိုးလည်း ရှိပေလိမ့်မည်။

هَٰذَا فَوْجٌ مُّقْتَحِمٌ مَّعَكُمْ ۖ لَا مَرْحَبًا بِهِمْ ۚ إِنَّهُمْ صَالُو النَّارِ ﴿٥٩﴾

၃၈ : ၅၉ ။ ။ (သူယုတ်မာ အကြီးအကဲတို့က ပြောဆိုကြသည်မှာ) 'ဤသည် အသင်တို့နှင့်အတူ တိုးဝင်လျက် ရှိသော (အခြား) တပ်ဖွဲ့တစ်ဖွဲ့ပင် ဖြစ်၏။ ၎င်းတို့သည် ခံမင်စွာ နှုတ်ဆက်ခြင်းနှင့် ကင်းဝေးကြပါစေ။' ဧကန်အမှန် ၎င်းတို့သည်လည်း ငရဲမီးထဲသို့ ဝင်ရောက်လျက် ရှိကြပေသည်။

قَالُوا بَلْ أَنتُمْ لَا مَرْحَبًا بِكُمْ ۖ أَنتُمْ قَدَّمْتُمُوهُ لَنَا ۖ فَبِئْسَ الْقَرَارُ ٦٠

၃၈ : ၆၀ ॥ ॥ (ထိုအခါ နောက်လိုက်ငယ်သားတို့က) ‘ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ အသင်တို့သည်သာလျှင် ခံ့မင်စွာ နှုတ်ဆက်ခြင်းနှင့် ကင်းဝေးကြပါစေ။ အသင်တို့သည်ပင်လျှင် ဤဒုက္ခကို ကျွန်ုပ်တို့၏ ရှေ့ဝယ် ယူဆောင်ခဲ့ကြလေသည်’ဟု ပြောဆိုကြပေမည်။ စင်စစ် ယင်းနေရာထိုင်ခင်းသည် လွန်စွာ ဆိုးရွားလှစွာသော နေရာထိုင်ခင်းပင် ဖြစ်၏။

قَالُوا رَبَّنَا مَن قَدَّمَ لَنَا هَٰذَا فَزِدْهُ عَذَابًا ضِعْفًا فِي النَّارِ ٦١

၃၈ : ၆၁ ॥ ॥ ၎င်းတို့က ‘အို၊ ကျွန်တော်မျိုးတို့အား (ဖန်ဆင်းမွေးမြူတော်မူသော အသျှင်) ကျွန်တော်မျိုးတို့၏ ရှေ့ဝယ် ဤဒုက္ခကို ယူဆောင်ခဲ့သောသူ၌ အသျှင်မြတ်သည် ငရဲဘုံတွင် ပြစ်ဒဏ်ကို နှစ်ဆ တိုးစေတော်မူပါ’ဟု လျှောက်ထားကြပေမည်။

وَقَالُوا مَا لَنَا لَا نَرَىٰ رِجَالًا كُنَّا نَعُدُّهُم مِّنَ الْأَشْرَارِ ٦٢

၃၈ : ၆၂ ॥ ॥ ထို့ပြင် ၎င်းတို့သည် (ဤသို့) ပြောဆိုကြပေမည်။ ‘ဆိုးသွမ်းသော သူတို့တွင် အပါအဝင်ဖြစ်ကြသည်ဟု ကျွန်ုပ်တို့ ရေတွက်မှတ်ယူလျက် ရှိခဲ့ကြသော ပုဂ္ဂိုလ်များ (တစ်နည်း၊ မွတ်စ္လင်မ်တို့အား ငရဲဘုံတွင်) မည်သည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် မတွေ့မမြင်ကြရပါသနည်း။’

أَتَّخَذْنَاهُمْ سِخْرِيًّا أَمْ زَاغَتْ عَنْهُمُ الْأَبْصَارُ ٦٣

၃၈ : ၆၃ ॥ ॥ ‘ကျွန်ုပ်တို့သည်ပင် ၎င်းတို့အား ပြက်ချော်ပြောင်လှောင်ဖွယ်ရာများ ပြုလုပ်မိခဲ့ကြသလော။ သို့တည်းမဟုတ် (ကျွန်ုပ်တို့၏) မျက်စိများပင် ၎င်းတို့ (အား မြင်နိုင်ခြင်း) မှ လွဲချော်တိမ်းမှောက်ကြလေသလော။’

إِنَّ ذَٰلِكَ لَحَقٌّ تَخَاصُمُ أَهْلِ النَّارِ ٦٤

၃၈ : ၆၄ ॥ ॥ ဧကန်မလွဲ (‘ဂျဟန္နမ်’ငရဲဘုံ၌) ငရဲသားတို့အချင်းချင်း ထို (ကဲ့သို့) ပဋိပက္ခဖြစ်ခြင်းသည် လုံးဝ အမှန်ပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်၏ နဗီတမန်တော် ဗန္ဒာဟ်များဖြစ်သော အိဗ်ရာဟီးမ် عَلَيْهِ السَّلَامُ ၊ အိစ်ဟာကဲ် عَلَيْهِ السَّلَامُ နှင့် ယအ်ကူးဗ် عَلَيْهِ السَّلَامُ တို့အား သတိရပါလေ။ ၎င်းတို့သည် မိမိလက်ဖြင့် အလုပ်လုပ်သူများ၊ မျက်စိဖြင့် ကြည့်သူများဖြစ်သည်။ (ဆိုလိုသည်မှာ လုပ်နိုင်စွမ်းလည်း ရှိ၍ ပညာစွမ်းအား ရှိသူများလည်း ဖြစ်ပေသည်။ ၎င်းနောက်) ငါအသျှင်မြတ်သည် ထိုတမန်တော်များကို သီးသန့်အလုပ်တစ်ခုဖြင့် သီးခြားစေတော်မူသည်။ ၎င်းမှာ နောင်တမလွန်ကို သတိရခြင်းဖြစ်သည်။ (သို့ရှိရာ နဗီတမန်တော်များတွင် ဤအရည်အချင်းသည်

ပိုမို၍ ပြည့်စုံသည်မှာ ပေါ်လွင်ပေသည်။ ဤဝါကျကို ထည့်သွင်းထားခြင်းမှာ သတိလက်လွတ် မေ့မေ့လျော့လျော့ နေထိုင်သူများ ပြန်လည် သတိဝင်လာစေရန် ဖြစ်သည်။ နဗီတမန်တော်များပင် ဤသည်မှ သောကမမဲ့ခဲ့ကြလျှင် ကျွန်ုပ်တို့မှာ မည်သည့်အဆင့်ရှိ၍ သောကမဲ့ နေထိုင်ရမည်နည်းကို ပြန်လည်တွေးတော သတိလည်စေရန် ဖြစ်သည်။)

ငှင်းနောက် ထိုနဗီတမန်တော်များသည် ငါအသျှင်မြတ်၏ ထံတော်ပါးတွင် ရွေးချယ်ခြင်းခံခဲ့ကြရသူများနှင့် အကောင်းဆုံးသော သူတို့အနက်မှ ဖြစ်ပေရာ (နဗီတမန်တော်များသည် အခြားဝလီသူတော်စင်များထက် မွန်မြတ်သည်မှာ ပေါ်လွင်ပေသည်။) ထို့နောက် အီစ်မာအီးလ် عليه السلام ၊ အီလီယားစ် عليه السلام ၊ ဇွလ်ကစ်ဖ်လ် عليه السلام စသည့် နဗီတမန်တော် များကိုလည်း သတိရပါလေ။ ငှင်းတို့သည် အကောင်းဆုံးသူများ ဖြစ်သည်။ (ဆက်လက်၍ 'သောင်ဟီးဒ်'၊ 'အာခေရသ်' နောင်တမလွန်၊ 'ရိစာလသ်' စသည်တို့နှင့် ပတ်သက်၍ အနည်းငယ် အကျယ်တဝင့် တင်ပြထားသည်။) ဆုံးမသည့် အကြောင်းအရာတစ်ခုမှာ ဤသို့ ပြီးဆုံးသွားသည်။ (အလိုသဘောမှာ နဗီတမန်တော်များ၏ အဖြစ်အပျက်များကို ဆိုလိုသည်။ ထိုအဖြစ်အပျက်များကို ကာဖိရ်များအတွက် 'ရိစာလသ်'ကို ယုံကြည်ရန် ဖိတ်ခေါ်ထားသည်။ မုအ်မင်န်များကို ကောင်းသော အကျင့်စာရိတ္တများနှင့် မွန်မြတ်သည့် ကျင့်ဆောင်မှုများကို တင်ပြထားသည်။)

ငှင်းနောက် (ဒုတိယအကြောင်းတစ်ရပ်မှာ နောင်တမလွန်၏ ကောင်းမွန်သော အစား၊ မကောင်းသော အစားတို့နှင့် ပတ်သက်၍ ယခု စတင် တင်ပြနေပေသည်။ အကျယ်တဝင့်မှာ ဤသို့ ဖြစ်သည်။) အပြစ်ရှောင်ကြဉ်သူများအတွက် နောင်တမလွန်သည် ကောင်းသောနေရာ ရရှိပေမည်။ ဆိုလိုသည်မှာ အမြဲတစေ နေထိုင်ရန် ဥယျာဉ်များရှိ၍ ထိုသူ့အတွက် အမြဲတစေ ဥယျာဉ်တံခါးများ ဖွင့်ထားပေမည်။ (အစကနဦးကတည်းက ဖွင့်ပေးထားသည်ဟူသော အလိုသဘောမှာ ပေါ်လွင်ပေသည်။) ထိုဥယျာဉ်များတွင် မှီအုံးများဖြင့် ထိုင်နေကြပေမည်။ ('ဂျန္နသ်'၏ အခိုင်းအစေများထံမှ) အသီးအနှံများနှင့် သောက်သုံးမည့် အရာများကို မှာယူကြလိမ့်မည်။ ငှင်းတို့ထံ မျက်လွှာချထားသည့် သက်တူရွယ်တူ အမျိုးသမီးများ ရှိပေမည်။ (အလိုသဘောမှာ 'ဟူရ်'များ ဖြစ်သည်။)

(အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ အထက်တွင် တင်ပြထားသော အရာများသည်) အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုများဖြစ်သည်။ ထို 'နေ့အ်မသ်'တော်များကို စာရင်းအင်းစစ်ဆေးမည့်နေ့တွင် ချီးမြှင့်မည်ဟု ကတိပြုထားသည့် အရာများဖြစ်သည်။ မုချဧကန် ဤအရာအားလုံးတို့သည် ငါအသျှင်မြတ်၏ ချီးမြှင့်မှုများသာဖြစ်၍ မည်သည့်အခါမှ ကုန်ဆုံးမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ ရေရှည်တည်တံ့မည့် ချီးမြှင့်မှုများသာ ဖြစ်သည်။) ရှောင်ကြဉ်သူများနှင့် ကောင်းမွန်သူများနှင့်ပတ်သက်၍ တင်ပြပြီးဖြစ်သည်။ (ရှေ့ဆက်၍ ကာဖိရ်များနှင့် ပတ်သက်သည့် အကြောင်းအရာများမှာ ဤသို့ ဖြစ်သည်။) ဆိုးသွမ်းသူများအတွက် ဆိုလိုသည်မှာ 'ကုဖ္ဖရ်'ပြု ငြင်းဆန်ရာတွင် အခြားသူများကို လမ်းပြသူများအတွက် အလွန်မကောင်းသော ဌာနေဖြစ်ပေသည်။ ဆိုလိုသည်မှာ 'ဂျဟန္နမ်'ဖြစ်၍ ငရဲဘုံတွင် ဝင်ရောက်ရလိမ့်မည်။ အလွန် မကောင်းသော နေရာဖြစ်မည်။ ဆူပွက်နေသော ရေနှင့် ပြည်များ ရှိနေပေလိမ့်မည်။ ကာဖိရ်များ ထိုအရာများကို မြည်းစမ်း

ရပေမည်။ ထိုအမျိုးအစားများအပြင် ရွံရှာဖွယ်ရာကောင်း၍ စိတ်ဒုက္ခရောက်ဖွယ်ရာ အမျိုးမျိုး ရှိနေပေမည်။ (ထိုအရာများကိုလည်း မြည်းစမ်းရပေမည်။ နောက်လိုက်များအတွက်လည်း အထက်ပါအရာများသာဖြစ်သည်။ ရှေ့နောက်ဖြစ်ခြင်းနှင့် အပြင်းထန်ဆုံးဖြစ်ခြင်း၊ ပြင်းထန်ခြင်းတို့၌သာ ကွာခြား၍ 'အဓားဗ်' အပြစ်ဒဏ်ခံရခြင်း၌ အားလုံး အတူတူပင်ဖြစ်သည်။ သို့ရှိရာ ကာဖိရ်ခေါင်းဆောင်များသည် 'ဂျဟန္နမ်'တွင် ပထမဆုံး ဝင်ရောက်ကြရပေမည်။ ထို့နောက် နောက်လိုက်များ ဝင်ရောက်ကြရပေမည်။ ခေါင်းဆောင်အချင်းချင်း ဤသို့ ပြောဆိုကြမည်။) အခြားအုပ်စုတစ်စုသည် (အပြစ်ဒဏ်တွင် အသင်တို့နှင့်အတူ ပါဝင်ရန်'ဂျဟန္နမ်'အတွင်း ဝင်ရောက်လာနေပေသည်ဟု ပြောဆိုကြပေမည်။ ထိုသူများအဖို့ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်များရှိ၍ 'ဂျဟန္နမ်'တွင်း၌သာ ဝင်ရောက်ကြရပေမည်။ ဆိုလိုသည်မှာ အပြစ်ဒဏ်မထိုက်သူရောက်လာလျှင် ပျော်ရွှင်ထိုက်ပြီး ၎င်းသူကို ကြိုဆိုထိုက်ပေသည်။ ရောက်ရှိလာသူများသည် 'ဂျဟန္နမီ'များဖြစ်၍ ထိုသူများထံ မည်သည့်မျှော်လင့်ချက်ထားရှိ၍ ထိုသူများ၏ လာရောက်မှုအပေါ် မည်သို့ ပျော်ရွှင်ရမည်နည်း။ ၎င်းနောက် မည်သို့ ကြိုဆိုရမည်နည်း။)

၎င်းနောက် နောက်လိုက်များမှ မိမိတို့၏ ခေါင်းဆောင်များကို ဤသို့ ပြောဆိုကြပေမည်။ အသင်တို့ အပေါ်၌သာ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်ကျရောက်ပါစေ။ အဘယ်ကြောင့်ဆိုသော် အသင်တို့သာလျှင် ဤဒုက္ခကို ငါတို့၏ ရှေ့သို့ ယူဆောင်လာသူများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့က ကျွန်ုပ်တို့ကို လမ်းလွဲစေခဲ့ကြသောသူများ ဖြစ်သည်။ သို့ရှိရာ 'ဂျဟန္နမ်'သည် အလွန်ဆိုးသော နေရာဖြစ်ပေသည်။ အသင်တို့ကြောင့် ငါတို့ရှေ့သို့ ရောက်လာခြင်းဖြစ်သည်။ ထို့နောက် အချင်းချင်း တစ်ဦးကိုတစ်ဦး အပြစ်တင်ကြလိမ့်မည်။ ထိုအချိန်တွင် နောက်လိုက်များသည် ၎င်းတို့နှင့် ပြောဆိုမှုကို လွှတ်၍ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ဒိုအာတောင်းခံကြပေမည်။) 'အို၊ ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်တို့၏ ရှေ့သို့ ဤဒုက္ခကို ယူလာသူများအား 'ဂျဟန္နမ်'တွင် နှစ်ဆ အပြစ်ဒဏ်ပေးပါ။' ၎င်းနောက် ထိုနောက်လိုက်များ (သို့) အပြစ်ဒဏ်ခံနေရသူများအားလုံးသည် အချင်းချင်း ဤသို့ပြောဆိုကြပေမည်။ 'ငါတို့သည် လောကတွင် မကောင်းသောသူများဟု သတ်မှတ်ထားသူများကို 'ဂျဟန္နမ်'တွင် မတွေ့ရှိရသည်မှာ အဘယ်ကြောင့်နည်း။' (ဆိုလိုသည်မှာ မွတ်စ္လင်မ်များကို လမ်းမှားသူ၊ သေးသိမ်သူဟု ထင်မှတ်ကြ၍ ထိုသူများကို အဘယ်ကြောင့် မတွေ့ရပါသနည်း။) ငါတို့သည် ၎င်းတို့ကို လွဲမှားစွာ ပြောင်လှောင်ခဲ့ကြခြင်းလော။ (အမှန်စင်စစ် ၎င်တို့သည် ထိုသို့ လှောင်ပြောင်ထိုက်သူများ မဟုတ်၍ 'ဂျဟန္နမ်'သို့ မရောက်ရှိခဲ့၍ ဖြစ်မည်။) သို့မဟုတ် ထိုသူတို့သည် ဤသူတို့လည်း 'ဂျဟန္နမ်'တွင် ရှိ၍ ထိုသူများကို ကြည့်ရှုရန် ကျွန်ုပ်တို့ အရှုများတွင် မတွေ့မြင်ဘဲ ဖြစ်နေခြင်းလော။ (အလိုသဘောမှာ အပြစ်ဒဏ်ခံနေရခြင်းနှင့်အတူ ငါတို့ မကောင်းထင်နေသူများသည် အပြစ်ဒဏ်မှ လွတ်သွားသည့်အတွက် ယူကြုံးမရ ဖြစ်နေပေမည်။) 'ဂျဟန္နမီ'အချင်းချင်း ပြဿနာဖြစ်ခြင်းသည် လုံးဝ မှန်ကန်၍ အမှန်တကယ်ပင် ပြဿနာများ ဖြစ်နေကြပေမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

أُولِي الْأَيْدِي وَالْأَبْصَارِ

ထိုဝါကျ၏ အဓိပ္ပာယ်မှာ ၄င်းတို့သည် လက်နှင့် မျက်စိရှိသူများ ဖြစ်သည်။ အလိုသဘောမှာ မိမိ၏ အတွေးအခေါ်နှင့် ကျင့်ဆောင်နိုင်စွမ်းများကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံခြင်းတွင် အသုံးချကြသည်။ ထိုအချက်ဖြင့် လူ့အစိတ်အပိုင်းများ၏ အသုံးပြုရမည့် မူရင်းနေရာမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံခြင်းတွင် သုံးစွဲရန်ဖြစ်၍ ထိုသို့ မသုံးစွဲနိုင်သည့် အစိတ်အပိုင်းသည် ထိုအစိတ်အပိုင်း မရှိခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း ရည်ညွှန်းထားပေသည်။

နောင်တမလွန်အရေးကိစ္စများအပေါ် သောကထားခြင်းသည် နဗီများ၏ ခြားနားသော ဂုဏ်ပုဒ် တစ်ခု ဖြစ်ခြင်း

ذِكْرَى الدَّارِ ၏ အဓိပ္ပာယ်မှာ 'အိမ်ကို သတိရခြင်း' ဖြစ်သည်။ အိမ်ဆိုသည်မှာ နောင် တမလွန် ဖြစ်သည်။ 'နောင်တမလွန်' ဟု မသုံးဘဲ 'အိမ်' ဟူသော စာလုံးသုံးထားခြင်းကြောင့် လူသား၏ မူရင်း အိမ်မှာ 'နောင်တမလွန်' ကိုသာ မှတ်ယူရမည်ဖြစ်ကြောင်း သတိပေးထားပေသည်။ ဤသောကထားခြင်းကို မိမိ၏ အတွေးအခေါ်နှင့် လုပ်ဆောင်မှုများ၏ အုတ်မြစ်အဖြစ် သတ်မှတ်ရပေမည်။ ဤနေရာတွင် နောင် တမလွန်ကို သတိရရှိခြင်းသည် လူသား၏ အတွေးအခေါ်နှင့် ကျင့်ဆောင်မှုစွမ်းအားကို ပိုမိုတောက်ပြောင် မှု ချီးမြှင့်ခံရသည့်အရာ ဖြစ်ကြောင်း သိရှိရပေသည်။ အချို့မှတ်စွလင်မ်များက 'နောင်တမလွန်ကို သတိ ရခြင်းသည် လူသား၏ အားအင်များကို ဖျက်ဆီးပစ်စေသည်' ဟူသည့် အတွေးအခေါ်သည် လုံးဝ အခြေအမြစ် မရှိကြောင်း တွေ့ရှိရပေသည်။

ဟဇရသ်အလ်ယဆအ် عليه السلام

وَالْيَسَعَ (၄င်းနောက် အလ်ယဆအ် عليه السلام ကို သတိရပါလေ။) တမန်တော်အလ်ယဆအ် عليه السلام သည် အိစ်ရာအီးလ်မျိုးနွယ်ဝင်များမှ နဗီတမန်တော်တစ်ပါး ဖြစ်သည်။ ထိုနဗီတမန်တော်အကြောင်းကို ကုရ်အာန် ကျမ်းတော်မြတ်တွင် နေရာ (၂) ခု၌သာ တင်ပြထားပေသည်။ စူရာဟ်အင်န်အာမ်နှင့် ဤစူရာဟ်တွင် ဖြစ်သည်။ နှစ်နေရာစလုံးတွင် ဤနဗီတမန်တော်၏ အခြေအနေနှင့်ပတ်သက်ပြီး အကျယ်တဝင့် တင်ပြ ထားခြင်းမရှိပေ။ သို့သာမက နဗီတမန်တော်များ၏ အမည်စာရင်းတွင်သာ ထည့်သွင်းထားလေသည်။ သမိုင်းကျမ်းများတွင် ရေးသားထားသည်မှာ ၄င်းတမန်တော်သည် တမန်တော်အီလ်ယာစ် عليه السلام ၏ ကြာကြာမှ မွေးဖွားသော သားဖြစ်၍ ညီအစ်ကိုဝမ်းကွဲ တော်စပ်လေသည်။ တမန်တော်အီလ်ယာစ် عليه السلام ၏ လက်ထောက် နှင့် ကိုယ်စားလှယ်ဖြစ်သည်။ တမန်တော်အီးလ်ယားစ် عليه السلام နှင့်အတူ နေထိုင်လေသည်။ တမန်တော် အီလ်ယာစ် عليه السلام နောက်တမန်တော်အလ်ယဆအ်ကို နဗီအဖြစ် ချီးမြှင့်ခဲ့သည်။ 'ဘိုင်ဘလ်' ကျမ်း၏ ဘုရင်

များကဏ္ဍ အတွဲ (၁)၊ အခန်း (၁၉) နှင့် ဘုရင်ကဏ္ဍ ဒုတိယတွဲ အခန်း (၂) အစရှိသည်တို့တွင် အကျယ်တဝင့် အကြောင်းအရာများ တင်ပြထားပေသည်။ 'ဘိုင်ဘလ်' တွင် တမန်တော်ယဆအ်၏ အမည်မှာ 'အီလ်ယရှအ်ဗင်နဆာဖစ်သ်'ဟု ပါရှိသည်။

وَعِنْدَهُمْ قٰصِرَاتُ الطَّرْفِ اَتْرَابٌ

၎င်းတို့ထံတွင် မျက်လွှာချထားသည့် အရွယ်တူ အမျိုးသမီးများ ရှိသည်ဟူသော သဘောမှာ 'ဂျန္နသ်'၏ ဟူရ်များဖြစ်သည်။ ရွယ်တူဆိုသည်မှာ 'ဟူရ်'အချင်းချင်း အသက်တူများဖြစ်သည်။ ၎င်းနောက် မိမိတို့ ခင်ပွန်းများနှင့် အသက်အရွယ်တူသည်လည်း ဖြစ်နိုင်ပေသည်။ ပထမပုံစံတွင် ရွယ်တူဖြစ်ခြင်းကြောင့် အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် မိတ်ဆွေများကဲ့သို့ အဆက်အသွယ်ရှိသည့် အကျိုး ရရှိနိုင်ပေသည်။ မယားပြိုင်များကဲ့သို့ ရန်လိုမုန်းတီးခြင်း မဖြစ်နိုင်။ ဤအချက်သည် ခင်ပွန်းများအဖို့ အလွန်တရာ စိတ်ချမ်းသာမှုကို ဖြစ်စေမည်မှာ ပေါ်လွင်ပေသည်။

ကြင်ဖော်ကြင်ဖက် သတ်မှတ်ရာ တွင် အသက်အရွယ်မျှတခြင်းကို ဂရုပြုခြင်းသည် ကောင်းမွန်ခြင်း

ဒုတိယပုံစံတွင် ရွယ်တူခြင်းမှာ မိမိခင်ပွန်းများနှင့် ဖြစ်သည်ဟူသော အလိုသဘောတွင် အရွယ်တူခြင်းကြောင့် စိတ်တိုက်ဆိုင်မှုများနှင့် ကိုက်ညီမှုဖြစ်နိုင်ပေသည်။ တစ်ဦးကိုတစ်ဦး စိတ်ချမ်းသာစေနိုင်၍ စိတ်ဝင်စားစေရန် ပိုမို ဂရုစိုက်မည့် အကျိုးကျေးဇူး ရရှိနိုင်ပေသည်။ ကြင်ဖော်ကြင်ဖက် သတ်မှတ်ရာတွင် အသက်အရွယ် ကိုက်ညီမှုကို ဂရုပြုသင့်ကြောင်း တွေ့ရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်ဖြင့် အချင်းချင်း တွယ်တာမှုကို ဖြစ်စေလေသည်။ ၎င်းနောက် 'နေကာဟ်'၏ ဆက်ဆံရေးတွင် ပိုမိုသာယာ၍ ခိုင်မာစေပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قُلْ اِنَّمَآ اَنَا مُنْذِرٌ ۖ وَّمَا مِنْ اِلٰهٍ اِلَّا اللّٰهُ الْوَاحِدُ الْقَهَّارُ ﴿٦٥﴾

၃၈ : ၆၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် သတိပေးနှိုးဆော်သူတစ်ဦးသာလျှင် ဖြစ်၏။ ၎င်းပြင် တစ်ဆူတည်း ဖြစ်တော်မူသော၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အလ္လာဟ်အသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှဉ်းမရှိပေ။'

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا الْعَزِيْزُ الْغَفَّارُ ﴿٦٦﴾

၃၈ : ၆၆ ။ ။ (ထိုအသျှင်မြတ်သည်သာလျှင်) မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

قُلْ هُوَ نَبَؤٌا عَظِيمٌ ﴿٦٧﴾

၃၈ : ၆၇ ॥ ॥ (အို့၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ဤ (ကေယာမသ်) ရှင်ပြန်ထရမည့်နေ့ (၏ အကြောင်းသတင်း) သည် ကြီးကျယ်လှစွာသော အကြောင်းသတင်းပင် (ဖြစ်၏။)

أَنتُمْ عَنْهُ مُعْرِضُونَ ﴿٦٨﴾

၃၈ : ၆၈ ॥ ॥ 'အသင်တို့သည် ယင်းအကြောင်းသတင်းကို လျစ်လျူရှုနေသူများပင် ဖြစ်ကြကုန်၏။'

مَا كَانَ لِيَ مِنْ عِلْمٍ بِالْمَلَإِ الْأَعْلَىٰ إِذْ يَخْتَصِمُونَ ﴿٦٩﴾

၃၈ : ၆၉ ॥ ॥ ငါသည် အထက်ကောင်းကင်ရှိ ပရိသတ်နှင့် ပတ်သက်၍ ၎င်းတို့အချင်းချင်း ပြောဆို အငြင်းပွားလျက်ရှိကြစဉ် မည်သည်ကိုမျှ မသိခဲ့ပေ။

إِن يُوحَىٰ إِلَيَّ إِلَّا أَنَّمَا أَنَا نَذِيرٌ مُّبِينٌ ﴿٧٠﴾

၃၈ : ၇၀ ॥ ॥ ငါ့ထံသို့ ငါသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦး ဖြစ်ခြင်းကြောင့်သာလျှင် 'ဝဟီ' အမိန့်တော်ထုတ်ပြန်ခြင်း ခံရပေသည်။

إِذْ قَالَ رَبُّكَ لِلْمَلَائِكَةِ إِنِّي خَالِقٌ بَشَرًا مِّن طِينٍ ﴿٧١﴾

၃၈ : ၇၁ ॥ ॥ (ပြန်လည်အောက်မေ့ သတိရပါလေ။) တစ်ရံရောအခါဝယ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'မလာအေကာဟ်' ကောင်းကင်တမန်တို့အား မိန့်ကြားတော်မူခဲ့၏။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် လူသားတစ်ဦးအား ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူမည်။

فَإِذَا سَوَّيْتُهُ وَنَفَخْتُ فِيهِ مِن رُّوحِي فَقَعُوا لَهُ سَاجِدِينَ ﴿٧٢﴾

၃၈ : ၇၂ ॥ ॥ ထို့နောက် ငါအသျှင်မြတ်သည် ထိုလူသားအား နေထားကျန စုံလင်စွာ ပြုလုပ်တော်မူပြီးလျှင် ၎င်း၏ (ခန္ဓာကိုယ်) အတွင်းဝယ် မိမိ၏ထံမှ အသက်ဝိဉာဉ်ကို မှုတ်သွင်းတော်မူခဲ့သောအခါ၊ 'အသင်တို့သည် ၎င်း၏ ရှေ့ဝယ် 'စဂျ်ဒဟ်' ပျပ်ဝပ် ဦးချကြလေကုန်။

فَسَجَدَ الْمَلَائِكَةُ كُلُّهُمْ أَجْمَعُونَ ﴿٧٣﴾

၃၈ : ၇၃ ॥ ॥ 'မလာအေကာဟ်' ကောင်းကင်တမန်အပေါင်းအားလုံးတို့သည် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချခဲ့ကြကုန်၏။'

إِلَّا إِبْلِيسَ اسْتَكْبَرَ وَكَانَ مِنَ الْكَافِرِينَ ﴿٧٤﴾

၃၈ : ၇၄ ॥ ॥ သို့ရာတွင် အီဗလီးစ်မှာမူ မောက်မာပလွှား၍ ကာဖိရ် သွေဖည်ငြင်းပယ်သူတို့တွင် အပါအဝင် ဖြစ်သွားခဲ့လေ၏။

قَالَ يَٰٓإِبْلِيسُ مَا مَنَعَكَ
أَن تَسْجُدَ لِمَا خَلَقْتُ بِيَدَىَّ ۖ أَسْتَكْبَرْتَ أَمْ كُنتَ مِنَ ٱلْعَالِينَ ﴿٧٥﴾

၃၈ : ၇၅ ။ ။ (ထိုအခါ) ထိုအသျှင်မြတ်သည် 'အို၊ အီဗ်လီးစ်၊ ငါအသျှင်မြတ်သည် မိမိ၏ လက်တော်နှစ်ဖက်ဖြင့် ပြုတော်မူခဲ့သော သူ၏ ရှေ့ဝယ် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချခြင်းမှ အသင့်အား မည်သည့်အရာက တားမြစ်ခဲ့သနည်း။ အသင်သည် မာန်မာန ထောင်လွှားလေသလော။ သို့တည်းမဟုတ် အသင်သည် (အကယ်စင်စစ်) မြင့်မြတ်သောသူတစ်ဦး ဖြစ်လေသလော' ဟု မိန့်ကြားတော်မူခဲ့၏။

قَالَ أَنَا۠ خَيْرٌ مِّنْهُ ۖ خَلَقْتَنِى مِن نَّارٍ وَخَلَقْتَهُۥ مِن طِينٍ ﴿٧٦﴾

၃၈ : ၇၆ ။ ။ ၎င်း (အီဗ်လီးစ်) က '(အို၊ အသျှင်မြတ်) ကျွန်တော်မျိုးသည် ထိုလူသားထက် မြင့်မြတ်ပါသည်။ အသျှင်မြတ်သည် ကျွန်တော်မျိုးအား မီးဖြင့် ဖန်ဆင်းတော်မူ၍၊ ထိုလူသားကိုမူ ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်' ဟု လျှောက်ထားခဲ့လေသည်။

قَالَ فَٱخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ ﴿٧٧﴾

၃၈ : ၇၇ ။ ။ ထိုအသျှင်မြတ်က မိန့်ကြားတော်မူခဲ့၏။ သို့ဖြစ်လျှင် '(အို၊ အီဗ်လီးစ်) အသင်သည် ဤကောင်းကင်ဘုံမှ ထွက်၍ သွားလော့။ အကြောင်းမူ အသင်သည် နှင်ထုတ်ခြင်း ကရုဏာတော်မှ ကင်းဝေးစေခြင်း ခံရသူဖြစ်သောကြောင့်ပင် (ဖြစ်၏။)

وَإِنَّ عَلَيْكَ لَعْنَتِىٓ إِلَىٰ يَوْمِ ٱلدِّينِ ﴿٧٨﴾

၃၈ : ၇၈ ။ ။ ထို့ပြင် ဧကန်မလွဲ အသင့်အပေါ်၌ ငါအသျှင်မြတ်၏ စက်ဆုပ်မှုသည် အစားပေးမည့် (ကေယာမသ်) နေ့တိုင်အောင် ရှိနေပေမည်။

قَالَ رَبِّ فَأَنظِرْنِىٓ إِلَىٰ يَوْمِ يُبْعَثُونَ ﴿٧٩﴾

၃၈ : ၇၉ ။ ။ ၎င်း (အီဗ်လီးစ်) က 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ သို့ဖြစ်ပါလျှင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား (လူသတ္တဝါအပေါင်း) ရှင်ပြန်ထစေခြင်း ခံကြရမည့်နေ့တိုင်အောင်၊ (သေခြင်းမှ၊ ပြစ်ဒဏ်စီရင်တော်မူခြင်းမှ) ရွှေ့ဆိုင်း၍ ထားတော်မူပါ' ဟု လျှောက်ထားခဲ့လေ၏။

قَالَ فَإِنَّكَ مِنَ ٱلْمُنظَرِينَ ﴿٨٠﴾

၃၈ : ၈၀ ။ ။ ထိုအသျှင်မြတ်သည် မိန့်ကြားတော်မူခဲ့၏။ ထိုသို့ဆိုလျှင် ဧကန်မလွဲ အသင်သည် ရွှေ့ဆိုင်းထားခြင်း ခံရသူတစ်ဦးပင် ဖြစ်၏။

إِلَىٰ يَوْمِ الْوَقْتِ الْمَعْلُومِ ﴿٨١﴾

၃၈ : ၈၁ ॥ ॥ သတ်မှတ်ပြဌာန်းပြီးဖြစ်သော အချိန်ကာလ (ဆိုက်ရောက်မည်ဖြစ်သော) နေ့တိုင်အောင်။ (ရွှေ့ဆိုင်းထားခြင်း ခံရမည်။)

قَالَ فَبِعِزَّتِكَ لَأُغْوِيَنَّهُمْ أَجْمَعِينَ ﴿٨٢﴾

၃၈ : ၈၂ ॥ ॥ (ထိုအခါ) ၎င်း (အီဗ်လီးစ်) က လျှောက်ထားခဲ့လေသည်။ 'သို့ဖြစ်ပါလျှင် (ကျွန်တော်မျိုးသည်) အသျှင်မြတ်၏ တန်ခိုးတော်ကို တိုင်တည်၍ (လျှောက်ထား) အပ်ပါသည်။ မုချမလွဲ ကျွန်တော်မျိုးသည် ထိုလူသားအားလုံးကိုပင် လွဲချော်မှောက်မှားအောင် ပြုလုပ်မည်ဖြစ်ပါသည်။'

إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ ﴿٨٣﴾

၃၈ : ၈၃ ॥ ॥ 'သို့ရာတွင် ၎င်းတို့အနက် ရွေးချယ်ပြီးဖြစ်သော အသျှင်မြတ်၏ ကျွန်များကိုမူ (ကျွန်တော်မျိုးသည် လွဲချော်မှောက်မှားစေနိုင်မည် မဟုတ်ပါ။)'

قَالَ فَالْحَقُّ وَالْحَقَّ أَقُولُ ﴿٨٤﴾

၃၈ : ၈၄ ॥ ॥ ထိုအသျှင်မြတ်သည် မိန့်ကြားတော်မူခဲ့၏။ ငါအသျှင်မြတ် အမှန်ကို မိန့်ကြားတော်မူမည်။ စင်စစ် ငါအသျှင်မြတ်သည် အမှန်ကိုသာ ပြောကြားတော်မူလေ့ ရှိ၏။

لَأَمْلَأَنَّ جَهَنَّمَ مِنْكَ وَمِمَّنْ تَبِعَكَ مِنْهُمْ أَجْمَعِينَ ﴿٨٥﴾

၃၈ : ၈၅ ॥ ॥ စကန်မလွဲ ငါအသျှင်မြတ်သည် အသင့်အားဖြင့်လည်းကောင်း၊ ထိုလူသားတို့အနက် အသင်၏ နောက်လိုက်ကြသော သူတို့အားဖြင့်လည်းကောင်း 'ဂျဟန္နမ်' ငရဲဘုံကို ဖြည့်တော်မူပေမည်။

قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ وَمَا أَنَا مِنَ الْمُتَكَلِّفِينَ ﴿٨٦﴾

၃၈ : ၈၆ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့ထံ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) နှင့် စပ်လျဉ်း၍ မည်သည့်အကျိုးကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ထို့ပြင် ငါသည် ဟန်ဆောင်ပြောဆိုသူ (ဤကုရ်အာန်ကျမ်းတော်မြတ်ကို) ကြံဖန်စီကုံးသူတစ်ဦးလည်း မဟုတ်ပေ။

إِنْ هُوَ إِلَّا ذِكْرٌ لِلْعَالَمِينَ ﴿٨٧﴾

၃၈ : ၈၇ ॥ ॥ (စင်စစ်) ထို (ကုရ်အာန်ကျမ်းတော်မြတ်) သည် ကမ္ဘာသူကမ္ဘာသား ခပ်သိမ်းတို့အဖို့ အဆုံးအမတရားတော်တစ်ရပ်သာလျှင် ဖြစ်၏။

وَلَتَعْلَمُنَّ نَبَأَهُ بَعْدَ حِينٍ ﴿٨٨﴾

၃၈ : ၈၈ ။ ။ ထို့ပြင် မုချဧကန် အသင်တို့သည် အနည်းငယ်သော အချိန်ကာလနောက်တွင် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ၏ အကြောင်းသတင်း မှန်ကန်ကြောင်းကို သိရှိကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, တမန်တော်၊ အသင်သည် ပြောဆိုပါလေ။ (အသင်တို့ 'သောင်ဟီးဒ်' နှင့် 'ရိစာလသ်' ကိစ္စတွင် လက်မခံငြင်းဆန်လျှင် အသင်တို့သာ ဆုံးရှုံးကြမည်ဖြစ်၍ ကျွန်ုပ်အတွက် ထိခိုက်မှုမရှိပေ။ အဘယ်ကြောင့်ဆိုသော်) ငါကိုယ်တော်သည် အသင်တို့ကို (အလ္လာဟ်၏ အပြစ်ဒဏ်များမှ) ခြိမ်းခြောက်သည့် နဗီ တမန်တော်သာ ဖြစ်သည်။ (၄င်းနောက် ငါသည် ရဆူလ်နှင့် ခြိမ်းခြောက်သူဖြစ်ကြောင်း မှန်ကန်သကဲ့သို့ 'သောင်ဟီးဒ်'သည်လည်း မှန်ကန်ပေသည်။ ဆိုလိုသည်မှာ) လွှမ်းမိုး၍ တစ်ပါးတည်းရှိတော်မူသော အလ္လာဟ်အသျှင်မြတ်မှလွဲ၍ မည်သူမျှ 'အေဗာဒသ်'ခံဝပ်ရန် မထိုက်ပေ။ မိုးကောင်းကင်နှင့် မြေပြင် ၄င်းတို့နှစ်ခုကြားရှိ အရာများကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည် ဖိအားပေးနိုင်စွမ် ရှိတော်မူ၍ အပြစ် 'ဂိုနာဟ်'များမှ အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အဘယ်ကြောင့်ဆိုသော် 'သောင်ဟီးဒ်'ကို အတိုင်းအတာတစ်ခုအထိ ထိုသူများ လက်ခံသော်လည်း 'ရိစာလသ်'ကိုမူ လုံးဝ ငြင်းဆန်ကြသည်။ ထို့ကြောင့် 'ရိစာလသ်'ကို ပိုမို ခိုင်မာစေရန်အတွက် မိန့်ဆိုသည်မှာ 'အို, နဗီတမန်တော်) အသင် ပြောကြားပါလေ။ ဤအကြောင်းအရာ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်အား 'သောင်ဟီးဒ်'နှင့် 'ရှရီအသ်'၏ အမိန့်ပညတ်ချက်များ သင်ကြားပေးရန် ရဆူလ်ဖြစ်စေခြင်းသည်) ကြီးမားထည်ဝါသည့် အကြောင်းအရာဖြစ်သည်။ (ဤအကြောင်းအရာကို အသင်တို့ ဂရုစိုက်သင့်သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ) အသင်တို့သည် ထိုအကြောင်းအရာကို (လုံးဝ) ဂရုမစိုက်ကြပေ။ (ထိုအကြောင်းအရာ ကြီးမြတ်ရခြင်းအကြောင်းမှာ ဤယုံကြည်ချက်မပါဘဲ စစ်မှန်သည့် အောင်မြင်မှုရရှိရန် မဖြစ်နိုင်ပေ။ ဆက်လက်၍ တမန်တော်မြတ် ﷺ ၏ ရဆူလ်ဖြစ်ခြင်းကို ထောက်ပြရန် အထောက်အထားတစ်ခု တင်ပြ၏။ ၄င်းမှာ) 'ငါကိုယ်တော်အား မိုးကောင်းကင်တွင် ပြောဆိုသည့် စကားရပ်များကို မည်သည့်အကြောင်းခံဖြင့် မည်သို့မှ သတင်းမရှိပေ။ သို့တစေ ၄င်းနဗီတမန်တော်မြတ် ﷺ သည် (တမန်တော်အာဒမ် عليه السلام အား ဖန်ဆင်းခြင်းနှင့် ပတ်သက်၍ ၄င်း၏ အကျယ်တဝင့် အဖြစ်အပျက်ကို ရှေ့တွင် တင်ပြပေမည်။) အလ္လာဟ်အသျှင်မြတ်နှင့် ပြောဆိုနေ၏။ (ယခု ငါကိုယ်တော်သည် ထိုအဖြစ်အပျက်များကို တင်ပြပေမည်။ ငါကိုယ်တော်သည် ဤအဖြစ်အပျက်ကို ကိုယ်တိုင်လည်း မတွေ့မြင်ရ။ 'အဲဟ်လေ့ကိသာဗ်'များကို မေးမြန်း၍ သိရှိရန် ၄င်းတို့နှင့် ဆက်ဆံမှုမျိုးလည်း မရှိသည့်အတွက် ဤအဖြစ်အပျက်ကို မည်သည့်နေရာမှ သိရှိရသည်ကို စဉ်းစားရန်ဖြစ်သည်။ မုချဧကန် ငါကိုယ်တော်အား 'ဝဟီ'ဖြင့်သာ ဤသို့ သိရှိရခြင်းဖြစ်သည်။ သို့ရှိရာ ငါကိုယ်တော်၏ ၄င်းအခြေအနေများကို သိရှိနေ

ခြင်းသည် 'ဝဟီ'၏ အကြောင်းခံဖြင့်ဖြစ်ကြောင်း သိရှိရလေသည်။ ၎င်းမှ အထောက်အထား ဖြစ်သွားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပေါ်လွင်စွာ ခြိမ်းခြောက်သူအဖြစ် စေလွှတ်ခြင်းခံရခြင်းကြောင့် ဤသို့ 'ဝဟီ' လာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ နဗီတမန်တော်ဖြစ်ခြင်းကြောင့် 'ဝဟီ' ကျခြင်းဖြစ်သည်။

သို့ရှိရာ အသင်တို့ ငါကိုယ်တော် ရစူလ်ဖြစ်ကြောင်းကို ထောက်ခံရန် အရေးကြီးပေသည်။ မိုးကောင်းကင်ထက်တွင် အလ္လာဟ်အသျှင်မြတ်နှင့် ဤပြောဆိုမှု၊ ၎င်းကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ထိုအချိန်၌ဖြစ်သည်။ ထိုသို့ ပြောဆိုသည့်အချိန်၌ အသင်၏ အသျှင်မြတ်သည် ဖရစ်ရှ်သာဟ်များကို ဤသို့ မိန့်တော်မူလေသည်။ ငါအသျှင်မြတ်သည် မြေကြီးဖြင့် လူသားတစ်ဦးကို (ဆိုလိုသည်မှာ ထိုမြေဖြင့် ပြုလုပ်ထားသောလူကို) ဖန်ဆင်းတော်မူပေမည်။ ဆိုလိုသည်မှာ ခန္ဓာကိုယ်အစိတ်အပိုင်းများကို အပြည့်အဝဖန်ဆင်းပြီး ထိုခန္ဓာကိုယ်ထဲတွင် အသျှင်မြတ်ဘက်တော်မှ ဝိညာဉ်ထည့်ပြီးလျှင် အသင်တို့အားလုံး ၎င်း၏ ရှေ့မှောက်တွင် 'စဂျ်ဒဟ်' ဦးညွှတ်ကြပါလေ။ ထိုလူသားကို အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းပြီးနောက် ဖရစ်ရှ်သာဟ်များအားလုံးသည် တမန်တော်အာဒမ် (عليه السلام) အား 'စဂျ်ဒဟ်' ပြုကြလေသည်။ သို့သော် အီဗ်လီးစ်သည် မာနတက်၍ ကာဖိရ်ဖြစ်သွားခဲ့သည်။

အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ 'အို၊ အီဗ်လီးစ်၊ ထိုအရာကို ငါအသျှင်မြတ်သည် မိမိ၏ လက် တော်ဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။' ဆိုလိုသည်မှာ အကြင်အရာ တည်ရှိလာစေရန် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သီးခြားချီးမြှင့်မှုနှင့် အာရုံထားမှု ရှိခဲ့ပေသည်။ တစ်ဖန် ထိုအရာ၏ ရှေ့တွင် 'စဂျ်ဒဟ်' ပြုရန် အမိန့်ပေးခဲ့လေသည်။ ဤကဲ့သို့သော အရာကို 'စဂျ်ဒဟ်' ပြုရန် အသင့်အား မည်သည့်အရာက တားဆီးခဲ့သနည်း။ အသင် မာနတက်သွားလေသလော။ စေန်စင်စစ် အသင်သည် ကြီးကျယ်သူမဟုတ်ပေ။ သို့မဟုတ် အသင်သည် အမှန်တကယ် အဆင့်အတန်းမြင့်မားသူဖြစ်၍ 'စဂျ်ဒဟ်' အမိန့်ပေးခံရရန် သင့်တော်သူ မဟုတ်လေသလောဟု မေးရာ ဒုတိယစကားအား မှန်သည်ဟု ပြောဆိုလေသည်။ ဆိုလိုသည်မှာ 'ကျွန်ုပ်သည် အာဒမ် (عليه السلام) ထက် မြင့်မြတ်လေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်ကို မီးဖြင့် ဖန်ဆင်းခဲ့သည်။ ၎င်းနောက် ထိုအာဒမ် (عليه السلام) ကို မြေဖြင့် ဖန်ဆင်းခဲ့သည်။ သို့ရှိရာ ကျွန်ုပ်ကို ၎င်းအား 'စဂျ်ဒဟ်' ပြုရန် အမိန့်ပေးခြင်းမှာ အမြော်အမြင်ရှိခြင်းနှင့် ဆန့်ကျင်ပေသည်။' ထိုအခါ 'အသင် မိုးကောင်းကင်မှ ထွက်သွားပါ' ဟု အမိန့်ပေးလေသည်။ အဘယ်ကြောင့်ဆိုသော် မုချကန် အသင်သည် ဤလုပ်ရပ်ကြောင့် နှင်ထုတ်ခြင်းခံရသူဖြစ်သွားပေသည်။ ၎င်းနောက် မုချစေန် အသင့်အပေါ် ငါအသျှင်မြတ်၏ ကျိန်ဆဲမှု 'ကေယာမသ်' နေ့တိုင် ရှိနေပေမည်။ ထို့နောက် ကရုဏာတော်ရရှိရန် လုံးဝ ဖြစ်နိုင်ချေမရှိတော့ပေ။ ထိုအခါ ရှိုက်သွာန်က 'အကယ်၍ ကျွန်ုပ်ကို တမန်တော်အာဒမ် (عليه السلام) ကြောင့် နှင်ထုတ်လျှင် ကျွန်ုပ်ကို 'ကေယာမသ်' နေ့အထိ မသေစေပါနှင့်။ သို့မှသာ တမန်တော်အာဒမ် (عليه السلام) နှင့် ၎င်း၏ သားသမီးများကို အသေအချာ လက်စားချေရန် ဖြစ်သည်' ဟု ပြောဆိုလေသည်။ ထိုအခါ အသင် အချိန်တောင်းခံသည့်အတွက် သတ်မှတ်ထားသည့်အချိန်အထိ အသင်အား အချိန်ပေးလိုက်သည်ဟု မိန့်တော်မူလေသည်။

ထိုအခါ ရှိက်သွာန်က ကျွန်ုပ် အချိန်ရသွားပြီးဖြစ်သည့်အတွက် အလ္လာဟ်အသျှင်မြတ် ဂုဏ်တော်၏ 'ကစမ်'၊ ကျွန်တော်မျိုးသည် အလ္လာဟ်အသျှင်မြတ် ရွေးချယ်ထားသည့် ဗန္ဒာဟ်များမှလွဲ၍ လူသားအားလုံးတို့ကို လမ်းမှားအောင် ပြုပေမည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လူအချို့ကို ကျွန်တော်မျိုး၏ သက်ရောက်မှုမှ ကာကွယ်ထားပေသည်။ အလ္လာဟ်အသျှင်မြတ်က ငါအသျှင်မြတ်သည် အမှန်ပြောဆို၍ အမြဲတစေ အမှန်ပြောဆိုနေပေမည်။ ငါအသျှင်မြတ်သည် အသင်နှင့် အသင်၏ နောက်လိုက်အားလုံးကို 'ဂျဟန္နမ်' တွင် ဖြည့်ပစ်မည်ဟု ပြောဆိုခဲ့သည်။ စူရာဟ်၏ အစအာယသ်တော်ဖြင့် သိရှိရသည်မှာ ထိုစူရာဟ်၏ ရည်ရွယ်ချက် အရင်းအမြစ်မှာ တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းကို အတည်ပြုရန်ဖြစ်ကြောင်း ပေါ်လွင်ပေသည်။ ထိုအကြောင်းကို အထောက်အထားများ တင်ပြပြီးနောက် ဆုံးမသည့်ပုံစံဖြင့် အီမာန်ယူရန် ယခု ဖိတ်ခေါ်ပေသည်။ အသင်တမန်တော် အထောက်အထား ပြည့်ဝစေသည့် နည်းလမ်းဖြင့် ဤသို့ ဖြေကြားပါလေ။ ငါကိုယ်တော်သည် အသင့်တို့ထံမှ ဤကုရ်အာန်ကျမ်းတော်မြတ် ပို့ချခြင်းအပေါ် စိုးစဉ်းမျှ အစားယူလိုသူမဟုတ်။ လုပ်ကြံလီဆယ်သူများထဲမှလည်း မဟုတ်။ လုပ်ကြံသည့် နည်းလမ်းဖြင့် နဗီတမန်တော်ဖြစ်ကြောင်း ကြွေးကြော်သူလည်း မဟုတ်ပေ။ ကုရ်အာန်မဟုတ်သည်ကို ကုရ်အာန်ဟု ပြောဆိုခြင်းလည်း မဟုတ်။ ဆိုလိုသည်မှာ လိမ်လည်လျှင် အကျိုးတစ်ခုခုတော့ ရရှိပေမည်။ ဥပမာ- အစားရခြင်းဖြစ်သည်။ သို့မဟုတ် လူ့ဗီဇတစ်ခုခုရှိခြင်း၊ ဥပမာ- လုပ်ကြံပြောဆိုခြင်း။ ဤနှစ်ချက်စလုံး မရှိသည့်အတွက် အမှန်တကယ် ဤကုရ်အာန်သည် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော်နှင့် လောကသားအားလုံးအတွက် မှာတမ်းစကားတစ်ခု ဖြစ်သည်။ ဤသည်ကို ပို့ချရန် ငါကိုယ်တော်ကို နဗီအဖြစ် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထိုအထဲတွင် အသင်တို့၏ အကျိုးသာ ရှိပေသည်။ အကယ်၍ အမှန်တရားပေါ်လွင်နေပါလျက် အသင်တို့ လက်မခံပါက ရက်အနည်းငယ် နောက်ပိုင်းတွင်ပင် အခြေအနေကို သိရှိသွားပေမည်။ ဆိုလိုသည်မှာ ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် ဤသည်မှာ မှန်ကန်၍ ငြင်းဆန်မှုသည် လွဲမှားကြောင်း ဧစ်မြစ်ပေါ်လွင်သွားပေမည်။ သို့သော် ထိုအချိန်ရောက်မှ သိရှိသော် မည်သည့်အကျိုးမှ မရှိတော့ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ပါအကြောင်းအရာများ၏ အနှစ်ချုပ်

قُلْ اِنَّمَآ اَنَا مُنْذِرٌ စူရာဟ်၏ အစတွင် အသင်တို့ တွေ့ရှိပြီးဖြစ်သည်။ ဤစူရာဟ်၏ မူရင်းရည်ရွယ်ချက်မှာ တမန်တော်မြတ် ﷺ သည် ရစူလ်ဖြစ်ကြောင်း အထောက်အထားနှင့် ကာဖိရ်များကို ပယ်ချခြင်းဖြစ်သည်။ ဤအကြောင်းအရာများ၏ အောက်တွင် နဗီတမန်တော်များ၏ အကြောင်းအရာများကို အကြောင်းနှစ်ခုကြောင့် တင်ပြခဲ့၏။ အကြောင်းတစ်ခုမှာ တမန်တော်မြတ် ﷺ ကို နှစ်သိမ့်ရန်နှင့် လွန်လေပြီးသော

နဗီတမန်တော်များကဲ့သို့ တမန်တော်မြတ် ﷺ ကို ကာဖိရ်များ၏ ရိုင်းစိုင်းသည့် စကားရပ်များအပေါ် သည်းခံရန်ဖြစ်သည်။ ဒုတိယအကြောင်းမှာ ထိုအဖြစ်အပျက်များဖြင့် မှန်ကန်သည့် နဗီတမန်တော်တစ်ပါးကို ငြင်းဆန်သူများ သင်ခန်းစာယူရန်ဖြစ်သည်။ ထို့နောက် အခြားနည်းလမ်းတစ်ခုဖြင့် ကာဖိရ်များကို အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်ခဲ့လေသည်။ ပုံသဏ္ဍာန်မှာ မုအ်မင်န်များ၏ ကောင်းသော ရလဒ်နှင့် ကာဖိရ်များအတွက် ပြင်းထန်သော အပြစ်ဒဏ်ပုံစံကို ပြသခဲ့သည်။ လူတစ်ချို့၏ နောက်လိုက်၍ အသင်တို့ ယနေ့ အမွန်မြတ်ဆုံးသော ရစူလ်ကို ငြင်းဆန်ခဲ့ကြသည့်အပေါ် သတိပေးထား၏။ နောင်တမလွန်တွင် ထိုသူများသည် အသင်တို့အား ကူညီခြင်းမှ ရှောင်ဖယ်သွားကြလိမ့်မည်။ ထိုသူတို့သည် အသင်တို့ကို မကောင်း ပြောဆိုကြလိမ့်မည်။ ၎င်းနောက် အသင်တို့သည် ထိုသူတို့အပေါ် ကျိန်ဆဲကြပေလိမ့်မည်။ ဤအကြောင်းအရာအားလုံး၏ နောက်တွင် မူရင်းအကြောင်းအရာဖြစ်သော 'ရိစာလသ်'ကို အတည်ပြုရန် တင်ပြခဲ့၏။ အထောက်အထားများ တင်ပြလျက် ဆုံးမသည့် ပုံစံဖြင့် ဖိတ်ခေါ်မှုလည်း ပြုခဲ့၏။

مَاكَانَ لِيَ مِنْ عِلْمٍ بِالْمَلَاِ الْاَعْلٰى اِذْ يَخْتَصِمُوْنَ

(ငါကိုယ်တော်ကို ၎င်းတို့ပြောဆိုသည့် မိုးကောင်းကင်၏ သတင်းတစ်စုံတစ်ရာ မရှိပေ။)

ဆိုလိုသည်မှာ ငါကိုယ်တော်၏ ရစူလ်ဖြစ်ကြောင်း၊ ရှင်းလင်းသည့် အထောက်အထားမှာ ငါကိုယ်တော်သည် အသင်တို့ကို 'ဝဟီ'မှ လွဲ၍ အခြားအကြောင်းခံဖြင့် မသိရှိနိုင်သည့် မိုးကောင်းကင်မှ စကားများကို တင်ပြပေသည်။ ထိုစကားရပ်များထဲမှ တစ်ခုမှာ တမန်တော်အာဒမ် عليه السلام အား ဖန်ဆင်းချိန်တွင် ဖရစ်ရှ်သာဟ်များနှင့် ပြောဆိုသည့်စကားဖြစ်သည်။ ထိုအကြောင်းအရာကို စူရာဟ်ဗကရာတွင် တင်ပြပြီးဖြစ်သည်။ ဖရစ်ရှ်သာဟ်များက

اَتَجْعَلُ فِيْهَا مَنْ يُّفْسِدُ فِيْهَا وَيَسْفِكُ الدِّمَآءَ

(အသျှင်မြတ်သည် လောကတွင် ပြဿနာလုပ်၍ သွေးချောင်းစီးစေမည့် လူသားများကို ဖန်ဆင်းပါမည်လော) ဟု ပြောဆိုခဲ့ကြသည်။ ထိုအကြောင်းအရာကို ဤနေရာတွင် اختصام ဟူသော စာလုံးဖြင့် တင်ပြထားသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ပြဿနာ (သို့) အငြင်းအခုံဖြစ်၏။ အမှန်စင်စစ် ဖရစ်ရှ်သာဟ်များသည် ဤမေးခွန်းကို စောကတက်ရန် (သို့) ငြင်းခုံရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အာဒမ် عليه السلام အား ဖန်ဆင်းခြင်း၏ အမြော်အမြင်ကို သိရှိလို၍သာ ဖြစ်ပေသည်။ သို့သော် အမေးအဖြေ၏ အပေါ်ယံပုံစံသည် အငြင်းအခုံနှင့် တူသည့်အတွက် اختصام ဟူသော စာလုံးဖြင့် သုံးနှုန်းထားလေသည်။ ဤသို့ပင် ငယ်ရွယ်သူသည် ကြီးသူတစ်ဦးကို မေးခွန်းမေးလျက် ကြီးသူသည် ထိုအကြောင်းအရာကို ပြန်လည်တင်ပြပါက ထိုအမေးအဖြေကို ရယ်ရွှင်ဖွယ်ရာအနေဖြင့် ပြဿနာဟု သုံးနှုန်းလေသည်။

اِذْقَالَ رَبُّكَ لِلْمَلٰٓئِكَةِ

(အလ္လာဟ်အသျှင်မြတ်သည် ဖရစ်ရှိသာဟ်များကို ပြောဆိုသည့်အခါ) ဤနေရာတွင် တမန်တော်အာဒမ် ﷺ ကို ဖန်ဆင်းသည့် အကြောင်းအရာကို တင်ပြထားသည်။ ဤတင်ပြထားချက်ဖြင့် အလ္လာဟ်အသျှင်မြတ်နှင့် ဖရစ်ရှိသာဟ်များ ပြောဆိုသည့် စကားကို ရည်ညွှန်း၍ အီဗ်လီးစ်သည် မနာလိုမှုနှင့် မာနကြောင့်သာ တမန်တော်အာဒမ် ﷺ ကို 'စဂျ်ဒဟ်'ပြုခြင်းမှ ငြင်းဆန်ခဲ့ကြောင်း သတိပေးထားပေသည်။ ဤသို့ပင် အာရဗ်ရှိ မုရှ်ရစ်က်တို့သည်လည်း မနာလိုမှုနှင့် မာနကြောင့် တမန်တော်မြတ် ﷺ ၏ စကားများကို လက်မခံပေ။ အီဗ်လီးစ်နိဂုံးချုပ်ကဲ့သို့ ထိုသူတို့လည်း ကြုံတွေ့ရပေမည်။ *[သဖ်စီးရ်ကဗီးရ်]*

لِمَا خَلَقْتُ بِيَدَىَّ

ဤနေရာတွင် တမန်တော်အာဒမ် ﷺ နှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ ငါအသျှင်မြတ်သည် မိမိလက်ဖြင့် ၄င်းကို ဖန်ဆင်းခဲ့သည်။ ပညာရှင်အများစုက 'လက်'ဆိုသည်မှာ လူသားတွင်ရှိသော လက်ကဲ့သို့ မဟုတ်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အစိတ်အပိုင်းများ၏ လိုအပ်ချက်မှ ကင်းစင်ပေသည်။ ထို့ကြောင့် အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း ဆိုကြလေသည်။ အာရဗီစကားတွင် يد ဟူသော စာလုံးသည် မြောက်မြားစွာသော နေရာ၌ တန်ခိုးတော်ဟု သုံးနှုန်းထားပေသည်။ ဥပမာ-

بِيَدِهٖ عُقْدَةُ النِّكَاحِ

သို့ရှိရာ အာယသ်တော်၏ အလိုသဘောတွင် ငါအသျှင်မြတ်သည် အာဒမ် ﷺ ကို မိမိတန်ခိုးတော်ဖြင့် ဖန်ဆင်းခဲ့သည်။ လောကတွင် ရှိသည့် အရာအားလုံးကို အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ဖြင့်သာ ဖန်ဆင်းသော်လည်း အရာတစ်ခု၏ ထူးခြားသည့် မွန်မြတ်မှုကို ဖော်ညွှန်းလိုလျှင် မိမိဘက်သို့ သီးခြားနည်းလမ်းဖြင့် ဆက်သွယ်ကာ မိန့်တော်မူလေ့ရှိသည်။ ဥပမာ- 'ကအ်ဗာဟ်'ကို بيت الله တမန်တော်ဆွာလေဟ်၏ ကုလားအုတ်မကို ناقة الله တမန်တော်အီစာကို كلمة الله (သို့) روح الله ဟု ပြောဆိုထားပေသည်။ ဤနေရာတွင်လည်း တမန်တော်အာဒမ် ﷺ ၏ မွန်မြတ်မှုကို ပေါ်လွင်စေရန် ဤသို့ ဆက်သွယ်တင်ပြခြင်း ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

လုပ်ကြံမှုနှင့် ဟန်ဆောင်မှု၏ ဆိုးကျိုး

وَمَآ اَنَا مِنَ الْمُتَكَلِّفِيْنَ

(၄င်းနောက် ငါကိုယ်တော်သည် လုပ်ကြံပြောဆိုခဲ့သူမဟုတ်။) အလိုသဘောမှာ ငါကိုယ်တော်သည် လုပ်ကြံလီဆယ်၍ မိမိနဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်း၊ ၄င်းနောက် ဉာဏ်ပညာရှိခြင်းတို့ကို ဖော်ထုတ်ခြင်း

မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို မှန်ကန်စွာ ပို့ဆောင်သူသာ ဖြစ်၏။ ထို့ကြောင့် လုပ်ကြံဟန်ဆောင်ခြင်းသည် တရားတော်အရ မနှစ်မြို့ဖွယ်ရာ ဖြစ်သည်။ သို့ရှိရာ အချို့ဆင့်ပြန်ချက်များတွင် ဤလုပ်ရပ်အပေါ် ပြစ်တင်ရှုတ်ချမှုများ လာရှိထားသည်။ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ် အဗ်ဒွလ္လာဟ်ဗင်နမတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ 'အို, လူသားအပေါင်းတို့၊ အသင်တို့အနက်မှ တစ်ဦးတစ်ယောက်ကို အကြောင်းအရာတစ်ခု သိရှိလျှင် လူသားများကို ပြောပြပါလေ။ အသင်တို့ မသိရှိပါက الله اعلم ဟုသာ ပြောဆိုပါလေ။' အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိရစူလ်နှင့် ပတ်သက်၍

قُلْ مَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ وَّمَآ اَنَا مِنَ الْمُتَكَلِّفِيْنَ

'(အို, နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့ထံ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) နှင့် စပ်လျဉ်း၍ မည်သည့်အကျိုးကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ထို့ပြင် ငါသည် ဟန်ဆောင်ပြောဆိုသူ (ဤကုရ်အာန်ကျမ်းတော်မြတ်ကို) ကြံဖန်စီကုံးသူတစ်ဦးလည်း မဟုတ်ပေ' ဟု မိန့်တော်မူထားလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ဇုမရ်

ဇုမရ်အုပ်စုများကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ①

၃၉ : ၁ ။ ။ ဤသည် တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ ချပေးသနားတော်မူသော (ကုရ်အာန်) ကျမ်းတော်မြတ်ပင် (ဖြစ်၏။)

إِنَّا أَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ فَاعْبُدِ اللَّهَ مُخْلِصًا لَّهُ الدِّينَ ﴿٢﴾

၃၉ : ၂ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင့်ထံသို့ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို တိကျမှန်ကန်စွာ ချပေးသနားတော်မူခဲ့ရာ အသင်သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်မှုသက်သက်၊ ထိုအသျှင်မြတ်အတွက် ကြည်ဖြူစွာ ဖြူစင်စေလျက် ဆည်းကပ်ကိုးကွယ်ပါလေ။

أَلَا لِلَّهِ الدِّينُ الْخَالِصُ ۚ وَالَّذِينَ اتَّخَذُوا مِن دُونِهِ أَوْلِيَاءَ مَا نَعْبُدُهُمْ
إِلَّا لِيُقَرِّبُونَا إِلَى اللَّهِ زُلْفَىٰ إِنَّ اللَّهَ يَحْكُمُ بَيْنَهُمْ فِي مَا هُمْ فِيهِ
يَخْتَلِفُونَ ۗ إِنَّ اللَّهَ لَا يَهْدِي مَنْ هُوَ كَاذِبٌ كَفَّارٌ ﴿٣﴾

၃၉ : ၃ ။ ။ သတိပြုကြလေကုန်။ သန့်သန့်ဖြစ်သော ဆည်းကပ်ကိုးကွယ်မှုသည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ သို့ရာတွင် အကြင်သူတို့သည် ထိုအသျှင်မြတ်အပြင် အခြားကာကွယ်စောင့်ရှောက်သူများ ပြုလုပ်ခဲ့ကြပြီးလျှင်၊ 'ငှင်းတို့သည် ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ နီးကပ်ကြစေရန်သာလျှင် ကျွန်ုပ်တို့သည် ၎င်းတို့အား ဆည်းကပ်ကိုးကွယ်ကြသည် (ဟု ဆိုကြကုန်၏။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ('ကေယာမသ်' နေ့တွင်) ၎င်းတို့ချင်းချင်း သဘောကွဲလွဲ ငြင်းခုံလျက်ရှိကြသော အရေးကိစ္စနှင့် စပ်လျဉ်း၍ ၎င်းတို့ကြားဝယ် စီရင်ဆုံးဖြတ်တော်မူပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မုသာဝါဒီဖြစ်သူ၊ လွန်စွာ ကျေးဇူးကန်းသူအား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။

لَّوْ أَرَادَ اللَّهُ أَن يَتَّخِذَ وَلَدًا لَّاصْطَفَىٰ مِمَّا يَخْلُقُ مَا يَشَاءُ ۚ سُبْحَانَهُ ۖ
هُوَ اللَّهُ الْوَاحِدُ الْقَهَّارُ ﴿٤﴾

၃၉ : ၄ ။ ။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် သားတော်တစ်ပါး ရွေးချယ်ပြုလုပ်တော်မူရန် ရည်စူးတော်မူခဲ့ပါလျှင် အမှန်ပင် ထိုအသျှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သော အဖန်ဆင်းခံတို့အနက်မှ မိမိအလိုရှိတော်မူသော သူအား ရွေးချယ်တော်မူခဲ့မည်သာ (ဖြစ်၏။) ထိုအသျှင်မြတ်သည် (သားသမီးအလိုရှိခြင်းမှ) သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအသျှင်မြတ်သည်သာလျှင် တစ်ဆူတည်းသော၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ ۖ
يُكَوِّرُ اللَّيْلَ عَلَى النَّهَارِ وَيُكَوِّرُ النَّهَارَ عَلَى اللَّيْلِ ۖ وَسَخَّرَ الشَّمْسَ
وَالْقَمَرَ ۖ كُلٌّ يَجْرِي لِأَجَلٍ مُّسَمًّى ۗ أَلَا هُوَ الْعَزِيزُ الْغَفَّارُ ﴿٥﴾

၃၉ : ၅ ။ ။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို သေချာကျနစွာ ဖန်ဆင်းတော်မူခဲ့၏။ ထိုအသျှင်မြတ်သည် ညဉ့်ကို နေ့၏အပေါ်၌ ဖုံးအုပ်လွှမ်းခြုံတော်မူ၏။ ထိုနည်းတူစွာ နေ့ကို ညဉ့်၏အပေါ်၌ ဖုံးအုပ်လွှမ်းခြုံတော်မူ၏။

၎င်းပြင် ထိုအသျှင်မြတ်သည် နေကိုလည်းကောင်း၊ လကိုလည်းကောင်း မလွဲမရှောင်သာ အမိန့်တော်ကို လိုက်နာစေတော်မူခဲ့ရာ (ယင်းနေနှင့် လသည်) သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် အသီးသီး လှုပ်ရှားသွားလာလျက်ပင် ရှိကြပေမည်။ သတိပြုကြလေကုန်။ ထိုအသျှင်မြတ်သည် နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ ثُمَّ جَعَلَ مِنْهَا زَوْجَهَا وَأَنزَلَ لَكُم
مِّنَ الْأَنْعَامِ ثَمَانِيَةَ أَزْوَاجٍ ۚ يَخْلُقُكُمْ فِي بُطُونِ أُمَّهَاتِكُمْ خَلْقًا مِّن
بَعْدِ خَلْقٍ فِي ظُلُمَاتٍ ثَلَاثٍ ۚ ذَٰلِكُمُ اللَّهُ رَبُّكُمْ لَهُ الْمُلْكُ ۖ لَا إِلَٰهَ إِلَّا
هُوَ ۖ فَأَنَّىٰ تُصْرَفُونَ ⑥

၃၉ း ၆ ။ ။ ထိုအသျှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအသျှင်မြတ်သည် ယင်း (တစ်ခုတည်းသော) အသက်ဇီဝိန်မှပင် ၎င်း၏ ကြင်ရာကြင်ဖက်ကို ဖန်ဆင်းတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အကျိုးငှာ၊ ခြေလေးချောင်းတိရစ္ဆာန်များမှ (အထီး၊ အမ စုံတွဲ) ရှစ်မျိုးကို ချပေးတော်မူခဲ့၏။ ထိုအသျှင်မြတ်သည် အသင်တို့အား အသင်တို့ မိခင်များ၏ ဝမ်းဗိုက်တွင် အမိုက်မှောင်သုံးထပ်အတွင်းဝယ် ဖန်ဆင်းမှု တစ်မျိုးပြီးတစ်မျိုးသို့ (ပြောင်းလွဲ၍) ဖန်ဆင်းတော်မူ၏။ ထို (အသျှင်မြတ်သည်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ စိုးမိုးအုပ်ချုပ်မှုသည် ထိုအသျှင်မြတ်၌သာ ရှိ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်သွားကြကုန်သနည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤကျမ်းသည် လွှမ်းမိုး၍ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးသနားတော်မူသော ကျမ်းဖြစ်သည်။ လက်မခံသူကို အပြစ်ဒဏ်ပေးခြင်းသည် လွှမ်းမိုးခြင်းဟူသော ဂုဏ်ပုဒ်၏ တောင်းဆိုချက်ဖြစ်သည်။ အမြော်အမြင်ရှိသော အသျှင်မြတ် ဖြစ်တော်မူသည့်အတွက် အချိန်ပေးခြင်းတွင် အကျိုးသက်ရောက်စေခြင်း ရှိသည့်အတွက်ကြောင့် အပြစ်ဒဏ်ပေးရာတွင် အချိန်ပေး ဆိုင်းငံ့ထားခြင်း ဖြစ်လေသည်။ ငါအသျှင်မြတ်သည် တိကျမှန်ကန်စွာ ဤကျမ်းမြတ်ကို တမန်တော်မြတ် ﷺ အပေါ် ချပေးခဲ့သည်။ သို့ရှိရာ ကိုယ်တော်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ သွန်သင်မှုများနှင့်အညီ သီးခြားယုံကြည်ချက်ဖြင့် ယခုတိုင် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်သကဲ့သို့ ခဝပ်ကိုးကွယ်နေပါလေ။ ဤအချက်သည် တမန်တော်မြတ် ﷺ အပေါ် အရေးကြီးသကဲ့သို့ အခြားသူများပေါ် အရေးမကြီးဘဲ မည်သို့နေမည်နည်း။

အို့၊ လူသားအပေါင်းတို့၊ အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းတွင် (နှိုင်းယှဉ်မှုနှင့် ပြစား မှုမှ) ကင်းရှင်းစေရန် သတိပြုပါလေ။ ဤလုပ်ဆောင်မှုသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ထိုက်တန်ပေသည်။ ၎င်းနောက် (သီးသန့် ခဝပ်ကိုးကွယ်မှုကို လွှတ်၍) အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူများကို တုဖက်နှိုင်းယှဉ်ရန် သတ်မှတ်ထားသူများက ငါတို့သည် ထိုအရာများကို ကိုးကွယ်ရခြင်းမှာ ၎င်းအရာများသည် ငါတို့ကို အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်ကြစေရန်သာလျှင် ဖြစ်သည်ဟု ပြောဆိုကြသည်။ (ဆိုလိုသည်မှာ လောကတွင် ဝန်ကြီးများနှင့် ဘုရင့်ထံ ခစားနေသူများ ပြုလုပ်သကဲ့သို့ ငါတို့၏ လိုအပ်ချက်များနှင့် 'အေဗာဒသ်'များကို အလ္လာဟ်အသျှင်မြတ်ထံတော်သို့ တင်ပြပေးရန်သာ ဖြစ်သည်။) သို့ရှိရာ ၎င်းတို့နှင့်ယှဉ်၍ အီမာန်ရှင်များအကြား ဖြစ်ပေါ်လာသည့် အကွဲအလွဲများကို ('ကေယာမသ်'နေ့တွင်) အလ္လာဟ်အသျှင်မြတ်သည် (လုပ်ဆောင်မှုဖြင့်) ဆုံးဖြတ်ပေးပေမည်။ (အလ္လာဟ်တစ်ပါးတည်း လက်ခံသူများကို 'ဂျန္နသ်'နှင့် တုဖက်နှိုင်းယှဉ် သူများကို ငရဲဘုံ၌ သွတ်သွင်းပေလိမ့်မည်။ ဆိုလိုသည်မှာ ထိုသူများ လက်မခံသည့်အတွက် အို့၊တမန်တော်၊ အသင် ဝမ်းနည်းမှု မဖြစ်လေနှင့်။ ၎င်းတို့အတွက် နောင်တမလွန်တွင် ဆုံးဖြတ်ပေလိမ့်မည်။)

(အထောက်အထားများ ရှိပါလျက် အမှန်တရားအပေါ် ရောက်ရှိမလာခြင်းကို မအံ့ဩလေနှင့်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် (နှုတ်အားဖြင့်) လိမ်လည်၍ (ယုံကြည်ချက်အားဖြင့်) ငြင်းဆန်သူကို လမ်းမှန်သို့ ပို့ဆောင်ပေးမည်မဟုတ်။ (ဆိုလိုသည်မှာ နှုတ်မှ 'ကုဖွရ်'စာလုံးများ၊ စိတ်နှလုံးတွင် 'ကုဖွရ်'ယုံကြည်ချက်အပေါ် ခိုင်မြဲစွာ ရပ်တည်၍ မရှောင်ကြဉ်ဘဲ အမှန်တရား လိုလားသည့် ရည်ရွယ်ချက်လည်း မရှိလျှင် ထိုသူ၏ ဖွတ်တရွတ် မိုက်မဲမှုကြောင့် အလ္လာဟ်အသျှင်မြတ်မှလည်း တရားလမ်းမှန်၏ စွမ်းအား ချီးမြှင့်မည်မဟုတ်ပေ။ အချို့မုရှ်ရစ်က်များသည် အလ္လာဟ်အသျှင်မြတ်တွင် သားသမီးရှိသည်ဟု ပြောဆိုကြသည်။ ဥပမာ- ဖရစ်ရှ်သာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးများဟု ဆိုကြသည်။ ရှေ့တွင် ၎င်းတို့၏ ပြောဆိုမှုများကို ချေပထားသည်။) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် (ပမာအားဖြင့် တစ်ဦးတစ်ယောက်ကို သားသမီးအဖြစ် ပြုလုပ်လိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ဆန္ဒတော်မပါရှိဘဲ မည်သည့်အလုပ်မှ မဖြစ်နိုင်ပေ။ ပထမအနေဖြင့် သားသမီးပြုလုပ်ရန် ဆန္ဒပြုရလိမ့်မည်။ အကယ်၍ တစ်ဦးတစ်ယောက်ကို သားသမီးဖြစ်ရန် ဆန္ဒပြုလျှင် မိမိအဖန်ဆင်းခံများထဲမှ မိမိနှစ်သက်သူကို ထိုအတွက် ရွေးချယ်ရပေမည်။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်မှ လွဲ၍ ကျန်အရာအားလုံးသည် 'မခ်လူးကဲ'များ ဖြစ်ပေသည်။) ထိုအသျှင်မြတ်သည် အပြစ်အနာအဆာများမှ ကင်းစင်ပေသည်။ (မျိုးမတူခြင်းသည် ချို့ယွင်းချက်ဖြစ်၍ ဖန်ဆင်းခံတစ်ဦးဦးကို သားသမီးအဖြစ် ရွေးချယ်ခြင်း မဖြစ်နိုင်ပေ။ မဖြစ်နိုင်သည့်အရာကို ဆန္ဒပြုခြင်းလည်း မဖြစ်နိုင်ပေ။) သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် တစ်ပါးတည်းရှိကြောင်း (လုပ်ဆောင်မှုတိုင်းတွင် ဂုဏ်ရည်တူသူမရှိကြောင်း) နှင့် အားအင်ပြည့်ဝကြောင်း၊ (အားအင်ပြည့်ဝမှုတွင်လည်း ဂုဏ်ရည်တူသူ မရှိကြောင်း) ပေါ်လွင်သွားပေသည်။ (အဘယ်ကြောင့်ဆိုသော် အားအင်တူညီမှုသာ အရည်အချင်း

တူညီပေမည်။ သားသမီးသည် အလ္လာဟ်အသျှင်မြတ်နှင့် အားအင်မတူညီနိုင်ပေ။ ဆက်လက်၍ 'သောင်ဟီးဒ်' နှင့် ပတ်သက်သည့် အထောက်အထားများကို တင်ပြထား၏။) အလ္လာဟ်အသျှင်မြတ်သည် မြေပြင်နှင့် မိုးကောင်းကင်ကို အမြော်အမြင်ဖြင့် ဖန်ဆင်းထားသည်။ ထိုအသျှင်မြတ်သည် ည၏ အမှောင်ကို နေ့၏ အလင်းဆောင် ဆိုလိုသည်မှာ လေအပေါ်တွင် ပတ်ထားလေသည်။ ဤအတွက်ကြောင့် နေ့ပျောက်၍ ည ရောက်လာလေသည်။ ၎င်းနောက် နေ့၏ အလင်းရောင်ကို ည၏ အမှောင်တွင် ဆိုလိုသည်မှာ လေအပေါ် တွင် ပတ်ထားလေသည်။ ဤအတွက်ကြောင့် ညပျောက်၍ နေ့ရောက်လာလေသည်။

၎င်းနောက် ထိုအလ္လာဟ်အသျှင်မြတ်သည် နေနှင့် လအား အလုပ်ပေးထား၍ သတ်မှတ်ချိန်တွင် သွားလာ လှည့်ပတ်လျက် ရှိသည်။ (ထိုအထောက်အထားများ၏နောက် 'သောင်ဟီးဒ်' ကို ငြင်းဆန်ခြင်း သည် အပြစ်ဒဏ်များ ရောက်လာနိုင်ကြောင်း သတိထားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် အပြစ်ဒဏ် ပေးခြင်းအပေါ်၌လည်း စွမ်းဆောင်နိုင်တော်မူသည်။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် အလွန် အားအင်ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်သည်။ (သို့သော် အကယ်၍ ငြင်းဆန်ပြီးနောက် ပြန်လည် လက်ခံလာခဲ့လျှင် ပထမငြင်းဆန်ပြီးခဲ့သည့် အရာများအပေါ် အပြစ်ဒဏ်ခတ်လိမ့်မည်မဟုတ်။ အဘယ် ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဤသို့ ဖြင့် 'သောင်ဟီးဒ်' ကို နှိုးဆော်၍ တုဖက်နိုင်းယှဉ်ခြင်းအပေါ် ခြိမ်းခြောက်ထားခြင်းဖြစ်သည်။ အထက်တွင် မိုးကောင်းကင်ပိုင်းဆိုင်ရာ အထောက်အထားများ တင်ပြခဲ့သည်။ ယခု ခန္ဓာဗေဒပိုင်းဆိုင်ရာ အထောက် အထားများကို တင်ပြနေသည်။ ထိုသို့ တင်ပြရင်း မိုးကောင်းကင်ပိုင်းဆိုင်ရာ အခြေအနေအချို့ကိုလည်း ရောနှောတင်ပြထားသည်။ ဆိုလိုသည်မှာ) ထိုအသျှင်မြတ်သည် အသင်တို့ကို ခန္ဓာကိုယ်တစ်ခု (ဆိုလိုသည် မှာ တမန်တော်အာဒမ် ﷺ) မှ ဖန်ဆင်းခဲ့သည်။ ပထမဆုံး ထိုခန္ဓာကိုယ်တစ်ခုသာ ဖန်ဆင်းခဲ့သည်။ တစ်ဖန် ထိုခန္ဓာကိုယ်မှ ၎င်း၏ ကြင်ဖက်ကို ဖန်ဆင်းခဲ့သည်။ (အလိုသဘောမှာ ဟဇရသ်ဟောင်ဝါ ﷺ သခင်မ ဖြစ်၏။)

(ဆက်လက်၍ ၎င်းတို့မှ လူသားများ ပေါက်ဖွားလာ၏။) ထိုသို့ ဖြစ်ပေါ်လာပြီးနောက် အသင်တို့ အကျိုး တည်မြဲစေရန် အထီးအမ စုံတွဲ၊ ခြေလေးချောင်းသတ္တဝါ ရှစ်မျိုးကို ဖန်ဆင်းခဲ့သည်။ (ဤအကြောင်း အရာနှင့် ပတ်သက်၍ (၈) ပါရာအစ လေးပုံတစ်ပုံတွင် وَهُوَ الَّذِىٓ اَنۡشَاَ جَنّٰتٍ ၌ တင်ပြထားသည်။ ၎င်းတို့ကို သီးခြားတင်ပြရခြင်းမှာ ပို၍ အသုံးဝင်သည့် အရာများဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤ အစိတ်အပိုင်းသည် ကောင်းကင်ပိုင်းဆိုင်ရာများအဖြစ် ခန္ဓာဗေဒဆိုင်ရာ ခေါင်းစဉ်အောက်တွင် ပါရှိလာ ခြင်းဖြစ်သည်။ မူရင်းရည်ရွယ်ချက်ဖြစ်သော လူသားများ ရေရှည်တည်တံ့နိုင်ရန် တင်ပြထားခြင်းအပေါ် အခြေခံတင်ပြထားသည့်အတွက် ထိုအကြောင်းအရာထဲတွင် ပါဝင်သွားသည်ဟု ဆိုရခြင်းဖြစ်သည်။ ဤ အကြောင်းအရာများသည် လူသားများ ရေရှည်တည်တံ့စေသည့် အကြောင်းအရာများဖြစ်သည်။ ဆက်လက် ၍ လူသားမျိုးနွယ် ဖန်ဆင်းသည့် အခြေအနေကို တင်ပြထားသည်။ (အလ္လာဟ်အသျှင်မြတ်သည် အသင် တို့ကို မိဘ၏ ဝမ်းတွင်း၌ အခြေအနေတစ်မျိုးမှ ဒုတိယအခြေအနေအပေါ်၊ (ဒုတိယအခြေအနေမှ တတိယ

အခြေအနေအပေါ် စသည့် ကွဲလွဲသော အခြေအနေများအပေါ်) ဖန်ဆင်းထားပေသည်။ (ပထမ သုက်ရည်ကြည်၊ ဒုတိယ အသွေးတုံး၊ တတိယ အသားတုံး၊ ၄င်းမှ အဆုံးတိုင် ဖြစ်သည်။ ဤသို့ ဖန်ဆင်းခြင်းသည်) အမှောင်သုံးခုအတွင်း၌ ဖြစ်ပေါ်လေသည်။ (တစ်ခုမှာ ဝမ်းဗိုက်၏ အမှောင်၊ ဒုတိယတစ်ခုမှာ သားအိမ်၏ အမှောင်၊ တတိယတစ်ခုမှာ ကလေးကို ပတ်ထားသော အကြည်လွှာ (အချင်း) ၏ အမှောင် ဖြစ်သည်။ ဤပြောင်းလွဲမှုအမျိုးမျိုးနှင့် အမှောင်မျိုးစုံတို့တွင် ဖန်ဆင်းခြင်းသည် တန်ခိုးတော် ပြည့်ဝခြင်း၏ အထောက်အထားဖြစ်သည်။ အမှောင်သုံးခုအတွင်း၌ ဖန်ဆင်းခြင်းသည် ဉာဏ်ပညာပြည့်ဝခြင်း၏ အထောက်အထား ဖြစ်သည်။ အသင် ယခု ကြားသိခဲ့သည့် ဂုဏ်ပုဒ်များရှင်) အလ္လာဟ်အသျှင်မြတ်သည် အသင်၏ ဖန်ဆင်းရှင် ဖြစ်သည်။ ထိုအသျှင်မြတ်၏ အုပ်ချုပ်မှုသာဖြစ်၍ ထိုအသျှင်မြတ်မှလွဲ၍ အခြားမည်သူမှ ခဝပ်ကိုးကွယ်ရန် မထိုက်ပေ။ (သို့ရှိရာ ဤကဲ့သို့ အထောက်အထားများ တင်ပြပြီးနောက်) အသင် အမှန်တရားမှ မည်သည့်နေရာသို့ လွဲချော်သွားနေသနည်း။ ('သောင်ဟီးဒ်' ကို လက်ခံ၍ တုဖက်နိူင်းယှဉ်ခြင်းကို စွန့်လွှတ်ရန် အသင့်အပေါ် 'ဝါဂျိဗ်' ဖြစ်၏။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَاعۡبُدِ اللّٰهَ مُخۡلِصًا لَّهُ الدِّيۡنَ اَلَا لِلّٰهِ الدِّيۡنُ الۡخَالِصُ

'ဒီးန်' ဟူသော စာလုံးသည် ဤနေရာတွင် 'အေဗာဒသ်' (သို့) အမိန့်နာခံခြင်းဖြစ်သည်။ သာသနာ၏ အမိန့်ပညတ်ချက်အားလုံးကို လိုက်နာခြင်းများ ပါဝင်ပေသည်။ ထိုအထက်အလျင် ဝါကျတွင် တမန်တော်မြတ် ﷺ အား မိန့်တော်မူထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' ကို စိတ်စေတနာ ဖြူစင်စွာ အလ္လာဟ်အသျှင်မြတ်အတွက်သာ ပြုလုပ်၍ မည်သည့်အရာကိုမှ တုဖက်ခြင်းနှင့် ပြစားကြွားဝါခြင်း အနည်းငယ်မျှပင် မပါဝင်စေလေနှင့်။ ဒုတိယဝါကျတွင် ဤအချက်ကိုပင် လေးနက်စေရန် သာသနာအပေါ် ဖြူစင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ထိုက်တန်သည်။ ထိုအသျှင်မြတ်မှလွဲ၍ မည်သူမှ မထိုက်ဟု မိန့်တော်မူထားပေသည်။ ဟဇရသ်အဘူဟူရိုင်ရာဟ် ؓ သခင်က ဆင့်ပြန်ခဲ့သည်။ လူတစ်ဦးသည် တမန်တော်ကို လျှောက်ထားသည်မှာ 'အို၊ အလ္လာဟ်၏ ရစူလ်၊ ကျွန်တော်သည် အချို့အချိန်တွင် အလှူအတန်းပြုသည်။ (သို့) လူတစ်ဦးဦးကို ကျေးဇူးပြုလျှင် ကျွန်တော်မျိုး၏ နီယသ်သည် အလ္လာဟ်အသျှင်မြတ် နှစ်သက်မှုအတွက် ဖြစ်သကဲ့သို့ လူအများ ကျွန်တော်မျိုးအား ချီးမွမ်းပြောဆိုရန်အတွက် လည်းဖြစ်သည်။' ထိုအခါ တမန်တော်မြတ် ﷺ က ငါကိုယ်တော်၏ အသက်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ 'ကစမ်'၊ အလ္လာဟ်အသျှင်မြတ်သည် အခြားသူတစ်ဦးဦးနှင့် တွဲဖက်ထားသည့် အရာကို လက်မခံပေ။ ထို့နောက် တမန်တော်မြတ် ﷺ သည် အထက်တင်ပြခဲ့သည့် အာယသ်တော်ဖြစ်သည့်

اَلَا لِلّٰهِ الدِّيۡنُ الۡخَالِصُ

ကို အထောက်အထားအနေဖြင့် ဖတ်ရွတ်တော်မူသည်။ *[ကုရ်သုဗီးကျမ်း]*

အလ္လာဟ်အသျှင်မြတ်ထံတော်တွင် 'အမလ်'များ၏ လက်ခံမှုသည် 'အိခ်လားစ်'၏ အတိုင်းအတာ အပေါ် မူတည်နေခြင်း

မြောက်မြားစွာသော အာယသ်တော်များသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ကျင့်ဆောင်မှုများ၏ အစားပေးမှုမှာ အရေအတွက်အရ မဟုတ်ဘဲ အလေးချိန်အပေါ်၌သာ မူတည်ကြောင်း သက်သေခံလျက် ရှိပေသည်။

وَنَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ الْقِيٰمَةِ

(စင်စစ် ငါအသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် တရားမျှတမှု၏ ချိန်ခွင်များကို ထားရှိတော်မူမည်။) *[၂၁ : ၄၇]*

နှင့် ယခုတင်ပြခဲ့သည့် အာယသ်တော်တို့တွင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ 'အမလ်'များ၏ အတိုင်းအတာနှင့် အလေးချိန်သည် 'အိခ်လားစ်'အပေါ် မူတည်ကြောင်း ဖော်ပြထားပေသည်။ ၄င်းနောက် ပြည့်ဝသော 'အိခ်လားစ်'သည် ပြည့်ဝသော အီမာန်မရှိဘဲ မရရှိနိုင်ကြောင်းလည်း ပေါ်လွင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပြည့်ဝသော 'အိခ်လားစ်'မှာ အလ္လာဟ်အသျှင်မြတ်မှလွဲ၍ မည်သူ့ကိုမှ ကောင်းကျိုး၊ ဆိုးကျိုး မပေးနိုင်။ မိမိ၏ လုပ်ငန်းရပ်များအတွင်း အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားသူမှ စွမ်းဆောင်နိုင်သည်ဟု မစဉ်းစား၊ မမှတ်ယူမှသာ ဖြစ်၏။ အမိန့်နာခံမှုနှင့် 'အေဗာဒသ်'များတွင် အခြားအရာများကို မိမိ၏ အတွေးအာရုံများတွင် မဝင်လာစေရ။ ရှောင်ကြဉ်နိုင်စွမ်း မရှိသည့် ဒွိဟစိတ်များကိုမူ အလ္လာဟ်အသျှင်မြတ် ခွင့်လွှတ်တော်မူလေသည်။ ဆွဟာဗာများသည် မွတ်စ္စလင်မ်များတွင် အမြင့်ဆုံးအဆင့်အတန်းရှိသူများဖြစ်၍ ၄င်းတို့၏ ကျင့်ဆောင်မှု များ၏ အရေအတွက်သည် မြောက်မြားစွာ မတွေ့ရှိရသော်လည်း ကျန်အွမ္မသ်များ၏ အလွန်ကြီးကျယ်သော ကျင့်ဆောင်မှုများထက် သာပိုရခြင်းမှာ အီမာန်ပြည့်ဝခြင်းနှင့် 'အိခ်လားစ်' ပြည့်ဝခြင်းကြောင့် ဖြစ်သည်။

وَالَّذِيْنَ اتَّخَذُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْنَآ اِلَى اللّٰهِ زُلْفٰى

ဤသည် အာရဗ်ရှိ မုရှ်ရစ်က်များ၏ အခြေအနေဖြစ်သည်။ ထိုခေတ်တွင် မုရှ်ရစ်က်အများစုသည် ဤသို့သာ ယုံကြည်ကြသည်။ ဖန်ဆင်း၍ စိုးပိုင်ခြင်းနှင့် လုပ်ငန်းအားလုံးကို ချုပ်ကိုင်နိုင်သူသည် အလ္လာဟ်အသျှင်မြတ်သာ ဖြစ်သည်။ ရှိက်သွာန်၏ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် ၄င်းတို့သည် မိမိတို့၏ အတွေးအခေါ်များဖြင့် ဖရစ်ရှ်သာဟ်များ၏ ရုပ်တုများ ပြုလုပ်ကြသည်။ ဤရုပ်တုများသည် မိမိတို့ ပြုလုပ်ထား၍ အသိတရားနှင့် နားလည်မှု တန်ခိုးစွမ်းအား မရှိကြောင်းလည်း သိရှိကြ၏။ ၄င်းတို့က ဤရုပ်တုများကို ရိုသေကြခြင်းကြောင့် ၄င်းတို့၏ ပုံစံ ပြုလုပ်ထားသည့် ဖရစ်ရှ်သာဟ်များ ပျော်ရွှင်ကြပေလိမ့်မည်။ ဖရစ်ရှ်သာဟ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ နီးကပ်မှု ရရှိထားသူများ ဖြစ်ကြသည်။ ဘုရင်နှင့် နီးစပ်၍ ဘုရင်ကျေနပ်သူမှ အသနားခံပေးလျှင် ဘုရင်နှင့် နီးစပ်မှု ရရှိပေလိမ့်မည်။ ဖရစ်ရှ်သာဟ်များသည်လည်း နန်းရင်းဝန်များကဲ့သို့ မိမိနှစ်သက်သူကို အသနားခံပေးနိုင်သည်ဟု ယူဆကြသည်။ သို့သော် ဤ

တွေးခေါ်မှုများအားလုံးသည် ရှိုက်သွာန် ၏ လှည့်ဖြားမှုဖြစ်၍ လွဲမှားသည်ထက် လွဲမှားမှုများသာဖြစ်သည်။ ပထမအချက်မှာ ဤရုပ်တုများသည် အမှန်တကယ် ဖရစ်ရှိသာဟ်များ၏ ရုပ်တုများ မဟုတ်ပေ။ ၄င်းနောက် ဟုတ်လျှင်လည်း အလ္လာဟ်နှင့် နီးစပ်သည့် ဖရစ်ရှိသာဟ်များသည် မိမိတို့အား ကိုးကွယ်ခြင်းကို မည်သို့ နှစ်သက်နိုင်မည်နည်း။ ဖရစ်ရှိသာဟ်များ၏ ပင်ကိုယ်အရ အလ္လာဟ်အသျှင်မြတ် မနှစ်သက်သည့် အရာများကို မနှစ်သက်နိုင်ပေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် သီးသန့်လူတစ်ဦးနှင့် ပတ်သက်၍ အသနားခံ ပေးရန် ခွင့်ပြုချက်မရမချင်း အသနားခံပေးနိုင်မည်လည်း မဟုတ်ပေ။

وَكَمْ مِّنْ مَّلَكٍ فِى السَّمٰوٰتِ لَا تُغْنِىْ شَفَاعَتُهُمْ شَيْئًا اِلَّا مِنْۢ بَعْدِ
اَنْ يَّأْذَنَ اللّٰهُ لِمَنْ يَّشَآءُ وَيَرْضٰى

၏ အလိုသဘောမှာ ဤသည်ပင် ဖြစ်သည်။

ထိုခေတ်ရှိ မှဿရစ်ကိများသည် မျက်မှောက်ခေတ် ကာဖိရ်များထက် ကောင်းမွန်ခြင်း

မျက်မှောက်ခေတ်ရှိ ခေတ်မီဆန်းသစ်မှုများကို ယုံကြည်ကိုးစားနေသည့် ကာဖိရ်များသည် အလ္လာဟ် အသျှင်မြတ် ရှိတော်မူခြင်းကိုပင်လျှင် ငြင်းဆန်ကြသည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော် များကို တိုက်ရိုက် ပျက်ရယ်ပြုကြသည်။ ဥရောပနိုင်ငံများမှ ထွက်ပေါ်လာသည့် 'ကုဖွရ်' သည် အရောင်စုံ လေသည်။ အချို့က အရင်းရှင်စနစ်ကို ယုံကြည်၍ အချို့က ကွန်မြူနစ်ဝါဒကို လက်ခံယုံကြည်ကြသည်။ ဤသူတို့ အားလုံးတို့သည် 'အလ္လာဟ်ဟူသည် မရှိ' ဆိုသည်နှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ တူညီကြပေသည်။ အလ္လာဟ်ဟူသည် မည်သည့်အရာမှ မဟုတ်။ ငါတို့သည် မိမိ၏ ဆန္ဒကို ပိုင်ဆိုင်ကြ သည်။ ငါတို့၏ လုပ်ဆောင်မှုများကို မေးမြန်းစစ်ဆေးမည့်သူမရှိ။ ဤကဲ့သို့ အဆိုးရွားဆုံးသော ငြင်းဆန် မှုနှင့် ကျေးဇူးကန်းခြင်း၏ ရလဒ်ကြောင့် တစ်လောကလုံးတွင် ငြိမ်းချမ်းမှုနှင့် အေးချမ်းသာယာမှုများ ပျောက်ဆုံးနေပေသည်။ ဓိမ်ခံပစ္စည်း မျိုးစုံရှိသော်လည်း အေချမ်းမှုမရှိ။ ဆေးဝါးကုသရန်တီထွင်ဆန်းသစ် သည့် ကိရိယာများနှင့် စူးစမ်းမှုများ အများအပြား ရှိနေပြီဖြစ်သော်လည်း ရှေးယခင်က မကြားခဲ့ဖူးသည့် ရောဂါများ ပေါ်များနေပေသည်။ အစောင့်ကင်းများ အစောင့်တပ်သားများ အထူးလျှို့ဝှက်စုံထောက်များ နေရာတိုင်းတွင် ရှိနေသော်လည်း ပြစ်မှုဒုစရိုက်များ နေ့စဉ်တိုးပွားလျက် ရှိနေသည်။ ထူးခြားဆန်းပြားသည့် ကိရိယာသစ်များ၊ ဓိမ်ခံသည့် နည်းလမ်းသစ်များပေါ် အသေအချာစဉ်းစားလျှင် ဤအရာများသာ အဖန် ဆင်းခံများအတွက် အသက်အန္တရာယ်ပေးသည့် အရာများအဖြစ် မြင်တွေ့နိုင်ပေသည်။ 'ကုဖွရ်' ၏ အပြစ် ဒဏ်ကို နောင်တမလွန်တွင် ကာဖိရ်များအားလုံးအတွက် အမြဲတစေ 'ဂျဟန္နမ်' ဖြစ်သော်လည်း အလ္လာဟ် အသျှင်မြတ် ချီးမြှင့်တော်မူသော 'နေ့အ်မသ်' တော်များကို အသုံးပြု၍ ကောင်းကင်ပေါ်သို့ တက်ရန် ကြိုးပမ်း နေပြီး ထိုအလ္လာဟ်အသျှင်မြတ်ကိုပင် အထက်တင်ပြပါကဲ့သို့ မျက်စိစုံမှိတ် ကျေးဇူးကန်းခြင်း၏ ဒဏ်အချို့ ကိုလည်း လောကတွင် ခံစားရပေမည်။

لَوْ اَرَادَ اللّٰهُ اَنْ يَّتَّخِذَ وَلَدًا

ဖရစ်ရှိသာဟ်များကို အလ္လာဟ်အသျှင်မြတ်၏ သားသမီးများဟု ပြောဆိုသူများကို ချေပထားသည့် အာယသ်တော်ဖြစ်သည်။ ၄င်းတို့၏ လွဲမှား၍ မဖြစ်နိုင်သည့် အယူအဆကို ဖြစ်နိုင်သည့်ပုံစံတစ်ခုဖြင့် ခိုင်းနှိုင်း၍ မဖြစ်နိုင်ကြောင်း တင်ပြထားသည်။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် သားသမီးရှိလျှင် အလ္လာဟ်အသျှင်မြတ်၏ ဆန္ဒမပြုဘဲ မဖြစ်နိုင်။ အခမ္မ သားသမီးရှိသည်ဟုလည်း မဆိုနိုင်ပေ။ အကယ်၍ ဆန္ဒရှိလျှင် အသျှင်မြတ်မှ လွဲ၍ ကျန်အရာအားလုံးတို့သည် အဖန်ဆင်းခံများဖြစ်၍ ၄င်းတို့ထံမှ တစ်ဦးဦးကို သားသမီးအဖြစ် သတ်မှတ်ရပေမည်။ သားသမီးသည် မိမိဖခင်နှင့် မျိုးတူရန် အရေးကြီးပေသည်။ ဖန်ဆင်းခံနှင့် ဖန်ဆင်းရှင် မျိုးတူသည်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် ဖန်ဆင်းခံများကို သားသမီးအဖြစ် သတ်မှတ်ရန် ဆန္ဒပြုခြင်း မဖြစ်နိုင်တော့ပေ။

يُكَوِّرُ الَّيْلَ عَلَى النَّهَارِ

تَكْوِيْر ၏ အဓိပ္ပာယ်သည် အရာတစ်ခုကို အခြားအရာတစ်ခုအပေါ် တင်၍ ဖုံးအုပ်လိုက်ခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် နေ့နှင့် ည၏ ပြောင်းလဲခြင်းကို လူအများ၏ အမြင်ဖြင့် ထောက်ရှု၍ تكوير ဟု သုံးနှုန်းထားပေသည်။ ညရောက်ရှိလာခြင်းသည် နေ့၏ အလင်းရောင်အပေါ် အတားအဆီး တစ်ခု ထည့်လိုက်ခြင်းဖြစ်သည်။ နေ့ရောက်ရှိလာခြင်းသည် ည၏ အမှောင်သည် အတားအဆီးနောက် ကွယ်ထဲသို့ ဝင်ရောက်သွားခြင်း ဖြစ်သည်။

လနှင့် နေသည် လှုပ်ရှားလျက် ရှိခြင်း

كُلٌّ يَّجْرِىْ لِاَجَلٍ مُّسَمًّى

ဤအာယသ်တော်ဖြင့် လနှင့် နေတို့သည် လှုပ်ရှားနေပေသည်။ အာကာသနှင့် မြေပထဝီ၏ အစိတ်အပိုင်းများဆိုင်ရာ စူးစမ်းမှုများသည် ကုရ်အာန်ကျမ်း (သို့) ကောင်းကင်ကျ ကျမ်းတစ်စောင်စောင်၏ တင်ပြလိုသော အကြောင်းအရာမဟုတ်ပေ။ သို့သော် ဤအကြောင်းအရာနှင့် ပတ်သက်၍ လာရှိထားသမျှ အပေါ် ယုံကြည်ရန် 'ဖွရဒ်'ဖြစ်သည်။ ရှေးဟောင်းဖီလော်ဆော်ဖီနှင့် လက်ရှိ ဖီလော်ဆော်ဖီတို့၏ စူးစမ်းမှုများသည် ဖယောင်းတိုင် မီးညွန့်ထိပ်ကဲ့သို့ ဖြစ်၍ နေ့စဉ် ပြောင်းလွဲနေပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြချက်များသည် ပြောင်းလဲမှုမရှိပေ။ အထက်ပါအာယသ်တော်များတွင် လနှင့် နေသည် လှုပ်ရှားနေသည်ဟု တင်ပြခဲ့သည့် စကားအပေါ် ယုံကြည်ရန် အရေးကြီးသည်။ ယခု ကျွန်ုပ်တို့ ရှေ့မှောက်တွင် နေ၏ အဝင်အထွက်သည် လောက၏ လှည့်ပတ်မှုကြောင့် (သို့) ၄င်းနက္ခတ်များ၏ လှုပ်ရှားမှုကြောင့် ဟူသောအချက်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် လက်ခံထားခြင်း မရှိသကဲ့သို့ ငြင်းဆန်ထားခြင်းလည်း မရှိပေ။ အတွေ့အကြုံအရ သိရှိရသည်ခန့် လက်ခံယုံကြည်ခြင်းသည် ဆိုးကျိုးလည်း မရှိပေ။

اَنْزَلَ لَكُمْ مِّنَ الْاَنْعَامِ ثَمَانِيَةَ اَزْوَاجٍ

ခြေလေးချောင်းသတ္တဝါများ၏ ဖန်ဆင်းခြင်းကို ဤအာယသ်တော်တွင် انزل ဆိုလိုသည်မှာ မိုးကောင်းကင်မှ ချပေးခဲ့သည်ဟု တင်ပြ၍ ထိုအရာများကို ဖန်ဆင်းခြင်းတွင် မိုးကောင်းကင်မှ ကျလာသည့် မိုးရေအပေါ် မူတည်ကြောင်း ရည်ညွှန်းထားပေသည်။ ဤသတ္တဝါများသည် မိုးကောင်းကင်မှ ကျလာသည် ဟုလည်း ဆိုနိုင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် လူ့အဝတ်အစားနှင့် ပတ်သက်၍ ဤစာလုံးကို သုံးထားပေသည်။

وَاَنْزَلْنَا عَلَيْكُمْ لِبَاسًا

(၎င်းနောက် ငါအသျှင်မြတ်သည် အသင်တို့အဖို့ ဝတ်စားဆင်ယင်မှုကို ချပေးတော်မူခဲ့သည်။)

၎င်းနောက် အချို့တွင်းထွက်ပစ္စည်းများ၊ ဥပမာ- သံအတွက်လည်း ဤစာလုံးကို သုံးထားပေသည်။

وَاَنْزَلْنَا الْحَدِيْدَ

ထို့ပြင် ငါအသျှင်မြတ်သည် သံသတ္တုကိုလည်း ချပေးသနားတော်မူခဲ့၏။

ထိုအာယသ်တော်များ၏ အလိုသဘောမှာ ဤအရာအားလုံးကို မိမိတန်ခိုးတော်ဖြင့် ဖန်ဆင်း၍ လူသားကို ချီးမြှင့်ခဲ့သည်ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

خَلْقًا مِّنْ بَعْدِ خَلْقٍ فِىْ ظُلُمٰتٍ ثَلٰثٍ

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များ၏ လျှို့ဝှက်ချက်များကို အနည်းငယ် ရည်ညွှန်းထားပေသည်။ လူသားကို ဖန်ဆင်းရာတွင် ပါဝင်သည့် အချက်များဖြစ်သည်။ ပထမအချက်မှာ ကလေးငယ်ကို ဝမ်းတွင်း၌ တစ်ချိန်တည်း အပြည့်အစုံ ဖန်ဆင်းနိုင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ပြုလုပ်နိုင်စွမ်းရှိတော်မူသော တန်ခိုးတော်များထဲမှ ဖြစ်သည်။ သို့သော် အမြော်အမြင်နှင့် အခြေအနေအရ ဤသို့ မပြုလုပ်ဘဲ

خَلْقًا مِّنْ بَعْدِ خَلْقٍ

အဆင့်ဆင့် ဖန်ဆင်းရန် ရွေးချယ်ခဲ့သည်။ ၎င်းအမျိုးသမီး၏ ဝမ်းတွင်း၌ သေးငယ်သော ကမ္ဘာလေးတစ်ခုရှိနေ၏။ တဖြည်းဖြည်း ထိုဝန်ထုပ်ကို ခံနိုင်သည့်အကျင့် ဖြစ်သွားပေသည်။ ထို့နောက်မှ ထောင်ပေါင်းများစွာသော နူးညံ့သည့် စက်များ၊ ဆံပင်ချည်နှင့် ညီမျှသည့် သွေးကြောများဖြင့် အနှိုင်းမဲ့လှပသော အဖန်ဆင်းခံကို ဝိညာဉ်သွတ်သွင်းပေးရန် ပြင်ဆင်ခဲ့သည်။ ထိုလုပ်ဆောင်မှုများကို ရှိုးရှိုးသာမာန် တီထွင်သူများကဲ့သို့ ကျယ်ဝန်းသော နေရာနှင့် အလင်းရောင်များ၏ အကူအညီမယူဘဲ အမှောင်သုံးခုရှိသော နေရာ၌ ဖန်ဆင်းခဲ့သည်။ ထိုနေရာသို့ မည်သူမှ မမြင်နိုင်သည့်အပြင် စဉ်းစားတွေးခေါ်မှုလည်း မရောက်ရှိနိုင်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِن تَكْفُرُوا فَإِنَّ اللَّهَ غَنِيٌّ عَنكُمْ ۖ وَلَا
يَرْضَىٰ لِعِبَادِهِ الْكُفْرَ ۖ وَإِن تَشْكُرُوا يَرْضَهُ لَكُمْ ۗ وَلَا تَزِرُ وَازِرَةٌ
وِزْرَ أُخْرَىٰ ۗ ثُمَّ إِلَىٰ رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ۚ إِنَّهُ
عَلِيمٌ بِذَاتِ الصُّدُورِ ﴿٧﴾

၃၉ : ၇ ။ ။ အကယ်၍ အသင်တို့သည် သွေဖည်ငြင်းပယ်ကြပါလျှင် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား လိုလားတောင့်တခြင်း၊ မှီခိုအားထားခြင်း၊ ကင်းရှင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ စင်စစ် ထိုအသျှင်မြတ်သည် မိမိ၏ ကျွန်များနှင့် ပတ်သက်၍ သွေဖည်ငြင်းပယ်မှုကို နှစ်မြို့တော်မူသည် မဟုတ်ပေ။ သို့ရာတွင် အကယ်၍ အသင်တို့သည် ကျေးဇူးသိတတ်ကြပါလျှင် အသင်တို့နှင့် ပတ်သက်၍ ယင်းကျေးဇူးသိတတ်ခြင်းကို နှစ်သက်တော်မူ၏။ စင်စစ် မည်သည့်ဝန်ထမ်း တစ်ဦးတစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုပ်ကို ထမ်းဆောင်မည်မဟုတ်ပေ။ ထို့နောက် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည်သွားကြရပေမည်။ ထိုအခါ ထိုအသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိခဲ့သမျှသော အမှုကိစ္စများကို အသင်တို့အား ထုတ်ဖော်ပြသတော်မူပေမည်။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသမျှတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَإِذَا مَسَّ الْإِنسَانَ ضُرٌّ دَعَا رَبَّهُ
مُنِيبًا إِلَيْهِ ثُمَّ إِذَا خَوَّلَهُ نِعْمَةً مِّنْهُ نَسِيَ مَا كَانَ يَدْعُو إِلَيْهِ
مِن قَبْلُ وَجَعَلَ لِلَّهِ أَندَادًا لِّيُضِلَّ عَن سَبِيلِهِ ۚ قُلْ تَمَتَّعْ
بِكُفْرِكَ قَلِيلًا ۖ إِنَّكَ مِنْ أَصْحَابِ النَّارِ ﴿٨﴾

၃၉ : ၈ ။ ။ စင်စစ် (မုရှ်ရစ်က်) လူသား၌ ဘေးအန္တရာယ်တစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့သောအခါ ထိုလူသားမှာ ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်သို့ စိတ်ရောကိုယ်ပါ လှည့်၍ ထိုအသျှင်မြတ်အား ဟစ်ခေါ် (တသ) လေ၏။ ထို့နောက် ၎င်းအား ထိုအသျှင်မြတ်သည် မိမိ၏ ထံတော်မှ ကျေးဇူးတော်တစ်စုံတစ်ရာကို ချီးမြှင့်တော်မူသောအခါ၊ ၎င်း (သူ) မှာ ယခင်က ထိုအသျှင်မြတ်အား မိမိ ဟစ်ခေါ် (တသ) လျက်ရှိခဲ့ကြသည်ကို မေ့လျော့သွား၏။ ထို့ပြင် ၎င်းသည် (သူတစ်ပါးတို့အား) ထိုအသျှင်မြတ်၏ လမ်းတော်မှ လွဲချော်တိမ်းပါးစေရန် ထိုအသျှင်မြတ်၌ ဂုဏ်ရည်တူများကို ပြုလုပ်သတ်မှတ်လေ၏။ (အို၊ နဗီတမန်တော်) အသင်သည် (ထိုလူသားအား ဤသို့) ပြောကြားပါလေ။ 'အသင်သည် မိမိ၏ သွေဖည်မှုဖြင့် (နေ့ ရက်) အနည်းငယ်မျှပင် အကျိုးကျေးဇူး ခံစားလေလော့။ ဧကန်မလွဲ အသင်သည် ငရဲသားတို့တွင် အပါအဝင် ဖြစ်ပေသည်။'

أَمَّنْ هُوَ قَانِتٌ
آنَاءَ اللَّيْلِ سَاجِدًا وَقَائِمًا يَحْذَرُ الْآخِرَةَ وَيَرْجُو رَحْمَةَ رَبِّهِ
قُلْ هَلْ يَسْتَوِي الَّذِينَ يَعْلَمُونَ وَالَّذِينَ لَا يَعْلَمُونَ إِنَّمَا
يَتَذَكَّرُ أُولُو الْأَلْبَابِ ۝٩

၃၉ : ၉ ။ ။ အကြင်သူသည် ညဥ့်ဦးယံများတွင် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချလျက်လည်းကောင်း၊ မတ်တတ်ရပ်လျက်လည်းကောင်း ဝတ်ပြုလျက်ရှိ၏။ 'အာခေရသ်' တမလွန်ဘဝကို (လည်း) ကြောက်ရွံ့စိုးရိမ်လေ၏။ မိမိအသျှင်မြတ်၏ ကရုဏာတော်ကိုလည်း မျှော်လင့်၏။ (ထိုသူသည် အထက်တွင် ဖော်ပြခဲ့သော မုရှ်ရစ်ကနှင့် တူနိုင်ပါသလော။ အို, နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ '(အချင်းတို့) အသိအလိမ္မာ ဉာဏ်ပညာရှိသော သူတို့နှင့် အသိအလိမ္မာဉာဏ်ပညာ ကင်းမဲ့သော သူတို့သည် တူညီနိုင်ကြပါသလော။ (စင်စစ်) ဉာဏ်ရှင်များသာလျှင် တရားရယူကြပေသည်။'

قُلْ يَا عِبَادِ الَّذِينَ آمَنُوا اتَّقُوا
رَبَّكُمْ لِلَّذِينَ أَحْسَنُوا فِي هَٰذِهِ الدُّنْيَا حَسَنَةٌ وَأَرْضُ اللَّهِ
وَاسِعَةٌ إِنَّمَا يُوَفَّى الصَّابِرُونَ أَجْرَهُمْ بِغَيْرِ حِسَابٍ ۝١٠

၃၉ : ၁၀ ။ ။ (အို, နဗီတမန်တော်) အသင်သည် (တစ်ဆင့်) ပြောကြားပါလေ။ 'အို, ငါအသျှင်မြတ်၏ သက်ဝင်ယုံကြည်သူ ကျွန်အပေါင်းတို့၊ အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဤမျက်မှောက်လောကီဘဝတွင် ကောင်းမှုပြုလုပ်ခဲ့ကြသော သူတို့အဖို့ ကောင်းမြတ်သော အကျိုးရှိ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ပထဝီမြေသည်လည်း ကျယ်ဝန်းလှ၏။ စွဲမြဲကြံ့ခိုင်စွာ ရှိကြသော သူတို့သည်သာလျှင် မိမိတို့၏ အကျိုးကို အသင်္ချေ၊ အသင်္ချာ (စာရင်းအင်း မပြုလုပ်ဘဲ) ပေးဆပ်ခြင်း ခံကြရပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို, လူသားတို့၊ အသင်တို့သည် ကုဖွရ်နှင့် ရှရစ်က်၏ လွဲချော်မှုကို ကြားသိပြီးဖြစ်သည်။ ထို့နောက်) အကယ်၍ အသင်တို့ ငြင်းဆန်မှုပြုကြမည်ဆိုလျှင် (တုဖက်နိုင်းယှဉ်ခြင်းလည်း ပါဝင်၏။ အလ္လာဟ်အသျှင်မြတ်အတွက် မည်သို့မှ ထိခိုက်မှုမရှိ။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် အသင်နှင့် အသင်တို့၏ ခဝပ်ကိုးကွယ်မှုကို လိုအပ်သူမဟုတ်ပေ။ (အသင်တို့ ခဝပ်ကိုးကွယ်ခြင်းနှင့် 'သောင်ဟီးဒ်' ကို ရွေးချယ်မှုမပြုလျှင် အလ္လာဟ်အသျှင်မြတ်ကို တစ်စုံတစ်ရာ ထိခိုက်မည်မဟုတ်ပေ။) သို့သော် အလ္လာဟ်အသျှင်

မြတ်သည် မိမိ၏ ဗန္ဒာဟ်များအတွက် 'ကုဖွ်ရ်'ကို မနှစ်သက်သည်မှာ သေချာပေသည်။ (အဘယ်ကြောင့် ဆိုသော် 'ကုဖွ်ရ်'သည် လူများကို ဒုက္ခရောက်စေသည်။) ၎င်းနောက် အကယ်၍ အသင်တို့သည် ကျေးဇူးတင်လျှင် (ကျေးဇူးတင်ခြင်း၏ အဓိကအမျိုးအစားသည် အီမာန်ပင်ဖြစ်သည်။ ထိုအသျှင်မြတ်ကို မည်သို့မှ အကျိုးမပြုဘဲ အသင်တို့အတွက်သာ အကျိုးရှိပေသည်။ ထို့ကြောင့်) ကျေးဇူးတင်ခြင်းကို အသင်တို့အဖို့ နှစ်သက်လေသည်။ ငါအသျှင်မြတ်ထံတော်တွင် 'တစ်ဦးတစ်ယောက်၏ ဝန်ထုပ် (အပြစ်) အခြားသူ မထမ်း'ဟူသော ဥပဒေသတ်မှတ်ထားသည့်အတွက် 'ကုဖွ်ရ်'ပြုပြီးနောက် အခြားသူ၏ 'နာမအေအအ်မလ်' တွင် အကြောင်းတစ်ခုခုကြောင့် ရေးမှတ်ခြင်းခံရမည်။ ငါအသျှင်မြတ်ထံတော်မှ ပလပ်သွားလိမ့်မည်။ ငါတို့သည် အခြားသူများ (ဆိုလိုသည်မှာ ခေတ်တူများ (သို့မဟုတ်) ရှေး ဘိုး၊ ဘေး၊ ဘီ၊ ဘင်များ၏ နောက်လိုက်ဖြစ်သောကြောင့် (သို့) အချို့ကာဖိရ်များ ပြောဆိုသကဲ့သို့ وَ لْنَحْمِلْ خَطٰيٰكُمْ ဖြင့် အပြစ်၏ တာဝန်ယူမည်ဟု အခြားသူများ ကတိပေးထားခြင်းကြောင့် 'ကုဖွ်ရ်'မှ ပလပ်သွားမည်ဟု မထင်လေနှင့်။ ဤသို့ဖြစ်မည် မဟုတ်သည်သာမက အသင်တို့၏ ငြင်းဆန်မှုကို အသင်တို့၏ အပြစ်များထဲမှာသာ ရေးမှတ်ပေမည်။) တစ်ဖန် အသင်တို့သည် မိမိတို့အသျှင်မြတ်ဘက်တော်သို့သာ ပြန်လှည့်သွားရ မည့်သူများ ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ လုပ်ဆောင်မှုများကို အသင်တို့အား ပြသပေမည်။ (၎င်းနောက် အပြစ်ဒဏ်များလည်း ပေးတော်မူပေမည်။ ၎င်းတို့၏ ကျင့်ဆောင်မှုများ တင်ပြမည့် အချိန် မရောက်နိုင်ဟု တွေးထင်ခြင်းသည်လည်း လွဲမှားပေသည်။) ထိုအသျှင်မြတ်သည် နှလုံးသားတွင်းရှိ စကားရပ်များကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (သို့ရှိရာ ငါတို့၏ ငြင်းဆန်မှုများကို အလ္လာဟ်အသျှင်မြတ် မသိရှိနိုင်ဟု မထင်မှတ်လေနှင့်။ အချို့ဟဒီးစ်တော်များတွင် လာရှိသည်မှာ အချို့သူတို့သည် အချင်းချင်း ပြောဆိုကြသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ငါတို့၏ စကားများကို ကြားနိုင်သည်။ (သို့) မကြားနိုင်၊ တစ်ဦးက တစ်မျိုးပြောဆို၍ အခြားတစ်ဦးက တစ်မျိုးအဖြေပေးကြသည်။ ထိုကိစ္စရပ်အပေါ်

وَمَا كُنْتُمْ تَسْتَتِرُوْنَ اَنْ يَّشْهَدَ ۙ

ဟူသော အာယသ်တော် ကျရောက်လာသည်။) ၎င်းနောက် တုဖက်နိူင်းယှဉ်သူ၏ အခြေအနေမှာ ဒုက္ခတစ်ခုခုရောက်ရှိလျှင် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ စိတ်ရောကိုယ်ပါ လှည့်၍ ထိုအသျှင်မြတ်အား ဟစ်ခေါ်တမ်းတလေသည်။ မိမိတို့၏ ကိုးကွယ်ရာအားလုံးကို မေ့လျော့သွားလေသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မိမိဘက်မှ ချီးမြှင့်သည့် အေးချမ်းမှုနှင့် အသုံးအဆောင်များ ချီးမြှင့်လိုက်လျှင် ဒုက္ခများမှ ကင်းဝေးစေရန် တသသည့် ပထမ အသျှင်မြတ်ကို မေ့ပစ်လိုက်လေသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်လေသည်။ ထိုလုပ်ဆောင်မှုဖြင့် မိမိကိုယ်တိုင် လမ်းမှားသည့်အပြင် အခြားသူများကိုလည်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ လွဲမှားစေလေသည်။ (အကယ်၍ ဤဒုက္ခကို သတိမူလျှင် 'သောင်ဟီးဒ်'တွင် 'အိခ်လားဆွ်'ကို တည်ရှိစေနိုင်ပေသည်။ ဤတင်ပြချက်များဖြင့် တုဖက်သူကို ရှုတ်ချထား

ပေသည်။ ဆက်လက်၍ အပြစ်ဒဏ်များမှ ခြိမ်းခြောက်ထားပေသည်။) အသင်တမန်တော်သည် (ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို) ပြောကြားပါလေ။ မိမိတို့ 'ကုဖ်ရ်'၏ သာယာမှုများကို ရက်အနည်းငယ်အတွက် ထပ်မံ၍ ခံစားပါလေ။ နောက်ဆုံးတွင် အပြစ်ဒဏ်ခံရမည့် သူများထဲ၌ ဖြစ်ပေမည်။ (ဆက်လက်၍ 'သောင်ဟီးဒ်'ကို လက်ခံသူများအား ချီးမွမ်းခြင်းနှင့် သတင်းကောင်းများ တင်ပြထားသည်။ ဆိုလိုသည်မှာ တင်ပြခဲ့သည့် မုရှ်ရစ်က်များ၏ အခြေအနေနှင့် ဆန့်ကျင်သူ) လူကောင်းသည် (အများအားဖြင့် လူများ သတိလက်လွတ်ဖြစ်သည့်) ညအချိန်တွင် 'စဂျ်ဒဟ်'နှင့် 'ကေယာမ်' (နမာဇ်) ၏ အခြေအနေဖြင့် 'အေဗာဒသ်'ပြုနေလေ၏။ (ဤသည် ၎င်း၏ အပေါ်ယံဖြစ်၍ စိတ်နှလုံးတွင်း၌) နောင်တမလွန်ကို ကြောက်ရွံ့၍ မိမိဖန်ဆင်းရှင်၏ ကရုဏာတော်ကို မျှော်လင့်ချက်ရှိပေသည်။ (ဤသို့သော ပုဂ္ဂိုလ်နှင့် တင်ပြခဲ့သည့် မုရှ်ရစ်က်သည် မည်သို့ တူညီနိုင်ပါမည်နည်း။ လုံးဝ မတူညီနိုင်သည်သာမက ဤသူသည် 'အေဗာဒသ်'တွင် အမြဲတစေ ရှိနေ၍ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သူလည်း ဖြစ်ပေသည်။ ၎င်းနောက် ခွင့်လွှတ်ရန်နှင့် ချီးမြှင့်ရန် မျှော်လင့်ချက်ထားသူဖြစ်၍ ချီးမွမ်းဖွယ်ရာဖြစ်သည်။ မုရှ်ရစ်က်သည် လိုအင်ပြည့်ဝပြီးနောက် 'အိခ်လားစ်'ကို လွှတ်လိုက်သည့်အတွက် ရှုတ်ချဖွယ်ရာ ခံထိုက်သူများဖြစ်သည်။ ထိုခဝပ်ကိုးကွယ်မှုများအား စွန့်လွှတ်ခြင်းကို ကာဖိရ်တို့သည် ရှုတ်ချဖွယ်ရာဟု မယူဆသည့်အတွက် ချီးမွမ်းခြင်းနှင့် အပြစ်တင်ခြင်း၏ ကွာခြားမှုကို ၎င်းတို့ သံသယဝင်နိုင်ပေသည်။ ထို့ကြောင့် ရှေ့တွင် အထက်ပါအဖြစ်ကို ပို၍ ရှင်းလင်းသော အများလက်ခံသည့် အကြောင်း အရာများဖြင့် ဤအမိန့်ကို အတည်ပြုထားပေသည်။ ဆိုလိုသည်မှာ အို, တမန်တော်၊) အသင်တမန်တော် (၎င်းတို့ကို ဤသို့) ပြောကြားပါလေ။ ပညာရှင်နှင့် ပညာမဲ့သည် တူညီနိုင်ပါမည်လော။ အဘယ်ကြောင့်ဆိုသော် ပညာမဲ့ခြင်းကို လူတိုင်းက မကောင်းဟု ယူဆကြသည်။ ထို့ကြောင့် အဖြေတွင် ၎င်တို့ဘက်မှ ပညာမဲ့သူသည် ရှုတ်ချဖွယ်ရာဖြစ်သည်ဟု အဖြေပေးပေမည်။

ဆက်လက်၍ ကျင့်သုံးသူသည်သာ အသိပညာရှိသူဟူသော အချက်ကို အတည်ပြုရန်သာ ကျန်ရှိတော့သည်။ ကျင့်ဆောင်မှုများကို မျက်နှာလွှဲသူသည် ပညာမဲ့သူသာ ဖြစ်သည်။ ထိုအချက်သည်လည်း အနည်းငယ်တွေးခေါ်ရုံမျှဖြင့် သိရှိနိုင်ပေသည်။ ဤတင်ပြချက်များဖြင့် ငြင်းဆန်ခြင်းနှင့် ငြင်းဆန်သူများသည် ရွံရှာဖွယ်ရာများဖြစ်၍ သက်ဝင်ယုံကြည်ခြင်းနှင့် ယုံကြည်သူတို့သည် ချီးမွမ်းဖွယ်ရာဖြစ်ကြောင်း သိရှိရပေသည်။ သို့သော်လည်း မျှတသည့် အသိဉာဏ်ရှိသူများသာ ဆုံးမစကားကို နာယူလေသည်။ အမိန့်နာခံသူများသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ချီးမွမ်းထိုက်သူများဖြစ်ကြောင်း သိရှိရပြီးနောက် အမိန့်နာခံခြင်းကို နှိုးဆော်ရန်အတွက် အသင်တမန်တော်သည် (အီမာန်ရှင်များကို ငါအသျှင်မြတ်ဘက်တော်မှ) ပြောကြားပါလေ။ အို, ငါအသျှင်မြတ်အား သက်ဝင်ယုံကြည်သည့် ဗန္ဒာဟ်အပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ အသျှင်မြတ်အား ကြောက်ရွံ့ကြလော့။ (ဆိုလိုသည်မှာ အမြဲတစေ အမိန့်နာခံ၍ အပြစ် 'ဂိုနာဟ်'များမှ ရှောင်ကြဉ်ကြကုန်။ ဤအချက်အားလုံးသည် تقوى ရှောင်ကြဉ်ခြင်းတရား၏ အကိုင်းအခက်များဖြစ်၍ ရှေ့တွင် ၎င်း၏ ရလဒ်ကို တင်ပြထားပေသည်။) ဤလောကတွင် ကောင်းမှုပြုသူများအတွက် ကောင်းသော

အစားရှိပေသည်။ (နောင်တမလွန်တွင် မုချဧကန် ရရှိပေမည်။ လောကတွင် အတွင်းပိုင်းဆိုင်ရာ အေးချမ်းမှု မုချဧကန် ရမည်ဖြစ်သော်လည်း တစ်ခါတစ်ရံ အပြင်ပိုင်းဆိုင်ရာလည်း ရရှိပေမည်။) ၎င်းနောက် (အကယ်၍ မိမိမွေးရပ်မြေတွင် ကောင်းမှုပြုရန် အတားအဆီးဖြစ်လျှင် အခြားနေရာသို့ ပြောင်းရွှေ့သွားပါ။ အဘယ်ကြောင့် ဆိုသော်) အလ္လာဟ်အသျှင်မြတ်၏ မြေကြီးသည် ကျယ်ဝန်း တော်မူလေသည်။ (အကယ်၍ နေရာပြောင်းသဖြင့် ဒုက္ခတစ်စုံတစ်ရာရောက်လျှင် စွဲမြဲကြံ့ခိုင်မှုထားပါ။) သာသနာတွင် စွဲမြဲကြံ့ခိုင်သူများအဖို့ မရေမတွက်နိုင်သည့် အစားများရရှိပေမည်။ (သို့ရှိရာ ဤတင်ပြချက်သည် အမိန့်နာခံရန် နှိုးဆော်ခြင်းဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اِنۡ تَكۡفُرُوۡا فَاِنَّ اللّٰهَ غَنِىٌّ عَنۡكُمۡ

ဆိုလိုသည်မှာ အသင်တို့၏ အီမာန်ဖြင့် အလ္လာဟ်အသျှင်မြတ်သည် မည်သို့မှ အကျိုးမဖြစ်သကဲ့သို့ အသင်တို့၏ 'ကုဖ္ဖရ်'ဖြင့်လည်း အလ္လာဟ်အသျှင်မြတ်အဖို့ မည်သို့မှ ထိခိုက်မှုမရှိပေ။ မွတ်စ္စလင်မ်ကျမ်းတွင် ဟဒီးစ်တော်တစ်ရပ်လာရှိသည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ 'အို့, ငါအသျှင်၏ ဗန္ဒာဟ် အပေါင်းတို့၊ အကယ်၍ အသင်တို့ထံမှ လွန်လေပြီးသောသူများ၊ နောက်ဆုံးထိ ရှိမည့်သူများ၊ ၎င်းနောက် လက်ရှိလူသားများနှင့် 'ဂျင်န်'များအားလုံး လွန်ဆိုးသွမ်းသည့် ပြစ်မှုဒုစရိုက်များတွင် နစ်မွန်းနေကြလျှင်လည်း ငါအသျှင်မြတ်၏ ပိုင်ဆိုင်မှုနှင့် အုပ်ချုပ်မှုတွင် အနည်းငယ်မျှ လျော့နည်းသွားမည်မဟုတ်ပေ။

[အိဗ်နေကစီးရ်]

وَلَا يَرۡضٰى لِعِبَادِهِ الۡكُفۡرَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိဗန္ဒာဟ်များမှ 'ကုဖ္ဖရ်'ကို မလိုလားပေ။ **رضاء** ဟူသည် ချစ်ခင်မှုကို ဆိုလိုခြင်းဖြစ်သည်။ သို့မဟုတ် အလုပ်တစ်ခုခုနှင့် ပတ်သက်၍ စောဒကမတက်ဘဲ ရည်ရွယ်ခြင်း ဖြစ်သည်။ ၎င်းနှင့် ဆန့်ကျင်ဘက် **سخط** လာလေသည်။ အဓိပ္ပာယ်မှာ အရာတစ်ခုကို အမုန်းထားခြင်း (သို့) အရာတစ်ခုကို ဆန္ဒပါလျှင်လည်း စောဒကတက်စရာဟု သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ဓမ္မသတ် ။ ။ 'အဲဟ်လေ့စ္စုန္နသ်ဝလ်ဂျမာအသ်'၏ ယုံကြည်ချက်မှာ လောကရှိ ကောင်းသော၊ ဆိုးသော လုပ်ရပ်၊ အီမာန်၊ ကုဖ္ဖရ် စသည်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်မပါဘဲ မတည်ရှိနိုင်ပေ။ ထို့ကြောင့် အရာဝတ္ထုများသည် တည်ရှိနိုင်ရန် အလ္လာဟ်အသျှင်မြတ်၏ **ارادہ** အပေါ် မူတည်လေသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုသည် အီမာန်နှင့် ကောင်းသော လုပ်ရပ်များနှင့်သာ ပတ်သက်လေသည်။ ငြင်းဆန်ခြင်း၊ တုဖက်ခြင်းနှင့် အပြစ် 'ဂိုနာဟ်'များကို မနှစ်သက်ပေ။ အေမာမ်နဝဝီ (ရဟ) က မိမိ၏ကျမ်း 'အလ်အူဆူးလိုဝလ်ဇဝါဗစ်သ်' တွင် ဤသို့ ရေးသားထား၏။

مذهب اهل الحق الايمان بالقدر واثباته وان جميع الكائنات خيرها وشرها
بقضاء الله وقدره وهو مريد لها كلها ويكره المعاصى مع انه
تعالى مريد لها لحكمة يعلمها جل وعلا

အလိုသဘောမှာ မှန်ကန်သည့် လမ်းစဉ်မှာ 'သပ်ကဒ္ဒီးရ်'အပေါ် အီမာန်ယုံကြည်ခြင်း ဖြစ်၏။ တစ်လောကလုံးရှိ ကောင်းသော၊ ဆိုးသော အရာအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့် 'သကဒ္ဒီးရ်'ဖြင့် တည်ရှိလာပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများကို ဖန်ဆင်းလို၍ ဖန်ဆင်းခဲ့ပေသည်။ သို့သော် အပြစ် 'ဂိုနာဟ်'များကို ကျေနပ်နှစ်သက်မှုမရှိသော်လည်း ထိုအရာများကို ဖန်ဆင်းရခြင်းမှာ အမြော်အမြင်နှင့် အကျိုးအကြောင်းများကြောင့် ဖြစ်လေသည်။ ၎င်းကို အလ္လာဟ်အသျှင်မြတ်သာ အသိဆုံးဖြစ်လေသည်။ *[ရူဟုလ်မအာနီ]*

اَمَّنْ هُوَقَانِتٌ اٰنَآءَ الَّيْلِ

တွင် اَمَّنْ ဟူသော ပုဒ်သည် စာလုံးနှစ်လုံးဖြင့် ပေါင်းစပ်ထားသည်။ اَمْ သည် မေးခွန်းစာလုံးဖြစ်၍ مَنْ သည် ကိုယ်စားပြုနာမ် ဖြစ်သည်။ ထိုဝါကျတွင် ပထမ ကာဖိရ်များကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ လောက၏ ရက်အချို့သာ ရရှိသည့် ဘဝသက်တမ်းတွင် မိမိတို့၏ ကုဖွရ်နှင့် အပြစ်ဒုစရိုက်များ၏ အရသာကို မြည်းစမ်းပါလေ။ ၎င်းနောက်ဆုံးတွင် 'အသင်တို့ 'ဂျဟန္နမ်'၏ လောင်စာဖြစ်မည်' ဟု ပြောဆိုထားပေသည်။ ထို့နောက် ဝါကျတွင် အမိန့်နာခံသူ မုအ်မင်န်များ၏အကြောင်း တင်ပြထားသည်။ ၎င်းကို اَمَّنْ ဟူသော မေးခွန်းစာလုံးဖြင့် အစပြုထားလေသည်။ သဖ်စီရ်ပညာရှင်များက 'ထိုစာလုံးထက် အလျှင် ဝါကျတစ်ခု မြုပ်နေသည်' ဟု ဆိုကြပေသည်။ ကာဖိရ်များကို 'အသင်တို့ ကောင်းသလော။ (သို့) အမိန့်နာခံသည့် အီမာန်ရှင် ကောင်းသလော'ဟု မေးမြန်းပေမည်။ ဤအကြောင်း ရှေ့တွင် တင်ပြပေမည်။ **قانت** ဟူသော စာလုံး၏ အဓိပ္ပာယ်မြောက်မြားစွာ တင်ပြထားလေသည်။ အဆိုအားလုံးကို ပါဝင်စေသည့် အဓိပ္ပာယ်မှာ 'အမိန့်နာခံသူ'ဟူ၍ ဖြစ်သည်။ ဤစာလုံးကို အကယ်၍ နမာဇ်အတွက် သီးခြား အသုံးပြုလျှင် ဥပမာ-

قُوْمُوْا لِلّٰهِ قَانِتِيْنَ

ဤနေရာတွင် အလိုသဘောမှာ နမာဇ်တွင် မိမိ၏ မျက်လွှာချထားသူ၊ နေရာအနှံ့ မကြည့်သူ၊ မိမိခန္ဓာကိုယ် (သို့) အဝတ်အစားဖြင့် ဆော့ကစားခြင်း မပြုသူ၊ လောက၏ အရာတစ်ခုခုကို နမာဇ်တွင် ရည်ရွယ်၍ မစဉ်းစားသူကို ခေါ်ဆိုပေသည်။ မေ့လျော့၍ (သို့) မရည်ရွယ်ဘဲ ဝင်ရောက်လာသည့် တွေးတောမှုများ မပါဝင်ပေ။ *[ကုရ်သုဗီကျမ်း]*

آنَاءَ الَّيْلِ ၏အဓိပ္ပာယ်မှာ ည၏ အချိန်များဟု ဖြစ်သည်။ အလိုသဘောမှာ ည၌ဦးယံ၊ ည၌ အလယ်နှင့် ည၌အဆုံးပိုင်းကို ခေါ်ဆိုသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ 'အကြင်သူသည် 'ကေယာမသ်' နေ့တွင် စာရင်းအင်း၌ အလ္လာဟ်အသျှင်မြတ်မှ ၎င်းအပေါ် လွယ်ကူစွာ စစ်ဆေးစေလိုလျှင် ည၌၏ အမှောင်ထဲ၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းကို 'စဂျ်ဒဟ်'၊ 'ကေယမ်' ၏ အခြေအနေ၌ 'အာခေရသ်' နှောင်တမလွန်ဘဝကို သောကထား၍ ကရုဏာတော်ကို မျှော်လင့်နေသူအဖြစ် တွေ့မြင်ရမည်။ အချို့ပညာရှင်များက 'မဂ်ရိဗ်' နှင့် 'အေရှာ' ကြားအချိန်ကိုလည်း آنَاءَ الَّيْلِ ဟု တင်ပြကြလေသည်။

وَاَرْضُ اللّٰهِ وَاسِعَةٌ

ဤဝါကျထက်အလျှင် ကောင်းမှုကုသိုလ်ပြုလုပ်ရန် အမိန့်ပေးထားပေသည်။ ဤအမိန့်တွင် တစ်ဦးတစ်ယောက်က 'ကျွန်ုပ်နေထိုင်သည့် မြို့၊ နိုင်ငံ (သို့) အသိုင်းအဝိုင်းသည် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းမှ တားမြစ်သည်ဟု အကြောင်းပြနိုင်ပေသည်။ ဤဝါကျဖြင့် အဖြေပေးထားပေသည်။ သီးခြားနိုင်ငံ၊ မြို့၊ (သို့) သီးခြားရပ်ကွက်တစ်ခုတွင် နေသူတစ်ဦးသည် ရှရီအသ်၏ အမိန့်ပညတ်ချက်များကို လုပ်ဆောင်ရန် အခက်အခဲ ကြုံတွေ့ရလျှင် ထိုနေရာကို လွှတ်လိုက်ပါ။ အလ္လာဟ်အသျှင်မြတ်၏ မြေပြင်သည် အလွန်ကျယ်ဝန်းပေသည်။ အမိန့်ပညတ်ချက်များ လိုက်နာနိုင်ရန် သင့်တော်သည့်နေရာ အသိုင်းအဝိုင်းတွင် နေထိုင်ပါ။ လူသားအတွက် သာသနာ့အမိန့်ပညတ်ချက်များကို မလိုက်နာနိုင်လျှင် လိုက်နာနိုင်မည့် နေရာသို့ ပြောင်းရွှေ့ရန် ဤအာယသ်တော်များဖြင့် နှိုးဆော်ထားပေသည်။ ဟီဂျ်ရသ်နှင့် ပတ်သက်သည့် အမိန့်ပညတ်ချက်များ အကျယ်တဝင့်ကို 'စူရာဟ်နေဆာအ်' တွင် တင်ပြခဲ့ပြီးဖြစ်သည်။

اِنَّمَا يُوَفَّى الصّٰبِرُوْنَ اَجْرَهُمْ بِغَيْرِ حِسَابٍ

بِغَيْرِ حِسَابٍ စာရင်းအင်းမစစ်ဆေးဘဲဟူသည့် အလိုသဘောမှာ သည်းခံသူများအတွက် အကျိုးစဝါးဗ်သည် သတ်မှတ်ပြဋ္ဌာန်းထားချက်မရှိပေ။ အတိုင်းအတာမဲ့ စားရင်းမဲ့ ချီးမြှင့်ပေမည်။ ဟဒီးစ်တော်များတွင် လာရှိထား၍ ၎င်းကို ရှေ့တွင် တင်ပြပေမည်။ အချို့ပညာရှင်များက 'စာရင်းအင်းမစစ်ဆေးဘဲ' ဟူသော အလိုသဘောမှာ လျှော့ကာထားတောင်းခံရန်အတွက် ဖြစ်သည်။ ဆိုလိုသည်မှာ လောကတွင် တစ်ဦးတစ်ယောက်၏ ဝတ္တရားသည် အခြားတစ်ဦးအပေးရှိလျှင် မိမိ၏ ရပိုင်ခွင့်ကို ကိုယ်တိုင် တောင်းခံရပေမည်။ အလ္လာဟ်အသျှင်မြတ် ထံတော်ပါးတွင် သည်းခံသူများကို လျှော့ကာထားတောင်းခံစရာ မလိုဘဲ အကျိုးစဝါးဗ် ချီးမြှင့်ပေမည်ဟူ၍ ဖြစ်သည်။ ဟဇရသ်ကသာဒဟ် ﷺ သခင်က မိန့်ဆိုသည်မှာ ဟဇရသ်အနတ်စ် ﷺ သခင်က ဤဟဒီးစ်ကိုသာ တင်ပြထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ကေယာမသ်' နေ့တွင် မျှတသည့် ချိန်ခွင် တည်ရှိပေမည်။ 'ဆွဒ်ကာဟ်' ပေးလှူသူများ ရောက်ရှိလာလျှင် ၎င်း 'ဆွဒ်ကာဟ်' များကို ချိန်တွယ်ကာ စာရင်းအင်းအတိုင်း အပြည့်အဝ အကျိုးစဝါးဗ်ပေးခြင်း ခံရမည်။ ဤသို့ပင် 'နမာဇ်'၊ 'ဟဂျ်' အစရှိသည့် 'အေဗာဒသ်' များကို ချိန်တွယ်၍ စာရင်းအတိုင်း အပြည့်အဝ

အကျိုးကုသိုလ် ချီးမြှင့်ပေလိမ့်မည်။ ဘေးဗလာဒုက္ခများအပေါ် သည်းခံမှုများ ရောက်ရှိလာသောအခါ ၎င်းတို့အတွက် ချိန်တွယ်ခြင်းမပြုဘဲ စာရင်းအင်းမရှိ၊ အတိုင်းအတာမဲ့ အကျိုးစဝါးဇ်များကို ချီးမြှင့်ပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်သည်

انّمايو فّى الصّابرون اجرهم بغير حساب

ဟု မိန့်တော်မူထားခြင်းကြောင့် ဖြစ်သည်။ လောကတွင် အေးချမ်းစွာ နေထိုင်သွားသူများသည် ဤသို့ တမ်းတရသည်အထိ ဖြစ်ကြလိမ့်မည်။ ငါတို့၏ လောကတွင် ခန္ဓာကိုယ်များကို ကတ်ကြေးများဖြင့် အကိုက်ခံရ၍ သည်းခံမှုတရားထားရှိလျှင် ဤကဲ့သို့သော အစားရရှိလျှင် ကောင်းလေစွဟု ပြောဆိုကြပေမည်။ အေမာမ်မာလိက် (ရဟ) က အာယသ်တော်တွင် **صابرين** များသည် လောက၏ ဒုက္ခနှင့် ဝမ်းနည်းပူဆွေးမှုအပေါ် သည်းခံသူများဖြစ်သည်။ အချို့ပညာရှင်များက **صابرين** ဆိုသည်မှာ မိမိ၏ နှလုံးသားကို အပြစ်'ဂိုနာဟ်'များမှ တားဆီးထားသောသူဖြစ်သည်။ အေမာမ်ကုရ်သုဗီ (ရဟ) က **صابر** ဟူသော စာလုံးကို အခြားစာလုံးမပါဘဲ ပြောဆိုလျှင် အလိုသဘောမှာ မိမိ၏ နှလုံးသားကို 'ဂိုနာဟ်' များမှ ရှောင်ကြဉ်၍ ဒုက္ခအပေါ် သည်းခံခြင်းဖြစ်သည်။ ဒုက္ခအပေါ် သည်းခံခြင်းအတွက် **صابرعلى كذا** ဟူသော စာလုံး ပြောဆိုလေသည်။ ဆိုလိုသည်မှာ 'ဒုက္ခတစ်ခုအပေါ် သည်းခံသူ'ဟူ၍ ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ إِنِّيٓ أُمِرْتُ أَنْ أَعْبُدَ ٱللَّهَ مُخْلِصًا لَّهُ ٱلدِّينَ ﴿١١﴾

၃၉ : ၁၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ 'ဧကန်စင်စစ် ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်အဖို့ သက်သက်သာလျှင် ဆည်းကပ်ကိုးကွယ်မှုကို ကြည်ဖြူစွာ ဖြူစင်စေလျက် ထိုအသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်း ခံရသည်။'

وَأُمِرْتُ لِأَنْ أَكُونَ أَوَّلَ ٱلْمُسْلِمِينَ ﴿١٢﴾

၃၉ : ၁၂ ။ ။ 'ထို့ပြင် ကျွန်ုပ်သည် အဦးဆုံး မွတ်စ္စလင်မ်ဖြစ်ရန်လည်း အမိန့်ပေးထားတော်မူခြင်း ခံရသည်။'

قُلْ إِنِّيٓ أَخَافُ إِنْ عَصَيْتُ رَبِّى عَذَابَ يَوْمٍ عَظِيمٍ ﴿١٣﴾

၃၉ : ၁၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အကယ်၍ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို ဖီဆန်ခဲ့သည်ရှိသော်၊ အမှန်ပင် ငါသည် ကြီးကျယ်လှစွာသော (ကေယာမသ်) ရှင်ပြန်ထရမည့်နေ့၏ ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်မိသည်။'

قُلِ اللّٰهَ اَعْبُدُ مُخْلِصًا لَّهٗ دِيْنِيْ ﴿۱۴﴾

၃၉ : ၁၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် မိမိဆည်းကပ်ကိုးကွယ်မှုသက်သက်ဖြင့် ထိုအသျှင်မြတ်အဖို့ စေတနာဖြူစင်စွာ ဆည်းကပ်ကိုးကွယ်သည်။'

فَاعْبُدُوْا مَا شِئْتُمْ مِّنْ دُوْنِهٖ ۭ قُلْ اِنَّ الْخٰسِرِيْنَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَ
اَهْلِيْهِمْ يَوْمَ الْقِيٰمَةِ ۭ اَلَا ذٰلِكَ هُوَ الْخُسْرَانُ الْمُبِيْنُ ﴿۱۵﴾

၃၉ : ၁၅ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်အား စွန့်၍ မိမိအလိုရှိရာကို ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ကေန်မလွဲ မိမိတို့ကိုယ်တိုင်နှင့် ပတ်သက်၍လည်းကောင်း၊ (မိမိတို့ အိမ်သူအိမ်သားများနှင့် ပတ်သက်၍လည်းကောင်း) 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင် ဆုံးရှုံးကြသော သူတို့သည်သာလျှင် (လုံးဝ) ဆုံးရှုံးသူများ ဖြစ်ကြကုန်၏။ သတိပြုကြလေကုန်။ ဤသည်သာလျှင် ထင်ရှားလှစွာသော ဆုံးရှုံးမှုပင် (ဖြစ်၏။)

لَهُمْ مِّنْ فَوْقِهِمْ ظُلَلٌ مِّنَ النَّارِ وَمِنْ تَحْتِهِمْ ظُلَلٌ ۭ ذٰلِكَ يُخَوِّفُ اللّٰهُ بِهٖ
عِبَادَهٗ ۭ يٰعِبَادِ فَاتَّقُوْنِ ﴿۱۶﴾

၃၉ : ၁၆ ။ ။ ၎င်းတို့၌ ၎င်းတို့၏ အထက်တွင်လည်း မီးဖြင့်ပြီးသော အမိုးများ ရှိကြပေမည်။ ၎င်းတို့၏ အောက်တွင်လည်း (မီးဖြင့်ပြီးသော) အခင်းများ ရှိကြပေမည်။ ဤသည် အကြင် (ပြစ်ဒဏ်) ပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန်တို့အား ယင်းပြစ်ဒဏ်ကို ကြောက်ရွံ့စေတော်မူ၏။ သို့ဖြစ်ပေရာ 'အို၊ ငါအသျှင်မြတ်၏ ကျွန်အပေါင်းတို့၊ အသင်တို့သည် ငါအသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။'

وَالَّذِيْنَ اجْتَنَبُوا الطَّاغُوْتَ اَنْ يَّعْبُدُوْهَا وَاَنَابُوْٓا اِلَى اللّٰهِ لَهُمُ الْبُشْرٰى ۚ فَبَشِّرْ عِبَادِ ﴿۱۷﴾

၃၉ : ၁၇ ။ ။ သို့ရာတွင် မဟုတ်မမှန်သော ကိုးကွယ်ရာများကို ဆည်းကပ်ကိုးကွယ်ခြင်းမှ ဝေးစွာ ရှောင်ကြဉ်ခဲ့ကြ၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်ခဲ့ကြသော သူတို့အဖို့မှာမူ ဝမ်းမြောက်ဖွယ်ရာ သတင်းရှိ၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်၏ အကြင်ကျွန်တို့အား ဝမ်းမြောက်ဖွယ်ရာ သတင်းကို ပြောကြားပါလေ။

الَّذِيْنَ يَسْتَمِعُوْنَ الْقَوْلَ فَيَتَّبِعُوْنَ اَحْسَنَهٗ ۭ اُولٰۗىِٕكَ الَّذِيْنَ هَدٰىهُمُ اللّٰهُ
وَاُولٰۗىِٕكَ هُمْ اُولُوا الْاَلْبَابِ ﴿۱۸﴾

၃၉ : ၁၈ ။ ။ ထိုကျွန်တို့သည် (ဤ) အာယသ်တော်ကို အာရုံစိုက်၍ နားထောင်ကြကုန်၏။ ထို့နောက် ထိုအာယသ်တော်၏ အကောင်းဆုံးသော အချက်များကို လိုက်နာကြကုန်၏။ ထိုသူတို့သည် အကြင်သူတို့ပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူ၏။ ၎င်းပြင် ထိုသူတို့သည်ပင်လျှင် ဉာဏ်ရှင်များ ဖြစ်ကြကုန်သည်။

أَفَمَنْ حَقَّ عَلَيْهِ كَلِمَةُ الْعَذَابِ أَفَأَنتَ تُنقِذُ مَن فِي النَّارِ ﴿١٩﴾

၃၉ : ၁၉ ။ ။ (အို၊ နဗီတမန်တော်) 'ပြစ်ဒဏ်စီရင်မှု အမိန့်တော် အတည်ဖြစ်ခဲ့သော သူအား (အသင်သည် အကျိုး ပြုနိုင်ပါသလော။) မည်သို့ပါနည်း။ အသင်သည် ငရဲမီး၌ ရှိသူအား လွတ်မြောက်စေနိုင်ပါသလော။ (တစ်နည်း) အကြင်သူသည် ထိုသူ၏ အပေါ်၌ ပြစ်ဒဏ်စီရင်မှု အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီ။ သို့ပါလျက် (အို၊ နဗီတမန်တော်) အသင်သည် ငရဲ မီး၌ ရှိသူအား လွတ်မြောက်စေနိုင်ပါသလော။'

لَٰكِنِ الَّذِينَ اتَّقَوْا رَبَّهُمْ لَهُمْ غُرَفٌ مِّن
فَوْقِهَا غُرَفٌ مَّبْنِيَّةٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ۖ وَعْدَ اللَّهِ ۖ لَا يُخْلِفُ اللَّهُ الْمِيعَادَ ﴿٢٠﴾

၃၉ : ၂၀ ။ ။ သို့ရာတွင် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့သောသူတို့အဖို့မှာမူ မြင့်စွင့်သော အဆောင်များ၌ ရှိကြပေသည်။ ယင်းမြင့်စွင့်သော အဆောင်များထက်ဝယ် (အခြား) ပြုလုပ် တည်ဆောက်ထား သော မြင့်စွင့်သည့် အဆောင်များ ရှိကြပေသည်။ ယင်းမြင့်စွင့်သော အဆောင်များအောက်၌ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေသည်။ (ဤသည်) အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ပင် ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် ကတိတော်ကို ဖောက်ဖျက်တော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ တမန်တော်၊ အသင် ပြောကြားပါလေ။ (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ) ငါကိုယ်တော် အား အမိန့်ပေးတော်မူထားသည်မှာ ငါကိုယ်တော်မှ အလ္လာဟ်အသျှင်မြတ်ကို 'အေဗာဒသ်'ပြုရာတွင် သီးခြား စိတ်စေတနာ ဖြူစင်စွာ ပြုရန် (ဆိုလိုသည်မှာ တုဖက်နှိုင်းယှဉ်ခြင်း အရိပ်အရောင်မျှပင် မပါဝင်စေရ။) ၎င်းနောက် မွတ်စ္စလင်မ်များအားလုံးတွင် ပထမဆုံး အစ္စလာမ်သာသနာကို မှန်ကန်သည်ဟု လက်ခံရန်လည်း အမိန့် ပေးတော်မူထားလေသည်။ (အမိန့်ပညတ်ချက်များကို လက်ခံရာတွင် နဗီသည် ပထမဆုံးဖြစ်ရန် အရေးကြီးကြောင်း ပေါ်လွင်ပေသည်။) အကယ်၍ ငါကိုယ်တော်သည် မိမိအသျှင်မြတ်၏ ပြောဆိုမှုများကို လက်မခံလျှင် ကြီးကျယ်သည့်နေ့ (ဆိုလိုသည်မှာ 'ကေယမာသ်'နေ့တွင်) အပြစ်ဒဏ်ခံရမည်ကို စိုးရိမ်ပါ သည်ဟု ပြောဆိုပါသည်။ (ငါသည် အမိန့်ပေးသော အရာများအပေါ်၌သာ ပြုလုပ်နေရမည်ဖြစ်ပေရာ) အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'များကို (ရှရစ်က်၏ အရိပ်အရောင် အနည်းငယ်မျှပင် မပါစေဘဲ) သီးသန့်ပြုလုပ်သည်ဟု အသင်တမန်တော် ပြောဆိုပါလေ။ ထို့ကြောင့် (အသင်တို့လည်း ဤသို့ပင် သီးသန့် 'အေဗာဒသ်'လုပ်သင့်ကြောင်း အထက်ပါ အမိန့်မှ လိုလားနေပေသည်။ အကယ်၍ အသင်တို့ လက်မခံလျှင် အသင်တို့အကြောင်းသာ ဖြစ်သည်။) အသင်တို့ နှလုံးသားမှာ အလ္လာဟ်အသျှင်မြတ်ကို စွန့်လွှတ်၍ လိုလား သည့်အရာကို 'အေဗာဒသ်'ပြုလျှင် ('ကေယာမသ်'နေ့၌ ထိုအရာသာကို မြည်းစမ်းရပေမည်။) အပြည့်အဝ

မိမိတို့အသက်များကို ဖျက်ဆီးသူများ၊ ဤသူများသာ ဖြစ်မည်ဟု အသင်တမန်တော် ပြောကြားပါလေ။ မိမိတို့ကိုယ်တိုင်နှင့် ပတ်သက်၍လည်းကောင်း မိမိတို့၏ အိမ်သူအိမ်သားများနှင့် ပတ်သက်၍လည်းကောင်း 'ကေယာမသ်'နေ့တွင် ပျက်စီးဆုံးရှုံးကြသော သူတို့သည်သာလျှင် လုံးဝ ဆုံးရှုံးသူများ ဖြစ်ကြ၏။ ဆိုလိုသည်မှာ မိမိတို့ကိုယ်တိုင် ထိုသူများမှ အကျိုးမရရှိပေ။ ကိုယ်တိုင်လည်း အကျိုးမဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုပတ်သက်သူများသည် ၎င်းတို့ကဲ့သို့ လမ်းမှားနေလျှင် အပြစ်ဒဏ်ခံရမည်ဖြစ်သည်။ အခြားသူများကို မည်သို့ အကျိုးပြုမည်နည်း။ စစ်မှန်သည့် မုအ်မင်န်ဖြစ်ပြီးနောက် 'ဂျန္နသ်'သို့ သွားရမည်ဆိုလျှင်လည်း ကာဖိရ်များအတွက် အသနားခံပေး၍ အကျိုးဖြစ်ထွန်းစေနိုင်လိမ့်မည် မဟုတ်။) ပေါ်လွင်ထင်ရှားသော ဆိုးကျိုးမှာ ဤကဲ့သို့သော သူများအဖို့ပင် ၎င်းတို့အပေါ် မီးတောက်မီးလျှံများ ရှိ၍ ၎င်းတို့၏ အောက်တွင်လည်း မီးလျှံများ ဝိုင်းရံနေပေမည်။ ဤ 'အဇားဗ်'နှင့်ပတ်သက်၍ပင် အလ္လာဟ်အသျှင်မြတ်သည် မိမိဗန္ဒာဟ်များကို ခြိမ်းခြောက်ထားတော်မူသည်။ (ထိုအပြစ်ဒဏ်မှ ရှောင်ကြဉ်နိုင်ရန် နည်းလမ်းလည်း ပြသထားပေသည်။ ထိုနည်းလမ်းမှာ မှန်ကန်သည့် သာသနာအပေါ် လိုက်နာကျင့်သုံးခြင်းသာ ဖြစ်သည်။)

သို့ရှိရာ 'အို၊ ငါအသျှင်မြတ်၏ ဗန္ဒာဟ်ကျေးကျွန်အပေါင်းတို့၊ ငါအသျှင်မြတ်အား (ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ 'အဇားဗ်'မှ) ကြောက်ရွံ့ကြလေကုန်။' ဤအခြေအနေသည် ကာဖိရ်နှင့် မုရှ်ရစ်က်များ၏ အခြေအနေဖြစ်သည်။ ရှိုက်သွာန်၏ 'အေဗာဒသ်'မှ ရှောင်ကြဉ်သူများ (ရှိုက်သွာန်၏ 'အေဗာဒသ်' ဆိုသည်မှာ ၎င်း၏ အမိန့်နာခံခြင်းဖြစ်သည်) နှင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုသူများ သတင်းကောင်းကြားရန် ထိုက်သူများဖြစ်သည်။

သို့ရှိရာ 'အို၊ တမန်တော်၊ ငါအသျှင်မြတ်၏ ဗန္ဒာဟ်တော်များကို သတင်းကောင်းပေးပါလေ။' ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ မုကွပါဋ္ဌတော်များကို အာရုံစိုက်၍ နားထောင်ကြသည်။ ထို့နောက် ကောင်းသော စကားရပ်များအပေါ် လျှောက်လှမ်းကြသည်။ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အားလုံးသည် အားလုံး ကောင်းမွန်ကြောင်း ရှေ့လာမည့် အာယသ်တော် احسن الحديث ဖြင့် တင်ပြထားပေသည်။ ဤသူများကိုသာလျှင် အလ္လာဟ်အသျှင်မြတ် လမ်းမှန်ပြခံခဲ့ရသူများဖြစ်၍ ဤသူများသာလျှင် အသိဉာဏ်ရှိသူများဖြစ်သည်။(သို့ရှိရာ ထိုသူများကို သတင်းကောင်းပေးပါလေ။ သတင်းကောင်းပေးမည့်အရာနှင့်ပတ်သက်၍ ရှေ့တွင် တင်ပြပေမည်။)

(لَٰكِنِ الَّذِينَ اتَّقَوْا) ဟူသော အာယသ်တော်ဖြင့် အကြောင်းအရာ၏ အလယ်တွင် တမန်တော်မြတ် ﷺ ကို နှစ်သိမ့်ရန် 'ထိုကာဖိရ်များကို မုအ်မင်န်ပြုလုပ်ခြင်း အသင်မစွမ်းဆောင်နိုင်ပေ။ ထိုအပေါ် ဝမ်းနည်းပူဆွေးမှု မဖြစ်လေနှင့်'ဟု မိန့်တော်မူထားပေသည်။) လူတစ်ဦးတစ်ယောက်အပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'အဇားဗ်'အပြစ်ဒဏ် သတ်မှတ်ပြီးဖြစ်လျှင် (အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်တွင်) 'ဂျဟန္နမ်'၌ အမြဲ တစေ နေရမည့်သူကို ('ဂျဟန္နမ်'သို့ ရောက်စေသည့် အကြောင်းခံများမှ) အသင်တမန်တော်

လွတ်စေနိုင် မည်လော။ ဆိုလိုသည်မှာ 'ဂျဟန္နမ်'သို့ သွားရမည့်သူသည် ကြိုးစားလျှင်လည်း လမ်းမှားခြင်းမှ ရှောင်ကြဉ်ကြမည် မဟုတ်သောကြောင့် ထိုသူတို့အပေါ် ဝမ်းနည်းပူဆွေးခြင်းသည် အကျိုးမဲ့ဖြစ်သည်။)

(သို့သော် အပြစ်ဒဏ် မသေချာသူများသည် အသင်တမန်တော်မှ အမိန့်ပညတ်ချက်များကို ကြားနာ၍) မိမိအသျှင်မြတ်ကို ကြောက်ရွံ့နေကြသည်။ ထိုသူတို့အတွက် 'ဂျန္နသ်'၏ မြင့်မားသော အဆောင်များရှိ၍ ထိုအပေါ်တွင် ထပ်မံ၍ လေသာဆောင်များ အသင့်တည်ဆောက်ပြီးဖြစ်သည်။ ဤ 'ဂျန္နသ်'၏ အနိမ့်ပိုင်းတွင် ချောင်းများရှိ၍ ဤသည် အလ္လာဟ်အသျှင်မြတ် ကတိပြုထားတော်မူသော အရာများဖြစ်၍ အလ္လာဟ် အသျှင်မြတ်သည် ကတိနှင့် ဆန့်ကျင်ဘက် မပြုလုပ်ပေ။

(فَبَشِّرْ عِبَادِ ဖြင့် တမန်တော်ကို သတင်းကောင်းပေးရန် ပေးထားသော အမိန့်၏ အကြောင်းအရာ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَبَشِّرْ عِبَادِ الَّذِيْنَ يَسْتَمِعُوْنَ الْقَوْلَ فَيَتَّبِعُوْنَ اَحْسَنَهٗ اُولٰٓئِكَ الَّذِيْنَ هَدٰىهُمُ اللّٰهُ وَ اُولٰٓئِكَ هُمْ اُولُوا الْاَلْبَابِ

ဤအာယသ်တော်၏ သဖ်စီးရ်အဖွင့်တွင် အဖွင့်ပညာရှင်များ၏ အဆိုမြောက်မြားစွာ ရှိပေသည်။ အိဗ်နေကစီးရ် (ရဟ) တင်ပြသော အဆိုတစ်ခုကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ قول ၏ အလိုသဘောမှာ ကုရ်အာန်မှ မုကဒ္ဒပါဌ်တော် (သို့) ကုရ်အာန်ကျမ်းတော်မြတ်နှင့်အတူ တမန်တော်မြတ် ﷺ ၏ သင်ပြမှုများဟူ၍ ဖြစ်သည်။ ၎င်းတို့မှာ အကောင်းတကာ့အကောင်းဆုံး ဖြစ်သည်။ တင်ပြသည့် နေရာအနေအထားအရ

يَسْتَمِعُوْنَ الْقَوْلَ فَيَتَّبِعُوْنَهٗ

ဟု ပြောဆိုနိုင်သော်လည်း ဤနေရာတွင် احسن ဟူသော စာလုံးကို ဖြည့်စွက်၍ ထိုသူတို့သည် ကုရ်အာန်နှင့် တမန်တော်၏ သင်ပြမှုများကို မသိနားမလည်ဘဲ လိုက်နာကြခြင်းမဟုတ်ကြောင်း ရည်ညွှန်းနေပေသည်။ စကားတစ်ရပ်ကိုကြား၍ စုံစမ်းစစ်ဆေးမှုမပြုဘဲ နောက်လိုက်ခြင်းသည် တေုံး (လူ့ဗာလ) များ၏ နည်းလမ်းသာ ဖြစ်ပေသည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်၏ စကားရပ်များကို မှန်ကန်၍ ကောင်းမွန်ကြောင်း သိရှိပြီးနောက် နောက်လိုက်ကြခြင်းဖြစ်သည်။ ထိုရလဒ်ကြောင့်ပင် အာယသ်တော်၏ အဆုံးပိုင်းတွင် ၎င်းတို့သည် اولوالالباب ဆိုလိုသည်မှာ အသိဉာဏ်ရှိသူများဟု ခေါ်ဝေါ်ခြင်း ခံရပေသည်။ အထက်ပါအာယသ်တော်နှင့် ဆင်တူရိုးမှားရှိသည့် အာယသ်တော်မှာ တမန်

တော်မူစာ ﷺ ကို 'သောင်ရားသ်' ကျမ်းနှင့် ပတ်သက်၍ မိန့်တော်မူထားလေသော အာယသ်တော် ဖြစ်ပေသည်။ ၄င်းမှာ-

فَخُذْهَا بِقُوَّةٍ وَأْمُرْ قَوْمَكَ يَأْخُذُوا بِأَحْسَنِهَا

ပင် ဖြစ်သည်။ ဤနေရာတွင် احسن ဆိုသည်မှာ 'သောင်ရားသ်' ကျမ်းတစ်ခုလုံးရှိ အမိန့်ပညတ်ချက်များ အားလုံးကို ဆိုလိုပေသည်။ ဤသို့ပင် တင်ပြခဲ့သည့် အာယသ်တော်များတွင် استماع قول ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ခြင်းဖြစ်၍ اتباع احسن ဆိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ် တစ်အုပ်လုံး၏ အမိန့်တော်အားလုံးကို လိုက်နာခြင်း' ဖြစ်သည်။ ဤသည်ကို လာမည့် အာယသ်တော်တွင် احسن الحديث ဟု မိန့်တော်မူထားပေသည်။ ဤသဖ်စီးရ်တွင် قول ဆိုသည်မှာ ကုရ်အာန်ဟုသာ ယူရပေမည်။ အချို့ပညာရှင်များက ကုရ်အာန်ကျမ်းတော်မြတ်တွင် မြောက်မြားစွာသော အမိန့်ပညတ်ချက်များသည် ကောင်းခြင်း၊ ပို၍ ကောင်းခြင်းဟူ၍ အဆင့်အတန်းများ ရှိပေသည်။ ဥပမာ- အစားယူခြင်းနှင့် ခွင့်လွှတ်ခြင်းနှစ်မျိုးစလုံး ပိုင်သော်လည်း ခွင့်လွှတ်ခြင်းသည် သာပိုကောင်းမွန်၍ မွန်မြတ်ပေသည်။

وَأَنْ تَصْبِرُوا خَيْرٌ لَكُمْ

(အကယ်၍ အသင်တို့ သည်းခံမျိုသိပ်ခဲ့ပါမူ အသင်တို့အတွက် ပို၍ ကောင်း၏။)

ကုရ်အာန်ကျမ်းတော်မြတ်၌ များစွာသော နေရာများတွင် လူသားကို ရွေးချယ်ခွင့်ပြုထားပေသည်။ အခြေအနေနှစ်မျိုးစလုံးတွင် မိမိကြိုက်ရာကို ရွေးချယ်ခြင်းဖြင့် 'ဂိုနာဟ်' မထိုက်ပေ။ သို့သော် ထိုအထဲတွင် တစ်ခုကို သာပို၍ ကောင်းသည်ဟု သတ်မှတ်ပေးထားပေသည်။ ဥပမာ-

وَأَنْ تَعْفُوا أَقْرَبُ لِلتَّقْوَى

(အကယ်၍ ခွင့်လွှတ်လိုက်ပါမူ ၄င်းသည် 'သက္ကဝါ' တရားနှင့် ပို၍ နီးကပ်၏။)

မြောက်မြားစွာသော အမိန့်ပညတ်ချက်များတွင် ခွင့်ပြုချက်များ ပေးထားသော်လည်း လုပ်ဆောင်ခြင်းကို သာပိုကောင်းမွန်သည်ဟု မိန့်တော်မူထားပေသည်။ သို့ဆိုလျှင် အာယသ်တော်၏ အလိုသဘောတွင် ဤသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်တော်များ၌ ခွင့်ပြုချက်ကိုလည်း ကြားနာ၍ မလွှဲမသွေ လုပ်ဆောင်ရမည်များကိုလည်း သိရှိကြသည်။ သို့သော် ခွင့်ပြုချက်ကို မကျင့်သုံးဘဲ မလွှဲမသွေ လုပ်ဆောင်ရမည့်အပေါ် ကျင့်သုံးကြသည်။ အရာနှစ်ခုတွင် တစ်ခုမှာ ကောင်း၍ အခြားတစ်ခုမှာ အလွန်ကောင်းသည့်အတွက် အလွန်ကောင်းသောအရာကို ရွေးချယ်ကျင့်သုံးကြသည်ဟူ၍ ဖြစ်သည်။ အချို့သော သဖ်စီးရ်ပညာရှင်များက ဤနေရာတွင် قول ဆိုသည်မှာ ရိုးရိုးလူများ၏ ပြောဆိုမှုများဖြစ်သည်။ ထိုစကားများထဲတွင် 'သောင်ဟီးဒ်' နှင့် 'ရှရစ်ကဲ'၊ 'ကုဖွရ်' နှင့် အစ္စလာမ်၊ အမှန်နှင့်အမှား၊ တစ်ဖန် အမှန်တွင် ကောင်းခြင်းနှင့် ပို၍ ကောင်းခြင်း၊ ဦးစားပေးရန်နှင့် ဦးစားမပေးရန် အားလုံးပါဝင်သည်။ ဤရှင်းလင်းချက်အပေါ်

အာယသ်တော်၏ အလိုသဘောမှာ ဤသူတို့ သည် လူတို့၏ စကားများကို နားထောင်ကြသည်။ ကာဖိရ်များ၊ မွတ်စ္စလင်မ်များ၏ မှန်သော၊ မှားသော၊ ကောင်းသော၊ မကောင်းသော စကားများအားလုံးကို နားထောင်ကြလေသည်။ သို့သော် အကောင်းဆုံး စကားရပ်ကိုသာ လိုက်နာကြသည်။ 'သောင်ဟီးဒ်' နှင့် 'ရှရစ်က်' တွင် 'သောင်ဟီးဒ်'၊ အမှန်နှင့် အမှားတွင် အမှန်၊ အမှန်တွင် အဆင့်အတန်း အမျိုးမျိုးရှိ၍ ပို၍ ကောင်းပြီး ဦးစားပေးရမည့်အရာများ စသည်တို့၏ နောက်ကိုသာ လိုက်ကြသည်။ ထို့ကြောင့် ၎င်းတို့ကို အရည်အချင်း (၂) ခု တင်ပြ၍ ချီးမွမ်းထားပေသည်။

ပထမမှာ هَدَاهُمُ اللّٰهُ ဆိုလိုသည်မှာ ဤသည်တို့သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ လမ်းမှန် ချီးမြှင့်ခြင်း ခံထားရသူများ ဖြစ်သည်။ ထို့ကြောင့် စကားအမျိုးမျိုးကို ကြားနာကြသော်လည်း လမ်းလွဲခြင်း မရှိကြပေ။

ဒုတိယမှာ اُولٰٓئِكَ هُمْ اُولُوا الْاَلْبَابِ ဆိုလိုသည်မှာ ဤသူတို့သည် အသိဉာဏ်ရှိသူများ ဖြစ်၍ ကောင်းခြင်းနှင့် မကောင်းခြင်း၊ အမှန်နှင့်အမှား၊ ကောင်းခြင်းနှင့် ပို၍ကောင်းခြင်းကို ခွဲခြား သိရှိ၍ ပိုကောင်းခြင်းကို ရွေးချယ်ကြခြင်းမှာ အသိဉာဏ်ရှိခြင်း၏ လုပ်ရပ်ဖြစ်ပေသည်။ ဤအတွက်ကြောင့်ပင် ဤအာယသ်တော်သည် အမရ်ဗင်န်နိုဖိုင်းလ် ﷺ၊ အဘူဇရ်ဂေဖာရီ ﷺ နှင့် စလ်မာန်ဖာရစီ ﷺ စသည့် ဆွဟာဗာများနှင့် ပတ်သက်၍ ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြကြခြင်းဖြစ်သည်။ အမရ်ဗင်န်နိုဖိုင်းလ် ﷺ သည် အမှောင်ခေတ်ကတည်းက ရှရစ်က်နှင့် ရုပ်တုကိုးကွယ်ခြင်းကို ရှုံ့မုန်းလေသည်။ ဟဇရသ်အဘူဇရ်ဂေဖာရီ ﷺ နှင့် စလ်မာန်ဖာရစီ ﷺ တို့သည် လမ်းစဉ်မျိုးစုံမှ မုရှ်ရစ်က်များ၊ ယဟူဒီများ၊ နဆွာရာနီတို့၏ စကားများကို ကြားနာပြီး ၎င်းတို့၏ နည်းစနစ်များကို တွေ့မြင်ပြီးနောက် အီမာန်ယူလိုက်ကြသည်။ ကုရ်အာန်၏ လမ်းညွှန်မှုများကို အားလုံးထက် အကောင်းမွန်ဆုံးဖြစ်၍ ဦးစားပေးလက်ခံခြင်းဖြစ်သည်။

[ကုရ်သုဗီကျမ်း]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ مِنَ السَّمَآءِ مَآءً فَسَلَكَهٗ يَنَابِيْعَ
فِى الْاَرْضِ ثُمَّ يُخْرِجُ بِهٖ زَرْعًا مُّخْتَلِفًا اَلْوَانُهٗ ثُمَّ يَهِيْجُ فَتَرٰىهُ مُصْفَرًّا
ثُمَّ يَجْعَلُهٗ حُطَامًا ۭ اِنَّ فِىْ ذٰلِكَ لَذِكْرٰى لِاُولِى الْاَلْبَابِ ﴿٢١﴾

၃၉ : ၂၁ ။ ။ (အို, လူသား) အသင်သည် မမြင်ခဲ့လေသလော။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့၏။ ထို့နောက် ၎င်း (မိုး) ရေကို မြေ၌ရှိသော ရေကြောများဝယ် ဝင်သွားစေတော်မူခဲ့၏။ ထို့နောက် ထိုအသျှင်မြတ်သည် ၎င်း (မိုး) ရေဖြင့် အမျိုးမျိုးအစားစားဖြစ်သော ကောက်ပဲသီးနှံကို ထွက်စေတော်မူ၏။

ထို့နောက် ယင်းကောက်ပဲသီးနှံမှာ ခြောက်သွေ့၍ သွားလေသောအခါ အသင်သည် ယင်းကောက်ပဲသီးနှံများ ဝါ၍ နေသည်ကို တွေ့မြင်လေ၏။ ထို့နောက် ထိုအသျှင်မြတ်သည် ၎င်းကောက်ပဲသီးနှံကို အစိတ်စိတ်အမွှာမွှာ ဖြစ်စေတော်မူ၏။ ဧကန်မလွဲ ဤသည်၌ ဉာဏ်ရှင်တို့အဖို့ အဆုံးအမသည် အမှန်ပင် ရှိပေသည်။

أَفَمَن شَرَحَ ٱللَّهُ صَدْرَهُۥ لِلْإِسْلَٰمِ فَهُوَ عَلَىٰ نُورٍ مِّن رَّبِّهِۦ ۚ فَوَيْلٌ
لِّلْقَٰسِيَةِ قُلُوبُهُم مِّن ذِكْرِ ٱللَّهِ ۚ أُو۟لَٰٓئِكَ فِى ضَلَٰلٍ مُّبِينٍ ﴿٢٢﴾

၃၉ : ၂၂ ။ ။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် အကြင်သူ၏ ရင်ကို အစ္စလာမ်သာသနာတော်နှင့် စပ်လျဉ်း၍ ဖွင့်ပေးတော်မူခဲ့၏။ တစ်ဖန် ထိုသူသည် မိမိ၏ အသျှင်မြတ်ထံတော်မှ အလင်းပေါ်၌ လျှောက်သွားလျက် ရှိ၏။ (ထိုသူနှင့် စိတ်နှလုံးမာပြင်းသော သူသည် တူနိုင်ပါသလော။) စင်စစ် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းမရှိဘဲ၊ စိတ်နှလုံး မာပြင်းခက်ထန်လျက်ရှိသော သူတို့၌ ပျက်စီးခြင်းသည် ရှိပေသည်။ ထိုသူတို့သည် ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေကြကုန်သည်။

ٱللَّهُ نَزَّلَ أَحْسَنَ ٱلْحَدِيثِ كِتَٰبًا مُّتَشَٰبِهًا مَّثَانِىَ تَقْشَعِرُّ مِنْهُ جُلُودُ
ٱلَّذِينَ يَخْشَوْنَ رَبَّهُمْ ثُمَّ تَلِينُ جُلُودُهُمْ وَقُلُوبُهُمْ إِلَىٰ ذِكْرِ
ٱللَّهِ ۚ ذَٰلِكَ هُدَى ٱللَّهِ يَهْدِى بِهِۦ مَن يَشَآءُ ۚ وَمَن يُضْلِلِ
ٱللَّهُ فَمَا لَهُۥ مِنْ هَادٍ ﴿٢٣﴾

၃၉ : ၂၃ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အကောင်းဆုံးသော အာယသ်တော်၊ အချင်းချင်း တစ်ခုနှင့်တစ်ခု ဆင်တူရိုးမှား ဖြစ်သော အကြိမ်ကြိမ် မိန့်ကြားထားသော၊ ဒွန်တွဲလျက်ရှိသော ကျမ်းဂန်တစ်စောင်ကို ချပေးတော်မူခဲ့၏။ ယင်းအာယသ်တော်ကို ကြားနာတော်မူသောကြောင့် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေသော သူတို့၏ အသားအရေတို့မှာ တုန်လှုပ် (ကြောက်ရွံ့) လာလေ၏။ ထို့နောက် ထိုသူတို့၏ အသားအရေများသည်လည်းကောင်း၊ ထိုသူတို့၏ စိတ်နှလုံးများသည်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသ သတိရရန်အလို့ငှာ နူးညံ့သိမ်မွေ့ ပျော့ပျောင်း၍ လာလေတော့၏။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ တရားလမ်းညွှန်ပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ယင်းတရား လမ်းညွှန်ဖြင့် မိမိအလိုရှိတော်မူသော သူအား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မည်သူ့ကိုမဆို လမ်းမှား၌ ရှိစေတော်မူပါလျှင်၊ ထိုသူအား မည်သူတစ်ဦးတစ်ယောက်မျှပင် တရားလမ်းမှန်သို့ ပို့ဆောင်သူဟူ၍ မရှိတော့ပြီ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, လူသား၊ အသင်သည် မမြင်လေသလော။ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရွာသွန်းစေခဲ့သည်။ တစ်ဖန် ၎င်းမိုးရေကို မြေ၌ရှိသော ရေကြောများဝယ် ဝင်သွားစေတော်မူခဲ့၏။ (ဆိုလိုသည်မှာ ရေများ ဆူပွက်ထွက်၍ တွင်းများ၊ စမ်းရေများဖြင့် ထွက်နေလေသည်။ ထိုရေထွက်လာခြင်းကြောင့်) ၎င်းမိုးရေဖြင့် အမျိုးမျိုးအစားစားဖြစ်သော ကောက်ပဲသီးနှံများကို ထွက်စေတော်မူ၏။ တစ်ဖန် ယင်းကောက်ပဲသီးနှံများ လုံး၀ ခြောက်သွေ့၍ သွားလေသောအခါ အသင်သည် ယင်းကောက်ပဲသီးနှံများ အ၀ါရောင်သန်းနေသည်ကို တွေ့ရှိရသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများကို အမှုန့်ဖြစ်စေသည်။ ဤနမူနာ၌ အသိဉာဏ်ရှိသူများအတွက် ကြီးကျယ်သော သင်ခန်းစာရှိလေသည်။ (လူသား၏ လောကီသက်တမ်းသည်လည်း လုံး၀ ဤပုံစံအတိုင်းပင် ဖြစ်သည်။) အဆုံးတွင် ပျက်စီးမှုသာဖြစ်၍ ထိုအထဲတွင် နှစ်မွန်းနေခြင်းဖြင့် အမြဲတစေ အေးချမ်းမှုမှ လက်လွတ်ဆုံးရှုံးခံခြင်း၊ အမြဲတစေ ရောက်ရှိစေမည့် ဒုက္ခကို ယူခြင်းသည် အလွန်တရာ အသိဉာဏ်မဲ့ခြင်းဖြစ်သည်။ ငါအသျှင်မြတ်၏ တင်ပြမှုသည် အလွန်တရာ ပြည့်စုံသော်လည်း နားထောင်သူအားလုံးသည် အချင်းချင်း ကွာခြားလေသည်။) သို့ရှိရာ လူတစ်ဦးတစ်ယောက်၏ နှလုံးသားကို အလ္လာဟ်အသျှင်မြတ်မှ အစ္စလာမ်လက်ခံရန် ဖွင့်ပေးလျှင် (ဆိုလိုသည်မှာ အစ္စလာမ်သာသနာ၏ မှန်ကန်မှုအပေါ် ခိုင်မြဲစွာ ယုံကြည်သွားလျှင်) မိမိအသျှင်မြတ်၏ (ချီးမြှင့်ထားသော) အလင်းရောင် (ဆိုလိုသည်မှာ 'ဟေဒါယသ်'၏ တောင်းဆိုမှုများ) အပေါ် လျှောက်လှမ်းနေမည်ဆိုက (ဆိုလိုသည်မှာ ယုံကြည်ချက်နှင့်အညီ ကျင့်ဆောင်မှုပြုနေလျှင်) ဤသူသည် စိတ်ဓါတ်မာကျောသူနှင့် တူညီနိုင်ပါမည်လော။ (၎င်းတို့၏အကြောင်း ရှေ့တွင် တင်ပြပေမည်။)

အချို့သူတို့၏ စိတ်နှလုံးသားသည် အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်'ဖြင့် (ထိုအထဲတွင် အမိန့်ပညတ်ချက်များနှင့် ခြိမ်းခြောက်မှုများအားလုံး ပါ၀င်သွားသည်။) ထိရောက်မှုမရှိပေ။ (ဆိုလိုသည်မှာ အီမာန် မယူကြပေ။) ထိုသူတို့အတွက် 'ကေယာမသ်'နေ့တွင် အလွန်တရာ ဆိုး၀ါးမှု ပျက်စီးခြင်းသည် ရှိပေသည်။ ဤသူတို့သည် လောက၌လည်း ပေါ်လွင်စွာ လမ်းမှားသူများ၌ ပါ၀င်နေပေသည်။ (ဆက်လက်၍ 'နူးရ်'နှင့် 'ဇိကိရ်'၏အကြောင်းကို တင်ပြနေပေသည်။ ဆိုလိုသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အလွန်ကောင်းသော မုက္ခပါဠ်တော် (ကုရ်အာန်) ကို ချပေးခဲ့သည်။ ထိုကျမ်းသည် စာသားများ အစီအစဉ်ကျနရာတွင် တုနိုင်းမဲ့ခြင်းနှင့် အဓိပ္ပာယ်မှန်ကန်မှုတွင် အာယသ်တော်အချင်းချင်း တူညီပေသည်။ ဤကျမ်းတွင် ရှင်းလင်းရန်အတွက် အချို့အရေးကြီးသည့် စကားရပ်များကို ထပ်ခါတလဲလဲ တင်ပြထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ وَلَقَدْ صَرَّفْنَا ـــ الخ ဟူသော အာယသ်တော်၏ ဆိုလိုရင်း ဖြစ်ပေသည်။ ဤအာယသ်တော်များတွင် အကျိုးကျေးဇူးများ လေးနက်မှုများ အပြောခံရသူအပေါ် နေရာတိုင်းတွင် သီးခြားနက်နဲမှုများကို ထောက်ရှုထားသည့်အတွက် အကြောင်းမဲ့ ထပ်ခါထပ်ခါ တင်ပြထားခြင်းမဟုတ်။ မဆာနီဖြစ်ခြင်း ဆိုလိုသည်မှာ ထပ်ခါထပ်ခါ တင်ပြထားခြင်းသည် 'ဟေဒါယသ်' တရားလမ်းမှန် ရရန်အတွက်ဖြစ်

ကြောင်း အထောက်အထားဖြစ်လေသည်။) ဤတွင်ပြချက်များဖြင့် မိမိအသျှင်မြတ်ကို ကြောက်ရွံ့သူများ၏ ခန္ဓာကိုယ်များ တုန်လှုပ်သွားပေမည်။ ကြောက်ရွံ့ခြင်းဆိုရာ၌ နှလုံးသားတွင်း၌သာ ဖြစ်ပေါ်၍ ခန္ဓာကိုယ်ပေါ်၌ သက်ရောက်မှုမဖြစ်သော ကြောက်ရွံ့မှုဖြစ်စေ၊ အသိဉာဏ်နှင့် ယုံကြည်ချက်အားဖြင့် ကြောက်ရွံ့ခြင်းဖြစ်စေ၊ ပင်ကိုယ်ဗီဇအရ မကြောက်ရွံ့ခြင်းနှင့် အမြဲတမ်း ကြောက်ရွံ့ခြင်းမဟုတ်လျှင်လည်း ကြောက်ရွံ့မှုတွင် ပါဝင်ကြောင်း ရည်ညွှန်းလေသည်။) တစ်ဖန် ထိုသူတို့၏ ခန္ဓာကိုယ်နှင့် နှလုံးသားသည် ပျော့ပြောင်း၍ အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်' (ဆိုလိုသည်မှာ ကျမ်းမြတ်ကုရ်အာန်အပေါ် ကျင့်ဆောင်ခြင်း) ဘက်သို့ အာရုံပြုကြပေသည်။ (ဆိုလိုသည်မှာ ကြောက်ရွံ့၍ အစိတ်အပိုင်းများနှင့် ကျင့်ဆောင်မှု၊ နှလုံးသားနှင့် ကျင့်ဆောင်မှုတို့ကို ထိန်းချုပ်၍ အာရုံစိုက်ကာ အမိန့်နာခံကြပေသည်။) ဤကုရ်အာန်ကျမ်းတော်မြတ်သည် တရားလမ်းညွှန်ပင်ဖြစ်၍ အလ္လာဟ်အသျှင်မြတ် အလိုရှိသူကို ဤကျမ်းမြတ်ဖြင့် တရားလမ်းမှန်သို့ ပို့ဆောင်တော်မူ၏။ (ကြောက်ရွံ့သူများ၏ အခြေအနေမှာ ယခု သိရှိခဲ့ရပြီးဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် လမ်းမှား၌ ရှိစေလျှင် မည်သူမှ လမ်းပြနိုင်သူဟူ၍ မရှိတော့ပြီ။ (စိတ်နှလုံးသား မာကျောသည့် ကာဖိရ်များ၏အကြောင်းကို ယခု သိရှိရပြီး ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَسَلَكَهُ يَنَابِيعَ فِي الْأَرْضِ

يَنَابِيعُ သည် **يَنْبُوعٌ** ၏ အများကိန်းဖြစ်သည်။ 'မြေပြင်မှ ပန်းထွက်လျက်ရှိသော ရေစမ်းများ'ဟု အဓိပ္ပာယ်ရသည်။ အလိုသဘောမှာ မိုးကောင်းကင်ပေါ်မှ ရေချပေးခြင်းသည် ကြီးကျယ်သော 'နေ့အ်မသ်' တော်တစ်ခု ဖြစ်သည်။ သို့သော် ထိုချီးမြှင့်မှုကို အကယ်၍ မြေထဲ၌ ထိန်းသိမ်းထားသည့် အစီအစဉ်မရှိလျှင် လူသားသည် မိုးရွာသောအချိန် (သို့) မိုးရွာပြီးနောက် ရက်အချို့သာ အကျိုးယူနိုင်ပေမည်။ ဧကန်စင်စစ် ရေသည် လူ့ဘဝရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်သော အရာဖြစ်၍ တစ်ရက်မျှပင် ရေမရှိပါက မဖြစ်နိုင်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထို 'နေ့အ်မသ်'တော်ကို ချီးမြှင့်ရုံဖြင့် မကျေနပ်ဘဲ ရေကို ထိန်းသိမ်းထားရာ အံ့သြဖွယ်ရာများ ပြုလုပ်ပေးလေသည်။ မြေတွင်းများ၊ ကန်များဖြင့် ထိန်းသိမ်းထားပေသည်။ အလွန်များပြားလှသော အတိုင်းအတာဖြင့် ရေခဲပြုလုပ်၍ တောင်များကို ထမ်းပိုးထားစေလေသည်။ ထို့ကြောင့် ပုတ်သိုးရန်နှင့် ပျက်စီးရန် မဖြစ်နိုင်တော့ပေ။ တစ်ဖန် ထိုရေခဲသည် တစ်ဖြည်းဖြည်း ပျော်ကျလာ၍ တောင်ကြောမြေသို့ ဆင်းသွား၍ နေရာအနှံ့ ပန်းထွက်နေသော စမ်းရေများပုံစံဖြင့် အလိုအလျောက် လူသား၏ လုပ်ဆောင်မှုမပါဘဲ ပန်းထွက်နေပေသည်။ ချောင်းမြောင်းများ ပုံစံဖြင့် မြေပြင်တွင် စီးဆင်းနေပေသည်။ ကျန်ရေများကို မြေကြီး၏ အနက်ပိုင်းတွင် စီးဆင်းနေစေရာတွင်မှ တူး၍ အပြင်သို့ ထုတ်ရလေသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ရေ၏ အစီအမံနှင့် ပတ်သက်၍ အကျယ်တဝင့်ကို 'စူရာဟ်မုအ်မေနူးန်'တွင်

فَاَسْكَنّٰهُ فِى الْاَرْضِ وَ اِنَّا عَلٰى ذَهَابٍ بِهٖ لَقٰدِرُوْنَ

ဟူသော အာယသ်တော်၌ တင်ပြထားပြီး ဖြစ်၏။

مُخْتَلِفًا اَلْوَانُهٗ 'ပျိုးထွက်ချိန်နှင့် စပါးမှည့်ဝင်းချိန်၊ ၎င်းကောက်ပဲသီးနှံများအပေါ် အရောင်မျိုးစုံ' ဖြစ်လေသည်။ ဤအရောင်များတွင် ပြောင်းလွဲဆန်းသစ်မှုများ ရှိသည့်အတွက် مُخْتَلِفًا ကို သဒ္ဒါအသုံးအနှုန်းအရ အခြေအနေပြနာမ်အဖြစ် ဖန်တီး၍ (——) ဖြင့် ဖတ်ရခြင်းဖြစ်သည်။ ၎င်းမှာ ဆန်းသစ်ခြင်းအပေါ် ရည်ညွှန်းပေသည်။

اِنَّ فِىْ ذٰلِكَ لَذِكْرٰى لِاُولِى الْاَلْبَابِ

ဆိုလိုသည်မှာ 'ရေကို ရွာသွန်းချပေးရန်၊ ရေကို ထိန်းသိမ်းပေးရန်၊ လူသားအတွက် အကျိုးဖြစ်ထွန်းစေရန်နှင့် အမျိုးမျိုးသော သစ်ပင်ကြီးများ၊ သစ်ပင်ငယ်များ၊ ထိုသစ်ပင်များအပေါ် အရောင်စုံ ဖြစ်ပေါ်ပြီးနောက် အဆုံးတွင် ခြောက်ကပ်ဝါကျင့်၍ အစေ့သက်သက်၊ အခွံသက်သက်ဖြစ်သွားမှုများတွင် အသိဉာဏ်ရှိသူများအတွက် ကြီးကျယ်သော သင်ခန်းစာ' ဖြစ်သည်။ ထိုအရာများသည် အလ္လာဟ်အသျှင်မြတ်၏ ထည်ဝါသော တန်ခိုးတော်နှင့် အမြော်အမြင်များအတွက် အထောက်အထားဖြစ်လေသည်။ ထိုအရာများကို ကြည့်ရှုပြီး လူသားသည် မိမိ၏ ဖန်ဆင်းခြင်း၏ ဇစ်မြစ်ကို သိရှိနိုင်ပေသည်။ ထိုသို့ သိခြင်းသည် မိမိအား စိုးပိုင်တော်မူသော အသျှင်နှင့် ဖန်ဆင်းရှင်ကို သိရှိရန် အကြောင်းခံဖြစ်သည်။

اَفَمَنْ شَرَحَ اللّٰهُ صَدْرَهٗ لِلْاِسْلَامِ فَهُوَ عَلٰى نُوْرٍ مِّنْ رَّبِّهٖ

شَرَحَ ၏ လုံးကောက်အဓိပ္ပာယ် မှာ 'ဖွင့်ခြင်း၊ ဖြန့်ခြင်းနှင့် ကျယ်ဝန်းစေခြင်း' ဖြစ်သည်။ شرح صدر ၏ အဓိပ္ပာယ်မှာ 'နှလုံးသားကျယ်ဝန်းခြင်း' ဖြစ်သည်။ အလိုသဘောမှာ 'နှလုံးသားတွင် အရည်အချင်းရှိခြင်းကြောင့် တန်ခိုးတော်နှင့် ပတ်သက်သည့် အာယသ်တော်များတွင် မိုးကောင်းကင်နှင့် မြေပြင်၊ ၎င်းနောက် မိမိကိုယ်တိုင်ကို ဖန်ဆင်းခြင်း' အစရှိသည်တို့၌ စဉ်းစားဆင်ခြင်၍ သင်ခန်းစာနှင့် အကျိုးကျေးဇူးများ ရယူနိုင်ပေသည်။ ဤသို့ပင် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော်များကို ကျမ်းနှင့် အမိန့်ပညတ်ချက်များပုံစံဖြင့် ချပေးခဲ့ပြီးဖြစ်သည်။ ၎င်းအပေါ် စဉ်းစားဆင်ခြင်၍ အကျိုးရယူနိုင်ပေသည်။ ထိုအချက်နှင့် ဆန့်ကျင်ဘက်မှာ စိတ်နှလုံးကျဉ်းမြောင်းခြင်းနှင့် စိတ်ဓါတ်မာကျောခြင်း ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပုဒ်တွင်

يَجْعَلْ صَدْرَهٗ ضَيِّقًا حَرَجًا

နှင့် ဤနေရာတွင် ရှိသော لِلْقَاسِيَةِ قُلُوْبُهُمْ တို့သည် ဤ 'ရှရ်ဟေဆွဒရ်' (شرح صدر) နှင့် ဆန့်ကျင်ဘက် လာရှိထားသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ﷺ သခင်က ဆင့်ပြန်သည်မှာ

'တမန်တော်မြတ် ﷺ သည် اَفَمَنْ شَرَحَ اللّٰهُ صَدْرَهٗ ဟူသော အာယသ်တော်ကို ရွတ်ဖတ်လေရာ ကျွန်ုပ်တို့က شرح صدر ၏ အလိုသဘောကို မေးမြန်းလျှောက်ထားသောအခါ 'အီမာန်၏ 'နူရ်'သည် လူသား၏ နှလုံးသားတွင်းသို့ ဝင်ရောက်လာသောအခါ ၎င်း၏ နှလုံးသားသည် ကျယ်ဝန်းသွားလေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို နားလည်ခြင်းနှင့် ကျင့်ဆောင်ခြင်း၊ ထိုသူ့အပေါ် လွယ်ကူသွားပေသည်'ဟု တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူလေသည်။ ကျွန်ုပ်တို့က 'အို၊ အလ္လာဟ်၏ ရစူလ်၊ شرح صدر ၏ နိမိတ်လက္ခဏာမှာ မည်သို့ပါနည်း'ဟု မေးမြန်းရာ တမန်တော်မြတ် ﷺ က

الانابة الى دار الخلود والتجا فى عن دار الغرور والتأهب للموت قبل نزوله

'အမြဲတစေ နေရမည့် အိမ်ဘက်သို့ အာရုံပြုခြင်းနှင့် လှည့်ဖြားသည့်ဌာနေ (ဆိုလိုသည်မှာ 'လောက၏ အရသာခံစားမှုနှင့် အလှအပများမှ) ဝေးစွာ ရှောင်ရှားခြင်း၊ မသေမီ အစီအစဉ် အပြည့်အဝလုပ်ခြင်းဖြစ်သည်' ဟု မိန့်တော်မူသည်။ *[ရူဟုလ်မအာနီ]*

တင်ပြခဲ့သည့် အာယသ်တော်ကို မေးခွန်းစာလုံး اَفَمَنْ ဖြင့် အစပြုထားလေသည်။ အလိုသဘောမှာ အကြင်သူ၏ နှလုံးသားကို အစ္စလာမ်အတွက် ဖွင့်ပေးထားပြီး ထိုသူသည် မိမိအသျှင်မြတ်ဘက်တော်သို့ ရောက်ရှိနိုင်သည့် အလင်းရောင်အပေါ်၌ တည်ရှိနေသည်။ ဆိုလိုသည်မှာ ထိုအလင်းရောင်ဖြင့် အလုပ်အလုံးစုံကို ပြုလုပ်နိုင်သည်။ ၎င်းနောက် စိတ်နှလုံးသား ကျဉ်းမြောင်းသူနှင့် စိတ်မာကျောသူတို့ သည် အထက်ပါလူနှင့် တူညီနိုင်ပါမည်လော။ ဤအချက်ကို နှိုင်းယှဉ်၍ စိတ်နှလုံးသား မာကျောသူ အကြောင်းကို လာမည့်အာယသ်တော်တွင် ويل ဟူသော 'အဇာဗ်' ဖြင့် အပြစ်ဒဏ်ခတ်မည် ဖြစ်ကြောင်း တင်ပြထားပေသည်။

فَوَيْلٌ لِّلْقَاسِيَةِ قُلُوْبُهُمْ တွင် قاسية သည် قساوة မှ ဆင်းသက်၍ မည်သူ့ကိုမှ မသနားဘဲ စိတ်နှလုံးသား မာကျောသူ၊ အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်'နှင့် အမိန့်ပညတ်ချက်များ၏ သက်ရောက်မှုကို လက်မခံသူဟု အဓိပ္ပာယ်ရသည်။

اَللّٰهُ نَزَّلَ اَحْسَنَ الْحَدِيْثِ كِتٰبًا مُّتَشَابِهًا مَّثَانِىَ

ထိုအာယသ်တော်၏အလျင် အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူသည် ဗန္ဒာဟ်များ၏ အခြေအနေကို

يَسْتَمِعُوْنَ الْقَوْلَ فَيَتَّبِعُوْنَ اَحْسَنَهٗ

ဟူ၍ တင်ပြခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်တွင် 'ကုရ်အာန်ကျမ်းတော်မြတ် တစ်အုပ်လုံးသည် اَحْسَنَ الْحَدِيْثِ ဖြစ်ကြောင်း တင်ပြထားသည်။ حديث ၏ လုံးကောက်အဓိပ္ပာယ်မှာ 'တင်ပြသည့်

စကား (သို့မဟုတ်) အကြောင်းအရာ'ကို ခေါ်ဆိုသည်။ ကုရ်အာန်ကျမ်းမြတ်ကို **احسن الحديث** ဟု တင်ပြရခြင်းမှာ လူသား၏ ပြောဆိုတင်ပြမှုများတွင် အကောင်းဆုံးသော **كلام** ပြောဆိုတင်ပြမှုမှာ ကုရ်အာန် ဖြစ်သည်။ ဆက်လက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့ ဂုဏ်ပုဒ်များကို တင်ပြထားသည်။

كِتَابًا مُّتَشَابِهًا ဤနေရာတွင် **متشابه** ဆိုသည်မှာ 'ဆင်တူ' ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ 'ကုရ်အာန်ကျမ်းမြတ်၏ အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်၍ တူညီပေသည်။' အာယသ်တော်တစ်ခု၏ ရှင်းလင်းချက်နှင့် ထောက်ခံချက်သည် အခြားအာယသ်တော် တစ်ခုဖြင့် ဖြစ်သွားပေသည်။ အာယသ်တော်အချင်းချင်း ဆန့်ကျင်သည်ဟူ၍ မရှိပေ။

ဒုတိယဂုဏ်ပုဒ်မှာ **مثانى** ဖြစ်၍ ၎င်းသည် **مثنى** ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'အထပ်ထပ်အခါခါ' ဟု ဖြစ်သည်။ အလိုသဘောမှာ ကုရ်အာန်သည် အကြောင်းအရာတစ်ခုကို ရှင်းလင်းစေရန် အကြိမ်ကြိမ် တင်ပြထားပေသည်။

တတိယဂုဏ်ပုဒ်ကို

تَقْشَعِرُّ مِنْهُ جُلُوْدُ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မှုကို ခံစား၍ ကြောက်ရွံ့သူများသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်၍ ကြက်သီးမွေးညှင်းထသည်အထိ ကြောက်ရွံ့လေသည်ဟူ၍ တင်ပြထားသည်။

စတုတ္ထဂုဏ်ပုဒ်မှာ-

ثُمَّ تَلِيْنُ جُلُوْدُهُمْ وَقُلُوْبُهُمْ اِلٰى ذِكْرِ اللّٰهِ

ဆိုလိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်ခြင်းဖြင့် တစ်ခါတစ်ရံ အပြစ်ဒဏ်၏ ခြိမ်းခြောက်မှုများကို သိရှိ၍ ကြက်သီးမွေးညှင်း ထလာလေသည်။' တစ်ခါတစ်ရံ 'ရဟ်မသ်'နှင့် ခွင့်လွှတ်သည့် အာယသ်တော်များကို ကြားနာ၍ ခန္ဓာကိုယ်နှင့် နှလုံးသားသည် အလ္လာဟ်အသျှင်မြတ်ကို သတိရ၍ ပျော့ပြောင်းသွားကြလေသည်။ ဟဇရသ်အပ်စ်မာအ် رضي الله عنها သခင်က တင်ပြထားသည်မှာ ဆွဟာဗာများသည် ၎င်းတို့ရှေ့၌ ကုရ်အာန်ကျမ်းမြတ် ဖတ်ရွတ်လျှင် မျက်ရည်များ စီးကျလာ၍ ကြက်သီးမွေးညှင်းထသည့် အခြေအနေမှာ ၎င်းတို့အပေါ် အများအားဖြင့် ဖြစ်ပေါ်လေ့ရှိသော အခြေအနေဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ် ဗင်န်အဗ္ဗားစ် رضي الله عنهما သခင်က တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်မှာ 'အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့၍ ကြက်သီးမွေးညှင်းထလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူ၏ ခန္ဓာကိုယ်ကို မီးလောင်ကျွမ်းမှုအား 'ဟရာမ်'အဖြစ် သတ်မှတ်လိုက်သည်' ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَفَمَن يَتَّقِي بِوَجْهِهِۦ سُوٓءَ ٱلْعَذَابِ يَوْمَ
ٱلْقِيَٰمَةِ ۚ وَقِيلَ لِلظَّٰلِمِينَ ذُوقُوا۟ مَا كُنتُمْ تَكْسِبُونَ ﴿٢٤﴾

၃၉ : ၂၄ ။ ။ သို့ဖြစ်ပေရာ အကြင်သူသည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ပြင်းထန်သော ပြစ်ဒဏ်ကို မိမိ၏ မျက်နှာဖြင့် ကာကွယ်မည်ဖြစ်၏။ ၎င်းပြင် (ထိုကဲ့သို့) မတရားပြုလုပ်ကြကုန်သော သူတို့အား 'အသင်တို့သည် မိမိတို့ ဆည်းပူးလျက် ရှိခဲ့ကြသည်တို့၏ အရသာကို မြည်းစမ်းကြလေကုန်' ဟု ပြောဆိုခြင်း ခံရမည်ဖြစ်၏။ (ထိုကဲ့သို့သော သူတို့နှင့် ပြစ်ဒဏ်မှ လွတ်ကင်းကြသော သူတို့သည် တူညီနိုင်ကြပါသလော။)

كَذَّبَ ٱلَّذِينَ مِن قَبْلِهِمْ فَأَتَىٰهُمُ ٱلْعَذَابُ مِنْ حَيْثُ لَا يَشْعُرُونَ ﴿٢٥﴾

၃၉ : ၂၅ ။ ။ ၎င်းတို့အလျင် ရှိခဲ့ကြသော သူတို့သည်လည်း (အမှန်တရားကို) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်၏။ သို့ဖြစ်ပေရာ ပြစ်ဒဏ်သည် ၎င်းတို့ထံ ၎င်းတို့ မထင်မမြင်ကြသော နည်းဖြင့် ရောက်ရှိ၍ လာခဲ့လေသည်။

فَأَذَاقَهُمُ ٱللَّهُ ٱلْخِزْىَ فِى ٱلْحَيَوٰةِ ٱلدُّنْيَا ۖ وَلَعَذَابُ ٱلْءَاخِرَةِ
أَكْبَرُ ۚ لَوْ كَانُوا۟ يَعْلَمُونَ ﴿٢٦﴾

၃၉ : ၂၆ ။ ။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ပစ္စုပ္ပန်လောကီဘဝတွင် ကျိုးယုတ်ရက်ရ၊ ဂုဏ်ရည်နိမ့်ကျခြင်း၏ အရသာကို မြည်းစမ်းစေတော်မူခဲ့၏။ တမလွန်ဘဝ၏ ပြစ်ဒဏ်သည် အမှန်ပင် သာ၍ ကြီးလေးလှပေသည်။ ၎င်းတို့သည် (ဤသည်ကို) သိကြပါလျှင် ကောင်းလေစွ။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِى هَٰذَا ٱلْقُرْءَانِ مِن كُلِّ مَثَلٍ لَّعَلَّهُمْ يَتَذَكَّرُونَ ﴿٢٧﴾

၃၉ : ၂၇ ။ ။ ၎င်းပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုလူတို့အဖို့၊ ၎င်းတို့ တရားရကြရန်အလို့ငှာ အလုံးစုံသော ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းမိန့်ကြားတော်မူခဲ့၏။

قُرْءَانًا عَرَبِيًّا غَيْرَ ذِى عِوَجٍ لَّعَلَّهُمْ يَتَّقُونَ ﴿٢٨﴾

၃၉ : ၂၈ ။ ။ ၎င်းတို့သည် (ပြစ်မှုဒုစရိုက်များမှ) ရှောင်ကြဉ်နိုင်ကြရန်အလို့ငှာ (ငါအသျှင်မြတ်သည်) စကားအသုံးအနှုန်း အဖွဲ့အနွဲ့ကောင်းသော၊ အကွေ့အကောက်ကင်းမဲ့သော ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် (ချပေးသနားတော်မူခဲ့၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူသည် 'ကေယာမသ်' နေ့တွင် ပြင်းထန်သော 'အဇာ:ဗ်' ပြစ်ဒဏ်ကို မိမိ၏ မျက်နှာဖြင့် ဒိုင်းအဖြစ် ကာကွယ်မည်ဖြစ်၏။ ဤကဲ့သို့သော ဇွာလင်မ် မတရားပြုသူများကို မိန့်တော်မူမည်မှာ အသင်တို့ လုပ်ဆောင်ခဲ့သည်များအပေါ် ယခု မြည်းစမ်းကြလေကုန်။ ထိုကဲ့သို့သော သူတို့နှင့် ပြစ်ဒဏ်မှ လွတ်ကင်း

ကြသော သူတို့သည် တူညီနိုင်ကြပါသလော။ (၎င်းကာဖိရ်များမှ ထို 'အဇာဗ်'အပြစ်ဒဏ်များကို ငြင်းဆိုခြင်း မပြုနိုင်အောင် အမိန့်ရှိသည်မှာ) ၎င်းတို့ထက်အလျင် ရှိသူများသည်လည်း အမှန်တရားကို လက်မခံခဲ့ကြ၍ ထိုသူများအပေါ် ၎င်းတို့ စိုးစဉ်းမျှပင် ထင်မှတ်ထားခြင်းမရှိသည့် အပြစ်ဒဏ်များ ရောက်ရှိလာပေမည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို လောကီသက်တမ်း၌ပင် သေးသိမ်မှု၏ အရသာကို မြည်းစမ်းစေခဲ့သည်။ (မြေမျိုခြင်း၊ မျက်နှာများ ပျက်စီးသွားခြင်း၊ ခဲမိုးများ ရွာချခြင်း အစရှိသည့် အပြစ်ဒဏ်များဖြင့် လောကတွင် အမည်ပျက်ခဲ့ကြသည်။) နောင်တမလွန်၏ အပြစ်ဒဏ်သည် ပိုမို၍ ကြီးမားသည့်အတွက် ဤသူများသိလျှင် ကောင်းလေစွ။ (အထက်အာယသ်တော် اَفَمَنْ شَرَحَ اللّٰهُ صَدْرَه တွင် တင်ပြထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များကို ကြားနာ၍ အချို့သူတို့သည် ထိရောက်မှုဖြစ်၍ အချို့မှာ ထိရောက်မှု မဖြစ်ပေဟူ၍ ဖြစ်သည်။ ဆက်လက်၍ အာယသ်တော်တွင် ထိရောက်မှုမရှိသူများမှာ ၎င်းတို့၏ အရည်အချင်းနှင့် အင်အားနည်းပါးခြင်းကြောင့် ဖြစ်ကြောင်း၊ သို့ပါသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် အားလုံးအတွက် တူညီသည့် သက်ရောက်မှုရှိကြောင်း တင်ပြထားပေသည်။ အချုပ်မှာ ဤကွာခြားမှုသည် အရည်အချင်းအပေါ် မူတည်၍ ပြုလုပ်သူတွင် မည်သို့မှ အားနည်းချက်မရှိပေ။)

ငါအသျှင်မြတ်သည် လူသားများ လမ်းမှန်ရစေရန် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် အမျိုးမျိုးသော အရေးကြီး ကောင်းမွန်သည့် အကြောင်းအရာများ တင်ပြထားပေသည်။ သို့မှသာ ဤသူတို့ ဆုံးမစကားနာယူနိုင်ကြပေလိမ့်မည်။ ထိုကျမ်းမြတ်ကုရ်အာန်၏ အနေအထားမှာ အာရဗီဖြစ်၍ အနည်းငယ်မျှပင် ကွေ့ကောက်မှုမရှိပေ။ (ဤအကြောင်းအရာများ တင်ပြရခြင်းမှာ) လူသားများ (မှန်ကန်၍ ရှင်းလင်းသည့် အကြောင်းအရာများကို ကြားနာပြီး) ကြောက်ရွံ့နိုင်ကြရန် ဖြစ်သည်။ ထို့ကြောင့် သိရှိရသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် လမ်းမှန်ပြသော ကျမ်းဖြစ်ရာတွင် အရေးကြီးသည့် ဂုဏ်ဒြပ်အားလုံး ထိုကျမ်းတွင် ပါဝင်လေသည်။ အကြောင်းအရာအားလုံး ရှင်းလင်းမှန်ကန်လှပေသည်။ အာရဗီစကားဖြစ်၍ လက်ရှိပြောဆိုခံရသူများသည် တိုက်ရိုက်နားလည်နိုင်သည်။ ထိုသူများ၏ အကြောင်းခံဖြင့် အခြားသူများ နားလည် သိရှိနိုင်ရန်မှာလည်း လွယ်ကူပေသည်။ အချုပ်ဆိုရသော် ဤကျမ်းမြတ်သည် လမ်းမှန်ပြသရာတွင် လျော့နည်းမှုမရှိဘဲ လက်ခံမည့်သူ၏ အရည်အချင်းမရှိလျှင် မည်သို့ပြုလုပ်ရမည်နည်း။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

اَفَمَنْ يَتَّقِىْ بِوَجْهِه

ဤအာယသ်တော်တွင် 'ဂျဟန္နမ်'၏ ပြင်းထန်မှုများကို တင်ပြထားသည်။ လောကတွင် လူသား၏ အကျင့်မှာ ဒုက္ခပေးသည့်အရာတစ်ခု ရှေ့သို့ ရောက်ရှိလာလျှင် မိမိ၏ ခြေ၊ လက်၊ မျက်နှာတို့ကို ကာကွယ်ရန် ဒိုင်းအဖြစ် ပြုလုပ်၍ ကာကွယ်ကြသည်။ သို့သော် 'ဂျဟန္နမီ'တို့သည် ခြေ၊ လက်တို့ဖြင့် ကာကွယ်ရန် နဖူးစာ မရှိကြပေ။ မျက်နှာပေါ်သို့ တိုက်ရိုက် 'အဇာဗ်'အပြစ်ဒဏ် ခံရပေမည်။ ကာကွယ်လိုလျှင်လည်း

မျက်နှာကိုသာ ဒိုင်းသဖွယ် ပြုလုပ်ရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို ခြေ၊ လက်များ တုတ်နှောင်၍ 'ဂျဟန္နမ်'သို့ သွတ်သွင်းပေလိမ့်မည်။ သဖ်စီးရ်ပညာရှင်များမှ ဟဇရသ်အသ္ဗာဗင်န်ယဇီးဒ် (ရဟ) က မိန့်ဆိုသည်မှာ ငရဲသားကို ခြေ၊ လက်တို့အား တုတ်နှောင်၍ ဒရွတ်တိုက်ဆွဲကာ 'ဂျဟန္နမ်'သို့ ပစ်ချခြင်း ခံရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ضَرَبَ اللّٰهُ مَثَلًا رَّجُلًا فِيْهِ
شُرَكَآءُ مُتَشٰكِسُوْنَ وَرَجُلًا سَلَمًا لِّرَجُلٍ هَلْ يَسْتَوِيٰنِ مَثَلًا
اَلْحَمْدُ لِلّٰهِ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿٢٩﴾

၃၉ : ၂၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ဥပမာပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းတော်မူ၏။ ကျွန်ယောကျ်ားတစ်ယောက် ရှိ၏။ ၎င်း (ကျွန်) ၌ အချင်းချင်း သဘောကွဲလွဲ မသင့်မြတ်သော ဖက်စပ်ပါဝင်ပိုင်ဆိုင်သူများ (လည်း) ရှိကြကုန်၏။ ထို့ပြင် အခြားကျွန်ယောကျ်ားတစ်ယောက်မှာမူ လုံးလုံးလျားလျား လူတစ်ဦးတည်းပိုင် ဖြစ်၏။ ထိုကျွန်ယောကျ်ားနှစ်ဦးတို့မှာ အခြေအနေအားဖြင့် တူညီနိုင်ကြလေသလော။ ချီးမွမ်းထောပနာအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသော သူတို့မှာမူ သိရှိကြသည် မဟုတ်ပေ။

اِنَّكَ مَيِّتٌ وَّاِنَّهُمْ مَّيِّتُوْنَ ﴿٣٠﴾

၃၉ : ၃၀ ။ ။ (အို၊ နဗီတမန်တော်) ဧကန်မလွဲ အသင်သည်လည်း သေဆုံးရမည်ဖြစ်သော သူတစ်ဦးပင် ဖြစ်၏။ ထိုနည်းတူစွာ ၎င်းတို့သည်လည်း ဧကန်အမှန် သေဆုံးကြရမည့်သူများပင် (ဖြစ်၏။)

ثُمَّ اِنَّكُمْ يَوْمَ الْقِيٰمَةِ عِنْدَ رَبِّكُمْ تَخْتَصِمُوْنَ ﴿٣١﴾

၃၉ : ၃၁ ။ ။ ထို့နောက် အသင်တို့သည် 'ကေယာမသ်'ရှင်ပြန်ထရမည့် နေ့တွင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ဧကန်အမှန် အငြင်းအခုံ ပြုကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် ('သောင်ဟီးဒ်'ကို လက်ခံသူနှင့် မုရှ်ရစ်က်တို့ကို) ပမာတစ်ခုပေး၍ မိန့်ဆိုထားသည်မှာ ကျွန်တစ်ဦးတွင် သခင်များရှိ၍ အချင်းချင်း ဆန့်ကျင်မှုများ ရှိလေသည်။ အခြားတစ်ဦးသည် သခင်တစ်ဦးတည်းထံ နေထိုင်သူဖြစ်လျှင် ထိုသူနှစ်ဦး၏ အခြေအနေမှာ တူညီနိုင်ပါမည်လော။ (မတူညီနိုင်သည်မှာ ပေါ်လွင်ပေသည်။)

(ပထမသူသည် ဒုက္ခရှိ၍ အမြဲတစေ စိုးရိမ်နေရသည်။ မည်သူပြောဆိုခြင်းကို လက်ခံ၍ မည်သူပြောဆိုခြင်းကို လက်မခံရမည်နည်း။) (ဒုတိယလူမှာ တစ်ဦးတည်းနှင့် သက်ဆိုင်သည့်အတွက် အေးဆေးစွာ ရှိလေသည်။ ပထမမှာ မုရှ်ရစ်က်အတွက် ဖြစ်၍) ၄င်းသည် အမြဲ ချီတုံချတုံ ဖြစ်နေပေမည်။ တစ်ခါတစ်ရံ 'ဂိုင်ရွလ္လာဟ်'ဘက်တော်သို့ လှည့်၍ တစ်ခါတစ်ရံ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်ရလေသည်။ 'ဂိုင်ရွလ္လာဟ်'တွင်လည်း တစ်ဦးတည်းအပေါ်၌ မအေးချမ်းနိုင်ပေ။ တစ်ခါတစ်ရံ တစ်ဖက်သို့လှည့်၍ တစ်ခါတစ်ရံ အခြားတစ်ဖက်သို့ လှည့်ရလေသည်။ ဤကဲ့သို့သော ကျွန်သည် ဒုက္ခတွင်း၌ ရှိနေသည်ဟူသော အဖြေမှလွဲ၍ အခြားအဖြေကို ကာဖိရ်များလည်း မပေးနိုင်ပေ။ ထို့ကြောင့် မုရှ်ရစ်က်များအပေါ် အထောက်အထား ပြည့်စုံသွားသည်။ ဤအထောက်အထားပြည့်စုံခြင်းအပေါ်) 'အလ်ဟမ်ဒုလိလ္လာဟ်' (အမှန်တရားအတည်ဖြစ်သွားသော်လည်း ထိုသူတို့ လက်မခံကြပေ။ လက်ခံကြလျှင်လည်း) အများအားဖြင့် နားမလည်ကြပေ။ (အဘယ်ကြောင့်ဆိုသော် နားလည်ရန် ဆန္ဒမပြုခဲ့ကြချေ။ ဆက်လက်၍ 'ကေယာမသ်'နေ့၏ ဆုံးဖြတ်ချက်များကို တင်ပြထားသည်။ ထိုဆုံးဖြတ်ချက်များသည် နောက်ဆုံးဆုံးဖြတ်ချက်များဖြစ်၍ မည်သူမှ မရှောင်ကွင်းနိုင်ပေ။ 'ကေယာမသ်'၏ ဆုံးဖြတ်ချက်များအလျှင် သေခြင်းတရား၏ သတင်းပေးထားပေသည်။ အဘယ်ကြောင့်ဆိုသော် သေခြင်းတရားသည် ရှေ့ပြေးနှင့် နောင်တမလွန်သို့ရောက်ရန် လမ်းစဖြစ်သည်။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ အို၊ တမန်တော်၊ အကယ်၍ လောကတွင် ထိုသူတို့သည် ဦးနှောက်ဖြင့် စဉ်းစားတွေးခေါ် သိရှိရသည့် အထောက်အထားများနှင့် ကျမ်းစာအထောက်အထားများ၏ ဆုံးဖြတ်ချက်များကို လက်မခံလျှင် အသင်တမန်တော် ဝမ်းမနည်းလေနှင့်။ အဘယ်ကြောင့်ဆိုသော်) လောကတွင် အသင်တမန်တော်သည်လည်း ကွယ်လွန်ရမည်ဖြစ်သည်။ ၄င်းတို့လည်း ကွယ်လွန်ရပေမည်။ တစ်ဖန် 'ကေယာမသ်' နေ့တွင် အသင်တို့နှစ်စုစလုံးသည် မိမိတို့၏ အဖြစ်အပျက်များကို အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ တင်ပြရပေလိမ့် မည်။ (ထိုအချိန်တွင် လက်တွေ့ဆုံးဖြတ်ချက်များ ချပေးမည်။ ထိုအကြောင်းကို ရှေ့တွင် တင်ပြပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اِنَّكَ مَيِّتٌ وَاِنَّهُمْ مَيِّتُوْنَ

مَيِّتٌ (ى) တွင် 'သရှ်ဒီးဒ်' (ـّ) ပါသော **مَيِّت** ဆိုသည်မှာ လာမည့်ကာလတွင် သေဆုံးမည့်သူ ဖြစ်၍ (ىْ) 'စာကင်န်'ဖြင့် **مَيْت** ၏ အဓိပ္ပာယ်သည် 'သေဆုံးပြီးသူ'ကို ခေါ်ဆိုသည်။ ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား မိန့်တော်မူသည်မှာ 'အသင်သည် ကွယ်လွန်ရမည့်သူဖြစ်သည်။ အသင်တမန်တော်၏ မိတ်ဆွေနှင့် ရန်သူအားလုံးသည်လည်း ကွယ်လွန်ရမည့်သူများ ဖြစ်သည်။ ဤသို့ တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ အားလုံးသည် နောင်တမလွန်ဘက်သို့ သောကထား အာရုံစိုက်ကြရန်နှင့် နောင်တမလွန်အတွက် ကျင့်ကြံမှုများတွင် နစ်မွန်းကြရန် နှိုးဆော်ထားခြင်း ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် အမွန်မြတ်ဆုံးသော အဖန်ဆင်းခံ နဗီများ၏ ခေါင်းဆောင်တမန်တော်သည်ပင်လျှင် သေခြင်းတရားမှ မရှောင်

ကွင်းနိုင်ပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ် ကွယ်လွန်ပြီးနောက် လူအများအချင်းချင်းတွင် အထက်ပါအချက်အပေါ် အကွဲအလွဲမဖြစ်ကြရန် တင်ပြထားသည်။

'ကေယာမသ်' နေ့၏ ခုံရုံးတွင် ညှဉ်းပန်းခံရမှုအပေါ် ညှဉ်းပမ်းသူထံမှ အစားယူမည့် ပုံသဏ္ဌာန်

ثُمَّ اِنَّكُمْ يَوْمَ الْقِيَامَةِ عِنْدَ رَبِّكُمْ تَخْتَصِمُوْنَ

ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင် မိန့်ဆိုသည်မှာ ဤနေရာတွင် اِنَّكُمْ ၌ မုအ်မင်န်၊ ကာဖိရ်၊ နှိပ်စက်သူ၊ အညှဉ်းပန်းခံရသူအားလုံး ပါဝင်သည်။ အားလုံးသည် မိမိတို့၏ အကြောင်းအရာများကို မိမိအသျှင်မြတ်၏ ရုံးတော်တွင် တင်ပြကြပေမည်။ အလ္လာဟ်အသျှင်မြတ်သည် 'ဇွာလင်မ်' မတရားပြုသူထံမှ 'မဇ္ဇလူးမ်' မတရားအပြုခံရသူကို ကာဖိရ်ဖြစ်စေ၊ မွတ်စ္စလင်မ်ဖြစ်စေ ရပိုင်ခွင့်အား ပေးအပ်စေမည်။ ဤသို့ ရပိုင်ခွင့်များ ပေးအပ်ခြင်း၏ ပုံစံမှာ ဘိုခါရီကျမ်းတွင် ဟဇရသ်အဗူဟူရိုင်ရာဟ် ؓ သခင်က ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'တစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦးအပေါ် တာဝန်တစ်စုံတစ်ရာရှိနေလျှင် လောက၌သာ ပေးဆောင်ခြင်း (သို့) ခွင့်လွှတ်ခိုင်း၍ တာဝန် ကျေပွန်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် နောင်တမလွန်တွင် ငွေကြေးဟူ၍ ရှိမည်မဟုတ်။ ညှဉ်းပန်းသူ၌ ရှိသည့် ကုသိုလ်ကောင်းမှုများသည် ညှဉ်းပန်းသူအား ပေးအပ်လိုက်ရပေမည်' ဟူ၍ ဖြစ်သည်။

မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဗူဟူရိုင်ရာဟ် ؓ ဆင့်ပြန်သည်မှာ တစ်နေ့သ၌ တမန်တော်မြတ် ﷺ သည် ဆွဟာဗာများအား မေးမြန်းတော်မူလေသည်။ 'မည်သူသည် သူဆင်းရဲဖြစ်သည်ကို အသင်တို့ သိရှိကြပါသလော။' ဆွဟာဗာများက 'အို, အလ္လာဟ်၏ ရစူလ်၊ ကျွန်ုပ်တို့က ငွေကြေးနှင့် အရေးကြီးသည့် ပစ္စည်းများမရှိသူကို ဤသူကို သူဆင်းရဲဟု နားလည်ပါသည်' ဟု လျှောက်ထားရာ တမန်တော်မြတ် ﷺ က 'ငါ၏ အွမ္မသ်တွင် အစစ်အမှန်ဆုံး သူဆင်းရဲမှာ 'ကေယာမသ်'နေ့တွင် ကောင်းမှုကုသိုလ်အများအပြား၊ နမာဇ်၊ 'ရိုဇာဟ်'၊ 'ဇကားသ်' အစရှိသည်များကို ယူဆောင်သွားသော်လည်း လောကတွင် လူတစ်ဦးကို ဆဲဆိုလိုက်လေသည်။ အခြားတစ်ဦးကို စွပ်စွဲလိုက်သည်။ အခြားတစ်ဦး၏ ပစ္စည်းဥစ္စာကို မပိုင်သည့် နည်းလမ်းဖြင့် စားသောက်လိုက်လေသည်။ တစ်ဦးတစ်ယောက်ကို သတ်ခိုင်းလိုက်သည်။ တစ်ဦးတစ်ယောက်အား ရိုက်နှက်၍ ဒုက္ခပေးခဲ့သည်။ ဤညှဉ်းပန်းခံရသူအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာ၍ မိမိတို့ မတရားအပြုခံခဲ့ရမှုများအပေါ် အစားတောင်းခံသည့်အတွက် ကောင်းမှုများကို ခွဲဝေပေးရင်း ကုန်ခမ်းသွားလေတော့သည်။ ညှဉ်းပန်းခံရသူများ၏ ဝတ္တရားများ ယခု ကျန်ရှိနေသေးသည့်အတွက် ၎င်းတို့၏ အပြစ်'ဂိုနာဟ်'များကို ထိုသူ့ထံ ပေးအပ်ခြင်း ခံရပေမည်။ ၎င်းနောက် ထိုသူတို့အား 'ဂျဟန္နမ်'သို့ သွတ်သွင်းပေမည်။ သို့ရှိရာ ဤသူသည် ကောင်းမှုများရှိသော်လည်း 'ကေယာမသ်' နေ့တွင် ဆင်းရဲသွားပေမည်။ ဤသည်သာလျှင် အမှန်တကယ် ဆင်းရဲမှုဖြစ်သည်။

သွဗ်ရာနီကျမ်းတွင် ခိုင်လုံသော ဆင့်ပြန်ချက်များဖြင့် အဗူအိုင်ယူးဗ်အန်ဆွာရီ ؓ သခင်ထံမှ ဆင့်ပြန်ထားသည်။တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ခုံရုံးတွင် ပထမဆုံး

တင်သွင်းခြင်း ခံရမည့် အမှုမှာ ခင်ပွန်းနှင့် ဇနီးသည်၏အမှု ဖြစ်ပေမည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ထိုခုံရုံး၌ နှုတ်လျှာဖြင့် စကားမပြောဆိုနိုင်ပေ။ မိမိ လင်ယောကျ်ားအပေါ် မည်ကဲ့သို့ အပြစ်များတင်ခဲ့ကြောင်း ဇနီးသည်၏ လက်နှင့် ခြေထောက်တို့မှ သက်သေခံမည်။ ဤသို့ပင် ခင်ပွန်း၏ လက်နှင့် ခြေထောက်တို့မှ မိမိဇနီးသည် အပေါ် ဒုက္ခပေးခြင်းများအား သက်သေပေးပေလိမ့်မည်။ ထို့နောက် လူတိုင်း၏ ရှေ့မှောက်သို့ ၎င်းတို့၏ အလုပ်သမားများကို ရောက်ရှိစေ၍ ထိုသူတို့၏ တိုင်တန်းမှုများကို ဆုံးဖြတ်ပေးလိမ့်မည်။ ထို့နောက် ဈေးတွင် ရောင်းဝယ်သူများ၊ ထိုသူများသည် တစ်ဦးဦးကို မတရားပြုထားလျှင် ခံရသူအပေါ် အစားပေးခိုင်းပေးမည်။

ကောင်းမှုကုသိုလ်အား ညှဉ်းပန်းမှုနှင့် ဝတ္တရားများ၏ အစားတွင် ပေးရမည်ဖြစ်သော်လည်း အီမာန်ကို ပေးရမည်မဟုတ်

မဇ္ဖဟရီကျမ်းတွင် တင်ပြခဲ့သည့် ဟဒီးစ်တော်များကို ဆင့်ပြန်ပြီးနောက် ရေးသားထားသည်မှာ အညှဉ်းပန်းခံရသူများ၏ ဝတ္တရားများအတွက် ညှဉ်းပန်းသူများ၏ ကျင့်ဆောင်မှုများကို ပေးခြင်းနှင့်ပတ်သက်၍ တင်ပြချက်များတွင် အီမာန်မှလွဲ၍ အခြားကျင့်ဆောင်မှုများမှဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ညှဉ်းပန်းနှိပ်စက်မှုများသည် ကျင့်သုံးမှုပိုင်းဆိုင်ရာ 'ဂိုနာဟ်'ဖြစ်၍ ကုဖွ်ရ်ငြင်းဆန်မှု မဟုတ်ပေ။ ကျင့်သုံးမှုဆိုင်ရာ အပြစ်၏ အစားသည် သတ်မှတ်ချက် ရှိပေသည်။ အီမာန်သည် သတ်မှတ်ချက်မရှိသည့် ကျင့်ဆောင်မှုဖြစ်သည့်အတွက် အစားသည်လည်း သတ်မှတ်ချက်မရှိပေ။ ဆိုလိုသည်မှာ အပြစ် 'ဂိုနာဟ်'များ၏ အပြစ်ဒဏ်ကို ခံရပြီးနောက် 'ဂျဟန္နမ်'တွင် အတိုင်းအတာတစ်ခုအထိ နေထိုင်ရပြီးနောက် အမြဲတစေ 'ဂျန္နသ်'တွင် နေထိုင်ရပေမည်။ သို့ရှိရာ 'ဇွာလင်မ်' မတရားပြုသူ၏ ကောင်းမှုကုသိုလ်များ အီမာန်မှလွဲ၍ မတရားအပြုခံရသူများကို ပေးဆပ်လျှင် ကုန်ခမ်းသွားပေမည်။ အီမာန်သာ ကျန်ရှိ၍ အီမာန်ကို ရုပ်သိမ်းခံရမည်မဟုတ်ပေ။ သို့သော် အညှဉ်းပန်းခံရသူများ၏ အပြစ်များကို ၎င်းအပေါ် ရောက်ရှိလာသည်အထိ ဝတ္တရားများကို ထမ်းဆောင်ရပေမည်။ ထိုအပြစ်ဒဏ်များကို ခံရပြီးနောက် အဆုံးတွင် 'ဂျန္နသ်'တွင် ဝင်ရောက်ရပေမည်။ ဤသည် ထိုသူ့အဖို့ အမြဲထာဝရအတွက် ဖြစ်ပေမည်။ အေမာမ်ဗိုင်ဟကီမှ (ရဟ) လည်း ဤအတိုင်းပင် မိန့်ဆိုထားကြောင်း မဇ္ဖဟရီကျမ်းရှင်က တင်ပြထားပေသည်။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရီဖွလ်ကူရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၃]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْـَٔلُوْٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်းကြလေကုန်။''